www.burmeseclassic.com

ကဝိရတနာစာပေ

# မောင်ရင်မောင်

# ဧည့်ခန်းများကို ဖြတ်သန်းခြင်း

BURMESE CLASSIC .com

ပန်းချီ သိန်းမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် ၈၈၂/၉၆ (၁၁)
မျက်နှာဖုံးခွင့်ပြုအမှတ် ၃၄/၉၇ (၁)
မျက်နှာဖုံးပန်းချီ သန်းမြင့်အောင်
ပုံနှိပ်ခြင်း ပထမအကြိမ် (၁၀၀၀)
ထုတ်ဝေခြင်း ၁၉၉၇၊ မတ်လ
ကွန်ပျူတာစာစီ **wizard**
ဝိဇာဒ် အမှတ် ၁၉၈၊ ၃၃ လမ်း(ထက်)၊
ရန်ကုန်မြို့။
ဖုန်း-၂၇၂၀၁၇
ထုတ်ဝေသူ ဦးမောင်ဟန် (၀၈၇၆)
ကမ္ဘာလုံးစာပေ
၂၁၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်
ဒေါပုံ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
အတွင်းပုံနှိပ် မစ္စတာမှုရာဂျ်ဆေးဂျပါယ် (၀၁၈၂၈)
တောက်တောက်ဝင်းပုံနှိပ်တိုက်၊
၁၆၉ (က)၊ ၃၃ လမ်း၊
ရန်ကုန်မြို့။
တန်ဖိုး ကျပ်

BURMESE CLASSIC .com

မောင်ခိုင်မာ

# ညြိခန်းများကို ဖြတ်သန်းခြင်း

(ကဗျာခံစားမှုစာစု .....)

ဖြန့်ချိရေး
ကဝိရတနာစာပေတိုက်
အမှတ် ၂၀၄၊ လမ်း ၃၀၊ ရန်ကုန်မြို့။
[ဖုန်း၊၂၈၂၇၈၉]

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကြောက်ရိုသေ စကားပြေ

ကဗျာနဲ့ ယဉ်ပါးလာခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်၊ လေးဆယ်နီးပါးရှိခဲ့ပါပြီ။ သုံးကြောင်း ကဗျာတိုလေးက အစ၊ ပါဒရေ ခြောက်ရာကျော်၊ ခုနစ်ရာရှိတဲ့ ကဗျာရှည်ကြီးတွေအထိလည်း ရေးခဲ့ဖူး၊ ရေးနေဆဲပါပဲ။ မဂ္ဂဇင်းကဗျာရော၊ မဂ္ဂဇင်းမှာ မဟုတ်တဲ့ သီးသန့်လုံးချင်းကဗျာရော၊ ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ်ပေါ့။ ကဗျာနဲ့ ထိတွေ့မွေ့လျော်ရမယ်ဆိုရင်... 'လုပ်လိုက်လေ ကြာသလားလို့' ဆိုတာမျိုးပါ။ တွန့်ဆုတ်တဲ့လက်၊ စိတ်ပျက်တဲ့ လက္ခဏာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူးပါ။ စကားပြေကိစ္စကျတော့ကော...။

❀ ❀ ❀

စကားပြေကျတော့ တစ်မျိုးပဲလေ...။

အဖတ်မှာ ယဉ်ပါးမှုများခဲ့ပေမယ့်၊ အရေးဘက်မှာကျတော့ ဘယ်တုန်းကမှ သွက်သွက်လက်လက် မရှိခဲ့ပါဘူး။ အရေးနည်းလို့ အေးခဲနေတဲ့ လက်ကို သွေးပူအောင် စက်နှိုးရတာဟာလည်း စိတ်ပင်ပန်းလွန်းလှပါတယ်။ အဲသလိုဖြစ်ရတဲ့ အဓိကအကြောင်းရင်းကတော့ မိမိဟာ အနုစာပေဘဝကို မျက်မှောက်ပြုစဉ်ကတည်းကစပြီး မိမိနဲ့ ကဗျာဟာ နှစ်ရှုက်တစ်လွှာ၊ နှစ်ဉာဏ်တစ်ခုဆိုသလို အနုစာတ ထပ်တူကျခဲ့ပါတယ်။ စကားပြေကတော့ မိမိရဲ့ ဉာဏ်မျက်စိထဲမှာ အတိစာတ ရတနာတစ်ခုလိုပါပဲ။ 'သူ့ဂုဏ်ကို ရှုရုံ၊ ဖတ်ရုံသက်သက်မှ တစ်ပါး ခံစားရေးဖွဲ့နိုင်ပါ့မလား' ဆိုတဲ့ အသိနဲ့ ထိရ တို့ရမှာ မဝံ့မရဲ ဖြစ်ခဲ့ရပါတယ်။ သွေးမကွဲပေမယ့် အရေးကွဲတော့လည်း အေးခဲသလို ဖြစ်နေတာပေါ့။

အခုတော့ အဲဒီ အေးခဲမှုကို နွေးထွေးသွားအောင် အနုစာတတန်း တူကျအောင် ဖန်တီးခွင့်ရခဲ့ပါပြီ။ သို့ကလို ဖန်တီးခွင့်ကို အားပေးသွေးနိုးကြသူများကတော့၊ သပြေတေးမဂ္ဂဇင်းမှ စာတည်းချုပ်နဲ့ တာဝန်ခံစာတည်းတို့ပါပဲ။

❀ ❀ ❀

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလကစပြီး သပြေတေးမဂ္ဂဇင်းမှာ 'ညှိခန်းများကို ဖြတ်သန်းခြင်း' ဆိုတဲ့လစဉ်ပုံမှန်(ကဗျာခံစားမှု) ဆောင်းပါးကဏ္ဍတစ်ရပ်ကို တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။ စကားပြေဗေဒကို ချစ်ကြောက်ရိုသေစိတ်နဲ့ မဝံ့မရဲ ဖြစ်ခဲ့ရသူ မိမိဟာ – ရေးမယ့်ရေးဖြစ်ပြန်တော့လည်း (၃) နှစ်ကျော်ကာလကို လွန်မြောက်လာခဲ့တဲ့အထိပါပဲ။ အခု ဒီစာအုပ်ဟာ သပြေတေးမဂ္ဂဇင်းမှာ ရေးဖြစ်ခဲ့တဲ့ လစဉ်ဆောင်းပါးများထဲက (၂၇) ပုဒ်ကို ထုတ်နုတ်စုစည်းပြီး ကဗျာခံစားမှု (အမြည်း) လေးတွေ ပေးဝေကြည့်တာပါ။ ဒီစာအုပ်ထဲမှာ ပါဝင်ပြီး မိမိခံစားကြည့်ဖြစ်ခဲ့တဲ့ ကဗျာလေးတွေဟာ မဂ္ဂဇင်းအသီးသီး၊ ညှိခန်းအဆောင်ဆောင်မှာ အရောင်ကိုယ်စီ ဂုဏ်ရည်ကိုယ်စီ အလှကိုယ်ချင်း၊ သူ့အဆင်းနဲ့သူ တင့်တယ်ခဲ့ကြတဲ့ ကဗျာလေးတွေဖြစ်တယ်။ ထိုကဗျာလေးတွေကို မဂ္ဂဇင်းအစောင်စောင်မှာ ဖော်ပြစဉ်တုန်းက ဂရုမပြုမိဘဲ အခု လုံးချင်းစာအုပ်ထဲကျမှ ရှုကြည့်ခံစားခွင့်ရသူများကို စေတနာစကားဆိုပါရစေ...။

ကဗျာလေးတွေအတွက် မိမိရဲ့ စကားပြေခံစားချက်အဖွင့်ကို ဖတ်ပြီး ချင်ခြင်းမပြေ၊ အပြေမပြောင်၊ တွေးဆောင်ချင်းကွာဟခဲ့သည်ရှိသော်မှုလ ကဗျာလေးတွေအပေါ် အပြစ်အငြိုး တစိုးတစိမျှ မသက်ရောက်စေလိုပါ။ မိမိရဲ့ အထောက်အကူ၊ အယူအဆ၊ အပြအခင်း ညံ့ဖျင်းမှုကြောင့်သာလို့ မှတ်ယူစေလိုပါတယ်။

❀ ❀ ❀

မပြောမဖြစ် ပြောကြားရမယ့် ကျေးဇူးစကားကတော့– ကဗျာခံစားမှု (စကားပြေစာတမ်းငယ်) အစုစုကို အခုလို စာအုပ်တစ်အုပ်ဖြစ်လာတဲ့အထိ တွေးဖြစ်၊ ရေးဖြစ်၊ ထုတ်ဝေဖြစ်အောင် စေတနာတွန်းအားပေးခဲ့ကြတဲ့...

၁။ သပြေစာတည်းချုပ် မှူးသပြေ

၂။ သပြေတာဝန်ခံစာတည်း ဆရာမောင်တည်ငြိမ်

၃။ မန္တလေး နဂါးစာပေမှ ကိုထွန်းရွှေနဲ့ ကဝိရတနာစာအုပ်တိုက် (ရန်ကုန်) တို့ရဲ့ အစန်းကဏ္ဍကို ချန်လှပ်ထားလို့ မရနိုင်တဲ့ အကြောင်းရပ်ပါပဲ။

ထိုပုဂ္ဂိုလ်များနဲ့ ထိုစာအုပ်တိုက်ရဲ့ စေတနာတွန်းအားသာ တစ်ဖွန်း၊ တစ်ဖလားစာမျှ မပါဝင်ခဲ့ပါက – မိမိရဲ့ ပထမဆုံးအကြိမ်ဖြစ်တဲ့ ကဗျာခံစားမှုစာစုများစာအုပ်ဟာ ချောချောမွေ့မွေ့ ကိုယ်ယောင်ပြနိုင်မယ်မထင်မိပါ။ အခုတော့...။

မောင်နိုင်ဟာ

၂၀–၁–၁၉၉၇ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာ၏ ပတ်ဝန်းကျင်တွင် ကိစ္စအရပ်ရပ်၊ အခရေး အခင်း အဖြစ်အပျက်အမျိုးမျိုးတို့သည် ဖြစ်ပွားလျက်ရှိပါသည်။

..... ..... .....

ဤသို့သော ဖြစ်စဉ်တို့ကြောင့်

ကဗျာဆရာ၏ ပတ်ဝန်းကျင်၊ ကဗျာဆရာ၏ လောက အမြင်နှင့်ကဗျာဟူသော ကွင်းဆက်သုံးဆက်ကို လေ့လာရခြင်း ဖြစ်ပါသည်။

မင်းလူညွန့်ကြူး
(စာအုပ်စာပေ မဆာမတွဲ)
စာပေဗိမာန် - ၁၉၇၃ မှ

BURMESE CLASSIC .com

# ညှော်ခန်းများကို ဖြတ်သန်းခြင်း (၁)

၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ကျရောက်မယ့် (၁၉) နှစ်မြောက် သပြေတေး မဂ္ဂဇင်းအထူးထုတ်က စတင်ပြီး လစဉ်ကဏ္ဍတစ်ရပ်ကို တာဝန် ယူပေးဖို့ ဆွေးနွေးကမ်းလှမ်းလာတာကို ဝမ်းမြောက်စွာ လက်ခံ မိခဲ့ပါ တယ်။ ပထမတစ်ကြိမ် လူချင်းတွေ့ဆုံပြီး ဖိတ်ခေါ်ဆွေးနွေးသူဟာ၊ သပြေတာဝန်ခံစာတည်း ဆရာ မောင်တည်ငြိမ်ဖြစ်ပါတယ်။ သပြေမှာတေး အလင်္ကာဆိုင်ရာ ခံစားမှုဆောင်းပါးမျိုးတွေ ရှိခဲ့ဖူးပေမယ့် ကဗျာပေဒဆိုင် ရာ ခံစားမှုဆောင်းပါးမျိုးတွေ မရှိခဲ့သေးပါဘူးတဲ့။ ဒါကြောင့် လိုအပ်နေ တဲ့ ကွက်လပ်ကိုဖြည့်ဆည်းပေးဖို့ မိမိကို တာဝန်ပေးအပ်ခြင်းဖြစ်ပါတယ် တဲ့။

မိမိအနေနဲ့ တာဝန်ယူရမယ့်ကိစ္စကတော့ ကဗျာကို တန်ဖိုးထား ပြီး ညှော်ခန်းဆောင်မှာ နေရာပေးလေ့ရှိတဲ့ လစဉ်ထုတ် ခေတ်ပြိုင်မဂ္ဂဇင်းတွေ ထဲက မိမိနှစ်သက်ရာ ကဗျာအမျိုးအစားကို အလှခြေရာ မှေ့ရှာပြဖို့ တာဝန် ပါပဲ။ လုပ်နည်းလုပ်ဟန် အနေနဲ့ကတော့ ဒီဇင်ဘာလထုတ် သပြေတေး မဂ္ဂဇင်းစာမျက်နှာမှာ ဖော်ပြနိုင်ရေးအတွက် (နိုဝင်ဘာလ) ထုတ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

သော့ဆဲမှာ ရှောက်နှာပြသွားခဲ့ကြတဲ့ ကဗျာများကို အခြေအနေနဲ့ အချိန်အခါက ခွင့်ပြုသမျှ ရှာဖွေစုဆောင်းပြီး ကောင်းနိုးရာရာကို အလှမှတ်တမ်းလက်ဆင့်ကမ်းရမှာ ဖြစ်ပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး မိမိဘက်က ဆွေးနွေးဖွယ်ရာရှိသည်များကို ဆွေးနွေးတင်ပြနိုင်ဖို့၊ အလုပ်သဘောအရ ပွဲမဝင်ခင် အပြင်မှာညှိနှိုင်းတိုင်ပင်နိုင်ဖို့...၊ စာတည်းချုပ် (မှူးသပြေ) ရဲ့ အလုပ်စားပွဲကို တာဝန်ခံစာတည်းဖြစ်သူ ဆရာမောင်တည်ငြိမ်က မိမိအား ပို့ဆောင်ပေးခဲ့ပါတယ်။ အစကနဦး တွေ့ဆုံမှုမို့ အဖုအထစ်၊ အရစ်အတင်းတွေ ရှိကောင်းရှိလိမ့်မယ်လို့ မိမိဘက်က စိုးရိမ်ကြောင့်ကြမှု ဖြစ်ခဲ့ရပါသေးတယ်။

တကယ်တမ်း စကားပြောကြည့်တဲ့အခါမှာတော့ –

စာတည်းချုပ်၊ တာဝန်ခံစာတည်းနဲ့ မိမိအပါအဝင် ကဗျာကို ချစ်ခင်လေးစားသူ (၃) ဦးရဲ့ စကားဝိုင်းဟာ အချိအချ၊ အချေအတင်တွေ၊ ဆန့်ကျင်ဘက်အမြင်တွေ မရှိတော့ပါဘူး။

ကဗျအလှရှာဖို့ အနှစ်ချုပ်သဘောတူညီချက်များကတော့ –

၁။ မုဒိတာ စိတ်နဲ့ ကဗျာအလှတရားကို ပွားများ ချဉ်းကပ်ရန်။

၂။ မိမိဘက်က လစဉ်၊ လဆန်း ပထမပတ်အတွင်း (ဆောင်းပါး) စာမူပေးအပ်ရန်။

၃။ လဆန်း (၂) ရက် (၃) ရက်အတွင်းမှာ စာအုပ်ဈေးခင်းကို မရောက်လာနိုင်သေးတဲ့ မဂ္ဂဇင်းအချို့ကို ချန်လှပ်ထားခဲ့ရန်ဖြစ်တယ်။

အလုပ်စခန်းအတွက် ဆွေးနွေးမှုဟာ အထက်ပါအချက် (၃) ချက်လောက်နဲ့ပဲ ချောမွေ့စွာ ပြီးဆုံးသွားခဲ့ပါတယ်။

ပုံမှန် ဆောင်းပါး ခေါင်းစီးအတွက် ရွေးချယ်ဖို့ စဉ်းစားကြတဲ့အခါမှာတော့ ရုတ်တရက် မိမိဘက်က စဉ်းစားရခက်နေပါတယ်။

သို့ကလို အခက်အခဲကို တာဝန်ခံစာတည်းဖြစ်တဲ့ ဆရာမောင်တည်ငြိမ်က ဟောသလို ဖြေရှင်းပေးပါတယ်။

**'ညှော်ခန်းများကို ဖြတ်သန်းခြင်း'** တဲ့။

မိမိရေးရမယ့် ကဏ္ဍနဲ့သင့်မြတ်လျော်ကန်တဲ့ ခေါင်းစီးတစ်ခုမို့ မိမိဘက်က အလွယ်တကူ ခေါင်းညိတ်ပြခဲ့ပါတယ်။



လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်တုန်းက ချယ်ရီမဂ္ဂဇင်းမှာ 'ကဗျာအလှရှာတော်ပုံ' ဆိုတဲ့ ကဗျာဗေဒဆိုင်ရာ ဆောင်းပါးဟာ လစဉ် ပုံမှန်ပါရှိခဲ့ပါတယ်။ မိမိမှတ်မိသမျှ (၃၈) ပုဒ်တိတိ ရှိခဲ့ပြီး ချယ်ရီမဂ္ဂဇင်းမှာ (၃) နှစ်ကျော်တိုင်အောင်ရေးသားခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ကဗျာဆရာ၊ စာရေးဆရာ၊ ဘာသာပြန်ဆရာ၊ ဘာသာဗေဒဆရာ၊ မြန်မာစာအဖွဲ့ရဲ့ စာတည်းမှူး၊ ဆရာမင်းလူညွှန့်ကြူး (ကွယ်လွန်သူ) ဖြစ်ပါတယ်။

ဆရာဟာ ချယ်ရီမဂ္ဂဇင်းအတွက် 'ကဗျာအလှရှာတော်ပုံ' ဆောင်းပါးတွေရေးနေစဉ် ကာလတုန်းက ကဗျာကလောင်ကို မနားကျင်အောင် သိမ်းဆည်းအနားယူခဲ့ပြီးပါပြီ။

ကဗျာဆရာ မင်းလူညွှန့်ကြူးဆိုတဲ့ ဘဝကို သော့ခတ်ပြီး ဘာသာဗေဒဆရာ၊ သုတေသနပညာရှင် မင်းလူညွှန့်ကြူး ဘဝနဲ့ ပျော်မွေ့ရပ်တည်နေသူဖြစ်ခဲ့ပါပြီ။ ဒါကြောင့် ဆရာရဲ့ ကဗျာအလှရှာတော်ပုံ မျက်လုံးမှာ အမှန်းအချစ်၊ အပြစ်အကျိုးဆိုတဲ့ အနိုးအငွေ့တွေ ကင်းစင်ခဲ့တာတွေ့ရပါတယ်။ သူလို ကိုယ်လို ကဗျာဆရာဘဝနဲ့ ကဗျာအလှကို ရှာဖွေတာ မဟုတ်လေတော့ သွေးပယောဂ၊ သားပယောဂတွေရဲ့ လှုံ့ဆော်ပတ်သက်မှုမရှိခဲ့တာကိုလည်း ရိုးသားစွာခံစားဖတ်ရှုခဲ့ရပါတယ်။

အခုတော့ ခေတ်ပြိုင် မဂ္ဂဇင်းအချို့ထဲက ကဗျာညှော်ခန်းများကို ဖြတ်သန်းပြီး အလှမှတ်တမ်းတင်မည့်သူဟာ 'ကဗျာဆရာ မောင်ခိုင်မာ' ဖြစ်နေပါတယ်။

မိမိအနေနဲ့ ကဗျာတွေးမှုနဲ့ ကဗျာရေးမှုအလုပ်ကို (အသက်မွေးဝမ်းကျောင်းမှု မဟုတ်ပေမယ့်) မျက်တောင်ခတ်သလို၊ အသက်ရှူသလို နိစ္စဓူဝတရစပ် ခံစားပြုလုပ်နေသူတစ်ဦးဖြစ်ပါတယ်။

ဒါကြောင့်လည်း ကဗျာညှော်ခန်းများကို ဖြတ်သန်းတဲ့အခါ ခြေလှမ်းမမှားမိဖို့၊ အတ္တနောမတိ မရှိဖို့၊ ဝိစိကိစ္ဆာ မဖြစ်မိဖို့၊ အချစ်အမုန်း အပြုံးအမဲ့များနဲ့ မှတ်တမ်းမတင်မိဖို့ မိမိကိုယ်မိမိ ဆောကြောသန့်စင်တဲ့အလုပ်ကို ကြိုတင်ပြင်ဆင်ပြုလုပ်ခဲ့ရပါတယ်။

သို့ကလို မိမိပြုလုပ်ရမယ့် ကိစ္စကို လိပ်ပြာသန့်စင်စွာ ယုံကြည်စိတ်ချပြီးသကာလ ကဗျာညှော်ခန်းဆောင်တစ်ခုကို ဖြတ်သန်းလိုက်တော့ 'ရတနာသစ်မဂ္ဂဇင်း' ဆိုတဲ့ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလထုတ် အတွဲ (၁)

www.burmeseclassic.com

အမှတ် (၁) မဂ္ဂဇင်းအသစ်ကျပ်ချွတ် တစ်အုပ်ကို ဘွားခနဲ သွားတွေ့လိုက်ရပါတယ်။

မဂ္ဂဇင်းအသစ်ဖြစ်သေမယ့် ညွှန်းထဲမှာ ခင်းကျင်းပြသထားတဲ့ ကဗျာလက်ရာရှင်များကတော့ လက်သစ်လှသစ်တန်း အဆင့်မဟုတ်ကြပါဘူး။

ရတနာသစ် မဂ္ဂဇင်းရဲ့ ကဗျာညွှန်းထဲမှာ စာရေးသူရဲ့ ခြေလှမ်းကို တုံ့ရပ်သွားအောင် ဖမ်းစားနဲ့တဲ့ ကဗျာတစ်ပုဒ်ကတော့ မောင်အောင်ပွင့်ရဲ့ 'တောတွင်းပျောက်' ဆိုတဲ့ ကဗျာတိုလေးပါပဲ။

သဒ္ဒါလင်္ကာရ (အသံကို တန်ဆာဆင်ခြင်း) နဲ့ အတ္ထာလင်္ကာရ (အနက်ကို တန်ဆာဆင်ခြင်း) နှစ်မျိုးမှာ ယခုဖော်ပြမယ့် မောင်အောင်ပွင့်ရဲ့ 'တောတွင်းပျောက်' ကဗျာဟာ အတ္ထာလင်္ကာရလှတဲ့ ကဗျာသစ်တစ်ပုဒ်ပါ။ 'အပြော' နဲ့ 'အပြ'ကို အားပြုတဲ့ ကဗျာတစ်ပုဒ်ပါ။

စက္ကူနံ့ပိုင်းလောက်သာကြည့်ရပြီး အာရုံပုံရိပ်ထဲမှာ တရစ်ဝဲဝဲ စွဲထင်နေစေတဲ့ နိုင်ငံတကာဂြိုဟ်တုသတင်း (အပိုင်းအစ) လေးတစ်ကွက်ကို ဖျတ်ခနဲကြည့်လိုက်ရသလိုပါပဲ။

**'တောတွင်းပျောက်ကို**
**ရွာသားတွေ လိုက်အရှာ**
**တောင်အမော့ တစ်နေရာ**
**သစ်နှစ်ပင်ကြား**
**ဖားကင်ထားသလို**
**ခြေကားယား လက်ကားယား'**... တဲ့။

ကဗျာဆရာခေါ်ပြတဲ့ နေရာကို ရွာသားတွေနဲ့အတူ စာရေးသူကိုယ်တိုင် လန့်ဖျပ်ပြီး လိုက်ပါသွားမိပါတယ်။ ရင်တထိတ်ထိတ်နဲ့ပေါ့။ တောင်အမော့တစ်နေရာက၊ သစ်နှစ်ပင်ကြားမှာ ဘွားခနဲ တွေ့လိုက်ရတဲ့ မြင်ကွင်းဟာ ကြက်သီးမွေးညင်းထစရာပါပဲ။

ခုတ်လှဲလို့လဲနေတဲ့ သစ်ပင်ကြီးတစ်ပင်နဲ့မလဲသေးဘဲ တည်ရှိနေတဲ့ သစ်ပင်ကြီးတစ်ပင်။ အဲဒီ သစ်ပင်နှစ်ပင်ရဲ့ကြားမှာ ပိပြားပြီး မရှုမလှ သေနေတဲ့ လူတစ်ယောက်။



ဒီနေရာကို ဘာကြောင့် ဒီလူရောက်လာပြီး ခုလို သေဆုံးရတယ်ဆိုတာ ကဗျာဆရာက ပြောမပြသေးပါဘူး။

**'သူ့ခြေဖဝါး**
**ပတ်ကြားအက်တွေက**
**အသက်သေမှ ပိုကျဲလို့'**

ဆိုပြီး သေဆုံးသူရဲ့ ခြေဖဝါးတစ်စုံကို အနီးကပ်ပြကွက်မျိုးနဲ့ စကားလုံး မီးမောင်းထိုးပြနေပါတယ်။

ဘဝတစ်လျှောက်လုံး ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းခဲ့ရလို့ ခြေဖဝါးမှာ ပတ်ကြားအက်ရာတွေနဲ့လူကို ကဗျာဆရာဟာ ရင်းနှီးကျွမ်းဝင်ခဲ့ဟန်တူပါတယ်။ ပေါင်းသင်း ဆက်ဆံခဲ့ဖူးပုံရပါတယ်။

**'အလို**
**အဆုတ်၊ အသည်း**
**သွေးအ ဆွဲလို့**
**ရင်ကွဲယောက်ပက်'**

ဖြစ်နေရှာတဲ့ သေဆုံးသူကို ကဗျာဆရာနဲ့အတူ ရွာသားတွေနဲ့အတူ ကဗျာဖတ်သူကိုယ်တိုင် မရှုနိုင် မကယ်နိုင်ဖြစ်ရပါပြီ။

**'လွှင့်ကျနေတဲ့ သူ့ပုဆိုးနွမ်း**
**အနှောင်နားကပ်**
**ကျောက်ခေတ် ပုဆိန်လိုလို**
**တင်းပုတ်လိုလို'**လို့ ရုတ်တရက် ဖွင့်ဆိုပြလိုက်တော့မှပဲ ဒီလူ ဘာကြောင့် သေဆုံးရတယ်ဆိုတဲ့ သဲလွန်စကို ကဗျာဖတ်သူ ခြေရာကောက်လို့ ရပါတော့တယ်။

ရှီးမသစ်တောကြီးထဲမှာ သစ်ခုတ်တဲ့အလုပ်ကို လာလုပ်ရင်း ကံကြမ္မာအကြောင်း မသင့်လို့ ခေါင်းနှင့်ကိုယ် ဆိုးစားကွဲသွားရတဲ့ လူတစ်ယောက်ရဲ့ အတ္တုပ္ပတ္တိအကျဉ်းကို ဂြိုဟ်တုသတင်းတစ်ပုဒ်လို ကဗျာဗွီဒီယို ရိုက်ပြနေတဲ့ ကဗျာဆရာဟာ သူ့ကဗျာကို ဒီနေရာမှာတင် ရပ်မထားသေးပါဘူး။

သတင်းနောက်ခံ အသံတစ်သံကို ဟောသလို လေးလေးတွဲ့တွဲ့ ဖွင့်ပြရင်း ကဗျာကို နိဂုံးချုပ်လိုက်ပါတယ်။

www.burmeseclassic.com

'သူ
နေရသေရပုံဟာ
အစပကတူး ကမ္ဘာဦးနဲ့
ဘာထူးတော့လဲလေ' တဲ့။

ဒီနေရာမှာတွင် ကဗျာဂြိုဟ်တု သတင်းတိုလေးတစ်ပုဒ်ဟာ ရုတ်တရက်ပြီးဆုံးသွားပါပြီ။ မပြီးဆုံးနိုင်သေးတဲ့ ကိစ္စကတော့ ကဗျာဖတ်သူရဲ့ ရင်ခုန်သံနဲ့အတူ လူရဲ့ မူလအစကို ရှာဖွေကြံဆမှုဆိုတဲ့ (Flash back) နောက်ကြောင်းပြန် အာရုံခံစားမှုများပါပဲ။ မျောက်နဲ့ လူရဲ့ သိသာ ထင်ရှားတဲ့ ကွာဟချက်ဟာ ဘာလဲ။ လူဟာ မိမိရဲ့ ပုဂ္ဂလိကဘဝနဲ့ မိမိပါဝင်ပတ်သက်နေတဲ့ လူမျိုးနွယ်စုကြီးတစ်ရပ်လုံး တည်တံ့ရှင်သန်နိုင်ရေးအတွက် ခုတ်ထွင်ရှင်းလင်းဖို့၊ ထွန်ယက်စိုက်ပျိုးဖို့၊ အမဲလိုက်ဖို့၊ သားရိုင်းကောင်များနဲ့ သတ်ပုတ်ဖို့၊ ကုန်ထုတ်ကိရိယာများကို ဖန်တီးထုတ်လုပ်ဖို့ လက်နက်တန်ဆာပလာကို ကိုင်စွဲအသုံးပြုရပါတယ်။ လက်နက် ကိရိယာကိုင်ဆောင် အသုံးချတတ်မှုဟာ လူနဲ့ တိရစ္ဆာန်တို့ရဲ့ အဓိက ကွာဟချက်ပါပဲ။ ကျောက်ခေတ်တုန်းက ကျောက်ပုဆိန်ကို ကိုင်ဆောင်ခဲ့တဲ့ ကမ္ဘာဦးလူသားအဖို့ ကျောက်ပုဆိန်တစ်လက်နဲ့အတူ အသက်စွန့်သွားတဲ့ ဖြစ်ရပ်ဟာ ထူးဆန်းအံ့သြဖွယ် မဟုတ်ပါ။ အံ့ဖွယ်သုတလည်း မမည်ပါ။ အနုမြူခေတ်၊ အီလက်ထရောနစ်ခေတ်ကိုရောက်ကာမှ ကျောက်ခေတ်ပုဆိန်လိုလို၊ တင်းပုတ်လိုလို သစ်ခုတ် (ကုန်ထုတ်) ကိရိယာတစ်ခုနဲ့ မထင်မရှား အသက်စွန့်သွားတဲ့လူကိုတော့ ကဗျာဖတ်သူတစ်ဦးအနေနဲ့ နားဝေတိမ်တောင်ဖြစ်မိတာ အမှန်ပါပဲ။

'သစ်' ဆိုတာ တိုင်းပြည်ရဲ့ ရတနာတစ်ပါးဖြစ်တယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကို အဓိက အထောက်အကူပြုပစ္စည်းလည်းဖြစ်တယ်။ 'ယနေ့ကမ္ဘာတစ်ရပ်လုံး ရင်ဆိုင်နေရတဲ့ ပြဿနာဟာ ရေနံပြဿနာမဟုတ်၊ ကမ္ဘာ့သစ်တောများ ပြုန်းတီးရတဲ့ ပြဿနာဖြစ်တယ်' ဆိုတဲ့ သစ်တောပါရဂူတစ်ဦးရဲ့ အဆိုအမိန့်အရ၊ စဉ်းစားကြည့်ရင် မောင်အောင်ပွင့်ရဲ့ 'တောတွင်းပျောက်' ကဗျာထဲက၊ သစ်ခုတ်ရင်း ကျဆုံးသွားတဲ့ လူရဲ့ မြင်ကွင်းဟာ (သို့မဟုတ်) ထိုသစ်ခုတ်လုပ်သားရဲ့ နေရ, သေရပုံဟာ...



'အစပကတူး ကမ္ဘာဦးနဲ့
ဘာထူးတော့လဲလေ' ဆိုတာမျိုးတော့ မဖြစ်သင့် မဖြစ်အပ်တာ အမှန်ပါပဲ။ အခုတော့ ကဗျာထဲမှာ တကယ်မြင်၊ တကယ်ကြားနေရပြီမို့ မိမိဘဝမှာကော ဘယ်လိုနေ ဘယ်လိုသေရမှာလဲလို့ ခံစားအားငယ်ပြီး ရတနာသစ်မဂ္ဂဇင်းရဲ့ ကဗျာစည်ခန်းထဲက လှမ်းထွက်ဖို့ဟန်ပြင်ခိုက်မှာ နောက်ထပ် ကဗျာတစ်ပုဒ်က စာရေးသူရဲ့ ခြေလှမ်းကို တုံ့ဆွဲထားပြန်ပါတယ်။ တုံ့ဆွဲထားနိုင်လောက်အောင် စွမ်းအားကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ အညာသား ကဗျာဆရာ မောင်သာလင်းဖြစ်ပါတယ်။ စောစောတုန်းက အေးစက်တောင့်ခဲနေတဲ့ မိမိရင်ထဲက ဝေဒနာကို ဖြေသာအောင် ကုစားနိုင်တဲ့ မောင်သာလင်းရဲ့ ကဗျာလေးဟာ ပါဒရေ (၉) ကြောင်းမျှသာရှိပြီး အဲဒီကဗျာခေါင်းစီးက 'ရှား'လို့ အမည်ရပါတယ်။ 'ရှား' ဆိုတာ ခေတ်ပေါ်စာရေးဆရာ နာမည်တစ်မျိုးလို့ အထင်မမှားစေချင်ပါဘူး။

'ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ သက်န်း၊ သစ်ခါး၊ ကနစို၊ သစ်ရွှိ၊ သဃေယာနဲ့ ရှား' ဆိုတာဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ သစ်တောဥပဒေအရ တားမြစ်ထားတဲ့ သစ်ပင်များဖြစ်ပါတယ်။ ပါမစ်မရှိဘဲ ခုတ်ချင်တိုင်းခုတ် ထုတ်ချင်တိုင်း ထုတ်လို့မရပါဘူး။

အထူးသဖြင့် သစ်တောကြီးထဲက သစ်ပင်အမျိုးပေါင်းများစွာထဲမှာ 'ရှား' ဆိုတဲ့ အပင်ဟာ ကျစ်လျစ်မာကျောမှုစွမ်းအားမှာ အပြည့်ဝဆုံး ရကွမျိုးနွယ်စုဖြစ်ပါတယ်။

သို့ကလို အာနိသင်ကြောင့် 'ရှား' ရဲ့ ဂုဏ်သတ္တိကို ၁၉၇၈ ခုနှစ် စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှာ ကဗျာဆရာ (ကွယ်) ကြည်အောင်က ဟောသလိုပွဲ့ဆိုတင်ပြခဲ့ဖူးပါတယ်။

'ပေါင်သားကျစ်လျစ်၊ တောင်ရှားနှစ်မို့
ဆောင်စားထစ်တောင် ခံသလေလေ့
မောင်ရို့လေလေ့၊ မောင်ရို့လေး'...

ဆိုတဲ့ ကျေးလက်လေ့ထိုးသားတွေရဲ့ ယိုဟီးတိုင်သံဟာ စာရေးသူရဲ့ ရင်ထဲမှာ ခုချိန်ထိ ပဲ့တင်ထပ်နေဆဲပါပဲ။ စောစောတုန်းက တင်ပြခဲ့တဲ့ မောင်အောင်ပွင့်ရဲ့ 'တောတွင်းပျောက်' ဟာ၊ 'အပြကဗျာ' ကောင်းတစ်ပုဒ်ဖြစ်သလို အခုတင်ပြမယ့် မောင်သာလင်းရဲ့ 'ရှား' ကဗျာကတော့ 'အပြောကဗျာ' ကောင်းတစ်ပုဒ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သင်္ကေတတွေ၊ ရှုပကတွေ၊ ဂမ္ဘီရတွေ၊ အထူးပြုလုပ်ချက်တွေကို တတ်နိုင်သမျှ ရှောင်လွှဲပြီး သူပြောချင်တဲ့ ကိစ္စကို ရိုးရိုးရဲရဲကလေး ပြောသွားပုံဟာ အင်မတန် လေးစားစရာကောင်းပါတယ်။

ဆရာ မင်းလူညွန့်ကြူးရဲ့ အလိုအရ... ကဗျာဆရာရဲ့ ပတ်ဝန်းကျင်၊ ကဗျာဆရာရဲ့ လောကအမြင်နဲ့ ကဗျာဆိုတဲ့ကွင်းဆက် သုံးခုကို ဆက်စပ်ပြီး သုတေသနပြုကြည့်မယ်ဆိုရင် ကဗျာဆရာ မောင်သာလင်းဟာ သစ်တော ဗေဒကို ကျွမ်းဝင်ရင်းနှီးသူ။

ရိုးမတစ်ကြောနဲ့ သစ်တောဝန်းကျင်မှာ ပါဝင်နီးနွှယ်နေတဲ့ အခြေခံလုတန်းစားရဲ့ ဘဝကို ပဓာနပြုတတ်သူဆိုတာ ထင်ရှားနေပါတယ်။ စာရေးသူရဲ့ အဆိုပြုချက် (မှန်၏–မှား၏) ဆိုတဲ့ ကိစ္စကို စဉ်းစားချင့်ချိန်းဆနိုင်ရန်အလို့ငှာ ယောဒီကဗျာတိုလေးကို တစ်ပါဒချင်း အာရုံစိုက်ပြီး မောင်သာလင်းရဲ့အပြော (လေသံ) ကို နားဆင်ခံစားကြည့်စေချင်ပါတယ်။

(၁)
**ထင်းသား**
**'ရှား'...။**
(၂)
**အသားမှာ**
**မာတာတာ... 'ရှား'။**
(၃)
**အနှစ်မှာ**
**ကျစ်တာက... 'ရှား'။**
(၄)
**ပေါ်ရိသာဒ၊ မျက်ရည်ကျအောင်**
**ဖဝါးငုတ်စူး၊ ထွန့်ထွန့်လူးခဲ့**
**ကြားဖူးပါ၏ အဲဒါ 'ရှား' တဲ့။**

ခက်ဆစ်ရှာစရာမရှိ၊ အဘိဓာန်လှန်စရာ မလိုတဲ့ သစ်တောထွက်ပစ္စည်း (၂) မျိုး (သို့မဟုတ်) သစ်တောထွက်ကဗျာ (၂) ပုဒ်ကို စာရေးသူဘက်က ဖော်ထုတ်ခံစားကြည့်ခဲ့ပါပြီ။

မိမိရဲ့ အကောက်အယူနဲ့ သဘောတူမျှ သုံးနိုင်သလို မိမိရဲ့အကြည့်အမြင်နဲ့ ဆန့်ကျင်ကွဲလွဲသူလည်း ရှိနေကြမှာပါပဲ။



မည်သို့ပင်ဖြစ်စေ ရတနာသစ်မဂ္ဂဇင်းရဲ့ ကဗျာဧည့်ခန်းထဲမှာ ခြေလှမ်းမရွေ့နွာမီ မိမိတွေ့ခဲ့ရတဲ့ ကဗျာ (၂) ပုဒ်ရဲ့ အနှစ်ချုပ်သဘောထားကို ခံစားပြီး ရိုးသားစွာ ပြောကြားခွင့်ပြုစေလိုပါတယ်။

အဲဒါကတော့ ရတောင့်ရခဲ ဒုလ္လဘတရား တစ်ခုဖြစ်တဲ့ လူ့ဘဝမှာ အလိုအပ်ဆုံး အရာဟာ ဘယ်အရာဖြစ်သင့်ပါသလဲ။ အစပကတူး ကမ္ဘာဦး လူသားနဲ့ မခြားတဲ့ သစ်ခုတ်လုသားတွေရဲ့ နှလုံးသားထဲကို ပေါ်ရိသာဒ၊ မျက်ရည်ကျစေတဲ့ မြမြစူးစူး၊ ရှားဆူးချွန်ချွန် တစ်ချောင်းသာ၊ လက်ဆောင်ကောင်းတစ်ခုအဖြစ် ပေးအပ်နိုင်ခဲ့ရင်...။

သဘာဝတရား အလိုကျ တပ်ဆင်နိုင်ခဲ့ရင်... ဆိုတဲ့ အတွေးစတစ်စ အကြောင်းပါပဲ။

ယခုလ စာရေးသူ ဖြတ်သန်းခဲ့ရတဲ့ ကဗျာဧည့်ခန်းများနဲ့ ကဗျာပန်းပွင့်များကတော့ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလထဲမှာ ရှိနှင့်နေကြတဲ့ ရတနာသစ်မဂ္ဂဇင်း ဧည့်ခန်းအပါအဝင် ရင်ခုန်ပွင့်၊ ရုပ်ရှင်အောင်လံ၊ သပြေ၊ မဟေသီ၊ လုံမလေး၊ ပန်းဝေသီ၊ ကလျာ၊ တေးကဗျာ၊ ဟန်သစ်၊ မြားနတ်မောင် ဧည့်ခန်းများထဲက ကဗျာပွင့်ရေ (၇၀) ကျော် ဖြစ်ကြပါတယ်။ အရေအတွက်အားဖြင့် မနည်းလှတဲ့ ဧည့်ခန်းများစွာကို မျက်စိလျှမ်းပြီး အချစ်ကဗျာမဟုတ်တဲ့ 'သစ်–ကဗျာ' နှစ်ပုဒ်နဲ့ ငြိစွန်းမိခဲ့တဲ့အတွက်တော့ 'ကျွန်တော် ချစ်မိ အပြစ်ရှိသလား' လို့ မိမိကိုယ် မိမိ မမေးရက်တော့ပါဘူး။

တခြားညွှန်းလိုတဲ့ ကဗျာတစ်ပုဒ်ကတော့ ရုပ်ရှင်အောင်လံမဂ္ဂဇင်းထဲက မောင်နှင်းပန် (ရေနံချောင်း) ရဲ့ 'ငယ်ဘဝအလွမ်း' ကဗျာဖြစ်ပါတယ်။ ဘာ့ကြောင့် ညွှန်းမိသလဲဆိုတော့ကာ...။

အဲဒီ မောင်နှင်းပန်(ရေနံချောင်း) ရဲ့ 'ငယ်ဘဝအလွမ်း' ဆိုတဲ့ ကဗျာတစ်ပုဒ်ဟာလည်း လူ့ဘဝတာဒဂ်မှာ အထိုက်အလျောက် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်နေတဲ့ 'သစ်ပြဿနာ' ကို သွယ်ဝိုက်ပွဲဆိုထားလို့ပါပဲ။

**'ဟို လွန်ခဲ့တဲ့ အတိတ်**
**နှစ်ပေါင်း အစိတ် သုံးဆယ်**
**ကျွန်တော် ငယ်ငယ်ကပေါ့။**
**အိမ်ရှေ့က တမာပင်အောက်**
**အိမ်ထောက်တမ်း ကစားကြ**



www.burmeseclassic.com

www.burmeseclassic.com

**အမိုးက သစ်ရွက်**
**အခင်းက အိမ်တိုင်**
**လှပနိုင်နဲ့တဲ့ အိမ်ကလေးတစ်လုံး**
**အကောင်းဆုံး တည်ဆောက်**
**ဘယ်လောက်ပျော်ဖို့ ကောင်းသလဲ။'**

ကဗျာဆရာဟာ သူ့ရဲ့ ငယ်ဘဝပုံရိပ်ကို အိမ်ဆောက်တမ်းကစားတဲ့ အမှုအရာနဲ့ ပျူပျူငှာငှာဖွင့်ဆိုပြခဲ့ပါတယ်။

လူ့ဘဝရဲ့ ဒုတိယအရွယ်တန်းမှာတော့...၊

အတက်, အတက်တွေကြောင့်၊ အခက်, အခက် ပွေနေရတဲ့ ကဗျာဆရာဟာ...၊

... ... ... ...

**'ငယ်ငယ်တုန်းက**
**အိမ်ရှေ့က တမာပင်ကြီးအောက်မှာ**
**ဆောက်ခဲ့တဲ့ အိမ်ကလေး**
**စိတ်ထဲပြေးမြင်တဲ့အခါ**
**(အမှန်တကယ်)**
**ပြန်ငယ်ချင်လိုက်တာ အမေရယ်'**

လို့ဆိုပြီး ဘဝအမောတွေကို တိုးတိုးလေး ညည်းပြလိုက်ပါတယ်။ ကဗျာဆရာရဲ့ ညည်းချင်းနဲ့အတူ ကဗျာခံစားသူ မိမိကိုယ်တိုင် ယောင်ယမ်းပြီး အမှန်တကယ် ပြန်ငယ်ချင်တဲ့ စိတ်ဖြစ်မိခဲ့တာ အမှန်ပါပဲ။

တကယ်လို့သာ...

မောင်အောင်ပွင့်ရဲ 'တောတွင်းပျောက်' ကဗျာထဲကလို ဘဝပုဆိန်တစ်လက်နဲ့ အလှအိပ်မက် ပျက်စီးခဲ့ရသူများ...၊ မောင်နှင်းပန်ရဲ့ 'ငယ်ဘဝအလွမ်း' ကဗျာထဲကလို မိုးတိမ်အောက်မှာ အိုးအိမ်ပျောက်နေကြသူများ...၊ ကဗျာကို ခံစားရုံ ခံစားပြီး အမှန်တရားနဲ့ မနီးစပ်သူ မိမိလိုလူများရဲ့ ရင်ထဲ အသည်းထဲမှာ မောင်သာလင်းရဲ့ 'ရှားဆူး' တစ်ချောင်းသာ ရှိနေခဲ့မယ်ဆိုရင်...။

ကဗျာအလှနဲ့ ကဗျာ့စမ္မကို ရှာဖွေခံစားသူများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့ကြပါစေ...။

www.burmeseclassic.com

'ထို့ကြောင့် ကချာရေးလိုသူသည် မိမိ၏ စာ၌ နှစ်သက်ခြင်း သက်သက်ပါရှိရုံသာမက၊ ဘ၀အသိ အာနိသင် နှစ်သက်ခြင်း ပါလာအောင်လည်း အားထုတ်သင့်သည်ဟု ထင်ပါသည်။ ကချာလေ့လာလိုသူသည်လည်း စာတစ်ပုဒ်ကို လေ့လာသော အခါ နှစ်သက်ခြင်း သက်သက်ကိုသာမက ဘ၀အာနိသင် (နှစ်သက်ခြင်း) ရှိ မရှိကိုပါ သိရအောင် အားထုတ်သင့်ပါသည်။

ဆရာဇော်ဂျီ

ရသစာပေအမှုန့်နှင့်နိဒါန်း

၁၉၇၆ ဇန်နဝါရီလ (ပ)ကြိမ်မှ



## ညှော်ခန်းများကို ဖြတ်သန်းခြင်း (၂)

အခုတလော မောမောနေပါတယ်။ ခန္ဓာဗေဒ အဖွဲ့အအုံကြီးထဲမှာ ရှိနေကြတဲ့ ကလာပ်စည်းတွေနဲ့ ဓာတ်ကြီးလေးပါးရဲ့ ချို့ယွင်းမှုကြောင့် မောတာလည်း ဖြစ်နိုင်ပါတယ်။ နောက်တစ်ကြောင်းက ခန္ဓာငါးပါး ရုပ်နာမ်တရားရဲ့ ခံစားမှု (အင်ဂျင်စက်) တွေ ပျက်စီးချို့ယွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။

မြတ်စွာ ဗုဒ္ဓရဲ့ တရားဓမ္မ အနှစ်ချုပ်အရ လောကမှာ ရှိရှိသမျှသော အခြင်းအရာ အဖြစ်အပျက်နဲ့ သက်ရှိသက်မဲ့ အားလုံးဟာ အကြောင်းတရားကြောင့် ပေါ်ပေါက်လာတာဖြစ်တယ်။ အဲဒီ အကြောင်းတရားတွေကြောင့် တစ်စုံတစ်ခုသော အကျိုးတရားဆိုတာ မလွဲသာ မရှောင်သာဖြစ်ထွန်းလာရတယ်။

ဒါဟာ ဗုဒ္ဓဓမ္မရဲ့ ဇဝကန်နိယာမ တစ်ရပ်လို့ မမိုတ်မသုန် ယုံကြည်ထားပါတယ်။

သိပ္ပံဗေဒမှာလည်း အကြောင်းကြောင့် အကျိုးဖြစ်ပေါ်မှုဆိုတဲ့နိယာမ (Law of Causation) သာလျှင် ပဓာနအကျဆုံး မှတ်ကျောက်ဆိုတာ ဘယ်သူမှ မငြင်းဆန်နိုင်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ 'အကြောင်းတရား ပဓာနအမြင်' နဲ့ မိမိကိုယ် မိမိ ဆင်ခြင်ကြည့်လိုက်တော့ အခုတလော ဘာကြောင့် မောမောနေရ တယ်ဆိုတဲ့ အကျိုးဆက်တရားကို ထင်ထင်ရှားရှား ခံစားသိရှိခဲ့ရပါတယ်။

အဲဒါကတော့ မိမိကိုယ် မိမိတွယ်တာတပ်မက်မှု **(သမုဒယတရား)** ဆိုတဲ့ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးဆက် (ဒုက္ခ) ကို မပယ်သတ်နိုင်သေးလို့ပါပဲ။ အကြောင်းတရားကို ချုပ်ငြိမ်းအောင် ငြိမ်းသတ်နိုင်မှသာ အကျိုးတရား ကွင်းဆက်တွေရဲ့ တုပ်နှောင်မှုက လွတ် မြောက်မယ်ဆိုတာ စာတွေ့လောက်တော့ သိပါရဲ့။ ဒါပေမယ့် ပစ္စုပ္ပန် ကို တည့်တည့်ရှုနေရတဲ့ သာမန်ပုထုဇနနွယ်ဝင် သံယောဇဉ်ကိုဏ်းသား တစ်ဦးအနေနဲ့တော့...

'ကျွန်မ ချစ်မြဲ
သံသာဝဲမှ
ခွဲထွက်ချင်ဘူး
တပ်မက်ဦးမည်'

လို့ ဆိုဖွဲ့ခဲ့တဲ့ (ဒေါ်) ကြည်အေးရဲ့ 'သစ္စာသစ်' ကဗျာလေးကိုပဲ သတိရနေမိတော့တာပါပဲ။

သံသရာကိုချစ်တဲ့အလုပ် (သို့မဟုတ်) ပစ္စုပ္ပန်ရဲ့ အသံကို နားခံ ရင်းမှတ်တမ်းတင်တတ်တဲ့အလုပ်ဟာ ကဗျာဆရာရဲ့ တာဝန်ဖြစ်တယ်။

အဲဒီ တာဝန်ကို တစ်စုံတစ်ယောက်က ညွှန်ကြားချက်မထုတ်ရဘဲ အဖွဲ့အစည်းတစ်ခုခုက ဥပဒေမပြဋ္ဌာန်းဘဲ မိမိအသိစိတ်နဲ့ မိမိဖန်တီး ပြု လုပ်တတ်သူဟာ ကဗျာဆရာဖြစ်တယ်။ မဂ္ဂဇင်းစာမျက်နှာများစွာပေါ်က၊ ကဗျာဧည့်ခန်းများကို ဖြတ်သန်းတဲ့အခါ

ပန်းပွင့်၊ လိပ်ပြာ၊ ဖဲမွေ့ရာ၊ ရွှေကော်ဇောနဲ့ တောဘွဲ့၊ တောင်ဘွဲ့၊ မောင်ဘွဲ့၊ မယ်ဘွဲ့ စတဲ့ ပုဂ္ဂလိက ခံစားမှုကိစ္စများထက် ခေတ်ပြိုင်ရင်ခုန် သံတွေနဲ့ လွတ်လပ်ကာရန်အသံလှိုင်းတွေကို အတိုင်းမသိ ကြားနေရတတ် ပါတယ်။

အဲဒီအချက်ဟာ ကဗျာဆရာတွေနဲ့ ပတ်သက်ပြီး ပစ္စုပ္ပန်အလုပ် မတွန့်မဆုတ်သူဆိုတာ ပိုပြီး နိုင်လုံသေချာစေပါတယ်။



အထူးသဖြင့် မိမိရဲ့အဆိုကို ထပ်ဆင့်ခိုင်လုံသေချာစေတဲ့ ကဗျာ တစ်ပုဒ်နဲ့ မိတ်ဆက်ပေးပါရစေ။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလထုတ် ကလျာ မဂ္ဂဇင်းထဲက ကဗျာဆရာနန္ဒာမိုးကြယ်ရဲ့ **'အစာအိမ်ရိုက်ကွင်း'** ဆိုတဲ့ ကဗျာဟာ အမောရောဂါဝေဒနာသည်များအတွက် **'အီးစီဂျီ'** ဂရပ်တစ်ချပ် ပါပဲ။

တစ်ခုတော့ ပြောချင်ပါတယ်။

အဲဒီ ကဗျာရဲ့ **'အီးစီဂျီ'** ဂရပ်လှိုင်းထဲမှာတော့ စည်းစိမ်ဥစ္စာ အမောနဲ့ ဒေါ်လာရောဂါရှင်တွေအတွက် ပုံရိပ်ထင်နိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ ကဗျာဆရာနဲ့ လောဘသားကောင်ဟာ ရေခဲ မြေခံချင်း၊ ရောဂါဖြစ်ပွားပုံချင်း မတူကြလို့ပါပဲ။

ကဗျာဆရာရဲ့ ရောဂါဟာ အာဟာရချို့တဲ့ရောဂါ၊ အာဟာရပျောက် ဆုံးမှုကြောင့်ဖြစ်တဲ့ နှလုံးရောဂါဖြစ်ပါတယ်။ ကဗျာဆရာဟာ သူ့ရောဂါရဲ့ ဇာစ်မြစ်ကို ဆန်းစစ်ဖွေရှာတဲ့နေရာမှာ အင်မတန် ကျွမ်းကျင်ပိုင်နိုင်ပါတယ်။ အင်မတန် သိပ္ပံနည်းကျပါတယ်။ အင်မတန် တိကျပါတယ်။ အင်မတန် စိတ်ရှည်ပါတယ်။ ဟော ဒီမှာကြည့်ပါ။

**'အစာအိမ်တွက်၊ ဆေးရုံတက်ရင်း**
**ပျင်းတဲ့ညမှာ၊ ကဗျာဆရာ**
**စာအုပ်နှစ်အုပ် ဖတ်မိသတဲ့'**

အစာအိမ်ရောဂါအတွက် ဆေးရုံတက်ခဲ့ရတဲ့ ကဗျာဆရာဟာ ပျင်း ရိဖွယ်ညတစ်ညမှာ စာအုပ်နှစ်အုပ်ကို ဖတ်မိပါတယ်တဲ့။ ဝတ္ထုဗေဒအရ ပြောရမယ်ဆိုရင်တော့ အဲဒီ 'စာအုပ်နှစ်အုပ်ကိစ္စ' ဟာ အဲဒီ ကဗျာရဲ့ ဇာတ်ဝင်ခန်းမှာ အရေးကြီးတဲ့ ပစ္စည်းဖြစ်တယ်ဆိုတာ ကြိုကြိုတင်တင် ပြထားတဲ့ (နိမိတ်ပုံ) ပြကွက်ပေါ့။

ဘယ်လိုစာအုပ်မျိုးပါလိမ့်။

(၁)

**ဦးကုလားရဲ့ မှတ်တမ်း**
**မှန်နန်းရာဇဝင်တော်ကြီးက**
**နရသီဟပတေ့ဟာ**



www.burmeseclassic.com

www.burmeseclassic.com

ပွဲတော် တစ်ခါတည်လျှင်
သုံးရာသော ဟင်းခွက်ပြည့်မှတဲ့။

တရုတ်ပြေးမင်းရယ်လို့ အများသိကြတဲ့ နရသီဟပတေ့ဟာ ဒေါသ အမျက်ကြီးတတ်သူဖြစ်သလို လောဘရမ္မက်လည်း ကြီးတတ်သူဖြစ်ပါတယ်။

ကဗျာဆရာဟာ မှန်နန်းရာဇဝင်တော်ကြီးထဲက 'နရသီဟပတေ့' အကြောင်း ဖတ်မိရင်း နောက်ဆက်တွဲ စဉ်းစားမိတာက –

**ဘာတွေချက်လဲ**
**ဘာလိုချက်လဲ**
**ဘယ်လိုစားလဲ**
**ဆာခွဲမတတ်၊ ရင်ကိုသပ်မိ**
**နတ်သုဒ္ဓါလိုနေမှာပဲ**
**လွှမ်းစရာပဲ၊ ကျွမ်းစာထဲ**

ဆိုတဲ့ အတွေးပဲ ဖြစ်ပါတယ်။ ကဗျာဆရာဟာ နရသီဟပတေ့ရဲ့ နတ်သုဒ္ဓါထမင်းပွဲကြီးကို အားမကျပေမယ့် ပုဂံခေတ် ရွှေနန်းတော်ကြီးရဲ့ ဟင်းလျာအမျိုးအမည်တွေနဲ့ စီမံချက်ပြုတ် စားသောက်နေထိုင်မှုကိုတော့ ရင်သပ်ရှုမောရင်း အလွှမ်းသက်ပြင်းချလိုက်ပါတယ်။

သည်လိုနဲ့ ကဗျာဆရာဖတ်မိတဲ့ နောက်ထပ် စာအုပ်ဟာ ဘယ်လို စာပေအမျိုးအစားလဲဆိုတာ မိမိအနေနဲ့ သိလိုစိတ်ပြင်းပြလာပါတယ်။ ရှင်တလှုပ်လှုပ်နဲ့ ဆက်ဖတ်ကြည့်တော့ –

(၂)

**'ငါးသန်သေးနပ်**
**ရေလုံပြုတ်များကို**
**တစ်လုတ်ကယ်ဝဝ**
**စားလိုက်ရမှဖြင့်**
**အာဂပါးစပ်**
**လူဖြစ်ကျိုးနပ်လေရဲ့' တဲ့**
**နဘောအရာ မြူးနန်ကြွတဲ့**
**စလေဆရာ ဦးပုညရဲ့**



**ရေသည်ပြဇာတ် စာတစ်ပိုဒ်**
**အသည်းခိုက်တယ်၊ လှိုက်မောမွယ်**

လို့ ဆိုဖွဲ့လောက်တဲ့ ကုန်းဘောင်ခေတ် စာဆိုကြီး စလေဦးပုညရဲ့ နာမည်ကျော် (ဂင်္ဂါမာလ) ရေသည်ပြဇာတ်စာအုပ်ကို မမျှော်လင့်ဘဲ သွားတွေ့လိုက်ရပါတယ်။

သည်နေရာမှာ (မမျှော်လင့်ဘဲ) ဆိုတဲ့ ကြိယာဝိသေသနကို မိမိ အသုံးပြုမိတာဟာ အကြောင်းတစ်ရပ်ရှိပါတယ်။ အဲဒီအကြောင်းတစ်ရပ် ကတော့ ပုဂံခေတ်က နရသီဟပတေ့နဲ့ ကုန်းဘောင်ခေတ်ရဲ့ ပစ္စည်းမဲ့ ပြဇာတ်ထဲက (ရေသည်ယောက်ျား) ကို အစီအစဉ်မဲ့စွာ ဆက်စပ်ပေးခဲ့လို့ ပါပဲ။ ဆက်ထုံးဝေးတဲ့ ခေတ်နှစ်ခေတ်ထဲက ဖြစ်တည်မှုချင်းမတူ ခြားနား တဲ့ လူတန်းစားနှစ်ရပ်ကို ဆက်စပ်ယှဉ်တွဲပြလိုက်တာဟာ အစီအစဉ်မဲ့ဘည့် ပေမယ့် အမှတ်တမဲ့ကိစ္စတော့ ဟုတ်ဟန်မတူပါဘူး။

ဘာကြောင့်လဲဆိုတော့ကာ အစာအိမ်ရောဂါဖြစ်နေတဲ့ ကဗျာဆရာ ဟာ သူ့ရောဂါရဲ့ဓာတ်မြစ်ကို ဖွေရှာဆန်းစစ်ဖို့နဲ့ ကဗျာဖတ်သူကို သူ့ရောဂါ အကြောင်း (အမှန်အတိုင်း) ပြောပြဖို့ ဆိုင်ကျင်းဖွဲ့နေတာဖြစ်ပါတယ်။

ဒါပေမယ့် ပြကွင်း ပြကွက်တွေက ရိုးစင်းလွန်းလှပါတယ်။ မြန်မာရာဇဝင်နဲ့ မြန်မာစာပေလောကမှာ နရသီဟပတေ့ ဘုရင်ရဲ့ ထမင်းပွဲကိစ္စ နဲ့ ဦးပုညရဲ့ ရေသည်ပြဇာတ် အကြောင်းဟာ ထောင်းထောင်းကြေလို့ ပေကျံပေါင်းနှမ်းခဲ့ပါပြီ။ သို့ကလို ပေါင်းနှမ်းနေတဲ့ အများသိဓာတ် လမ်းကို ရိုက်ကွက်ဆန်းဆန်းနဲ့ ဖွဲ့ပြလိုက်တဲ့ အခန်းကတော့ –

**နောက်တစ်နေ့မှာ**
**ကဗျာဆရာ၊ သူ့ရောဂါတွက်**
**ဖွေရှာဓာတ်မြစ်၊ ဆန်းစစ်ကြည့်ရန်**
**ဓာတ်မှန်အရိုက်** .... .... ....
.... .... ..... .... .... .... ....
**ဟိုက်**
**အစာအိမ်တွင်၊ ပုရိပ်ထင်သည်**
**လုလင်ရေသည်ပါလားကွယ်**

လို့ဆိုတဲ့ နိဂုံးပိုဒ်ပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကဗျာတစ်ပုဒ်လုံးကို ဖတ်ရှုခံစားလို့အပြီးမှာ အနုတလော မော, မောနေတဲ့ မိမိရဲ့ ရောဂါတစ်မြစ်ကိုလည်း ဆန်းစစ်လို့ရခဲ့ပါတယ်။ ကဗျာ ခံစားသူတစ်ဦးအနေနဲ့ အပေါ်ယံနှစ်သက်ခြင်း သက်သက်ကိုသာမက ဘဝ အသိအာနိသင် (နှစ်သက်ခြင်း) တစ်မျိုးနဲ့ အကျိုးရှိခဲ့ပါတယ်။

'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ' လို့ဆိုတဲ့ တရားဓမ္မအလိုတော် အတိုင်း သတ္တဝါဟူသမျှ အာဟာရဓာတ်ပေါ်မှာ တည်မှီရှင်သန်ရတယ်ဆိုတဲ့ အယူအဆကိုလည်း ပိုပြီး သက်ဝင်ယုံကြည်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် **'အို သမားတော် သင့်ကို သင် နာလန်ထစေလော့'** ဆိုတဲ့ ခရစ်ယာန်ကျမ်း စာထဲက (ရှင်လုကာ) ရဲ့ သတိပေးတရားကြောင့် ကဗျာဆရာ နန္ဒာမိုးကြယ် ရဲ့ အစာအိမ်ရောဂါကို စာနာမိသလို မိမိကိုယ်မိမိလည်း မှန်ကြည့်ပြီး ပြုံးစိစိဖြစ်နေမိပါတယ်။ မှန်ထဲက ပုံရိပ်ကလည်း မိမိကိုကြည့်ပြီး ပြန်ပြုံးပြ ပါတယ်။ ဒါတွင်မကပါဘူး။ စည့်ခန်းနံရံပေါ်က မိမိနဲ့ မိမိဇနီးရဲ့(လက် ထပ်ပြီးစ)စုံတွဲဓာတ်ပုံ၊ မဂ္ဂဇင်းမှာ စာပေအင်တာဗျူးလုပ်တုန်းက ဓာတ် ပုံ၊ စာပေဟောပြောပွဲမှာ ရယ်ရယ်မောမော ဟောပြောနေတဲ့ ဓာတ်ပုံ၊ အဲဒီဓာတ်ပုံတွေထဲက မိမိများစွာဟာ ဘာကြောင့်များ မိမိကိုကြည့်ပြီး ပြုံးစိစိဖြစ်နေကြပါလိမ့်။

သတိရလို့ မိမိဖတ်လက်စကဗျာကို ပြန်ကြည့်လိုက်တော့ ဒီဇင် ဘာလထုတ် ရုပ်ရှင်အောင်လံ မဂ္ဂဇင်းထဲက မောင်သင်းဝေရဲ့ **'နံရံပေါ်က အတ္တပုဂ္ဂိုလ်'** ဆိုတဲ့ ကဗျာကို တွေ့နေရပါတယ်။ မောင်သင်းဝေရဲ့ ကဗျာ ဟာ ဓာတ်နဲ့ ဗျာဓိရဲ့သဘောသဘာဝကို ဓာတ်ပုံလေးပုံနဲ့ ခင်းကျင်းပြပြီး ကဗျာဖတ်သူရဲ့ အတွေးကို နိုးကြွအောင် နှိုးဆွနိုင်ခဲ့ပါတယ်။ အတွေး ဆိုတာ ဖွင့်ဆိုပြဖို့ ခက်ခဲနက်ရှိုင်းသလောက် ဖိနှိပ်ထားဖို့ကျပြန်တော့လည်း သန်မာတွန်းကန်အားကောင်းလွန်းတဲ့ အရာဖြစ်တယ်လေ။ ဒါကြောင့်ပဲ ထင်ပါတယ်။ မောင်သင်းဝေဟာ သူ့ရဲ့ 'နံရံပေါ်က အတ္တပုဂ္ဂိုလ်' ကို ဖွင့် ဆိုမှုလည်း မပြုလုပ်၊ ဖုံးအုပ်ကွယ်ဝှက်ထားခြင်းလည်း မရှိဘဲ သိသာရုံ မြင်သာရုံကလေး ရေးခြယ်ပြခဲ့တာဟာ ကဗျာပီသတဲ့ ကဗျာတစ်ပုဒ်ဆိုလျှင် ပိုမယ်မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ –

- ကဗျာမှာ ရှည်ရှည်လျားလျား ရှင်းလင်းဖွင့်ဆိုထားမှုမရှိ။
- ကဗျာမှာ တမင်ပြုလုပ်ထားတဲ့ (ဆောက်လုပ်ချက်) လက် ကွက်များကို မတွေ့ရ။
- ကဗျာမှာ ခံစားချက်သက်သက်နဲ့ သဘာဝလွန် လင်္ကာရ များကိုမသုံး။



ဖော်ပြပါအချက် (၃) ချက် ရှိနေရုံလောက်နဲ့ပဲ ကဗျာပီသတဲ့ ကဗျာ တစ်ပုဒ်ရယ်လို့ ယုံကြည်စိတ်ချစွာ ဆိုခွင့်ပြုစေလိုပါတယ်။ ထိုအဆိုအတွက် လိုကွက်၊ ပျော့ကွက်၊ အားနည်းချက်များလည်း ရှိကောင်းရှိနိုင်ပါတယ်။

ခေတ်ပေါ်ကဗျာရဲ့ လင်္ကာဟာ ထွေပြားသလောက် ကဗျာခံစား သူရဲ့ စိတ်ကူးအာရုံများဟာလည်း မှန်ပြောင်းစကြာပုံ၊ ကွန်တိုပုံ၊ ဂရပ် ကွက်များပုံဖြစ်နေတတ်ပါတယ်။

အခုတင်ပြမယ့် မောင်သင်းဝေရဲ့ ကဗျာကတော့ သိပ်ပြီး ထွေထွေ ပြားပြားဆေဆေဝါးဝါး မဟုတ်သလို ကဗျာခံစားသူ မိမိရဲ့ ရင်ခုန်သံဟာလည်း တဲလျှပ်လှိုင်းထဲက မြင်းရိုင်းတစ်ကောင်ရဲ့ ပုံဆောင်မှုမျိုး မဟုတ်ခဲ့ပါဘူး။ မောင်သင်းဝေ ချိတ်ပြထားတဲ့ နံရံပေါ်က ဓာတ်ပုံလေးပုံကို မျက်လုံးမှေး ပြီး ကြည့်လိုက်တော့ –

(၁)

၇ ဝေါင်နဲ့ ၈ အောင်စ

မွေးကင်းစတုန်းက ဓာတ်ပုံတစ်ပုံ။

(၂)

နဖူးရေကောင်းကောင်း

နှုးရေကောင်းကောင်း

ဥပဓိရုပ်ကောင်းသနဲ့

ပညာရှိဖြစ်မတဲ့

ချမ်းသာကြွယ်ဝမတဲ့

ဘကြီးဘုန်းကြီး ဟောခဲ့တဲ့

ဆယ်ကျော်နှစ်

ကိုရင်ဝတ်တုန်းက ဓာတ်ပုံတစ်ပုံ။

(၃)

ဆရာဝန်လုပ်မယ်

အင်ဂျင်နီယာလုပ်မယ်



www.burmeseclassic.com

www.burmeseclassic.com

ဘုံကလုပ်မယ် ညာကလုပ်မယ်နဲ့
လှဘုံအလယ် ဝင့်ကြွား
စကောလားရှစ် ရထုန်းက
ဓာတ်ပုံတစ်ပုံ။

ပုံ (၁)၊ ပုံ (၂)နဲ့ ပုံ (၃) ကို ချိတ်ဆွဲပြသထားပုံဟာ အစီအစဉ်လည်း ကျနး လှပနနယ် ရှုချင်စဖွယ်အရွယ်ကလေးတွေမို့ ကြည့်ရခံစားရတာ လည်း အားရှိလှပါတယ်။ အာရုံကို တစ်ကွက်ပြောင်းပြီး နံရံယောင်းပေါ်က ဓာတ်ပုံနံပါတ် (၄) ကို မျက်လုံးမှေးပြီး ငေးငေးရီရီ ကြည့်ဖြစ်လိုက် တော့ –

(၄)
နှားထင်တွေကျ
နားရင်းတွေကျ
နှုတ်ခမ်းမွှေးတိုစနဲ့
ချုပ်ရိုးဗရပွ လွယ်အိတ်တစ်လုံး
စာပေဟောပြောပွဲတုန်းက
အမှတ်တရ ဓာတ်ပုံတစ်ပုံ

ကို မယုံကြည်နိုင်လောက်အောင် တွေ့ခဲ့ရပါတယ်။

မယုံကြည်နိုင်လောက်အောင်လို့ ဆိုရတာက မွေးကင်းစအရွယ် တုန်းက တစ်တစ်ရစ်ရစ်နဲ့ ချစ်စရာကလေး။ ဆယ်ကျော်သက်အရွယ်ရောက် တော့ ဥပဓိရုပ်က ကောင်းကောင်းနဲ့ သက်နန်းဆီးခဲ့တဲ့ ကိုရင်ကလေး။

ကျောင်းသားအရွယ် လုလင်ငယ်သွေး ဘဝမှာ ပညာရည်ချွန်ဆု (စကောလားရှစ်) ရခဲ့တဲ့ ကျောင်းသားကလေး။

ဟော အခုတွေ့နေရတဲ့ အမှတ်စဉ် (၄) ထဲက ပုံပန်းကတော့ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပြီကော။

အတိတ်ဖြတ်သန်းမှု (၃) ခုနဲ့ ဘယ်လိုမှ ဆက်စပ်ကြည့်လို့မရတော့ တဲ့ စတုတ္ထအရွယ် ပိန်သွယ်သွယ်ညှဉ်းသိုးသိုး လူတစ်ယောက်ပါတကား။

အဒီလူဟာ စာပေဟောပြောပွဲ မြင်ကွင်းမှာ ရှိနေတယ်ဆိုပြန်တော့ သည်လူ့ ပုံပန်းဟာ မဆန်းတော့ပါဘူးလေ။



'သြော် – ငါနဲ့မှ တူတတ်ရန်ကော' လို့ ဓာတ်ပုံကိုကြည့်မောနေ တုန်း ကဗျာရဲ့နိဂုံးကို ဖတ်မိပြန်တော့ မိမိကိုယ်မိမိ အားရှိလာတယ်လို့ ထင်ခဲ့ပါတယ်။

ဓာတ်ပုံလေးပုံ
မှန်ဘီရိုးတဝါး
ခြစားပိုးဖျက်
နံရံထက်မှာ
ကွဲအက်နေတဲ့ မှန်ဘောင်နဲ့
တစ်ဆောင်တစ်ယောင် ရှိပါတယ်။

ဆိုတဲ့ အပိုဒ်ဟာ လူ့ဘဝကို တွယ်တာမှု၊ သံသရာကို မြတ်နိုးမှု၊ အနုပညာကို တန်ဖိုးထားမှု၊ ဖြစ်တည်မှုကို လေးစားမှုစတဲ့ အာနိသင်တွေ စိမ့်ဝင်နေတယ်လို့ မြင်နေမိပါတယ်။ ဘာကြောင့်လဲဆိုတော့က –

'ခြစားပိုးဖျက်၊ နံရံထက်မှာ
ကွဲအက်နေတဲ့ မှန်ဘောင်နဲ့
တစ်ဆောင်တစ်ယောင် ရှိပါတယ်'

ဆိုတဲ့ စကားရပ်ဟာ ဘဝကို ဘယ်တော့မှ မျက်ကွယ်မပြုဘူးလို့ ခိုင်ခိုင် မာမာ သန္နိဋ္ဌာန်ချခဲ့တာပဲ မဟုတ်ပါလား။

သမုဒယကို မပယ်သတ်နိုင်သမျှ ဒုက္ခတရား အမျိုးမျိုးနဲ့ ပက်ပင်း တိုးရလိမ့်မယ်ဆိုတာ ဆင်ခြင်သိနဲ့ ဆင်ခြင်မိပါရဲ့။ ဆင်ခြင်တဲ့တရားက တစ်ခြား၊ ခံစားမှုက တစ်မျိုးဖြစ်နေသေးလို့ နံရံပေါ်က (လူ့ဘဝ) အတ္ထုပ္ပတ္တိ ကိုကြည့်ပြီး မိမိအနေနဲ့ ပီတိဖြစ်ခဲ့ရပါတယ်။

**'လူတွေနဲ့ ဝေးလာတာနဲ့အမျှ သစ္စာတရားနဲ့ ပိုနီးလာခဲ့တယ်'** လို့ ဖွင့်ဆိုခဲ့ကြတဲ့ **'လူမုန်း၊ ဝါဒ–ဒဿန'** မျိုးကိုတော့ မိမိအနေနဲ့ မသိကျိုးကျွန် ပြုခဲ့မိတာ ဘမှန်ပါပဲ။

သို့ကလို အယူအဆကြောင့် အခုတလော မောမောနေတတ်တဲ့ ရောဂါလည်း အတန်သင့် သက်သာရာရခဲ့ပါပြီ။ နန္ဒာမိုးကြယ်ရဲ့ 'အစာ အိမ်ရိုက်ကွင်း' ထဲက ရေသည် လုလင်ကိုလည်း မြင်တတ်ခင်တတ်ခဲ့ပါ ပြီ။ မောင်သင်းဆေရဲ့ 'နံရံပေါ်က အတ္ထုပ္ပတ္တိ' ထဲက ဓာတ်ပုံ (၄) ပုံကို လည်း ဖုန်သုတ်သန့်စင်ကြည်လင်စေခဲ့ပါပြီ။ မိမိအနေဖြင့် ကဗျာတစ်ပုဒ်ကို ဖတ်ရှုခံစားခွင့် ကြုံရတိုင်း အသံသာရှုံး၊ အနက်ချောရှုံး၊ နိမိတ်ပုံကောင်းရှုံး၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်သက်ဖွယ်ဖြစ်ရုံသာမက ဘဝအတွက် အာနိသင်ရှိ၊ မရှိကို သိရအောင်လည်း အားထုတ်ကြဆဲခဲ့ပါပြီ။

'ဘာကြောင့်လဲ' လို့ မိမိကိုယ်မိမိ ပြန်မေးကြည့်တော့ 'လူဟာ လူ့အကြောင်းကို အပြောချင်ဆုံးနဲ့ လူဟာ လူ့အကြောင်းကို အကြားချင်ဆုံးဖြစ်တယ်' ဆိုတဲ့ အဖြေမှတစ်ပါး အခြားအချက်အလက်ကို ခုထက်ထိ ရှာမတွေ့သေးလို့ပဲဖြစ်ပါတယ်။

အထူးသဖြင့် ကဗျာကိစ္စမှာ အယူအဆတွေ၊ ဝါဒတွေ၊ ဂိုဏ်းတွေ၊ အဆိုအမိန့်တွေဟာ 'တစ်ကျောင်းတစ်ဂါထာ–တစ်ရွာတစ်ပုဒ်' ဆိုရလောက်အောင် ရတ်ရတ်သဲသဲရှိပါတယ်။

မည်သို့ပင်ဖြစ်စေ ကဗျာကိစ္စမှာ–

နိမိတ်ပုံဝါဒတွေ၊ သင်္ကေတဝါဒတွေ၊ အနာဂတ်ဝါဒတွေ၊ မြို့ပြဝါဒတွေ၊ စက်မှုဝါဒတွေ၊ တည်ဆောက်မှုဝါဒတွေ၊ ဖြစ်တည်မှုဝါဒတွေနဲ့ အထွေထွေအပြားပြား လှုပ်ရှားခဲ့ကြပေမယ့် ကဗျာရဲ့အတွင်းသား အနှစ်ချုပ်ဟာ 'လူ့ဗဟိုပြုဝါဒ' သံသရာမှာသာ တဝဲဝဲရယ်တဲ့ တလည်လည်ဖြစ်နေတုန်းပါပဲ။

'ဒါဟာ ကိစ္စဆိုးတော့ မဟုတ်ပါဘူး။'

'မနုဿတ္တာ၊ ဒုလ္လဘကိုး၊ အရတော်စွာ၊ ဤအခါဋ္ဌ' လို့ ဆိုခဲ့တဲ့ မန်လည်ဆရာတော်ကြီးရဲ့ မဃဒေဝလင်္ကာသစ်နဲ့ပဲ စစ်ဆေးကြည့်ကြည့်၊ ရတောင့်ရခဲတဲ့ ဒုလ္လဘတရား (၅) ပါးထဲက၊ 'မနုဿတ္တ ပဋိလာဘ ဒုလ္လဘ' လို့ဆိုတဲ့ ဗြဟ္မဇာလ သုတ်အဖွဲ့နဲ့ပဲ ချဉ်းကပ်ကြည့်ကြည့်၊ လူကို ဂရုဗဟိုပြုတဲ့လူ့ ဗဟိုပြုကဗျာဟာ ဘယ်ခေတ်ဘယ်အခါရောက်ရောက် ပျောက်ပျက် တိမ်ကောသွားမှာ မဟုတ်ပါဘူး။ ဘယ်တော့မှလည်း ရိုးအိသွားမှာ မဟုတ်ပါဘူး။ တစ်ခုတော့ရှိပါတယ်။ ဘယ်လိုကဗျာဆရာမျိုးက လူ့အကြောင်းကို ဘယ်ပုံပြောမလဲ။ ဘယ်လိုခံစားသူမျိုးက လူ့အကြောင်းကို ဘယ်ပုံကြားချင်မလဲ။ ဒါဟာ စဉ်းစားစရာအချက်အလက် တစ်ရပ်ပါပဲ။

လူ့အကြောင်းကို ကဗျာဖွဲ့ပြတိုင်း၊ လူ့အကြောင်းကို ဖတ်ရှုခံစားရတိုင်းအမှန်တရားနဲ့ နီးကပ်သွားပြီလို့တော့ တပ်တပ်အပ်အပ်မပြောနိုင်သေးပါဘူး။



ယခုလ မိမိဖြတ်သန်းခွင့်ရခဲ့တဲ့ ကဗျာစည့်ခန်းတွေထဲမှာတော့ နန္ဒာမိုးကြယ်နဲ့ မောင်သင်းဆေဟာ လူ့အကြောင်း အပြောကောင်းတဲ့ ကဗျာဆရာများ ဖြစ်ကြပါတယ်။ သူတို့ ဘယ်ပုံဘယ်နည်း အပြောကောင်းကြတယ်ဆိုတာကိုလည်း မိမိခံစားတတ်သမျှ ဖွင့်ဆိုပြခဲ့ပါပြီ။

တစ်ခုတော့ ပြောလိုပါတယ်။ မိမိဉာဏ်မီသမျှ ခံစားပြတဲ့ ကဗျာများဟာ–

**'ယခုလ အကြိုက်ဆုံးကဗျာ'** ဆိုတဲ့ အတ္တနောမတိ ရွေးချယ်မှုမျိုး မဟုတ်သလို –

'ယခုလ အရောင်းရဆုံးအငှားရဆုံး' လို့ ဆိုတဲ့ မဂ္ဂဇင်းဈေးကွက်ထဲက (Top Ten) စာရင်းဝင်ကဗျာများလည်း မဟုတ်ကြပါဘူး။

ဒါပေမယ့် မိမိရဲ့ ခံစားမှုအာရုံမှာ တုန်ခြင်း၊ မှုန်ခြင်း မရှိဘဲ ပကတိကြည်ကြည်လင်လင်နဲ့ (အာနိသင်အသစ်) ဖြစ်စေနိုင်ခဲ့တဲ့ကဗျာ (၂) ပုဒ်ဖြစ်ကြောင်းကိုတော့ ရိုးသားစွာ ဝန်ခံရပါစေ။

'မိတ်ဆွေ ဘယ်လိုခံစားပြီး သို့ကလို ပြောနိုင်ပါသလဲ' လို့ တစ်စုံတစ်ယောက်က မေးလာခဲ့ရင်တော့ အောက်ပါအဖြေစကားနဲ့ ရည်ညွှန်းကိုးကားခွင့်ပြုပါ။ သဘောတူလျှင် ယူပါ။

မည်သည့်ကိစ္စမဆို ပြုလုပ်ဆောင်ရွက်စရာရှိလျှင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော အဆင့် ၅ ဆင့်ဖြင့် တက်ရသည်။

- ကဗျာတစ်ပုဒ်ကို ဖတ်ရှုရွတ်ဆို၍ စိတ်အာရုံထဲမှာသွင်းလိုက် (ဝိတက်)။
- ထိုသို့ စိတ်အာရုံထဲမှာ သွင်းထားသော ကဗျာကို အဖန်တလဲလဲရွတ်ဆို ပွားများကြည့်လိုက် (ဝိစာရ)။
- ထိုသို့ ပွားများသောအခါ နှစ်သက်ကြည်နူး အရသာထူး ပေါ်လာမည် (ပီတိ)။
- ထိုသို့ ကြည်နူး၊ အရသာထူးပေါ်လာခိုက် နှစ်သက်ခြင်းဖြစ်ကာ ချမ်းသာလာမည် (သုခ)။
- ထိုသို့ နှစ်သက်ကြည်နူးချမ်းသာနေရသော အရသာပေါ်၌ စိတ်အာရုံတစ်သားတည်းကျကာ အခြား ဘယ်ကိုမှ စိတ်မပျံ့လွင့်ဘဲ တည်တံ့နေမည် (ဧကဂ္ဂတာ)။



www.burmeseclassic.com

www.burmeseclassic.com

ထိုချာန်အင်္ဂါ ၅ ပါးမှာ ဘယ်နေရာမဆို အသုံးချနိုင်သည့် ဖော်မြူလာ ဖြစ်သည်။ (*ဒေါ်ခင်မျိုးချစ်၊ နှစ်သစ်ကူး ချစ်ဦးလက်ဆောင် ကဗျာစာအုပ် အမှာစာမှ ၁၉၈၂ ဇန်နဝါရီလ...*)

ထို အဆို အမိန့်တစ်ရပ်ကို မြတ်မြတ်နိုးနိုး ကျင့်သုံးကြည့်ပါ။ ကဗျာတစ်ပုဒ်ကို ဖတ်ရှုခံစားခွင့်ရတိုင်း အထက်ဖော်ပြပါ ဖော်မြူလာကို အသုံးချကြည့်ပါ။

ကဗျာခံစားသူများအားလုံး တုန်ခြင်း၊ မှုန်ခြင်းကင်းဝေးကြပါစေ။

ကဗျာ ခံစားသူများအတွက် ဒီဇင်ဘာလထုတ် မဂ္ဂဇင်းတွေထဲက လက်တို့ပြီး ဖတ်ညွှန်းလိုတဲ့ ကဗျာများကတော့။

(၁) **မောင်သာလင်းရဲ့ 'အဖြေမှာ အောင်သိုက်–ရယ်လိုက်တော့ မိုလ်အောင်ဇင်' (မှုပ်ရှင်အောင်လံ)**

(၂) **စော်ယုအောင် 'မြစ်ကမ်းပေါ်မှာ' (ချယ်ရီ)**

❦ ❦ ❦





www.burmeseclassic.com

www.burmeseclassic.com

ကဗျာသည်တောင်းတင်နှင့် မြေကြီးကို အလွယ်ကလေးဖြင့် ရွေ့လျားစေနိုင်သည်။ နတ်သိကြားများကို စိတ်ထိနိုက်စေနိုင်သည်။ ယောကျ်ား မိန်းမတို့၏ နှလုံးသားများကို တစ်ဦးမှ တစ်ဦးထံ ပြောင်းရွှေ့ပေးနိုင်စွမ်းသည်။ ကြမ်းကြုတ်သော စစ်သည်၏ ဝိညာဉ်တို့ နှစ်သိမ့်နိုင်စွမ်းသည်။

(မောင်သစ်တည်)

နှစ်ဆယ်ရာစုနိုင်ငံရပ်ခြားကဗျာ

၁၉၉၃ နှစ်၊ ဩဂုတ်လ



## ညော့်ခန်းများကို ဖြတ်သန်းခြင်း (၃)

လစဉ်ထုတ်မဂ္ဂဇင်းတွေထဲက ကဗျာညော့်ခန်းများကို ဖြတ်သန်းရင်း အလှမှတ်တမ်းတင်ရတဲ့ အလုပ်ကို 'အိုးဖုတ်' တဲ့အလုပ်နဲ့ ချိန်ထိုးနှိုင်းယှဉ်ပြီး မိမိကိုယ်မိမိ မချင့်မရဲဖြစ်နေမိပါတယ်။ ရွှံ့စေးအကောင်းစားကို ရှာဖွေတူးဖော်ရ ၊ မြေမှုန့်နဲ့ ရွှံ့ကို သမအောင် ထုထောင်းကြိတ်နယ်ပြီး စေးပိုင်လာတဲ့အထိ (တစ်ညသိပ်– နှစ်ညသိပ်) သိုလှောင်ထားရ။ အိုးလုပ်တဲ့အခါ အထူအပါးညီအောင်လည်း လက်အချိန်အဆကို ဂရုစိုက်ရ။ အိုးဖုတ်တဲ့အခါ မီးပေး– မီးထိုးမှန်ကန်အောင်လည်း တစ်ရုံမလပ် စောင့်ကြပ်ကြည့်ရှုရနဲ့ လုပတဲ့ အိုးတစ်လုံးထွက်လာဖို့ဆိုတာ တစ်ရက်, နှစ်ရက်နဲ့ ပြီးမြောက်နိုင်တဲ့ ကိစ္စမဟုတ်ပါဘူး။

အခုတော့ မိမိလုပ်နေရတဲ့ အလုပ်ဟာ ကဗျာ ညော့်ခန်းများကို အပြေးအပြန်း ဖြတ်သန်းရင်း ရွှံ့စေးအကောင်းစားနဲ့တူတဲ့ (စိတ်ကြိုက်) ကဗျာကိုလည်း ရှာဖွေတူးဖော်ချိန်မရ။ ရလာတဲ့ ကဗျာကျပြန်တော့လည်း စေးပိုင်အားကောင်းလာအောင် တစ်ညသိပ် နှစ်ညသိပ် ကြိတ်နယ်သိုလှောင်ထားခွင့် (စိတ်အာရုံထဲမှာ အဖန်တလဲလဲ ရွတ်ဆိုမွှားများချိန်) မရ။ အလှမှတ်တမ်းတင်တဲ့အခါ လက်အချိန်အဆ ညီညွတ်မျှတအောင်နဲ့ အပူအအေး

www.burmeseclassic.com

မီးပေးမှန်အောင် ကြံစည်စိတ်ကူးချိန်လည်း မရှိ။ လစဉ်ထုတ်မဂ္ဂဇင်းတွေက လည်း ထွက်ရက်နောက်ကျ။ မိမိရဲ့ ဆောင်းပါးကို ပုံမှန်ဖော်ပြပေးနေတဲ့ 'သပြေ'ကလည်း ဖောင်ပိတ်ရက်စောသနဲ့။ 'အိမ်း... အိုးသည် အိုးကောင်းမှ သုံးရပါ့မလား' လို့ မိမိကိုယ်မိမိ မချင့်မရဲဖြစ်နေမိတာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကဗျာကို ချစ်ခင်လေးစားတတ်သူ တစ်ဦးအနေနဲ့ ကောင်းကင်နဲ့ မြေကြီးကို ရွေ့လျားစေနိုင်တဲ့ ကဗျာကိုရှာဖွေရင်း...၊ နတ်သိကြားများကို စိတ်ထိနိုက်စေနိုင်တယ်ဆိုတဲ့ ကဗျာအမျိုးအစားကို ခြေရာခံရင်း...၊ ယောကျ်ားနဲ့ မိန်းမတို့ရဲ့ နှလုံးသားကို တစ်ဦးနဲ့တစ်ဦး ပြောင်းရွှေ့တပ်ဆင်ပေးစွမ်းနိုင်တယ်ဆိုတဲ့ ကဗျာရဲ့ အစွမ်းကို မြည်းစမ်းရင်း...၊

၁၉၉၄ ခုနှစ်သစ်ရဲ့ ဇန်နဝါရီပြေးလမ်းပေါ်က ကဗျာစည့်ခန်းများကို အပြေးအဖြန်းဖြတ်သန်းခွင့် ရခဲ့ပါတယ်။

သင်္ကေတဝါဒကို ပဓာနပြုလွန်းတဲ့အတွက် အဓိပ္ပာယ်ဝေဝုစ်တွေနဲ့ ပွေရှုပ်ရေငုပ်နေကြတဲ့ ကဗျာအချို့ကို စည့်ခန်းထဲမှာတွေ့ခဲ့ရသလို...၊ သရုပ်ဖော်ဝါဒတွေကို ပဓာနပြုမှု လွန်ကဲတဲ့အတွက် ရိုးလွန်း၊ စင်းလွန်း၊ အပျင်းထူလွန်းအားကြီးတဲ့ ကဗျာတချို့ကိုလည်း စည့်ခန်းတချို့ထဲမှာ ရိုးတိုးရိပ်တိပ်တွေ့လိုက်ရပါတယ်။ ကဗျာဆရာရဲ့ ပုဂ္ဂလိက မွန်းကျပ်မှုတွေကို ဖွဲ့ဆိုတဲ့ကဗျာ။ အချိုးဓာတ်ကုန်ခမ်းနေတဲ့ ဝန်းကျင်လက်တစ်ကမ်းကို ကြည့်ပြီး ချူအင်းဂမ်းဝါးသလို (အရေမရ–အဖတ်မရ) စားမြုံ့ပြန်နေတဲ့ ကဗျာ...။

ခေတ်ပေါ် ဝေါဟာရ (စကားလုံး) တွေနဲ့ ဖဲသုံးချပ်ရိုက်ပြနေတဲ့ ကဗျာ...။ ဘယ်လိုကဗျာအမျိုးအစားပဲ ဖြစ်ဖြစ် အနာဂတ်အတွက် ကဗျာဓာတ်လေး ဖျတ်ခနဲပါရုံမျှနဲ့ တသသစွဲမက်တတ်တဲ့ အာလျဟာ မိမိရဲ့ ဝါဒပါပဲ။ **'အနာဂတ်အတွက် ကဗျာဓာတ်'** ရယ်လို့ အမှတ်မထင် ပြောမိတဲ့ကိစ္စဟာလည်း သိပ်ပြီး ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်လှပါဘူး။ ကနေ့ကာလမှာ မည်သည့်အနုပညာ ဝေဒမဆိုကြား ကာမတ္တ၊ မြင်ကာမတ္တ၊ တွေ့ကာမတ္တ၊ ထိကာငြိကာ မတ္တမျှ ကိုယ်ရေးကိုယ်တာထဲမှာ ကျဉ်းမြောင်းစွာ ကျုံ့ဝင်သွားတာတွေကို အရေအတွက်အားဖြင့် များပြားစွာတွေ့ရှိခံစားနေရလို့ပါပဲ။ ပုဂ္ဂလိက ခံစားမှုထဲမှာ ယေဘုယျ



တရား အမြွက်ကို ပြောက်တိပြောက်ကျား တွေ့လိုက်ရလျှင်ပဲ မိမိရင်ထဲမှာ ကျေနပ်ပီတိဖြစ်ခဲ့ရပါတယ်။ ပြီးပြည့်စုံမှု၊ အကြွင်းမဲ့ လိုတရမှု၊ ဘက်စုံအလျှံပယ် ကြွယ်ဝမှု၊ လုံးဝဝိမုတ္တိရသဖြစ်မှုဆိုတာမျိုးကတော့ အနုပညာ ရပ်တစ်ခုဖြစ်တဲ့ (ကဗျာ) မှာ မမျှော်လင့်ကောင်းသလို လူ့ဘဝမှာလည်း လောဘချင်ခြင်း မဖြစ်ကောင်းတဲ့ ကိစ္စမျိုး မဟုတ်လား။

သို့ကလို မိမိကိုယ်မိမိ ဖြိုးခြံတည်ဆောက်ရင်း ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလထုတ် ဟန်သစ်မဂ္ဂဇင်းထဲက ကဗျာစည့်ခန်းကို လှမ်းကြည့်တော့...၊ **'နေခက်'** ရဲ့ 'လက်ရှိဂီတ' ဆိုတဲ့ ကဗျာဟာ မိမိရဲ့ သင့်မြတ်စွာနှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) ဝါဒကို သဘာဝတစ်မျိုးနဲ့ ချိန်ထိုးဆန်းစစ်ကြည့်ဖို့ သတိပေးနေသလိုပါပဲ။ 'အကုန်ရချင်ရ မရရင် ဘာမှမလိုချင်ဘူး' ဆိုတဲ့ အဆိုတော် 'ခိုင်ထူး' ရဲ့ ခေတ်ပေါ်သီချင်းတစ်ပုဒ်နဲ့ အခုတင်ပြမယ့် 'နေခက်' ရဲ့ ကဗျာဟာ သံတူကြောင်းကွဲလို့ ထင်ရပေမယ့် ကဗျာရဲ့ ရုပ်ပုံတွေက တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်လှုပ်ရှားလာတဲ့ အတွက် ခံစားသူရဲ့ အသက်ရှူသံကို ပိုပြီး လျင်မြန်သွက်လက်လာစေပါတယ်။

**တကယ်တော့... ငါဟာ**  
**အတ္တစိတ်ကြီးလွန်းတဲ့**  
**ချစ်ခြင်းမေတ္တာရဲ့ ဝိညာဉ်တစ်ခုပါ...**  
**လူ့ဘဝခရီးမှာ**  
**ဒုက္ခကို အမည်အမျိုးမျိုးတပ်ပြီး**  
**ညည်းတွားခွင့်သာပိုင်ဆိုင်ခဲ့တယ်...**

'အတ္တ+ချစ်ခြင်းမေတ္တာ = လူ' လို့ ယေဘုယျအနက်ဖွင့်လို့ရတဲ့ မနုဿဗေဒသချင်္ချာကို အလကားတွေ၊ အဆင်တန်ဆာတွေမပါဘဲ သူ့ကိုယ်သူ အတ္တလွန်ကဲတဲ့ ချစ်ခြင်းမေတ္တာရဲ့ သက်ရှိရုပ်တုတစ်ခုအဖြစ် ကဗျာဆရာက ပါဒရေနည်းနည်းနဲ့ ကျစ်ကျစ်လျစ်လျစ် ပြောပြပါတယ်။ အဲဒီ သက်ရှိရုပ်တုလေးရဲ့ ရတောင့်ရခဲတဲ့ လူ့ဘဝခရီးမှာ ဘယ်အရာတွေ ပိုင်ဆိုင်ခဲ့ပါသလဲ။ ကဗျာဖတ်သူကို စဉ်းစားချိန်မပေးတော့ပါ။ အမည်အမျိုးမျိုး ပေးထားကဲ့ ဒုက္ခတွေ၊ ညည်းတွားမှုတွေကို ပိုင်ဆိုင်ခဲ့ပါတယ်ဆိုတာ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ရာ (သို့မဟုတ်) တစ်ဦးတစ်ယောက်ကို တိုင်ချက်ဖွင့်ပြနေသလိုပါပဲ။ ဘယ်သူ့ကိုပါလိမ့်။

**ယောဒီ ရင်ဘတ်ထဲမှာ**
**ငါစုဆောင်းသိမ်းဆည်းမိသမျှ**
**ညီမလေး၊ ညနေခင်းနဲ့**
**စံပယ်ပွင့်အချို့ရှိရဲ့...**

သူ့ရင်ဘတ်ထဲမှာ မြတ်မြတ်နိုးနိုး သိမ်းဆည်းခဲ့တဲ့ ပစ္စည်းတွေဟာ မိမိမတ်ကက်နဲ့ ရုပါမတ်ကက်ထဲက နိုင်ငံခြားဖြစ်ကိုမှ အထင်ကြီးကတ်သူတွေအတွက်တော့ နားခေါင်းရှုံ့ချင်စရာပါပဲ။ 'ညီမလေး' တဲ့၊ 'ညနေခင်း' တဲ့၊ 'စံပယ်ပွင့်' တဲ့။ သည်နေရာမှာ ကဗျာဆရာဟာ အင်မတန်မြန်မာဆန်တဲ့ သင်္ကေတရုပ်ပုံကလေးတွေကို လှပပြေပြစ်စွာ ခင်းကျင်းပြတာဟာ လေးစားစရာပါပဲ။ 'ညီမလေး' ဆိုတာ ဘယ်သူ့ကိုပြောတာလဲ၊ 'ညနေခင်း' ဆိုတာကကော ဘာကို ရည်ညွှန်းတာလဲ။ 'စံပယ်ပွင့်အချို့' ဆိုတာဟာ ရိုးသားသန့်ရှင်းမှုကို ထပ်တူပြုနိမိတ်ပုံလား။ ကဗျာခံစားသူဟာ အတွေးလက်တံကို ဆန့်ထုတ်ဖို့ အားယူလိုက်စဉ်မှာပဲ...၊

**ကိုယ်ပိုင်ဂုဏ်သိက္ခာတရား**
**အသက်ရှင်မှုရဲ့ အိပ်မက်တေးသံ**
**ဘာများအသုံးကျပါသလဲ**

ဆိုတဲ့ ကဗျာခံစားသူ မျှော်လင့်မထားတဲ့ အပိုဒ်ဟာ အရှိက်ကို တည့်တည့်အထိုးခံလိုက်ရသလို ခံစားခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ 'ညီမလေး' 'ညနေခင်း' နဲ့ 'စံပယ်ပွင့်အချို့' ဟာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ဂုဏ်သိက္ခာတရားနဲ့ အသက်ရှင်မှုတစ်ခုကို ထပ်တူပြုထားတဲ့ သင်္ကေတရုပ်ပုံကလေးတွေ ဖြစ်နေကြလို့ပါပဲ။

**ငါလက်ဆောင်ရခဲ့တဲ့**
**သစ္စာသွေးသားနဲ့ လုပ်ထားတဲ့**
**အနမ်းတွေကကော**
**ဘာများအသုံးကျပါသလဲ**
**ငါ့မနေ့က စိတ်ကူးတွေ**
**ငါ့မနက်ဖြန် ခြေထောက်တွေ**



**ငါ့အတောင်ပံတွေ**
**ငါ့လက်ဖဝါးရည်စွက်တွေ**
**ဒါတွေဟာ**
**အသည်းကွဲယဉ်ကျေးမှုသက်သက်ပဲလား**
**ဘာများ အသုံးကျပါသလဲ...**

ကိုင်ပိုင် ဂုဏ်သိက္ခာတရားနဲ့ အသက်ရှင်နေထိုင်မှုတွေ၊ (သူ) လက်ဆောင်ရခဲ့တဲ့ နှလုံးသားရဲ့ ခံစားမှုမပါတဲ့(သစ္စာသွေးသား)အနမ်းတွေ...၊ အတိတ်က စိတ်ကူး စိတ်သန်းတွေ၊ အနာဂတ်ကို သွားမယ့် ယုံကြည်မှုခြေလှမ်းတွေ...၊ စွမ်းအားတွေ...၊ ဘဝကို အချိုဓာတ်ပျော်ဝင်စေခဲ့တဲ့ မိတ်ဆွေရောင်းရင်းတွေ...၊ အခုတော့ 'ဘာများအသုံးကျပါသလဲ ?' 'ဘာများ အသုံးကျပါသလဲ ?' 'ဘာများ အသုံးကျပါသလဲ ?' လို့ တဖွဖွရေရွတ်ပြနေတာဟာ တစ်ဦးတစ်ယောက်ကို စွဲချက်တင်နေသလိုလို၊ တိုင်ချက်ဖွင့်ဆိုနေသလိုလိုပါပဲ။ ဘယ်သူ့ကို ရည်ရွယ်ပြီး ရင်ဖွင့်ပြနေတာရယ်လို့ ဘာ့အတိအကျမသိရသေးပါဘူး။ မိမိအနေနဲ့တော့ သိလိုစိတ်တွေ ကြ... ခံတ်တွေနဲ့ ရင်တထိတ်ထိတ် ခုန်နေမိပါတယ်။ ကဗျာဆရာ ခံစားနေရတဲ့ 'အသည်းကွဲ ယဉ်ကျေးမှု' ကိစ္စကို သုတေသနပြုဖို့ ကဗျာရဲ့ နောက်တစ်ပိုဒ်ကို ဆက်ဖတ်လိုက်တော့

**အရာအားလုံးကို ထောင်ချောက်ဆင်လို့ရတယ်**
**ကံကြမ္မာကို**
**ထောင်ချောက်ဆင်လို့မရဘူး**

ဆိုတဲ့ အသံဟာ စာရေးသူရဲ့ရင်ထဲ၊ နားထဲမှာ ပဲ့တင်ထန်သွားပါတယ်။ မိမိကို လက်ညှိုးထိုးပြီး ပြောနေတာလား။ တစ်ဦးတစ်ယောက်ကို စွဲချက်တင်နေတာလားလို့ အလန့်တကြား ဖြစ်သွားရင်း ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်မိလိုက်ပါတယ်။ ကဗျာဖတ်နေတဲ့ မိမိကိုယ်တိုင်မှတစ်ပါး အခြား ဘယ်လူသားကိုမှ မတွေ့မိပါဘူး။ နောက်တစ်ကြောင်းက မိမိဟာ ထိုထိုအမှုပြုပြုသမျှ ကံကိစ္စနဲ့ 'သဗ္ဗေသတ္တာ၊ ကိုယ့်ကြမ္မာသာ၊ ကိုယ်မှာပြုပြင်' ဆိုတဲ့ တရားကို ယုံကြည်လက်ခံထားတဲ့ ကမ္မဝါဒီတစ်ဦးဖြစ်တယ်။ ဒါဖြင့်ရင် ကံကြမ္မာကို ထောင်ချောက်ဆင်ပြီး စီရင်ဖန်တီးနေသူဟာ ဘယ်သူလဲ။ ကဗျာဆရာက ဘယ်သူ့ရှေ့မှောက်မှာ လျှောက်လဲချက်

www.burmeseclassic.com

ဆွဲပေးနေတာလဲ။ ဟောဒီ ကဗျာရဲ့ နောက်ဆုံးအပိုဒ်ဟာ ကဗျာခံစားသူ (မိမိ)ရဲ့ မသိမှု၊ ဒွိဟစိတ်ဖြစ်မှု၊ ထွေပြားဝေဝါးမှုတွေကို အခုလို ရှင်းလင်းဖွင့်ဆိုပြသွားခဲ့ပါတယ်။

**'လူသားဖခင်ကြီးခင်ဗျား**

**လူတစ်ယောက်ဟာ**

**နောက်ထပ်**

**ဘာတစ်ခုမှ မလိုချင်တော့ပါဘူးဆိုရင်**

**အရာအားလုံး ပြည့်စုံခွင့်ရှိသင့်ပါတယ်'** တဲ့။

ကဗျာဆရာဘက်က အသည်းကွဲ ယဥ်ကျေးမှုဖြစ်သွားတဲ့၊ အသုံးချလို့မရတော့တဲ့ (**ညီမလေး၊ ညနေခင်း၊ စံပယ်ပွင့်၊ သိင်္ဂါတရား၊ အိပ်မက်၊ မနက်ဖြန့်ခြေထောက်၊ မနေ့ကစိတ်ကူး၊ ကြည်နူးမှုယ်လက်ဖက်ရည်စကားဝိုင်း**) တွေဟာ ကံကြမ္မာကြောင့်လား၊ တစ်စုံတစ်ရာကြောင့်လားတော့ မသိ။ ဘာမှ အသုံးကျမှုမရှိတော့ပါဘူးတဲ့။ 'ဘာတစ်ခုမျှ လိုချင်ဆန္ဒမရှိတော့တဲ့ လူမှာ အရာအားလုံး ပြည့်စုံခွင့်ရှိသင့်တယ်' ဆိုတဲ့ တောင်းဆိုမှု (သို့မဟုတ်) ခံစားမှုရဲ့နောက်ကွယ်မှာ ကဗျာခံစားသူ (မိမိ) အတွက် အတွေးပွင့် အတွေးစက်တွေ ပြိုးပြိုးပြက်ပြက် ပြန့်ကျဲပြီး ကျန်ရစ်ခဲ့ပါတယ်။ အနာဂတ်အတွက် ကဗျာခေတ်တစ်ကွက်ကိုလည်း ဖျတ်ခနဲ တွေ့လိုက်မိပါတယ်။ 'အကုန်ရချင်ရ မရရင် ဘာမှ မလိုချင်ဘူး' ဆိုတဲ့ ခေတ်ပေါ်သီချင်းတစ်ပုဒ်နဲ့မတူ ခြားနားနေတာကြောင့်လည်း မိမိအတွက် ပိုပြီးစဉ်းစားဆင်ခြင်စရာ ဖြစ်နေပါတော့တယ်။ ကဗျာဆရာ ဦးတည်ပြီး ပြောပြနေတဲ့ '**လူသားဖခင်ကြီးခင်ဗျား**' ဆိုတာကိုတော့ ဗြဟ္မာကြီးလေးဦးလား။ အာဒံလား။ ဒါဝင်ရဲ့ အယူအဆအရ လူရဲ့ မူလအစဖြစ်ခဲ့သူ (အိုရန်အုတန်နဲ့ ချင်ပန်ဇီ) မျောက်ဝံတွေလားလို့ စဉ်းစားနေချိန်မရတော့ပါဘူး။ ကောင်းကင်နဲ့ မြေကြီးကို အလွယ်ကလေး ရွှေ့လျားနိုင်စေတဲ့ကဗျာ။ ယောက်ျားနဲ့ မိန်းမတို့ရဲ့ နှလုံးသားကို တစ်ဦးထံမှ တစ်ဦးထံသို့ ပြောင်းရွှေ့ပေးနိုင်စွမ်းတဲ့ ကဗျာရဲ့ အာနိသင်နဲ့ အနာဂတ်အတွက် ကဗျာခေတ်တစ်ကွက်ကိုသာ ကဗျာစည်ခန်းတွေထဲမှာ အငမ်းမရရှာဖွေနေမိပါတော့တယ်။



တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလထုတ် 'ရွှေဝတ်မှုန်မဂ္ဂဇင်း' မှာ ကဗျာဆရာ ညိုမြသွေးရဲ့ '**မျှော်စင်**' ဆိုတဲ့ ကဗျာတစ်ပုဒ်နဲ့ ရုတ်တရက်နှုတ်ဆက်ခွင့်ရခဲ့ပါတယ်။ (တိုက်တိုက်ဆိုင်ဆိုင်)လို့ ပြောရတာက အကြောင်းရှိပါတယ်။ 'နေခက်' ရဲ့ 'လက်ရှိဂီတ' ဆိုတဲ့ ကဗျာထဲမှာ အသည်းကွဲယဉ်ကျေးမှုတွေကြောင့် နောက်ထပ်ဘာတစ်ခုမှ မလိုချင်တော့တဲ့ လူကို '**ညိုမြသွေး**' ရဲ့ '**မျှော်စင်**' ကဗျာထဲမှာ သွားတွေ့လိုက်ရပါတယ်။

'ညိုမြသွေး' ကတော့ 'နေခက်' လို 'လူသားဖခင်ကြီး' ကို တိုင်တည်ပြီး ပြောပြနေတာမျိုး မဟုတ်ဘူး။ သူချစ်သူကို ညင်းညင်းပျောင်းပျောင်း ပျောင်းပျောင်းဖျဖျပြောပြနေတဲ့ လေသံမျိုးပါ။ အာရုံစိုက်ပြီးနားစွင့်နိုင်မှသာ ကဗျာဆရာရဲ့ 'မျှော်စင်'ကို မြင်နိုင်ထင်နိုင်မယ့် ကဗျာမျိုးပါ။ ကြည့်လေ...၊

**အချစ်ရေ...**

**ပြင်သစ်ပြည်မှာ**

**အီဖယ်မျှော်စင်ဆိုတာ**

**ကမ္ဘာကျော်သတဲ့။**

**မျှော်လင့်ချက်တွေ ကင်းစင်တဲ့**

**ငါတို့ရဲ့ဘဝဟာလည်း**

**ကမ္ဘာမကျော်တဲ့**

**မျှော်စင်တစ်ခုပေါ့ကွယ်...**

လူသားရဲ့ မျှော်လင့်ချက် လည်တံရှည်မှုကို ကမ္ဘာကျော် အီဖယ်မျှော်စင်ကြီးနဲ့ သင်္ကေတပြုလိုက်တာဟာ ဥရောပဆန်ပေမယ့် ကဗျာဖတ်သူတိုင်း သိသာမြင်သာလွယ်တဲ့ ရုပ်ပုံတစ်ခုပါပဲ။ ဒါပေမယ့် သူတို့ရဲ့ မျှော်လင့်ချက် လည်တံရှည်ခွင့်မရရှာတဲ့ ဘဝကတော့ ကမ္ဘာမကျော်တဲ့ မျှော်စင်တစ်ခုပါပဲ။ မျှော်လင့်ချက်လည်တိုင် ပြတ်နေရှာတဲ့ ဘဝတချို့အကြောင်း စဉ်းစားမိတိုင်း '**ချွင်းမင်း အမြီးမျှော်သလို စရိုးတော်နီးရက်နဲ့ ဆေး**' ဆိုတဲ့ ရှေးဟောင်းစာတစ်စကို မဆီမဆိုင် သတိရနေမိတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

**'မင်းအတွက်**
**ငါ့ဘက်က**
**ဆောင်ရွက်အပေးနိုင်ဆုံးကိစ္စကတော့**
**ဆေးလိပ်ကို ဖြတ်ပစ်လိုက်ဖို့ပါပဲ'** တဲ့

ဘဝမှာ အပေါ်ယံစွဲလမ်းမှုတွေကိုတော့ ဥပေက္ခာပြုနိုင်တယ်၊ လမ်းခွဲဖြတ်တောက်ပစ်နိုင်တယ်လို့ (ဥပမာ ကွမ်း၊ ဆေး၊ အရက်ဖြတ်ပစ်တာမျိုးပေါ့လေ) ကဗျာဆရာက ချစ်သူကို ကတိပေးပါတယ်။ သို့ကလို ချစ်သူကို ကတိပေးရင်း သူ့ချစ်သူထံမှလည်း ကတိတစ်ခု တောင်းနိုင်ပါတယ်။ အဲဒီတောင်းဆိုမှုကတော့

**'ဒီဘဝနဲ့ မညီမျှတဲ့**
**ငါ့ဦးနှောက်ခေါက်ရိုးကျိုးအောင်**
**မင်းလည်း မီးပူမထိုးနဲ့နော်'**

မီးပူထိုးတယ်ဆိုတဲ့ ကိစ္စဟာ အရာဝတ္ထုတစ်ခုကို ခေါက်ရိုးကျိုးသွားစေပါတယ်။ ကဗျာဆရာဟာ ယာယီကိစ္စ၊ ရေတိုကိစ္စ၊ အပေါ်ယံစွဲလမ်းမှုကိစ္စမျိုးတွေကိုသာ ခေါက်ရိုးအကျိုးခံနိုင်ပေမယ့် ဥပေက္ခာပြုနိုင်ရက်ပေမယ့် သူ့အတွေးအခေါ်ပိုင်းဆိုင်ရာ (ဦးနှောက်) ကိုတော့ ပုံမကျခေါက်ရိုးကျိုးဖြစ်သွားအောင် ဘယ်သူမီးပူထိုးတာကိုမှ ခံနိုင်တဲ့ လူစားမျိုးမဟုတ်ပါဘူး။ ဒါကြောင့် သူ့ချစ်သူကိုလည်း သူ့ဦးနှောက်ကို မီးပူမထိုးဖို့ တိုးတိုး ညင်းညင်းလေး ကတိတောင်းနေရတာပေါ့။ ကမ္ဘာမကျော်တဲ့ မျှော်စင်လိုမျှော်လင့်ချက်လည်းတဲ ဆန့်ထုတ်ခွင့်မရတဲ့အခါ ပင့်သက်ရှူရှိုက်ပြီး မောဟိုက်မွန်းကျပ်နေတဲ့အခါ...

**'ဘာမှ**
**တို့ပြန်မရမယ့်အတူတူ**
**အညွန့်အစက်လူစ**
**အိမ်ရှေ့က သပြေပင်လေး**
**ရေမှန်မှန်လောင်းပေးကြစို့ရဲ့'** ဆိုပြီး

သူ့ချစ်သူကို အားမွေးဖို့ အားပေးလိုက်တဲ့ အသံလေးဟာ နူးညံ့တဲ့၊ ပြည့်တန်ဆာကားတစ်ခွန်းပါပဲ။ သည်နေရာမှာ ကဗျာခံစားသူ(မိမိ)ဟာ အနာဂတ်အတွက် ကဗျာတာတ်တစ်ကွက်ကို လျှပ်တစ်ပြက်တွေ့ရှိ ခံစားလိုက်ရပါ



တယ်။ စောစောတုန်းက တင်ပြခဲ့တဲ့ ကဗျာဆရာ **'နေခက်'** ရဲ့ လက်ရှိဂီတကဗျာထဲက...

**'နောက်ထပ်**
**ဘာတစ်ခုမှ မလိုချင်တော့ပါဘူးဆိုရင်**
**အရာအားလုံး ပြည့်စုံခွင့်ရှိသင့်ပါတယ်'**

လို့ ဆိုခဲ့တဲ့ လူဟာ
အခု ကဗျာဆရာ 'ညိုမြသွေး' ရဲ့ 'မျှော်စင်' ကဗျာထဲမှာ...

**'ဘာမှ...**
**တို့ ပြန်မရမယ့်အတူတူ**
**အညွန့်အစက် လူစ**
**အိမ်ရှေ့က သပြေပင်လေးကို**
**ရေမှန်မှန်လောင်းပေးကြစို့ရဲ့...'**

လို့ အားမွေးနေပုံမျိုး တွေ့လိုက်ရသလိုပါပဲ။

သပြေပင်ဆိုတာ အေးချမ်းတဲ့ အတိတ်၊ ဘေးမသန်းတဲ့ အတိတ်ကို နိမိတ်ပုံဆောင်ပါတယ်။ **'အညွန့်အစက်လူစ၊ အိမ်ရှေ့က သပြေပင်လေး'**... ဆိုတော့ကာ အေးအေးချမ်းချမ်း၊ ဘေးရန်ကင်းရှင်းစွာနဲ့ ဆော့ကစားနေကြတဲ့ ရင်သွေးငယ်လေးတွေကို ပြေးပြီးမြင်ယောင်မိပါတယ်။ **'အညွန့်အစက်လူစ'**... ဆိုတဲ့ နာမဝိသေသနဟာ (အနာဂတ်) ကို ရည်ညွှန်းလေသလားလို့ ခံစားမိပါတယ်။

အနာဂတ်ရဲ့ သပြေညွှန့် သပြေခက်လေးတွေအတွက် ရေမှန်မှန်လောင်းပြီး ပေါင်းသင် ပိုးသတ်ပေးတဲ့အလုပ်ဟာ အနာဂတ်ကို ချစ်မြတ်နိုးသူလူသားအားလုံးအတွက် မြင့်မြတ်တဲ့ အလုပ်ဖြစ်တယ်။ မျှော်လင့်ချက်တွေ ဘာတစ်ခုမှ ပြန်မရမယ့်အတူတူ အညွှန့်အခက် တလူလူထွက်လာမယ့် မနက်ဖြန်အတွက် အသက်ဆက်ပေးတာ၊ ရေမှန်မှန်လောင်းပေးတာဟာ ကိစ္စကောင်းတစ်ခုဖြစ်တယ်။

ဆေးလိပ်ကို ဥပေက္ခာပြုနိုင်ပေမယ့် အိမ်ရှေ့က သပြေပင်လေးကို ဥပေက္ခာမပြုရက်တဲ့ ကဗျာဆရာ့ စိတ်ဓာတ်ဟာ ကဗျာဖတ်သူရဲ့ ရင်ထဲကို ဖျတ်ခနဲ ကူးဆက်ရှင်သန်လာစေတဲ့အတွက် အားသစ်မာန်သစ်တွေ တက်လာသလို ခံစားလိုက်ရပါတယ်။

www.burmeseclassic.com

ပြင်သစ်ပြည်မှာ ကမ္ဘာကျော်တဲ့ အီဖယ်မျှော်စင်ကြီး ရှိခြင်း၊ မရှိခြင်းဆိုတဲ့ ကိစ္စဟာ ကဗျာခံစားသူနဲ့ အလှမ်းဝေးခဲ့လို့ ဘယ်သူ့ကိုမှ ကျေးဇူးတင်စရာ မမြင်ပါဘူး။

ဒါပေမယ့် ကဗျာဖတ်သူရဲ့ ရင်ထဲမှာ အနာဂတ်မျှော်စင်တစ်ခု ဖြစ်ထွန်းလာအောင် ရေလောင်း၊ ပေါင်းသင်ပေးသွားတဲ့ ကဗျာဆရာ 'ညိုမြသွေး' ကိုတော့ ကျေးဇူးကမ္ဘာတင်ရမှာပါပဲ။

သည်နေရာမှာ အလျဉ်းသင့်လို့ ကဗျာကောင်းတစ်ပုဒ်ရဲ့ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ သွေးကြော၊ အုမအုသိမ်၊ အစာအိမ်စတဲ့ ကဗျာဗေဒကို တစ်စစီ၊ တစ်ခုစီ အနုလုံ ပဋိလုံ ရှုကြည့်နေမိပါတယ်။ ခေတ်ပေါ်ကဗျာတစ်ပုဒ်မှာ ခေတ်ပေါ် ရုပ်ဝတ္ထုပစ္စည်းတွေ၊ ခေတ်ပေါ်အသံဗလတွေ၊ ခေတ်ဆန်တဲ့ နိမိတ်ပုံတွေ၊ ခေတ်မီတဲ့ အာရုံကျက်စားမှုတွေနဲ့ အကွက်သဘောဆောင်နေရမယ်လို့ ညွှန်းတဲ့သူကလည်း ညွှန်းရဲ့။ သမားရိုးကျ ဝါဒအတိုင်း တွေးပြီး၊ ကာရန်နဘောလေးနဲ့ဖွဲ့ကာ၊ လေးလုံးတစ်ပါဒနဲ့ သွဲ့ကာ၊ သံချိုဟန်လေးနဲ့ နွဲ့တာဟာ ကဗျာမဟုတ်ဘူး၊ ကာရန်မဲ့နေပေမယ့်လည်း ရွတ်လို့ဆိုလို့ကောင်းရင်၊ စကားပြေဟန် (ရစ်သမ်) မိနေရင်၊ ကဗျာကောင်းတစ်ပုဒ်ဖြစ်နိုင်တယ်လို့ တွန်းတဲ့လူကလည်းတွန်းရဲ့...။

ကဗျာဟာ ကဗျာနဲ့တူတဲ့ အလုပ်ကို လုပ်နေသမျှကာလပတ်လုံး ကာရန်မဲ့သလားလို့ စဉ်းစားနေစရာမလိုဘူး။ အာရုံခံစားမှုကို ဦးစားပေးအားထုတ်ရင် ကဗျာတစ်ပုဒ်ဖြစ်မယ်လို့ (လင်းနို့လိုလို ကြွက်လိုလို) ဆိုတဲ့ သူကလည်းဆိုရဲ့။

ကာရန်ပါပါ–မပါပါ ကဗျာဟာ ကဗျာဖြစ်တယ်။ ကိုယ့်ခံစားမှုကို တစ်ဖက်သားရင်ထဲပို့ပေးနိုင်စွမ်းရှိတဲ့လူကို ကဗျာဆရာလို့ ခေါ်တယ်လို့ ကြက်ဆူပင်စိုက်တဲ့လူကလည်း စိုက်လေရဲ့...။

မြန်မာမှုနယ်ပယ်မှာ ကဗျာဆိုတာ ကာရန်စနစ်ပါတဲ့အရာဖြစ်တယ်။ ဒါကြောင့် မြန်မာလူထုက ကာရန်ပါတဲ့ စာကို ကဗျာလို့ခေါ်ကြတယ်လို့ သဘောညှိတဲ့လူကလည်း ညှိလေရဲ့။

မိမိရဲ့ ကဗျာဉာဏ် တစ်ထွာ–တစ်မိုက်မျှကို တင်ပြခွင့်ရမယ်ဆိုရင်တော့...၊



ကဗျာကောင်းတစ်ပုဒ်ဆိုတာ ပုံသဏ္ဍာန်ကို လွတ်လပ်စွာ တီထွင်နိုင်ပါမှ။ ဖရးချင်တဲ့အကြောင်းအရာကိုလည်း ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ဖန်တီးနိုင်ပါမှ။

ကဗျာဆရာရဲ့ စိတ်ကူးဉာဏ်ဟာလည်း အနှောင်အဖွဲ့ကင်းစွာ ကျက်စားနိုင်ပါမှ။

ကဗျာရဲ့အတွေး၊ ကဗျာရေးသူရဲ့ လောကအမြင်နဲ့ ကဗျာဖတ်ရှုခံစားသူရဲ့ နေရာဟာ ဆက်ထုံးမပေးဘဲ သုံးနားညီ တြိဂံတစ်ခုဖြစ်နေပါမှ ကဗျာကောင်းတစ်ပုဒ်မွေးဖွားလာနိုင်လိမ့်မယ်လို့ ယေဘုယျလက်ခံယုံကြည်မိတာပါပဲ။

ကဗျာတစ်ပုဒ်ရဲ့ ပြီးပြည့်စုံမှု၊ ကဗျာတစ်ပုဒ်ရဲ့ ဘက်စုံကြွယ်ဝမှု၊ ကဗျာတစ်ပုဒ်ရဲ့ အကြွင်းမဲ့ ဝိမုတ္တိဖြစ်မှုမျိုးကိုတော့ အခုလို ရန်းကန်ကြိုးစားပြေးလွှားတည်ဆောက်နေကြရတဲ့ ဘဝမှာ မျှော်လင့်လို့ မဖြစ်သေးပါဘူး။ ပုဂ္ဂလိက ခံစားမှုထဲမှာ ယေဘုယျတရားတစ်ကွက်ကို လက်ခနဲ မြင်ခွင့်ရလျှင်ပဲ ပီတိစိတ်ဝမ်း ချမ်းမြေ့လှပါပြီ။

သို့ကလို အမြင်မျိုးနဲ့ ကဗျာဧည့်ခန်းများကို ဖြတ်သန်းကြည့်တဲ့အခါ...၊

ကောင်းကင်နဲ့ မြေကြီးကို အလွယ်ကလေးနဲ့ ရွှေ့လျားနိုင်စေတဲ့ ကဗျာ၊ နတ်သိကြားများကို စိတ်ထိခိုက်စေနိုင်တဲ့ ကဗျာ၊

ယောကျ်ား–မိန်းမတို့ရဲ့ နှလုံးသားကို တစ်ဦးနဲ့တစ်ဦး ပြောင်းရွှေ့ပေးနိုင်တဲ့ ကဗျာ...၊

အဲဒီလို ကဗျာအမျိုးအစားနဲ့တော့ တွေ့ခွင့်မသာသေးပါဘူး။ အခြေအနေ၊ အချိန်အခါနဲ့ ဥတုသပ္ပါယ မညီမျှသေးတဲ့အတွက် တွေ့ဆုံခွင့်မရသေးတာကို 'ညှိနိုင်ကြရန်ကော' လို့ ပညာတတ်ကြိမ်လုံးနဲ့ တအုန်းအုန်းရိုက်ပြီး ဆုံးမလို့လဲ မဖြစ်ပါဘူး။

ကဗျာရဲ့ အသက်ဓာတ်ကို မြတ်နိုးလေးစား တန်ဖိုးထားတယ်ဆိုရင်တော့...၊

ခံစားသူဘက်ကလည်း မြင်အောင်ကြည့်...၊

ဖန်တီးသူဘက်ကလည်း သိမှရေး...၊

အနီးအဝေး၊ အနိမ့်အမြင့် ကိစ္စကို အခွင့်သင့်တိုင်း ညှိနှိုင်း...၊ မိမိ



www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ ဖော်ပြပါ အချက် (၃) ချက်ကို အလျဉ်းသင့်သလို ကြံဆအားထုတ် ကြည့်ပါတယ်။

သို့ကလို ကြံဆအားထုတ်မှုနဲ့ ယခုလအတွက် ရည်ညွှန်းလိုတဲ့ ကဗျာများကတော့...

| | | | |
|---|---|---|---|
| ၁။ | အလင်းရောင်ဝင်လမ်း | ... (ခင်းသိုက်မှုန်) | ရွှေဝတ်မှုန်မဂ္ဂဇင်း |
| ၂။ | သော့ | ... (မောင်ကြည်သာ-ထောင်တွင်း) | ဟန်သစ်မဂ္ဂဇင်း |
| ၃။ | ထာဝရသင် | ... (ခင်ဝင်းသစ်) | ကလျာမဂ္ဂဇင်း |
| ၄။ | အချစ်စိမ်း | ... (မြမြင့်မိုရ်) | နှင်းခြယ်မဂ္ဂဇင်း |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

'ရသနှင့် ပြည့်စုံလာစေရန် အဆင့် ၃ ဆင့်တို့ ဖြတ်ကျော်ရသည်။ ထိုအဆင့် ၃ ဆင့်အနက် ပထမအဆင့်မှာ သဘာဝကျမှု၊ ဒုတိယအဆင့်မှာ လောကကို ကိုယ်စားပြုမှု ...။

.... .... .... .... ....

တဗျာပတ်သူ မိမိနှင့် တသားတည်းဖြစ်သွားနိုင်မှုသည် ရသစာပေတွင် တတိယအဆင့်ဖြစ်သည်။

ဦးရွှေအောင်

မဟာဝိဇ္ဇာ(သဿုရ)

'ရသစာပေ၏ ရသ' မှ



## ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၄)

သပြေတောမဂ္ဂဇင်းမှာ ရေးဖြစ်နေတဲ့ ကဗျာခံစားမှုဆောင်းပါး (ဧည့်ခန်းများ) အတွက် ကျေးဇူးစကား၊ ပီတိစကားများကို လှိုက်လှိုက်လှဲလှဲ ခံစားနှားဆင်ခဲ့ရပါတယ်။ ဝမ်းမြောက်စရာပါပဲ။ လျှပ်တစ်ပြက်ကြားလိုက်ရတဲ့ ပီတိဝါကျများအတွက် အားတက်မိပေမယ့် မုဒိတာခံစားမှုကို တစ်ဖက်သားရင်ထဲ ညင်ညင်သာသာ ရောက်သွားအောင် ပို့ဆောင်ဆက်သွယ်ပေးရတဲ့အလုပ်ဟာ ထွေးထွေးရှုပ်ရှုပ် လှုပ်လှုပ်ခတ်ခတ်မဖြစ်မိဖို့ သတိကြီးစွာ ထားရပါတယ်။

နောက်တစ်ကြောင်းက မိမိသဘောကျတဲ့ ကဗျာတိုင်းကို ဘာကြောင့် သဘောကျပါတယ်လို့ ပြောရ၊ ရေးရတဲ့ အလုပ်ဟာ မိမိရဲ့ ပုဂ္ဂလအမြင်ကို ရှေ့တန်းတင်ရုံနဲ့လည်း ပြည့်စုံလုံလောက်မှုမဖြစ်နိုင်ပါဘူး။ သက်သေအထောက်အထား နိုင်လုံမှုမရနိုင်ပါဘူး။

သို့ကလို တာဝန်ကြီးတဲ့အလုပ်ကို ဘာကြောင့်များ အပင်ပန်းခံပြီး လုပ်နေရသလဲလို့ မေးလာရင်တော့ 'ကဗျာကောင်းလေးတွေကို ဂုဏ်ပြုချင်လို့ပါ' လို့ လို-တို-ရှင်း ဖြေရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေနဲ့ လက်တို့ပြီး ပေျှာ်ခံစားစေချင်တဲ့ ကဗျာလေး အဲဒီဟာ ကဗျာဖတ်သူများနဲ့ တစ်သားတည်း၊ တစ်ထပ်တည်းကျဖို့ဆိုတာ တော့ အကြွင်းမဲ့မျှော်လင့်လို့ မဖြစ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရေးဖွဲ့သူရဲ့ ခံစားမှုရင်ငွေ့၊ ဖတ်သူရဲ့ ဘဝအတွေ့အကြုံ၊ ကြားခံညွှန်းဆိုတင်ပြသူရဲ့ ရေခံမြေခံဟာ သုံးနားညီကြိုးတစ်ချပ်ဖြစ်ဖို့ဆိုတာ စိတ်ကူးယဉ်ကောင်းတဲ့အရာ မဟုတ်ပါဘူး။ မြင်အောင်ကြည့်နိုင်မှ၊ သိအောင် တွေးနိုင်မှ၊ မဝေးအောင်ညှိနိုင်မှ တန်ကာကျမယ့် ကိစ္စမျိုးမဟုတ်လား။

အထူးသဖြင့် လူငယ်တွေရဲ့ ကဗျာကို မြင်အောင်ကြည့်ရတာ၊ သိအောင်တွေးရတာ၊ ဝေးမသွားအောင် ပြေးလွှားပြီး ညှိနိုင်းရတာဟာ မောတော့မောတာပေါ့။ ဒါပေမယ့် ပျော်စရာကောင်းပါတယ်။ နာမည်ရပြီးတဲ့ ကဗျာဆရာတွေ၊ နတ်နေကိုင်းမှာ သွားအတိုင်းထားရမယ့် ကဗျာဆရာ(ကြီး)တွေရဲ့ ကဗျာတွေကိုတော့ ကြိုက်ပေမယ့် ခံစားရပေမယ့် မိမိအနေနဲ့ ညွှန်းဖို့၊ လွမ်းဖို့၊ ရွှေဖလားကို ငွေနားကွပ်ဖို့ လိုမယ်မထင်တော့ပါဘူး။

ဒါကြောင့် 'ဒီတစ်ပတ် ဘယ်သူ့ရေးမလဲ' လို့ စာပေမိတ်ဆွေတစ်ယောက်က မေးလာတော့။

'အသစ်ထဲကတော့ မတွေ့သေးဘူး၊ တွေ့ထားတဲ့ ဆရာစွမ်းနဲ့ ဆရာတာရာကိုလဲ မရေးချင်ဘူးဗျာ' လို့ ဖြေခဲ့မိပါတယ်။

'ဒီလိုတော့ ခံစားမှုကို ချုပ်တည်းမထားသင့်ဘူးဗျ၊ ကဗျာဖတ်သူပရိသတ်ကို တကယ်နားလည်ခံစားစေချင်ရင် နာမည်သစ်ချင်သစ်၊ ဟောင်းချင်ဟောင်း ကဗျာကောင်းလေးတွေနဲ့ တွေ့ဆုံပေးသင့်ပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ၊ နာမည်ကြီးတွေရဲ့ ကဗျာမို့ ရှင်ဘုရင့်ပုဆိုး ပိုးချည်းပဲလို့ ဖြီးဖြန်းပြောတာမျိုးမဟုတ်ဘဲ လူကြီးတွေရဲ့ နည်းနာကို လူငယ်ကဗျာဆရာတွေ သတိပြုမိအောင်၊ ကဗျာဖတ်သူတွေ ပိုပြီး တန်ဖိုးထားလာအောင်တော့ သတိရှိရှိနဲ့ တာဝန်ယူရမှာပဲ။ ညှို့ခန်းဆောင်တွေကို ဖြတ်သန်းလာမှတော့ မှတ်တမ်းတင်သင့်တဲ့ ကဗျာတွေကို ဘယ်လိုအကြောင်းပြချက်နဲ့မှ မျက်နှာမလွှဲသင့်ဘူးလို့ ထင်တယ်ဗျာ'...

ထိုစာပေရေးဘော်ရဲ့ ရှည်ရှည်ဝေးဝေး ဆွေးနွေးချက်ကို လေးလေးနက်နက် စဉ်းစားရင်း သည်တစ်ပတ်တော့ ဆရာမောင်စွမ်းရည်ဘက်ကို မျက်နှာလှည့်မိပါတယ်။



ပေဖော်ဝါရီလထုတ်၊ ရွှေသမင် မဂ္ဂဇင်းမှာပါတဲ့ **'နေ့တစ်ညနဲ့ ကြမ်းပိုးမတစ်ကောင်'** ဆိုတဲ့ ကဗျာဟာ ကဗျာဖတ်သူများ အတန်အသင့် မေ့လျော့စပြုနေတဲ့ ဆရာမောင်စွမ်းရည်ကို ဖြန်းခနဲ ဝုန်းခနဲ သတိရစေနိုင်လောက်တဲ့ ကဗျာတစ်ပုဒ်ပါပဲ။ မိမိအပါအဝင် ကဗျာခံစားသူများဟာ ခေတ်ပြိုင်ခံစားမှုအားကောင်းတဲ့၊ အရှင်ဓာတ်ကို အစဉ်မပြတ်မော်ဆောင်လေ့ရှိတဲ့ ဆရာစွမ်းရဲ့ ကဗျာလေးတွေနဲ့ ကင်းကွာနေခဲ့ကြတာ ကာလအတန်ကြာခဲ့ပြီ။ တွေ့ရပြန်တော့လဲ ကိုယ့်စံချိန်ကိုယ်ပြန်မချိုးနိုင်တဲ့ တာဝေးအပြေးသမားတစ်ယောက်လိုပါပဲ၊ လျော့ရဲလျော့ရဲ။ အခု ကဗျာမှာတော့ သက်လုံကောင်းကောင်း၊ မောင်းအားသန်သန်နဲ့ ဆရာစွမ်းရဲ့ နဂိုမူလဟန်ကို ပြန်တွေ့လိုက်ရပါတယ်။ နဂိုမူလဟန်ဆိုတာကတော့ ဆရာစွမ်းရဲ့ ကဗျာတွေဟာ အာဝဇ္ဇန်းကောင်းတယ်။ ဟာသဓာတ်ပါတယ်။ ခံစားသူကို 'ကလူ၏သို့ မြူ၏သို့'နဲ့ မြူးကြွစေတယ်လို့ ကောက်ချက်ချခဲ့တဲ့ ဆရာမောင်သာနိုးရဲ့ အညာမြေက ထနောင်းသုံးပင်ကောက်ကြောင်းကို ကိုးကားပြီး ပြောရတာပါ။ ပြောရလောက်အောင်လည်း ဆရာစွမ်းရဲ့ ကဗျာဟာ မထိခလုတ် ထိခလုတ်နဲ့ ရင်ကိုလှုပ်ရှားစေပါတယ်။

ကြည့်လေ...။

မှိုတ်မရ၊ အိပ်မရ၊ ခွေမရ၊ ဖြေမရတဲ့ နေ့ညကို ဖွဲ့ဆိုတဲ့ 'နေ့ညဘွဲ့ကဗျာ' အမျိုးအစားတွေဟာ မြန်မာပြည်မှာ များလှပါပြီ။ အထင်ရှားဆုံးကတော့

**'အိပ်လို့မရ**  
**ညကြီးမင်းကြီး၊ ထပြီးထိုင်နေ**  
**မွေ့ရာတွေလဲ၊ ကြေမွတွန့်လိပ်**  
**သိပ်စိတ်ညစ်တယ်၊ သတိပြယ်လျှင်**  
**နှိုတွယ်စရာ အထည်မရ'** ...လို့ ဆိုဖွဲ့ခဲ့တဲ့ (၁၉၄၇) ခုနှစ်က ကြည်အေးရဲ့ **'တစ္ဆေ'** ကဗျာပါပဲ။

ပုဂ္ဂလိက စိတ္တဇခံစားမှု ကဗျာအမျိုးအစားတွေထဲမှာ ခုချိန်အထိ ကြည်အေးကို ကိုးကားနေကြရတုန်းပါပဲ။ ဆရာစွမ်းရဲ့ 'နေ့တစ်ညနဲ့ကြမ်းပိုးမတစ်ကောင်' ကဗျာဟာလည်း အိပ်မရတဲ့ စိတ္တဇကဗျာတစ်ပုဒ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဆရာစွမ်းရဲ့ ‘နွေတစ်ည’ ဟာ ပုဂ္ဂလဓိဋ္ဌာန်သဘောထက် ဓမ္မဓိဋ္ဌာန်သဘောကို ညွှန်ပြနိုင်တဲ့အတွက် အင်မတန်လေးစားဖို့ ကောင်းပါတယ်။ ပန်းကြိုတဲ့ ဖဲစက်ယာထဲက တစ်ကိုယ်တော် စိတ္တဇဝေဒနာထက် ရပ်ထဲရွာထဲက ဗဟုဝါဒဝေဒနာကို ဖွဲ့ဆိုပြတာဟာ အပြမတတ်ရင် အလှဓာတ်ပျက်သွားတတ်ပါတယ်။ အခုတော့...

‘အသံမစဲ၊ ပဌာန်းပွဲက
နားထဲဝင်လာ၊ ဂါထာရွတ်သံ
ညဦးယံမှောင်ထု၊ ဆောင့်ထုတွေ့ယမ်း
ညတစ်ခြမ်းမှာ၊ ယောင်ယမ်းလွန့်လူး
နဖူးချွေးရွှဲ၊ ရင်ထဲပူလောင်
ခြင်ထောင်ဆွဲမ၊ စောအေးမွှင့် တံခါးဖွင့်’ တဲ့။

ကဗျာကို ခံစားဖတ်ရှုနေတဲ့ မိမိကိုယ်တိုင် ရင်ထဲမှာ ပူလောင်မှုန်းကျပ်လာပြီး ပိတ်ထားတဲ့ ပြတင်းတံခါးကို ကယောင်ကတမ်း ထဖွင့်မိခဲ့ပါတယ်။

ညတစ်ဝက်ကျိုး ဆယ့်နှစ်နာရီတောင်ထိုးပါပြီ။ ကဗျာဆရာရဲ့ နားထဲမှာ အသံမစဲ ပဌာန်းရွတ်ပွဲက ဓမ္မပူဇာပြုသံတွေနားထဲမှာ ဝင်ရောက်လာတာဟာ ဒီကဗျာရဲ့ အသက်ပါပဲ။ ဆက်ဖတ်ကြည့်ပါဦး။

မြန်မာပြည်ဖြစ်
ပလတ်စတစ်လက်သဲ (သည်း)
ဝဲလက်ကိုင်ဆုပ်၊ ကျောကုတ်တံကတစ်ခု
ပဌာန်းစကြာ၊ တံဆိပ်ပါတဲ့
မြန်မာပြည်ထွက်၊ ဝါးနဲ့ရက်တဲ့
ညာဘက်ကိုင်ဆုပ်
ယပ်တောင်စုတ်က တစ်ခု...။

မိတ်ဖုကုတ်တဲ့၊ အရေပြားပေါ်က အယားနာကို ပြေပျောက်စေတဲ့ ပလတ်စတစ်နဲ့လုပ်ထားတဲ့ (လက်သည်းပုံ) ကျောကုတ်တံတစ်ချောင်းကို ဘယ်ဘက်လက်မှာ ကိုင်ဆုပ်ပြီး၊ နှစ်ဆယ့်လေးပစ္စည်း ပဌာန်းစကြာပုံပါတဲ့ ဝါးယပ်တောင်စုတ်လေးကို အပူအိုက် ပြေပျောက်ဖို့ ညာဘက်လက်မှာ ကိုင်ရင်း ခြင်ထောင်ထဲက ထွက်လာတဲ့ ကဗျာဆရာခမျာ...၊



မှုးတူးမင်တင်၊ မမြင့်မကျန်း
မှန်းသန်းစမ်းကာ၊ ရှာတွေ့ရှာ
မလာတဲ့မီးက၊ ဖွင့်မရ

တော့ ဘယ်သူ့ကို ဒေါသဖြစ်ရမှန်းမသိလောက်အောင် ကသိကအောက် ဖြစ်နေမှာပါပဲ။ ပလတ်စတစ်လက်သည်းပုံ ကျောကုတ်တံကလည်း အယားမပြေ၊ ယပ်တောင်စုတ်ကလည်း လေမရတော့...၊

ဝရန်တာမှာ၊ လူးကာလွန့်ကာ
အေးကွက်ရှာ... ရပါတော့တယ်။

ကဗျာခံစားသူ မိမိအနေနဲ့တော့ ကဗျာဆရာလို ဝရန်တာမှာထွက်ပြီး အေးကွက်မရှာနိုင်သေးပါဘူး။ ညဦးယံအမှောင်ထုမှာ ကဗျာဆရာရဲ့ နားထဲကို ဝင်လာတယ်ဆိုတဲ့ ပဌာန်းပွဲက ရွတ်သံဖတ်သံရယ်–ကဗျာဆရာ တဖျပ်ဖျပ်ခတ်နေတဲ့ ပဌာန်းစကြာတံဆိပ်ပါတဲ့ ယပ်တောင်စုတ်လေးရယ်ကို မမိုတ်မသုန် အာရုံစိုက်နေမိပါတယ်။

(၂၄) ပစ္စည်းဖြစ်တဲ့ ပဌာန်းစကြာအမှတ်တံဆိပ်ဟာ လေယာဉ်နောက်မြီးကနေ အသုဘကိစ္စအထိ မရှိမဖြစ်တဲ့ ပစ္စည်းမဟုတ်လား။ ပဌာန်းဒေသနာတော် ရွတ်ဖတ်ခြင်းရဲ့ အကျိုးတရားကတော့ –

- ရင်ဆိုင်ကြုံတွေ့နေရတဲ့ အန္တရာယ်အသွယ်သွယ်က လွန်မြောက်နိုင်တယ်။
- ကျရောက်အံ့ဆဲ ဘေးအပေါင်းမှ ကင်းဝေးနိုင်တယ်။
- အပြစ်ကင်းပြီး ကောင်းကျိုးကိစ္စအဝဝကို ပြီးစီးအောင်မြင်စေနိုင်တယ်။
- မကောင်းကျိုးဖြစ်စေမယ့် အပြစ်တို့ကို မကျူးလွန်အောင် ရှောင်နိုင်တယ်။
- ဆောင်ရွက်သမျှ ကောင်းမြတ်တဲ့ကိစ္စ ခပ်သိမ်းပြီးငြိမ်းစေနိုင်တယ်။
- အဆုံးစွန်သောဘဝမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ယုံကြည်ကိုးစားစွာ မှတ်သားခဲ့ဖူးပါတယ်။ ကိုယ်တိုင်လည်း ပဌာန်းတရားတော်ကို နာယူခံစားခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သို့ကလို မိမိယုံကြည်ကိုးစားတဲ့ ပဋ္ဌာန်းတရားအကြောင်းနဲ့ ပဋ္ဌာန်းစကြာအမှတ်တံဆိပ် ယပ်တောင်ကို ဆရာမောင်စွမ်းရည်ရဲ့ နွေတစ်ညကဗျာထဲမှာ ရုတ်တရက်တွေ့လိုက်ရတော့ –

တစ်ခုခုတော့ တစ်ခုခုပဲလို့ ဆင်ခြင်တွေးဆလို့မဆုံးမိမှာပဲ၊

**ကမ္ဘာလိပ်မှူ၊ သွေးဝလေးလဲ**
**အိပ်ပြန်နောက်ကျ၊ ကြမ်းပိုးမ...**
**လက်ကစမ်းချေ၊ နွေပါကြေမှ သေစမ်းဟ။**
**ယပ်တောင်စတ်လိုက်၊ ကျောကုတ်လိုက်နဲ့**
**ငိုက်လိုက်မူးလိုက်၊ ဓာသွားလိုက်နဲ့**
**အုံ့အိုက်မှောင်ည၊ နွေဒုက္ခငဲ့**
**လောကငရဲ၊ ငါကျိန်ဆဲအုံ့**
**မှောင်မည်းမွတ်လျှံ၊ ပဋ္ဌာန်းသံမှာ**
**ညည့်ယံနွေည၊ ကြေမွပါစေ**
**ဉ|–တရွေသရဲ၊ ရှောင်စေစေ**
**ဟေတု ပစ္စယ ဝစ္စယော**
**အညမည ပစ္စယော...**

လို့ ကဗျာဆရာကိုယ်တိုင် ရွတ်လိုက်တဲ့ ပဋ္ဌာန်းတရားရွတ်ဖတ်သံကို မှားနဲ့ ဆက်ဆက်ကြားလိုက်သလိုလိုပါပဲ။ မရွတ်ဖတ်လို့လည်း မဖြစ်တော့ဘူး။ ကြမ်းပိုးကိုက်တဲ့ည။ မီးမလာ လေမရတဲ့ နွေည။ အုံ့အိုက်အိုက်နဲ့ မူးမိုက်မေ့မောဖွယ် လောကငရဲည။ ဘာတစ်ခုမှ အဆင်မပြေတဲ့ ပစ္စည်းမဲ့ည နွေဒုက္ခကို သူ့လက်နဲ့စမ်းချေပြီး သတ်ပစ်လိုက်တဲ့ ကြမ်းပိုးတစ်ကောင်လို ကြေမွကျဆုံးပါစေလို့ ပဋ္ဌာန်းတရားသံအားကိုးနဲ့ ကျိန်ဆဲပစ်လိုက်ပါတယ်။ သူ့ကို အိပ်မရအောင် ခြောက်လှန့်နေတဲ့ ဒုက္ခနွေညထဲက နာနာဘာဝကောင်တွေကိုလည်း 'ဟေတုပစ္စယော' 'အညမညပစ္စယော' ဆိုတဲ့ ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်ပြီးနှင်ပစ်ခဲ့ပါတယ်။ ထိုပဋ္ဌာန်းတရားရဲ့ တန်ခိုးကြောင့် လက်ငင်းကြုံတွေ့နေရတဲ့ ဘေးဆိုးရန်ဆိုးအန္တရာယ်ဆိုး အမျိုးမျိုးက လွတ်မြောက်နိုင်မယ်ဆိုတာ ကဗျာဆရာအားကိုးသလို ကဗျာခံစားသူမိမိလည်း ယုံကြည်မိပါတယ်။ အခုတော့ ကျောကုတ်တံတစ်ခု၊ ယပ်တောင်စုတ်တစ်ချောင်းနဲ့ ဘယ်လောင်းညာခွေပြစ်နေကြတုန်းပါပဲ။

ဒါဟာ ဆရာစွမ်းရဲ့ အိပ်မရတဲ့ စိတ္တဇနွေကဗျာ တစ်ပုဒ်ပါ။ ကာရန်ပီပီ၊ နရိသွက်သွက်၊ စည်းချက်မြန်မြန်နဲ့ ရကန်သွားပုံစံ ကဗျာတစ်ပုဒ်မို့ ဆရာစွမ်းရဲ့ 'နွေတစ်ညနဲ့ ကြမ်းပိုးမတစ်ကောင်' ကို မျက်တောင်မခတ်မိဘဲ စိုက်ကြည့်နေမိပါတယ်။

နွေဒုက္ခကိုပဲ ကျိန်ဆဲမလား။ အရာရာကို သည်းခံခွင့်လွှတ်ခြင်းတရားနဲ့ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရမလားလို့ တွေဝေငေးမောနေစဉ်မှာပဲ ဖေဖော်ဝါရီလထုတ် ရှေ့ပြေးမဂ္ဂဇင်းထဲက ဆရာဒဂုန်တာရာရဲ့ '**အချစ်နှင့်အမုန်း**' ကဗျာဟာ မိမိကို လက်ယပ်ခေါ်နေသလို ခံစားခဲ့ရပါတယ်။

**ပျိုးသော သစ်ပင်**
**ရှင်သန်သောအခါ၊ မြေမှာပေါက်လာ**
**ဖူးညွှာသီးဆင့်၊ အပွင့်မှိုင်တွဲ**
**ကြီးသောမျိုးကို ထူးရမြဲ**

အနုအလှအသစ်အဆန်းနဲ့ ခေတ်မီတဲ့ အသီအကုံး အထုံးအဖွဲ့ကို နှစ်သက်လေ့ရှိတဲ့ ဆရာတာရာဟာ 'အချစ်နှင့်အမုန်း' ရဲ့ ကဗျာအဖွင့်ကို သို့ကလို ရိုးရိုးစင်းစင်း ရှင်းရှင်းလွယ်လွယ် ရက်ရှယ်ပြခဲ့ပါတယ်။ ကဗျာဆရာဟာ ပျိုးပင်တစ်ပင်ကို မြေမှာစိုက်ပြလိုက်ပါတယ်။ ကြီးချလိုက်တဲ့ ပျိုးပင်ကနေ ဘယ်လိုစိတ်ကူး၊ ဘယ်လိုဖူးညွှာ၊ ဘယ်လိုမာလာငုံကင်းတွေနဲ့ အုံကျင်းဖွဲ့ပြီး ပွင့်လာမယ်ဆိုတာ မသိရသေးပါဘူး။

**အမုန်းပင်ကို**
**စိုက်လိုမှကား၊ ဝန်တိုငြူစု**
**မကြည်ဖြူစတမ်း၊ ဆိုးသွမ်းရက်စက်**
**ညှဉ်းပန်းလေရာ၊ လိမ်ညာဖုံးဖိ**
**လုယက်သတ်ဖြတ်၊ သူ့အားရွံ့ရှာ**
**မေတ္တာကင်းပ၊ မုဲကြ ရွဲ့ကြ၊ ကဲ့ရဲ့ကြ**
**ရန်သူက ဝိုင်း၊ တရွှေသမိုင်း**
**တောရိုင်းကန္တာရ၊ ခြောက်သွေ့လှသည်**
**သူ့ဘဝ အထီးကျန်...**





www.burmeseclassic.com

www.burmeseclassic.com

ကဗျာရဲ့ အတ္တာလင်္ကာရနဲ့ ဒဿနကို အလေးအနက်ဖွင့်ဆိုပြချင်တဲ့အတွက် ခက်ခဲနက်နဲတဲ့ ဂမ္ဘီရအထုံးအဖွဲ့တွေ၊ နှစ်ခွအနက်တွေ၊ အလင်္ကာရတွေ၊ ဝက်ဝုတ္တိတွေ၊ ဩဇာဂုဏ်တွေ၊ ပသာဒဂုဏ်တွေ၊ ဝါကျဂုဏ်တွေ၊ ပမာဏဂုဏ်တွေ၊ ပါဠိသက်တွေ၊ နိုင်ငံခြား မွေးစားစကားလုံးတွေကို အတတ်နိုင်ဆုံး ရှောင်ရှားပြီး အရိုးသားဆုံး လေးလုံးစပ် လင်္ကာအဖွဲ့ကို အသုံးပြုထားပုံရပါတယ်။ သည်နေရာမှာ ဆရာတာရာ ဘယ်လောက်ထိအောင် ရိုးသလဲဆိုရင် **'အမုန်းပင်ကို'** ဆိုတဲ့ ရူပကလင်္ကာဟာ စလေဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုထဲက **'မုန်းပင်စိုက်ပျိုး ပြေချိန်တန်၍မှ မပြေနိုင်ပြီးတတ်သည့်၊ မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းကြီးကို'** ဆိုတဲ့ အလင်္ကာထက်ပိုပြီး လတ်ဆတ်အောင် မကြိုးစားတော့ဘဲ ဦးပုညထဲက **'မုန်းပင်စိုက်ပျိုး'** ကို ရိုးသားစွာ ဟားရမ်းသုံးစွဲလိုက်တဲ့အထိပါပဲ။ ဒါပေမယ့် သည်လိုပြက်သိကာ အားနည်းချက်လေးကို ဖုံးလွှမ်းသွားစေတဲ့ တရားကတော့ မုန်းပင်စိုက်ပျိုးသူရဲ့ ဆိုးသွမ်းရက်စက်တဲ့ စရိုက်လက္ခဏာအမူအရာနဲ့ နောက်ဆုံး အဲဒီလူ ကြုံတွေ့ခံစားရမယ့် အထီးကျန်ဘဝ၊ အားလုံးက ရှုံ့ရှာစက်ဆုတ် ဘက်မလုပ်တော့ဘဲ မဲ့ကြ ရှုံ့ကြ ကဲ့ရဲ့ကြမယ့် အဖြစ်နဲ့ အချစ်မရှိတဲ့လူရဲ့ နောက်ဆုံးသွားရာလမ်း။

**အချစ်ပင်မျိုး**
**စိုက်ပျိုးသူကား၊ သနားကြင်နာ**
**ညှာတာသည်းခံ၊ စံလျှင်ဝေမျှ**
**စံစရာရှိက၊ ရှေ့မှ သူရပ်**
**မားမားမတ်သည်၊ အများပြည်သူ**
**လူတကာက၊ မြတ်နိုးခံရ**
**မေတ္တာခံရ၊ ရန်သူမရှိ**
**လိုလားသူသာ၊ ဝန်းရံကာလျက်**
**နှစ်သက်စင်မင်၊ လွတ်လပ်ပျော်ရွှင်**
**စည်ပင်ဝပြော၊ လှပလန်းဆန်း**
**ငြိမ်းချမ်းသာယာအေးမြမြ**

အမုန်းပင်စိုက်လျှင် ကြုံတွေ့ရမည့် ရုဒ္ဒရသအပူရောင် ပန်းချီကားတစ်ချပ်နဲ့ အချစ်ပင်စိုက်လျှင်ခံစားရမယ့် သန္တ ရသအအေးရောင်ပန်းချီ



ကားတစ်ချပ်ကို ဆရာတာရာဟာ ကာရန်စုတ်ချက် သွက်သွက်ယှဉ်တွဲပြီး ဆွဲပြခဲ့ပါတယ်။

ခပ်စောစောက ဆရာစွမ်းရဲ့ **'နွေတစ်ညနဲ့ ကြမ်းပိုးမတစ်ကောင်'** ကဗျာထဲမှာ မီးမလာ၊ လေမရနဲ့ နွေညရဲ့ ဒုက္ခသုက္ခထဲမှာ အကျဉ်းကျသလို ခံစားခဲ့ရသူ (မိမိကိုယ်တိုင်) ဟာ

ဆရာတာရာရဲ့ **'အချစ်နဲ့အမုန်း'** ကဗျာဖတ်ပြီးတဲ့အခါမှာတော့ မိမိကိုယ်မိမိ 'ဒေါသကုမ္ဘာရ' လား။ 'မေတ္တာဝါဒီ' လား။ အချစ်သမားလား၊ အမုန်းသမားလားလို့ ရပ်တန့်ပြီး စဉ်းစားနေရပါပြီ။

- တိုက်ရိုက်သိနည်း (ပစ္စက္ခ ပမာဏ)
- ကြောင်းကျိုးဆင်ခြင်သိနည်း (အနုမာန ပမာဏ)
- အဆိုအမိန့်ဖြင့် သိနည်း (သဒ္ဒ ပမာဏ)
- ချင့်ဆ၍ သိနည်း (အတ္တာပတ္တိ ပမာဏ) စတဲ့ ရသ စာပေရဲ့

ဘာဝအထွေထွေမှာ ဆရာတာရာရဲ့ **အချစ်နဲ့အမုန်း** ကဗျာဟာ (ဥပမာန ပမာဏ) လို့ခေါ်တဲ့ နှိုင်းယှဉ်သိနည်း ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။ နှိုင်းယှဉ်ပြီး သိနည်းဆိုတာဟာ ပုံဆွဲပြတာ၊ အရုပ်ရေးပြတာ၊ ပုံစံထုတ်ပြတာ (Spot Light) ထိုးပြတာမျိုးပါပဲ။ ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ နှိုင်းယှဉ်ခံစားမှုတွေက ရရှိလာတဲ့ အသိတရားဟာ လူ့ဘဝမှာ ကတိမ်းကပါး မဖြစ်နိုင်ပါဘူး။ ဆရာ ဒဂုန်တာရာဟာ သို့ကလို စေတနာမျိုးနဲ့ အမုန်းပင်နဲ့ အချစ်ပင်ရဲ့ စွမ်းရည်နှစ်မျိုးကို ချိန်ထိုးပြီး ပြလိုက်ပါတယ်။ ကဗျာရဲ့ နိဂုံးပိုဒ်ကို ဆက်ဖတ်ကြည့်လိုက်တော့...၊

**အမုန်းပင်ပျိုး**
**သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်**
**မုန်းသော်ကြည်နူးကြ၊ သူ့ဘဝ၏**
**ဓမ္မတရား၊ သင်ကြားခဲ့သည်**
**သင် ဘယ်သစ်ပင်စိုက်မည်နည်း**

ဟယ်လို့ ကဗျာဆရာဟာ သူ့အတွေ့အကြုံ၊ သူ့ဘဝနဲ့ သင်ကြားခဲ့ရတဲ့ ဓမ္မတရား (ဒဿန) အကြောင်းကို ဖွင့်ဆိုတင်ပြရင်း ကဗျာခံစားသူ မိမိကိုလည်း **သင်ဘယ်လိုသစ်ပင်မျိုး စိုက်ပျိုးမှာလဲ**လို့ တစ်ဆက်တည်းမေးခွန်းထုတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လူသတ္တဝါတွေရဲ့ နှလုံးသားအတွင်းမှာ အချစ်, အမုန်း, အပြုံးအမဲ့ ဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားမှုတွေဟာ အဆုံးအစမထင်နိုင်တဲ့ ပုထုဇဉ် သံသရာတစ်လျှောက်လုံး ပုန်းအောင်း ကိန်းဝပ်နေခဲ့ကြတယ်။ တစ်စုံတစ်ရာနဲ့ မထိတွေ့သေးတဲ့အတွက် အသက်မရှိသလို ငြိမ်သက်နေခဲ့ကြတယ်။ အဲ... ချစ်စရာ၊ မုန်းစရာ၊ ပြုံးစရာ၊ မဲ့စရာတစ်စုံတစ်ရာနဲ့ တွေ့ပြီဆိုမှဖြင့် ငြိမ်သက်နေခဲ့တဲ့ အာရုံခံ ဒွါရတွေထဲက အာရုံကြောတွေဟာ ယောယောဒိုင်းဒိုင်း လှုပ်လှုပ်ရှားရှား ပေါက်ကွဲပွင့်အန်လာတာကို တွေ့မြင်ခံစားရပါတယ်။ မိမိကိုယ်မိမိ ခန္တီပါရမီရှင်လို့ ယင်မှတ်ခဲ့သူ၊ မိမိကိုယ်မိမိ ဗြဟ္မစိုရ်ဝါဒီလို့ ယုံကြည်နေခဲ့သူဟာ မမျှော်လင့်တဲ့ အခြေအနေတစ်ရပ်ကြောင့် အချိုးအကွေ့တစ်ခုခုမှာ အာဃာတကဖြစ်သွားရသူတွေ၊ ရာဂဏဖြစ်သွားရသူတွေဟာ လူ့ဘဝတစ်လျှောက်လုံး မမြင်ချင်အဆုံး၊ မကြားချင်အနုမတဂ္ဂပါပဲ။ ဟော...မိမိကော ဘယ်လိုတုန်း။ ဘယ်သစ်ပင်မျိုး စိုက်ပျိုးမလဲ။ နိုင်းယှဉ်သိနည်း ပုံစံနဲ့ ပုံစံထုတ်ပြတဲ့ ကဗျာတစ်ပုဒ်ဟာ ကျွန်ုပ်တို့ ရှေ့မှောက်မှာ ရောက်ရှိနေပါပြီ။

**'အမုန်းပင်ပျိုး**

**သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်**

**မုန်းညှောက်ညွန့်ကြွ၊ သူ့ဘဝ၏**

**စမ္မတရား၊ သင်ကြားခဲ့သည်**

**သင် ဘယ်သစ်ပင်စိုက်မည်နည်း'** တဲ့။

ဆရာတာရာဟာ အလွယ်ဆုံး စကားလုံးနဲ့ အရိုးဆုံးပုံစံ (လေးလုံးစပ်) ကို မဏ္ဍိုင်ပြုပြီး 'အချစ်နဲ့အမုန်း' ကဗျာကို ဖွဲ့ဆိုပြခဲ့ပါတယ်။ တစ်ဖက်မှာ အမုန်းပင်၊ တစ်ဖက်မှာ အချစ်ပင်။ ရေးဖွဲ့ဂဲ့ ပုံစံက၊ နဝဂန္တဝင်ဟန် လေးလုံးစပ်လင်္ကာ။

**'မိမိရဲ့ အတွေးကို အပေါ်လွင်ဆုံး၊ အပြည့်စုံဆုံး ဖော်ပြနိုင်တဲ့ ပုံသဏ္ဌာန်ဟာ 'လေးလုံးစပ်' ဖြစ်တယ်ဆိုတာ ရေးရင်း ရေးရင်း ယုံကြည်လာမိတယ်'**လို့ လွန်ခဲ့တဲ့ နှစ်လေးဆယ်ကျော်(၁၉၅၃) ခုနှစ်က၊ သွေးသောက်မဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ဆရာတာရာဟာ အခု (၁၉၉၃) နှစ်ကုန်ဆုံးခဲ့တဲ့ ကာလအထိ ဖော်ပြပါ ကဗျာပုံသဏ္ဌာန် အယူအဆကို ယုံကြည်မြဲမြဲစွာ ကိုင်စွဲ



နေသေးတာကို တွေ့ရလို့ (နဝဂန္တဝင်ဟန်ကို ညည်းငွေ့နေတဲ့) ကဗျာဆရာမျိုးဆက်သစ်တွေဟာ ဆရာတာရာဆီက နည်းယူစရာတွေကို ပိုပြီး စူးစမ်းလေ့လာကြရမှာပါပဲ။ 'လေးလုံးစပ်လင်္ကာဟာ လေးကိုင်းတစ်ခုနဲ့ ပုံသဏ္ဌာန်တူတယ်၊ လေးကိုင်းဟာ ပျော့ပျောင်းမှုရှိသလောက် ပစ်လွှတ်အားသန်မာတယ်။ ဒါကြောင့် လေးလုံးစပ်လင်္ကာဟာလည်း ပျော့ပျောင်းမှုရှိတဲ့အတွက် ကနေ့တိုင် သန်စွမ်းလျက်ရှိတယ်' ဆိုတဲ့ (၁၉၆၃) ခုနှစ်က ငွေတာရီ မဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ဆရာတာရာရဲ့ ကဗျာအယူအဆကို ပြတိုက်ထဲ ပို့မလား။ အသစ်ထပ်မံရဲ့တွင်မလားဆိုတာ လူငယ် ကဗျာဆရာအသစ်တွေ စိစစ်စူးစမ်းကြမှာပါပဲ။ ကဗျာခံစားသူ မိမိအနေနဲ့တော့ 'လေးလုံးစပ်လင်္ကာရဲ့ ပျော့ပျောင်းခြင်းနဲ့ သန်စွမ်းခြင်းကိစ္စ' ကို သိပ်ပြီး စိတ္တဇမဖြစ်မိပါဘူး။

မိမိစိတ္တဇဖြစ်ရတဲ့ ကိစ္စကတော့၊

မိမိရဲ့ ဘဝမြေလွှာမှာ ဘယ်လိုအလှစေတနာတွေ ပျိုးကြဲမလဲ။ အမုန်းပင်စိုက်တဲ့ လူကတော့ သူ့ရဲ့လိမ်ညာဖုံးကွယ်မှုတွေ၊ သူ့ရဲ့ ညှဉ်းပန်းနှိပ်စက်မှုတွေကြောင့် သူ့ရဲ့ သမိုင်းဟာ တဖြေသချိုင်းနဲ့ ထောရိုင်းကန္တာရ ဖြစ်သွားလိမ့်မယ်။

အချစ်ပင်မျိုးတွေကို စိုက်ပျိုးတဲ့သူကတော့ အသာစံစရာရှိလျှင် ဝေမျှလို့...၊ အနာခံစရာရှိရင် ရှေ့က မားမားမတ်မတ်ထွက်ရပ်လို့...၊ သို့ကလို အနစ်နာခံတတ်တဲ့ စိတ်ဓာတ်ကြောင့် သူ့ကို လူတွေက လိုလားကြ၊ မြတ်နိုးကြ၊ မေတ္တာထားကြနဲ့ သူ့ဘဝဟာ လှပလန်းဆန်းငြိမ်းချမ်းသာယာနေလိမ့်မယ်။

အဲသည်တော့...၊ ဒေါသရန်ငြိုးနဲ့ အမုန်းပင်ပျိုးမလား ?

တန်ဖိုးသစ်လွင်တဲ့ အချစ်ပင်စိုက်မလား ?

ရှေ့ပြေးမဂ္ဂဇင်းထဲက၊ ဆရာတာရာရဲ့ 'အချစ်နဲ့အမုန်း' ကဗျာကို လေ့လာခံစားရင်း ၁၉၉၀ ခုနှစ်၊ နောက်ပိုင်းမှာ (မြားနတ်မောင်) မဂ္ဂဇင်းထဲမှာ မကြာခဏ ဖတ်ရတဲ့ ဆရာတာရာရဲ့ ရန်သူနဲ့ မိတ်ဆွေ ပြဿနာ၊ အချစ်နဲ့အမုန်းပြဿနာဆောင်းပါးတွေကို ပြန်ပြီး စဉ်းစားနေမိပါတယ်။ **'အချစ်၊ ငြိမ်းချမ်းရေး၊ အလှအပ'** တဲ့၊ **'အချစ်နှင့်အမုန်း'**တဲ့။ **'ရန်သူမဲ့ကမ္ဘာ'**တဲ့။ **'အချစ်လိပ်ပြာ'**တဲ့။ **'အမုန်းမှ အချစ်သို့'**တဲ့။ **'အချစ်ကမ္ဘာ'**တဲ့။

www.burmeseclassic.com

**'အချစ်မှ အချစ်သို့'** တဲ့။ အဲဒီ ဆောင်းပါးအားလုံးရဲ့ အယူအဆအနှစ်ချုပ်ကတော့ အခု မိမိခံစားတင်ပြနေတဲ့ ရှေ့ပြေးမဂ္ဂဇင်းထဲက ကဗျာ (အချစ်နှင့်အမုန်း) ထဲက အတိုင်းပါပဲ။

ဆရာ ဒဂုန်တာရာရဲ့ အသက်အရွယ်ဟာ'စိန်ရတုကာလ' ထဲကို ချဉ်းနင်းဝင်ရောက်လာပြီမို့ အရွယ်နဲ့အသိရဲ့ ဆေးဆော်မှုအရ ဆရာစာပေ အယူအဆထဲမှာ၊

မေတ္တာဝါဒ၊ ခန္တီဝါဒ၊ ပြဟ္မစိုရ်ဝါဒ၊ ရွှေပြည်အေးဝါဒ၊ ငြိမ်းချမ်းရေးဝါဒတွေနဲ့ မွေးထုံနေခြင်းဖြစ်ပေလိမ့်မယ်လို့ ယေဘုယျထင်စရာရှိပါတယ်။ တကယ်တော့ လက်စားချေခြင်း၊ ခွင့်လွှတ်ခြင်း၊ ကဲ့ရဲ့ရှုံ့ချခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ မုန်းခြင်း ချစ်ခြင်းစတဲ့ ပြဿနာတွေဟာ အသက်အရွယ်နဲ့ သိပ်မဆိုင်လှတဲ့ အတွေ့နဲ့ အာရုံခံစားစိတ်ရဲ့ ထိရှပါးလွှာမှု၊ ဆေးဆော်ရိုက်ခတ်မှုကြောင့်သာ ဖြစ်တယ်လို့ မိမိဆင်ခြင် စဉ်းစားနေမိတယ်။

သို့ကလို စဉ်းစားရင်း မိမိရဲ့ အတွေးစက်ဝန်းထဲမှာတော့ မီးကမလား၊ လေကမရနဲ့ မှောင်ကြီးကျနေတဲ့ နေ့ညရဲ့ ဒုက္ခသုက္ခတွေကို ဟောတုပစ္စယောအားကိုးနဲ့ ကျိုးနံဆဲပစ်ခဲ့တဲ့ ဆရာ မောင်စွမ်းရည်ရဲ့ **'မှောတစ်ညနဲ့ ကြမ်းပိုးတောင်တောင်'** ကိုပဲ မိမိဝါရောယောင်ပြီး ဖဲဆောင့်နဲ့ပေါက်ရမလား။

**'ဉာဏတာသည်းခံ၊ စံလျှင်စေမျှ၊ စံရာဂုဏ်ထ၊ ရှေ့မှထွက်ရပ်၊ မားမားမတ်မတ်'** နေပြဖို့ လှလှပပမွဲ့ဆိုပြခဲ့တဲ့ ဆရာ ဒဂုန်တာရာရဲ့ **'အချစ်နှင့်အမုန်း'** ကို ဂါထာရွတ်သလို တတွတ်တွတ် ရွတ်နေရမလားလို့ ညှော့်ခန်းများကိုဖြတ်သန်းရင်း မှတ်တမ်းတင်ကြည့်ခဲ့ပါတယ်။

ယခု ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလထုတ် မဂ္ဂဇင်း ညှော့်ခန်းများထဲက လက်တို့ညွှန်းဆိုလိုတဲ့ ကဗျာများကတော့ –

**၁။ ပထဝီရဲ့အမျိုး (မြသီတာ) ရွှေသမင်မဂ္ဂဇင်း။**
**၂။ အငြိမ်းစောကား (မှောင်) ရွှေဝတ်မှုန်မဂ္ဂဇင်း။**
**၃။ စေတော်သမ်းပုံမြင် (အောညှ) ရွှေဝတ်မှုန်မဂ္ဂဇင်း။**

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

(ကဗျာဆိုသည် မိမိရောက်နေသောစိတ်၊ အသက်ရှင်နေသော စိတ်၏ အတွေးများကို အခြေခံ၍ သက်ရောက်မှုအများဆုံးရှိသော ခံစားမှုကို ပန်တီးပေးရန်ဖြစ်သည်။)

ဖြဇင်

မြန်မာတချာစာတမ်းများ (၃-တွဲ)

စာပေဗိမာန် ၁၉၈၁၊ စုနှစ်မှု။



# ညွှန်းများကို ဖြတ်သန်းခြင်း (၅)

တိရစ္ဆာန်က တောရိုင်းကြီးထဲမှာ ကျန်ခဲ့ပြီး၊ လူက... လပေါ်မှာ ခြေချဖို့ လမ်းခွဲလိုက်ကြတဲ့ အလုပ်စခန်းရဲ့ ထူးခြားချက်ဟာ အားလုံးသိပြီးတဲ့အတိုင်းပါပဲ။ လူက စိတ်ကူးနဲ့အတွေးအခေါ်ကို စာ (သို့မဟုတ်) စကားနဲ့ ဖော်ပြနိုင်တယ်။ လက်နက်ကိရိယာကို ကိုင်တွယ်အသုံးချတတ်တယ်။ အဲဒီ အချက် (၂) ချက်ဟာ တိရစ္ဆာန်နဲ့လူရဲ့ ရာသက်ပန် လမ်းခွဲမှတ်တိုင်ပါပဲ။

ဖော်ပြပါ အချက် (၂) ခုထဲမှာပဲ ပိုပြီး စိတ်ဝင်စားဖို့ကောင်းတာက စိတ်ကူးနဲ့ အတွေးအခေါ်ကို စာ (သို့မဟုတ်) ကဗျာနဲ့ ဖွဲ့ဆိုတင်ပြတတ်တဲ့ လူနဲ့ အဲဒီလူရဲ့ ကဗျာအကြောင်းပဲ ဖြစ်တယ်။ စဉ်းစားကြည့်ကြရအောင်။ သာမန် လူတစ်ယောက်ရဲ့ နေ့စဉ် ဘဝမှာ စနစ်မကျ ပွှာလံကြဲနေတဲ့အတွေးအကြံတွေ၊ ပရမ်းပတာဖြစ်နေတဲ့ ခံစားမှုတွေ၊ တစ်စစီ၊ တစ်ပွင့်စီ လွင့်ကြွေနေတဲ့ အိပ်မက်ပွင့်တွေမျိုး ရှိကောင်းရှိနိုင်ပါတယ်။ သို့ကလို ပွှာလံကြဲမှု၊ ပရမ်းပတာဖြစ်မှု၊ အဟောသိကံဖြစ်မှုမျိုးတွေကို တစ်ရိုးတစ်ညှာ၊ တစ်လွှာတစ်ခုတည်းဖြစ်အောင် ကျစ်ကျစ်လျစ်လျစ် စုစည်းဖော်ပြနိုင်သူသာ ကဗျာဆရာဖြစ်လာနိုင်ခွင့်ရှိပါလိမ့်မယ်။ အတွေ့အကြုံတစ်ရပ် (သို့မဟုတ်)



www.burmeseclassic.com

ခံစားမှုတစ်ခုရဲ့ အနုစိတ်ကောက်ကြောင်းတွေကို ခြေရာခံရတဲ့ အလေ့အထ ဟာ ကဗျာဆရာတစ်ယောက်အဖို့ နိစ္စဓူဝ အလုပ်ဖြစ်တယ်ဆိုရင် မိုမယ် မထင်မိပါဘူး။

ဘာကြောင့်လဲဆိုတော့ ကဗျာဆရာဆိုတာ (သူကိုယ်တိုင် မကြေညာ တဲ့) တွေးခေါ်ရှင်တစ်ဦးဖြစ်နေလို့ပါပဲ။ သည်နေရာမှာ... (တွေးခေါ်ရှင်) လို့ ဆိုလိုက်တဲ့ ဝိသေသကို သိပ်ပြီး မားမားဝင့်ဝင့် မြင့်မြင့်ထည်ထည် ကြီး မကောက်ယူစေလိုပါဘူး။ အဆင့်ဆင့်စဉ်းစား ဆင်ခြင်တတ်တဲ့ အလေ့ အကျင့်ကိုသာ ဂုဏ်ပြုခြင်းဖြစ်ပါတယ်။

ဥပမာ...

လူ့လောကကြီးထဲကို သူဘယ်လိုရောက်လာသလဲ...?

လူ့လောကကြီးရဲ့ ဘယ်နေရာမှာ သူတည်ရှိနေသလဲ...?

ကမ္ဘာလောကကြီးကို ဘယ်သူဖန်တီးသလဲ...?

ကမ္ဘာလောကကြီးနဲ့ သူဟာ ဘယ်လိုပတ်သက်နေသလဲ...?

ပါဝင်ပတ်သက်မှုကို ဘယ်သူက ဟန့်တားနိုင်သလဲ...?

မွေးရာပါ ပိုင်ဆိုင်မှုဆိုတာ ဘယ်သူ့ပစ္စည်းလဲ...?

ကံကြမ္မာဆိုတာ အလှည့်အပြောင်းရှိပါသလား...?

စသဖြင့်ပေါ့လေ။ အထက်ဖော်ပြပါ စဉ်းစားချက်များမှာ နမူနာ ကောက်နုတ်ချက်မျှသာဖြစ်ပေမယ့် ကဗျာဆရာရဲ့ ဦးခေါင်းထဲက သီးခြာ ကင်းလွတ်ပြီး အကြောင်းမဲ့ပေါ်ထွက်လာနိုင်တဲ့ ကိစ္စမျိုးတော့ မဟုတ်တ ရာပါဘူး။ သူအမှီပြုနေရတဲ့ တကယ့် ရုပ်ဘဝရဲ့ စေ့ဆော်ရိုက်ခတ်ချက် များသာ ဖြစ်နိုင်ပါတယ်။

ဖြစ်နိုင်သမျှတွေကို အခြေခံကျကျ စဉ်းစားရင်း...၊ လူ့အကြောင်းက ဖွဲ့ဆိုတဲ့ လူဗဟိုပြုကဗျာတွေဟာ ဟိုးရှေးပဝေသဏီကာလမှသည်...ယခု ရှိသောစက်ရုပ်တွေ လူ့နေရာမှာ အစားထိုးဝင်ရောက်လာကြတဲ့ စက်မှုသို ခေတ်အထိ ဘာကြောင့် မတိမ်ကော မပပျောက်ခဲ့ပါသလဲဆိုတဲ့ မေးခွန်း မိမိကိုယ်မိမိ အလုပ်ပေးကြည့်နေမိပါတယ်။ လွယ်လင့်တကူ စဉ်းစားလို့ တဲ့ အဖြေကတော့ လူ(သို့မဟုတ်) ကဗျာဆရာဟာ သဘာဝတရားက မြတ်နိုးတယ်။ လူ့တန်ဖိုးကို လေးစားတယ်။ သူဖြစ်တည်နေရတဲ့ လူ့ဘဝက အဓိပ္ပာယ်ရှိစေချင်တယ်။ သူ့အရိပ်ကို သူပြန်ပြီး ထိတ်လန့်နေရတာက



စက်ဆုပ်တယ်။ အတွေးအခေါ်နဲ့ ဘာသာစကားတွေ ဆွဲ့ရှားချည့်နဲ့ရတဲ့ အဖြစ်ကို စိတ်ညစ်တယ်။ လူ့လောကရဲ့ အပြင်ဘက်မှာရှိတယ်ဆိုတဲ့ အနုပညာကို ဆန့်ကျင်တယ်။

ဂမ္ဘီရ ကျောက်ဂူထဲက လူအဖြစ်ထက် ဟင်းလင်းပြင်မိုးကောင်းကင် အောက်က လူ့ဘဝကို ပိုပြီး တသတယ်။ ပုဂ္ဂလိက ဘာသာစကားကို စကြဝဠာဘာသာစကားအဖြစ် ချဲ့ထွင်လိုသူဟာ ကဗျာဆရာဖြစ်တယ်။ ဒါဟာ လူဗဟိုပြုကဗျာတွေ ခေတ်အဆက်ဆက် ဘာကြောင့် မတိမ်ကောခဲ့ သလဲဆိုတာ စဉ်းစားရင်း တွေ့ရှိမှတ်သားခဲ့ရတဲ့ ခေတ်ပြိုင်ကဗျာဆရာ (အများစု) ရဲ့ ခံစားမှုကောက်ကြောင်း အကျဉ်းချုပ်ဖြစ်ပါတယ်။

ထိုတွေ့သမျှကို အနေပြုအဖြစ်နှ မြည်းစမ်းရုံမျှ ခံစားကြရတဲ့ အခု လို အချိန်မှာ ကဗျာဧည့်ခန်း မှတ်တမ်းဆောင်းပါးတိုလေးကို သို့ကလို ရှည်ရှည်ဝေးဝေး နိဒါန်းသွယ်ပြီး အချီးစကား ဆိုနေရတာဟာ အကြောင်းရှိ ပါတယ်။ အဲဒီအကြောင်းကတော့ ၁၉၉၄ ခုနှစ်၊ မတ်လထုတ် သပြေတေး မဂ္ဂဇင်းထဲက ကဗျာဆရာ **နေခြည်နု (ရေနံချောင်း)**ရဲ့ **'သံပတ်ပေးသူများ အကြောင်း'** ကဗျာတိုကလေးကို တစိမ့်စိမ့်ခံစားမိလို့ပဲ ဖြစ်ပါတယ်။ ပထမတစ်ကြိမ်...၊ ဒုတိယမြောက်တစ်ခေါက်...၊ ကောက်ကာငင်ကာ ဖတ် ကြည့်တုန်းကတော့... **'သံပတ်ပေးသူများအကြောင်း'** ဟာ ရှက်ကြမ်းရေကျို ကဗျာတစ်ပုဒ်ပါပဲ။ ဒါပေမယ့် ကဗျာဆရာရဲ့ စူးစမ်းဆင်ခြင်မှု (ဝိစာရဉာဏ်) တရားကို မျက်ဝါးထင်ထင် မြင်လိုက်ကြားလိုက်ရတော့ ကဗျာလေးကို ကျော်လွှားပြီး ထားခဲ့ဖို့ နှမြောနေမိတယ်။ နှမြောမိတဲ့အကြောင်းကလည်း ကဗျာဆရာရဲ့ အဆင့်နှစ်ဆင့် စူးစမ်းဆင်ခြင်မှုကို ဂရုပြုမိလို့ပါပဲ။ ပထမ တစ်ဆင့်မှာ ကဗျာဆရာ ဆင်ခြင်ပုံက...၊

က

'ပဲပြွတ်' တဲ့

လက်နဲ့ပုတ်နှိုးလိုက်သလို

ငါးနာရီဆို လာနေကျ

သူမရဲ့အသံ

နားဝမှာလျှံထွက်

ဒါ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက်တော့

**အချိန်မှန်တဲ့ နှိုးစက်တစ်လုံး...။**

ကဗျာဆရာမှာ အသံမြည်တဲ့ နှိုးစက်နာရီတစ်လုံးရှိပါတယ်။ အဲဒီနာရီဟာ သံပတ်နာရီ၊ ဓာတ်ခဲနာရီများထက် တိကျသေချာတဲ့ လူသားနာရီ ဖြစ်ပါတယ်။ အဲဒီလို လူသားနှိုးစက်ရဲ့အသံဟာ လူနည်းစုရပ်ဝန်းဒေသဖြစ်တဲ့ သုခရိပ်သာမှာ မကြားနိုင်ပါဘူး။ မြို့စွန် ဆင်ခြေဖုံးဒေသဖြစ်တဲ့ ဒုက္ခလမ်းကျဉ်း လမ်းမြောင်လေးတွေထဲမှာသာ နံနက်စောစောကြားရတဲ့ အသံဖြစ်တယ်။

နံနက် ငါးနာရီမှာ အော်နေကျ ပဲပြုတ်သည်ရဲ့ အသံကို ပုံမှန်နှိုးစက်သံလို နာခံရင်း အိပ်ရာထက်မှာ မှိန်းနေ ကိန်းခွင့် မရှိတဲ့ လူရဲ့ဘဝဟာ ဘာကြောင့်လဲ.... ဘာဖြစ်နေလို့လဲ...။

ဒါဟာ ကဗျာဆရာရဲ့ ပထမတစ်ဆင့် ဆင်ခြင်စဉ်းစားတတ်ပုံကို ကဗျာခံစားသူက ခြေရာကောက်ကြည့်တာ ဖြစ်ပါတယ်။

ဒုတိယတစ်ဆင့်မှာ ကဗျာဆရာ စူးစမ်းပုံက...။

ခ

**'အဲဒီနှိုးစက်**

**ရက်မပျက်**

**သွက်လက်မှန်ကန်ဆတို့က**

**သံပတ်ပေးတာ ဘယ်သူလဲဟေ့**

**သံပတ်ပေးတာ ဘယ်သူလဲဟေ့'... တဲ့။**

ကဗျာကလေးဟာ သည်နေရာမှာတင် ပြီးဆုံးသွားခဲ့ပါပြီ။ မပြီးဆုံးနိုင်သေးတဲ့ ကိစ္စက ကဗျာဆရာရဲ့ ထပ်ကျော့မေးခွန်းနဲ့ ကဗျာခံစားသူရဲ့ အတွေးစက်ဝန်းပဲဖြစ်တယ်။

ကဗျာဆရာက လူသားနှိုးစက် (ပဲပြုတ်သည်)ကို နေ့စဉ်ရက်ဆက် သံပတ်ပေးပြီး လှုပ်ရှားစေတာ 'ဘယ်သူလဲဟေ့...' လို့ မေးခွန်းထုတ်ပြီး စူးစမ်းတယ်။ ကဗျာခံစားသူ မိမိဘက်က မြင်နေရတာကတော့ သံပတ်ပေးခံရသူဟာ ပဲပြုတ်သည်တစ်ဦးတည်း မဟုတ်ဘဲ လူသားနှိုးစက်ကို အချိန်မှန်နာခံနေရတဲ့ ရပ်ကွက်မှိန်မှိန် အိမ်ခန်းကျဉ်းကျဉ်းကလေးထဲက လူသားတစ်စုကိုပါ ယှဉ်တွဲပြီး မြင်စွဲနေမိပါတယ်။



ဒါဟာ ခေတ်ပေါ်ကဗျာတစ်ပုဒ်ရဲ့ ကြန်အင်လက္ခဏာ ... ဖြစ်တဲ့ တွဲဖက်အနက်လား...၊ ဂယက်အနက်လား...၊ နိမိတ်ပုံတို့ရဲ့ အညွှန်းလား... ဆိုတာ သည်နေရာမှာ ခြေရာမခံလိုသေးပါဘူး။ မိမိ ခြေရာကောက်လိုတဲ့ ကိစ္စဟာ...၊ **'သံပတ်ပေးတာ ဘယ်သူလဲဟေ့'၊ 'သံပတ်ပေးတာ ဘယ်သူလဲဟေ့'**...ဆိုတဲ့ ကဗျာဆရာရဲ့ ထပ်ကျော့မေးခွန်းလေးပဲ ဖြစ်ပါတယ်။

ကဗျာတစ်ပုဒ်အတွက် ကြောင့်ကြပူပန်မှု ကင်းရှင်းစွာ စဉ်းစားတွေးခေါ်ဖန်တီးရတဲ့အလုပ်ဟာ ကဗျာဆရာအဖို့ တာဝန်ယူရမယ့်အတတ်ပညာဖြစ်သလို ကဗျာခံစားသူများအတွက်လည်း ခံစားကဲယူရှင်ပါတယ်။ ကဗျာခံစားသူ မိမိအနေနဲ့တော့ ကဗျာဆရာတွေဆီက ရနိုင်မယ့်ရှိတဲ့ ပေါက်ဆောင်ထက်ပိုပြီး မြိုးမြိုးမြက်မြက် များများစားစား မမျှော်လင့်ဝံ့ပါဘူး။ ကဗျာဆရာဆိုတာ လူမှုသိပ္ပံပညာရှင်လို...၊ စက်မှုသိပ္ပံပညာရှင်လို...၊ ဥပဒေပညာရှင်လို...၊ နိယာမအသစ်တွေ၊ ဆောက်လုပ်ချက်အသစ်တွေ၊ ဥပဒေအသစ်တွေဖော်ထုတ်ပေးဖို့ တာဝန်မရှိပါဘူး။ လူ့လောကထဲမှာ ရှိပြီးသားကိစ္စတွေနဲ့ အများသူငါ သိပြီးသားကိစ္စမျိုးတွေကို ရှုမှန်းပိုသိလာအောင်၊ သိလာတာနဲ့အမျှ ပိုပြီး ခံစားတတ်လာအောင် ...ကျစ်လျစ်လျစ် ဖွင့်ဆိုပြတတ်တဲ့ တာဝန်မှတစ်ပါး ကဗျာဆရာမှာ အခြားအပိုအလုပ်ကိစ္စတွေ ရှိမယ်မထင်ပါဘူး။

အခုလည်း ကဗျာဆရာ **'နေခြည်နု'** ဟာ၊ အများသူငါသိပြီးသားကိစ္စ၊ အများသူငါ လောကမှာ ပြန့်ကြဲနေတဲ့ ခံစားမှုအပိုင်းအစတွေကို သေသေသပ်သပ်ဖြစ်သွားအောင် စုစည်းဖန်တီးပေးခဲ့ပါပြီ။ ကဗျာခံစားသူ မိမိဟာ ကဗျာဆရာ **'နေခြည်နု'** ရဲ့ **'သံပတ်ပေးသူများအကြောင်း'** ကို ခြေရာကောက်ရင်း၊ စူးစမ်းရင်းနဲ့ သိဟောင်းကျွမ်းဟောင်း တော်တော်များများနဲ့ ပြန်လည်တွေ့ဆုံခွင့်ရခဲ့ပါတယ်။ သို့ကလို ပြန်လည်တွေ့ဆုံခွင့်ရတဲ့ ဟာထဲက၊ မိမိစိတ်ဝင်စားခဲ့ဟာသူဟောကတော့ ၁၉၉၄ ခုနှစ်၊ မဟာလထုတ် မှော်တတ်မှန်မဂ္ဂဇင်းထဲမှာပါတဲ့ ကဗျာဆရာ **'ဝင်းလွင်'** ရဲ့ **'လူများ'** ပဲ ဖြစ်ပါတယ်။ နေခြည်နုရဲ့ သံပတ်ပေးသူများကို ခြေရာခံရင်း **'ဝင်းလွင်'** ရဲ့ **'လူများ'** ဟာ မိမိရဲ့ အာရုံကျက်စားရာ ပစ္စုပ္ပန်ရှေ့မှောက်မှာ အလျှိုလျှို ရောက်လာကြပါတယ်။ မိမိဖြတ်သန်းနေတဲ့ ကဗျာခရီးခန့်ဆောင်ထ...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရောက်လာကြသူ 'ဝင်းလွင်'ရေးဖွဲ့ပြတဲ့ 'လူများ'ရဲ့ စရိုက်နဲ့ မကောင်းသံတွေကို ခံစားနားဆင်ကြည့်ရအောင်။

**စကြာဇကော မှားခဲ့တာတွေကို**
**မြန်မြန်ထက်စပ်နေမိတာကိုက**
**မဟာအမှား... တဲ့။**

ဖြန်းခနဲတော့ ကဗျာညှော်ခန်းတွေထဲကို ခြေလှမ်းသွက်သွက်နဲ့ လှမ်းလာခဲ့သူ မိမိဟာ ကြောင်ငေးပြီး တုံ့ရပ်သွားမိပါတယ်။ သာမန် ပုထုဇဉ်နွယ်ဝင် လူသားမှန်သမျှဟာ အနည်းနဲ့ အများတော့ မှားကြတဲ့လူချည်းပါပဲ။ ဒါပေမယ့် အမှားကို အမှားမှန်းသိလိုက်တာနဲ့ အမှန်ကိုရောက်အောင် ပြုပြင်ဆင်ခြင်ရမယ့် အလုပ်ဟာ လူကိုစွ ဒါမှမဟုတ် လူ့တာဝန်ဖြစ်တယ်။

မကြာခဏ မှားခဲ့တဲ့ အမှားတွေကို မှားမှန်းသိလျက်နဲ့ ခပ်မြန်မြန်ဆက်စပ်ကြည့်နေမိသူဟာ ဘယ်လိုလူပါလိမ့်။ လူတွေကို မျက်လုံးဖေ့ကြည့်ရင်း မိမိကိုယ်တိုင် အဲသလို အမှားမျိုးတွေကို ပြန်လည်ဆက်စပ်ကြည့်ခဲ့မှုလို့ ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ ခပ်ရှက်ရှက်ဖြစ်နေမိပါတယ်။

**မေ့လိုက်**
**မေ့ထားလိုက်**
**ကမ္ဘာဦးကို လူတွေမေ့ကြသလို**
**မေ့ထားလိုက်...**

ဆိုတဲ့ အသံတွေဟာ စာမျက်နှာနံရံကို ဖောက်ထွက်ပြီး ကဗျာညှော်ခန်းဆောင်ထဲမှာ ပဲ့တင်ညံနေသလို ခံစားကြားယောင်နေမိတယ်။

အဲဒီအသံဟာ ကဗျာဆရာ 'ဝင်းလွင်' ရဲ့အသံလား။ ကဗျာထဲက 'လူများ' ရဲ့'အသံတွေလား။ ကဗျာခံစားသူ မိမိကိုယ်တိုင်ရဲ့ ဟာစ်အော်ကြွေးကြော်သံလားလို့တောင် ခွဲခြားလို့မရတော့ပါဘူး။ ကမ္ဘာပေါ်ဦးစ ကာလတုန်းက 'အီဗော်လူးရှင်း' (Evolution)ဆိုတဲ့ အဆင့်ဆင့်ပြောင်းပေါ် တိုးတက်မှုတရားကို ဒီနေ့ခေတ်ရဲ့ ကွန်ပျူတာလူသားတွေ မေ့ကုန်ကြပါပြီ။

**'ကမ္ဘာဦးကို လူတွေမေ့ကြသလို**
**မေ့ထားလိုက်'** ဆိုတဲ့ ကိစ္စဟာ ဘာကို မေ့ရမှာပါလိမ့်။ အသိလိမ္မာ တရားခေါင်းပါးခဲ့တဲ့ ကမ္ဘာဦးကာလရဲ့ အမှားမျိုးတွေကိုလား။ မေ့သင့်မေ့ထိုက်သူကိုလား။



**လမ်းပေါ်မှာတော့**
**ရေးကြီးခွင်ကျယ် သင်ခန်းစာရယ်**
**စွန့်ပစ်ပစ္စည်းတွေရယ်**
**ဖြတ်သန်းသွားလာသူတွေရယ်**
**တရားဝင်စကားတွေရယ်**
**ရှိတယ်... တဲ့။**

ကဗျာခံစားသူ (မိမိ) ဟာ လူသွားလူလာရှုပ်ထွေးတဲ့ မြို့လယ်လမ်းမကြီးတစ်ခုပေါ်မှာ လူတွေနဲ့အတူ ပါဝင်စီးမျောသွားပါတယ်။

ကဗျာဆရာညွှန်ပြတဲ့ လမ်းပေါ်ကို အကဲခတ်လိုက်တော့ ဘာတွေတွေ့မိပါသလဲ။ လမ်းပေါ်မှာ ရေးကြီးခွင်ကျယ် လုပ်ပြီး ဟုတ်ယောင်ထင်ရတဲ့ သင်ခန်းစာကို တွေ့ရတယ်။ စွန့်ပစ်ပစ္စည်း (သက်ရှိ/ သက်မဲ့) တွေကို တွေ့ရတယ်။ ပျားပန်းခပ်မျှဖြတ်သန်းသွားလာနေကြတဲ့ (မျှော်လင့်ချက်ရှိ/ မျှော်လင့်ချက်မဲ့) သူတွေကို တွေ့ရတယ်။ စိတ်ဝင်စားစရာ အကောင်းဆုံးက လမ်းပေါ်မှာ တရားဝင်စကားတွေကို ကြားရတယ်ဆိုတဲ့ ကိစ္စပါပဲ။

အခုတင်ပြနေတဲ့ ကဗျာရဲ့ တတိယပိုဒ်မှာ ပါဝင်ဖွဲ့စည်းထားတဲ့...

(က) **ရေးကြီးခွင်ကျယ် သင်ခန်းစာ၊**

(ခ) **စွန့်ပစ်ပစ္စည်း**

(ဂ) **ဖြတ်သန်းသွားလာသူများ**

(ဃ) **တရားဝင်စကား...** အစရှိတဲ့ ပြကွက် (၄) ခုဟာ ဒီကဗျာရဲ့ ထူးခြားထင်ရှားတဲ့ နိမိတ်ပုံတွေဖြစ်တယ်။ နိမိတ်ပုံဆိုတာဟာ ခံစားသူရဲ့ စိတ်အာရုံထဲမှာ ထင်လာမြင်လာအောင် ဖွဲ့ဆိုပြတဲ့ လက်ာပစ္စည်းတွေဖြစ်တယ်။ အခုတင်ပြခဲ့တဲ့ နိမိတ်ပုံ (၄) ကွက်ဟာ လှုပ်ရှားသက်ဝင်နေတဲ့အတွက် ကဗျာတစ်ပုဒ်လုံးရဲ့ အလုပ်ကို ထုပ်ထုပ်ပိုက်ပိုက် ထမ်းဆောင်သွားနိုင်တယ်လို့ ခံစားရပါတယ်။ ကဗျာရဲ့ စတုတ္ထအပိုဒ်ကို ဆက်ပြီးအာရုံစိုက်ကြည့်လိုက်တော့...

**ကိုယ့်ကိုယ်ကိုယ်တော့**
**နှစ်ပေါင်းသန်းချီ**



www.burmeseclassic.com

www.burmeseclassic.com

**မွေးမြူလာခဲ့ရတာကြာပြီလို့**

**ဂုဏ်ယူတတ်ရဲ့ ...။**

ကဗျာဆရာဟာ လူတွေရဲ့ အရှုပ်အထွေးကောက်ကြောင်းကို စူးစူးစိုက်စိုက် နိုက်နိုက်ချွတ်ချွတ် လေ့လာမှတ်သားပုံရတယ်လို့ ခံစားရပါတယ်။ မိမိကိုယ် မိမိတော့ ဝွမ်းမွေးနုနုလေးနဲ့ သန့်စင်ပြီး တစ်ပါးသူကိုတော့ လိပ်ကျောက်ဖြီးနဲ့ သန့်စင်သမှုပြုတတ်တဲ့ လူ့သဘော၊ လူ့သဘာဝကိုလည်း အကျယ်တွေးပြီး တရေးရေးမြင်လာစေပါတယ်။ အနှစ်ချုပ်ထိတော့ –

ကဗျာဆရာဟာ သူ့ရဲ့ ဘဝအတွေ့အကြုံတွေကို ဟိုတစ်ကွက် သည်တစ်ကွက်နဲ့ အစီအစဉ်မဲ့စွာ တင်ပြဖွဲ့ဆိုနေတယ်လို့ပဲ ခံစားသုံးသပ်မိပါတယ်။ ကဗျာဆရာ ညွှန်ပြတဲ့ လမ်းမပေါ်က လူတွေ၊ ပြကွင်းပြကွက်တွေ၊ စကားလုံးတွေကို အနက်ကောက်ရင်း၊ သုံးသပ်ရင်း၊ ရသထုတ်ကြည့်ရင်းနဲ့ ကဗျာခံစားသူ မိမိရဲ့ စိတ်လုပ်ငန်းတွေဟာလည်း ကဗျာညည့်ခန်းထဲမှာ ပျားပန်းခတ်မှုပါပဲ။

ကဗျာဆရာရဲ့ အာရုံခံစားမှု (လျှို့ဝှက်သေတ္တာ) ကို ကဗျာခံစားသူရဲ့ စိတ်ကူး (သော့တံ) တွေနဲ့ ဖွင့်လှစ်ဖော်ထုတ်ကြည့်ရတဲ့ အလုပ်ဟာ သိပ်ပြီး ရှုပ်ရှုပ်ယှက်ယှက် ခက်ခက်လိမ်လိမ်တော့ မဟုတ်လှပါဘူး။ နောက်ဆုံးတော့ ဟိုတစ်စ၊ သည်တစ်စနဲ့ အစီအစဉ်မကျစွာ ဖွာလံကြဲနေတဲ့ ခံစားမှု အပိုင်းအစများကို ကဗျာဆရာက စနစ်တကျ စုစည်းဖွဲ့ဆိုပြလိုက်တဲ့အခါ ကဗျာခံစားသူက မိမိကိုယ်မိမိ ပြန်မြင်လာရသလို ပတ်ဝန်းကျင်ကိုလည်း ရုတ်ခြည်းသတိပြုမိလာပါတော့တယ်။ ကြည့်ပါ ...။

**ဒီနေ့ဟာ**

**မနေ့ကထက် ရင့်ရော်တယ်**

**အနာဂတ်ဆိုတာ**

**နောက်တစ်နေ့ထဲမှာရှိတယ်**

**ဘယ်မှာလဲ ...**

'ဘယ်မှာလဲ' ... 'ဘယ်မှာလဲ' 'ဘယ်မှာလဲ' ... ဆိုတဲ့ ပုံတင်သံတွေနဲ့အတူ မိမိရှေ့မှာမြင်နေရတဲ့လမ်းမတစ်ခုကို လှမ်းကြည့်လိုက်တော့ ရေးကြီးခွင်ကျယ် သင်ခန်းစာတွေ၊ စွန့်ပစ်ပစ္စည်းတွေ၊ ဖြတ်သန်းသွားလာနေကြသူတွေ၊ တရားဝင်စကားလုံးတွေ၊ ကိုယ့်ကိုယ်ကိုယ် မွေးမြူဂုဏ်ယူ



တတ်သူတွေ...၊ လူတွေ...၊ လူတွေကို မနေ့ကထက် ရင့်ရော်စွာ တွေ့လိုက်ရပါ( )ပြီ။ ကဗျာဆရာ 'ဝင်းလွင်' ဖွဲ့ပြနေတဲ့ လူတွေထဲမှာ မိမိနဲ့ မျက်မှန်းတန်း 'သူတွေ ပါဝင်နေသလို၊ မိမိကိုယ်တိုင်ပါဝင်နေတာကိုလည်း ဆင်ခြင်မိ( )လိုက်ပါတယ်။ မပါလို့လည်း မဖြစ်ဘူးလေ။ 'ဝင်းလွင်' ရဲ့ စကားအတိုင်း နောက်တစ်နေ့ထဲမှာ ရှိတယ်ဆိုတဲ့ အနာဂတ်ကို ရှာဖွေရဦးမယ်မဟုတ်လ( )း။

၁၉၉၄ ခုနှစ်၊ မတ်လထုတ် ကဗျာညည့်ခန်းတွေထဲမှာ အလှမှတ်တမ်းတင်နိုင်စရာ( )ဗျာအမျိုးအစား များပြားစွာထဲက **နေမြည်န (ရေနံချောင်း)** ရဲ့ **'သံပတ်( ) သူများအကြောင်း'** နဲ့ ဝင်းလွင် ရဲ့ **'လူများ'** ... အကြောင်းကို ဘာကြော( )မှ မိမိအာရုံကျက်စားမိပါလိမ့်။ ထိုကဗျာဆရာနှစ်ဦးရဲ့ ခံစားမှု (Feeling) နဲ့ ခံစားပုံ (sensibility) ကိုမှ ဘာကြောင့် မိမိဂရုစိုက်မိပါသလဲ။

ကဗျာညည့်ခန်း ဖြတ်သန်းမှုကို ဂရုစိုက်ကြည့်နေကြတဲ့ ပရိသတ်အတွက် အခွင့်ကြုံတုန်း (ထပ်မံ) ပြောပြချင်တာက ယခု မိမိတင်ပြခဲ့တဲ့ ကဗျာနှစ်ပုဒ်ဟာ **'ယခုလအကောင်းဆုံးကဗျာ'** မဟုတ်သလို **'ယခုလအကြိုက်ဆုံးကဗျာ'** ကလ္လာလည်း မဟုတ်ပါဘူး။

ကဗျာဆရာရဲ့ ခံစားမှုကို ပရမ်းပတာ **အစီမှာယ်ဖော်ကြည့်ခြင်း** မဟုတ်သလို ကဗျာဆရာရဲ့ 'ခံစားပုံ' ကို ဉာဏ်ခံတစ်မိုက်– တစ်ထွာနဲ့ အရမ်းဘာသာပြန်ကြည့်တာမျိုးကိုလည်း မလုပ်ဝံ့ပါ။ လုပ်ရန် တာဝန်လည်း မရှိပါ။ သို့သော် ယခု မိမိလုပ်ကြည့်ခဲ့ပါပြီ။

ဘာကို **'လုပ်ကြည့်'** တာလဲလို့ စာဖတ်သူများ ဝေဝေဝါမဖြစ်စေဖို့၊ မိမိအလုပ်ကို မိမိလိပ်ပြာသန့်ဖို့၊ ပဟေဠိမဟုတ်ဖို့၊ အတွေးရှင်းဖို့တော့ လိုအပ်ပါတယ်။ သို့ကလို သတိစိတ်၊ အသိစိတ်နဲ့ မိမိလုပ်ခဲ့တဲ့အလုပ်ကို ပြန်လည်ဆင်ခြင်ကြည့်လိုက်တော့ ဒီဆောင်းပါးရဲ့အထက် တစ်နေရာမှာ နိဒါန်းသွယ်ခဲ့သလိုပါပဲ။

ကဗျာဆရာရဲ့ အဆင့်ဆင့်စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အထသဘာဝကို လေးစားဂုဏ်ပြုဖို့ပဲဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်တယ်ဆိုတာဟာ ပိုက်ဆံမပေးရတိုင်း ဖောဖောသီသီ လုပ်ပစ်လို့မရနိုင်ပါဘူး။ အတွေး



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အနုပညာနဲ့ ရက်ရှယ်ရတဲ့ ကဗျာဗေဒကိစ္စမှာ ပိုပြီးစနစ်ကျဖို့၊ ပိုပြီး ကျစ်လျစ်ဖို့၊ ပိုပြီး စိတ်ဝင်စားဖွယ်ဖြစ်ဖို့ဟာ ခဲရာခဲဆစ်နိုင်လှပါတယ်။ တို့ရေ ရှားရေရှိလှပါတယ်။

ကြားခဲ့ဖူးပြီးသား၊ မြင်ခဲ့ဖူးပြီးသား၊ သိခဲ့ဖူးပြီးသား ကိစ္စမျိုးတွေကို ပီပီပြင်ပြင် ကြားရအောင်၊ ကြည်ကြည်လင်လင်မြင်ရအောင်၊ စူးစူးနစ်နစ် သိရအောင် ဖန်တီးတဲ့နေရာမှာ ခံစားမှုကိုချည်း အားကိုးလို့မရနိုင်ပါဘူး။ ဘယ်လိုခံစားမယ်၊ ဘယ်လောက်ခံစားမယ်ဆိုတဲ့ ခံစားပုံရဲ့ အဓိကလက္ခဏာ တစ်ရပ်ဖြစ်တဲ့ 'ဘာသာစကား' ရဲ့ ပံ့ပိုးကူညီမှုကို မျက်ကွယ်ပြုလို့မရပါ ဘူး။ မခံယူလို့လည်း မဖြစ်ပါဘူး။

ဒါကြောင့် ကဗျာဆရာဟာ...

- သဘာဝတရားကို မြတ်နိုးတတ်သူလို...၊
- လူ့တန်ဖိုးကို လေးစားတတ်သလို...၊
- လူ့ဘဝကို အဓိပ္ပာယ်ရှိစေချင်သလို...၊
- ကြောက်ရွံ့ပူပန်မှုကို စက်ဆုပ်တတ်သလို...၊
- အတွေးအခေါ်နဲ့ ဘာသာစကားဆွံ့ရှားမှုကို မလိုလားသူဖြစ် တယ်။

- ပုဂ္ဂလိက ဘာသာစကားကို စကြဝဠာ ဘာသာစကားအဖြစ် ချဲ့ထွင်လိုသူဖြစ်တယ်လို့ ဒီဆောင်းပါးရဲ့ အထက်နားတစ်နေရာမှာ မိမိ ဆိုခဲ့ခြင်းဖြစ်ပါတယ်။

ဒီအဆိုကို '**နေခြည်န (ရေနံချောင်း)**'ရဲ့ ကဗျာနဲ့ 'ဝင်းလွင်'ရဲ့ ကဗျာက အထိုက်အလျောက် သက်သေပြနိုင်ခဲ့တယ်လို့ မိမိအနေနဲ့ညွှန်း ဆိုခံစားကြည့်ခဲ့ပါပြီ။ မိမိရဲ့ညွှန်းဆိုခံစားမှုကို သဘောထားကွဲလွဲစရာရှိပါ က '**နေခြည်န (ရေနံချောင်း)**' နဲ့ 'ဝင်းလွင်' တို့ရဲ့ ချွတ်ချော်မှားယွင်းမှု မဟုတ်ဘဲ ခံစားသူ မိမိရဲ့တာဝန်သာဖြစ်ပါတယ်။ ခေတ်ပြိုင်ကဗျာဆရာတွေ ကတော့ သူတို့ဖြတ်သန်းနေရတဲ့ ခေတ်၊ သူတို့အသက်ရှင်နေရတဲ့ခေတ်ရဲ့ အတွေး၊ အတွေးပွင့်တွေကို သီကုံးပြီး သက်ရောက်မှုအားကောင်းကောင်း နဲ့ ခံစားပွဲ့ဆိုကြလိမ့်မယ်ဆိုတာ သံသယဖြစ်စရာ လိုမယ်မထင်တော့ပါ ဘူး။



ယခု မတ်လထုတ်မဂ္ဂဇင်း ညွှန်းများထဲက လက်တို့ညွှန်းလိုတဲ့ ကဗျာတွေကတော့...၊

၁။ လူလေ လူလွင့်ရွာရဲ့ရေ (မိုးဝေ) [illegible]
၂။ [illegible] (မောင်မျှထက်) [illegible]
၃။ [illegible] (မောင်သာလင်း) [illegible]

* * *



www.burmeseclassic.com

www.burmeseclassic.com

(ထို့ကြောင့် ကဗျာဆရာသည် မိမိဆန္ဒတစ်ခုတည်းကိုသာ ဖြေဖျော်တတ်သော တစ်ကိုယ်ကောင်းသမားတစ်ဦး ဖြစ်စေရအံ့၊ ခုစရိုက်နှင့် သုစရိုက်ပြွမ်းလျက်ရှိသည့် ကြမ်းတမ်းသော လူ့ဘောင်ထဲတွင် ရုန်းကန်လှုပ်ရှားရင်း အတွေးအခေါ်နှင့် ဘဝအတွေ့အကြုံတို့ကို ရှာကြံရသူဖြစ်ရာ၊ နက်နဲသော ဘဝပိုင်း–အတွေးပိုင်းသို့ရောက်လေလေ၊ အနိဋ္ဌာရုံစံစားမှုကျမ်းများနှင့် ရင်ဆိုင်တွေ့ကြုံရလေလေ ဖြစ်ပေသည်။)

ဒေါင်းနွယ်ဆွေ

'သင်အာကဗျာရေးစည်နည်း'

ယမုန်နာစာပေ၊ ၁၉၆၆ ခုနှစ်မှ။



# ညှော်ခန်းများကို ဖြတ်သန်းခြင်း (၆)

၁၉၉၄ ခုနှစ်၊ ဧပြီလမှာ မဂ္ဂဇင်းရေစိုအဖုံးပေါ်က လှပတဲ့ မော်ဒယ်လ်မလေးတွေကို ငေးမောရင်း ကဗျာညှော်ခန်းတွေထဲ ဖြတ်သန်းလိုက်တော့…၊ အလို ပိတောက်ရနံ့တွေသင်းလို့ ကြိုင်လို့၊ ဝင်းလို့၊ လှိုင်လို့ပါတကား။

မတ်လ၊ ဒုတိယပတ်အကုန်မှာ ဧပြီလဘွဲ့ဖြစ်တဲ့ ပိတောက်အလှကဗျာတွေကို တစ်ယောက်မက၊ နှစ်ယောက်မက သူ့ထက်ငါ လုယက်ကာ ကြိုကြိုတင်တင် တန်းစီဖွဲ့ဆိုပြကြတာတွေ့ရတော့ 'အိမ်း ငါတို့မြန်မာကဗျာဆရာတွေ ပိတောက်ကို ခွဲနပဲနဲ့ သဲကြီးမဲကြီး စောင့်ကြိုပြီးချစ်တတ်ကြပါတကား' ရယ်လို့ (ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို) မိုတိုတိုဟာတာတာကြီး ဖြစ်နေမိပါတယ်။ တတ်နိုင်ဘူးလေ။ ကက်ဆက် (အခွေ) ဆရာတွေလည်း ပိတောက်ကိုချစ်တဲ့ နေရာမှာ ကဗျာဆရာတွေထက် ဖွဲလုံ့လရှိကြပါပေတယ်။ ၉၄ ခုနှစ်အတွက် သင်္ကြန်သီချင်းခွေတွေကို၊ ၉၃ ခုနှစ်ဆောင်းဦးရာသီလောက်ကတည်းက ကြိုကြိုတင်တင်ပြင်ဆင်ပြီးသားဖြစ်နေမှ အခွေဈေးကွက်မှာ တန်ကာကျမယ် မဟုတ်လား။ စာရွက်ဖြူဖြူပေါ်မှာ ကွန်ပျူတာစာလုံးနဲ့ဖြစ်စေ၊ ခဲစာလုံးနဲ့ဖြစ်စေ မှတ်တမ်းတင်ရတဲ့ (လစဉ်ထုတ်/ ပုံမှန်ထုတ်) မဂ္ဂဇင်းဆိုတာ ကက်ဆက်ခွေမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ။ ကက်ဆက်ခွေက ရာသီချိန်ကုန်သွားရင် တိပ်သားထဲမှာရှိနေတဲ့ (အဟောင်း) တွေကို ဖျက်ထုတ်ပစ်ပြီး မိမိနှစ်သက်ရာ (အသစ်) တစ်ခုခုကို ပြန်ထည့်လို့ရတယ်။ အဲ မဂ္ဂဇင်းဆိုတာကတော့ မိမိလက်တစ်ကမ်းမှာ အကြမ်းဖျင်းမြင်တွေ့နေရတာတွေကို သိသလောက်ပြောရရင် စောစောစီစဉ်၊ စောစောဖောင်ပိတ်၊ စောစောပုံနှိပ်၊ စောစောချုပ်၊ စောစောထုတ်၊ စောစောပို့၊ စောစောဖြန့်နိုင်မှသာ မဂ္ဂဇင်းဈေးကွက်မှာ တန်ကာကျမယ် မဟုတ်လား။

အခုလည်း ၁၉၉၄ ခုနှစ်၊ မေလထုတ်သပြေတေး မဂ္ဂဇင်းစောစောဖောင်ပိတ်နိုင်ရေးအတွက် (သကြိန်တွင်း ရုံးပိတ်ရက်များကြောင့်) စာတည်းချုပ်ကြီး 'မှူးသပြေ' နဲ့ တာဝန်ခံစာတည်းဆရာ 'မောင်တည်ငြိမ်' တို့က (**ကဗျာဧည့်စန်းများကို ဖြတ်သန်းသူ**) မိမိအား ပြက္ခဒိန်ကို လက်ညှိုးထိုးကာ နှိုးဆော်နေပါပြီ။

တာဝန်ခံ စာတည်းရဲ့ စားပွဲရှေ့နံရံက ပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ ဒီနေ့မတ်လ (၂၁) ရက်နေ့။

'ဟုတ်ကဲ့... ကျွန်တော့် ကဏ္ဍကို ဒီလကုန်လောက် ပြီးနိုင်အောင်ကြိုးစားပါ့မယ်'

သည်လိုနဲ့ စာအုပ်ဈေးခင်းနဲ့ ရပ်ကွက်ထဲက အငှားဆိုင်လေးတွေမှာစောစောစီးစီး မျက်နှာပြလေ့ရှိတဲ့ '**စောကလျာ**' တို့ '**စေတေးကဗျာ**' '**စောလုံမလေး**' တို့ '**စောအောင်လံ**' တို့ '**စောပန်းဝေသီ**' နဲ့ '**စောသပြေ**' တို့ရှိရာကို အပြေးအပြန်း စုံစမ်းရှာဖွေရပါတော့တယ်။ (သူတို့က စောတယ်လေ) ရှာဖွေစုံစမ်းပုံကိုလည်း ကြည့်ပါဦး။ မေတ္တာလက်ဆောင်တောင်းလို့ရတဲ့ တိုက်မှာ အလိုက်မသိ အားမနာသွားတောင်း၊ တောင်းလို့မရနိုင်တဲ့ မဂ္ဂဇင်းကျတော့ သိက္ခာမဲ့တဲ့ဆိုင်မှာ ခပ်တည်တည်ထိုင်ဖတ်။ ကျေနပ်တဲ့ကဗျာတွေ့ရင် စာအုပ်ဆိုင်ရှင်ကို ခဏခွင့်တောင်းပြီး နီးစပ်ရာ မိတ္တူကူးဆိုင်တွေမှာသွားကူး။ စိမ်ပြေနပြေ စဉ်းစားအားထုတ်ရမယ့် ကဗျာမျိုးကျတော့ အိမ်နားက အငှားဆိုင်မှာ ငွေကြိုပေးပြီး အေးအေးဆေးဆေးငှားဖတ်။ စာအုပ်ဈေးခင်းပေါ်မှာ အလုပြခွင့်မရသေးတဲ့ အချို့မဂ္ဂဇင်းကိုတော့ ခင်မင်ရင်းနှီးရာ မဂ္ဂဇင်းအယ်ဒီတာဆီမှာ မျက်နှာချိုသွေးပြီး...။



'ဆရာတို့ဆီက မထွက်သေးတဲ့ မဂ္ဂဇင်းလေးကို ခဏလောက်ကြည့်ခွင့်ပြုပါခင်ဗျာ' ... ဆိုပြီး အလိုက်ကမ်းဆိုးမသိဘဲ ကဗျာဧည့်ခန်းကို အငမ်းမရလေ့လာ။ မှတ်တမ်းတင်စရာ ကဗျာတစ်ပုဒ်ပုဒ်ကို တွေ့ရင် စာရွက်လွတ်တစ်ရွက်နဲ့ ကသောကမျောကူးမှတ်ပြီး ကြိုကြိုတင်တင် ခံစားလေ့လာထား။ မိမိကြိုတင်ခံစားလေ့လာထားတဲ့ အဲဒီမဂ္ဂဇင်းဟာ 'စည်းကမ်းလိုက်နာ–ဘေးကင်းကွာ' ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဟန်တချီချီနဲ့ ထွက်လာပြီဆိုရင်တော့ ကြိုတင်ခံစားထားတဲ့အတိုင်း မဆိုင်းမဖင့်ဘဲ ကဗျာကသိုဏ်းဖွင့်ပေတော့။ ဖောင်မပိတ်မီ ကလောင်ဘရိတ်မနင်းမိအောင် မောင်းပေတော့။

အဲ... သို့ကလို အလုပ်စခန်းနဲ့ ကဗျာဧည့်ခန်းတွေကို ဖြတ်သန်းရင်း မှတ်တမ်းတင်ခဲ့တာဟာ အခုဆိုရင် ဆဋ္ဌမမြောက်ရှိခဲ့ပါပြီ။ မိမိရင်းနှီးအားထုတ်ရတဲ့ အတိုင်းအတာနဲ့ ကိုယ်ကျိုးစီးပွားကို နှိုင်းစာချိန်ထိုးကြည့်မယ်ဆိုရင်တော့ ဘယ်လိုမှ ချိုမြိန်တဲ့ ရသတစ်ခုမဟုတ်ပါဘူး။ ဒါပေမယ့် မိမိရဲ့ အလုပ်စခန်းနဲ့ ပတ်သက်ပြီး တုံ့ပြန်ရိုက်ခတ်လာတဲ့ ကျေးဇူးစကားများ။ မုဒိတာမှတ်ချက်များ၊ ပီတိလေညှင်းများကို ရှူရှိုက်ခံစားရင်း ဧပြီရဲ့ ကဗျာပြတင်းတွေကို လှပ်ကြည့်လိုက်တော့၊ ရနံ့မသစ်၊ ရှေးရည်မတောက်တော့တဲ့ ဧပြီပိတောက် ရာသီစာကဗျာတွေကို တွေ့ခဲ့ရပါတယ်။ ပိတောက်ပွင့်၊ ပိတောက်ခိုင်တွေကို ကြင်နာစွာဖယ်ရှားပြီး ကဗျာတရားအစစ်နဲ့ ကဗျာစကားအစစ်ကို စူးစူးနစ်နစ် ဖွေလှစ်ကြည့်လိုက်တော့ 'မြားနတ်မောင် မင်္ဂလာမဂ္ဂဇင်း' ထဲမှာ တစ်ပုဒ်မက နှစ်ပုဒ်တောင်မှ ထိတွေ့ခံစားခွင့်ရခဲ့ပါတယ်။

'မြားနတ်မောင် မင်္ဂလာမဂ္ဂဇင်း'ဟာ (ကွယ်လွန်သူ ဆရာအထောက်တော်လှအောင်ရဲ့ စကားကို ခဏငှားပြောရရင်) 'အကြောင်းကြောင်းသောအကြောင်းကြောင်းများကို အကြောင်းပြုပြီးသကာလ' မတ်လမှာ ခဏအနားယူထားပြီး အခု ဧပြီလမှာ အားကောင်းမောင်းသန်နဲ့ စောစောထွက်နိုင်ခဲ့တဲ့ မဂ္ဂဇင်းဖြစ်တယ်။ မထင်မှတ်ဘဲ စောစီးစွာ ဖတ်ခွင့်ရခဲ့တဲ့အတွက် '**စောနတ်မောင်**' လို့တောင် တင်စားရမလိုဖြစ်နေတယ်။

အခုလို အချီးစကားတွေ၊ ဥယျာဇဉ်စကားတွေ၊ နိဒါနကထာတွေ ဖွင့်ပြီး ရှည်လျားပေများနေရတာဟာ အကြောင်းရှိပါတယ်။ မဂ္ဂဇင်းတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘာဝဟာ ဈေးကွက်မှာ အေးစက်စက်ဖြစ်မနေဖို့ ကသောကမျောနဲ့ ဒရောသောပါး လုပ်ကြကိုင်ကြရပေမယ့်...၊ မိမိအနေနဲ့တော့

ကဗျာအလှနဲ့ ကဗျာမှုကို သဘာဝတရားနဲ့ညီအောင်၊ အာဂမ စကားနဲ့လည်း ဖီလာမဖြစ်အောင် ကြိုးစည်အားထုတ်ဖွင့်ဆိုရတဲ့အလုပ်ဟာ ပြက္ခဒိန်ရဲ့ အလိုကိုလိုက်ပြီး လက်ပူတိုက်မိရင် အထိုက်အလျောက် တိမ်း ပါးသွားနိုင်ပါတယ်။ ခံစားမှု လွဲချော်သွားနိုင်ပါတယ်။

ဒါကြောင့် ဒီဆောင်းပါးရဲ့ ထိပ်စည်းမှာ ကိုးကားပြခဲ့တဲ့ ဆရာ ဇေါ်ဂျီတို့လို ... ဒါကြောင့် ဒီဆောင်းပါးရဲ့ ထိပ်စည်းမှာ ကိုးကားပြခဲ့တဲ့ ဆရာ ဒေါင်းနွယ်ဆွေရဲ့ အဆိုအမိန့်အတိုင်းပါပဲ။ ဒုစရိုက်လက္ခဏာတွေ မြှမ်းရော နေတဲ့ လူ့ဘောင်ထဲမှာ ကဗျာကပေးတဲ့ အတွေးအခေါ်နဲ့ ကဗျာဆရာရဲ့ ရင်ခုန်သံကို ရှာကြံခံစားတင်ပြသူ မိမိဟာ နက်နဲသော ဘဝပိုင်းနဲ့ထွေ ပြားသော အတွေးပိုင်းသို့ ရောက်လေလေ၊ ကဗျာရဲ့ အနိဋ္ဌာရုံခံစားချက် များနဲ့ ရင်ဆိုင်ကြုံတွေ့ရလေလေပါပဲ။ အခုလည်း ကြည့်လေ...။

မြားနတ်မောင်မဂ္ဂဇင်းထဲက ကဗျာဆရာ **လှိုင်မွန်(မင်းဘူး)** ရဲ့ **'တို့ရဲ့ရှိခြင်း–မရှိခြင်း'** ကဗျာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါပြီ။

**'ငှားလို့ရရင်**

**ပင်လယ်ကြီးဆီက**

**ဂျာသီလေမုန်တွေ ခဏငှားချင်တယ်'**... တဲ့။

ကဗျာရဲ့အသံဟာ ယော်လိုက်တာလေးနဲ့ ကိုယ်ပိုင်သံစဉ်အေးအေးနဲ့ နွဲ့လေးကို လေးလေးတွဲ့တွဲ့ တီးခတ်ဆိုညည်းပြသလို စတင်ခံစားလိုက်ရပါ ပြီ။ နောက်ထပ်တစ်ကျော့ကို နားစွင့်ကြည့်ပြန်တော့...

**'ငှားလို့ရရင်**

**ရိုးမတောင်တန်းဆီက**

**အမြဲစိမ်းသစ်တောတွေ ခဏငှားချင်တယ်'**... တဲ့။

ကဗျာရဲ့ နရီနဲ့ နဒီလှိုင်းခတ်သလို ထပ်တွန့်သံစဉ်ဟာ အပြောင်း အလဲတော့ မရှိလှပါဘူး။ ဒါပေမယ့် ကဗျာရဲ့ အနက်သဘောတွေကတော့ ပိုပြီး စဉ်းစားစရာ(ခက်ဆစ်)ဆန်လာပါတယ်။ ပင်လယ်ကြီးဆီက အချိန် မှန်တိုက်ခတ်လေ့ရှိတဲ့ ဂျာသီလေမုန်တွေကို ခဏတာမျှငှားချင်သူ။ ရိုးမ တောင်ကြောဆီက အမြဲစိမ်းသစ်တောကြီးကို ခဏတာမျှငှားချင်သူ...။ ဒီလူနောက်ထပ် ဘယ်နေရာက၊ ဘာပစ္စည်းငှားဦးမှာပါလိမ့်။



**'ငှားလို့ရရင်**

**အနာဂတ်ဆီက**

**နိုင်မာတဲ့ ကတိတစ်လုံး ခဏငှားချင်တယ်'**။

ကဗျာဆရာဟာ သူကျောနိုင်းခဲ့တဲ့ အတိတ်နဲ့ သူမျက်နှာမူထားတဲ့ ပစ္စုပ္ပန်တူရူ အရှေ့အနောက်တောင်မြောက်ဝန်းကျင်မှာ တိကျသေချာတဲ့ တရား ပျောက်ဆုံးသွားဟန်တူတယ်။

ဒါကြောင့် ရောက်မလာသေးတဲ့ အနာဂတ်ဆီက နိုင်မာတဲ့ ကတိ တစ်လုံးကို ထပ်ပြီးချေးငှားဖို့ ကြိုးစည်နေပြန်ပါတယ်။ မည်သို့ပင်ဖြစ်စေ၊ အနာဂတ်မှာ တိကျနိုင်မာတဲ့ ကတိသစ္စာတစ်လုံး မြှုပ်နေတယ်ဆိုတာတော့ ကဗျာဆရာက သိနေပုံရပါတယ်။

**'ငှားလို့ရရင်**

**မြောက်ကျွန်းဆီက**

**ပဒေသာပင် ခဏငှားချင်တယ်'**... တဲ့။

ဟောဒီလောက မြေပြင်မှာ သက်ရှင်လူသားရယ်လို့ (နည်းနည်းပါး ပါးမျှသာ) ဖြစ်ထွန်းကာစအာဒိကပ္ပ ကမ္ဘာဦးအစတုန်းက လောဘ၊ ဒေါသ၊ မောဟဆိုတာလည်းမရှိ၊ ကိလေသာ အညစ်အကြေးဆိုတာလည်း မကပ်ငြိ သေးတဲ့ ကာလတစ်ခုရှိခဲ့ဖူးတယ်။ အပိုအလျှံ သိုလှောင်စရာ ဂိုဒေါင်လည်း မလို။ ငွေဖောင်းဖောင်းအစား ရွှေချောင်းများကို သိမ်းဆည်းစရာလည်း အပိုဖြစ်စေတဲ့ ကာလတစ်ခုရှိခဲ့ဖူးတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီကာလ မှာ 'လိုအပ်သမျှ လိုတရ'နေတဲ့ ပဒေသာပင်ကြီးက ပျောက်မသွားသေးဘဲ ထီးထီးမားမားရှိနေတုန်းကို။ အခုတော့ လိုအပ်သမျှ ဘာမှရှာမရတော့တဲ့ ခေတ်ပြိုင်ကဗျာဆရာဟာ မြောက်ကျွန်းဆီက ပဒေသာပင်ကြီးကို ခေတ္တခဏ ငှားချင်တယ်ဆိုတာ သဘာဝကျပါတယ်။ ကိုယ်ချင်းလည်း စာနာမိပါရဲ့။

**'ငှားလို့ရရင်**

**ကောင်းကင်ကြီးဆီက**

**လရောင်၊ ကြယ်ပွင့်နဲ့**

**လွတ်လပ်ကျယ်ပြန့်ခြင်း ခဏငှားချင်တယ်'**

ကနဦးအစတုန်းက အေးအေးနွဲ့နွဲ့လေးလေးတွဲ့တွဲ့လေးနဲ့ စခဲ့တဲ့ ကဗျာရဲ့ (ကိုယ်ပိုင်ဂီတ) သံစဉ်ဟာ ဒီအပိုဒ်မှာတော့ အသက်ရှူသံပြင်းပြင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဖွဲ့စည်းထားသလို ခံစားနားဆင်လိုက်ရပါတယ်။ မိုးကောင်းကင်ကြီးဆီမှာ ရာသီမရွေး တောင်းဆိုရပိုင်ခွင့်ရှိတဲ့ လရောင်၊ ကြယ်ပွင့်နဲ့ လွတ်လပ်ကျယ်ပြန့်မှုအရသာကို၊ မအောင့်နိုင် မစောင့်နိုင်ရှာဘဲ ဘာကြောင့်များ ဈေးဌားချင်ရတာလဲ... ကဗျာဆရာရယ်လို့ မေးခွန်းထုတ်ဖို့ ကြံစည်စိတ်ကူးနေမိုက်မှာပဲ...၊

**'မိတ်ဆွေတို့ရေ**

**အနောက်မြေလတ်ရဲ့**

**ပြန်ပေးနိုင်တာကတော့**

**ကန္တာရဆူးချွန်ချွန်တွေပါပဲကွယ်'** ဆိုတဲ့

ကဗျာရဲ့အဆုံးပိုဒ် ကိုယ်ပိုင်သံစဉ်လေးဟာ ခံစားသူရဲ့ရင်ထဲမှာ တုန်ခါသွားပါတော့တယ်။ ကဗျာဆရာ **လှိုင်မှုန်(မင်းဘူး)** က လက်ဆောင်ပြန်ပေးခဲ့တဲ့ (သို့မဟုတ်) သူဌားရမ်းခဲ့တဲ့ပစ္စည်းပစ္စယတွေရဲ့အစား ပြန်လည်ပေးဆပ်ခဲ့တဲ့ ကန္တာရဆူးချွန်တွေကို မိမိရင်ထဲက နှုတ်ပစ်ဖို့ကြိုးစားကြည့်ပါသေးတယ်။ ဒါပေမယ့် မိမိရဲ့ ကြိုးစားမှုကို ပြက်ရယ်ပြုခဲ့တဲ့ တခြားကဗျာတစ်ပုဒ်ကတော့ ကဗျာဆရာ **'သူရိန်မင်း'** ရဲ့ **'နှင်းဆီဆိုတာ ဆူးနဲ့ပါပဲ ခင်'** ဆိုတဲ့ သံချိုအဖွဲ့ကဗျာလေးပါပဲ။

ကဗျာတစ်ပုဒ်ဟာ မော်ဒန်ဖြစ်စေ၊ တော်လှန်ဖြစ်စေ၊ ခေတ်ဆန်းဖြစ်စေ၊ ခေတ်ပေါ်ဖြစ်စေ၊ မြို့ပြဖြစ်စေ၊ ကျေးလက်ဖြစ်စေ၊ ဦးကြော့ခေတ်ဖြစ်စေ၊ မိုးဝေခေတ်ဖြစ်စေ တကယ့် အနှစ်သာရမှာ ပြုလုပ်ဆောင်ရွက်ဖွယ်ကိစ္စ (၃) ခုမျှသာ ရှိတယ်လို့ ယူဆမိပါတယ်။ အဲဒီ (၃) ခုကတော့...၊

**၁။ သူ့ခေတ်ကို အတု,အစစ် ခွဲခြားပြနိုင်သလား။**

**၂။ ပုဂ္ဂလစိတ္တာန်ကို ဓမ္မစိတ္တာန်သို့ ပို့ဆောင်နိုင်သလား။**

**၃။ သဘာ လက်ာရနဲ့ အတ္တလက်ာရကို သမုဟဖြစ်စေနိုင်သလား။**

ဖော်ပြပါကိစ္စ (၃) ခုထဲက တစ်ခုခုမျှ တာဝန်ကျေရုံဖြင့် ရင်ခုန်ခံစားသူဘက်က ပီတိရင်ဝမ်း ချမ်းမြေ့လှပါပြီ။ အခု ခံစားရတဲ့ 'သူရိန်မင်း' ရဲ့ ကဗျာဟာ ဘယ်အချက်၊ ဘယ်ကိစ္စပေါ်မှာ တာဝန်ကျေခဲ့ပါသလဲ။ ကဗျာအလှ ရှာကြရအောင်။

**'နှင်းဆီကို ချစ်သေမယ်**

**ဆူးကိုတော့ ကြောက်တဲ့ ခင်'**... တဲ့။



စကားပြေဘာဟန် ကန့်ကလျ သံချိုလေးနဲ့ ဆူးကြောက်တဲ့ချစ်သူကို ကလူသလိုမြူသလို သူဖွဲ့ဆိုလိုက်ပါတယ်။ ဒီအဖွဲ့လေးကို နားဆင်ကြည့်လိုက်ရုံမျှနဲ့တော့ ပုဂ္ဂလိက အချစ်ကဗျာဖြစ်မှာပါပဲလို့ မှတ်ချက်ပေးလိုက်ကြမှာပါပဲ။ ခံစားနားဆင်သူ၊ မိမိကိုယ်တိုင်လည်း ဒီလို မှတ်ချက်မျိုးပဲ ပေးဖြစ်ခဲ့ပါတယ်။ ယော– ဒုတိယမြောက်အဖွဲ့အနွဲ့ကို ဆက်လက်ခံစားကြည့်ပြန်တော့။

**'အလှဝန် ရှမငေးခင်ပ**

**ဘဝမှန် သူ့အရေးကိုလ**

**တွေးဆဆင်ခြင်'**

ဆိုပြီး သူရဲ့ ချစ်သူခင်သူကို ယဉ်ယဉ်ကျေးကျေး ဆွေးနွေးပြနေသံကို ကာရန်ပြေပြေ နဘောကျစ်ကျစ်နဲ့ တစ်ထစ်တက်လာတာ တွေ့ရပါတယ်။ လောကမှာ ပန်ဆင်ဖွယ်ကောင်းတဲ့ အလှမြတ်နိုးပွင့်လေးတွေကို မခြွေမိမခူးမိ စူးစမ်းဆင်ခြင်တတ်ဖို့၊ အဲဒီ မြတ်နိုးပွင့်ရဲ့ အရည်အသွေးကို တန်ဖိုးထားလေးစားတတ်ဖို့ တတွတ်တွတ် ပြောနေပုံမျိုးပေါ့။

**'သူ့ကိုထိမှတော့**

**ဆူးငြိလိမ့်အမှန်ပင်**

**ဒါ...**

**သူ့စွမ်းအင် သူ့တန်ခိုး'**... တဲ့။

အဲဒီ တတိယအချီးပိုဒ်အထိတော့ မြန်မာကဗျာလောကမှာ ရှေးဦးမဆွကတည်းက သုသုငါငါဖွဲ့ကြလွန်းလို့ ပွန်းရိကြေမွထောင်းထောင်းထနေတဲ့ 'ဆူး' အကြောင်း၊ 'နှင်းဆီ' အကြောင်းတွေထက်ပိုပြီး (အသံသာရုံမှတစ်ပါး) လတ်ဆတ်တဲ့ ရသကို မခံစားရသေးဘူး။ အဲ... ဒါပေမယ့် ဟောဒီ စတုတ္ထအချီးဖြစ်တဲ့

**'ဒဏ်ဆိုလျှင် ကြင်မလွယ်လှပေမယ်**

**ဝန်လိုချင် ခင်တွယ်ရှာပေါ့**

**ခင်ကြွယ်ဘဝ ဘယ်မညှိုးအောင်**

**အကျိုးဆောင် ဆူးကဲ့မွေးရတယ်**

**(ချစ်သူရယ်)**

**ဒူးလေးတစ်မျိုး'**...



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ နောက်ဆုံးအပိုဒ်မှာတော့ ခံစားသူ မိမိရဲ့အရှိက်ကို လှိုက်ခနဲ ဆွဲခါသွားပါတော့တယ်။ စောစောတုန်းက သာမန်ပုဂ္ဂလိကအချစ်မျှ့လို့ထင်ခဲ့တဲ့ ကဗျာလေးဟာ ကဗျာဆရာ 'သုရိန်မင်း'ရဲ့ အသုံးအနှုန်း အထုံးအဖွဲ့ ပါးနပ်ကျွမ်းကျင်မှုကြောင့် ဓမ္မဓိဋ္ဌာန် လူမှုဘဝဆောင်ထဲကို သိမ်သိမ်မွေ့မွေ့ ရွေ့လျားသွားတာ ခံစားထိတွေ့လိုက်ရပါတယ်။

သို့ကလို ခံစားထိတွေ့မိစေတဲ့ ကဗျာရဲ့အတွေး (သို့မဟုတ်) နိမိတ်ပုံကွင်းဆက်တွေကတော့ ကဗျာဆရာရဲ့ (ချစ်သူ) ဟာ တစ်ယောက်တည်း (ဧကဝုစ်) လား။ အများစု (ဗဟုဝုစ်) လား။ ကဗျာဆရာရဲ့ (နှင်းဆီပွင့်) ဟာ ရုက္ခဗေဒရဲ့ အဆင်တန်ဆာတစ်ခုဖြစ်ရုံ ရုပ်ဝတ္ထုသက်သက်လား။ လူမှုဗေဒရဲ့ စွမ်းအင်တစ်ရပ်ဖြစ်တဲ့ ဒြပ်မဲ့သစ္စာတရားလား။ နှင်းဆီရဲ့ ဂုဏ်သတ္တိကို မညှိုးအောင်အကျိုးဆောင်ရတဲ့ (ဒှူးလေးတစ်မျိုး) ဆိုတာဟာ သစ္စာတရားရဲ့ မာနနဲ့ ရဲရင့်တဲ့ စိတ်ဓာတ်လား။ နှင်းဆီရဲ့ဆူးကို 'ဒှူးလေး' နဲ့ သင်္ကေတပြုပြီး ဖွဲ့ပြလိုက်တော့ ကဗျာဆရာရဲ့ နှင်းဆီဟာ 'မြို့ပြနှင်းဆီ' တော့ မဖြစ်နိုင်ပါဘူး။ 'ရိုးသားတဲ့မိုးစွား' တို့ ပျော်မွေ့ရာ 'ရိုးမနှင်းဆီ' ဒါမှမဟုတ် 'တောလက်ရဲ့ သစ္စာတရား'လား။ ဒါတွေဟာ ကဗျာခံစားသူဘက်က အခြေခံကျကျ စဉ်းစားတွေးခေါ်ကြည့်နိုင်တဲ့ ခေတ်ပြိုင်ကဗျာတစ်ပုဒ်ရဲ့ နိမိတ်ပုံအတွေးကွင်းဆက်တွေ ဖြစ်တယ်။

ဒါကြောင့် ခပ်စောစောတုန်းက ကဗျာဆရာ လှိုင်မွန် (မင်းဘူး) လက်ဆောင်ပြန်ပေးခဲ့တဲ့ ကန္တာရဆူးချွန်ချွန်တွေကို ရင်ထဲက ဆွဲနှုတ်ပစ်ဖို့ ကြိုးစားခဲ့တဲ့ မိမိဟာ 'သုရိန်မင်း'ရဲ့ 'နှင်းဆီဆိုတာ ဆူးနဲ့ပါခင်'ကို ဖတ်ရှုခံစားအပြီးမှာ 'ဆူး' တွေကို ချစ်ရကောင်းမှန်း၊ လေးစားရကောင်းမှန်း ပိုသိလာပါတယ်။

အခု ပြောပြခဲ့တဲ့ကဗျာနှစ်ပုဒ်ဟာ မြားနတ်မောင်မဂ်လာမဂ္ဂဇင်းမှာ ပါတဲ့ 'ဆူးနှစ်ချောင်းပြဿနာ' ဖြစ်ပါတယ်။ လှိုင်မွန်ရဲ့ ဆူးက အပူပိုင်းရပ်ဝန်းဒေသရဲ့ ဒေါသကန္တာရဆူးပင်မျိုးဖြစ်ပြီး၊ သုရိန်မင်းရဲ့ဆူးဟာ နှင်းဆီရဲ့ဘဝဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်နေတဲ့ ဒှူးလေးလို ဆူးသွေးဆူးမာန်မျိုးဖြစ်တယ်။ သူ့အပင်နဲ့ သူ့ဆူးနဲ့တော့ ထူးခြားတဲ့ စွမ်းရည်တွေ ကိုယ်စီရှိနေတယ်။ ဘယ်သူ့ဆူးဟာ ဘယ်နေရာ ဘယ်ကဏ္ဍမှာ...၊



၁။ သူ့ခေတ်ကို စူးစူးနစ်နစ်တင်ပြနိုင်တယ်။

၂။ ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန်ထဲရောက်အောင် ပို့နိုင်တယ်။

၃။ အသံနဲ့အနက်ကို ဟန်ချက်မပျက်အောင် ဖန်တီးနိုင်တယ်...

ဆိုတာ ဒီနေရာမှာ မိမိတစ်ဦးတစ်ယောက်တည်းအမြင်နဲ့ မညွှန်းဆိုလိုတော့ပါဘူး။ ကဗျာခံစားသူအားလုံး ကိုယ်သန်ရာအမြင်၊ ကိုယ်မင်ရာရှုထောင့်မှ ဘဝအခြေခံကျကျ စဉ်းစားတွေးခေါ်ပြီး ကဗျာအလှ မွေ့ရာကြဖို့ ဆေးနာ တစ်စကို နှီးဆွခဲ့ဟဲ့ရစေ...။

ကဗျာစာဆိုပဲဖြစ်ဖြစ်၊ ကဗျာကို ခံစားရင်ခုန်လိုသူပဲဖြစ်ဖြစ် အသက်အရွယ်အရ၊ အတွေ့အကြုံအရ ကြမ်းတမ်းတဲ့ လောကထဲမှာ လှုပ်ရှားရုန်းကန်ရင်း ဘဝနဲ့ရင်းပြီးပေးဆပ်ခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေတော့ ကိုယ်စီကိုယ်င ရှိကြမှာပါပဲ။ သို့ကလို အတွေ့အကြုံများကို မလွဲသာ မရှောင်သာ ရင်ဆိုင်ကြရင်း နက်နဲတဲ့ ဘဝရဲ့ အတွင်းပိုင်းကို ရောက်လေလေ အနိဋ္ဌာရုံ ခံစားချက်များနဲ့ ခါးသက်တဲ့အရသာများကို ကိုယ်စီကိုယ်င ခံစားကြရမှာပါပဲ။ မည်သို့ပင်ဖြစ်စေ ကွယ်လွန်သူကဗျာဆရာကြီး 'ဒေါင်းနွယ်ဆွေ' ရဲ့

**(တမာရွက်သည် ခါးသက်သော်လည်း ညက်အောင် ဝါးသော အခါ အခါးထဲတွင် ချိုသောအစေးရှိလေသည်။ လူ့ဘဝ၏အကောင်း အဆိုးတို့နှင့် အထုံးအဖွဲ့တို့ထဲတွင် အောင်နိုင်ခြင်းများ တွေ့ရှိရတတ်လေသည်။)**

လို့ဆိုတဲ့ ကဗျာအတွေးအခေါ်တစ်စကို ဘဝဒါနဖြန့်ဝေရင်း...၊ ဒီလ လက်တို့ပြီးညွှန်းလိုတဲ့ ကဗျာလေးတွေကတော့...၊

၁။ 'စုပ်ရှင်' သုခမိန်လှိုင် (ရုပ်ရှင်ထေးကဗျာ)

၂။ 'ဦးခေါင်းပါတဲ့ မိုးတိမ်များ' မြင့်မိုရ် (နှင်းဆီမဂ္ဂဇင်း)

၃။ 'တန်ခိုးသစ် သိအိုရီ' သန့်ဇင်အေး (ရွှေဝတ်မှုန်မဂ္ဂဇင်း)

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

'မကောင်းသောအရာကို ကောင်းလာအောင် ကောင်းပြီးသော အချက်ကို ပိုမို၍ ကောင်းအောင် ပြုပြင်လို၍ စာပေတို့စစ်ဆေးလျှင် (Destructive Criticism) ဖျက်ဆီးအံ့သော သဘောမျိုးမြင်မပြုဘဲ (Constructive Criticism) ပြုပြင်အံ့သော ဆန္ဒဖြင့် အတဲပြတ်၍ သုံးသပ်ကာ ဆောင်ရွက်အပ်ကြပေတော့သတည်း။

(ဒေါက်တာလှပေ)

'မြန်မာစာပေညွှန်စာတမ်း' မှ



# ညွှန်ခန်းများကို ဖြတ်သန်းခြင်း (၇)

လစဥ်ထုတ်မဂ္ဂဇင်းတွေမှာ ဖတ်ရှုခံစားနေတဲ့ ခေတ်ပြိုင်ကဗျာလေးတွေကို (ကလောင်ကြီး၊ ကလောင်ငယ်) မခွဲခြားဘဲ နိဝါတ တရား၊ ဂါရဝ တရား၊ မုဒိတာ တရားနဲ့ ဆစ်ပိုင်းထုတ်နုတ်ပြခဲ့တာ မကြာလှသေးပါဘူး။ ရေးသားခဲ့သမျှ ဆောင်းပါးတွေထဲမှာလည်း မိမိကပေးတဲ့ အတွေးရှုထောင့်နဲ့ ကဗျာခံစားသူများဘက်က နှစ်သက်လက်ခံတဲ့ အာရုံဟာ ဝိဝါဒကွဲပြားနိုင်တဲ့အကြောင်း။ မိမိလက်တို့ညွှန်းဆိုမိတဲ့ ကဗျာဟာ ယခုလအတွင်းထွက်သမျှ မဂ္ဂဇင်းတွေထဲက အကောင်းဆုံးဟု မယူဆစေလိုကြောင်း။ မိမိရဲ့ နှလုံးဟဒယမှာ ဖျိုးဖျိုးဖျပ်ဖျပ်လာရောက်ကပ်ငြိတဲ့ ကဗျာလေးတွေကိုသာ မိမိရဲ့ အတ္တနောမတိအရ ရွေးချယ်မိကြောင်း။ ဒါကြောင့် အယူအကောက် အထောက်အခံ ဟန်မကျခဲ့လျှင် အညွှန်းခံကဗျာလေးတွေမှာ အပြစ်မရှိဘဲ မိမိရဲ့ ချွတ်ချော်တိမ်းပါးမှုသာ ဖြစ်နိုင်ကြောင်း အလျဥ်းသင့်သလိုတင်ပြခဲ့တယ်။

သို့ကလို ကြိုကြိုတင်တင် တွေးတွေးဆဲဆ ဖော်ပြဖြစ်ခဲ့တာဟာ အကြောင်းရှိပါတယ်။ အဲဒီအကြောင်းကတော့ မလိုလားအပ်တဲ့ မမှုယ်မရာတုံ့ပြန်မှုမျိုးတွေ၊ မလည်ရှုပ်လုပ်တတ်တဲ့ မဟုတ်မဟပ် ပုတ်ခတ်စော်ကား

www.burmeseclassic.com

မှုမျိုးတွေ၊ အဟာပုရိသော–ငါတကောကောပြီး ထင်ရာမြင်ရာ ပြောတတ်တဲ့ စရိုက်သဘာဝဆိုးတွေကို ကြုံဖူးကြားဖူးခဲ့လို့ပါပဲ။ သပြေတေးမဂ္ဂဇင်းမှာ မိမိလုပ်နေတဲ့ '**ညှော်ခန်းများကို ဖြတ်သန်းခြင်း**' အလုပ်ဟာ ပညာရှင်အလုပ် မဟုတ်ပါ။ ကဗျာသုတေသန ကျွမ်းပြွအလုပ်မဟုတ်ပါ။ **ယောနိသောမနသိ** ကာရ တရားနဲ့အညီ သင့်တင့်စွာ နှလုံးထားပြီး ကဗျာတွေကို ခံစားကြည့်တဲ့ အလုပ်ဖြစ်ပါတယ်။ ကဗျာနဲ့ ကဗျာခံစားသူများရဲ့အကြားက အနီးအဝေး အနိမ့်အမြင့်(ဆက်ထုံး) များကို အတတ်နိုင်ဆုံး ပြေပြေချောချောဖြစ်အောင် ဆွေးနွေးညှိနှိုင်းကြည့်တဲ့ အလုပ်ပဲဖြစ်ပါတယ်။ မိမိရဲ့ 'အလုပ်' ကိုလည်း ကုသိုလ်တရားပွားများခြင်းလို့ နှလုံးသွင်းမိပါတယ်။ ဘယ်လိုပဲ ကုသိုလ် တရား ပွားများပွားများ '**ကြေးစည်တီးလျှင် ဓွေးအူ၊ ကုသိုလ်ယူလျှင် မာရ်နတ်ရောက်**' တတ်တယ်ဆိုတဲ့အဖြစ်ဟာ ရှောင်လွှဲလို့ရနိုင်တဲ့ ကိစ္စ မျိုးတော့မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ ၁၉၉၄ ခုနှစ် ဖွန်လထုတ် မဂ္ဂဇင်းတစ်စောင်မှာ မိမိရဲ့အလုပ်ကို '**ညှော်ခန်းဆောင်ထဲက တရားခံ**' လို့ ကယောင်ကတမ်း ကလောင်သရမ်းထားတဲ့ စာတစ်ပုဒ်ကိုတွေ့လိုက် ရလို့ပါပဲ။ ယခု မိမိရေးနေတဲ့ ဆောင်းပါးဟာ ညှော်ခန်းတွေထဲက ကဗျာ အလှကို ရှာပြဖို့အလုပ်သာဖြစ်ပါတယ်။ အသိမ်အဖျင်း အကင်းအမှော်စကား တွေကို ပြန်လည်ဖြေကြားဖို့ သပြေအယ်ဒီတာများကလည်း အားမပေး၊ စာမျက်နှာကလည်း ခွင့်မပြုပါဘူး။

ဒါပေမယ့်…

'**ကဗျာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများအယွင်းကင်းစွာ ကဗျာကောင်းများကို ဆက်လက်ရေးသားညွှန်းဆိုတော်ပြနိုင်ပါစေ**'

လို့ဆိုခဲ့တဲ့ ထိုစာရေးသူ ပုဂ္ဂိုလ်လေးရဲ့ လမ်းညွှန်မှုကိုတော့ ဘယ်လိုပဲဖြစ် စေ၊ သာဓုခေါ်ရမှာပဲ။ မိမိဘက်က ထိုပုဂ္ဂိုလ်မျိုးလေးတွေကို စေတနာလက် ဆောင် ပြန်ပေးချင်တဲ့ စကားတစ်ခွန်းကတော့ သန့်ရှင်းစင်ကြယ်တဲ့အတွေး၊ ယဉ်ကျေးသိမ်မွေ့တဲ့ နှလုံးသားနဲ့ ကဗျာကောင်းလေးတွေကို ဖတ်ရှုခံစား တတ်ပါစေ ဆိုတာပဲဖြစ်တယ်။ ဒီထက်ပိုပြီး မပြောလိုပါဘူး။ လူဆိုတာ ငယ်သူပဲဖြစ်စေ၊ ကြီးသူပဲဖြစ်စေ အာယာတစိတ်၊ မစ္ဆရိယစိတ်၊ ငါမှတစ် ပါးအားလုံးမှားကြဆိုတဲ့ အတ္တစိတ်၊ မာနစိတ်၊ ဒေါသစိတ်စတဲ့ စိတ်အညစ် အကြေးတွေကို မွေးမြူတတ်တဲ့ ပုထုဇဉ်သဘာဝရှိတတ်ကြတယ်။ ငယ်သူ



လည်း ငယ်သူမို့ လော်လည်လှုပ်ခတ် ရုပ်ဓာတ် နာမ်ဓာတ်တို့ရဲ့အပြောင်း အလဲကို မရှုမှတ်နိုင်သလို၊ ရွယ်အိုကြီးရင့်သူများဟာလည်း 'ဆံပင်ဖြူပြော၊ သွားလည်းကျိုးမြောက်၊ ခါးကျောက်ကုန်းခွေ၊ အရေတွန့်လျက်၊ ကွမ်းရွက် လိုအကျော၊ ငေါငေါရိုးပေါ်၊ ယွင်းယော်သည်တရေး၊ တောင်ဝှေးဆွဲကိုင်၊ ယိုင်ယိုင်ယွင်းအို၊ သူအိုရွယ်ဖြစ်လင့်ကစား၊ ပျော်ပါးရွှင်ပိုက်၊ စိတ်အလို လိုက်၍…' လို့ဆိုခဲ့တဲ့ ရှင်ဥတ္တမသမာလာ ဆရာတော်ကြီးရဲ့ မေတ္တာစာထဲက အတိုင်း ထင်ရာစိုင်းတတ်ကြပါတယ်။

လူဟာ အပေါ်ယံမှာသာ အမှန်တရား ဝတ်ရုံကိုမြင်ကောင်းအောင် လွှမ်းခြုံတတ်ပေမယ့် အတွင်းအစွန်း(မနော)ထဲမှာ တော့မနာလို မရှုစိမ့်မှု တွေ၊ ရန်ရှာဖျက်ဆီးလိုမှုတွေ၊ မုဒိတာခေါင်းပါးမှုတွေ တဖွားဖွားနဲ့ ကြိတ် မနိုင်ခဲမရဖြစ်တတ်ကြပါတယ်။ မိမိကတော့ ဘယ်လိုလဲ… ?

သို့ကလို စရိုက်သဘာဝရှိတဲ့ လူ့စိတ်သဏ္ဌာန်ကို ထင်ဟပ်ဖော်ကျူး ဖွဲ့ဆိုပြခဲ့ကြတဲ့ ကဗျာကောင်းလေးတွေအကြောင်း ပြန်ပြောင်းစဉ်းစားကြည့် မိတဲ့အခါတိုင်း၊ ဆရာဇော်ဂျီရဲ့ ဗေဒါလမ်း ကဗျာစုထဲက '**ပန်းနဲ့သည်ပဲ**' လို့ အမည်ပေးထားတဲ့ ကဗျာလေးဟာ မဆိုင်းမတွဘဲ မိမိရဲ့အမှတ်သညာ တရားထဲကို အလိုလိုဝင်ရောက်လာတတ်ပါတယ်။

**'သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ။**
**ဘယ်ပြောင်း ညာပြန်နဲ့**
**ဟိုပျော့လတာ ခွန်းမှာ၊ သူ့ ရွှမ်းဟန်ချည့်။**
**… … … …**
**အို အချင်းကျူရိုးရှင်။**
**သူ့မှုယာ သူ့အတင်း၊ မင်းဆိုနဲ့ဦး။**
**မင်းကိုလဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ။**
**မဗေဒါ စုန်ဆန်လမ်းမှာ၊ ပန်းနဲ့သည်ပဲ'** တဲ့

ဆရာဇော်ဂျီဟာ 'ငါ့အတွက် ငါတကော ကောနေကြတဲ့ လောက' ကို အေးကရပ်ကြည့်ပြီး သူ့ကိုယ်သူ ဘာထင်မှန်းမသိရှာတဲ့ လတာစွန်းက ပျော့လေးကို မေးခွန်းထုတ်မိပါသတဲ့။ မေးခွန်းထုတ်ပြီး နှစ်ရက်မျှအကြာမှာ 'သူတစ်ပါးကိုသာ ငါကကဲ့ရဲ့ချင်ရသည်မှာ၊ ငါကကော ငါ့ကိုယ်ငါ ဘာ ထင်နေလို့လဲ' ဆိုတဲ့ ဘဝအသိကို ရရှိလာပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကျိုရဲ့ အပလောကကို ရှုမြင်ပုံ၊ မိမိစိတ်ကို မိမိစောင့်ကြည့်တတ်ပုံ ကိစ္စမျိုးဟာ လွယ်မယောင်နဲ့ ခက်ပါတယ်။ များမယောင်နဲ့ ရှားပါတယ်။ ကဗျာဆိုတာ ဆုံးမစာမဟုတ်ပေမယ့် ကဗျာဆရာရဲ့ စိတ်ခံစားမှုထဲက မွေးဖွားလာတဲ့ ဘဝအသိနဲ့ သတိတရားတွေဟာ ကဗျာခံစားသူတွေအတွက် (ယူတတ်လျှင်) တန်ဖိုးရှိလှပါတယ်။ လူအကြောင်း လူ့စိတ်အကြောင်းကို ဖွဲ့ဆိုခဲ့ကြတဲ့ ကဗျာအမျိုးအစားတွေဟာ မြန်မာကဗျာလောကမှာ များလှပါပြီ။ များပင်များသော်လည်း ရိုးအိသွားတယ်လို့ ဘယ်တော့မှ မရှိတဲ့ လူ့သဘာဝအဖွဲ့ကဗျာနှစ်ပုဒ်ကို ၁၉၉၄ ခုနှစ်၊ ဇွန်လထုတ် ကလျာမဂ္ဂဇင်းမှာ ခံစားခွင့်ကြုံရပြန်ပါပြီ။ တစ်ပုဒ်ကတော့ ကဗျာဆရာ 'နှောင်'ရဲ့ **'အကန့်များ'**ထဲက လူ့သဘာဝအဖွဲ့ဖြစ်ပါတယ်။ ခံစားကြည့်ကြရအောင်။

**လူ့ဘဝသည်ကား**
**သလဲသီးမှည့်ပမာ**
**ရယ်စရာကလေးများ**
**အလွှားလိုက် အကန့်လိုက်**
**ကြိုကြိုက်ခဲ့စူး၊ ဆုံခဲ့စူးအံ...။**

ဆရာ 'နှောင်' ဟာ လူ့ဘဝရဲ့ စရိုက်အသီးသီးကို လှနဲ့နီးတဲ့ သလဲသီးလုံးတစ်လုံးထဲက အစိအရီအလွှားလိုက် အကန့်လိုက်ပုံပန်း ဖြစ်ပေါ်နေကြတဲ့ သလဲသီး သေးသေးမွှားမွှားလေးများနဲ့ နှိုင်းနှိုင်းပြလိုက်ပါတယ်။ ဘဝအသီးသီး၊ စရိုက်အထွေထွေကို ကိုယ်စားပြုထားတဲ့ သလဲသီး အလွှာအကန့်ကလေးများကိုကြည့်ပြီး **'ရယ်စရာကလေးများ'** လို့ ဆိုဖွဲ့လိုက်တာကတော့ ကဗျာဆရာရဲ့ ဘဝင်အမြင်တစ်ရပ်ပေါ့။

**ထိုတစ်ဦးမှာ**
**ရောအသက်ကြီးပြီး**
**အရက်အမြည်းကလေးနဲ့ အစဉ်နေ**
**ဒါပေမယ့် ထိုသူ**
**ဘယ်သူဘာပြော၊ ပြောချင်ရာပြော**
**အပေါ်ယံသိကာ၊ ပြောသမျှသည်းခံ**



**မြန်မကြည့်၊ မာန်မရှိ**
**ပကတိတည်ငြိမ်၊ ကျေနွေ့အပြည့်။**

သလဲသီးအကြောင်းကနေ အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ လူအိုကြီးတစ်ယောက်ဘက်ကို ကဗျာကွက်ပြောင်းကာ မီးမောင်းထိုးပြပြန်ပါတယ်။ ကဗျာဆရာ ညွှန်ပြနေတဲ့ ရောမျက်ဆီးလို့ သက်ကြီးရွယ်အိုဖြစ်နေရှာတဲ့ ထိုလူကြီးဆီကို ငေးကြည့်လိုက်တော့ အေးဆေးတည်ငြိမ်တဲ့ အသွင်သဏ္ဌာန်၊ ခန္ဓာပါရမီရင့်သန်တဲ့ ပုံပန်းနဲ့ သူ့လမ်းသူလျှောက်နေတာတွေ့ရပါတယ်။ ဘယ်သူတွေ ဘာပြောပြော လောကဓံကိုကြံ့ကြံ့ခံနေတဲ့ ထိုလူကြီးမှာ အပူမီးတွေ ငြိမ်းသတ်ပြီးစီးနေပေမယ့် **'အရက်အမြည်းကလေးနဲ့ အစဉ်နေ'** တာဟာဖြင့် ထူးခြားတဲ့ အသွင်လက္ခဏာတစ်ရပ်ပါပဲ။ ကဗျာဆိုတာ ပုံဆောင်မှု၊ အရဲ့အကားပြောဆိုမှု၊ ယုတ္တိဗေဒနဲ့ ကင်းလွတ်မှုစတဲ့ အနုပညာ မာယာသဘောရှိတတ်ပါတယ်။ ဒါကြောင့်... 'အရက်အမြည်းကလေးနဲ့အစဉ်နေ'ဆိုတဲ့ အဖွဲ့ဟာ လူရဲ့သံသရာကိုဖက်တွယ်မှု၊ ပစ္စုပ္ပန်တည့်တည့်ကို ရှေးရှုမှု၊ ဖြစ်တည်မှုကိုမြတ်နိုးမှုဆိုတဲ့ နိမိတ်ပြလက္ခဏာတွေလားလို့ ဆင့်ပွားစဉ်းစားနိုင်ကြပါတယ်။

**အဲ-တစ်ဦးကျ**
**ထူးလှပါဘိ**
**လက်မှာကြည့်၊ ပုတီးတကားကား**
**သူ့နှုတ်ဖျားက၊ ဘုရား... ဘုရား**
**တရားရှာသူ၊ အမှုငြိမ်းအေး**
**အေးတစ်ခွက်သောက်သူ၊ ထိုသူပါပဲ**
**အထာမကျ၊ စကားစများ**
**လှဲမှားပြောမိ၊ ခွန်းငြိုရင်ပဲ**
**အသည်းထတ်တုန်ဝါ**
**သုန်မှုန်စရာ၊ အာယာတနှင့်**
**ဒေါသစေမွှား**
**အသားလာထိ၊ ဓားသာကြည့်... တဲ့။**

လူ့ဘဝရဲ့ အကန့်တစ်ကန့်၊ အလွှာတစ်လွှာ၊ အမြွှာတစ်မြွှာထဲမှာတော့ ရမ္မက်မရှိ၊ အမျက်မရှိ၊ အရက်မရှိနဲ့ (အပေါ်ယံအမြင်မှာ) ပကတိ



www.burmeseclassic.com

www.burmeseclassic.com

အပူငြိမ်းအေးနေတဲ့ လူသားတစ်ဦးကို တွေ့မြင်ကြရမှာဖြစ်တယ်။ ဘုရားအရိပ်မှာ တရားစိတ်နဲ့ တိတ်တိတ်ကလေး ငြိမ်သက်နေတဲ့ လူသားလို့ ထင်ရဟန်ရှိပါတယ်။ ဒါပေမယ့် အဲဒီ လူသားဟာ **'ငါနဲ့မတူ–ငါ့ရန်သူ'** ဆိုတဲ့ ခံယူချက်နဲ့ သူ့အစွမ်းထဲမှာ အာဃာတ တရားတွေ၊ ဒေါသစားတွေကို ပြုံးပြုံးပြောင်ပြောင်၊ ထိုးထိုးထောင်ထောင် ဖြစ်နေတတ်တာကို ကဗျာဆရာက လှပ်ပြလိုက်ပါတယ်။

ပြရုံသက်သက်ပါပဲ။ အဆုံးအဖြတ်နဲ့ စီရင်ချက်ချမှတ်တဲ့ တရားသူကြီး အလုပ်မျိုးကို ကဗျာဆရာက လုပ်မပြခဲ့ပါဘူး။ ဖော်ပြပါဆရာ 'နောင်' ရဲ့ ကဗျာတစ်ပုဒ်လုံးမှာ ကဗျာဖတ်သူရဲ့ ခံစားလိုစိတ်ကို နှိုးဆွပေးနိုင်ခဲ့တဲ့ စကားအသုံးအနှုန်း အထုံးအဖွဲ့လေးတွေကတော့ (**လူ့ဘဝသည်ကား၊ သလဲသီးများပမာ၊ ရယ်စရာကလေးများ...**) စတဲ့အဖွဲ့။ (**ဈေးအသက်ကြီးပြီး၊ အရက်အမြည်းကလေးနဲ့ အစဉ်နေ...**) ဆိုတဲ့အပြော။ (**သူ့နှုတ်များက၊ ဘုရား ဘုရား၊ တရားရှာသူ၊ အပူငြိမ်းအေး...**) ဆိုတဲ့အပြ။ ထိုအဖွဲ့၊ ထိုအပြော၊ ထိုအပြတွေဟာ ညွှန်းဆောင်များကို ဖြတ်သန်းရင်း ခံစားလိုက်ရတဲ့ မိမိရဲ့ အတွေ့အကြုံနောမတိ အယူအကောက်မှုသာလို့ ပြောလိုက ပြောနိုင်ပါတယ်။ ကဗျာဖတ်သူများဘက်က အတွေ့အကြုံအရ၊ ရင်ခုန်မှုဖြစ်–မဖြစ်၊ အံဝင်ခွင်ကျရှိ–မရှိ၊ အတွေးထောင့်ချင်းတူ–မတူဆိုတဲ့ ပြဿနာကိုတော့ မှတ်အမှေ့ညှိယူလို့မရနိုင်သလို လျစ်လျူရှုထားလို့လည်း အကောင်းဆုံးအဖြေကို အလိုလိုရရှိလာမယ် မဟုတ်ပါဘူး။ သည်တော့ကာ 'ကဗျာ' နဲ့ 'ကဗျာခံစားသူများ' ရဲ့ စပ်ကြားမှာ တံတားခင်းဆက်သွယ်ပေးရတဲ့ အလုပ်ဟာ စာအုပ်စင်ကို ဖုန်သုတ်သလို၊ အုတ်နံရံကို ထုံးသုတ်သလို လက်လှမ်းမီရာ ကောက်ကာင်ကာ ထလုပ်လို့ ဖြစ်နိုင်တဲ့ အလုပ်မျိုးမဟုတ်ပါဘူး။

သို့ကလို မလွယ်တဲ့အလုပ်ကို စဉ်းစားနေရင်း လူ့စိတ်အကြောင်းကို ဖွဲ့ဆိုတဲ့ ကဗျာတစ်ပုဒ်နဲ့ ရုတ်တရက် တွေ့လိုက်ရပြန်ပါတယ်။ ဆရာ **'သိန်းသန်းထွန်း'** ခံစားပြတဲ့ **'စံပယ်ရောင် ဆံပင်လှသူ'** ကဗျာလေးဟာ မိမိကို ပြုံးကြည့်နေပါတယ်။

> **ကိုယ် အိုမင်းပြီကောတဲ့**
> **ပန်းဖူးတွေက ပြောကြတယ်။**



> **ပန်းပွင့်တွေကတော့ မပြောဘူး**
> **ကိုယ့်မော့ကြည့်နေတယ်...။**

မျက်မှန်ကို ပါဝါတွေထပ်တိုးပြီး ဆံပင်ဖြူတွေကို ဆေးမည်းဆိုးနေရတဲ့ တတိယအရွယ်ထဲကို တဖြည်းဖြည်း နယ်ကျော်ဝင်ရောက်လာနေသူ (မိမိ) အား ရည်ညွှန်းပြောလိုက်တာလားလို့ လန့်ဖျပ်သွားပါတယ်။

'ကိုယ် အိုမင်းပြီကော' ... လို့ ပြောသူဟာ ပန်းဖူးလေးတွေသာဖြစ်ပြီး 'ပန်းပွင့်တွေကတော့ မပြောဘူး' ... တဲ့လေ။ ဟုတ်ပေတာပေါ့။ ပန်းဖူးလေးတွေဟာ ပျိုမြစ်ဖို့အားယူနေကြတဲ့ အရွယ်ဖြစ်ပြီး ပန်းပွင့်တွေကတော့ အိုချိန်မှာ ဘယ်လိုနေမလဲ၊ ဘယ်လိုသေမလဲလို့ ပြင်ဆင်နေကြရတဲ့ နေညိုချိန်မဟုတ်လား။ ပန်းဖူးလေးတွေအတွက် မိမိဘက်က ပြန်ပြောချင်တဲ့ စကားတစ်ခွန်းကို ကဗျာဆရာက အလိုက်သိစွာဝင်ပြောပေးလိုက်တဲ့ အပိုဒ်ဟာ ကဗျာနဲ့ ကဗျာခံစားသူ (မိမိ) ရဲ့ အတွေးထောင့်တို့ တကာယ့်ကို တစ်ဖြောင့်တည်း–တစ်ပြေးတည်း ကွက်တိဖြစ်သွားပါတယ်။ ကြည့်လေ...။

> **စံပယ်ရောင် ဆံပင်လှရုံနဲ့**
> **အိုရရောလားကွယ်။**
> **ကိုယ်စနွော ရင်ကျက်ခြင်းကို**
> **အိုမင်းခြင်း ထင်ဘူးကွယ်။**
> **စိတ်စနွော ရင်ကျက်ခြင်းကို**
> **အိုမင်းခြင်း ထင်ဘူးကွယ်။**
> **စိတ်နွော အိုမင်းမှ**
> **အိုရခြင်း ကိုယ်ထင်တယ်။**
> **ကိုယ် မအိုဘူး**
> **ပန်းဖူးတွေကို ပြောလိုက်တယ်**
> **ပန်းဖူးတွေက ရယ်နေတယ်...**

ဆိုတဲ့ အပိုဒ်ဟာ စကားလှသလောက် တရားလည်းလှတဲ့၊ သဒ္ဒါလင်္ကာရ သွက်သလောက် အတ္ထာလင်္ကာရလည်း နက်တဲ့ အဖွဲ့အနွဲ့ဖြစ်ပါတယ်။

ဈေးရဲ့ အမှတ်အသားဖြစ်တဲ့ ငွေမင်းရောင်ဆံပင်ဖြူကီစွကို (**စံပယ်ရောင် ဆံပင်လှရုံနဲ့၊ အိုရရောလားကွယ်**) လို့ ဖွဲ့ပြလိုက်တာဟာ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာရဲ့ ဘာသာစကား ကျွမ်းကျင်လိမ္မာမှုနဲ့ အနုပညာ ကျစ်လျစ်သိပ်သည်းမှု နည်းနာကောင်းတွေကို ဥပေက္ခာပြုထားလို့ မရနိုင်လောက်အောင်ပါပဲ။ ဆရာသိန်းသန်းထွန်းရဲ့ ကဗျာမှာ တရားကိုယ်ရဲ့ အရေးပါမှုကို အသံက အထောက်အပံ့ပြုနေကြောင်း ပိုပြီးသိသာထင်ရှားစေတဲ့ အပိုဒ်ဟာ

**ပန်းရုံတစ်ခွင်**
**ကိုယ်ဝင်သွားတယ်...။**
**ရင်ကျက်တဲ့ လက်လှုပ်ကာ**
**ကဗျာတစ်ပုဒ် ရေးလိုက်တယ်။**
**ရင်ကျက်တဲ့ နှုတ်ခမ်းရွေးနဲ့**
**ကဗျာတေးဆိုလိုက်တယ်။**
**ပန်းရုံ တစ်ခုလုံး**
**ကိုယ့်တေး ပြုံးဆိုကြတယ်။**
**ပန်းဖူးတေးသံ**
**ရွှင်မြူးလျှံနေတယ်...**

လို့ ဆိုထားတာကို နား[illegible]ကြည့်ပါ။ စကားလုံးကလေးတွေဟာ သူ့အလိုလို ကဗျာဖြစ်နေပြီး ခက်ဆစ်ထုတ်စရာ၊ အနက်ဖွင့်စရာလည်း လိုအပ်မယ်မထင်တော့ပါဘူး။

စကားလုံးကလေးတွေရဲ့ သံစဉ်အနိမ့်အမြင့် (သို့မဟုတ်) ကဗျာဆရာရဲ့ နရီနားပါးနပ်မှုကြောင့် တစ်ခါတစ်ရံမှာ ကဗျာတစ်ပုဒ်ဟာ သီချင်းဖြစ်သွားတတ်ပါတယ်။ သည်နေရာမှာ ကဗျာဆရာဟာ အသံရဲ့ ပံ့ပိုးကူညီမှုကိုသာ အားပြုသူမဟုတ်ဘဲ အဘိဓမ္မာရဲ့ လေးနက်မှုကိုပါ ဂရုစိုက်ပြုသူဖြစ်တယ်။ ဖြစ်ကြောင်းကို သာဓကပြနိုင်စရာကတော့ –

**ကဗျာ သီချင်း**
**ဆိုရင်း ပန်းတွေ ပွင့်လာတယ်။**
**ကဗျာ သီချင်း**
**ဆိုရင်း ပန်းတွေလှနေတယ်။**
**ကဗျာ သီချင်း**
**ဆိုရင်း ပန်းတွေလန်းနေတယ်။**
**ကိုယ် မအိုဘူးမဟုတ်လား**



**ပန်းများကို ပြောလိုက်တယ်။**
**ပန်းပွင့်တွေ ကိုယ့်တေးကြား**
**ပျော်ပါးလို့နေတော့တယ်...**

လို့ဆိုတဲ့ အခင်းအကျင်းကို စူးစူးစိုက်စိုက် အာရုံပြုကြည့်ဖို့ပါပဲ။ ဘာကြောင့် ပန်းတွေပွင့်လာကြသလဲ။ ဘာကြောင့် ပန်းတွေလန်းနေကြသလဲ။ ဘာကြောင့် ပန်းတွေ လှနေကြသလဲ။ ကဗျာဆရာ သီဆိုခဲ့တဲ့ ကဗျာသီချင်းဟာ ဘယ်ပန်းခင်းကို ကိုယ်စားပြုနေပါသလဲ။ ကဗျာဆရာဟာ **'ကိုယ် မအိုဘူး မဟုတ်လား'** လို့ ပန်းများကို ဘာကြောင့် ပြောနေမေးနေရသလဲ။ ကဗျာဆရာရဲ့ တေးသံကိုကြားတော့ ပန်းပွင့်တွေ ဘာကြောင့် ပျော်ပါးနေကြသလဲ။ ပန်းပွင့်တွေဟာ ဘယ်သူတွေလဲ။ မေးခွန်းတွေအဆင့်ဆင့်ထုတ်နှုတ်ကြည့်ရင်း မိမိကိုယ်တိုင် ပန်းရုံတစ်ခွင်ကို မသိမသာဝင်ရောက်နေမိပါတော့တယ်။ မိမိကိုယ်တိုင် ကဗျာသီချင်းတွေ သီဆိုသူဖြစ်လာပါတယ်။

ကိုယ်ခန္ဓာ အိုမင်းလာတာလား၊ စိတ်ခန္ဓာ အိုမင်းလာတာလားလို့လည်း မိမိကိုယ်မိမိ စမ်းသပ်ကြည့်နေမိတယ်။ ဇရာကို ခေတ်မီသိပ္ပံနည်းတွေနဲ့ လိမ်ညာဖုံးကွယ်လိုကြတဲ့ လူ့စိတ်သဘာဝကို ကဗျာဆရာက ဟန်ဆောင်မရအောင် မှန်ထောင်ပြနေသလိုပါပဲ။

ကဗျာရဲ့ နိဂုံးချုပ်မှာတော့ ဇရာအုပ်စုဝင်၊ ဇရာအသင်းသားအားလုံးကို [illegible]ကာသလို...

**ဖံပယ်ရောင် ဆံပင်လှရုံနဲ့**
**အိုရရောလားကွယ်...။**
**စိတ်ခန္ဓာအိုမင်းမှ**
**အိုမင်းခြင်း ကိုယ်ထင်တယ်။**
**[illegible]**
**စိတ်[illegible]**
**အိုပျက် ပျက်တတ်ကြပါတယ်။**
**ခန္ဓာရင့်ကျက်**
**စိတ်ရင့်ကျက်**
**ဂုဏ်လက်[illegible]ခင်း ဘင်တင်တယ်...**



www.burmeseclassic.com

www.burmeseclassic.com

လို့ဆိုပြီး လူသားရဲ့ ဂုဏ်ရည်ကို သရုပ်ခွဲပြသွားပါတယ်။ မိမိဟာ (**မျှော်ရှင့်ကျက်၊ စိတ်ကလက်**) သူလား..? (**မျှော်ရှင့်ကျက်၊ စိတ်ရှင့်ကျက်**)သူလား..လို့ဆင်ခြင်မိသလို ကဗျာခံစားသူများလည်း ဂရုပြုမိကြမှာ စောနပါပဲ။

ကဗျာဆရာ သိန်းသန်းထွန်းရဲ့ အထက်ဖော်ပြပါ ကဗျာတစ်ပုဒ်လုံးမှာ '**စံပယ်ရောင် ဆံပင်လှသူ**'...၊ '**စိတ်မျှော်အိမ်မင်း**'...၊ '**ရင့်ကျက်တဲ့လက်**'...၊ '**ရင့်ကျက်တဲ့နှုတ်ခမ်း**'...၊ '**ကိုယ်တော်မြင့်**'...၊ '**ပန်းဖူးတော်သည်**'...၊ '**စိတ်ကလက်**'...၊ '**အိုမှုက်မှုက်တတ်ကြပါတယ်**' လို့ ဆိုဖွဲ့ခဲ့တဲ့ စကားလက်တွေဟာ တရားရဲ့ အဆင်တန်ဆာအဖြစ် ပြိုးပြိုးပြက်ပြက် ဝင်းလက်နေရုံမှုမက သူနေရာနဲ့သူ အံဝင်ခွင်ကျဖြစ်နေတာကိုလည်း ကဗျာခံစားသူများ သတိထားမိကြမှာ အမှန်ပါပဲ။ ကဗျာတစ်ပုဒ်မှာ သုတိသာယာမှု၊ အနုပညာ မာယာကို နားလည်ပိုင်ဆိုင်မှု၊ ကဗျာခံစားလိုစိတ်ကို နိုးကြွလာအောင်နှိုးဆွနိုင်မှုဆိုတာကတော့ ကဗျာဆရာရဲ့ အကြုံအတွေ့၊ အလေ့အလာ၊ စေတနာစာတ်ခံ၊ ဖန်တီးတတ်သောဉာဏ်တို့နဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။ ကဗျာကောင်းတစ်ပုဒ်ရဲ့ စေးစေးပိုင်ပိုင်ဖြစ်တည်နေမှုကို ဂန္ထဝင်လာကဗျာ့ပဒေသအမြင်၊ ပုဂ္ဂလဓိဋ္ဌာန်အာရုံခံစားမှုသက်သက် အမြင်နဲ့တစ်ကြောင်းဆွဲ ကောက်ချက်ချလို့မရနိုင်ပါဘူး။

ဒီလိုဆိုလျှင် ဆရာ '**မှော်**' ရဲ့ '**အကာန်များ**' ကဗျာနဲ့ဆရာ '**သိန်းသန်းထွန်း**' ရဲ့ '**စံပယ်ရောင်ဆံပင်လှသူ**'ကဗျာ။ ထိုကဗျာနှစ်ပုဒ်ကို မိမိအနေနဲ့ ဘယ်လို ကောက်ချက်ချမလဲ။ ဘယ်လို နှလုံးသားအခြေခံနဲ့ ခံစားလေ့လာမလဲ။ ဘာကို ပြန်ကြားမလဲ။ ထိုကဗျာနှစ်ပုဒ်ရဲ့ အာနိသင်ဟာ အကြောင်းအရာသက်သက်လား။ စိတ်ကူးစိတ်သန်း ခမ်းနားရုံလား။ ဒဿနသဘော ငေါငေါစင်းစင်းကြီးလား။ ဝေါဟာရသစ်အတွဲအစပ်တွေနဲ့ လျှပ်ပေါ်လော်လည်ရုံမျှလား။ တတ်ပြားယောင်းကြီးထဲက လူ့အကြောင်းကို အပ်ကြောင်းထပ်နေတာလား။ ဟုတ်တယ်။ မိမိရဲ့ ခံစားပုံရှုထောင့်မှ ပြောကြည့်ရမယ်ဆိုရင်တော့ ထိုကဗျာနှစ်ပုဒ်မှာ အကြောင်းအရာလည်းပါတယ်။ စိတ်ကူးစိတ်သန်းလည်း ရှိတယ်။ ဒဿနအမြွက်လည်း သက်ဝင်နေတယ်။ စကားသစ်အတွဲသစ်တွေလည်း ဖျိုးဖျိုးဖျပ်ဖျပ်ထင်ဟပ်နေတယ်။ မရိုးနိုင်တဲ့ လူ့အကြောင်းကိုလည်း မဏ္ဍိုင်ပြုထားတယ်။ အားလုံးဟုတ်တယ်။ ဒါပေမယ့်...။



ဒီထက်တစ်ဆင့်မြင့်ကြည့်လျှင်တော့ ကဗျာရဲ့အသက်နဲ့ ကဗျာဆရာရဲ့ ဆိုလိုချက်ကို ပြက်ခနဲ၊ လက်ခနဲ ထင်သာမြင်သာလာပါလိမ့်မယ်။ ထိုကဗျာနှစ်ပုဒ်ထဲမှာ မိမိမြင်လိုက်ရတဲ့ ပုံရိပ်တွေကတော့ (ယုဇ္ဇန်ဗေဒတွေ၊ အလက်ာတွေ၊ နိမိတ်ပုံတွေ၊ နရီတွေ၊ အသံလှိုင်းတွေ... မဟုတ်ဘဲ) မိမိနဲ့ ရိုးစွဲနီးပါးတူနေတဲ့ လူပုံတွေပါပဲ။ ကဗျာဆရာ '**မှော်**'ရဲ့ '**အကာန်များ**' ထဲက...

'**ရောအသက်ကြီးပြီး၊ အရက်အမြည်းကလေးနဲ့ အစဉ်နေ**'... ပေမယ့်၊ '**ဘယ်သူဘာပြော၊ ပြောချင်ရာပြော၊ ပြောသမျှသည်းခံ၊ ဖြန်မကြည့်တာန်မရှိ၊ ပကတိတည်ငြိမ်**' သူဟာ မိမိလား။

'**လက်မှာကြည့်၊ ပုတီးတကားကား၊ သူ့နှုတ်ဖျားက၊ ဘုရား..ဘုရား**' နဲ့ ငြိမ်းအေးချင်ယောင်ဆောင်ပြီး။

'**အသည်းဆတ်တုန်ပါ၊ သုန်မှုန်ရော၊ အာယာတနှင့်၊ ဇေါသဝေါ့များ**' ပြီး ဗျာများနေသူဟာ မိမိလား။

ကဗျာဆရာသိန်းသန်းထွန်းရဲ့ '**စံပယ်ရောင်ဆံပင်လှသူ**' ထဲက... '**ရင့်ကျက်တဲ့ လက်လှုပ်တာ ကဗျာတစ်ပုဒ်ရေးသူ**'...၊ '**ရင့်ကျက်တဲ့ နှုတ်ခမ်းမွေးနဲ့၊ ကဗျာတေးဆိုလိုက်သူ**'... မိမိကိုယ်တိုင်လား။ '**မျှော်ရှင့်ကျက်၊ စိတ်ကလက်၊ အိုမှုက်မှုက်သူ**' ဟာ မိမိပဲဖြစ်နေမလား။ '**မျှော်ရှင့်ကျက်၊ စိတ်ရင့်ကျက်၊ ဂုဏ်လက်လက်ဝင်း**'... တဲ့ လူဟာ မိမိမှ သေချာရဲ့လားလို့ ကဗျာနှစ်ပုဒ်ထဲက ပုံရိပ်တွေကို ကြည့်ပြီး မိမိမျက်နှာကို မိမိဖျတ်ခနဲ စမ်းသပ်မိလိုက်ပါတယ်။ ဆရာ'မှော်' နဲ့ ဆရာ 'သိန်းသန်းထွန်း' ဟာ လူ့ရဲ့ အစွမ်းတွာကို ဟန်ဆောင်မရအောင် မှန်ထောင်ပြခဲ့ပါပြီ။ သူတို့ကိုယ်တိုင်ဟာလည်း သူတို့ဖန်တီးပြခဲ့တဲ့ 'မှန်' ထဲမှာ ကိုယ့်စိတ်သန္တာန်ကို ကိုယ်ပြန်ရှာဖွေကြည့်ကြမှာပါပဲ။ ဒီနေရာမှာတော့ ဖော်ပြပါ ကဗျာနှစ်ပုဒ်ကို ခံစားမိရင်းမှ –

'**သူ့ကိုယ်သူလျှင်၊ ဘာထင်လေမသိ**'... လို့ လတာစွန်းမှာ ကျွမ်းထိုးနေတဲ့ ငပျံလေးကို ငေးကြည့်ပြီး မေးခွန်းထုတ်ခဲ့ဖူးသူ မိမိဟာ '**သူ့မှယာသူ့အတင်း၊ မင်းဆိုခဲ့စဉ်၊ မင်းကိုယ်လဲ မင်းပင်လျှင်၊ ဘာထင်လို့လေလဲ**' ရယ်လို့ ကိုယ့်စိတ်ကို ကိုယ်စောင့်ကြည့်နိုင်ခဲ့တဲ့ ဆရာဇော်ဂျီရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘဝအမြင်၊ ဘဝအသိကို ဖူးမဝအောင် ဦးချလိုက်မိပါရဲ့လို့ တိုးတိုးလေး ရေရွတ်မိရင်း…

၁၉၉၄ ခုနှစ် ဖွန်လထုတ် မဂ္ဂဇင်းတွေထဲက လက်တို့ပြီး ညွှန်းလိုတဲ့ ကဗျာလေးတွေကတော့ –

| | | |
|---|---|---|
| ၁။ မောင်သင်းဓာ | 'ရေ' | (ရုပ်ရှင်အောင်လံမဂ္ဂဇင်း) |
| ၂။ ဘုန်းသက်ပိုင် | 'ပျော်ရွှင်ဖွယ်အကြောင်း' | (ရွှေဝတ်မှုန်) |
| ၃။ မကို | 'မိုးစါညှို့မှိုင်ဆင်' | (မဟေသီ) |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ခံစားမှုရှိသော ဘာသာစကား၊ စည်းနရီရှိသော ဘာသာစကားဖြင့် လူ့စိတ်ကို စစ်စစ်မှန်မှန် ထိထိမိမိ အနုပညာမြောက်စွာ ဖွင့်ဟဖော်ကျူးခြင်းဖြစ်သော 'ကဗျာ' သည် စာပေဖြစ်လာသည့်အထိ 'တဖြည်းဖြည်း ပြုပြင်ပြောင်းလဲမှု' (Evolution) သဘောဖြင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်

'ခေတ်သစ်ကလျာ ရှုမှုယ်သာတည်း'

ပထမတွဲ – ၁၉၉၄၊ ဇန်နဝါရီလ



# ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၈)

ယခုလထုတ် မဂ္ဂဇင်းအသီးသီးမှ ကဗျာဧည့်ခန်းများကိုဖြတ်သန်းရင်း ခံစားမှုရှိသော ဘာသာစကား၊ စည်းနရီရှိသော ဘာသာစကားဖြင့် ဖွဲ့ဆိုဖော်ကျူးကြသော ကဗျာများကို အလစ်မပေးဘဲ စစ်ဆေးခံစားနေမိပါတယ်။ ဘာကြောင့် အလစ်မပေးသလဲ...။ မိမိရဲ့ လှုပ်ခတ်ပွလောင်နေတဲ့ အဘွင်းစိတ်ကို ငြိမ်သက်ငြိမ်းချမ်းစေခြင်းငှာ ကဗျာကပေးတဲ့ သောမနဿနဲ့ မနောမယအလှဓာတ်ကို ရှာဖွေဖို့ဖြစ်တယ်။ ဘယ်လို စစ်ဆေးခံစားမလဲ...။ မိမိရှာဖွေနေတဲ့ ကဗျာဟာ မိမိရဲ့ စိတ်သန္တာန်ကို အမှန်တကယ် ထိ–မထိ၊ ငြိ–မငြိ... ဆိုတဲ့ ပေတံနဲ့ စစ်ဆေးခံစားကြည့်မှာ ဖြစ်တယ်။

ကောင်းပြီ...။

ကဗျာတစ်ပုဒ်ကို စစ်ဆေးခံစားမှုကိစ္စမှာ ဘာကြောင့် မိမိစိတ်ကိုချည်ဦးစားပေးနေမိပါသလဲ...။ သို့ကလို ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ပြီး စဉ်းစားကြည့်လိုက်တော့ (မိမိ) ဆိုတာ ဝှအောင်းသတ္တဝါမဟုတ်ဘူး။ လူ့ဆက်ဆံရေးနယ်ပယ်ထဲမှာ ဘာသာစကားရှိတဲ့၊ ယဉ်ကျေးမှုရှိတဲ့၊ တစ်စုံတစ်ရာရဲ့ ရိုက်ခတ်မှုကို တုံ့ပြန်ခံစားတတ်တဲ့ သက်ရှိလူသားတစ်ဦးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ပုံမှန်သိစိတ်ရှိသူမှန်သမျှဟာ သူနေထိုင်တဲ့ ခေတ်ပြိုင်ကမ္ဘာကြီးနဲ့ နီးနွယ်ပတ်သက်နေကြတယ်။ ဒါကြောင့် ကမ္ဘာလောကကြီးမှာ ဖြစ်ပေါ်လျက်ရှိတဲ့ အကောင်း၊ အဆိုး၊ အကျိုးဆက် အားလုံးဟာ လူမှုဆက်ဆံရေးနယ်ပယ်ထဲမှာ တည်ရှိနေထိုင်ကြတဲ့ လူသားအားလုံးရဲ့ ပြုလုပ်ချက် ပယောဂအပေါ်မှာ တည်မှီနေရပါတယ်။

'အတိဒုလ္လဘ'... အလွန်ရတောင့်ရခဲလှတဲ့ လူ့ဘဝမှာ လူဟာ သူရရှိထားတဲ့ လူ့ဂုဏ်သိက္ခာကို ဘယ်လိုကာကွယ်မလဲ။ သူနဲ့ ဆက်ဆံနေရတဲ့ သူ့ခေတ်ပြိုင်ပတ်ဝန်းကျင်ကို ဘယ်လိုပြုလုပ်ချက်တွေ ပေးမလဲ။ ယောဒီရပ်ကမ္ဘာကြီးရဲ့ ကောင်းမွေဆိုးမွေ အကျိုးဆက် အတွေ့တွေ့ဟာ လူသားတွေရဲ့ အကြံအစည် စိတ်ကူးစိတ်သန်းနဲ့ ပြုလုပ်ချက်တွေကြောင့်သာ ဖြစ်ပေါ်လာရတယ်လို့ မိမိယုံကြည်တယ်။ ဒီလိုဆိုလျှင် ပြင်ပရုပ်ကမ္ဘာကြီးရဲ့ ပင်မအခြေခံတရားဖြစ်တဲ့ လူ့စိတ်အတွင်းအားကို ဘယ်လိုဖွံ့ထွားအောင် လေ့ကျင့်ပျိုးထောင်မလဲ။ ကောင်းမြတ်တဲ့ စိတ်သန္တာန်ကို ဘယ်လိုအမိဋ္ဌာန်နဲ့ မွေးမြူတည်ဆောက်မလဲ။ ဒီကိစ္စဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှာ တာဝန်ရှိသလို မနုဿနွယ်ဝင် ပုထုဇဉ်အဖွဲ့အစည်းကြီး တစ်ရပ်လုံးမှာလည်း အရေးကြီးတယ်လို့ မိမိခံယူထားတယ်။ ဒါကြောင့် အထက်နားမှာပြောခဲ့သလို ကဗျာတစ်ပုဒ်ကို ခံစားဖို့ချဉ်းကပ်မိတဲ့အခါတိုင်း မိမိရဲ့ အတွင်းစိတ်နဲ့ သဟာဓာတ ဖြစ်–မဖြစ်၊ အသိသစ် အမြင်သစ် ရ–မရဆိုတာကို စစ်ဆေးပြီး စိတ်ကိုရှည်း ဦးစားပေးမိတာဖြစ်ပါတယ်။ (**ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော**) ဆိုတဲ့ ခေတ်သစ်လောကပါလ တရားသုံးပါး ထွန်းကားဖို့ဆိုတာ အတွင်း စိတ်သန္တာန်က ပုံမှန်အနေအထားရှိမှသာ ဖြစ်နိုင်လိမ့်မယ်။ လှုပ်ခတ်ပူလောင်၊ ကောက်ကျစ်စဉ်းလဲတတ်တဲ့ စိတ်သဘာဝကို ပုံမှန်အနေအထားဖြစ်အောင် ထိန်းကျောင်းပြုပြင် ကောင်းအောင်စီရင်တတ်တဲ့ တန်ခိုးရှင်ဟာ လူသားမှတစ်ပါး ဘယ်လိုဂြိုဟ်သားမှ မစွမ်းဆောင်နိုင်ပါဘူး။

ဒီလိုနဲ့ စိတ်သဘာဝအကြောင်း၊ စိတ်ကိုထိန်းကျောင်းပြုပြင်နိုင်တဲ့ မနုဿလူသားအကြောင်းတွေကို တစ်ခုနဲ့တစ်ခု ဆက်နွယ်စဉ်းစားရင်း (**စားပြောက်ကစားမယ်၊ သားယောက်ျားဟော့**) ဆိုတဲ့ အသံတစ်သံကို ကဗျာဧည့်ခန်းတစ်ဆောင်မှာ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရပါတယ်။



'သရဖူမဂ္ဂဇင်း' အမှတ် (၁) စုလိုင်ထုတ်မှာ ဖော်ပြထားတဲ့ဆရာ **ကြည်အောင်**ရဲ့ '**သားဖွားတဲ့နေ့**' ကဗျာဟာ မိမိရဲ့ စိတ်ကို ထိထိမိမိချည်နှောင်လိုက်ပါတယ်။ ကဗျာနဲ့ ခံစားမှုဟာ တစ်သားတည်းကျသွားပါတယ်။ ကဗျာတစ်ပုဒ်လုံးဆုံးအောင် ဆက်မဖတ်နိုင်တဲ့အထိ တစ်နေရာမှာ ပီတိနဲ့ ငြိတွယ် ရပ်တန့်နေမိပါတယ်။

ကြည့်ပါ။

**ရွာသူတွေ ဝိုင်းနေတယ်**
**အပျိုရိုင်းတွေ မပါ**
**အရွယ်ဟိုင်း တစ်စုလယ်**
**လူ့ဘောင်ဆိုတဲ့ သားဖွားအတတ်**
**ဝါးနှီးပြတ်နဲ့ အချင်းဖြတ်မယ်**
**သတ္တိခဲ မိန်းမတွေ**
**ရေနွေးကျို နနွင်းတောင်း**
**သားလောင်းကြိုမယ် ထဘီဟောင်း**
**သွေးယောင်း သွေးညှစ်တွေကို**
**ညှစ်ဟဲ့ ဆေးဟဲ့**
**ကလေးက ယောက်ျားလေးတဲ့**
**အလှူကြီးပေးရမဟဲ့**
**ဒါနဲ့...**

ကဗျာဆရာဟာ ရှေးခေတ်ကျေးတောနေ မြန်မာအမျိုးသမီးတစ်ဦးရဲ့ သားဖွားပုံကို အခုလို ထောင့်စုံအောင် ခင်းကျင်းပြသလိုက်ပါတယ်။ ဘယ်လောက်ထိ ထောင့်စုံစေ့သလဲဆိုရင် မိမိရောက်ရှိနေတာဟာ သရဖူမဂ္ဂဇင်းရဲ့ ကဗျာဧည့်ခန်းမဟုတ်တော့ဘဲ ရှေးခေတ် ကျေးလက်က မီးနေခန်းတစ်ခုထဲကို ရောက်နေသလို ကိုယ့်ကိုယ်ကို ရှက်ရွံ့တွန့်ဆုတ်နေမိတဲ့ အထိပါပဲ။ ကဗျာဆရာဟာ သူ့ကဗျာကို မရပ်မနားဘဲ တရစပ်ဆက်ပြီး ပြောသွားခဲ့ပေမယ့် ကဗျာခံစားသူ မိမိအနေနဲ့တော့ သားဖွားမိခင်ရဲ့ ဝေဒနာကို စာနာရင်း မောဟိုက်မွန်းကျပ်စွာ ကဗျာစာမျက်နှာပေါ်က အာရုံကို ခေတ္တလှပ်နားထားရပါတယ်။ အတိဒုလ္လဘ ရခဲလှတဲ့ လူ့ဘဝထဲကို ခက်ခဲပင်ပန်းစွာ ရောက်ရှိလာသူ လူသားအသစ်ကလေးတစ်ယောက်ကို ကြိုဆိုဂုဏ်ပြုဖို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ ခံစားမှုရှိတဲ့ ကဗျာဘာသာစကားကြောင့်လား။ စည်းနရိရှိကဲ့ ကဗျာဆန်ကြောင့်လားလို့ စဉ်းစားလေ့လာမှုမပြုမီ ကဗျာထဲကို အာရုံပြန်ထည့်လိုက်တဲ့အခါ...၊

**ကလေးက ယောက်ျားလေးတဲ့**

**အလှူကြီးပေးရမယ့်**

**ဒါနဲ့...**

**သားဖွားတဲ့မိခင်**

**တရားသဘောသိမြင်**

**နာကျင်မှုတွေ အားလုံးမေ့**

**လမင်းကြီးက တစ်ပိုက်တစ်မွေ့**

**စားမြှောက်ကစားမယ်**

**သားယောက်ျားပော**

**သားယောက်ျားပော...**

ဆိုတဲ့အသံဟာ စာမျက်နှာပေါ်ကနေ မိမိရင်ထဲအထိ ပဲ့တင်ညံသွားပါတယ်။ ကူးဆက်စီးဆင်းသွားပါတယ်။ ဒီကဗျာမှာ ဆရာကြည်အောင် အသုံးပြုထားတဲ့ ကဗျာအထောက်အကူပြု အနုပညာအဖွဲ့အထုံးဟာ ငံ့ဟိုရီးစင်းကြီးမဟုတ်သလို အပိုကိစ္စပေါ်ရာကတွေ၊ အလှသက်သက် ပဒ္ဒလက်ဖေဒတွေလုံးဝမတွေ့ရပါဘူး။ ရှေးခေတ်ကျေးလက်က မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ 'မိန်းမမှု မိန်းမရေးရာကိစ္စ' ကို ကဗျာမြင်ကွင်းကျဉ်းကျဉ်းလေးထဲမှာ ထိရောက်စွာ ခင်းကျင်းထည့်ပြနိုင်တာဟာ ကဗျာဆရာရဲ့ ဘာသာစကားကျွမ်းကျင်မှု၊ ဒေသိယသဘာဝကို သရုပ်ပေါ်အောင် ဖော်ပြနိုင်မှုကြောင့်ပဲဖြစ်ပါတယ်။

ငွေမကြွေးကြွယ်ဝတဲ့ မိခင်လောင်းတွေ၊ ပါရဂူတွေ၊ အိုဂျီတွေ၊ ခေတ်မီဒေးပညာရှင်တွေကတော့ (**လူစာတ်ဆိုတဲ့ သားဖွားအတတ်၊ ဝါးနီးပြုတ်နဲ့ အစင်းဖြတ်မယ်၊ သတ္တိခဲ မိန်းမတွေ၊ ရေနွေးကျို နနွင်းထောင်း**) နေကြတာကို နှာခေါင်းရှုံ့ကြမှာပါပဲ။

(**သားဖွားတဲ့နေ့**) ကဗျာကို အာရုံသွင်းကြည့်ဖြစ်တဲ့ မိပိအနေနဲ့တော့ ကဗျာထဲက ရုပ်ပုံတွေကို မေ့ပျောက်ပြီး –



**'စားမြှောက်ကစားမယ်**

**သားယောက်ျားပော**

**သားယောက်ျားပော'** ဆိုတဲ့ အသံကိုပဲ အဖန်တလဲလဲခံစားကြားယောင်နေမိပါတယ်။ ကြားယောင်ရုံမျှမက ထိုလူယောက်ျားအသစ်ကလေး အရွယ်ရောက်လာရင် သူ့ခေတ်ပြိုင် ပတ်ဝန်းကျင်ကို ဘယ်လိုပြုလုပ်ချက်တွေ ပေးမလဲ။ ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြောနိုင်ဖို့ သူကိုယ်သူ ဘယ်လို မွေးမြူ ပါ့မလဲဆိုတဲ့ အဆင့်အထိ မီးနိုးကြွက်လျှောက် အတွေးရောက်မိပါတယ်။ ထိုအတွေးစများ လွင့်ပြယ်မသွားမီမှာပဲ နောက်ထပ် စဉ်းစားစရာအတွေးစ တစ်ခုနဲ့ ငြိတွယ်မိခဲ့ပြန်ပါတယ်။ အဲဒါကတော့ နှလိုင်လထုတ် သရဖူမဂ္ဂဇင်းရဲ့ ကဗျာဧည့်ခန်းထဲမှာပဲ ထပ်မံထိတွေ့ခွင့်ရခဲ့တဲ့ ဆရာ တက္ကသိုလ်မင်းမော် ရဲ့ '**စကားကင်းဆာ**' ကဗျာဖြစ်ပါတယ်။ ဆရာမင်းမော်ရဲ့ 'သူငယ်ချင်း' ကဗျာလေးတွေနဲ့ ဝေးနေခဲ့တာ နှစ်အတန်ကြာခဲ့ပါပြီ။ ပြန်တွေ့တော့လည်း ငယ်စလေ့ငယ်မူအတိုင်းပါပဲ။ စကားရှင်ရှင်နဲ့ နားဝင်အောင် ပြောတတ်တဲ့ 'သူငယ်ချင်းကဗျာရှင်' ရဲ့ အသံကိုနားဆင်ကြည့်ရအောင်။

**သူငယ်ချင်း**

**ငါကတော့ကို**

**မင်းလိုမဟုတ်**

**စကားပြောစရာ**

**ငါ့မှာသာရှိ**

**ရှိသမျှစကား၊ မထားမချန်**

**မကျန်အောင် ငါ ပြောပစ်မှာတည်း**

ရင်ထဲက ဝါကျတွေကို ခြိုးခြံချွေတာစွာ သုံးစွဲနေရတဲ့ မိမိကို ပခုံးပုတ်လိုက်လို့ ရုတ်ခနဲတွန့်သွားသလို ခံစားလိုက်ရပါတယ်။ ဒါပေမယ့် ကဗျာဆရာဘာဆက်ပြောတော့မယ်ဆိုတာလည်း အလိုလိုသိနေသလိုပါပဲ။ သိပင်သိငြားခံစားမှုအရှိန်အဟုန် တန့်မသွားစေတာဟာ ဆရာမင်းမော်ရဲ့ ကဗျာစကားအထားအသို ပါးနပ်ကျွမ်းကျင်မှုကြောင့် ဖြစ်ပါတယ်။

**သူငယ်ချင်း၊ မင်းစဉ်းစားကြည့်။**

**ရင်ခွင်အကြား၊ နှလုံးသားမှာ**



www.burmeseclassic.com

www.burmeseclassic.com

**စကားချွေတာ၊ အားနာ၍ ငါ**
**ချန်မိပါ၍...။**
**ဦးနှံမြေးပါ၊ ဦးနှောက်ကြားမှာ**
**စကားချွေတာ၊ အားနာ၍ ငါ**
**ချန်မိပါ၍...။**
**ကျန်သမျှစကား**
**အသားပွသလို၊ စကားကင်ဆာ**
**ဖြစ်လို့လာတော့**
**ငါပဲခံရမှာ သူငယ်ချင်း** ...တဲ့။

ကဗျာဆရာဟာ စကားအရာမှာ အားမနာတတ်ဖို့ သူငယ်ချင်းကို အထပ်ထပ် မှာကြားနေသလို ကဗျာကိုဖွဲ့ဆိုပါတယ်။ ကဗျာတစ်ပုဒ်လုံးမှာ '**စကားကင်ဆာ**' ဆိုတဲ့ အလင်္ကာသုံးစကားတစ်ခွန်းကလွဲလို့ အခြားစကားသစ်၊ အလင်္ကာသစ်မျိုး မတွေ့ဖြစ်ခဲ့ပါဘူး။ ဆရာမင်းမော်ရဲ့ 'စကားကင်ဆာ' ကဗျာကို ဂီတသဘောနဲ့ ပြောရရင် ဂီတနားနဲ့ သောတဆင်ကြည့်ရရင်...၊ ကဗျာဆရာ စီစဉ်ထားတဲ့ ကဗျာတစ်ပုဒ်လုံးရဲ့ သံစဉ် (scale) ဟာ အနိမ့်အမြင့်မရှိ၊ ပကတိ တစ်ဖြောင့်တည်းသွားနေတယ်။

ကဗျာရဲ့ ဘာသာစကားအတွင်းမှာ စီးဆင်းနေတဲ့ နရီ (Rhythm) ဟာ မာဆတ်ဆတ်ဖြစ်နေတယ်။ ကဗျာရဲ့သံနေသံထားအလိုက် (melody) ဟာ တစ်သံနဲ့တစ်သံ အဆက်မပြတ်ပေမယ့် ကဗျာသွားပုံတွေ ထပ်နေတယ်။ ကဗျာအကြောင်းအရာနဲ့ လိုက်ဖက်မယ့် ကာရန်ကွက်၊ နဘေကွက်၊ သံတို-သံရှည် (ဂရု-လဟု) ကွက်စတဲ့ ကဗျာတီးကွက် (Instrumentation)တွေမှာ ကွက်ပျောက်၊ ကွက်ဆန်းတွေ မတွေ့ရဘဲ ကွက်ရိုး၊ ကွက်စင်းတွေကိုသာ နားဆင်နေရတယ်။ ဒါဟာ ဆရာမင်းမော်ရဲ့ ကဗျာကို ဂီတသဘောနဲ့ သောတအာရုံဝင်စားကြည့်တာပါ။ ကဗျာတစ်ပုဒ်ရဲ့ တန်ဖိုးကို ချိန်ဆဖို့ရာ အခြေခံကျတဲ့ ချဉ်းကပ်လေ့လာနည်းတော့ မဟုတ်နိုင်သေးပါဘူး။ သောတအာရုံထက် အရေးကြီးတဲ့ မိမိရဲ့ မနောအာရုံမှာ တုန်ခါစွဲ ထင်နေတဲ့ အခြင်းအရာကတော့ လူမှုဆက်ဆံရေးနယ်ပယ်ထဲက ဆရာမင်းမော်ရဲ့ ဘဝအမြင်ပဲ ဖြစ်ပါတယ်။



**'ကျန်သမျှစကား**
**အသားပွသလို**
**စကားကင်ဆာ၊ ဖြစ်လို့လာတော့**
**ငါပဲခံရမှာ သူငယ်ချင်း'**

ဆိုတဲ့ နိဂုံးချုပ် အာလုပ်ဝါကျဟာ ကဗျာတစ်ပုဒ်လုံးရဲ့ အဆုံးမဲ့ အတွေးစကြိုးတစ်ချောင်းပါပဲ။ အဲဒီကြိုးဟာ မိမိကို ချည်နှောင်ခဲ့ပါပြီ။ မျိုးနွယ်တူလူ့အဖွဲ့အစည်းထဲမှာ အရေးအကြီးဆုံး ဆက်သွယ်ရေးကိရိယာဟာ '**အပြောဘာသာစကား**'ဖြစ်တယ်။ '**စကား**' ကို အဓိပ္ပာယ်ရှိတဲ့ နှုတ်မြွက်အသံလို့ မြန်မာ့အဘိဓာန်အကျဉ်းချုပ်မှာ ဖွင့်ဆိုပြပါတယ်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ စကားကိုအသုံးမပြုဘဲ ရေငုံနှုတ်ပိတ်နေသူကိုဖြစ်စေ...၊ ဒါမှမဟုတ် ပြောသင့်ပြောထိုက်တဲ့ စကားကိုမပြောဘဲ ထင်ရာမြင်ရာ ဆင်ခြင်စရာမပါတဲ့ စကားကို ပြောချင်သလို ပြောသူကိုဖြစ်စေ...၊ တစ်စုံတစ်ရာ အင်္ဂါချို့ယွင်းနေသူလို့ ဆိုစမှတ်ပြုကြပါတယ်။ ဒီသတ္တလောကကြီးထဲမှာ အသိဉာဏ်အမြင့်ဆုံးဖြစ်တဲ့ လူသားရဲ့ အကြီးမားဆုံးတီထွင်မှုနဲ့ ကုန်ကျစရိတ် အသက်သာဆုံး ယဉ်ကျေးမှုပစ္စည်းဟာ '**စကား**'ဖြစ်တယ်လို့ ဘာသာဗေဒပညာရှင်တွေက တညီတညွတ်တည်း အဆိုပြုခဲ့ကြပါတယ်။

သို့ကလို လူသားတွေအတွက် မသုံးမဖြစ်တဲ့ အခြေခံအကျဆုံးပစ္စည်း (**စကား**) ကို မိမိအနေနဲ့ တန်ဖိုးရှိစွာ အသုံးချခဲ့ဖူးပါသလား။ နှလုံးသားက မွေးဖွားလာတဲ့စကား၊ ဦးနှောက်နဲ့ စဉ်းစားကြံဆထားတဲ့စကား၊ အသည်းလျှာကြားမှာ ခံစားပွင့်အန်လာရတဲ့ စကား...။ အဲဒီလို ဘဝနဲ့ရင်းနှီးထားရတဲ့ စကားအဖြာဖြာကို အားနာလို့ ခြွင်းချန်ထားခဲ့ရင် ဘယ်လိုရောဂါဖြစ်နိုင်ပါသလဲ...၊

**ဆရာတက္ကသိုလ်မင်းမော်ကတော့** သူ့ရဲ့'စကားကင်ဆာ' ကဗျာမှာ...
'ကျန်သမျှစကား၊ အသားပွသလို
စကားကင်ဆာ၊ ဖြစ်လို့လာတော့
ငါပဲခံရမှာ သူငယ်ချင်း'...

လို့ ရင်ဖွင့်ပြသွားပါပြီ။ ကင်ဆာဆိုတာ လူ့ဘဝကို ကိစ္စတုံးအောင် စီရင်တတ်တဲ့ ရောဂါဆိုးဖြစ်တယ်။ အဲဒီရောဂါဆိုးကို မိမိဘယ်လို ကြိုတင်ကာကွယ်မလဲ။ မဖြစ်ပွားအောင် မိမိ ဘယ်လိုကြိုတင် ရှောင်တိမ်းမလဲ။

**စည်းခန်းများကို ဖြတ်သန်းခြင်း**

www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားမဲ့သူ၊ ဆွံ့အနေသူတစ်ယောက်လို ခြေပြလက်ပြ သီအိုရီလေးလောက်နဲ့ မိမိဘဝကို အဟောသိကံ အဖြစ်ခံမလားလို့ စဉ်းစားနေတုန်းမှာပဲ မိမိပခုံးကို နောက်တစ်ယောက်က ထပ်ပုတ်ပြန်ပါတယ်။ သေသေချာချာ ကြည့်လိုက်တော့ 'ပန်းဆေးသိမဂ္ဂဇင်း' ညွှန်းထဲက **ဆရာမောင်သွေးသစ်** ဖြစ်နေပါတယ်။ ဒီနေရာမှာတော့ 'တိုက်ပဲတိုက်ဆိုင်လွန်းလှတယ်' လို့ အလန့်တကြား ထအော်ရမလောက်ပါပဲ။ ဘာ့ကြောင့်ဆို ဆရာမောင်သွေးသစ်ရဲ့ '**အသုဘပို့သူများ**'... ကဗျာဟာ ဆရာမင်းမော်ရဲ့ '**စကားကင်းသော**' ကဗျာလိုပဲ လူ့ဘဝမှာ အရေးအကြီးဆုံး၊ တန်ဖိုးအရှိဆုံးဖြစ်တဲ့ '**စကားကိစ္စ**' ဖြစ်နေပြန်ပါတယ်။ ဆရာမောင်သွေးသစ် ဖွဲ့ဆိုပြတဲ့ ပန်းဆေးသိမဂ္ဂဇင်းထဲက '**အသုဘပို့သူများ**' ဟာ စကားကိစ္စကို ဟောသလို ဆွေးနွေးပြောဆိုနေကြသံ ကြားလိုက်ရတယ်။

**'ဒီနေရာရောက်လာမှ**
**ဘာစကားမှ မပြောတော့ဘူး**
**ဘာမှ မေးလို့မရတော့ဘူး'**... တဲ့။

အသုဘပို့သူများထဲက တစ်ယောက်ယောက်ရဲ့ အသံလား။ ကဗျာဆရာရဲ့ အသံလားတော့ ကွဲကွဲပြားပြား မသိရပါဘူး။ သေချာတာကတော့ အသုဘရုပ်ကလာပ်ကြီးကို ရှုရင်း စဉ်းစဉ်းစားစား ဆွေးနွေးနေတဲ့ အသုဘပို့သူတွေထဲက တစ်ဦးတစ်ယောက်ရဲ့ အသံပေါ့။

**'ပြောလို့မေးလို့**
**ဆွေးနွေးလို့**
**ရနိုင်သေးတာဆိုလို့**
**မင်းတို့ ငါတို့ပဲ ရှိတော့တာ'**...

ဟုတ်တာပေါ့။ အသက်ဓာတ်နဲ့ ဆက်စပ်လို့မရတော့တဲ့ ရှုချင်စဖွယ်မကောင်း၊ ထိုရုပ်အလောင်းကောင်ကြီးမှာ ခံစားမှုအာရုံမှန်သမျှ ချုပ်ငြိမ်းသွားခဲ့ပြီ။ ဒီနေရာမှာ သက်မဲ့သူကို ဘာမှပြောလို့မေးလို့မရနိုင်တော့ပါဘူး။ ဘာမဆို လုပ်လို့ရနိုင်သေးတာကတော့ ကိုယ့်အလှည့်မရောက်ကြသေးတဲ့ (မိမိအပါအဝင်) အသုဘပို့သူများပဲ မဟုတ်လား။ ကွယ်လွန်အနိစ္စရောက်သူဟာ ဘယ်သူလဲ..ဘာရောဂါနဲ့ ကွယ်လွန်တာလဲ...မိမိမသိပေမယ့် အသုဘပို့သူများနဲ့ ရောနှောပြီး လိုက်ပါပို့ဆောင်နေမိပါတယ်။ သို့ကလို အခိုက်



အတန့်မှာ အနုကြားနေရတဲ့အတိုင်း အသံပီပီ၊ နရိပြေပြေစကားလှိုင်းဟာ မိမိရင်ကို ပုတ်ခတ်နေပါတယ်။

**'ဒါပဲသူငယ်ချင်း**
**မင်းပြောချင်ရင်**
**မင်းမေးချင်ရင်**
**ရင်ဖွင့်မေးထား၊ ပြောထား**
**နောက်များမှ ဆိုရင်တော့**
**သွားလေသူလို့ပေါ့ကွာ**
**ငါလဲ ရေငုံနှုတ်ပိတ်နေရမှာ**
**မင်းလဲ ရေငုံနှုတ်ပိတ်နေရမှာ'**...

ဒီနေရာမှာတွင် အသုဘပို့သူများထဲက စကားသံဟာ လုံးဝတိတ်ဆိတ်သွားခဲ့ပါပြီ။ အပြင်က စကားသံတွေ တိတ်ဆိတ်ငြိမ်သက်သွားပေမယ့် မိမိရင်ထဲမှာတော့ မိမိရဲ့ စကားသံတွေဟာ အလျှဉ်မပြတ် ရိုက်ခတ်စီးဆင်းနေပါပြီကော။ ရင်ထဲအသည်းထဲက စကား၊ နှလုံးသားထဲက စကားတွေကို အနက်အဓိပ္ပာယ်ရှိတဲ့ နှုတ်မြွက်အသံအဖြစ် ဖွင့်ဟပြောဆိုဖို့ မိမိဘယ်လို စီစဉ်ကြံဆအားယူရမယ်ဆိုတာ စဉ်းစားရခက်နေပါတယ်။

- ဘယ်နေရာမှာ ပြောမလဲ...?
- ဘယ်သူ့ကို ပြောမလဲ...?
- ဘယ်လို ပြောမလဲ...?
- ဘယ်ကိစ္စကို ပြောမလဲ...?
- ဘာကြောင့် ပြောမှာလဲ...?

မိမိကိုယ် မိမိ ပြန်မေးမိတဲ့ (ဘ–ငါးလုံး) မေးခွန်း (၅) ခုကို မိမိဘယ်လို ဖြေဆိုမလဲ။

ရတောင့်ရခဲလှတဲ့ လူ့ဘဝမှာ မအိုမီ... မနာမီ... မသေမီ အခိုက်အတန့်ကလေး မေးစရာရှိတာ မေးလို့၊ ပြောစရာရှိတာ ပြောလို့၊ ဆွေးနွေးဖွယ်ကိစ္စကို ဆွေးနွေးလို့ပေါ့။ လူသားတွေကိုယ်တိုင် ကြံဆတီထွင်ထားတဲ့ ဘာသာစကားကို အဓိပ္ပာယ်ရှိရှိ၊ ထိုက်ထိုက်တန်တန် အသုံးချနိုင်မှသာ... နေရသမျှ လူ့ဘဝဟာ လှပနိုင်မှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ သရုပ်မဂ္ဂဇင်းထဲက

(**စကားကင်ဆား ဖြစ်လို့လာတော့၊ ငါပဲခံရမှာ သူငယ်ချင်း...**)ဆိုတဲ့ ဆရာမင်းမော်ရဲ့ '**စကားကင်ဆား**'ကို ဆင်ခြင်ရင်း...၊

ပန်းဝေသီ မဂ္ဂဇင်းထဲမှာပါတဲ့ –

(**နောင်များမှဆိုရင်တော့၊ သွားလေသူလိုပေါ့ကွာ၊ ငါလဲ ရောင့်ရှတ်ပိတ်နေရမှာ၊ မင်းလဲ ရောင့်ရှတ်ပိတ်နေရမှာ...**) ဆိုတဲ့ ဆရာမောင်သွေးသစ်ရဲ့ '**အသုဘပို့သူများ**' ထဲက စကားသံကို နားခံရင်း...၊

ဆရာကြည်အောင်ရဲ့

(**စားမြှောက်ကစားမယ်၊ သားယောက်ျားယော့၊ သားယောက်ျားယော့**) ဆိုတဲ့ အသံကိုသာ အဖန်တလဲလဲ ကြားယောင်နေပါတော့တယ်။

ယခုလ (ရှုလိုင်) မှာ ညွှန်းလိုတဲ့ ကဗျာများကတော့ –

၁။ *မအိ* *'ရှင်ခွင်တောင်အလွမ်း' (ပန်းဝေသီ)*

၂။ *ဝင်းဝင်းမြင့်* *'မြင်တွေယံမြင်းရှုသ'* *(ရှုပ်ရှင်အောင်လံ)*

❦ ❦ ❦





www.burmeseclassic.com

www.burmeseclassic.com

'ကဗျာဆရာသည် အနုပညာမြောက်သော အချက်တစ်စုတည်းကိုသာ အာရုံစိုက်ရမည်။ စာရှုသူပိုင်းဆိုင်ရာ (သို့) အသုံးဝင်သော အတွေးအခေါ်သဘောတရားများကို မသွတ်သွင်းမိစေရန် ဂရုစိုက်ရမည်' ဟု ချွမ်ဆမ်ကပြောခဲ့သည်။

ဟိန်းလတ်

စာပေအနုပညာရေးရာ

... ... နှင့်

၁၉၉၄၊ ဇွန်လ



# ညှော်ခန်းများကို ဖြတ်သန်းခြင်း (၉)

အထက်ဖော်ပြပါ စာကိုးကျမ်းကိုးကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ဖော်ပြခဲ့မိတာလား။ ပြောစရာစကား တစ်စုံတစ်ရာရှိလို့ ကိုးကားထုတ်နှုတ်ပြခဲ့တာလားဆိုတာ အခုလို ကဗျာခံစားမှုဆောင်းပါးရေးနေခိုက်မှာပဲ မိမိကိုယ်မိမိ ပြန်မေးနေမိပါတယ်။ စစ်ဆေးရှုမှတ်နေမိပါတယ်။ မိမိရဲ့ကဗျာညှော်ခန်းများ ခံစားမှုကို အယူအကောက် အထောက်အကူဖြစ်စေတဲ့ ပစ္စည်းပစ္စယတွေဟာ ဘာလဲ...။ ဆရာဟိန်းလတ် ပြုစုတင်ပြတဲ့ စာပေအနုပညာရေးရာ ကျမ်းငယ်ထဲမှာပါတဲ့ သိစိတ်စီးကြောင်းနဲ့ ငှဲစောင်းကြည့်မလား။

ဖြစ်တည်မှုသစ် အမြင်နဲ့ ချဉ်းကပ်မလား။ ပဥ္စလက်သရုပ်မှန်ဆိုတာကို ဘာသာပြန်ဖို့ကြိုးစားနေတာလား။ နှစ်ဆယ်ရာစုအစ ဥရောပမှာ သန္ဓေတည်ခဲ့တယ်ဆိုတဲ့ အနာဂတ္တိဝါဒီတွေလို ကဗျာတစ်ပုဒ်ရဲ့အလှကို ပြိုင်ကားတစ်စီးရဲ့ အိတ်ဇောပိုက်ပေါက်ကွဲလုမျိုး ဖြစ်စဉ်နဲ့ နှိုင်းယှဉ်ချင်တာလား။

ယခု မိမိလုပ်နေတဲ့ အလုပ် (**ကဗျာညှော်ခန်းဖြတ်သန်းမှု**) ဟာ မိမိရဲ့ စိတ်မနောနဲ့ စကားပြောခွင့်ရခဲ့တဲ့ ကဗျာလေးတွေအကြောင်း တဇွေတစောင်း...။



www.burmeseclassic.com

www.burmeseclassic.com

မိမိရဲ့ ကဗျာအာရုံကို မြူမှုန်စင်ကြယ်အောင် ပြုပြင်ပေးခဲ့တဲ့ ကဗျာလေးတွေအကြောင်း တနေတဓောင်း...။

မိမိနေထိုင်ခဲ့တဲ့ ခေတ်ပြိုင်ပုံရိပ်နဲ့ 'နှစ်ကိုယ့်တစ်စိတ်' ဖြစ်ခဲ့တဲ့ ကဗျာလေးတွေအကြောင်း တနေတဓောင်း...။

သို့ကလို တနေတဓောင်းများကြောင့် ကြီးကျယ်ခမ်းနားတဲ့ 'သိစိတ်စီးကြောင်းအတွေး' ဟာ အရေးမပါလှတဲ့ မနီချေး၊ ငါးမိချေးထဲရောက်လို ရောက်။ 'ဥရောပ ဖြစ်တည်မှုသစ်အမြင်' ဟာ ဆင်းသွင်မလှပတဲ့ ဘဝတွေထဲ ဝင်လိုဝင်။ 'ပဥ္စလက်သရုပ်မှန်ဝါဒ' ဟာ မီးဖိုချောင်ထဲက ဆန်ကွဲနဲ့ရောလို ရောနဲ့ပေါ့။ မြို့ရောက်ပြီပြီ်သားဟာ မိမ်ခံပါဂျရီးကားတံခါးကို မဖွင့်တတ်သလို မိမိကိုယ်မိမိ မရျင့်မရဲဖြစ်နေမိပါတယ်။

မရျင့်မရဲဖြစ်ရုံမှတစ်ပါး ခေတ်အဆက်ဆက်မှာ လှုပ်လှုပ်ပွက်ပွက်ဖြစ်ခဲ့ကြတဲ့ အနုပညာ ကဗျာဝါဒအသစ်အသစ်များနဲ့ အနုပညာကဗျာဝါဒီအသစ်အသစ်များကိုတော့ မလေးမစား၊ မထေမဲ့မြင်မလုပ်ဝံ့ခဲ့တာ အမှန်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ခေတ်အဆက်ဆက်မှာ ဖြစ်ပျက်ပြောင်းလဲ လှုပ်ရှားတက်ကြွ ဂယက်ထခဲ့ရတဲ့ အနုပညာကိစ္စဝိစ္စမှန်သမျှဟာ မတော်တဆ ခလုတ်တိုက်မိတာမျိုး၊ အလုပ်မရှိ ပဲစိသွန်ကောက်လုပ်တာမျိုး၊ လိပ်ကျော သန်းရှာ–ဆန်စဉ်ရာ ကျည်ပွေ့လိုက်တာမျိုး မဟုတ်ခဲ့ရိုးအမှန်ဆိုတာ မုချ ကေန်အမှန် စင်စစ်သတိပြစ်ခဲ့ရပါတယ်။

ဖြစ်ပင်ဖြစ်ငြား အခုဆောင်းပါးရဲ့ အထက်များမှာ ထုတ်နုတ်ကိုးကားဖော်ပြခဲ့တဲ့ 'ကဗျာဆရာဟာ အနုပညာဖြစ်မြောက်ရေးကိစ္စတစ်ခုတည်းကိုသာ အာရုံစိုက်ရမယ်။ တရိုက္ခပိုင်းဆိုင်ရာ ဒါမှမဟုတ် အသုံးဝင်တဲ့ အတွေးအခေါ်တွေ ဘာတွေမဖော်ပြမိဖို့ ဂရုစိုက်ရမယ်' လို့ ဖွင့်ဆိုခဲ့သူ 'ဝေဖန်ရေးသစ်' ကျမ်းပြုဆရာ (ဂျွန်ခရိုးရွမ်ဆမ်) ရဲ့ လေလွင့်တိမ်ပျော်အတွေးအခေါ်မျိုးကိုတော့ ဆေးဖော်ကျောဘက်လုပ်ဖို့ မိမိဝန်လေးနေမိတယ်။ 'ဂျွန်ခရိုးရွမ်ဆမ်' ကပဲ ပြောသည်ဖြစ်စေ...၊ မိမိကပဲ ဝန်လေးသည်ဖြစ်စေ၊ အဆုံးသတ်ကျတော့ ကဗျာဆရာများဟာ သူ့တရားနဲ့သူ၊ သူ့လမ်းသူလျှောက်နိုင်ကြသူများသာ ဖြစ်တယ်။ ဒီနေရာမှာ မိမိအနေနဲ့ မှတ်မှတ်သားသားဖြစ်ခဲ့ဖူးတဲ့ စကားတစ်ခွန်းကတော့ –



(ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တင်ပြသော ကဗျာအယူအဆထက် အချိန်ကတင်ပြလာသော၊ အတွေ့အကြုံက တင်ပြလာသော၊ ခေတ်ကာလက တင်ပြလာသော ကဗျာအယူအဆကို ကဗျာဆရာများ ဂရုမူလျှင် ကိစ္စပြီးပါသည်) လို့ဆိုတဲ့ ဆရာမင်းလူညွန့်ကြူးရဲ့ မုဒိတာကဗျာဝါဒ တစ်စွန်းတစ်စပါပဲ။

သို့ကလို မုဒိတာစိတ်နဲ့ ချိန်ဆပြီး အချိန်က မွေးဖွားလာတဲ့၊ အတွေ့အကြုံက စကားပြောလာတဲ့၊ ခေတ်ကာလက ထောင်းဆိုလာတဲ့ ကဗျာလေးတွေရဲ့ သဘောသဘာဝကို ညဉ့်ခန်းစာမျက်နှာမှာ ရှာကြည့်လိုက်တော့ 'ရေငတ်တဲ့ည'နဲ့ ပက်ပင်းတိုးနေမိပါပေါ့။

၁၉၉၄၊ ဩဂုတ်လ၊ ကလျာမဂ္ဂဇင်းထဲမှာ ကဗျာဆရာ ကိုနိုင်မွေ့ (ပုသိမ်) ဟာ 'ရေငတ်တဲ့ည' အကြောင်းကို ဖြစ်စဉ်ပြ အဓိအစဉ်တွေကျစ်ကျစ်လျစ်လျစ်နဲ့ တစ်ထစ်ချင်း၊ တစ်ရစ်ချင်း ရှင်းပြသွားပါတယ်။ တစ်ထစ်ချင်း၊ တစ်ရစ်ချင်းလို့ ဝိသေသပြုမိတာကတော့ ကဗျာအဆောက်အအုံဖွဲ့စည်းပုံ၊ ကဗျာတစ်ပိုဒ်နဲ့တစ်ပိုဒ်၊ တစ်ခန်းနဲ့တစ်ခန်း ကူးသန်းရက်ယှက်ပုံရဲ့ ကျစ်လျစ်သိပ်သည်းမှုကို ဂရုပြုမိလို့ပါပဲ။

မိုးခေါင်တော်ဘေး
စစ်ဘေးဒုက္ခအကြောင်း
အထိုးပေါင်းပဒေသာ
ည–၇–နာရီရဲ့ နိုင်ငံတကာ
ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။

မိုးခေါင်လို့ အစာဝေး၊ စစ်ဘေးကြောင့် ဒုက္ခရောက်နေရရှာတဲ့ အဆိုးထွေလာ ဝေဒနာတွေကို ကဗျာဆရာဟာ ဘယ်နေရာမှာ တွေ့ခဲ့မိပါသလဲလို့ စဉ်းစားဖို့ အစပြုတုန်းမှာပဲ မြန်မာ့အသံ (ရေဒီယို)က၊ ပုံမှန်လာနေကျဖြစ်တဲ့ နိုင်ငံတကာသတင်းအစီအစဉ်ကို ကဗျာဆရာက ရှည်ရှည်ဝေးဝေး ပြောပြမနေဘဲ (ည–၇ နာရီရဲ့ နိုင်ငံတကာ၊ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ) လို့ တိခနဲပြောချလိုက်တာဟာ ခေတ်ပေါ် ကဗျာပရိယာယ်များစွာထဲက အစကလေးတစ်စ၊ အပြကလေးတစ်ပြလို့ ဆိုချင်ပါတယ်။ မိမိဟာ ကိုနိုင်မွေ့ (ပုသိမ်) ရဲ့ 'ရေငတ်တဲ့ည' ကို ခံစားနေမိခိုက်မို့ ရေဒီယိုမှာ လာနေကျ ည ၇ နာရီရဲ့ နိုင်ငံတကာသတင်း အစီအစဉ်ကို ခလုတ်မဖွင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နဲပါဘူး။ ဘာသတင်းတွေများလာသွားပါလိမ့်လို့ ပိုပြီးသေချာအောင် စားပွဲပေါ်မှာ အဆင်သင့်ရှိနေတဲ့ (၃-၈-၉၄) နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ 'နိုင်ငံတကာသတင်းများ' စာမျက်နှာကို ကောက်လှန်လိုက်တော့...။

**"မျှလက်နက်ထုတ်လုပ်ရေး တိုက်တွန်းမှု ဂျပန်တွင် ပြင်းထန်စွာ ဆေဖန်'**... တဲ့သတင်း။

**'ယောဘီန္ဒ အရေးပေါ် အခြေအနေကြေညာ'**... တဲ့သတင်း။

**'ဂျပန်၊ ထောင်ကိုရီးယားနှင့် မလေးရှား ကုမ္ပဏီများ ပတ်ဝန်းကျင်ရေးရာ စေပြများဖြစ်ပေါ် စွပ်စွဲ'**တဲ့ ကိစ္စ၊

**'အမေရိကန်ကာကွယ်ရေးဝန်ကြီး ရဝမ်ဒါသို့သွားရောက်ကြည့်ရှု'** သတဲ့။

**'ဗီလစ်ပိုင်တွင် မိုးသည်းရေလျှံ၊ လူ ၁၀၀၀၀ ကို ရွှေ့ပေး'** သတဲ့။

ည ၇ နာရီရဲ့ သတင်းများဟာ ကဗျာဆရာကို ဖိစီးခြောက်လှန့်ခဲ့သလို၊ ပြည်တွင်းသတင်းစာထဲက နိုင်ငံတကာ သတင်းများဟာလည်း မိမိရင်ကို တုန်လှုပ်ချောက်ချားစေခဲ့တာပါပဲ။ ဒီနေရာမှာတော့ မိမိရဲ့ တုန်လှုပ်ချောက်ချားမှုဟာ သူ့နှိုက်အတိုင်း အရိုင်းတုံးသက်သက်ဖြစ်နေပြီး ကဗျာဆရာရဲ့ ဝေဒနာဖိစီးမှုဟာ အနုပညာအဆင်အသွေးကြောင့် ယဉ်ကျေးလှပနေပါတယ်။

**အိမ်ဘေးက မြီးကောင်ပေါက်**
**ပေါက်ကွဲတေး လေးလံ**
**အပြင်းစားသံစဉ်ကြောင့်**
**သောတရှင်စရော အားပြတ်**
**ရင်ဘတ်ပေါ် မိုးဗိုလ်ချေးသလို...။**

ပထမအပိုဒ်ဖြစ်တဲ့ (မိုးခေါင်ငတ်ဘေး၊ **စစ်ဘေးဒုက္ခအကြောင်း**)မှ ဒုတိယကဏ္ဍဖြစ်တဲ့ (**အိမ်ဘေးက မြီးကောင်ပေါက်၊ ပေါက်ကွဲတေးလေးလံ၊ အပြင်းစားသံစဉ်ကြောင့်**) ဆိုတာကို ဖျတ်ခနဲ ကူးသွားပုံဟာ အပြဲဆေးပေမယ့် အတွေးနီးတယ်လို့ မိမိခံစားရပါတယ်။ တကယ်တော့ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာပဲ မဟုတ်လား။

**အုပ်သုံးဆယ်မြောက် အထုး**
**ကမ္ဘာဦးရဲ့ ဓာတ်လမ်း**



**အမောချွေးစုံ၊ စွန်းထေးနစ်ပေ**
**နဝိုင်နေမရှိ၊ ဓာတ်ရုပ်မပေါ်...။**

ငွေစက္ကူစနစ်ဟာ ကမ္ဘာကြီးကို ဂိယာသွင်းပြီး မောင်းနှင်နိုင်တယ်ဆိုပေမယ့် အခု မိမိမြင်နေရတဲ့ မြန်မာ့ငွေကြေးနယ်ပယ်ထဲက တစ်ယူနစ်လို့ခေါ်နိုင်တဲ့ ကျပ်တန်လေးတစ်ရွက်ကတော့ သူ့တစ်ကိုယ်လုံး ဒဏ်ရာတွေဖုံးပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာပါပြီ။ ကျပ်တန်လေးတစ်ရွက်ရဲ့ အသက်နဲ့ ဂုဏ်သတ္တိကို ဘောဂဗေဒပညာရှင်တွေအနေနဲ့ ဘယ်လိုခွဲခြမ်းစိတ်ဖြာမယ်မသိ။ ကဗျာဆရာ **'ထဲတွန်းသစ်'** ကတော့ ကျပ်တန်လေးတစ်ရွက်ရဲ့ သမိုင်းကို ကာရန်လိုင်းသွက်သွက်၊ ပြကွက်ရှင်းရှင်းနဲ့ မိမိကို စဉ်းစားကြည့်ဖို့ လက်တို့ပြောပြနေပါပြီ။

ဘယ်အဝေးက ပြေးလာရတဲ့ ကျပ်တန်လေးလဲ... ?

သူ့တစ်ကိုယ်လုံး ဘာကြောင့် ဒဏ်ရာတွေ ဖုံးနေရသလဲ... ?

သူ့ဘဝမှာ ဘာကြောင့် ခေချွေး၊ အမောချွေးတွေ စွန်းထေးညစ်ပေနေရသလဲ... ?

မိမိအိပ်ကပ်ထဲမှာ ကျပ်တန်နွမ်းနွမ်းရိရိလေးတွေ ရှိခဲ့ဖူးပေမယ့် ဘယ်တုန်းကမှ အခုလို မေးခွန်းပုစ္ဆာမထုတ်ခဲ့မိပါဘူး။ အခုတော့...။

**လက်ဖြူ လက်မည်း**
**လက်လွှဲ လက်ပြောင်း**
**ဗိုန်းဗောင်း တစ်လှည့်**
**စည်တော်သံ တစ်လှည့်နဲ့**
**ယွန်းခဲ့ရှာထင်...**

လို့ ဆိုခဲ့တဲ့ ကဗျာဆရာရဲ့ ဆင်ခြင်မှု၊ စာနာမှု၊ ဂရုစိုက်မှု၊ မှတ်တမ်းတင်တတ်မှုတို့ကြောင့် 'အင်းဟုတ်ပေသားပဲ' လို့ ကျပ်တန်တစ်ရွက်ရဲ့ သံသရာကို စူးစမ်းရှာဖွေရကောင်းမှန်း သိလာရပါတယ်။ ဒါပေမယ့် ကဗျာဆရာရဲ့ ကျပ်တန်လေးတစ်ရွက်ကတော့ အနားယူခွင့်၊ အားမွေးခွင့်၊ ငွေကြေးဂုဏ်သိက္ခာနဲ့ ထည်ထည်ဝါဝါနေထိုင်ခွင့်မရရှာသေးပါဘူး။ မရသေးတဲ့အကြောင်းရင်းကတော့ ကဗျာဆရာရဲ့ အသက်ဟာ ကျပ်တန်လေးတစ်ရွက်ရဲ့ ဘဝနဲ့ ဆက်စပ်နေလို့ပါပဲ။ ကြည့်...



www.burmeseclassic.com

www.burmeseclassic.com

သမီးလေးရဲ့
ငွေဆေးကြေးဆေး
စုဘူးလေးအဝ စောနှားပါ
တနှာရှေးတွေး နေရာပေးချင်
အေး ဒါပေမယ့် . . .

ငွေကြေးစနစ်မှာ အနိမ့်ဆုံး ယူနစ်တစ်ခုဖြစ်နေတဲ့ ကျပ်တန်တစ်ရွက်ဟာ သမီးလေးရဲ့ မုန့်ဖိုးပဲဖြစ်ဖြစ်၊ သမီးလေးရဲ့ စုဘူးထဲမှာပဲဖြစ်ဖြစ်၊ ကန်စွန်းရွက်သည်ရဲ့ လက်ထဲမှာပဲဖြစ်ဖြစ်၊ ထူးခြားတဲ့ ကျစ်လျစ်သိပ်သည်းမှုတစ်ခုတော့ ဖြစ်လာမှာ မဟုတ်တာသေချာပါတယ်။ မြို့ပြမှာ ရေခဲရေတစ်ခွက်၊ ဒါမှမဟုတ် စည်ပင်သာယာ ရေအိမ်တစ်ခါတက်တောင် မရှိတော့တဲ့ ကျပ်တန်တစ်ရွက်ရဲ့ ဆက်ဆံရေးဟာ အေးစက်စိမ်းကားလွန်းတယ်လို့ ထင်ရပေမယ့် ကဗျာဆရာအတွက်တော့...။

စားဝတ်နေရေး
ဝန်းတိုင်ဆေးလို့ ပြေးနေတဲ့ငါ
မင်းလိုဝါပဲ ယောဟဲလှိုက်ခုန်
ခြေကုန်လက်ပန်းကျ
ခဏကုထုံး မင်းကူဦးကွယ်
မုန်းလို့တော့ဖြင့် မဟုတ်ဘူးနော်

လို့ တိုးတိုးဖော်၊ တိုင်ပင်ဖော်ပြုနေရပါတယ်။ ဆရာကံထွန်းသစ်ရဲ့ '**တစ်ကျပ်တန်ကုထုံး**' ဟာ လူသားအားလုံးအတွက် ရောဂါမပျောက်ကင်းနိုင်ပေမယ့် ထောင့်ကျဉ်းတစ်ခုထဲမှာ ခြေကုန်လက်ပန်းကျနေရှာတဲ့ လူသားတစ်ယောက်အတွက်တော့ မျှော်လင့်ချက် ရေတစ်ပေါက်ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်။

ဒီနေရာမှာ '**တစ်ကျပ်တန်ကုထုံး**' ကဗျာကို ငွေကြေးတန်ဖိုး သဘောတရားဖြင့် ဖြစ်စေ၊ သဘာဝ ယုတ္တိဗေဒနဲ့ဖြစ်စေ ချဉ်းကပ်တိုင်းတာမယ်ဆိုရင်တော့ အပြစ်အနာတွေ့ကောင်း တွေ့နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ကျပ်တန်တစ်ရွက်ရဲ့ ဇာတိရုပ်ပျက်ခဲ့ရတဲ့ ဖြစ်စဉ်နဲ့ ဘယ်လောက်ပြေးပြေး ပန်းတိုင်ဆေးခဲ့ရတဲ့ မည်ကာမတ္တလူသားတစ်ယောက်ရဲ့ ဘဝကို ခရေစေ့တွင်းကျ စဉ်းစားကြည့်ကြမယ်ဆိုရင်တော့ ကဗျာဆရာရဲ့ ခေတ်ပေါ်နှိုင်းရတာရား



တစ်ခါတစ်ရံ အငမ်းမရဖတ်တဲ့အခါ
ဇာတ်လိုက်သာ အားကျ
ဖြစ်ချင်လှချည့်
လောဘရေဆူမှတ်ဖြတ်သန်း
သိပ်ပင်ပန်းသွားတယ်။

ကဗျာဆရာရဲ့ လူမှုဘဝ ပတ်ဝန်းကျင်မှာ အပြင်းစားပေါက်ကွဲမှုသံစဉ်တွေနဲ့ နိစ္စဓူဝတွေ့ကြုံရင်ဆိုင်နေရပေမယ့် ကဗျာဆရာရဲ့ လက်တစ်ကမ်းမှာတော့ အငမ်းမရဖတ်ခွင့်ရနေတဲ့ ကမ္ဘာ့ဦးဇာတ်လမ်းမျိုးတွေဟာ မရိုးနိုင်၊ မအိုနိုင်သေးပါဘူး။ ဒီလိုနဲ့ပဲ ကဗျာဆရာဟာ ကမ္ဘာဦးရဲ့ ဇာတ်လမ်းတွေထဲက ဇာတ်လိုက်တွေကို အားကျရင်း၊ လောဘရေဆူမှတ်တွေကို ဖြတ်သန်းရင်း၊ ရေငတ်၊ ရေပြတ်နေခဲ့ပါပြီ။ တစ်ခါတစ်ရံ ကဗျာဆရာ အငမ်းမရ ဖတ်မိလိုက်တဲ့ 'ကမ္ဘာဦးဇာတ်လမ်း' ဆိုတာ ဘယ်လိုဟာပါလိမ့်လို့ ပတ်ဝန်းကျင် စာအုပ်အငှားဆိုင်လေးတွေကို မျက်စိကစားကြည့်လိုက်တော့–

'**သိပ်ချစ်တယ်ယုံမှာလား**'၊ '**နှစ်ကိုယ်တူသွားရာလမ်းဝယ်**'၊ '**မချစ်လို့မိမ်းခဲ့ပြီးမှ**'၊ '**ချစ်ပန်းပွင့်**'၊ '**ချစ်မီးလျှံ**'၊ '**မွှင့်လွှတ်ခြင်းဖြင့် ချစ်နေမယ်**'၊ '**သိပ်ချစ်ရတာကိုကိုသိပါတယ်**' တဲ့။

ဟုတ်ကဲ့...၊ သိပါတယ်... သိပါတယ်။ ကဗျာဆရာကို ရေငတ်နွမ်းနယ်စေခဲ့တဲ့ ကမ္ဘာဦးရဲ့ ဇာတ်လမ်းဆိုတာ ဒီလိုပါလားလို့ သိလိုက်ရပါတယ်။ လှည်းတစ်စီးတိုက် ချစ်အမှိုက်ပုံကြီးကို ဖြတ်သန်းရင်း ကဗျာဆရာက ဘာကို မှတ်တမ်းတင်ခဲ့သလဲ။

ငါတို့ရဲ့အမျိုးအသင်း
ထင်းခုတ်မီးသွေး
စီးပွားရေးအဆောင်ပြေပေမယ့်
မြေထိရှား ရေအားလျော့
စုတော့ ရေမျိုသန့်လေး
အိပ်မက်တယ်... တဲ့။

ကဗျာဆရာဟာ ချစ်အမှိုက်ပုံကြီးထဲမှာ ရင်ခုန်ပြီး မောမနေအားခဲ့ပါဘူး။ သူနဲ့ အသွေးတူ အမွေးတူ၊ အဖြစ်တူ သနစ်ဟူတဲ့ ကန္တာရမြေ



www.burmeseclassic.com

ပုပ္ပထဲက ထင်းခုတ်၊ မီးသွေးဖုတ်သူများရဲ့ ဘဝကို သမင်လည်ပြန်သတိရ နေရှာတယ်။ မြေဆီရှားပြီး ရေအားလျော့သွားတဲ့ ဘဝတွေကို သမင်လည်ပြန် သတိရနေရှာတယ်။ မြေဆီရှားပြီး ရေအားလျော့သွားတဲ့ ဘဝတွေကို စာနာရင်း ရေချိုအေးအေးသန့်သန့်လေးကို လွမ်းအိပ်မက် မက်နေရှာတယ်။ အမှတ်မထင် သူ ဖြတ်သန်းခဲ့ဖူးတဲ့ နောက်ကျိုဆားငန်ပင်လယ်ကြီးကို စက်ဆုပ်ရွံရှာ အော့နလုံးနာနေပုံရတယ်။ ဒါကြောင့်ပဲထင်ပါတယ်။ သူ့ကဗျာရဲ့ နိဂုံးမှာ...၊

**ဘယ်သူ့ကြောင့်လဲ**

**စေခိုင်းမရ**

**ကြေကွဲရတဲ့ ဝန်ဆောင်းရှင်ဘယ်သူ**

**(အသက်ကြီးကာမှ)**

**ရင်ပူရောဂါရလာတယ်...။**

လို့ သူ့ဝေဒနာကို ကဗျာ့အဆောက်အအုံ ဖွဲ့စည်းပုံ သေသပ်သိပ်သည်းစွာနဲ့ ပြောပြသွားပါတယ်။

ကဗျာဆရာ ကိုနိုင်မွှေ (ပုသိမ်) ရဲ့ 'ရေငတ်တဲ့ည' ဝေဒနာဟာ မိမိရဲ့ ရင်ကိုလည်း ထိထိရှရှ ကူးဆက်စီးဆင်းစေခဲ့ပါပြီ။ မိမိတွင်မျှမက မြေဆီရှားပြီး ရေအားလျော့နေကြတဲ့ ကမ္ဘာ့ရ လူသားတော်တော်များများကိုလည်း ကူးဆက်စီးဆင်းသွားမှာပါပဲ။ မိမိအနေနဲ့တော့ ရေငတ်တဲ့ည ဝေဒနာကို ဘယ်လိုကုစားရပါ့မလဲလို့ စဉ်းစားရင်း ဩဂုတ်လ– ရွှေဝတ်မှုန်မဂ္ဂဇင်းရဲ့ ကဗျာဉ့ယျာဉ်ထဲ လှမ်းဝင်လိုက်တော့...၊

ကဗျာဆရာ '**ကံထွန်းသစ်**'ရဲ့ '**တစ်ကျပ်တန်ကုထုံး**' နဲ့ ဖြုန်းစားကြီး တိုးငြိနေမိပါတယ်။ '**တစ်ကျပ်တန်ကုထုံး**' ဆိုတဲ့ အသုံးလေးဟာ ငွေကိုဝံ့ပေါလအော ယောဖောသိသိ ဖြုန်းနိုင်ကြသူများအတွက်တော့ ပြုံးချင်စရာပေါ့။ မပြုံးနိုင်ကြသူများအတွက်တော့ –

**ကျပ်တန်ကလေး**

**ဟိုအဝေးက၊ ပြေးလာခဲ့လား...။**

**ရေးကြမ်းထင့်**

**သင့်တစ်ကိုယ်လုံး၊ ဒဏ်ရာတွေဖုံးလို့။**

**ဈေးချော ဒေါ်ချော**



သစ်ကို အပြစ်မြင်ဖွယ်ရှိမယ်မထင်တော့ပါဘူး။ ဒီလိုနဲ့ ကိုနိုင်မွှေ(ပုသိမ်) ရဲ့ '**ရေငတ်တဲ့ည**'ကို သက်သာရာရစေဖို့ ဆရာကံထွန်းသစ်ရဲ့ '**တစ်ကျပ်တန်ကုထုံး**' ကို ခြေဆုံးခေါင်းဆုံး လှေလာနေတုန်းမှာပဲ တစ်ခါတစ်ရံ ဟုတ်ယောင်ထင်မိခဲ့တဲ့...

'**ကဗျာဆရာဟာ အနုပညာမြောက်ရေး အချက်တစ်ခုတည်းကိုသာ အာရုံစိုက်ရမယ်၊ စာရိတ္တပိုင်းဆိုင်ရာ အတွေးအခေါ်တွေ မသွတ်သွင်းမိဖို့ဂရုပြုရမယ်**' ဆိုသော အသံဝလံများဟာ မိမိနဲ့ ပိုရွှေ... ပိုရွှေ့ဝေးကွာသွားခဲ့ပါပြီ။ မည်သို့ပင်ဖြစ်စေ အချိန်က မွေးဖွားလာစေတဲ့၊ အတွေ့အကြုံက စကားပြောလာစေတဲ့၊ ခေတ်ကာလက တောင်းဆိုလာတဲ့ ကဗျာဆရာရဲ့ လွတ်လပ်အိပ်မက်ကိုတော့ မိမိအနေနဲ့ အကြွင်းမဲ့ တန်ဖိုးထားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကဗျာဆရာ တစ်ဦးတစ်ယောက်ရဲ့ ကဗျာတစ်ပုဒ်ဟာ အိပ်မက်တိတ္ထုံ ကျမ်းတစ်အုပ်စာမျှ အတိတ်ယော၊ အရိပ်ယော၊ နိမိတ်ယောတွေနဲ့ စုံလင်ကြွယ်ဝလို့ပါပဲ။ '**အိမ်မက်တိတ္ထုံ**' ဆိုတဲ့ ပါဠိသက်ရဲ့ အနက်အဓိပ္ပာယ်ကတော့ အိပ်မက်တို့ရဲ့ အကောင်းအဆိုး အကျိုးအပြစ်ကို ဖွင့်ဆိုပြတဲ့ ကျမ်းဖြစ်တယ်။ ကောင်းပြီ။ သို့ဆိုလျှင် ကဗျာဆရာရဲ့ အိပ်မက်ဟာ ဘယ်လိုပါလဲ။ ပန်းသေဒီမဂ္ဂဇင်းထဲမှာ ဖော်ပြထားတဲ့ဆရာ 'မင်းလူ' ရဲ့ '**အိပ်မက်တိတ္ထုံ**' ကဗျာဟာ အလျော်ကန်ဆုံး အိပ်မက်ပေါင်းချုပ်တစ်အုပ်လို့ဆိုပါရစေ။ ဘာကြောင့် ဘယ်လိုအိပ်မက်ပေါင်းချုပ်လဲ။ အိပ်မက်တွေရဲ့ နိမိတ်ပုံကို ဘယ်လို ဖွင့်ဆိုရှင်းလင်းပြနိုင်သလဲ။ အိပ်မက်နှလုံးသားပိုင်ရှင်ဆရာ '**မင်းလူ**' ကတော့ သူ့အိပ်မက်မှာ ကာရန်ကို အားမပြုဘဲ နရိသွားနဲ့ ယောသလို ရှင်းရှင်းလင်းလင်း ခင်းကျင်းပြသထားပါတယ်။ အရေးရှင်းပေမယ့် အတွေးကွင်းဆက်တွေ ရှိတယ်။

**ဗေဒင်ဆရာတစ်ယောက်ကို**

**လိမ်လည်မှုနဲ့ တရားစွဲလို့ရပါ့မလား။**

**ထီလက်မှတ် တစ်စောင်ဟာ**

**မပေါက်ရင် ပြန်လျော်ပါ့မယ်လို့**

**အာမခံချက်ရှိလို့လား... တဲ့။**

ဗေဒင်ဆရာတစ်ယောက်ရဲ့ ဖြီးဖြန်းလိမ်လည်မှုကို တရားဥပဒေနဲ့စွဲချက်တင်လို့ ရ–မရဆိုတာ မစဉ်းစားခဲ့ဖူးသူ...၊ ထိုးခဲ့ဖူးသမျှ အလွဲလွဲအချော်



www.burmeseclassic.com

www.burmeseclassic.com

ချော် ဖြစ်ခဲ့ရတဲ့ ထိလက်မှတ်ပေါ်ဟောင်းတွေအတွက် လျော်ကြေးပြန်ရ–မရ ဆိုတာ ဘယ်လိုမှ မတွေးခဲ့ဖူးသူ မိမိဟာ အခုတော့ ရင်ထဲမှာ ယားကျိကျိ ဖြစ်နေရပါပြီ။ အလိမ်ခံခဲ့ရသမျှ၊ မဟာကံထူးရှင်အဖြစ်နဲ့ လွဲခဲ့ရသမျှတွေကြောင့် ရင်ထဲမှာ အောင့်ခနဲ မျက်ခနဲဖြစ်နေရပါပြီ။ ဒါပေမယ့် မိမိမှာ စိတ်ကူးတွေရှိနေသေးတယ်။ မျှော်လင့်ချက်တွေရှိနေသေးတယ်။ ရှိပင်ရှိငြား…

**စိတ်ကူးတွေကို**
**ဆင်ဆာဖြတ်ရင်**
**သင့်တော်ပါမလား။**
**မျှော်လင့်ချက်တွေကို**
**ယုတ္တိမရှိဘူးလို့ ဆေဖန်ရင်**
**တရားမျှတပါ့မလား…** ရယ်လို့

ကဗျာဆရာတွေးသလို ကဗျာဆရာဖွဲ့သလို မိမိအနေနဲ့ ဘယ်တုန်းကတွေးခဲ့ ဖွဲ့ခဲ့ဖူးပါသလဲ။ မိမိနှလုံးသားကို မိမိဘယ်တုန်းက ပြန်ကြည့်ဖူးပါသလဲ။ ကဗျာဆရာ **'မင်းလူ'**ကတော့ –

**တျွန်တော့် နှလုံးသားဟာ**
**ဓေဒင်ဆောဒတမ်းလဲ မဟုတ်**
**ထီပေါက်စဉ်လဲ မဟုတ်**
**ကြော်ငြာသင်ပုန်းလဲ မဟုတ်**
**အိပ်မက်ပေါင်းချုပ်**
**စာတစ်အုပ်သာ ဖြစ်ပါတယ်။**

လို့ သူ့နှလုံးသားစာအုပ် အိပ်မက်ပေါင်းချုပ်အကြောင်းကို အတွေးအားကောင်းကောင်း၊ အဆက်အစပ်မိမိ၊ စဉ်းစားဖွယ်ရာများများနဲ့ ကဗျာစကားလက်တို့သွားခဲ့ပါပြီ။

ဆရာဟိန်းလတ်ရဲ့ **'စာပေအနုပညာရေးရာ'** စာအုပ်မှာ **'လူအများစုဟာ စဉ်းစားမလား၊ သေမလားဆိုရင် သေတာကိုပဲ ရွေးချယ်ချင်ကြတယ်။ တကယ်လဲ မစဉ်းစားဘဲ သေနေကြတာပဲ'** လို့ 'ဘာထရန်ရပ်ဆဲလ်' ရဲ့ စကားတစ်ခွန်းကို ညွှန်းဆိုကိုးကားသွားတာ အမှတ်ရနေမိပါတယ်။ ဘာကိုမှ မစဉ်းစားတော့ဘဲ သေနေကြတယ်ဆိုတဲ့ 'ဘာထရန်ရပ်ဆဲလ်' ပြောတဲ့ လူများစုထဲမှာကဗျာဆရာ (တော်တော်များများ) မပါတာသေချာပါတယ်။ ဒီဆောင်းပါးရဲ့ အထက်နားမှာ မိမိနဲ့ စကားလက်ဆုံကျခဲ့ကြတဲ့ ဆရာ 'ကိုနိုင်မွေ့' မပါတာ၊ ဆရာ'ကံထွန်းသစ်' မပါတာ၊ ဆရာ 'မင်းလူ' မပါတာလည်း သေချာနေပါပြီ။ မိမိကကော ဘယ်လိုလဲ…။

မိမိအနေနဲ့တော့ ကဗျာကပေးတဲ့ အတွေး၊ ကဗျာကပြတဲ့အလှ၊ ကဗျာကပြောတဲ့ အဓော၊ ကဗျာကထုတ်တဲ့ ပုစ္ဆာ၊ ကဗျာမှာသာ နားကြားခွင့်ရတဲ့ ဘာသာစကားနဲ့ ဘာသာဗေဒအတွေ့တွေကို ရှာဖွေဝေ့ ခံစားပြရုံမှတစ်ပါး…။

စဉ်းစားတွေးမြင် ခံစားချင်သူများအတွက် မိမိဖြတ်သန်းနေတဲ့ 'ကဗျာစည့်ခန်း အလုပ်ပေးစခန်း' ကို မညစ်နွမ်းအောင် စောင့်ရှောက်ရုံမှတစ်ပါး ယခုလ (ဩဂုတ်) မှာ ညွှန်းလိုတဲ့ ကဗျာများကတော့ –

| | | | |
|---|---|---|---|
| ၁။ | လမင်းနှင့် မီးပွိုင့် | နိုးမြင့်သိမ်း | (ရွှေဝတ်မှုန်) |
| ၂။ | ဘိုင်ရွန်လိုင်ငိုရခြင်း | ဇော်–ရွှေ့းနေား | (ရွှေဝတ်မှုန်) |
| ၃။ | မိုးကုတ်စေတီနိုင်းရဲ့သံစဉ် | ခင်ဝင်းသစ် | (အလှ) |
| ၄။ | လှော | နေဝင် | (မဟေသီ) |
| ၅။ | လှေမှာ | မောင်သွေးသစ် | (မဟေသီ) |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ဒို အစွေ .

သင်သည် သစ္စာတရားကို ရှည်စွာနှောင်မထားနိုင်၊ သစ္စာတရားသည် လေကဲ့သို့ လွတ်လပ်သည်။ အပိုင်းအခြားမရှိ၊ မှတ်ဆိပ်မရ၊ တိုင်းတာ၍မရ။ သစ္စာတရားသည် ပုံသေနေရာမရှိ။ ဘုရားကျောင်းလည်းမရှိ၊ ယဇ်ပလ္လင်လည်းမရှိ။

ပါရဂူ

'ကဗျာနှင့် ခံသာ'

ဆေးတက္ကသိုလ် ၂ နှစ်လည်စာစောင်

၁၉၇၃-၇၄



# ညှော်ခန်းများကို ဖြတ်သန်းခြင်း (၁၀)

ကဗျာနဲ့ မွေ့လျော်စွာ နေထိုင်ရခြင်းဟာ မင်္ဂလာတစ်ပါးရယ်လို့ ကြားဖူးနားဝရှိခဲ့ပေမယ့် ကဗျာကို သိအောင်အားထုတ်ရတဲ့ အလုပ်ကတော့ တကယ့်ကို 'ကျုံးကုတ်ကျုံးခဲမင်္ဂလာ'ပါပဲ။ ကဗျာကို တွေးသူ၊ ရေးသူ၊ ခင်းကျင်းသူ၊ သိကုံးသူ၊ အလှဆင်သူ၊ ဖွဲ့နွဲ့သူ၊ ဖန်တီးသူမှန်သမျှကို ကဗျာစာဆို (သို့မဟုတ်) ကဗျာဆရာရယ်လို့ ယေဘုယျသတ်မှတ်နိုင်တယ်။ ဒီထက်မက သာလွန်မြင့်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့လည်း အထူးပြုလိုက ပြုနိုင်ကြတယ်။ ဒါပေမယ့် ထိုစာဆို၊ ထိုကဗျာဆရာရဲ့ လက်ကထွက်ကျလို့စိမ့်လာတဲ့ အလင်္ကာဝါကျတွေကိုတော့ အရေပြားမှာ အယားပြေရုံရေးသည်ဖြစ်စေ၊ ခေတ်ပြိုင်အာရုံခံစားပုံနဲ့ ဖွဲ့သည်ဖြစ်စေ၊ အရှုတ္တအတွင်းသန္တာန်ထဲက မေတ္တာခေတ်အနိုးအငွေ့တွေကိုပဲ ထုတ်လှွင့်သည်ဖြစ်စေ သူ့ကဗျာ (ပစ္စည်း) ကို သူ မပိုင်ဆိုင်တော့ချေ။

သူ့ကိုယ်သူ လူမှုသရော်စာ ကဗျာဝါဒီ၊ ဘဝအားမာန်ဝါဒီ၊ စိတ္တဗေဒဝါဒီ၊ အနာဂတ်ဝါဒီ၊ ခေတ်ပေါ်ဝါဒီ၊ ဂန္ထဝင်ဝါဒီရယ်လို့ အမည်ပေး



www.burmeseclassic.com

www.burmeseclassic.com

ကင်ပွန်းတပ်ခွင့်မရှိတော့ဘူး။ သူ့ကို စောင့်ကြည့်တဲ့ သူ့ခေတ်ပြိုင်ပရိသတ်ကသာ သူ့ကဗျာနဲ့ သူ့နေရာကို တန်ဖိုးသတ်မှတ် ဆွေမျိုးစပ်ကြည့်ကြမှာဖြစ်တယ်။ ပညာရှင် သုတေသီများအနေနဲ့တော့ ကဗျာဆရာရဲ့ လက်ဘပ်မှင့်ကို သုတေသနမျက်လုံးနဲ့ ခြေဆုံးခေါင်းဆုံးကြည့်ပြီး နိဿရည်းနည်းနာ၊ အတတ်ပညာဆိုင်ရာ ကထာတွေ ဖွင့်ဆိုကြလိမ့်မယ်။ ဒီနေရာမှာ ကဗျာခံစားသူများဘက်က ကဗျာကိုသိအောင် အားထုတ်ရတဲ့အလုပ်ဟာ စောစောက ပြောခဲ့သလို တကယ့်ကို '**ကျားကုတ်ကျားခဲမဂ်လာ**' တစ်ရပ်ပါပဲ။ ကဗျာနဲ့ ဆွေမျိုးစပ်ဖို့ ရင်းရင်းနှီးနှီး ပူးပူးကပ်ကပ် နေထိုင်ရတဲ့ကိစ္စဟာ တစ်ခါတစ်ရံ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသလောက်၊ တစ်ခါတလေတော့ တွေဝေထိုင်းမှိုင်း ကျောခိုင်းခံရတာမျိုးနဲ့လည်း ကြုံရတတ်ပါတယ်။ ဒါဘာကြောင့်လဲ၊ မိမိရဲ့ အမှတ်သညာ တရားထဲမှာ ဖျိုးဖျိုးဖျပ်ဖျပ်ဝင်လာတဲ့ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ အမှာစကားတစ်ရပ်ကို ဖြတ်ခနဲ သတိရလိုက်ပါတယ်။ အဲဒါကတော့ –

> '**ကမ္ဘာဦးအစကတည်းက ကြယ်တွေ၊ နက္ခတ်တွေ၊ နေတွေ၊ လတွေက ထူးပြီး မပြောင်းပါ။ သို့ရာတွင် အရှေ့တိုင်းလက တစ်မျိုးမြင်သည်။ ဂယ်လီလီယိုတို့၊ နယူတန်တို့က တစ်မျိုးမြင်သည်။ အိုင်စတိုင်းကျတော့ တစ်မျိုးမြင်ပြန်၏**'။

ဆိုတဲ့ ကဗျာဆိုင်ရာ ကောက်နုတ်ချက်တစ်ခုပါပဲ။

ဆရာဘုန်းနိုင်ရဲ့ ဆိုလိုချက်ကတော့ အခြင်းအရာတစ်ခုကို ရှုမြင်သုံးသပ်တဲ့နေရာမှာ ပြောင်းလဲမြင်ပိုင်ခွင့်ကိစ္စဟာ သိပ္ပံပညာရှင်တွေအတွက်သာ အထူးအခွင့်အရေးတစ်ရပ်မဟုတ်ဘဲ ကဗျာခံစားသူများနဲ့လည်း တစ်ပြေးညီ ပတ်သက်တယ်လို့အနက်နှစ်ခွနဲ့ တွက်ဆပြခဲ့တာဖြစ်တယ်။

ဒီလိုတမ်းဆိုရင် ကဗျာဆိုတာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းလို့ မှတ်တမ်းတင်ရတော့မှာလား။ အတ္တနောမတိ မိမိသဘောထင်ရာပြောခွင့်ရှိတဲ့ အရာကို ကဗျာလို့ခေါ်ဆိုမှာလား။ မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဝိုးတဝါးခံစားမှုဟာ အနုပညာ (ကဗျာ) ဆိုင်ရာ ဥပဒေသလား။

ကဗျာညှို့ခန်းတွေကို ဖြတ်သန်းခံစားကြည့်နေသူ မိမိဟာ ကဗျာတစ်ပုဒ်ကို ထိထိငြိငြိသိအောင် (သို့မဟုတ်) တစ်ယောက်အကြောင်း တစ်



ယောက်နားလည်မှုရှိအောင် ဘယ်လိုလေ့လာမလဲ။ ကျားကုတ်ကျားခဲ ဘယ်လိုအားထုတ်မလဲ။

ကနေ့အထိ သပြေတေးမဂ္ဂဇင်းမှာ မိမိခံစားဖွင့်ဆိုပြခဲ့တဲ့ ကဗျာလေးတွေဟာ မိမိရဲ့ ရင်ခုန်သံ၊ မိမိရဲ့ ရေခံမြေခံ သဘာဝနဲ့ ပနံရနေလို့သာပေါ့။ ကဗျာဆရာ ပို့ဆောင်ပေးလိုက်တဲ့ အနုပညာပစ္စည်းနဲ့ လက်ခံရယူမယ့် မိမိနေရာဟာ သိပ်ဝေးကွာနေလျှင် ကဗျာကိုသိအောင် မြင်အောင်၊ ခင်အောင် ရင်းနှီးအောင် လုပ်ဖို့လွယ်ကူချောမွေ့မယ်လို့ မထင်ဝံ့ပါ။ ကဗျာဆရာရဲ့ ပဥ္စလက်မှော်အတတ်နဲ့ မိမိရဲ့ ဝေဒနာတော်ခံဟာ သိပ်ပြီး သုစိမ်းဟစ်ရှံနေမယ်ဆိုလျှင် ပီတိသုခ တစ်ခုမှမရနိုင်သလို၊ အင်မတန် တိုးညှင်းပြီး ရိုးစင်းလွန်းတဲ့ သက်မဲ့လက်ာတွေကျပြန်တော့လည်း မျက်နှာလွှဲခဲ့ရမှာပါပဲ။

ဒီလိုနဲ့ မြင်အောင်ကြည့်၊ သိမှခံစား၊ ကြားအောင်နားထောင်တတ်ဖို့ မိမိကိုယ်မိမိ မွေးမြူရင်း စက်တင်ဘာညှို့ခန်းများရဲ့ ပြတင်းကိုလှပ်လိုက်တော့ ချွတ်ခြုံကျနေတဲ့ မုဆိုးမတစ်ယောက်နဲ့ ဖျတ်ခနဲ တွေ့ခဲ့ပေါ့။

ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းထဲက ကဗျာဆရာ '**မောင်ရှင်စော**' ပြောပြတဲ့ '**မုဆိုးမ**' ကဗျာဟာ ဒီနေ့ ခေတ်မဂ္ဂဇင်းတွေထဲမှာ ဖော်ပြလေ့ရှိတဲ့ အတိုဆုံးဝတ္ထု၊ တစ်မျက်နှာဝတ္ထု၊ အသိပ်သည်းဆုံး ဝတ္ထု၊ အကျစ်လျစ်ဆုံးဝတ္ထုဆိုတာတွေထက် ပိုပြီးတို၊ ပိုပြီးသိပ်သည်း၊ ပိုပြီးကျစ်လျစ်တဲ့ ခေတ်ပြလင်္ကာတစ်ပုဒ်ဖြစ်တယ်။

ရုတ်တရက် ဖတ်သွားရင် ကဗျာမဟုတ်ရဲ့လားလို့တောင် ထင်ယောင်ထင်မှား ဖြစ်မိပေမယ့် နရီနားပါးပါးနဲ့ ခံစားနားထောင်ကြည့်ရင်တော့ ကဗျာနဲ့တူတဲ့ အလုပ်ကို နိုက်လိုက်မတ်တတ် လုပ်သွားတာတွေ့ရမယ်။ ကမ္ဘာကြီးထဲမှာ ရှိရှိသမျှ ပရိဒေဝ ဗျာပါရတွေနဲ့ မုဆိုးမများစွာထဲက '**လွမ်းဆွတ်ယူတ၊ မမြင်ရ၍၊ သောကနှိပ်စက်၊ ဟက်ဟက်လောင်လင်၊ ပူပင်ညှိုးရှုံး**'လို့ ဆိုဖွဲ့ခဲ့တဲ့ သျှင်မဟာရဋ္ဌသာရရဲ့ ဘုရိဒတ် လင်္ကာကြီးထဲက အဖွဲ့ထက် အပြစ်ဆိုးစွ မုဆိုးမတစ်ယောက်ဖြစ်တယ်။ '**မောင်ရှင်စော**'ရဲ့ မုဆိုးမဖွဲ့ကို နားထောင်ကြည့်ကြရအောင်...။

> **ရင်ထဲမှာ ဘာမှမရှိ**
> **အိမ်ထဲမှာလဲ ဘာမှ မရှိတော့**
> **သူ့ကိုကြည့်ရတာ**



www.burmeseclassic.com

www.burmeseclassic.com

**သူယောက်ျားရဲ့ ပန်းပဲဖိုလေးထဲက**

**မီးသွေးခဲတွေနဲ့ တူရဲ့။**

ကဗျာမှာ တမင်စီစဉ်ထားတဲ့ ကာရန်တွေ၊ လျှို့ဝှက်အထုံးအဖွဲ့တွေကို မသုံးခဲ့ဘဲ အနိမ့်သံ၊ အမြင့်သံ၊ အပြောသံ (Tone) တွေနဲ့ ရိုးရိုးယဉ်ယဉ်လေး ပြောပြနေတယ်။ ကဗျာခံစားသူရဲ့ မနောအလျဉ်ထဲကို ရောရောရှုရှု ဝင်သွားတယ်။

ဗလာဟင်းလင်း အိမ်ခန်းကျဉ်းလေးတစ်ခု၊ မီးငြိမ်းသွားပြီဖြစ်တဲ့ လုပ်ငန်းသိမ်း ပန်းပဲဖိုတစ်ဖို။ အဲဒီ ပန်းပဲဖိုလေးထဲက အေးစက်ပြာဖုံး မီးသွေးတုံးလေးတွေ။ ရင်ထဲမှာ ဘာမျှော်လင့်ချက်မှ ရှိပုံမရတော့တဲ့ မီးသွေးခဲလို မည်းမည်းညစ်ညစ် မိန်းမသားတစ်ယောက်။

**တဆိတ်**

**ထိတ်တိတ်ကလေး နေကြမ်းပေါ**

**ထုတ်တမ်းပေါ်က ကြွက်ပိန်တာတွေ**

**ယောက်ယက်ခတ်နေ**

**တံစက်မြိတ်အောက်က**

**ကုန်နံဆိုင်လေးမှာ**

**ရောင်စုံမုန့်ထုပ်တွေ လှုပ်ရမ်းနေ**

**နောက်ဖေးစတိုခန်းထဲမှာ**

**သူယောက်ျားရဲ့ တေးတွေ သံချေးတက်နေ**

**ထင်းရှူးသေတ္တာထဲမှာ**

**အသံမဲ့ ရေဒီယိုတစ်လုံး ပိုးကျနေ**

ကဗျာဆရာညွှန်ပြနေတဲ့ ကဗျာထဲက ရုပ်ဝတ္ထုပစ္စည်းတွေဟာ စုစုစည်းစည်း သိပ်သိပ်သည်းသည်း မဟုတ်ပါဘူး။ ဖရိုဖရဲ ပြန့်ပြန့်ကျဲကျဲတွေပါ။ ကဗျာထဲက ဇာတ်ဆောင်တွေကလည်း သက်ရှိ (လူ) ဇာတ်ဆောင်တွေမဟုတ်ကြပါဘူး၊ အခန်းအိုလေးရဲ့ ထုတ်တန်းပေါ်မှာ ယောက်ယက်ခတ်နေကြတဲ့ ကြွက်ပိန်တာတွေ။ အိမ်ရှေ့တံစက်မြိတ်အောက်မှာ ဖြစ်သလို ချိတ်ဆွဲထားတဲ့ အပေါစား ရောင်စုံမုန့်ထုပ်လေးတွေ။ အိမ်နောက်ဖေးကဖြတ်စဗျင်းတောင်း စတိုခန်း(ပန်းပဲဖို) ထဲမှာ သံချေးတက်နေတဲ့ တေးတွေ၊ အဲဒီတေးတွေဟာ (တစ်ချိန်က) ပန်းပဲသမား- သူမလင်သားရဲ့ တေးတွေဖြစ်ခဲ့တယ်။

**ထင်းရှူးသေတ္တာထဲမှာ**

**အသံမဲ့ ရေဒီယိုတစ်လုံး ပိုးကျနေ**

လို့ဆိုတဲ့ အနိဋ္ဌာရုံ ဝါကျကတော့ တေးတွေရဲ့ အရှင်သခင်၊ သူမရဲ့ လင်ယောက်ျား၊ ပန်းပဲသမားဟာ ကွယ်လွန်သွားရှာခဲ့ပြီဆိုတာကို ပြတဲ့ နိမိတ်ပုံတစ်ကွက်ပေါ့။

' ထင်းရှူးသေတ္တာထဲမှာ ပိုးစားခြတက် အသံမထွက်တော့တဲ့ ရေဒီယိုလေးတစ်လုံးဟာ တစ်ချိန်တုန်းက အသုံးပြုခဲ့တဲ့ တကယ့် ရေဒီယိုလေးလည်း ဖြစ်နိုင်တယ်။ ခေါင်းတလားထဲမှာ ပိုးလောက်တွယ်ဖုံး ရုပ်လုံးပျောက်သွားရှာပြီဖြစ်တဲ့ သူမရဲ့လင်ယောက်ျားလည်း ဖြစ်နိုင်တယ်။ နိမိတ်ပုံ တစ်ကွက်ဟာ ကဗျာမှာ အသက်ဝင်နိုင်သလို၊ နိမိတ်ပုံတွေရဲ့ အတွေးဟာ ကဗျာရဲ့ သွေးကြောလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် နိမိတ်ပုံတွေရဲ့ လျှို့ဝှက်လွန်းမှု၊ အစွန်းရောက်မှု၊ ရုပ်သံရှုသံနဲ့ ဖီလာဆံမှု၊ ပြလိုပြစားလုပ်မှု၊ ရေငုပ်မီးလှုံ တုံးခုန် ဖယ်ခုပ် လုပ်မှုမျိုးတွေဟာ ကဗျာရဲ့ တန်ဖိုးကို အရုပ်ဆိုး အကျည်းတန်စေတယ်လို့ မိမိလေ့လာခံစားမိပါတယ်။

အခုတွေ့နေရတဲ့ '**မောင်ရှင်စော**' ရဲ့ '**မုဆိုးမ**...'အကြောင်းကတော့ ကဗျာရဲ့ ကာလဒေသနဲ့ အံဝင်ခွင်ကျဖြစ်နေတဲ့ နိမိတ်ပုံတွေကို လိုအပ်သလောက်သာ ထောက်ကူအားပြုထားတာမို့ တရားရှုသလို ရှုလို့ကောင်းတယ်။ ကဗျာထဲက ဘဝအနာကို ဓမ္မကထာလို မှတ်လို့ကောင်းတယ်။ မြင်နေကျ၊ ကြားနေကျ၊ ခံစားနေကျ လောကီထုပ္ပတ် လူတို့ဇာတ်ကို ကဗျာဇာတ်နဲ့ စီရင်လိုက်တော့ ပိုပြီးကြည်ကြည်လင်လင် မြင်ရကြားရခံစားရတယ်။ ဒီလိုနဲ့ မုဆိုးမတစ်ယောက်ရဲ့ နောက်ကြောင်းမှာ စိတ်မကောင်းစရာ ဇာတ်ဝင်ခန်းလေးတွေ အမျှင်တန်းပြီး ကပ်ငြိပါလာပြန်တယ်။

**ညနေ**

**လေးနာရီထိုးတဲ့အခါ**

**သူ့ကလေးတွေ ကျောင်းက**

**ပြန်လာကြတယ်...။**





www.burmeseclassic.com

www.burmeseclassic.com

ကြွက်ပိန်တာတွေ တစ်အုပ်ရယ်၊ အိမ်ဆိုင် တံစက်မြိတ်အောက်က ရောင်စုံမုန့်ထုပ်လေးတွေရယ်၊ သံချေးတက်တေးတွေရယ်၊ အသံမဲ့ ရေဒီယို ပျက်တစ်လုံးရယ်၊ မျှော်လင့်ချက် တစိုးတစိမျှရှိပုံမရတဲ့ မုဆိုးမမိန်းမသားဟာ တစ်ယောက်တည်း အထီးကျန် လူသားတော့မဟုတ်ဘူး။ ကွယ်လွန်သူပန်းပဲသမားနဲ့ ရခဲ့တဲ့ ကျောင်းသားအရွယ် ရင်သွေးငယ်တွေရှိတယ်။ ဟော၊ အခု သူ့ကလေးတွေ ကျောင်းကပြန်လာကြပြီ။ ညနေ လေးနာရီထိုးပြီ၊ မုဆိုးမ မိခင်တစ်ယောက်အနေနဲ့ သူ့ကလေးတွေကို သူဘယ်လို ကြိုဆိုပွဲဖက်မလဲ။ ဖွယ်ဖွယ်ရာရာ ဘယ်လိုအာဟာရတွေနဲ့ စိမ်ပြေတီးမှုပြုမလဲ။ ကဗျာဆရာကတော့ ဘာမှ ရှင်းမပြခဲ့ဘူး။ ရှင်းလင်းပွင့်ဆိုတဲ့ ကိစ္စဟာ ကဗျာဆရာရဲ့ အလုပ်ဟုတ်မယ်မထင်ဘူး။ ကဗျာမှာ ဘာသာစကားရဲ့ အထိန်းအကွပ်ကြောင့် ကဗျာခံစားသူကို တိမ်းညွတ်လာအောင်လုပ်ဖို့ဆိုတာ သိပ်တော့ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဒီနေရာမှာတော့ 'မောင်ရှင်စော' ဟာ ကဗျာနဲ့တူတဲ့ အလုပ်ကို တစ်ခုပ်တရ လုပ်ပြသွားတယ်။

မိမိရဲ့ အတွေးထဲမှာ မုဆိုးမ မိခင်ရဲ့ ရင်သွေးငယ်လေးတွေဟာ ဘယ်လိုကျောင်းမျိုးမှာ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနေကြသလဲ။ ညနေလေးနာရီမှာ ကျောင်းဆင်းခေါင်းလောင်းသံ မှာခံရင်း အိမ်ကို ဘယ်လို အနေအထားနဲ့ ပြန်လာကြပါလိမ့်လို့ စဝေစဝါနဲ့ အဖြေရှာနေတုန်းမှာပဲ...

**လွယ်အိတ်အစုတ်လေးတွေနဲ့**
**ခြေထောက်တွေမှာ**
**အနာကလေးတွေနဲ့...။**

မောင်ရှင်စောရဲ့ 'မုဆိုးမ' ကဗျာဟာ ဒီနေရာမှာတွင် ပြီးဆုံးသွားခဲ့ပါပြီ။ ဒါပေမယ့် ခြေထောက်မှာ အနာလေးတွေနဲ့ ကျောင်းပြန် ကလေးတွေရဲ့ အကြောင်းကတော့ မိမိရဲ့အတွေးစီးကြောင်းထဲမှာ အခုမှ စလိုက်တဲ့ နိဒါန်းမျှသာ ရှိပါသေးတယ်။

ကဗျာတစ်ပုဒ်ရဲ့ အဆုံးဟာ အတွေးစီးကြောင်းတစ်ခုရဲ့ အစဖြစ်ဖို့ ဘယ်လိုနည်းစနစ်တွေ ရှိသင့်ပါသလဲ။ ဘယ်လို ခံစားမှု ဘယ်လို အတတ်ပညာတွေနဲ့ ထုံမွမ်းဖန်တီးသင့်ပါသလဲ၊ ပုဂ္ဂလိက ပြဿနာကို ယေဘုယျဒေဒနာဖြစ်အောင် ဘယ်လိုဖော်ဆောင်မလဲ၊ သို့ကလို မိမိကိုယ်မိမိ အပြန်အလှန် ဆင်ခြင်ရင်း 'သရဖူမဂ္ဂဇင်း'ရဲ့ စည့်ခန်းထဲကို လှမ်းကြည့်လိုက်တော့...။



'ပုဂ္ဂလိက ပန်းဥယျာဉ်' ထဲက ကဗျာဆရာ '**အောင်ဆေး**' ပါတကား။ မိမိဟာ ပုဂ္ဂလိက ဝေဒနာနဲ့ ပုဂ္ဂလိက ကဗျာကို အလှရှာဖို့၊ ခြေရာကောက်ဖို့၊ ခံစားပွင့်ဆိုဖို့ကိစ္စမှာ စိတ်ပါဝင်စားမှု အွဲ့ရှားသူတစ်ဦးဖြစ်တယ်။ လက်တွန့်အားနာစကားရှာမရသူတစ်ဦး ဖြစ်တယ်လို့လည်း မိမိကိုယ်မိမိ ပြန်ကြည့်ဖူးတယ်။ အခုတော့'**အောင်ဆေး**'ရဲ့ '**ပုဂ္ဂလိကပန်းဥယျာဉ်**'ကိုမှ ဘာ့ကြောင့် စိတ်ပါဝင်စားမှုပြုမိပါသလဲ။ '**ပုဂ္ဂလိက ပန်းဥယျာဉ်**' ကဗျာကို ဘယ်လို ခြေရာကောက်ပြီး ဘာကြောင့် အလှရှာချင်တာလဲ။ 'ဘာကြောင့်' တွေ၊ 'ဘယ်လို'... တွေ အထပ်ထပ်နဲ့ ကဗျာဆရာအောင်ဆေးရဲ့ ပုဂ္ဂလိက ပန်းဥယျာဉ်အနား ချဉ်းကပ်လိုက်စဉ်မှာပဲ၊ ဟော နားထောင်... နားထောင်...

**ဘယ်သူမြှောလဲ**
**တစ်တောလုံးကြွေ...။**
**တဟုန်းဟုန်းနဲ့**
**တောဆုံး တောင်ဖျား၊ မီးတောက်ကြားမှာ**
**ဖျားနာခဲ့ပြီ ငါ့နှင်းဆီ**

ဆိုတဲ့ အသံကို ကာရန်လက်ဖျံအား ကောင်းကောင်း၊ အလင်္ကာကောက်ကြောင်းကြမ်းကြမ်းနဲ့ အံ့ဘနန်းကြားလိုက်ရပါတယ်။ ဘာကြောင့် အံ့ဘနန်း ကြားလိုက်ရတယ်လို့ မိမိနှုတ်က လွှတ်ခနဲ ပြောလိုက်မိပါလိမ့်။ အပြေးအပြန်း မှန်းကြည့်လိုက်တော့ အခုတလော ကြားနေကျဖြစ်တဲ့ '**အောင်ဆေး**' ရဲ့ အသံမျိုးနဲ့မတူ ကွဲပြားနေလို့ပဲဖြစ်တယ်။ အောင်ဆေးပြောနေကျ၊ ဖွဲ့နေကျ၊ လုပ်ပြနေကျစတိုင်က ဟောသလိုမျိုး။

**'အဝါရောင် တောင်တန်းညနေ**
**ပင်လယ်ဆည်းဆာ မျှိုရှ**
**ခြသေ့အိမ်၊ လွှမ်းမျက်လုံးဝေရီ'** ဆိုတဲ့ ဘာသာပြန်အဖွဲ့မျိုး။
**'လင်းယုန်ငှက်ရဲ့ အတောင်ပံပေါ်မှာ**
**ညဟာ မိန့်မားဆဲပ'** ဆိုတဲ့ ထင်းရှူးပင်ရိပ်က အိပ်မက်မျိုး။
**'ကောင်းကင်က နိမ့်နိမ့်လာ**
**မိန်းမတစ်ယောက်ရဲ့ ကွာရှင်းစွင့်အတောင်းခံ**



www.burmeseclassic.com

www.burmeseclassic.com

**ရတဲ့ ယောက်ျားနှယ်...**

**ပေါ့ပျက်ပျက် မှန်တိုင်းအသေ**

**ပင်လယ်ကျိန်ဆဲ အောင်ငို**

**အတိတ်ရဲ့ ရန့်ယောင်းများပဲလေ'**... ဆိုတဲ့ ဘောင်းဘီဝတ်မိုးတိမ်စတိုင်မျိုး...။ သို့ကလို (Sound Track) တွေရဲ့ ဖန်တီးပြုလုပ်ချက်နဲ့ အသံအက်အက်ပြာပြာမျိုးတွေကို သီဆို (ရေးဖွဲ့)နေကျ အောင်ဝေးက –

ဟို ရှေးဦးမဆွ (၁၉၇၀) ခုနှစ်တစ်ဝိုက်က **'ရှုမဝမဂ္ဂဇင်း'** မှာတွင်ကျယ်ခဲ့တဲ့ နဝဂန္ထဝင်မာန်စစ်စစ်နဲ့ ပြန်ဖွဲ့ပြတော့ လွမ်းရသတစ်မျိုးကို နားဆင် ခံစားခွင့်ပြန်ရတာပေါ့။ ခေတ်စမ်းကို တစ်ထစ်လှမ်းကြည့်တဲ့ **'ခေတ်စမ်းသစ်ကဗျာ'** လို့ပဲ ပြောပြော...။ တာရန်လောဘကြီးသူလို့ပဲ ဆိုဆို၊ အိုယောင်းတဲ့ အတိတ်ကို ပြန်လည်ဖိတ်ခေါ်မှုလို့ပဲထင်ထင်၊ တကယ်တော့ အခုမြင်နေကြားနေရတဲ့ အောင်ဝေးရဲ့ 'ပုဂ္ဂလိက ပန်းဥယျာဉ်'ဟာ ပုဂ္ဂလိက ခံစားမှုသက်သက် ကဗျာတစ်ပုဒ်မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ –

**အပွစီးကြောင်း**

**ချောင်းရေဆုပ္ပက်၊ ညဥ့်နက်နက်ထဲ**

**တစ်စက်နှစ်စက်၊ ဆွေးသက်သက်လေ**

**အိပ်မက် မီးသင့်ခဲ့သလော၊**

**ငါလာခဲ့ပြီ**

**ဤနေရာသို့၊ ငါငိုမူးရန်**

**ဒူးထောက်တောင်းပန်**

**အညွှန့်ခံဖို့ လာခြင်းမဟုတ်...။**

ဥယျာဉ်သာမောမှာ တစ်တောလုံး ကြွေကုန်ကြပြီလို့ ဘယ်သူတွေ ဘယ်လိုပြောပြော တစ်တောလုံးတစ်တောင်လုံး မီးတဟုန်းဟုန်း တောက်လောင်နေတဲ့ကြားမှာ သစ္စာတရားရှာဖို့ မရွံ့မကြောက် လျှောက်လာတဲ့ ကဗျာဆရာတစ်ယောက်...။

ချော်ရည်စီးကြောင်းနှယ် ချောင်းရေတွေကလည်း ဆူပွက်လို့ ယုံကြည်ချက် အိပ်မက်လေးတစ်မက်တောင် ညဥ့်မှောင်နက်ထဲမှာ မီးသင့်ပျက်



စီးရတော့မှာပါလား။ ဒါပေမယ့်... ကဗျာဆရာရဲ့ အတွေးမှာတော့ ငိုကြွေးဖို့ စိတ်ကူးနဲ့ ဒူးထောက်အညွှန့်ခံဖို့ စိတ်ဓာတ်တွေ တစိုးတစိမျှ မရှိခဲ့ပါဘူး။ တာစောင့်နတ်၊ တောင်စောင့်နတ်တွေကို တောင်းပန်ဖို့လည်း ဟောဒီပုဂ္ဂလိက ပန်းဥယျာဉ်ထဲကို သူရောက်လာခဲ့တာ မဟုတ်ပါဘူး။ ဒီလိုဆို ဘာကြောင့်လဲ။

ငါယုံကြည်သည်

**နှင်းဆီတစ်ပင်၊ မီးလောင်ပြင်က**

**ရှင်ပြန်ထမြောက်၊ ငှက်တေးကောက်ချိန်**

**တောက်ပ ဆေဖူး၊ ငါ့ခေတ်ဦးကို**

**ကူးယူဆင်မြန်း လွမ်းပေလိမ့်...**

ရက္ခဗေဒအလိုအရ၊ ဇီဝဗေဒ (Biology) ဖြစ်စဉ်အရ မီးသင့်လောင်ကျွမ်းသွားတဲ့ ဥယျာဉ်မြေရိုင်းမှာ အပင်အပွင့်တွေရဲ့ ရှင်ပြန်ထမြောက်ချိန်၊ ငှက်တေးကောက်ချိန်ဆိုတာ မလွဲမသွေ ရှိနေရမယ်။ မြေရိုင်းမှာ အပင်တွေ အပွင့်တွေရဲ့ နေခြည်ဖူးချိန်ဟာလည်း ထိန်ချန်မရရှိနေရမယ်။ အဲဒီနိယာမဖြစ်စဉ်အရ...၊ ကဗျာဆရာကတော့ ရှင်ပြန်ထမြောက် ပွင့်ချိန်ရောက်လာမယ့် သူ့နှင်းဆီပင်တစ်ပင်ကို ယုံကြည်စိတ်ချစွာ စောင့်စားရင်း သူ့အချစ်မှူး သူ့ခေတ်ဦးကို ကူးယူဆင်မြန်းပေးလိမ့်မယ်။ ပုဂ္ဂလိက အလွမ်းကို တစ်ကိုယ်တော် ပွေ့ဖက်မထားဘဲ သစ္စာတရားအဖြစ် ပြောင်းလဲပစ်လိမ့်မယ်။ ဒါကြောင့် ကဗျာဆရာက ဟောသလို လွမ်းပြချစ်ပြလိုက်တာပေါ့...၊

ငါလွမ်းသဖြင့်

**အပွင့်ကြွေ၊ မသေအမြစ်**

**ချစ်နေသေးသည်**

**မည်သို့ပင်ဖြစ်စေ**

အရွက်တွေ လွင့်ချေလို့ အပွင့်တွေ ကြွေနှမ်းခဲ့ပေမယ့် ဟောဒီမြေသားအောက်ခြေမှာ ဘယ်တော့မှ မသေတဲ့ပင်မြစ်၊ ပဋိဇီဝအစစ်ရဲ့ ဖြစ်တည်မှုကို ကဗျာဆရာ ရှုမြင်သုံးသပ်မိတယ်။ ဒါကြောင့်လဲ ကဗျာဆရာက ဟောသလို တပ်တပ်အပ်အပ် ပြောရဲခဲ့တာပေါ့ –



www.burmeseclassic.com

www.burmeseclassic.com

ကဲ ဘယ်သူပြောလဲ
တတောလုံးကြွေ

မွှင့်ကြွေတချို့ကို မြင်တွေ့မိတိုင်း၊ အတိုင်းမသိ ရင်ခုန်ထိတ်လန့်ခဲ့တဲ့ မိမိဟာ အောင်ဝေးရဲ့ ပုဂ္ဂလိက ပန်းဥယျာဉ်ထဲကို ကူးဝင်ခံစားပြီး ကာမ ရုက္ခဗေဒရဲ့ နိယာမနဲ့ ဓိဝဗေဒရဲ့ ဖြစ်စဉ်တွေကို ချစ်ခင်ရ၊ မြတ်နိုးရ၊ တန်ဖိုးထားရကောင်းမှန်း ပိုပြီး နားလည် သိမြင်လာခဲ့ပါတယ်။ ကြောက်စိတ် လန့်စိတ်တွေ ပြယ်လာတယ်လို့လည်း မိမိကိုယ်မိမိ တွေ့ရှိလာခဲ့တယ်။

ဘယ်သူ ပြောလဲ
တတောလုံး ကြွေ
... ... ...
ကဲ ဘယ်သူပြောလဲ
တတောလုံးကြွေ...

ဆိုတဲ့ အသံဟာ တစ်ရုံမလပ် ပဲ့တင်ထပ်နေတယ်။ မွှင့်ချပ်လွှာလေးတွေ ကြွေသွားပေမယ့်၊ နှင်းဆီတစ်ပင်ဖျား ဆွေးငင်နေပေမယ့်...၊

(**မသေအမြစ်၊ ချစ်နေသေးသည်၊ မည်သို့ပင်ဖြစ်စေ**...) ဆိုတဲ့ တရားကြောင့် ယုံကြည်မှုခွန်အားတွေပိုပြီး ပွံ့ထွားသန်မာလာတယ်။ ကဗျာခေတ်ကြောင့် ဖျတ်ဖျတ်လတ်လတ်ရှိလာတယ်။ ကဗျာမှာ နိမိတ်ပုံကောင်းတစ်ခုဟာ အနုပညာသစ်လွင်တောက်ပမှုကို ပြုလုပ်ဖန်တီးနိုင်တယ်။

အခု မိမိခံစားခွင့်ရတဲ့ ကဗျာနှစ်ပုဒ်မှာ ပထမပြခဲ့တဲ့ '**မောင်ရှင်စော**' ရဲ့ '**မုဆိုးမ**' အကြောင်းဖွဲ့ပြတဲ့ ကဗျာဟာ –

၁။ အကြောင်းအရာသဘောအရ ခေတ်ပြအလင်္ကာ တစ်ပုဒ်ဖြစ်တယ်။
၂။ ကဗျာဆရာက ဒုတိယလူနေရာကဝင်ပြီး တစ်ဆင့်ခံစားပြတယ်။
၃။ ခေတ်ဆောင်နဲ့ ခေတ်လမ်းအကျဉ်းစိုးစဉ်းမှု ပါဝင်ပုံဆောင်ပြနေကြတယ်။
၄။ ကဗျာအဖွဲ့ (ဟန်) မှာ ကာရန်ကို အားမစိုက်ပဲ ဝါကျအသွားနဲ့ နရီကိုအားပြုထားတယ်။
၅။ ကဗျာထဲက (ပန်းပဲဖို၊ မီးသွေးခဲ၊ ကြွက်ပိန်တာ၊ ရောင်စုံမုန့်ထုပ်၊ သံချေးတက်တား၊ အသံမဲ့ရေဒီယို၊ ခြေထောက်က အနာလေးတွေ...) စတဲ့



သဘာဝ သရုပ်ဖော်ကွက်တွေဟာ ရုပ်ပုံသက်သက်မျှ မဟုတ်တော့ဘဲ နိမိတ်ပုံနဲ့ ရူပကရုပ်များအဖြစ် လှုပ်ရှားသက်ဝင်နေကြတယ်။
၆။ ကဗျာခံစားသူရဲ့ တွေးလုံးကို အနီးဆုံးမှ အဝေးဆုံးအထိ ခေါ်ဆောင်သွားတယ်။

'**အောင်ဝေး**'ရဲ့ '**ပုဂ္ဂလိက ပန်းဥယျာဉ်**' ကိုစွက်ကို ဖွဲ့ဆိုတဲ့ ကဗျာကတော့...

၁။ အကြောင်းအရာ သဘောအရ စိတ်လှုပ်ရှားမှုဖြစ်စဉ်ပြ တစ်ခုဖြစ်တယ်။
၂။ ကဗျာဆရာက ပထမလူနေရာမှ ပါဝင်လှုပ်ရှားခံစားပြတယ်။
၃။ ခံစားမှုကို သူချည်းသက်သက် စီးမျောမနေစေဘဲ အနုပညာဝေဒနာထဲ စိမ့်ဝင်သွားအောင် ဖန်တီးယူတယ်။
၄။ ကဗျာအဖွဲ့ (ဟန်)မှာ နရီအသွားကို အားမပြုဘဲ လေးလုံးစပ်ဆောင်ထဲမှာ ကာရန်ကြွက်သားတွေကို ညှစ်ထုတ်အားစိုက်ထားတယ်။
၅။ ကဗျာထဲက (တောဆုံးတောင်ဖျား မီးလျှံများ၊ ဖျားနေတဲ့ နှင်းဆီ၊ မီးသင့်အိပ်မက်၊ ငှက်တေးကောက်ချိန်၊ ငါ့ခေတ်ဦး၊ မသေအမြစ်) စတဲ့ စိတ္တဇနာမ်တွေဟာ အရိပ်ပြဟန် သက်သက်မျှမဟုတ်တော့ဘဲ လှုပ်ရှားနေတဲ့ လူ၊ ခံစားနေတဲ့ လူအများစုရဲ့ ဘဝနဲ့ ယုံကြည်မှုကို ကိုယ်စားပြုထားတယ်။
၆။ ကဗျာခံစားသူရဲ့ တွေးလုံးကို အဝေးဆုံးမှ အနီးဆုံးအထိ ငြိတွယ်ခေါ်ယူနိုင်တယ်။

ဒါဟာ ကဗျာဆရာ မောင်ရှင်စောနဲ့ ကဗျာဆရာ အောင်ဝေးရဲ့ အပြော၊ အပြ၊ သဘာဝကွဲပြားခြားနားမှုနဲ့ အနုပညာဖန်တီးပုံ၊ ကဗျာအဆောက်အအုံ ဖွဲ့စည်းပုံ၊ ဘာသာစကား ကိုင်တွယ်အသုံးပြုပုံ၊ ခေတ်ဆဒ္ဒနာကို ခြေရာခံပုံစတဲ့ မတူညီမှု (၆) ခုကို ကောက်ကာငင်ကာ ထုတ်နှုတ်ပြလိုက်တာဖြစ်တယ်။ မိမိနေရာ၊ မိမိရှုထောင့်ကနေ ရပ်ကြည့်ပြီး အနီးအဝေး၊ အကြီးအသေး ကိစ္စကို စိစစ်ပိုင်းခြားပြတာဟာ အကြွင်းမဲ့ အမှန်တရားတော့ မဖြစ်နိုင်ပါဘူး။ ကဗျာထဲက နိမိတ်ပုံတွေ၊ ရူပကအလင်္ကာတွေရဲ့ မုန်ကူကွက်ဟာ ရောင်စုံဖြာသန်း ပန်းပေါင်းရာထောင်ဖြစ်နိုင်သလို၊



www.burmeseclassic.com

www.burmeseclassic.com

ကဗျာခံစားသူများရဲ့ ရင်ခုန်သံနဲ့ အာရုံခံစားပုံဟာလည်း သူ့ခြံစည်းရိုးနဲ့ သူ အမျိုးမျိုးအဖုံဖုံ အစုံစုံအပြားပြား ခြားနားခွင့်ရှိနိုင်ပါတယ်။

ဒါပေမယ့် သေချာတဲ့ အခြေခံတရားကတော့ အထက်ဖော်ပြပါ ကဗျာနှစ်ပုဒ်ရဲ့ အလုပ်ဟာ နေရာတစ်ခုတည်းကို ဦးတည်လှုပ်ရှားနေကြ တယ်။ ခေတ်ပေါ်ကဗျာ၊ ခေတ်ပြိုင်ကဗျာ၊ ခေတ်ပြကဗျာတို့ရဲ့ သဘော သဘာဝဟာဘာလဲ။ လူ့သမိုင်းကို ဆစ်ပိုင်းကြည့်တယ်။ လူ့အတ္တုပ္ပတ္တိ ကို ဖတ်တယ်။ ခေတ်ပြိုင်ဖြစ်ရပ်တွေကို နားစွင့်တယ်။ လူ့ဖြစ်တည်မှုကို လေးစားတယ်။ အပေါ်လွှာ ပညတ်နယ်ပယ်တွင်သာ တွယ်တာခံစားမနေဘဲ အပူစီးကြောင်းရဲ့ အတွင်းသားထဲအထိ တိုးဝင်ကြည့်တယ်။ ဆေးသကြားနဲ့ စီရင်ထားတဲ့ မျှော်လင့်ချက်အတုအယောင်များကို ဖယ်ရှားငြင်းပယ်တယ်။ ကေဝစနကို ဗဟုဝစနအဖြစ် ပြောင်းလဲပစ်နိုင်တယ်။ သစ္စာတရားရဲ့ လျှို့ဝှက်နက်နဲမှုကို စေ့စေ့ငုငုရှုမှတ်တယ်။ လျှပ်ပေါ်လော်လည်တဲ့ သရုပ် လွန် အလင်္ကာမျိုးကို မျက်နှာလွှဲတယ်။ ကဲ ဘာကျန်သေးလဲ။ အရေးကြီးဆုံး အချက်ကတော့၊

ခေတ်ပေါ်ကဗျာ၊ ခေတ်ပြိုင်ကဗျာ၊ ခေတ်ပြကဗျာဟာ သူ့ကိုယ်သူ ချည်နှောင်ထားတဲ့ အစဉ်အလာဟောင်းတွေ၊ ပုံစံအသေတွေ၊ အသားကျနည်း နိဿယတွေ၊ လေလွင့်တိမ်ပျော် ဖေါက်ပန်းဈေးအတွေးအခေါ်တွေကို ဖြတ် တောက်ပစ်ဖို့ပါပဲ။ အဲဒီအယူအဆနဲ့ အဲဒီ မူဝါဒတွေကို အခြေခံပြီး '**မောင် ရှင်စော**' ရဲ့ '**မုဆိုးမ**'နဲ့ '**အောင်ဝေး**'ရဲ့ '**ပုဂ္ဂလိက ပန်းဥယျာဉ်**' ကို ဘယ် သူ့ကဗျာက အမှန်တရားနဲ့ ပိုပြီးနီးစပ်တယ်၊ ဘယ်သူ့ကဗျာက စံနှုန်းပြည့် တယ်လို့ တိုင်းတာရွေးချယ်ရမယ့်အလုပ်ဟာ မိမိရဲ့ အလုပ်မဟုတ်ဘူး။ မိမိအားထုတ်ရမှာက ကဗျာနဲ့ မွေ့လျော်စွာနေထိုင်ဖို့ဖြစ်တယ်။ ကဗျာထဲ က အမှန်တရားကို ခံစားနားဆင်တတ်ဖို့ဖြစ်တယ်။ ကဗျာကို မြင်အောင် ကြည့်၊ သိအောင်ကြံ၊ မှန်အောင်တွေးတတ်ဖို့သာ ပဓာနဖြစ်တယ်။ ပုံသဏ္ဍာန် ပြဿနာကို ရေးကြီးခွင်ကျယ် လေလာနေဖို့ထက် ကဗျာရဲ့ စေကန်တရား သဘောကို မမောမပန်း စူးစမ်းဖို့သာဖြစ်တယ်။

ကဗျာရဲ့ စေကန်တရားသဘောဟာ အသက်ရှင်နေတဲ့ ပုံသဏ္ဍာန်နဲ့ မီးလျှံဖြစ်တယ်။



ဒီနေရာမှာ အခွင့်ကြုံတုန်း အိန္ဒိယတောင်ပိုင်းသား၊ သိယိုဆိုဖီအသင်း ရဲ့ ခေါင်းဆောင်၊ တော်လှန်ပြောင်းလဲမှုကို လိုလားတဲ့ ယောဂီ၊ အတွေး အခေါ်နဲ့ ဒဿနပညာရှင်၊ ကဗျာဆရာ'**ကရိရှန မူရတိ**' ရဲ့ သစ္စာဒဿန ကဗျာတစ်ပုဒ်ကို လက်ဆောင်ပေးခဲ့ချင်ပါတယ်။ အမျိုးဘာသာမရွေး၊ ကဗျာနဲ့ မွေ့လျော်စွာ နေထိုင်လိုသူအားလုံးအတွက် အသုံးတည့်လိမ့်မယ် လို့ မိမိမျှော်လင့်ယုံကြည်မိပါတယ်။ အခု မိမိခံစားတင်ပြထားတဲ့ ဆောင်း ပါးရဲ့ အဖွင့်နိဒါန်းမှာ တစ်စွန်းတစ်စ ကိုးကားညွှန်းဆိုပြထားတဲ့ ကဗျာဖြစ် တယ်။ ကဗျာရဲ့ အပြည့်အစုံကိုတော့ '**ဆရာပါရဂူ**' က ဟောသလို ဘာ သာပြန်ပြထားတယ်။

**အို အဆွေ**
**သင်သည် သစ္စာတရားကို ချည်နှောင်မထားနိုင်။**
**သစ္စာတရားသည် လေကဲ့သို့ လွတ်လပ်သည်။**
**အပိုင်းအခြားမရှိ၊ မျက်ဆီး၍မရ၊ တိုင်းတာ၍မရ။**
**သစ္စာတရားသည် ပုံသေနေရာမရှိ။**
**ဘုရားကျောင်းလည်းမရှိ၊ ယဇ်ပလ္လင်လည်းမရှိ။**
**သင် ပြောပြနိုင်ပါမည်လား။**
**ဖျားသည့် ချိုသော ဝတ်ရည်ကို**
**တစ်ပွင့်တည်းသော ဘယ်ပန်းထဲမှ**
**ယူဆောင်သိမ်းထားသနည်း။**
**အိုအဆွေ**
**မိစ္ဆာဒိဋ္ဌိဟု ပြောသည့်အယူကို**
**မိစ္ဆာဒိဋ္ဌိများထဲတွင် လည်းကောင်း...၊**
**သမ္မာဒိဋ္ဌိဟု ပြောသည့်အယူကို**
**သမ္မာဒိဋ္ဌိများထဲတွင် လည်းကောင်း...၊**
**ထားပစ်ခဲ့ပါ။**
**သင်က မိမိ၏ အတွေ့အကြုံ အစုအပုံထဲက**
**သစ္စာတရားကို ယူဆောင်သိမ်းပါ။**

ကဗျာဆရာ မောင်ရှင်စောနဲ့ အောင်ဝေးဟာ သူတို့ရဲ့ အတွေ့အကြုံ အစုအပုံထဲက ပုံသဏ္ဍာန်မဲ့ မီးလျှံနဲ့တူတဲ့ အမှန်တရားတစ်ခုကို ပြုံမွဲ့ဆို

www.burmeseclassic.com

ပြခဲ့ကြပါပြီ။ ကဗျာဧည့်ခန်းများကို ဖြတ်သန်းသူ မိမိကကော ဘယ်အရာကို မြင်လိုက်ပါသလဲ။ ဘယ်အသံတွေကို ကြားပြီး ဘယ်သဏ္ဌာန်ကို ဖမ်းဆုပ်တွေ့ရှိမိခဲ့ပါသလဲ။ ယခုလ စက်တင်ဘာမှာ ညွှန်းလိုတဲ့ ကဗျာများကတော့

| | | | |
|---|---|---|---|
| ၁။ | အိုစုန်းကုန်နှုန်းဘုရားတိုင် | ညွှန့်ဆေ (ကသာ) | ရတနာ့သစ်မဂ္ဂဇင်း |
| ၂။ | ချစ်ရမယ့်ည | မောင်မောင်ငြိမ်းအေး | ယနေ့အနုပညာဂျာနယ် |
| ၃။ | စည်း | နီးမြင့်သိန်း | စာပေဂျာနယ် |
| ၄။ | ကိုယ်ခံအား-၁၅၀၀ | မောင်နိုင်တည် | သရဖူမဂ္ဂဇင်း |
| ၅။ | ဟဲဗီးဝိတ် | ကြည်အောင် | ပန်းဆေးသိမဂ္ဂဇင်း |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ကဗျာလင်္ကာ၏ လုပ်ငန်းမှာ

ရိုင်းပျသောစိတ်ကို ယဉ်ကျေးအောင် ပြုပြင်ပေးခြင်း၊ ညစ်နွမ်းသောစိတ်ကို ကြည်လင်လာအောင် ပန်တီးပေးခြင်း၊ နိမ့်ကျသောနေသော စိတ်ကို မြင့်တက်လာအောင် မြှင့်တင်ပေးခြင်း၊ ဖရိုဖရဲဖြစ်နေသော စိတ်ဓာတ်ကို ကြံ့ခိုင်လာအောင် အားပေးခြင်း စသည့်လူတို့အတွက် အရေးကြီးဆုံးဖြစ်သော လုပ်ငန်းကို ဆောင်ရွက်ရပေသည်။ ကဗျာလင်္ကာသည် လူ့ဘဝ၏မွဲကိုင်ဖြစ်သော စိတ်၏ မိတ်ဆွေ အစေ့သဟာယဖြစ်ပေသည်။

ဆရာဇေယျ၏ စာ

၁၉၆၅ စုနှစ်မှ



# ညည့်ခန်းများကို ဖြတ်သန်းခြင်း (၁၁)

လွန်ခဲ့တဲ့ နှစ် (၃၀) ဝန်းကျင်က ဆရာဇေယျရဲ့ ကဗျာအသိ၊ ကဗျာအမြင်၊ ကဗျာသံယောဇဉ် စိတ်ကို အတိတ်အိမ်မှဲ့ လွမ်းခဲ့ရတာနဲ့အမျှ မိမိရဲ့ ကဗျာချစ်စိတ်ကိုတော့ တထိတ်ထိတ် သံသယရှိမိနေပါတယ်။ ဘာကြောင့် ဘယ်လို သံသယရှိနေရတာလဲ။ မိမိဟာ လစဉ်ထုတ်မဂ္ဂဇင်းများစွာရဲ့ ကဗျာညည့်ခန်းတွေကို ဖြတ်သန်းရင်း ကဗျာအလှနဲ့ ကဗျာသဘာဝတွေကို တစေ့တစောင်း ကောက်ကြောင်းဆွဲကြည့်ခဲ့တာ (၁) နှစ်နီးပါးရှိခဲ့ပြီ။ ညစ်နွမ်းတဲ့စိတ်ကို ကြည်လင်အောင် ပန်တီးပေးတဲ့ ကဗျာ၊ ရိုင်းပျတဲ့စိတ်ကို ယဉ်ကျေးအောင် ပြုပြင်ပေးတဲ့ ကဗျာ၊ နိမ့်ကျတဲ့ စိတ်ကို မြင့်လာအောင် မြှင့်တင်ပေးတဲ့ကဗျာ၊ ဖရိုဖရဲစိတ်ဓာတ်ကို သိပ်သည်းဖွံ့ဖြိုးလာအောင် စည်းရုံးနိုင်တဲ့ ကဗျာ။

ဘဝရဲ့ လိုအပ်ချက်ဖြစ်တဲ့ မိတ်ဆွေကောင်းနဲ့တူတဲ့ ကဗျာ စတဲ့ စတဲ့ ကဗျာအမျိုးအစားတွေကို ရိုးရိုးသားသား မြင်မိခဲ့ပါသလား။ မြင်ရင်ကော စိတ်မနောကြည်လင်စွာ ခံစားဖူးပါသလား။ ခံစားဖူးရင်ကော မိမိရင်နဲ့အမျှ ခင်ခဲ့ရတဲ့ကိစ္စကို ကဗျာခံစားသူများထံ မှန်မှန်ကန်ကန် ရင်ဖွင့်သံ အစီရင်ခံစာတင်ပြဖူးပါလား။ ကဗျာကပေးတဲ့အတွေးနဲ့ ကဗျာက



www.burmeseclassic.com

www.burmeseclassic.com

ပေးတဲ့ နွေးထွေးမှုကို နေနေငှ ရှုမြင်ခံစား၊ ပြန်ကြားဆက်သွယ်ခဲ့ဖူးပါ သလား။ ကဗျာနဲ့ ကဗျာခံစားသူများရဲ့ ကြားမှာ အသွားရှင်းတဲ့ တံတား တစ်စင်း ခင်းကျင်းပေးခဲ့ဖူးပါသလား။ ကဗျာရဲ့ နေရာကို အသေအချာ သိခဲ့ပါသလား။ သို့ကလို မိမိအလုပ်ကို မိမိ ပြန်စစ်ဆေးလိုက်တော့ ကဗျာဧည့်ခန်းဆောင်တွေကို ဖြတ်သန်းနေတဲ့ မိမိအာရုံဟာ တုန်တာမှန် တာ လည်းရှိရဲ့။ မသိကျိုးကျွန်ပြုခဲ့မိတာလည်း ရှိရဲ့။ ဆွံ့အထစ်ငေါ့နေတာ လည်း ရှိရဲ့။ ကဗျာရဲ့ စာတိ ပုညဂုဏ်မာနကို ဖွဖွကလေး ပွတ်သပ်ရင်း သက်ပြင်းချခဲ့ရတာလည်း အခါခါပေါ့။ ကြည့်လျက်နဲ့ မမြင်ယောင်ဆောင် ပြီး ကြောင်ကို ရေချိုးရတဲ့အလုပ်၊ လိပ်ကျောကို သန်းရှာရတဲ့ ကဗျာလေ့ လာနည်းလောက် ဖွင်းစရာကောင်းတဲ့ နေရာမျိုးဟာ ဘယ်မှာရှိနိုင်ပါ့မလဲ။ ကဗျာဧည့်ခန်းတွေထဲက မိမိအကြိုက်နဲ့ မိမိခံစားကြည့်ထားတဲ့ ရင်ခုန်သံ ဝါကျတွေကို အာလျှရင်တွင်း ချင်ခြင်းမပြေဖြစ်နေခဲ့လျှင် ခေတ်ပြိုင်ကဗျာ ကလေးတွေရဲ့ အပြစ်တစ်စုံတစ်ရာ မဟုတ်ဘဲ မိမိရဲ့ လုပ်ငန်းမကျွမ်းမှု ကြောင့်သာ ဖြစ်မွယ်ရာရှိပါတယ်။ အကြွင်းမဲ့ မှန်ကန်တဲ့ ကဗျာခံစားပုံနဲ့ ပြီးပြည့်စုံတဲ့ ကဗျာလေ့လာနည်းဟာ ဘယ်လိုအသွင်သဏ္ဍာန်ရှိရမယ်။

ဘယ်လို အခြေခံတရားတွေနဲ့ ပြည့်စုံရမယ်ဆိုတာ ဘယ်ကျမ်းဂန်ထဲ မှာမှ အတိအကျသိခွင့်မရသေးပါဘူး။ ဒီစာမျက်နှာမှာတော့ ကဗျာ့ဇာတိကို ချစ်စိတ်၊ ကဗျာဂုဏ်မာနကို လေးစားမြတ်နိုးစိတ်၊ ကဗျာကပေးတဲ့ ရသ သဘာဝကို ဝေမျှခံစားလိုစိတ်သက်သက်မျှနဲ့ အခုလောက်ချဉ်းကပ်ဖြတ် သန်းခွင့်ရနေတာကိုပဲ အထိုက်အလျောက် ကျေနပ်ပီတိဖြစ်မိလှပါပြီ။ မိမိ ရဲ့ အတွေးအမြင် အတင်အပြဖြစ်တဲ့ ကဗျာဧည့်ခန်းမှတ်တမ်း ဝါကျများနဲ့ ကဗျာခံစားသူရဲ့ အယူအဆဟာ သမှုဟာဖြစ်သွားရင်တော့ အတိုင်းထက် အလွန်ပေါ့လေ။

ဒီလိုနဲ့ ၁၉၉၄ ခု၊ အောက်တိုဘာရဲ့ ဧည့်ခန်းတွေကို ဖြတ်သန်းခံစား ဖို့ အကြားအာရုံ၊ အမြင်အာရုံ၊ အသိအာရုံနဲ့ ထိတွေ့မှုအာရုံ တံခါးတွေကို အစွမ်းကုန် ဖွင့်ထားလိုက်ပါတယ်။ မိမိရဲ့ ဖွင့်လက်စ အာရုံတံခါးမှာ ပထမ ဆုံး စကားလာပြောတဲ့ ကဗျာကတော့ သပြေတေးမဂ္ဂဇင်း ဧည့်ခန်းထဲက **'မြမြင့်မိုရ်'** ခင်းကျင်းထားတဲ့ **'စကားလုံးကုမ္ပဏီ'** ပါပဲ။ ခေတ်ပေါ်စိတ်ကူး ရုပ်ပုံတွေကို အသိမ်မွေ့ဆုံး စကားလုံး၊ အကျစ်အလျစ်ဆုံး အထုံးအဖွဲ့နဲ့



ပုံဖော်နိုင်တဲ့ အနုပညာပုံသဏ္ဍာန်တစ်ခုကို **'ကဗျာ'** လို့ အသိအမှတ်ပြုမယ် ဆိုရင် 'မြမြင့်မိုရ်' ရဲ့ **'စကားလုံးကုမ္ပဏီ'** ဟာ ခေတ်ပေါ်လူ (တချို့) ကို ကိုယ်စားပြုနိုင်တဲ့ ခေတ်ပေါ်ကဗျာတစ်ပုဒ်ပါပဲ။ ကဗျာဆရာ မြမြင့်မိုရ် ရဲ့ ကိုယ်စားပြုနည်းဟာ ခေတ်ပေါ်လူတချို့ရဲ့ ကိုယ်ကျင့်တရားကို လေး စားဂုဏ်ပြုတဲ့ အကောင်းမြင်နည်းမဟုတ်ပါဘူး။ 'စကားလုံးကုမ္ပဏီ' ရဲ့ ကောင်တာနောက်မှာရှိနေတဲ့ မိုက်ခေါက်ထူထူ လူတစ်ယောက်ရဲ့ လက် ထဲက ဖက်ပဲကို ဆတ်ခနဲလှစ်ပြလိုက်တဲ့ မထိတထိ ကလိစာ၊ ခနဲ့စာ၊ ရွဲ့စာ၊ သရော်စာ အမျိုးအစား (Satire) သရော်ကဗျာတစ်ပုဒ်ဖြစ်တယ်။ 'မြမြင့်မိုရ်' ခင်းကျင်းပြထားတဲ့ 'စကားလုံးကုမ္ပဏီ' ထဲ ဝင်သွားရင်း ဟို လူ့မြင်ဖူးသလိုလို၊ ဒီလူ့တွေ့ဖူးသလိုလိုနဲ့ ကိုယ့်ကိုကိုယ်တောင် မလုံမလဲ ဖြစ်လာရပါတယ်။ မိမိကိုယ်မိမိ 'စကားလုံးကုမ္ပဏီ' ထဲက လူလား၊ သစ္စာ ဆက်သားတစ်ယောက်လားလို့ ခံစားနားဆင်ကြည့်နေမိပါတယ်။

**ကြော်ငြာ ကျမ်းစာ ရည်းစားစာ**
**ဝတ္ထု ဆောင်းပါး ကဗျာ**
**ဓာတ်ညွှန်း အတ္ထုပ္ပတ္တိ အမှာစာ**
**ကော်ပီသီချင်းတစ်ပုဒ်ရဲ့ စာသားကအစ**
**အာလာပ သလ္လာပ စကားတစ်ခွန်းအဆုံး**
**အားလုံး စိတ်တိုင်းကျစေရမယ်။**

ဈေးကွက် စီးပွားရေးခေတ်မှာ သိသိသာသာ ဖြစ်ထွန်းလာတဲ့ လူ မြင်ကွင်းက ကြော်ငြာဗျူဟာတွေ။ တစ်အုပ်ကို နှစ်ရာသုံးရာပေးဖတ်နေရ တဲ့ ဓနဥစ္စာကျမ်း၊ တက်ကျမ်းနဲ့ အဘိဓမ္မာကျမ်း၊ အသိမဟာကျမ်းတွေ။ ရည်းစားစကားနဲ့ ရည်းစားစာကိစ္စများ။ ဝတ္ထုဆောင်းပါး ကဗျာဖော်ပြမှု များ။ ဓာတ်ညွှန်းပဲ လုပ်လုပ်၊ အတ္ထုပ္ပတ္တိပဲရေးရေး၊ ရှေ့ပြေးအမှာစာ နိဒါန်း လို့ပဲ ခေါ်ခေါ်၊ ဘာသာပြန် ကော်ပီသီချင်းတစ်ပုဒ်ရဲ့ စာသားကိုပဲရှာချင် ရှာ။ မိတ်ဆွေများရဲ့ စကားဝိုင်း၊ ရှိုင်းမှာပဲဖြစ်ဖြစ်၊ သမိုင်းမှာပဲဖြစ်ဖြစ် ပေါ့။ 'မြမြင့်မိုရ်' ရဲ့ 'စကားလုံး ကုမ္ပဏီ' ကတော့ အားလုံး စိတ်တိုင်း ကျစေရမယ်လို့ တာဝန်ယူမှုပြုနေပါတယ်။

**ကြိုးကျယ်ချင်လဲရတယ်**
**နိမ့်ချချင်လဲ ရတယ်**

www.burmeseclassic.com

စမ်းနားချင်လဲ ရတယ်
သေးနုပ်ချင်လဲ ရတယ်
အမှန်အတိုင်းလဲ ရတယ်
လိမ်ညာချင်လဲ ရတယ်။

ကဗျာဆရာ မြမြင့်မိုရ်ဟာ သူ့ရဲ့ 'စကားလုံးကုမ္ပဏီ' ထဲမှာ(ကြီးကျယ်၊ နှိမ့်ချ၊ စမ်းနား၊ သေးနုပ်၊ အမှန်၊ လိမ်ညာ) စတဲ့ ဝိရောဓိစကားလုံး (သို့မဟုတ်) ဆန့်ကျင်ဘက် နာမ်(၆) ခုနဲ့ စီကာစဉ်ကာ အိုင်ကျင်းဖွဲ့ပြထားတယ်။ ဒီထက်အရေးပါတဲ့ စကားလုံး အခင်းအကျင်းတွေကတော့—

နလုံးသားကို ဘာသာပြန်ချင်လဲရတယ်
ဦးနှောက်ကို စကားလုံး ပြောင်းချင်လဲရတယ်
ကာယကံရှင်ရဲ့ စိတ်ထဲက
ဝါသည်ဖြစ်စေ မပါသည်ဖြစ်စေ
အတွေ့အကြုံ ရင့်ကျက်တဲ့
သံခင်းတမန်ခင်း အသုံးအနှုန်းအတိုင်း
ဖြစ်စေရမယ်။

နလုံးသားရဲ့ လျှို့ဝှက်ချက်ဖြစ်တဲ့ ဂမ္ဘီရကထာတွေကို ဘာသာပြန်နိုင်တာဟာ (ဗျည်း၊ သရ၊ ဝါကျစတဲ့) စကားလုံးစုတွေ ဖြစ်သလို ဦးနှောက်နဲ့ တစ်သက်လုံး စဉ်းစားတွေးခေါ်လာတဲ့အယူအဆကို တစ်ထိုင်တည်းနဲ့ ပြောင်းလဲပြနိုင်တာဟာလည်း အက္ခရာစကားလုံးစုတွေပဲ ဖြစ်တယ်လို့ မြမြင့်မိုရ်ကပြောတယ်။ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ စကားလုံးမှော်အတတ်တွေနဲ့ ဖော်စပ်ပြစားနေကြတဲ့လူတွေ၊ ပါးစပ်နဲ့ နလုံးသားတခြားစီဖြစ်နေကြတဲ့ စိတ်ညစ်စရာပုံရိပ်တွေကိုတော့ မြင်ခဲ့ တွေ့ခဲ့ ကြားခဲ့ သိခဲ့ဖူးတာ အမှန်ပါပဲ။ မိမိကိုယ်တိုင်လည်း မှန်ပြန်ကြည့်ပြီး အတွေ့အကြုံရှိနေတဲ့ ဝိပိရိရိပြုံးတတ် သူရဲ့(diplomacy)အပြုံးမျိုးလား၊ နလုံးသားရဲ့ ဘာသာဗေဒအစစ်လားဆိုတာ အလန့်တကြား စစ်ဆေးနေမိပါတယ်။ စကားလုံးကုမ္ပဏီထဲက မုသာဝါဒစကားလုံးအတုတွေကို စစ်ဆေးဖော်ထုတ်ဖို့ မိမိတစ်ကိုယ်တည်း ကြံစည်စိတ်ကူးနေတုန်းမှာပဲ နောက်ဆုံးကြားခဲ့ရတဲ့အသံက၊



အက္ခရာဝလိ
ဗျည်းသရ ပင့်ရစ်ဆွဲထိုးများနဲ့
ဆီလျော်လှပစွာထုပ်ပိုးလို့
ဘယ်လို မုသားဖော်စက်ကမှ
စစ်ဆေးလို့ မရအောင် စီစဉ်ပေးပါတယ်
ဆက်သွယ်ကြပါ… တဲ့။

သို့ကလို တိကျသေချာတဲ့ စကားလုံးကုမ္ပဏီပိုင်ရှင်ရဲ့ တီထွင်မှုကို ရင်သပ်ရှုမောစွာနဲ့ အရွှန်းပေး အညွှန်းခံတော့မလား။

တစ်ဆင့်တက်ပြီး သစ္စာလက်နဲ့ စီရင်ထားတဲ့ မုသားဖော်စက်တစ်ခုကို ကြံစည်အားထုတ်ကြည့်ဦးမလား။ မိမိစဉ်းစားနေရပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ကဗျာဆရာ 'မြမြင့်မိုရ်' ဟာ သူ့ကဗျာကို လွယ်လွန်းခြင်း၊ ခက်လွန်းခြင်းအစွန်း နှစ်ဘက်မှ ကင်းလွတ်တဲ့ အထိရောက်ဆုံးစကားလုံးနဲ့ နရိအပြေဆုံး အထုံးအဖွဲ့ကို အားပြုပြီး သရော်စာ၊ သရော်ကဗျာနည်းကို သိပ်သိပ်သည်းသည်း ဖန်တီးပြနိုင်ခဲ့ပါတယ်။ သရော်စာ၊ သရော်ကဗျာဆိုတာ အပြော–အပြ ဟန်မကျလျှင် အညံ့စားဟာသနဲ့ အပေါစားပြက်လုံးမျိုး ဖြစ်သွားတတ်ပါတယ်။ အခု မိမိနဲ့ ထိတွေ့နေရတဲ့ မြမြင့်မိုရ်ရဲ့ကဗျာကတော့ သူ့ကဗျာရဲ့ နောက်ဆုံးပိုဒ်မှာ ပြောပြထားသလိုပဲ ဗျည်းတွေ၊ သရတွေ၊ ဝါကျတွေနဲ့ ဆီလျော်သေသပ်စွာ ထုပ်ပိုးထားလို့ အပြော၊ အပြ ဟန်မကျတဲ့ ကိစ္စမျိုးမတွေ့မိပါဘူး။

ကဗျာတစ်ပုဒ်ရဲ့ ဟန်ချက်ကို ကပြက်ကချော်မဖြစ်အောင် ထောက်ပံ့ကူညီနိုင်တဲ့ ကြန်အင်လက္ခဏာများစွာအနက် မြမြင့်မိုရ်ရဲ့ ကဗျာမှာ သိသာထင်ရှားတဲ့ လက္ခဏာတစ်ရပ်ကတော့ သေသပ်ကျစ်လျစ်တဲ့ ဝါကျဖွဲ့ပုံ စနစ်ပါပဲ။ ကဗျာဆရာရဲ့ ဖန်တီးမှု (အခွင့်ထူး) ကို လက်လွတ်ခပယ် အသုံးမချဘဲ၊ သဒ္ဒါစည်းကို ပရမ်းပတာ မချိုးဖောက်ဘဲ မှန်မှန်ကန်ကန် ခံစားနားလည်နိုင်လောက်တဲ့ ဝါကျဖွဲ့ထုံးကို အခုတင်ပြနေတဲ့ 'စကားလုံးကုမ္ပဏီ' ကဗျာမှာ သိသိသာသာ တွေ့နေရပါတယ်။ ဒါဟာ ခေတ်ပေါ်ကဗျာဆရာတွေ ဂရုပြုသင့်တဲ့ အချက်တစ်ချက်လို့ မိမိယူဆပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**ကြီးကျယ်ချင်လဲရတယ်**
**နိမ့်ချချင်လဲ ရတယ်**
**ခမ်းနားချင်လဲ ရတယ်**
**သေးနုပ်ချင်လဲ ရတယ်**
**အမှန်အတိုင်းလဲ ရတယ်**
**လိမ်ညာချင်လဲ ရတယ်**

ဆိုတဲ့ ကဗျာရဲ့ ဒုတိယ အပိုဒ်က ဝါကျ (၆) ကြောင်းမှာ နရီအသွားအလာကောင်းခြင်း၊ ပုဒ်အထားအသို ရှင်းလင်းပြေပြစ်ခြင်း၊ စကားဝှက်နှင့်စကားနက်များကို မလိုအပ်ဘဲ အသုံးမပြုခြင်း စတဲ့ ကောင်းခြင်းသုံးဖြာကြောင့် ကဗျာတစ်ပုဒ်လုံးဟာ (အလင်္ကာစကားနဲ့ ပြောရရင်) ပသာဒဂုဏ်မြောက်တယ်လို့ ဆိုခွင့်ပြုစေချင်ပါတယ်။ ကဗျာတစ်ပုဒ်မှာ ဘာမဟုတ်တဲ့ဝါကျအလုပ်ကို ရေးကြီးခွင်ကျယ် စာဖွဲ့ရကောင်းလားလို့ တစ်စုံတစ်ယောက်က မျက်မှောင်ကြုတ်ပြီး ကြည့်လာမယ်ဆိုရင်တော့ ထိုကြည့်လာသူကို အပြစ်မတင်ဘဲ ဝါကျအလုပ်ရဲ့ အရေးပါအရာရောက်မှုကိုသာ မိမိဆက်လက်အားထုတ်ကြည့်ပါဦးမယ်။

ဘယ်သို့ ဘယ်ပုံအားထုတ်သင့်တယ်ဆိုတာ ကြံဆရင်း သရဖူမဂ္ဂဇင်းရဲ့ ညွှန့်ခန်းကို လှမ်းကြည့်လိုက်တော့ ကဗျာဆရာ '**မိုးမြင့်သိန်း**' ရဲ့ '**စကြဝဠာအနမ်း**' ကို ကြက်သီးဖြန်းဖြန်းထမျှ ခံစားလိုက်ရပါတယ်။ ဝါကျတည်ဆောက်ပုံ၊ နရီသွားပုံကိစ္စတွေ ခဏထားလို့ ကဗျာရဲ့အလုပ်သဘောနဲ့ ကဗျာရဲ့ တရားကိုယ်သဘောကို ချဉ်းကပ်စစ်ဆေးဆွေးနွေးကြည့်ကြရအောင်။

**မြမြင့်မိုရ်** ရဲ့ '**စကားလုံးကမ္ဘာ**' ဟာ လူသားရဲ့ မခိုင်မာမှု၊ အလိုရမ္မက်ကြီးမှု၊ ဂုဏ်သိက္ခာကင်းမဲ့မှု၊ ဘဝကို မာယာနှင့် လိမ်းကျံပုံးကွယ်မှုစတဲ့ လူ့သဘာဝ(တချို့) ကို ပြက်ရယ်ပြုထားတဲ့ သရော်တော်တော် ခနဲ့တဲ့တဲ့ ကဗျာတစ်ပုဒ်ဖြစ်တယ်။ **မိုးမြင့်သိန်း** ရဲ့ '**စကြဝဠာအနမ်း**' ဟာ ဘယ်လိုကဗျာအမျိုးအစားလဲ။

**ရွှေနှောင်းနဂါးငွေ့တန်း**
**လှပဆန်းတင့်၊ မိုးမြင့်အထက်**
**နို့နှစ်ရောင် မြစ်တစ်စင်းစီးဆင်းလျက် တဲ့။**



ရုပ်ကမ္ဘာကြီးထဲမှာ သူ့နိယာမနဲ့သူ (ဖြစ်ပေါ်၊ ရွေ့လျား၊ ပျောက်ပျက်၊ အသစ် ပြန်လည်ဖြစ်ပေါ်) ရှုမျှော်မဆုံး ဖြစ်နေတဲ့ သဘာဝသိပ္ပံတရားကြီးဟာ လူရဲ့ စိတ်ကူးစွမ်းပကားနဲ့ ပြုလုပ်ထားတဲ့ မဟာစက်မှုသိပ္ပံတရားကြီးထက် ပိုပြီး ပဋိလက်ဆန်တယ်။ ပိုပြီး အသိရခက်တယ်။ ပိုပြီး ထူးဆန်းအံ့သြဖွယ်ကောင်းတယ်။ ပိုပြီးလှပတယ်။ ရွှေအနှောင်း၊ ဆောင်းအကူးမှာ ကြည်နူးစရာ ရောင်စုံဖြာသန်း နဂါးငွေ့တန်းကြီးတစ်ခု သူ့အလိုလိုဖြစ်ပေါ်လာလိမ့်မယ်။ ဖြူဝါ ပျစ်ပျစ်နို့နှစ်ရောင် တိမ်စီးကြောင်းကြီးတစ်ခုဟာလည်း မြစ်တစ်စင်းလို ရွေ့လျားစီးဆင်းနေလိမ့်မယ်။ ဒါဟာ ရွှေနှောင်းရာသီရဲ့ သဘာဝတစ်ခုပေပဲ။ အခုလောက် သဘာဝအဖွဲ့လေးမျှနဲ့တော့ ဘယ်လိုမှ ကြက်သီးဖြန်းဖြန်းထစရာမရှိသေး။ ရင်ခုန်စရာရှာမတွေ့သေး။

**ပြိုဟ်တုစလောင်းတပ်**
**တိုက်အပေါ်ထပ်က**
**ညဘက်မှာ**
**နဂါးငွေ့တန်းကို မြင်ရလိမ့်။**

ပြိုဟ်တုစလောင်းကို တပ်ဆင်ထားနိုင်တဲ့ တိုက်ပေါ်က လူတန်းစားဟာ နဂါးငွေ့တန်းကြီးရဲ့အလှကို မြင်တွေ့ခံစားခွင့်ရှိတယ်။ သူတို့ မြင်တွေ့ခံစားခွင့်ရှိသလိုပဲ –

**ရထားလမ်းဘေး**
**တဲကုပ်လေးထဲကလည်း**
**ညအခါ**
**နဂါးငွေ့တန်းကို မြင်ရတာပဲ**
**သူကတော့ ပိုပြီး သဲကွဲလိမ့်**

ဆိုတဲ့ ခံစားမှုကတော့ အလှအပမှန်သမျှဟာ ဗဟုဇနဝါဒနဲ့ဘုံပိုင်ဆိုင်ခွင့်ရှိရမယ်ဆိုတဲ့ လေးစားစရာ လောကအမြင်တစ်ခုကို ဖွင့်ဆိုပြလိုက်တာဖြစ်တယ်။ ဒီအပိုဒ်ဟာ ကဗျာရဲ့ အရှိန်ကို မြှင့်လိုက်တာပါပဲ။ ရထားလမ်းဘေးမှာ မှုန်မှုန်မှေးမှေး ဆွေးနေကြတဲ့ တဲကုပ်ထဲက လူ့အရာကျတွေကို အသိအမှတ်ပြုလိုက်တာဖြစ်သလို ချစ်ချစ်ခင်ခင် ဆေါ်ယူလိုက်တာလည်းဖြစ်တယ်။ ဗဟုဝါဒကို မြင့်တတ်အောင် လူ့အရာကျတွေကို နွေးနွေးထွေးထွေး အားပေးလိုက်တာလည်းဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ညသည် လှ၏
လသည် လှ၏
ပန်းသည် လှ၏
နဂါးငွေ့တန်းသည် လှ၏
အလှတရား လှသားအားလုံး ပိုင်ဆိုင်၏
လှသားမှာ
အားငယ်စရာ၊ ဘာရှိသလဲ။

(ည၊ လ၊ ပန်း၊ နဂါးငွေ့တန်း၊ အလှတရား) စတဲ့ နာမ်စကားစုတွေကို ဖွဲ့စည်းပြီး နရိုးဆင်းပုံမှန်မှန်နဲ့ ဝါကျရှင်းရှင်းတွေကို ခင်းကျင်းပြထားတယ်။ တဲကုပ်ထဲက လူတန်းစားတွေ မြင်လွယ်၊ သိလွယ်၊ ထိတွေ့ခံစားလို့လွယ်တဲ့၊ မှန်မှန်ကန်ကန် အဓိပ္ပာယ်ဖွင့်လို့ ရနိုင်တဲ့၊ စကားပြေဆန်တဲ့ ကဗျာဝါကျဖွဲ့ပုံကို သိမ်သိမ်မွေ့မွေ့ လုပ်ပြထားတယ်။ ကဗျာဆရာရဲ့ စိတ်ကူးစိတ်သန်းတွေကို တဲကုပ်ထဲက လူတန်းစားတွေ လက်လှမ်းမီနိုင်သမျှ မီအောင်၊ ကဗျာရဲ့ ဂုဏ်သိက္ခာအလှလည်း နိမ့်ကျမသွားအောင် ဖွဲ့ဆိုပြနိုင်တာဟာ ကဗျာဆရာရဲ့ တာဝန်သိတတ်မှု၊ ကျွမ်းကျင်လိမ္မာမှု (အနုပညာ) တစ်ရပ်ပါပဲ။ ဒီနေရာမှာ မိုးမြင့်သိန်း ရဲ့ 'စကြဝဠာအနမ်း' ကို သိပ်ပြီး မော်ဒန်ဖြစ်စေချင်တဲ့အတွေးနဲ့ ဟောသလို မိမိဖန်တီးကြည့်မိတယ်။

'ဒါဟာ မဒ်ဂျူးတာညပ
တဲစဉ်ကျွေးလေး ပက်လက်လန်နေတုန်း
သူတို့အရှင်းရှင်း ကိုက်ကြပေါ့'

လို့ ဥရောပဆန်ပြလိုက်မယ်ဆိုရင်တော့ သွားပြီ။ ကဗျာရဲ့ ဖြစ်တည်မှုဟာ သူ့အထာနဲ့ သူ့အခါနဲ့၊ သူ့နရိုလိုင်းနဲ့ သူ့ဒီမိုင်းနဲ့သူ အံဝင်ခွင်ကျရှိနေသင့်တယ်ဆိုတာ ကဗျာဆရာမေ့လို့မရပါဘူး။

ကဗျာဘာသာစကားရဲ့ ရင်းမြစ်ဖြစ်တဲ့ ကဗျာဝါကျတွေကို ရှင်းရှင်းပြေပြေ သေသေသပ်သပ်ဖြစ်အောင် ကဗျာဆရာက ဖန်တီးတတ်ရပါမယ်။ ကဗျာရဲ့ အသက် (အနက်) ကို ဝါကျတွေက အထောက်အကူပြုတတ်ရမယ်။



ဟော လှဆိုတာ
စကြဝဠာ အမှန်တဲ့
ဟုတ်ကဲ့ ဒါပေမယ့်
စိတ်အား မလျှော့လိုက်လေနဲ့။

ဆိုတဲ့ အပိုဒ်ဟာ ပုဒ်အထားအသိုတွေ မှန်မှန်ကန်ကန်နဲ့ လှသားရဲ့ အားမာန်ကို ကျားကန်ပေးနိုင်တဲ့ ကဗျာဝါကျတွေကို တွေ့ထိခံစားနေရတယ်။ ခံစားမှုနဲ့ တစ်သားတည်း ပီတိသုခ ဖြစ်နေရပါတယ်။

အမှန်ကလေးကလည်း
စကြဝဠာကို ပိုင်တာပဲ။
အလှဘာရား
သင့်အား ကျွန်ုပ်ချစ်သည်။

လှသားဟာ အနန္တစကြဝဠာထဲမှာ ငြိတွယ်ဖွဲ့စည်းနေတဲ့ ပရမာမြူမှုန်လေးတစ်မှုန်ပါ။ လှသားမရှိတဲ့ စကြဝဠာဟာ ဘယ်လိုတန်ဖိုးမှ တစိုးတစိမရှိနိုင်သလို စကြဝဠာဆိုတဲ့ ဂုဏ်ဒြပ်ဟာလည်း ရှိမှာမဟုတ်တော့ပါဘူး။ ဒါကြောင် ပရမာမြူမှုန်လေးတစ်မှုန်ရဲ့ အခြေခံအခွင့်အရေးဟာ စကြဝဠာထဲက အလှတရားအားလုံးကို ပိုင်ဆိုင်ခွင့်ရှိတယ်။ ချစ်ခွင့်ရှိတယ်။ မျှဝေခံစားခွင့်ရှိတယ်။ ဗဟုဝုစ်အလံတော်ကို လွှင့်တင်ခွင့်ရှိတယ်။ လက်ဝါးကြီးအုပ်ဝါဒကို ကန့်ကွက်ငြင်းပယ်ခွင့်ရှိတယ်။ ဒါကြောင့် စကြဝဠာထဲက လှသားဟာ အားငယ်စရာမလိုဘူး။ တွန့်ဆုတ်တွေဝေစရာ မလိုဘူး။ ထိတ်လန့်ကြောက်ရွံ့နေစရာလည်း မလိုဘူး။ သို့ကလို အယူအဆကို သံသယမရှိတဲ့ ကဗျာဆရာရဲ့ –

အို လှသား
အားရှိလော့ အားတက်လော့
စကြဝဠာကြီးကို ဖျစ်ညှစ်နမ်းရှုပ်လော့

ဆိုတဲ့ နွေးထွေးရဲတင်းသံကို ခံစားလိုက်ရတော့ စကြဝဠာရဲ့ အဝေးမှာ သေးသေးသိမ်သိမ် မှေးမှေးမှိန်မှိန်နဲ့ အားငယ်ထိတ်လန့်နေတဲ့ မိမိဟာ ဆံပင်တွေတောင် ထောင်ထသွားပြီး ကြက်သီးဖြန်းဖြန်း ကြွလာပါတယ်။ စကြဝဠာထဲက အလှတရားတွေကို ချစ်ရကောင်းမှန်း၊ ခံစားရကောင်းမှန်း၊



www.burmeseclassic.com

www.burmeseclassic.com

ရယူရကောင်းမှန်း၊ ပိုင်ဆိုင်ခွင့်ရှိမှန်း သိလာရပါတယ်။ လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ လူသားရဲ့ အခွင့်အရေးတွေ၊ လူသားရဲ့ တရားသဖြင့် ရပိုင်ခွင့်တွေကို မျှော်လင့်ရကောင်းမှန်း ပိုသိလာပါတယ်။ စကြဝဠာကြီးကို ဖျစ်ညှစ်နမ်းရှုပ်ဖို့ အားထုတ်လိုစိတ်တွေ နိုးကြွလာပါတယ်။ ဒါဟာ **'စကြဝဠာအနမ်း'** ရဲ့ အစွမ်းသတ္တိကြောင့်လို့ဆိုလျှင် ပိုမယ်မထင်ပါဘူး။

မိမိဟာ အလင်္ကာကျွမ်းကို နားလည်ကျွမ်းဝင်မှုမရှိတဲ့ ကဗျာခံစားသူသက်သက်မို့ ပဒဆေါသ သဘော၊ ဝါကျဒ္ဒေါသ သဘော၊ စကဒ္ဒေါသ သဘော၊ ဗျာကိစ္စာဒေါသ သဘောနဲ့ ဂါမ္မဒေါသ သဘောတွေကို စစ်ကြောစိတ်ဖြာမှု မပြုတတ်ခဲ့ပါဘူး။ ကဗျာတစ်ပုဒ်ကို ခံစားဖို့အားထုတ်တဲ့အခါ မိမိရဲ့ဉာဏ်ခံ၊ ယဉ်ကျေးမှုအခံ၊ ဝေဒနာအခံ၊ ရင်ခုန်သံအခံနဲ့ (ထပ်တူမဟုတ်တောင်) လက်လှမ်းမီနိုင်လောက်တဲ့ အခြင်းအရာတစ်ခုဖြစ်တဲ့ အနုပညာမျိုးလောက်သာ ရွေးချယ်ကိုင်ဆုပ်နိုင်မှာ ဖြစ်တယ်။ အားထုတ်ကြိုးကြည့်နိုင်မှာဖြစ်တယ်။ အခု မိမိခံစားတင်ပြခဲ့တဲ့ ကဗျာနှစ်ပုဒ်ဟာလည်း မိမိရဲ့ဘဝနေရာနဲ့ လက်လှမ်းမီနိုင်လောက်တဲ့အဆင့်မှာ ပွင့်နေကြတဲ့ အနုပညာပန်းနှင်ပွင့်သာ ဖြစ်တယ်။ မိမိရဲ့ အရှုတ္တထဲက သိစိတ်နဲ့ မသိစိတ်ကို အရိပ်ပြပြီး အကောင်ထင်လာစေတဲ့ ကဗျာနှစ်ပုဒ်ဖြစ်တယ်။

**မြမြင့်မိုရ်** ရဲ့ **'စကားလုံးကမ္ဘာ'** ဟာ လူသားရဲ့ အလိုရမ္မက်စိတ်၊ မှသားကို ဆေးသကြားနဲ့ စိမ်တတ်တဲ့စိတ်၊ ပါးစပ်နဲ့ နလုံးသားတခြားစီဖြစ်နေတဲ့ ကိစ္စမျိုးတွေကို ခပ်ရှင်ရှင် တင်ပြထားတဲ့ သရော်စာကဗျာတစ်ပုဒ်ဖြစ်တယ်။

**နိုးမြင့်သိန်း** ရဲ့ **'စကြဝဠာအနမ်း'** ဟာ လူသားရဲ့ အားငယ်စိတ်၊ အင့်စိတ်၊ နိမ့်ကျစိတ်၊ ဖရိုဖရဲစိတ်တွေကို ထုမတ်ကြွနိုင်လာအောင် ရဲရင့် မြင့်တက်လာအောင် ပြုပြင်ဖန်တီးပေးတဲ့ လေးလေးနက်နက် ကဗျာတစ်ပုဒ်ဖြစ်တယ်။

**'မြမြင့်မိုရ်'** ရဲ့ ကဗျာဟာ နရီအသွားကောင်းတဲ့ စကားစုတွေ ရှင်းလင်းသိပ်သည်းတဲ့ စကားနက် စကားဝှက်တွေမပါတဲ့ ခေတ်ပြအလင်္ကာတစ်ပုဒ်ဖြစ်သလို၊

**'နိုးမြင့်သိန်း'** ရဲ့ ကဗျာဟာလည်း ကဗျာဝါကျတည်ဆောက်ပုံပြေပြစ်တဲ့၊ ပုဒ်စုတွေ အထားအသိုမှန်တဲ့၊ စကားခက်–စကားဝှက်တွေနဲ့



မြဲလိုပြစားလုပ်မထားတဲ့ ခေတ်ပြိုင်ကဗျာတစ်ပုဒ်ဖြစ်တယ်။ ကဗျာနှစ်ပုဒ်လုံးမှာ သိသာထင်ရှားတဲ့ အားပါတဲ့ အခြင်းအရာတစ်ရပ်ကတော့ ကဗျာဝါကျတွေကို ဂရုစိုက်ပြုပြီး ကဗျာခံစားသူကို တစိုက်မတ်မတ် စည်းရုံးခေါ်ဆောင်သွားနိုင်ကြတဲ့ အတတ်ပညာပါပဲ။

ကဗျာမှာ အနက်အဓိပ္ပာယ်တွေ၊ နိမိတ်ပုံတွေ၊ ရူပကရဲ့ အာနိသင်တွေ၊ အလင်္ကာစကားစုတွေ၊ နရီသွားပုံကိစ္စတွေ၊ ခံစားမှုကို ပုံပေါ်အောင် ဖန်တီးချက်တွေ စတဲ့ ကြန်အင်လက္ခဏာတွေဟာ ရှိနေကြမှာဖြစ်တယ်။ အဲဒီ ကြန်အင်လက္ခဏာတွေကို သူ့နေရာနဲ့သူ အကောင်းဆုံးအဆင့်ရောက်သွားအောင် သယ်ဆောင်ပံ့ပိုးပေးတဲ့ ကိစ္စကတော့ ကဗျာမှာ ဝါကျဖွဲ့စည်းပုံ (အနုပညာ) တစ်ရပ်ပါပဲ။ မြမြင့်မိုရ်နဲ့ နိုးမြင့်သိန်းဟာ ကဗျာမှာ ဝါကျဖွဲ့စည်းတည်ဆောက်ပုံ အရေးပါမှုကို ဥပေက္ခာမပြုဘဲ စနစ်တကျလုပ်ပြသွားခဲ့ပါပြီ။ လူ့ဘဝထဲက မာယာပဉ္စလက်တွေနဲ့ စကြဝဠာရဲ့ အခြေခံအလှတရားတွေကိုလည်း သူ့နေရာနဲ့သူ၊ သူ့ခံစားမှုနဲ့သူ ဖော်ထုတ်လှစ်ပြနိုင်ခဲ့ကြပါပြီ။ ကဗျာမှာရှိတဲ့ အလှကိုယ်စီ၊ ဘဝမှာရှိတဲ့ လှကိုယ်စီရဲ့ အခြေအနေမှန်ကို ပီပီသသ မြင်တတ် ကြားတတ် ခံစားတတ်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုအပ်ချက်ကို ဘယ်လို ဖော်ထုတ်ရမယ်ဆိုတာ ကြံဆစဉ်းစားနေရင်း–

ယခုလ အောက်တိုဘာမှာ လက်တို့ညွှန်းလိုတဲ့ ကဗျာများကတော့

| | | | |
|---|---|---|---|
| ၁။ | နောက်ဆုံးပယောဂ | သံလျှင်မောင်ဝင်းဝါ | (ရွှေသမင်မဂ္ဂဇင်း) |
| ၂။ | အာရုံခံစေသူ | ပျှော်းမနား (ရဲလှ) | (စိန်ခြယ်မဂ္ဂဇင်း) |
| ၃။ | လယ်ကွင်းထဲကလူ | စောင်နေသစ် | (တလေကျာနယ်) |
| ၄။ | ပက်ကျိုတစ်ကောင်ရဲ့ အလွမ်း | သွယ်အောင် | (သရဖူမဂ္ဂဇင်း) |
| ၅။ | အကျမြူရာသီ | ညှော်သူငြိမ်း | (ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း) |

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ရည်မှုးတဲ့ ပျားဟာ
ကြာပွင့်ထဲက မထနိုင်သလို
ကိုယ့်အသဲလဲ တိတ်ဆိတ်မှုထဲမှာ
သူဟာသူ ဘယ်လိုဘယ်ပုံ
ပျောက်ဆုံးသွားတယ်ဆိုတာ သိချင်ရင်
ပြုံးနေတဲ့ မင်းနှုတ်ခမ်းတွေကို
သစ္စာဆိုနိုင်းရအောင်လေ။

ရာဘင်ဒြာနသ်တဂိုး
ဥယျာဉ်မှူး
မြင့်စိုးလှိုင် – မြန်မာပြန်



## ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၁၂)

သပြေတေားမဂ္ဂဇင်းများရဲ့ မှတ်မှတ်ရရ နှစ် (၂၀) ပြည့် မွေးနေ့မှာ မှတ်မှတ်ရရ ကဗျာ၊ မှတ်မှတ်ရရ ခံစားမှု၊ မှတ်မှတ်ရရ အတွေး . . . ၊

အကောင်းဆုံး တစ်ခုကို လက်ဆောင်ပေးဖို့ ကဗျာဧည့်ခန်းတွေထဲကို ဖြတ်သန်းခံစားကြည့်ရတာဟာ ဝတ်ရည်မှုးတဲ့ ပျားတစ်ကောင်လိုပါပဲ။ ဝတ်ရည်ဝတ်ရက်တွေရဲ့ ပဥလက်အတတ်ကြောင့် ကြာပွင့်ထဲက မထနိုင်တဲ့ ပျားပမာ–

အလင်္ကာတွေရဲ့ လုပ်ထုံး၊ စကားလုံးတွေရဲ့ မာယာကြောင့် ဂန္ထိရ ဆန်လွန်းမှု ကြာပွင့် (ဧည့်ခန်းဆောင်) ထဲမှာ မိမိကိုယ်တိုင် ယောင်ချာချာ ပျားတစ်ကောင်ဖြစ်ခဲ့ဖူးပါတယ်။ ဒီတော့ကာ အသွင်သဏ္ဍာန်ထဲမှာ အနှစ်သာရကို ဘယ်လိုရှာကြမလဲ။ အတ္တဝတ်ရည်နဲ့ ဒဿနဝတ်ရည်။

ကေဝုစ်ခံစားမှုကြာပွင့်နဲ့ ဗဟုဝုစ်ကိုယ်စားပြု ကြာပွင့်။

ဘယ်ဝတ်ရည်ရဲ့ ရသနဲ့ ဘယ်ကြာပွင့်ရဲ့အလှကို ကြာပွင့်များစွာ တည်ရှိရာ စာမျက်နှာ(ဧည့်ခန်းများ)ထဲမှာ ဘယ်လိုရွေးချယ်မလဲ။ ပြုံးနေတဲ့ နှုတ်ခမ်းနဲ့ ကဗျာယောင်ဆောင်ထားတဲ့ ကြာပွင့်တွေကို သစ္စာပြုခိုင်းရင်



www.burmeseclassic.com

www.burmeseclassic.com

ဟော့ မုသားနဲ့ ဆေးသကြားဝတ်ရည်မှုတစ်ပါး အခြားဘာမှ ရစရာမမြင်ပါဘူး။ ဒီတော့ ကဗျာခံစားသူ မိမိကိုယ်တိုင်သမာဓိကို ခိုင်အောင်ချည်။ ဝတ်ရည်ရဲ့ အနှစ်သာရကို မြည်းစမ်း။ ကြာပန်းရဲ့ အသွင်သဏ္ဌာန်ကို လေ့လာ။ ကဗျာရဲ့ ဖြစ်တည်မှုကို ဂုဏ်ပြု။ အနုပညာမှာ ဘာတာဝန်မှမရှိဘူးဆိုတဲ့အသံကို မြေမြှုပ်သံလား။ လေချွန်သံလားလို့ နားခံ။ ကဗျာရဲ့ဝိညာဉ်နဲ့ မိမိရဲ့ ရင်ခုန်သံကို ဘယ်လိုဆက်စပ်ကြည့်မလဲ။ ဘယ်လိုချဉ်းကပ်မလဲ။

ခေတ်ပြိုင်ကဗျာ လေ့လာရေးအလုပ်ဟာ ကဗျာထဲက ဝတ်ရည်ဝတ်ရက်တွေရဲ့ ရသထဲမှာ လဲကျယစ်မူးရုံမျှလား။ ကြာပွင့်ကြာဖတ်တွေရဲ့ အသွင်သဏ္ဌာန်ကို သုတေသနဖလင်ကော်ပြားပေါ် တင်ပြီး တစ်ရွေးကို ဆယ်လီစိတ်ကြည့်ရုံမျှ သက်သက်လား။ ကဗျာဆရာဟာ သမိုင်းဗေဒသမားမဟုတ်ခဲ့သော်ငြား သူလုပ်နေတဲ့ ကဗျာအလုပ်ကတော့ သူဖြတ်သန်းနေတဲ့ ခေတ်ပြိုင်သမိုင်းရဲ့ ရင်ခွေ့နဲ့ ဖန်တီးလုပ်ဆောင်သွားတာပဲ ဖြစ်တယ်။ သူ့ကဗျာရဲ့ ပုံသဏ္ဌာန် (အဖွဲ့အနွဲ့) ကိုလည်း သူဖြတ်သန်းနေတဲ့ ခေတ်ပြိုင်အသံဗလဲတွေကသာ ဖန်တီးသယ်ဆောင်သွားတာဖြစ်တယ်။ ဒါကြောင့် –

ခေတ်ပြိုင်ကဗျာ၊ ခေတ်ပြကဗျာ၊ ခေတ်ပေါ်ကဗျာရဲ့ အခင်းအကျင်းဟာ ကဗျာဆရာရဲ့ တစ်ကိုယ်တော် ဂန္ထိရ အိပ်မက်ပြပွဲမဟုတ်ဘူးဆိုတာကိုတော့ မိမိအနေနဲ့ သံသယမဖြစ်မိတော့ပါဘူး။ ကေစီဆရာတချို့ရဲ့ ကေစီဝါဒမျိုး စိုးစဉ်းမျှမရှိတော့ပါဘူး။

သို့ကလို ယုံကြည်နားလည်မှုမျိုးကို လက်ရိုးတရားထားပြီး လူငယ်ကဗျာဆရာ (၃) ဦးတင်ပြတဲ့ ကဗျာရှည် (၃) ပုဒ်စာအုပ်မှာ မိမိအမှာစာရေးခဲ့တုန်းက ဟောသလို –

'ကဗျာအဖွဲ့အနွဲ့ (ပုံသဏ္ဌာန်) ကို ချဉ်းကပ်စေစားမှုဟာ အရေးပါတဲ့ကဗျာလေ့လာမှုလုပ်ငန်းတစ်ရပ်တော့ မဟုတ်သေးပါဘူး' လို့ မိမိတင်ပြခဲ့တယ်။ အဲဒီအမှာစာရဲ့ တစ်နေရာမှာပဲ 'အရိုးစင်းဆုံးနဲ့ ယေဘုယျအကျဆုံး တွေ့ရှိချက်ကတော့ ယဉ်ကျေးမှုရှိသော လူသားရဲ့ စိတ်ခံစားချက် (ဝေဒနာ) ကို တိထွင်ဆန်းသစ်မှုရှိတဲ့ ပုံသဏ္ဌာန်နဲ့ ဖော်ကျူးတဲ့ အနုပညာတစ်ရပ်ဟာ ကဗျာလို့ခေါ်နိုင်ပါတယ်' ဆိုတဲ့ အကြောင်း မိမိဖွင့်ဆိုခဲ့တယ်။ မိမိတင်ပြဖွင့်ဆိုခဲ့တဲ့ အဲဒီဖော်ပြချက် အဆိုနှစ်ရပ်ကို 'ရှေ့နောက်



မညီညွတ်တဲ့အကြောင်း'၊ 'ကိုယ့်ပုဆိုးစ ကိုယ်တက်နင်းမိတဲ့အကြောင်း' ရှုလတန်းအဆင့် ကျောင်းသားငယ်လေးရဲ့ (ကျပန်းစကားပြောပွဲ) လေသံမျိုးနဲ့ ဆောင်းပါးတစ်ပုဒ်ကို နိုဝင်ဘာလထုတ် မဂ္ဂဇင်းတစ်စောင်မှာ ထိုးထိုးထောင်ထောင် ဖတ်လိုက်ရတယ်။

မြန်မာကဗျာရဲ့ ပုံသဏ္ဌာန်အဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှုနဲ့ပတ်သက်ပြီး ပညာမျက်လုံးနဲ့ ကြည့်ရှုသုံးသပ်အကဲခတ်ခဲ့ကြတဲ့ ဆရာဇော်ဂျီမှအစ၊ ဆရာမြစဉ်အလယ်၊ ဆရာမျိုးသန့်အဆုံး၊ ပုံသဏ္ဌာန်လေ့လာရေးအားလုံးဟာ လက်ခါပြရမယ့် ကိစ္စတစ်ရပ်မဟုတ်ဘူး။ ဥပေက္ခာပြုရမယ့်လုပ်ငန်းတစ်ရပ်လည်း မဟုတ်ဘူးဆိုတာ မျက်မှောက်ခေတ် ကဗျာဆရာတွေ လက်ခံယုံကြည်ထားကြတယ်။

တန်ဖိုးထားကြတယ်။ အလားတူပဲ မိမိအနေနဲ့လည်း ကဗျာမှာ ပုံသဏ္ဌာန်ရဲ့ အထောက်အကူပြုမှု နိဿရည်းနည်းနာအရပ်ရပ်ကို အခါအားလျော်စွာ ဖတ်မှတ်ပွားများရင်း ကဗျာသောတုဇနဖြစ်ခဲ့ရပါတယ်။

ဒါပေမယ့် ကဗျာဟာ ပညာမျက်လုံးကို အသုံးပြုပြီး စီရင်ထားတဲ့ အနုပညာတစ်ရပ်လား။ ကဗျာဆရာရဲ့ ရင်ကိုလှဲ့ဆော် လှုပ်ခတ်သွားစေတဲ့ ခေတ်ပြိုင် အခြင်းအရာတစ်ရပ်လား။ အသွင်သဏ္ဌာန်တွေရဲ့ လက်ဆောက်ခံ အနုပညာလား။ အတွင်းသန္တာန်တွေရဲ့ အခြေအနေကို ဖော်ပြတဲ့ ဂရုဏ်ဆောက်ကြောင်း လှိုင်းတွန့်တွေလား။ အတွင်းသန္တာန်နဲ့ အသွင်သဏ္ဌာန် (သို့မဟုတ်) စိတ်ခံစားမှုနဲ့ အဖွဲ့အနွဲ့အစီအကုံးဟာ ကဗျာရဲ့ ခွဲခြားမရတဲ့ မြားတစ်စင်းဖြစ်တယ်ဆိုရင် အဲဒီ မြားတစ်စင်းရဲ့ အရေးပါတဲ့ ထိပ်ဖူးပိုင်းဟာ အတွင်းသန္တာန်လား၊ အသွင်သဏ္ဌာန်လား၊ ကဗျာနဲ့တစ်သားတည်းရှိနေတဲ့ ရင်ခုန်သံ ဘာသာစကားကို ပညာမျက်လုံးနဲ့ သုံးသပ်မလား။ ခေတ်ပြိုင်ခံစားမှုနဲ့ ဘာသာပြန်ကြည့်မလား။

သို့ကလို စဉ်းစားရင်း ၁၉၉၄ နိုဝင်ဘာလထုတ် မြားနတ်မောင်မဂ္ဂဇင်း ညွှန်းကို လှမ်းဝင်လိုက်တော့ –

ချွေးတလုံးလုံးနဲ့ စက်ဘီးနင်းလာတဲ့ ကဗျာဆရာ **ကိုငြိမ်း (မွန္တလေး)** ကို လှမ်းမြင်လိုက်ရတယ်။ အဝေးပြေးလမ်းပေါ်က စက်ဘီးတစ်စီးနဲ့ ကဗျာဆရာဟာ '**စက်ဘီးတွေရဲ့ ချွေး**' အကြောင်းကို စိတ်ဝင်စားစရာကောင်းလောက်အောင် ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပထမ နားထောင်ကာစတုန်းကတော့ ကဗျာဆရာ ကိုငြိမ်း(မွန်လေး)ရဲ့ စက်ဘီးတစ်စီးအကြောင်းလို့ ထင်ရတယ်။ ဝါကျတစ်ခုချင်း၊ ပုဒ်ရတစ်ခုချင်း၊ တစ်ပိုဒ်ချင်း၊ တဖြည်းဖြည်းချင်း ခံစားနားဆင်ကြည့်လိုက်တဲ့အခါ ကဗျာဆရာရဲ့ လေသံပျောက်သွားပြီး ရွှေမြို့တော်ကြီးရဲ့ လေးပြင်လေးရပ်က၊ ပုရစ်တွေလို ထွက်လာကြတဲ့ စက်ဘီးတွေ၊ စက်ဘီးတွေ၊ စက်ဘီးတွေ၊ သံသရာကရွတ်ချွေပေါ်မှာ ခွတ်တပေပေ လည်ပတ်နေရရှာတဲ့ ဘဝစက်ဘီးတွေရဲ့ ချောက်ချောက်ချက်ချက်မြည်သံ။ ဆီမရှိတဲ့ ပင်နီယံနဲ့ ချိန်းကြိုးကြိတ်ပွတ်သံတွေကို ကြားလိုက်ရတယ်။

**ကျင့်သားမရသေးလဲ**

**မျက်လုံးများ ပြေးဝင်နေခဲ့**

**အဝေးထဲကိုလေ။**

မြို့ပြင်စနေပုဒ်ကို ရုတ်တရက်ရောက်သွားတဲ့ စက်ဘီးနဲ့ ကြီးပြင်းခဲ့သူများဟာ ရွှေမြို့တော်ကြီးရဲ့ စတုရန်းကွက်လမ်းမတွေပေါ်မှာ ချိန်သားကျင့်သားရခဲ့ပေမယ့် ကျောက်ပေါက်ရာဗရဖျစ်နဲ့ ခေတ်ပေါ်လမ်းသစ်တွေမှာတော့ ချိန်သားကျင့်သားမရသေးပါဘူး။ ကျင့်သားမရသေးတဲ့ စက်ဘီးတွေရဲ့ မျက်လုံးဟာ –

**တစ်နာရီ ဘယ်နှုန်း**

**မိုင်နှုန်း သတ်မှတ်ချက်မရှိ**

**(ဒါပေမယ့်) ရှိကြည့်နေကြ**

ရတယ်လို့ ဆိုပါတယ်။

မြို့ပြင် အဝေးပြေးလမ်းပေါ်က စက်ဘီးစီးသူများအတွက် မိုင်နှုန်းသတ်မှတ်ချက်မရှိပေမယ့် စက်ဘီးတွေရဲ့ မျက်လုံးကတော့ အရာရာကို သတိနဲ့ကြည့်နေရပါတယ်။ မရှိလို့ မကြည့်လို့လည်း မဖြစ်ဘူးလေ။

**ရှေ့တည့်တည့်ကလာတဲ့ ကော်ဝန်းတွေပေါ်**

**ကြိုထင်မြင်ခွင့်ပေးမှု မျက်ကွက်နေပုံက**

**မျက်နှာနားကပ်တဲ့ပြီး**

**'ရော–မြင်–ရော့မြင်' နဲ့။**

အဝေးပြေးလမ်းပေါ်မှာ ဖြတ်သန်းမောင်းနှင်သွားကြတဲ့ ကုန်သွယ်တဲ့ ယာဉ်ကြီးတွေ၊ ဂုဏ်ထည်တဲ့ ယာဉ်ငယ်တွေဟာ သံသရာကရွတ်ချွေပေါ်



က ဘဝစက်ဘီးသမားတွေကို သနားငဲ့ညှာမှု၊ ထောက်ထားစာနာမှု၊ ကြိုတင်ပြင်ဆင်ခွင့်ပေးမှု မပြုကြပါဘူး။ ဝန်ဆောင်မှုအားကြီးတဲ့ စက်တပ်ယာဉ်တွေရဲ့ မထီမဲ့မြင်ပြုလုပ်ကြပုံဟာ တကယ့်တောရိုင်းကြီးဝါဒအတိုင်းပါပဲ။ အနေးယာဉ် စက်ဘီးငယ်လေးတွေရဲ့ ရှေ့တည့်တည့်ကို ဘွားခနဲရောက်လာပြီးမှ ကားမီးစက်ဝန်းကြီးကို 'ရော–မြင်–ရော–မြင်' လို့ ရုတ်တရက်လုပ်ချလိုက်ပုံကို –

**အလင်းသံရိုက်နေတဲ့**

**ကားမီးခွက်တွေက**

**သူ့မျော်ရည်နဲ့ ကော်ပက်**

**ကြယ်ကို ဖျက်လိုက်တယ်**

လို့ ကဗျာဆရာက နာနာကျင်ကျင် ရင်ဖွင့်ပြပါတယ်။ စည်းမဲ့ကမ်းမဲ့နဲ့ ပရမ်းပတာဖြစ်ရပ်တစ်ခုကို ဘယ်သူတွေ မှတ်တမ်းပြုခဲ့ကြပါသလဲ။ ကဗျာခံစားသူ မိမိအနေနဲ့တော့ ကဗျာဆရာရဲ့ စကားအရာမှာ လိမ္မာကျွမ်းကျင်တဲ့ **'အလင်းသံရိုက်'** နဲ့ **'မျော်ရည်နဲ့ကော်ပက်'** ဆိုတဲ့ ရုပကအလင်္ကာစကားစုနှစ်ခုကို ဘယ်လိုမှ မေ့ပျောက်လို့မရတော့ပါဘူး။ မေ့ပျောက်လို့မရတဲ့အကြောင်းကတော့ အားကြီးသူ နိုင်ရာစားဝါဒသမားများရဲ့ လောဘအလင်းသရဲစီးနေပုံ၊ ကြယ်ပွင့်ငယ်လေးတွေရဲ့ ဘဝနဲ့အလှကို မောဟမျော်ရည်နဲ့ ကော်ပက်ဖျက်စီးတတ်ပုံကို ကွင်းကွင်းကွက်ကွက် ပြက်ပြက်ထင်းထင်း စဉ်းစားခွင့်ရခဲ့လို့ပါပဲ။ စက်ဘီးသမားများရဲ့ ဒုက္ခကတော့ ဒီလောက်နဲ့တွင် ပြီးဆုံးမသွားသေးပါဘူး။ အဆင်မပြေမှုတစ်ခုဟာ ဒီမှာတွင် ရပ်တန်းကရပ်မနေသေးပါဘူး။

**ဟောဒီဘက်ကိုပေါ့**

**အသက်လု ထွက်ပြေးလာတဲ့**

**အဝေးပြေး လမ်းပေါ်က**

**မီးရောင်လေးရဲ့ အလင်း**

**ကန့်သင်းတစ်ခုကို ကျော်တက်မယ့်အလုပ်**

**ဟော – တောဖျတ်တစ်ခုနဲ့ ဝင်ငြိသွားပါရောလား…**

ပိုးစုန်းကြူးမှ မီးရောင်လေးရဲ့ အလင်းနဲ့အဝေးပြေးလမ်းပေါ်က စက်ဘီးလေးတစ်စင်းဟာ ဘာအကြောင်းကြောင့် အသက်လုထွက်ပြေးလာရ



www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်။ အသက်လုပြီး ထွက်ပြေးလာရလောက်အောင် သူ့နောက်မှာ ဘယ်လိုအကြောင်းတရားတွေ ရှိခဲ့ပါလိမ့်။ ကဗျာတစ်ပုဒ်ဟာ ရုံးတွင်းအစီရင်ခံစာ မဟုတ်တဲ့အတွက် ကဗျာဆရာလက်ထဲက အလက်ာ္ဂက်ပဲကို ကဗျာခံစားသူများဘက်က ကြိုက်သလို စဉ်းစားတွေးတောခွင့်ရှိပါတယ်။ ကဗျာဆရာ ညွှန်ပြတဲ့ (ယောဒိဘက်ကိုပေါ့) ဆိုတဲ့ နေရာပြပုဒ်မှာလည်း တည်နေရာ၊ ကိုယ်ပိုင်နာမ် အတိအကျ ပြမထားတဲ့အတွက် အတွေးစက်ဝန်းကို ကြိုက်သလို ဖြန့်ကြက်နိုင်ခွင့်ရှိပါတယ်။ ကြာနီကန် သချိုင်းဘက်မှာလား။ အောင်ပင်လယ် ကွက်သစ်ဘက်မှာလား။ သေချာတဲ့ အချင်းအရာတစ်ခုကတော့ ကျုံးဘေးလမ်းမကြီးပေါ်မှာ၊ ဈေးချိုကုန်တိုက်သစ်ကြီးရဲ့ မျက်နှာစာက နာရီစင်ကြီးအောက်မှာ မဟုတ်တာတော့ တပ်တပ်အပ်အပ်ပြောနိုင်ပါရဲ့။ ဘာကြောင့် ပြောနိုင်သလဲဆိုတော့ အသက်လုထွက်ပြေးလာတဲ့ ဒုက္ခစက်ဘီးကလေးတစ်စင်းရဲ့ ကံဆိုးမိုးမှောင်ကျသွားတဲ့ နေရာဟာ ခလုတ်ကန်သင်းနဲ့တော ဗျူဟ်ရိုင်းငေါ်ထူပြောတဲ့ နေရာမှာလို့ ကဗျာဆရာကညွှန်ပြခဲ့လို့ပါပဲ။ ကန်သင်းတစ်ခုကို ကျော်တက်မယ့်အလုပ်မှာတော ဗျူဟ်နဲ့ ခလုတ်တိုက်ပြီး လဲကျသွားတဲ့ စက်ဘီးတစ်စီးရဲ့ အိမ်ပြန်ခရီးဟာ ဘယ်လိုနည်းနဲ့ သာယာဖြောင့်ဖြူးနိုင်ပါ့မလဲ။ မိဘ၊ ဇနီးမယားနဲ့ သမီးသားတွေရဲ့ အနေအထားကကော အိမ်အပြန် စက်ဘီးသမားကို ဘယ်လိုအခြေအနေနဲ့ မျှော်လင့်စောင့်စားနေကြပါ့မလဲ။ မိမိအနေနဲ့ ကြာကြာစဉ်းစားတွေးတောခွင့်မရလိုက်ပါဘူး။

**ဒီအချိန်တိုင်းမှာပါပဲ**
**အိမ်ပြန်ခြင်း အဓိပ္ပာယ်ကို မသိတဲ့**
**အိမ်ပြန်စက်ဘီးများ**
**ပင်နီယံကရွတ်ကို**
**သူတို့ ခန္ဓာကိုယ်နဲ့ ပွတ်တိုက်နေပါလား**
**ညြော် မနက်ဖြန်သွားဖို့ ဒီနေ့ ပြန်ကြပြီ။**

'အိမ်ပြန်တယ်' ဆိုတဲ့ စကားစုရဲ့ နောက်ကွယ်မှာ တစ်စုံတစ်ရာသော အနက်အဓိပ္ပာယ်တော့ ရှိသင့်ရှိအပ်ပါတယ်။ အားမွေးခြင်း။ အနားယူခြင်း။ သံယောဇဉ်ရှင်တွေ့နဲ့ ထိတွေ့ခြင်း။ မနက်ဖြန်အတွက် ပြင်ဆင်



ခြင်း။ ဘဝချည်တိုင်ကို စစ်ဆေးခြင်း။ သို့ကလို အနက်တစ်ခုခုတော့ ရှိသင့်ရှိထိုက်တာပေါ့။ အခုတော့

**'ဒီအချိန်တိုင်းမှာပါပဲ**
**အိမ်ပြန်ခြင်း အဓိပ္ပာယ်ကို မသိတဲ့**
**အိမ်ပြန် စက်ဘီးများ**

ရဲ့ ဘဝဟာ ရင်နာစရာကောင်းလှပါတယ်။ ဒါပေမယ့် နိစ္စဓူဝတော့ အိမ်ပြန်နေကြရတယ်။ ပင်နီယံကရွတ်လို သံသရာစက်ဝန်းရဲ့ ချွေးသွားစိတ်တွေပေါ်မှာ ပွတ်ကြိတ်လည်ပတ်ရင်း သူတို့ရဲ့ဘဝတွေဟာ အယောသိကံအဖြစ်ခံနေရတယ်။ ဒီလိုအချိန်တိုင်းမှာပဲ အလင်းသရဲစီးနေတဲ့ ကားမီးခွက်တွေရဲ့ အန္တရာယ်ကို ဖြတ်သန်းရင်း အိမ်ပြန်လာကြတယ်။ အိမ်ပြန်လာကြတယ်ဆိုတာ ပျော်ရွှင်စွာအနားယူဖို့ မဟုတ်ဘူး။ မနက်ဖြန် ပြန်သွားဖို့ ဒီနေ့ ပြန်လာကြတာတဲ့လေ။

ကိုငြိမ်း (မန္တလေး) ရဲ့ ပင်နီယံကရွတ်ကို ခန္ဓာကိုယ်နဲ့ ပွတ်တိုက်နေကြတဲ့ '**စက်ဘီးတွေရဲ့ ချွေး**' ကို ခံစားရင်း ဘဝရဲ့ ကံနဲ့ကတ္တား (သို့မဟုတ်) ဘဝရဲ့ သဒ္ဒါပုဒ်တစ်ခုကို စေ့စေ့ငုငု စဉ်းစားနေမိပါတယ်။ ဘဝရဲ့ အဓိပ္ပာယ်နဲ့ ဘဝရဲ့ အဘိဓမ္မာကို ဖွေရှာနေမိပါတယ်။ ဘဝရဲ့ဖြတ်သန်းခြင်း ရသကို အငမ်းမရ တမ်းတနေမိပါတယ်။ တိုက်ဆိုင်မှုလို့ဆိုရမလားဘဲ။ နိုဝင်ဘာလထုတ် စာပေဂျာနယ်ဇည်ခန်းထဲက ကဗျာဆရာမ **မရီစေ** ရဲ့ 'ဖြတ်သန်းခြင်းရသ' ကဗျာဟာ မိမိရှာဖွေနေတဲ့အရာကို '**ဒီမှာကြည့်လှည့်**' လို့ လှမ်းခေါ်လိုက်သလိုပါပဲ။ ရွေလျားပြန့်ကြဲနေတဲ့ အာရုံတွေကို စုစည်းပြီး '**မရီစေ**' ပြောပြတဲ့ '**ဖြတ်သန်းခြင်းရသ**' ကို ရှုရှုစိုက်စိုက်ကြည့်လိုက်တော့ –

**ဖြစ်ရပုံများလေ**
**တစ်နေ့လုံးသာနေတဲ့ ကောင်းကင်ပြင်ဟာ**
**ငါထွက်လာတော့မှပဲ**
**လျှပ်စီးတွေဝင်းပြက်**
**တစ်ခဲနက် ရွာချလိုက်ပုံများ**
**သွားလေရာ တကောက်ကောက်**
**တောက်လျှောက်ပဲလေ**

www.burmeseclassic.com

ဆိုတဲ့ နရီပြေပြေနဲ့ လေသံတိုးယဲ့ယဲ့ဟာ ကဗျာဝါကျတွေထဲက ခုန်ထွက်လာပါတယ်။ ဝေဒနာစကားစုတွေရဲ့ အထားအသိုမှန်ကန်မှု၊ တမင်ဟန်လုပ်ထားတဲ့ အခြင်းအရာတွေနဲ့ ကင်းလွတ်မှုကြောင့် ကဗျာခံစားသူ မိမိရဲ့ ခံစားလိုစိတ်ကို တရိပ်ရိပ်ဆွဲခေါ်သွားပါတယ်။ ကဗျာတစ်ပုဒ်ကို ဖတ်ပြီး တသသ ခံစားရတယ်ဆိုတာမှာ ခံစားသူရဲ့ အတွေ့အကြုံနဲ့ကဗျာထဲက ဝေဒနာရဲ့ သဟဇာတဖြစ်မှုပေါ်မှာ မူတည်တယ်လို့ မိမိယူဆပါတယ်။ အခုလည်း ကြည့်လေ -

**တက်စီးမိတဲ့ ကားခများလဲ**
**မီးပွိုင့်တိုင်းမှာမိ**
**တအိအိနဲ့**
**မီးနီနဲ့တိုး**
**ဟိုးဆို ပြန်ဆုတ်**
**ဘရိတ်အုပ်ရ ငါ့ဘဝလို**

တဲ့။ '**မရီဝေ**' က '**ဘရိတ်အုပ်ရ ငါ့ဘဝလို**' လို့ သူ့ကိုယ်သူ ညွှန်းဆိုပြခဲ့ပေမယ့် ဘဝကို ဖြတ်သန်းမှုမှာ တအိအိနဲ့ ခရီးမတွင် ဖြစ်လိုဖြစ်ရ၊ ဘဝအရှိန်ကို တန့်ရပ်သွားစေတဲ့ မီးနီနဲ့တိုးလိုတိုးခဲ့ရ၊ တစ်စုံတစ်ရာရဲ့ ဟန့်တားမှုကြောင့် အထိတ်တလန့် ဘရိတ်အုပ်လို အုပ်ခဲ့ရတဲ့ မိမိဘဝကို မရီဝေရဲ့ ခေတ်ပြကဗျာမှန်ထဲမှာ ပြန်လည် တွေ့မြင်ခဲ့ရပါတယ်။ ခေတ်ပေါ် ကဗျာတစ်ပုဒ်မှာ အချဲ့အကားသဘော၊ အကွယ်အဝှက်သဘော၊ ဂယက်အနက်သဘော၊ နှစ်ခွအဓိပ္ပာယ်သဘော၊ သဒ္ဒါစည်းရိုးကို ချိုးဖောက်မှုသဘော စတဲ့ တီထွင်ဆန်းသစ်မှု၊ ကြံဆဖန်တီးမှုတွေကို ပြုလုပ်ခွင့်ရှိတယ်၊ စမ်းသပ်ခွင့်ရှိတယ်။ ဖော်စပ်ခွင့်ရှိတယ်။ အခု ဖော်ပြနေတဲ့ မရီဝေရဲ့ '**ဖြတ်သန်းခြင်းရသ**'ကတော့ ရိုးစင်းတဲ့ ရင်တွင်းဝါကျတွေကို မာယာမဲ့မှု၊ နဘေမခံ၊ ကာရန်ကျဲကျဲနဲ့ နားစွဲအောင် ပြောတတ်လိုက်တာလို့ မိမိခံစားရပါတယ်။ ဘာကြောင့် နားစွဲရတာလဲ။

ဘဝရဲ့ ချောတိုင်ထိပ်ဖျားမှာ ရှိနေတဲ့ မျှော်လင့်ချက်အောင်လံကို ဆုပ်ကိုင် ပိုင်ဆိုင်ချင်သူ မိမိဟာ-

**ဝါးဘိုးဝါး အဖျားအောက်**
**ဆီပေါက် စိမ့်ဆင်း**



**အားတင်းဖက်တွယ် လက်လှမ်း**
**အောင်ဝန်း မီလုစင်မှာ**
**လျှောကျဒုံ့ရင်း ပြန်ရောက်**
**မြေပေါက်ပေါက်ကျ**
**စိတ်ဓာတ်ကျသူ ရှုံးတမ်းတဲ့...**

မရီဝေရဲ့' အတွင်းသန္တာန် (အဘိဓမ္မာ) ကြောင့် ရင်ထဲနားထဲစွဲသွားတာဖြစ်တယ်။ အသွင်သဏ္ဌာန်(အဖွဲ့အနွဲ့) အနေနဲ့တော့ ကဗျာဉာဏ်ခန်းတွေထဲမှာ ကြားရိုးကြားစဉ်၊ မြင်ရိုးမြင်စဉ်တစ်ရပ်မို့ မိမိရင်ကို တလှပ်လှပ်မဖြစ်စေနိုင်တာ အမှန်ပါပဲ။ '**စိတ်ဓာတ်ကျသူရှုံးတမ်းတဲ့**'ဆိုတဲ့ အချက်ပေးသံနဲ့ အတူ ဆီတပေါက်ပေါက် စိမ့်ဆင်းနေတဲ့ ဘဝချောတိုင်ကို အားတင်းဖက်တွယ်ထားရသူဟာ ဘာဆက်လုပ်မလဲ။ ဘာဆက်ပြောမလဲ။ 'ဖြတ်သန်းခြင်းရသ' ကို စတင်ဖွင့်ဆိုပြကတည်းက ဝင်းပြက်လျှပ်စီးတွေ။ သူသွားလေရာ တကောက်ကောက်မှာ တောက်လျှောက်ရှာချလိုက်တဲ့ တစ်ခဲနက်မိုးပေါက်တွေ။ မီးနီပွိုင့်တိုင်းမှာ မိ,မိနေတတ်တဲ့ တအိအိကား။ ဘရိတ်အုပ်လိုက်ရတဲ့ ဘဝ။ ဘာတစ်ခုမှ လှလှပပ ချောချောမွေ့မွေ့ မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် ကဗျာဆရာရဲ့ သိစိတ်ထဲမှာတော့ -

**ကဲ- လက်ပန်းပေါက်စေတော့**
**မြင့်မြတ်စိတ်ဓာတ် ရင့်သန်**
**တစ်ဖန် ပြန်ကြိုးစားရင်**
**နီးကြား သိစိတ်အစဉ်နဲ့**
**ဝန်းဝင်ဖို့ လက်တစ်ကမ်း**
**ဒါ ဆန်းတာမှ မဟုတ်ဘဲ**
**ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲမော်**

လို့ မြဲမြဲရဲရဲ ယုံကြည်ထားတယ်။ ကဗျာဆရာရဲ့ ယုံကြည်မှုကို အထောက်အကူပြုထားတဲ့ ဘာသာစကားစုတွေကတော့ (**စိတ်ဓာတ်ရင့်သန်၊ နီးကြား သိစိတ်အစဉ်၊ လက်တစ်ကမ်း၊ ဖြစ်ရိုးဖြစ်စဉ်**)စတဲ့ ဖော်ပြမှုတွေဖြစ်တယ်။ စကားအလက်ာအနေနဲ့တော့ သိပ်ပြီး မထူးဆန်း။ သိပ်ပြီး မဆနီးသစ်။ ထူးခြားဆန်းသစ်တဲ့ ကိစ္စကတော့ -

www.burmeseclassic.com

**'ပန်းဝင်ရိုး လက်တစ်ကမ်း**
**ဒါဆန်းတာမှ မဟုတ်ဘဲ**
**ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲနော်'**

ဆိုတဲ့ ယုံကြည်မှုခွန်အား (သို့မဟုတ်) ပြတ်သားတဲ့ ခံယူချက်ဖြစ်တယ်။ အဆင်မပြေမှုတွေနဲ့ ဖွဲ့နှောင်ထားတဲ့ လူ့ဘဝမှာ ရှောတိုင်ထိပ်ဖျားကို ရောက်ဖို့ကိစ္စ။ ခလုတ်ကန်သင်း ထူပြွမ်းတဲ့ပြေးလမ်းမှာ ပန်းဝင်ဖို့ကိစ္စ။ ဘယ်လိုမှ လွယ်လွယ်နဲ့ မရနိုင်တဲ့ကိစ္စမျိုးကို ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲလို့ သွေးအေးအေးနဲ့ တွေးခေါ်ဆင်ခြင်နိုင်မှုဟာ ကဗျာဆရာမ 'မရီစေ' ရဲ့ စိတ်ဓာတ်ရင့်သန်တဲ့ ခံစားမှုအတွေ့အကြုံကြောင့်ပဲလို့ ယူဆမိပါတယ်။ ခံစားမှုအတွေ့အကြုံဟာ အသိတရားကို မွေးဖွားပါတယ်။ အသိတရားဆိုတဲ့ အချင်းအရာမှာ ကိုယ်ပိုင်အသိတရားနဲ့ တစ်ဆင့်ခံအသိတရားရယ်လို့ နှစ်မျိုးနှစ်စားရှိတယ်။ ကိုယ်ပိုင်အသိတရားကို အခြေခံပြီး ဖွဲ့ဆိုတဲ့ ကဗျာမျိုးမှာ ကဗျာဘာသာစကားရဲ့ ရိုးဖြောင့်တဲ့ဂုဏ်၊ ကဗျာဝါကျတွေရဲ့ ကျစ်လျစ်သိပ်သည်းတဲ့ ဂုဏ်၊ လွန်ကျူးတဲ့ အချဲ့အကားနဲ့ ဝိုးတဝါးနိမိတ်ပုံတွေ စင်ကြယ်ရှင်းသန့်တဲ့ ဂုဏ်၊ ကဗျာခံစားသူ (ပရိသတ်) နဲ့ နွေးထွေးဆေးကပ်တဲ့ ဂုဏ်။

ဖော်ပြပါ ဂုဏ်မျိုးတွေနဲ့ အထိုက်အလျောက် ပြည့်စုံတဲ့ ကဗျာအမျိုးအစားဟာ ကိုယ်တိုင် အတွေ့အကြုံနဲ့ ကိုယ်ပိုင်အသိတရားပေါ်မှာ အခြေခံတယ်လို့ မိမိလေ့လာတွေ့ရှိမိပါတယ်။

သို့ကလို လေ့လာတွေ့ရှိမှုဟာ အခု ခံစားတင်ပြနေတဲ့ ကိုငြိမ်း (မန္တလေး) ရဲ့ **'စက်ဘီးတွေရဲ့ ဈေး'** နဲ့ မရီစေရဲ့ **'ဖြတ်သန်းခြင်းရသ'** နဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။ မိမိဟာ **'စက်ဘီးတွေရဲ့ ဈေး'** နဲ့ **'ဖြတ် သန်းခြင်းရသ'** ကို ပညာမျက်လုံးအသုံးပြုပြီး ကြည့်ရှုစစ်ဆေးခဲ့ခြင်း မဟုတ်ပါ။ အသွင်သဏ္ဌာန်သာ ပဓာနဆိုတဲ့အမြင်နဲ့ လေ့လာအားထုတ်ခဲ့ခြင်းမဟုတ်ပါ။ ဘာသာစကားရှုထောင့်သက်သက်မှ တွက်ချက်အဖြေရှာခြင်းလည်း မဟုတ်ပါ။ မိမိကိုယ်တိုင် သံသရာရဲ့ သားကောင်တစ်ယောက်အဖြစ်ခံယူပြီး ဖော်ပြပါကဗျာနှစ်ပုဒ်ရဲ့ အတွင်းသန္တာန်ထဲကို ငုပ်ဝင်ခံစားကြည့်ခဲ့တာဖြစ်ပါတယ်။ ကန်သင်းတစ်ခုကို ကျော်တက်မယ့်အလုပ်မှာ



တောချုတ်တစ်ခုထဲ လဲကျငြိဝင်သွားတဲ့ စက်ဘီးကလေးတစ်စင်းကိုကြည့်ပြီး ရင်နှန့်စုတ်သပ်ခဲ့ရသလို၊

အောင်ပန်းကို မီလုမီခင်မှာ အောက်ကိုပြန်လျှောကျရင်း ချွေးပေါက်ပေါက်ကျနေရှာတဲ့ ဘဝချောတိုင်တက်သမားကို ခံစားနားလည်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ပန်းဝင်ဖို့ လက်တစ်ကမ်းဆိုတာ ဆန်းတာမှမဟုတ်ဘဲ။ မလွဲမသွေ ရင်ဆိုင်ရမယ့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုပဲလို့ ကိုယ်ပိုင်အသိတရားနဲ့ ယောနိသောမနသိကာရ နှလုံးသားကို လေးစားအားကျခွင့်ရခဲ့ပါတယ်။

ဖော်ပြပါ ကဗျာနှစ်ပုဒ်ရဲ့ အတွင်းသန္တာန်ထဲက ထုတ်လုပ်ပေးလိုက်တဲ့ အသိတရားနဲ့ မိမိကိုယ်ပိုင် အသိတရားကို နှိုင်းယှဉ်ခံစားကြည့်ရင်း မိမိကိုယ် မိမိ ပြန်စစ်လိုက်တော့ –

မိမိဟာ အိမ်ပြန်ခြင်းအဓိပ္ပာယ်ကို မသိတဲ့ အိမ်ပြန်စက်ဘီးများလို လူသားလား။ သံသရာပင်နီယံကရွတ်ကို ဘဝခန္ဓာကိုယ်နဲ့ ပွတ်တိုက်နေတဲ့ လူသားလား။

ဘဝဆိုတဲ့ ဝါးဘိုးဝါး ချောတိုင်မှာ ခဏခဏလျှောကျနေတဲ့ လူသားလား။ မြင့်မြတ်ရင့်သန်တဲ့ စိတ်ဓာတ်နဲ့ တစ်ဖန်ပြန်တက်ဖို့ ကြိုးစားနေတဲ့ လူသားလား။

မည်သို့ပင်ဖြစ်စေ ဘဝရဲ့ တာဝေးပြေးလမ်းပေါ်မှာ အလင်းသရဲစီးနေတဲ့ ကားမီးခွက်တွေ၊ တစ်ခဲနက်ရွာချလိုက်တဲ့ ဒုက္ခမိုးနဲ့ ဟိုး–ဟိုး–ဆိုတဲ့ ဟန့်တားသံတွေကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းရင်း မမောမပန်းခရီးသွားရပေလိမ့်ဦးမယ်။ ချွေးပေါက်ပေါက်ကျရပေလိမ့်ဦးမယ်။

ကိုငြိမ်း (မန္တလေး) ရဲ့ 'စက်ဘီးတွေရဲ့ဈေး' ကို ခံစားရင်း မရီစေရဲ့ 'ဖြတ်သန်းခြင်းရသ' ကို ရင်သပ်ရှုမောရင်း အမှတ်မထင် သတိရလာတဲ့ **'ရောဘတ်ဖရော့စ်'** ရဲ့ ကဗျာလေးတစ်ပုဒ်ကတော့ –

**'တောများသည် ချစ်ဖွယ်ကောင်းသည်၊**
**နက်မှောင်လို့ နေသည်၊**
**ငါ့မှာ တည်စရာ ကတိတွေရှိနေသည်။**
**ငါမအိပ်မီ**
**မိုင်ပေါင်းများစွာ သွားရဦးမည်၊**



www.burmeseclassic.com

ငါ့မအိပ်မီ

မိုင်ပေါင်းများစွာ သွားရဦးမည်'... တဲ့လေ။

ကဗျာ ညှိခန်းတွေကို ဖြတ်သန်းဖို့၊ မိုင်ပေါင်းများစွာသွားဖို့ မိမိရဲ့ အတွင်းသန္တာန်ကို အကြိမ်ကြိမ် အပန်ပန်ဆင်ခြင်ရင်း ယခုလည်ညွှန်းလိုတဲ့ ကဗျာကတော့ -

| | | |
|---|---|---|
| ၁။ မျက်မြည်ဖြတ်သူများ | ကံထွန်းသစ် | (စာပေကျွဲနယ်) |
| ၂။ လမ်း | ဟန်းတောင်းနေမင်းထင် | (သရုပ်တေးမဂ္ဂဇင်း) |

www.burmeseclassic.com

ကဗျာဆိုတာ အစိတ္တသ်အမျိုးမျိုး ဖောက်နိုင်တာပဲ၊ ခင်ဗျားအစိတ္တသ်ဖောက်တာက တစ်မျိုး သူဖောက်တာက တစ်မျိုးဖြစ်မှာပေါ့လို့ ပြောလို့မရဘူး။ ကဗျာရဲ့ နောက်ကွယ်က လေးနက်တဲ့ အစိတ္တသ်တို့ ဖောက်ယူရာမှာ အမျိုးမျိုးဖြစ်နိုင်တာတော့ မှန်တယ်။ ဖြစ်လည်း ဖြစ်နေတာပဲ။ ကဗျာဆရာက 'သူဆံဝင် နှင်းဆီပွင့်တွေနဲ့' လို့ ပြောရာမှာ တကယ့် နှင်းဆီပန်းပဲ့အားတာကို ပြောတာလား။ ဂုဏ်ဝတ္တာသနတွေနဲ့ ထည်ပါနေတာကို ပြောတာလား… အငြင်းပွားနိုင်ပါတယ်။

မောင်သာနိုး

ချိုတွန်း–မြန်မာပြန်သည့်

'အနုမ်းပန်းများ တမ်းပါလှည့်'

မှ စကားတစ်စွန်း



## ဉည့်ခန်းများကို ဖြတ်သန်းခြင်း (၁၃)

၂၉–၁၁–၉၄ နေ့က အမရပူရ (တောင်လေးလုံး) မှာ ကျင်းပတဲ့ ဒေါ်ဒေါ် (လှထုဒေါ်အမာ) ရဲ့ ၇၉ နှစ်ပြည့် မွေးနေ့ကို တက်ရောက်ဖြစ်ပါတယ်။ မွေးနေ့ပွဲရဲ့ အခမ်းအနား အစီအစဉ်တွေထဲမှာ အထူးအစီအစဉ်အာရုပ်အနေနဲ့ မြန်မာ့ကြိုးဆွဲရုပ်သေးအနုပညာ ပျော်ပြေမှုကို မထင်မှတ်ဘဲ ကြည့်ရှုခံစားလိုက်ရတယ်။ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ မြန်မာ့ရုပ်သေး အနုပညာကို ယခုလို မွေးနေ့ပွဲအချိန်တိုတိုလေးမှာ အသက်ရှူခွင့်ပေးဖို့တောင် မေ့နေလောက်အောင် ရင်ခုန်မှင်တက်နေမိပါတယ်။

ကနေ့တဲ့ ရိုးရာနတ်ကတော် အရုပ်ကလေးရယ်…၊

ဟိမဝန္တာအခန်းထဲက မြင်း၊ မျောက်၊ ဘီလူး၊ ဇော်ဂျီ၊ မြွေနဂါးနဲ့ ဂဠုန်တိုက်ပွဲရယ် –

သူငယ်တော်အကနဲ့ ဦးရွှေရိုးစုံတွဲအက–ကပြနေကြတဲ့ သက်မဲ့ကြိုးဆွဲအရုပ်ကလေးတွေဟာ မိမိရဲ့ ဝိညာဉ်ကို အမျိုးသားယဉ်ကျေးမှု ဥယျာဉ်ကြီးထဲ နှတ်ယူခေါ်ဆောင်သွားကြတယ်။ အရုပ်ကို အရုပ်မှန်းသိနေပေမယ့် ကြိုးဆွဲအနုပညာရဲ့ ပြောင်မြောက်မှုကြောင့် သက်မဲ့အရုပ်ကလေးတွေဟာ သက်ရှိကမ္ဘာထဲက သက်ရှိကဗျာဖြစ်သွားကြပြီ။ အရုပ်ဟာ ကဗျာဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

သက်မဲ့ အရုပ်ကလေးတွေကို ဘာကြောင့်များ ကဗျာနဲ့ထပ်တူပြုမိပါလိမ့်။ မြန်မာမှုနယ်ပယ်ထဲမှာ မြန်မာကဗျာနဲ့ မြန်မာရုပ်သေးအနုပညာဟာ သဘာဝမတူတဲ့ လူမျိုးခြားကို မဆိုထားဘိ၊ ရေစံမြေစံချင်းတူတဲ့ မြန်မာလူမျိုးချင်းတောင် နားလည်ခံစားတတ်လာအောင် အဓိပ္ပာယ်ဖွင့်ဆိုဖို့ မလွယ်တဲ့ ဖွဲ့စည်းမှုတစ်ခုဖြစ်နေလို့ပါပဲ။ သက်မဲ့ အရုပ်ကလေးတွေရဲ့ နောက်ကွယ်က သိမ်မွေ့တဲ့ ကြိုးဆွဲပညာရဲ့ ခက်ခဲနက်နဲမှုကို တစ်ခုစီ ရှင်းပြလို့မရနိုင်သလို

ဖျည်းတွေ၊ သရုတွေ၊ ဝါကျတွေနဲ့ တည်ဆောက်ဖွဲ့စည်းထားတဲ့ ကဗျာတစ်ပုဒ်ရဲ့ နောက်ကွယ်က၊ ကဗျာဆရာရဲ့ သိမ်မွေ့တဲ့ အတတ်ပညာနဲ့ ရှင်သန်နေတဲ့ အလင်္ကာတွေကို တစ်ခုစီ ခွဲထုတ်ပြလို့ အတိအကျ မရနိုင်ပါဘူး။

အမြင့်သဘင်ရဲ့ သဘောသဘာဝနဲ့ မြန်မာ့ယဉ်ကျေးမှုရဲ့ အခြေခံကို အတန်အသင့်မျှ တီးခေါက်မှုမရှိခဲ့ရင် ရုပ်သေးပညာကို နားလည်ခံစားဖို့ ခက်ခဲနိုင်လို –

မြန်မာကဗျာရဲ့ အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်ပုံနဲ့ ခေတ်ပြိုင် ရင်ခုန်သံကိုစွက်ကို မသိကျိုးကျွန် ပြုမိခဲ့ရင်လည်း ကဗျာဗေဒကို နားလည်ခံစားလို့ လွယ်မယ်မထင်ပါဘူး။

ဒါကြောင့် ဘယ်လိုအနုပညာရပ်မျိုးကိုမဆို ခံစားပြီးမှ နားလည်အောင် လုပ်ယူရတာထက် အတန်အသင့်နားလည်အောင် ကြိုးစားပြီးမှ ခံစားကြည့်ရတာမျိုးက အကျိုးအကြောင်း ညီညွတ်မယ်လို့ ထင်ပါတယ်။

**'ခံစားနားလည်'** မှုနဲ့ **'နားလည်ခံစား'** မှုဆိုတာ တူသယောင်ယောင် ရှိပေမယ့် တကယ်တော့ မတူပါဘူး။ အထူးသဖြင့် အဓိပ္ပာယ်တွေပြားတဲ့၊ နှစ်ခွဆိုလိုချက်နဲ့ အနက်ငုပ်တွေ ပျော်ဝင်နေတဲ့၊ အကွက်သဘောဆောင်တတ်တဲ့ ခေတ်ပေါ်ကဗျာကို နားလည်ခံစားဖို့ဆိုတာ ပိုပြီးခက်ခဲလှပါတယ်။ ကဗျာဆရာရဲ့ သိမ်မွေ့တဲ့ ခံစားပုံနဲ့ ကဗျာရဲ့ နောက်ကွယ်က လေးနက်တဲ့ အဓိပ္ပာယ်ကို ဘယ်လို ကောက်ယူဖွင့်ဆိုမလဲ။ ပြီးတော့ ကဗျာဆိုတာ လေးဘက်ဆောင်ခတ်ထားတဲ့ အုတ်ကန်ထဲက ရေသာမဟုတ်ဘူး။ အမြဲစီးဆင်းနေတဲ့ သဘာဝစမ်းချောင်းလေးထဲက ရေရှင်ဖြစ်တယ်။ ရေသေကို ခပ်ယူရတာလွယ်ပေမယ့် ရေရှင်ကို ဖမ်းယူဆုပ်ကိုင်ဖို့ ကြိုးစားရတာပင်



ပန်းလှပါတယ်။ ဒါပေမယ့် ကဗျာအနုပညာရှိနေသမျှ၊ ကဗျာဆရာဆိုတာ အသစ် အသစ်ဖြစ်ထွန်းနေသမျှ၊ ကဗျာခံစားသူ၊ ကဗျာရဲ့ ရင်ခုန်သံကို ဘာသာပြန်သူဆိုတာ ရှိနေကြမှာပါပဲ။ ဒါ့အပြင် –

ယောဒိ ပုထုဇဉ် လောကကြီးထဲမှာ အရိယာသူတော်စင်မဟုတ်သေးတဲ့ ကိလေသာနယ်ဝင် ပုထုဇဉ် ကဗျာဆရာတွေရှိနေသမျှ၊ အချစ်ကဗျာတွေရှိနေကြမှာပါပဲ။ အချစ်ကဗျာတွေ ရှိနေသမျှ အချစ်ကို ရင်ခုန်ခံစားသူ၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုသူ၊ အချစ်ကဗျာရေတစ်မှုတ်ကို လှုပ်မွှေမြည်းစမ်းသူတွေ ရှိနေဦးမှာပါပဲ။ ခေတ်ပြိုင် ရင်ခုန်သံကို ခံစားဖွဲ့ဆိုခဲ့ကြတဲ့ ခေတ်ပေါ်ကဗျာ မြောက်မြားစွာထဲမှာ အချစ်ရင်ခုန်သံ ကဗျာတွေရဲ့ နေရာဟာလည်း မသေးငယ် မကျဉ်းမြောင်းလှပါဘူး။ ဘယ်ခေတ်ဘယ်စနစ်အောက်မှာမှ ပျောက်ကွယ်တိမ်ကောသွားတယ်ရယ်လို့ မရှိခဲ့သေးပါဘူး။ ဘာကြောင့်လဲ။ သက်ရှိလူသားမှာ အစွယ်သုံးပါးနဲ့ အချိန်သုံးမျိုးရှိသလို အချစ်စိတ်ဟာလည်း လူသားရဲ့ အစွယ်သုံးပါးနဲ့ အချိန်သုံးမျိုးကို ပုပ်သိုးဆွေးမြည့်မသွားအောင် ကျားကန်ပေးတတ်တဲ့ သဘာဝမျိုး ရှိနေတတ်လို့ပါပဲ။ အချစ်စိတ်ဟာ လူသားရဲ့ အာရုံခြောက်ပါးနဲ့ ခံစားမှုတံခါးခြောက်ပေါက်မှာ ဆဋ္ဌမအာရုံလို့ အဆိုရှိပါတယ်။ ဆဋ္ဌမအာရုံဖြစ်တဲ့ အချစ်စိတ်ကွယ်ပီတ်သွားမယ်ဆိုရင်တော့ ကျန်တဲ့အာရုံငါးပါးဟာလည်း ကွယ်ပျောက်သွားမှာပါပဲ။ အာရုံဆိုတာ စိတ်ရဲ့တွယ်မှီရာ၊ စိတ်ကို ဆွဲဆောင်တဲ့အရာဖြစ်တယ်။ ဒီတော့ကာ ချစ်စိတ်၊ ချစ်အာရုံခန်းခြောက်သွားတဲ့ လူသားတစ်ယောက်မှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးကို ခံစားလိုစိတ်ရှိမှာ မဟုတ်တော့ပါဘူး။ တွယ်တာခြင်းဆိုတဲ့ အာသာဆန္ဒတွေ ကင်းပြတ်သွားမှာပါပဲ။ တပ်မက်တွယ်တာမှုတွေကို ကင်းပြတ်သွားတာနဲ့အမျှ စိတ်ကိုညစ်ညူးပူပန်စေတတ်တဲ့ ကိလေသာ အာရုံတွေဟာလည်း အလိုလိုချုပ်ငြိမ်းသွားမှာပါပဲ။ ဆဋ္ဌမအာရုံကို မချုပ်တည်းနိုင်ကြသေးတဲ့ ပုထုဇနနယ်ဝင် (အနုပညာရှင်) ကဗျာဆရာတစ်ယောက်ရဲ့ သိင်္ဂါရဖွဲ့ အချစ်ကဗျာတစ်ပုဒ်ကိုတော့ အပြစ်အနာလုပ်ပြီး မေးငေါ့ရမှာထက် သာမန်လူသားတစ်ယောက်လိုပဲ မိမိအနေနဲ့ ရင်ခုန်ခံစားကြည့်ချင်ပါတယ်။

အချစ်နဲ့ပတ်သက်တဲ့ အဆိုအမိန့်တွေ၊ အချစ်နဲ့ မကင်းကွာတဲ့ ကဗျာအမျိုးအစားတွေဟာ ယောဒိလူသားကမ္ဘာထဲမှာ နေရာအနံ့အပြား ဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်နေကြတယ်။ ဖြစ်ထွန်းပေါ်ပေါက်သမျှထဲက မိမိလေ့လာတွေ့ရှိခဲ့တာကတော့ အချစ်နဲ့ပတ်သက်တဲ့ အဆိုအမိန့်တွေဟာ ဆင်ခြင်တုံတရားကို အခြေခံတယ်။

အချစ်ကဗျာဆိုတာကတော့ ရင်ခုန်သံရဲ့ ဘာသာစကားဖြစ်တယ်။ ရာဂမှပေါက်ဖွားလာတဲ့ ကဗျာဟာ ယုတ်ညံ့မှုသဘောကို ဆောင်ပြီး စစ်မှန်တဲ့ နှလုံးအိမ်ပြည့်ဝမှုထဲက မွေးဖွားလာတဲ့ ကဗျာဟာ ခံစားသူကိုပီတိဖြစ်စေတယ်။

သို့ကလို အတွေ့အကြုံအတွေးအမြင်ကို အခြေခံပြီး အချစ်ဗေဒကဗျာတွေကို ရင်ခုန်ခံစားဖို့ ၁၉၉၄၊ ဒီဇင်ဘာလထုတ် ကဗျာစည်ခန်းတွေကို ဖြတ်သန်းလိုက်တော့ တစ်ကျော့ပြန်ဆုံစည်းခွင့်ရတဲ့ ဝါနီပြာမဂ္ဂဇင်းကို ထင်းခနဲ တွေ့လိုက်ရတယ်လေ။ ဝါနီပြာမဂ္ဂဇင်းရဲ့ ကဗျာစည်ခန်းထဲက **မောင်စိန်ဝင်း (ပုတီးကုန်း)** ရဲ့ **'ချစ်သူ'** ဆိုတဲ့ ကဗျာဟာ ပျံ့လွင့်ခဲ့မှုတဲ့ အချစ်စိတ်ကို ရိုပ်ခနဲ ဖမ်းညှို့ဆွဲယူလိုက်ပါတယ်။

**မဆွဲဘဲ မြင်ရတဲ့ 'ပန်းချီတစ်ချပ်'**

**မစပ်ဘဲ ခံစားရတဲ့ 'ကဗျာ'**

**ဘာမှမရှိတဲ့ 'ပြည့်စုံမှု'**

**သူ့မျက်ဝန်းထဲမှာ တွေ့ပါတယ်**

ဟော်ပြပါ ကဗျာဝါကျလေးခထဲက အက္ခရာဝဏ္ဏတွေ၊ ဝဏ္ဏထဲက ဗျည်းသရတွေ၊ ပါဒကိုယ်အတွင်းက ပစ္စည်းရုပ်တွေဟာ သူ့အလုပ်သူလုပ်နေတယ်ဆိုပေမယ့် အသံကာရန်ရဲ့ ပံ့ပိုးမှုကလည်း အရေးပါ အရာရောက်လှပါတယ်။ ကဗျာဝါကျတစ်ကြောင်းစီရဲ့ နောက်ဆုံးနဲ့ ရှေ့ဆုံးကာရန်များဖြစ်ကြတဲ့ (ချပ်၊ စပ်၊ ဗျာ၊ ဘာ၊ မှု၊ သူ) စတဲ့ ထိပ်ချင်းခတ်ကာရန်တွေဟာ ရက်ကန်းစင်ထဲမှာ နှစ်ဘက်ပြေးနေတဲ့ လွန်းအိမ်ကလေးလို နရီအသွားမြန်ဆန်နေကဲအတွက် အသက်ရှူဖို့တောင် မေ့နေမိပါတယ်။ ဗျည်းတွေ၊ သရတွေ၊ ဝဏ္ဏတွေ၊ထိပ်ချင်းခတ် ကာရန်တွေကို ခဏထားလို့ ကဗျာရဲ့ တစိုက်စိုက်သွားနေတဲ့ တရားကို စဉ်းစားကြည့်ရအောင်။ ခြေရာကောက်ကြည့်ရအောင်။ ပန်းချီကားတစ်ချပ်ကို ပန်းချီဆရာက တစ်စုံတစ်ရာပစ္စည်းနဲ့ ဖန်တီးမပြဘဲ ဘယ်သူမြင်ရမလဲ။



ကဗျာတစ်ပုဒ်ကို ကဗျာဆရာက အက္ခရာတွေ၊ ဝဏ္ဏတွေ၊ ပါဒတွေနဲ့ ဖွဲ့စည်းမပြဘဲ ဘယ်သူခံစားရမလဲ။ သုညလက္ခဏာ ဗလာကီစွကို ပြည့်စုံကြွယ်ဝမှုတစ်ခုပါလို့ ဘယ်သူပြောရဲမလဲ။ ကဗျာဆရာကတော့ မဆွဲတဲ့ပန်းချီ၊ မသီတဲ့ကဗျာ၊ ဗလာပြည့်စုံမှုတွေကို 'သူ့' မျက်ဝန်းထဲမှာ တွေ့နေရတယ်လို့ ပြောပါတယ်။ သူဆိုတာ ဘယ်သူလဲ ..၊

**မထွင်းဘဲ ပေါ်တဲ့ 'ပုံရိပ်'**

**မအိပ်ဘဲရတဲ့ 'အိပ်မက်ရှည်'**

**မသီဘဲဖြစ်တဲ့ 'ပန်းတစ်ကုံး'**

**သူ့အပြုံးမှာ ရှိပါတယ်...**

ကဗျာရဲ့ ဒုတိယအပိုဒ်မှာလည်း ထိပ်ချင်းခတ် ကာရန်စနစ်ကို ကဗျာဆရာဟာ ကျစ်ကျစ်လျစ်လျစ် ကိုင်တွယ်ပြပြန်ပါတယ်။ **(ရိပ်၊ အိပ်၊ ရှည်၊ သီ၊ ကုံး၊ ပြုံး)** စတဲ့ ကာရန်ကျရောက်ရာ နေရာတွေဟာ ကဗျာရက်ကန်းစင်လေးရဲ့ နောက်ရှေ့ယာဝမှာ အသံတွဲညီလှပါပေတယ်။ ကဗျာခံစားသူကို အနားမပေးဘဲ ကဗျာရဲ့ နရီအပြေးနှုန်းအတိုင်း ဒုန်းစိုင်းပြီး လိုက်ရပြန်တာပေါ့။ ရုပ်ပုံတစ်ခုကို ပန်းပုဆရာက မထွင်းထုဘဲ ဘယ်သူမြင်ရပါ့မလဲ။ အိပ်မက်ရှည်တစ်မက်ကို မအိပ်စက်ဘဲ ဘယ်သူရနိုင်ပါ့မလဲ။ လှပတဲ့ ပန်းတစ်ကုံးကို တစ်စုံတစ်ခုနဲ့ မသီကုံးဘဲ ဘယ်လိုလုနိုင်ပါ့မလဲ။ ကဗျာဆရာကတော့ မထွင်းတဲ့ရုပ်တု၊ သူ့အလိုလို အိပ်မက်နဲ့ဆက်ထုံးမဲ့ ပန်းတစ်ကုံးကို 'သူ့' အပြုံးထဲမှာ ရှိပါတယ်လို့ အတိအကျဆိုနေပါတယ်။ သူဆိုတာ ဘယ်သူလဲ...၊ ကဗျာရဲ့ တတိယပိုဒ်မှာလည်း ပထမနဲ့ ဒုတိယပိုဒ်ရဲ့အပြော၊ အပြလိုပဲ ထိပ်ချင်းခတ်ကာရန် စနစ်နဲ့လှစ်လှစ်ရိပ်ရိပ်ဖွဲ့ပြပါတယ်။

**မဆိုဘဲကြားတဲ့ 'တေး'...**

**မရေးဘဲထင်တဲ့ 'စာ'...**

**မသာဘဲ လင်းတဲ့ 'လ'...**

**သူ့နဲ့ကျမှ ကြုံဖူးတယ်... တဲ့။**

ဘယ်တစ်စုံတစ်ယောက်ကမှ အသံမပေးတဲ့ တေးတစ်ပုဒ်ကို ဘယ်သူကြားခွင့်ရှိပါ့မလဲ။

www.burmeseclassic.com

ဘယ်အကွရာနဲ့မှ ကမ္ဗည်းမတင်တဲ့စာကို ဘယ်သူဖတ်တတ်ပါမလဲ။ လဆန်းရက်၊ လပြည့်ရက်မဟုတ်ဘဲ အခါမဲ့သာ နေတဲ့လကို ဘယ်သူမြင်ရပါမလဲ။ ကဗျာဆရာကတော့ အသံမဲ့တေး၊ မရေးတဲ့စာ၊ အခါမဲ့သာတဲ့လကို သူနဲ့ကျုံမှရဖူးတယ်လို့ သွက်သွက်လက်လက် တင်ပြနေပါတယ်။ 'သူ' ဆိုတာ ဘယ်သူလဲ...။

ကဗျာဆရာဟာ သူ့ကဗျာကို အိုင်ကျင်းဖွဲ့မနေဘဲ ဒီအတိုင်း တိခနဲ ရပ်ပစ်လိုက်တယ်။ ဝါကျသံယောဇဉ်တွေ၊ ပါဒသံယောဇဉ်တွေ၊ ကာရန်သံယောဇဉ်တွေကို တွယ်တာခင်းကျင်း သယ်ဆောင်မနေတော့ဘဲ မျက်နှာလွှဲသွားပါပြီ။ လွှဲမယ်ဆိုလည်း လွှဲလောက်ပါရဲ့။ သူ့မှာ သိင်္ဂါရ ရသ အပြည့်အဝရခဲ့ပြီကိုး။ '**ပန်းရိုး**' '**ကဗျာ**' '**ပြည့်စုံမှု**' '**ပုံရိပ်**'၊ '**အိပ်မက်ရှည်**'၊ '**ပန်းတစ်ကုံး**'၊ '**တေး**'၊ '**စာ**'၊ '**လ**'.. အစစအရာရာ ခံစားခွင့်ရခဲ့ပြီ မဟုတ်လား။ အဲဒီခံစားမှုတွေဟာ ဘယ်သူ့ဆီကရတဲ့ ခံစားမှုတွေလဲ။ ဘယ်သူကပေးခဲ့တာလဲ၊ '**သူ့မျက်ဝန်းထဲမှာ တွေ့ပါတယ်**'... ဆိုတဲ့ ခံစားမှု။ '**သူ့အပြုံးမှာရှိပါတယ်**'... ဆိုတဲ့ ခံစားမှု။ '**သူနဲ့ကျုံမှ ကြုံဖူးတယ်**'... ဆိုတဲ့ခံစားမှု။

ဪ... ကဗျာဆရာဆိုတော့ မြင်တတ်၊ ကြားတတ်၊ ခံစားတတ်တာ ပေါ့။ ခံစားခဲ့သရသာမျှကို သိမ်သိမ်မွေ့မွေ့နဲ့ ဖွဲ့ဆိုတင်ပြတတ်တာဟာ ကဗျာဆရာကောင်းတို့ရဲ့ ပါးနပ်လိမ္မာတဲ့ နည်းပညာတစ်ရပ်ပါပဲ။ ဖော်ပြပါ ကဗျာမှာ ထူးခြားတဲ့လက္ခဏာတွေက –

ကဗျာဆရာ မောင်စိန်ဝင်း(ပုတီးကုန်း) ဟာ ကဗျာခံစားသူသိလို၊ တွေ့လိုတဲ့ 'သူ' ဆိုတာကို ကဗျာကိုယ်ထည်ထဲမှာ တိုက်ရိုက်မပြောဘဲ ကဗျာရဲ့ ခေါင်းစီးမှာပဲ (**ချစ်သူ**) လို့ တစ်ခွန်းတည်း သိုသိုသိပ်သိပ်ညွှန်းဆိုထားခြင်း။

ပါဒရေ (၁၂) ကြောင်းရှိတဲ့ ကဗျာပိုဒ် (၃) ပိုဒ်မှာ... '**တွေ့ပါတယ်**'၊ '**ရှိပါတယ်**'၊ '**ကြုံဖူးတယ်**' ဆိုတဲ့ အဆုံးသတ်စကားသုံးလုံးကို အဆိုင်းအငံ့သဘောနဲ့ ပြောတတ်ခြင်း။ (**မဆွဲဘဲ၊ မစပ်ဘဲ၊ မရှိဘဲ၊ မတွင်းဘဲ၊ မအိပ်ဘဲ၊ မသီဘဲ၊ မဆိုဘဲ၊ မရေးဘဲ၊ မသာဘဲ**) စတဲ့ အငြင်းအကွရာနဲ့ (မဟုတ်) အဓိပ္ပာယ်စကား (၉) မျိုးကို တွေ့တယ်၊ ရှိတယ်၊ ကြုံဖူးတယ်လို့ တိတိပပဆိုစုံခြင်း။



အဲသလို တိတိပပဆိုစုံမှုကြောင့် (**သူ့မျက်ဝန်း၊ သူ့အပြုံး၊ သူနဲ့ကျုံမှ**...) စတဲ့ အညွှန်းနာမ်စား (**သူ**) ဟာ '**ချစ်သူ**' ဆိုတဲ့ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသွားခြင်း...။

အဲဒီ အချက် (၄) ချက်ဟာ **မောင်စိန်ဝင်း(ပုတီးကုန်း)** ရဲ့ '**ချစ်သူ**' ကဗျာကို မိမိလေ့လာတွေ့ရှိမိတဲ့ အနေအထားသဘောနဲ့ သုတေသနအမြင်ပေါ့။ ဒီလိုမှ မဟုတ်ဘဲ ခံစားမှုသဘာဝသက်သက်နဲ့ ချဉ်းကပ်ဖွင့်ဆိုရမယ်ဆိုရင်တော့ ကဗျာဆရာရဲ့ မြင်တတ်၊ ကြားတတ်၊ ခံစားတတ်မှုနဲ့ ကဗျာဆရာရဲ့ သိမ်မွေ့တဲ့အချစ်ဖွဲ့ဟာ မိမိရဲ့ သိင်္ဂါရ အရွယ်တစ်စကို အနည်ထအောင် လှုပ်သွားနိုင်တယ်ဆိုရင် မိုတယ်လို့ မထင်စေချင်ပါဘူး။ မိမိရဲ့ရင်ထဲမှာ သိင်္ဂါရ ပီတိတစ်ခုဖြစ်သွားတာကို တရားဓမ္မအမြင်နဲ့ လောကုတ္တရာ သဘောနဲ့ပြောရင်တော့ အညစ်အကြေး မစင်သေးတဲ့ လက္ခဏာပေါ့။ ဒါပေမယ့် စစ်မှန်တဲ့ နှလုံးအိမ်ထဲက မွေးဖွားလာတဲ့ အချစ် ကဗျာတစ်ပုဒ်ကြောင့် ပီတိသုခတစ်ခုမျှ ရတယ်ဆိုရင်ပဲ အထိုက်အလျောက် ဝမ်းမြောက်လှပါပြီ။

'ကဗျာဆိုတာ ခံစားမှုရဲ့ ဘာသာစကားဖြစ်တယ်' ဆိုတဲ့ အဆိုအမိန့်ကို ရှေးဦးမဆွကတည်း ယုံကြည်လက်ခံထားခဲ့တဲ့ မိမိဟာ အချစ်ခံစားမှုရဲ့ ဘာသာစကားတစ်ခုဖြစ်တဲ့ အချစ်ကဗျာကောင်းတစ်ပုဒ်ကို နှစ်နှစ်ကာကာ ကြိုဆိုလက်ခံမိတဲ့အတွက် မိမိကိုယ် မိမိ အပြစ်ရှိတယ်လို့ မထင်မိခဲ့ပါဘူး။

အဲ တစ်ခုတော့ ရှိတာပေါ့။

ကဗျာဆိုတာ လူ့တန်းစားကွာဟချက်တွေနဲ့ ပြည့်နှက်နေတဲ့၊ လူတန်းစား လက္ခဏာတွေ တွေပြားနေတဲ့ မြေသားကမ္ဘာကြီးကို စွန့်ခွာပြီး တိမ်ညွှန့်လွှာထဲမှာ တစ်ကိုယ်တော် ရှင်သန်လို့မရနိုင်ဘူးဆိုတဲ့ အခြေခံအသိလောက်တော့ ရှိထားရမှာပေါ့။

ဟိုတယ်တွေ၊ မိုတယ်တွေ၊ အင်းတွေ၊ စူပါမတ်ကက်တွေ၊ ပုဂ္ဂလိကဘဏ်တိုက်တွေ၊ ကန်ထရိုက်တိုက်တွေ၊ ဒေါ်လာတွေ၊ ကျော်ငြာတွေ၊ ဆော်ဒါတွေ၊ မဟာကုံထူးရှင်တွေ၊ ဆေးအိုင်ဒီအက်စ်ရောဂါဆိုးနဲ့ စီးပွားရေးနည်းဗျူဟာသစ်တွေ ပွားများဖြစ်ထွန်းနေတဲ့ ကာလမှာ အချစ်စိတ်၊ အချစ်ဘဝနဲ့ အချစ်ဘာသာစကားကို ကဗျာထဲမှာ ဘယ်လိုနေရာပေးမလဲ။ အချစ်ကို ကဗျာထဲမှာ ဘယ်လိုဖော်ဆောင်မလဲ။ လူမှုဗေဒဂရစ်မျဉ်းကွက်တွေထဲ



www.burmeseclassic.com

www.burmeseclassic.com

က စား ,ဝတ်နေရေးဆိုတဲ့ မြားသုံးစင်းအန္တရာယ်ကို သိင်္ဂါရငှက်တစ်ကောင်ဟာ ဘယ်လိုရှောင်ကွင်းမလဲ။ အချစ်ကဗျာဟာ ဘာအသုံးကျသလဲလို့ မေးလာခဲ့သူရှိရင်တော့ ဧည့်ခန်းထဲက နှင်းဆီပန်းက အဖြေတစ်မျိုး၊ မီးဖိုချောင်ထဲက ဆန်အိုးက အဖြေတစ်မျိုးဖြစ်နေမယ်ဆိုရင်သိပ်ပြီး သဘာဝမကျသေးပါဘူး။

သို့ကလို ချစ်ရေးချစ်ရာ ချစ်ကဗျာဖြစ်တဲ့ သိင်္ဂါရ ရသအကြောင်းကို ငဲ့စောင်း စဉ်းစားရင်း ဝါနီပြာမဂ္ဂဇင်းရဲ့ ဧည့်ခန်းတစ်ကွက်ကို ဖျတ်ခနဲကြည့်လိုက်တော့ ကဗျာဆရာ **မောင်မောက်(ဥက္ကလာ)** ရဲ့ '**ဒီလိုနဲ့**' ဆိုတဲ့ ကဗျာဟာ မိမိကို ခပ်ပြုံးပြုံးလှမ်းကြည့်နေပါတယ်။ ခပ်ပြုံးပြုံးဆိုတာက သရော်တော်တော် အပြုံးမျိုးပါ။ ဘာကြောင့် သရော်တော်တော် ပြုံးရတာလဲ။ မိမိက ကြီးမှ ဝက်သက်ပေါက်မိလို့လား။

ဒီလိုလည်း မဟုတ်တန်ရာဘူး။ ကဗျာဆရာဟာ အချစ်ကိုရှုတ်ချနေတာမဟုတ်ဘူး။ အချစ်ရဲ့ ဒုက္ခကို သရုပ်ပြဖို့ကြိုးစားနေတာလား။ ဒီလိုနဲ့ **မောင်မောက်(ဥက္ကလာ)** ရဲ့ '**ဒီလိုနဲ့**...' ဆိုတဲ့ ခေတ်ပေါ်ကဗျာကို လှစ်ခနဲလှေ့လာကြည့်ဖို့၊ ရင်ခုန်ခံစားကြည့်ဖို့ ချဉ်းကပ်မိပြန်ပါတော့တယ်။

**သံယောဇဉ်**

**တစ်မျှင်ပြီး တစ်မျှင်ရစ်တဲ့**

**အချစ်နဲ့ ဘဝတစ်ခု**

**တည်ဆောက်ပြမယ်ဆိုတဲ့**

**ပန်းခြံထဲက**

**အသံတွေကြားနေရတယ်...။**

ရန်ကုန်မြို့ပြရဲ့ လှပစည်ကားမှုကို ပန်းခြံတွေက အထောက်အကူပြုနေပါတယ်။ ပန်းခြံတွေရဲ့ အသက်ဝင်မှုကိုတော့ ပျားပိတုန်းတွေ၊ လိပ်ပြာတွေ၊ ပင့်ကူတွေ၊ ယင်ကောင်တွေ... (သို့မဟုတ်) ချစ်သူစုံတွဲတွေက ဖန်တီးပေးနေပါတယ်။ ဒီလိုနဲ့ ပန်းဝတ်ရည်ရဲ့ ချိုမြိန်တဲ့ ချစ်အရသာကို စုပ်ယူသွားကြတဲ့ ပျားပိတုန်းကောင်တွေရယ်၊ ဆေးထန်းငြိတွယ်စေတတ်တဲ့ ပင့်ကူအိမ်မှာ အမိခံလိုက်ရတဲ့ ယင်ကောင်ငယ်လေးတွေရဲ့ လူးလွန့်သံရယ်ဟာ ပန်းခြံထဲမှာ စီစီညံနေပါတယ်။ အဲဒီ အသံကို ကဗျာဆရာရဲ့ နား



ပေါ်တော့ ကြားတယ်။ ဘာတဲ့ 'အချစ်နဲ့ဘဝတစ်ခု တည်ဆောက်ပြမယ်' ဆိုတဲ့ အသံတွေလေ။

**ဘီအေ–ဘီအိုးဒီ**

**ဘီအက်စ်စီ**

**အမ်အက်စ်စီ**

**ရက်စွဲနှင့်ရင်း**

**ငွေနှင့်ရင်း**

**အင်း... ဒါတောင်မှ**

**ကံမ,မှ**

**ဟန်ကျမယ်...။**

ကဗျာဟာ ဝါကျတိုတွေနဲ့ ဖွဲ့စည်းထားတော့ ပါဒအတွင်းမှာ ဝဏ္ဏအတ်မှတ်ချက်၊ ကာရန် (အသံ) ကျရောက်ရာ သတ်မှတ်ချက်မရှိပေမယ့် ဗိုသလိုခံစားနေရတယ်။

**'အင်း... ဒါတောင်မှ**

**ကံမ,မှ**

**ဟန်ကျမယ်'**... ဆိုတဲ့ စကားပြေရစ်သမ်ကို နဘောနဲ့ကွန့်လိုက်တော့ ကဗျာခံစားသူရဲ့ ရင်ထဲ–နားထဲ တန်းကနဲစွဲဝင်သွားတော့တာပါ။ ဒီလိုနဲ့ ရက်စွဲနဲ့ရင်း၊ ငွေနဲ့ရင်းပြီး ထားရတဲ့ အချစ်နဲ့ဘဝတစ်ခုရဲ့ တည်ဆောက်မှုကို ဆက်ပြီး ခံစားဖြစ်ခဲ့ပါတယ်။

**အချစ်ကဗျာ**

**အချစ်သီချင်း**

**အချစ်ရုပ်ရှင်**

**အချစ်ဝတ္ထု**

**နုနုလွှင်လွှင်**

**စိတ်ကူးယဉ်ရင်း...**

**ဆရာပီမိုးနင်းရဲ့**

**ခင်းခဲ့တဲ့လမ်း**

**တက်ကျမ်းဆရာတွေရဲ့**



www.burmeseclassic.com

www.burmeseclassic.com

**တမျက်နှာများ**

**ကျွတ်ကျွတ်ဝါးရင်း...**

စိတ်ကူးယဉ် ပန်းခြံထဲက၊ စိတ်ကူးယဉ်အချစ်နဲ့ တည်ဆောက်ပြခဲ့
ဘဝဟာ လက်တွေ့ချစ်ခရီးမှာတော့ ချွေးဒီးဒီးကျပြီထင်ရဲ့။ အချစ်က
အချစ်သီချင်း၊ အချစ်ရုပ်ရှင်၊ အချစ်ဝတ္ထုတွေဟာ စိတ်ကူးယဉ်ဖို့သက်သ
သာဖြစ်ပြီး တကယ့်လက်တွေ့ ဘဝမှာတော့ ကဗျာဆရာဟာ ကွယ်လွန်
စာရေးဆရာအိုကြီး ပီမိုးနင်းခင်းခဲ့တဲ့ လမ်းကို လျှောက်လှမ်းနေရပါပြီ
ပီမိုးနင်းခင်းခဲ့တဲ့ လမ်းဆိုတာက ဘာလဲ။ တကယ့်လက်တွေ့ ရုပ်ဘဝ
ပဲပြုတ်ကြွေး မပေးနိုင်လို့ ပဲပြုတ်သည်ရဲ့ အအော်အငေါက်အဟောက်အဟ
ကို ခေါင်းငုံ့ခံခဲ့ရပြီး သူရေးတဲ့စာတွေကတော့ လူထုကြီးပွားချမ်းသာ
ကို လမ်းညွှန်ပေးခဲ့တာမျိုးလား။ ဒီနေ့ခေတ်ဟာ ခေနဥစ္စာဆိုင်ရာ တက်ကျ
မျိုးတွေ စန်းထနေတဲ့အခါသမယမို့ ကဗျာဆရာဟာလည်း ဒီနေ့ခေတ်ပြ
နဲ့ အပြိုင်တက်ကျမ်းဆရာတွေရဲ့ တက်လမ်းကထာတွေကို အာဂုံဆောင်ထ
ဖို့၊ ကြောင်ပုစွန်စားကျွတ်ကျွတ်ဝါးသလို လေ့လာနေရပါပြီ။ ပန်းခြံတွေ
ခြေဦးမလှည့်ဖြစ်တော့တာကတော့ အချစ်ကိုစွန့်ပစ်ကျောခိုင်းထားလို့မဟု
ပါဘူး။ တက်ကျမ်းတွေကို မျက်ရည်မှန်းဆပြီး ဥစ္စာခနေ ရှာဖွေနေရ လို့

ဒီလိုနဲ့ ကဗျာဆရာဟာ သူ့ဘဝကို အားမလိုအားမရဖြစ်ပြီး ခေ
ပေါ်မော်ဒန်ကဗျာဆရာတွေ အများဆုံးသုံးစွဲကြတဲ့ ခံတွင်းတွေ့ကြတဲ့ 
ဒန်ကဗျာတော်တော်များများမှာ မျက်စိရှုပ်လောက်အောင် မြင်ဖန်များလှ
စကားတစ်လုံးကို အငှားသုံးလိုက်ပုံက ပြုံးတမဲ့မဲ့ ဖြစ်စရာပါပဲ။ ကြည့်လေ

**မော်ဒန်ဆရာတွေရဲ့**
**လက်အတွေ့ဆုံး စကားလုံး**
**အားနာနာနဲ့ ယူသုံးလိုက်ရရင်**
**'ဒီလိုနဲ့...'**
**'ဒီလိုနဲ့...'**
**'ဒီလိုနဲ့...'**

ခေတ်ပေါ်ကဗျာ အများစုရဲ့ ကဗျာဝါကျတော်တော်များများမှ
'ဒီလိုနဲ့' ဆိုတဲ့ စကားဆက်ဖွဲ့ထုံးဟာ ဟိုလူဒီလူအသုံးများတာကို ကဗျ
ဆရာ မှတ်မိနေပုံရပါတယ်။



ဒါကြောင့်လည်း သူ့စကားလုံးမဟုတ်တဲ့ သူများစကားလုံးမို့ (အားနာနာနဲ့ ယူသုံးလိုက်ရရင်) ဆိုတဲ့ အဖွဲ့ကလေးဟာ မဲ့သလို ခနဲ့သလိုလိုနဲ့ တကယ့်ကို အံဝင်ခွင်ကျ အဆင်ပြေလှပါတယ်။ ဒီလိုနဲ့ ကဗျာဆရာဟာ အချစ်နဲ့ဘဝရဲ့ ကမောက်ကမဖြစ်မှုကို ရှုမှတ်ဆင်ခြင်ရင်း...

**'ဒီလိုနဲ့...'**
**'ဒီလိုနဲ့...'**

**'ဒီလိုနဲ့...'** ဆိုတဲ့ စကားကို အားပါးတရ သုံးချလိုက်တယ်။ အဆုံးသတ်မရတဲ့ စကားဆက်သုံးခုဟာ အချစ်ကိုပြောတာလား။ ခေတ်ကို ပြောတာလား။ သူ့ကိုယ်သူပြောတာလား။ မြို့ပြပန်းခြံတွေထဲက အချစ်ပလူ ကောင်လေးတွေကို ရည်ညွှန်းတာလားဆိုတာ တွေးဆောရင်းငေးမောနေ မိပါတယ်။

**မောင်မောင်(ဥက္ကလာ)** ရဲ့ **'ဒီလိုနဲ့'** ကဗျာကို ရင်ခုန်ခံစားရင်း မိမိကိုယ်မိမိ ပြန်ကြည့်လိုက်တော့ အဆုံးသတ်မရတဲ့ စကားဆက်တွေကြား မှာ –

**(ဒီလိုနဲ့၊ ဒီလိုနဲ့၊ ဒီလိုနဲ့)** ဆိုတဲ့ ကံကြမ္မာကြားမှာ မြုပ်ချည်ပေါ်ချည်၊ လော်ချည် နစ်ချည်ဖြစ်နေတာကို အမှတ်ထင်ထင် တွေ့နေရပါတယ်။ ပီမိုးနင်းခင်းခဲ့တဲ့ လမ်းကို လှမ်းမလား။ တက်ကျမ်းဆရာတွေရဲ့ တမျက်နှာတွေကို အာဂုံဆောင်မလား။ ပန်းခြံနားပြန်သွားမလား။ ဖားကန့်သွားပြီး မှော်ထဲဆင်းမလား။ အချစ်နဲ့ဘဝကို ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ကိစ္စဟာ လူ့အဖွဲ့အစည်းမှာ တာဝန်ရှိသလို၊ လူသားတစ်ဦးချင်းရဲ့ လောကအမြင် ပေါ်မှာလည်း တည်မှီနေပါတယ်။

စောစောက တင်ပြခဲ့တဲ့ **မောင်စိန်ဝင်း (ပုတီးကုန်း)** ရဲ့ **'ချစ်သူ'** ကဗျာမှာ ပီတိသုခနဲ့ သိင်္ဂါရရသကို ခံစားထိတွေ့စေခဲ့ရပြီ။ အခုပြောပြ နေတဲ့ **မောင်မောက်(ဥက္ကလာ)** ရဲ့ **'ဒီလိုနဲ့...'** ကတော့ မိမိအတွက် ဘယ် လိုရသမျိုး ခံစားထိတွေ့မိပါသလဲ။ အချစ်ကို ကြောက်ရွံ့သွားစေတဲ့ ဘယာနကရသမျိုးလား။ အချစ်ကို စက်ဆုပ်သွားစေတဲ့ ဝိဘစ္ဆရသမျိုးလား။ မဟုတ်ပါဘူး။ မိမိဟာ ပကတိ ပုထုဇဉ်တစ်ယောက်အနေနဲ့ သိင်္ဂါရ ရသ ဖွဲ့အချစ်ကဗျာအမျိုးအစားကို ရိုးသားစွာ ခုံမင်စုံမက်နေဦးမှာပါပဲ။ ဒီ အတွက်လည်း မိမိကိုယ် မိမိအပြစ်ရှိတယ်လို့ မမြင်နိုင်သေးပါဘူး။ သိင်္ဂါရ



www.burmeseclassic.com

www.burmeseclassic.com

ရသဆိုတာကတော့ အလင်္ကာကျမ်းမှာ မိန်းမယောက်ျားတို့ရဲ့ ချစ်မှု ကြိုက်မှုကိစ္စကို ပြတဲ့သာယာဖွယ်သဘောလို့ ဖွင့်ဆိုထားပါတယ်။ ယော အတွင်းဝန် ဦးဘိုးလှိုင်ရဲ့ အလင်္ကာနိသျှကျမ်းမှာတော့ ကိလေသာလို့ဆိုတဲ့ ထိုးဇော့တတ်တဲ့ ဦးချိန့်တူသောအရာကို သိင်္ဂါရမည်တယ်လို့ဆိုတယ်။ နောက်တစ်နည်းအနေနဲ့ ရာဂရှိသောသူတွေကို အအုပ်အစိုးပြုတတ်တာ ကြောင့် သိင်္ဂါရမည်တယ်လို့ ဆိုထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သိင်္ဂါရ ဆိုတဲ့ သာယာဖွယ်ပီတိကို ပကတိပုထုဇဉ်တွေအနေနဲ့ အဘယ်သူမနှစ် သက်ဘဲ ရှိပါ့မလဲ။

အဲ တစ်ခုတော့ရှိတာပေါ့လေ။

သိင်္ဂါရဖွဲ့ကဗျာနဲ့ သိင်္ဂါရအချစ်ပင် အချစ်ပွင့်လေးတွေဟာ ဈေး ကွက်နီးပွားရေးလောင်းရိပ်ကြီးအောက်မှာ ပရိဒေဝ၊ ဒုက္ခ၊ သောက၊ ဗျာပါရ ကင်းမဲ့စွာ ရှင်သန်ပွင့်လန်းခွင့် ရနိုင်ပါ့မလားဆိုတာ မိမိစဉ်းစားနေမိပါ တယ်။ သောကကင်းဝေးနိုင်ရေးဆိုတဲ့ စကားရဲ့အနက်အဓိပ္ပာယ်ဟာ (၁၁) ရာစုခေတ်ဆီက ပါရှန်းကဗျာဆရာကြီး 'အိုမာခိုင်ယမ်' အတွက်လား၊ ၂၀ ရာစုခေတ်နှောင်းမှာ လူလာဖြစ်နေရတဲ့ သိင်္ဂါရကဗျာဆရာတွေအတွက် လားဆိုတာ မိမိနှိုင်းယှဉ်ကြည့်နေမိပါတယ်။ သို့ကလို စဉ်းစားနိုင်းယှဉ် ဆေးမောရင်း ယခုလ လက်တို့ညွှန်းလိုတဲ့ ကဗျာလေးတွေကတော့ –

| | | |
|---|---|---|
| ၁။ အချစ်သနုပ်မဲ့မညာ | ရွှေမြူးလွင်သစ္စာ | (သရေမဂ္ဂဇင်း) |
| ၂။ ညှာမ်ညာ | ညွှန့်ဝေ (ကသာ) | (ရွှေဝတ်မှုန်မဂ္ဂဇင်း) |
| ၃။ ဆေးမှုဆေးမြီးဝတ်ရိုင် | မောင်သင်းဝေ | (ရွှေဝတ်မှုန်မဂ္ဂဇင်း) |
| ၄။ မျိုးနိုင်ထဲနည်း | ထိုးဝေ | (ကလျာမဂ္ဂဇင်း) |

❦ ❦ ❦





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ကာ...။ ကဗျာဆရာဆိုတာ ဘာလဲ။ ကဗျာဆရာဆိုတာ သူ့ရဲ့ အစွမ်းအစ၊ ဗဟုသုတ အတွင်းအပြင် လှုပ်ရှားမှုတွေကို စာပတ်သူက မိမိရဲ့ လက်ဝါးပြင်ပေါ် ဘင်ကြည့်ရသလို မျက်ဝါးထင်ထင်မြင်တွေ့နိုင်အောင် သူ့ရဲ့ ခံစားချက်တွေ၊ အတွေးအခေါ်တွေနဲ့ လုပ်ရပ်တွေကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်ရမယ်။ ဒါမှ တကယ့်ကဗျာ ဆရာအစစ်ဖြစ်မယ်။

မောင်မောင်ပေါ်ထွန်း မြန်မာပြန်သည့်
ယက်ဗ်တူရှင်ကို (သို့မဟုတ်)
'ဝိုက်ပွဲခင်ကဗျာဆရာ' ... မှ



# ခဉ့်ခန်းများကို ဖြတ်သန်းခြင်း (၁၄)

ဆရာမောင်ပေါ်ထွန်း မြန်မာပြန်ဆိုပေးခဲ့တဲ့ ရုရှနိုင်ငံက နာမည်ကျော်ကဗျာဆရာ 'ယက်ဗ်တူရှင်ကို' ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ဖတ်ဖြစ်ခဲ့တာ နှစ်အစိတ်ကျော်သွားပြီ။ တစ်နှစ်ကို တစ်ကြိမ်နှုန်းခန့် ပြန်ဖတ်ဖြစ်ခဲ့တာကြောင့်လည်း ခုဆိုရင် အကြိမ်အစိတ်လောက်ရှိသွားပါပြီ။ ဖတ်ဖြစ်တဲ့အခါတိုင်းမှာလည်း ကျေနပ်နှစ်သက်မှုဆိုတဲ့ ပီတိနဲ့အတူ အတွေးသစ်၊ အမြင်သစ်၊ အသိသစ်တစ်ခုခုကို ရရှိခဲ့တာချည်းပါပဲ။

ရုရှမှာ ကပ်ကြီးသုံးပါးဆိုက်နေတဲ့ ကာလတစ်လျှောက်လုံးခေတ်ပြိုင်ကဗျာလမ်းကြောင်းပေါ်မှာ ယုံကြည်မှုခွန်အားအပြည့်အဝသုံးပြီး ရိုးသားသန့်စင်တဲ့ ပင်ကိုယ်အမူအရာနဲ့ ရှင်သန်ကျော်ကြားခဲ့ကြတဲ့ ကဗျာဆရာတွေအတွက် နှစ်သက်စရာ မိတ်ဆွေကောင်းကြီးတစ်ဦး ဖြစ်ခဲ့တယ်။ ဘာကြောင့်လဲ...။

မိမိစဉ်းစားမိသမျှတော့ (၆၀) ခုနှစ်လွန် မြန်မာကဗျာဆရာတွေဟာ သူတို့ဖြစ်တည်နေရတဲ့ ပကတိ လူ့ဘဝနဲ့ ခံစားမှုကဗျာဆရာဘဝကို တပ်သားတည်း ဖြစ်စေချင်ကြတယ်။ အပြင်ဘက်က တကယ့်ဘဝနဲ့ ရင်ထဲက ကဗျာဘဝကို ညီညွတ်မျှတပြီး သဟဇာတဖြစ်စေချင်ကြတယ်။ ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကဗျာဟာ ကိုယ့်အတွက် သက်သက်ပဲ အဓိပ္ပာယ်ရှိနေတဲ့ လုပ်ရပ်မျိုးကို နှာခေါင်းရှုံ့ကြတယ်။ 'မှသားမပါလက်ာမချော' ဆိုတဲ့ ဆင်ခြေဆင်လက် မျိုးကို ရိုးသားတဲ့ ကဗျာနဲ့ ဆွေမျိုးမစပ်မိဖို့ သတိရှိရှိအားထုတ်တတ်ကြ တယ်။ ကဗျာဆိုတာ လှပတဲ့ စိတ်ကူးရုပ်ပုံသစ် (ဒါမှမဟုတ်) အနုပညာ ခံစားမှုပုံသဏ္ဌာန်နဲ့ ဖွဲ့စည်းထားတဲ့ တကယ့်လူ့ဘဝဖြစ်တယ်လို့ အလေး အနက်ယုံကြည်ကြတယ်။

သို့ကလို ယုံကြည်ခဲ့ကြတဲ့အလျောက် (၆၀) ခုနှစ်လွန် မြန်မာကဗျာ ဆရာတွေ တည်ဆောက်လိုကြတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ ရိုးသားသန့် စင်မှုတွေ၊ ပင်ကိုယ်ဟန်ပန်နဲ့ ရှင်သန်မှုတွေ၊ မှသာဝါဒကို ဆန့်ကျင်မှုတွေ၊ တခြားဘဝတူ လူသားတွေရဲ့ ညည်းညူသံကို နာခံစာနာမှုတွေ စတဲ့အရည် အသွေးမျိုးတွေဟာ ရုရှနိုင်ငံသား ကဗျာဆရာတစ်ဦးဖြစ်တဲ့ 'ယက်ဗ်တူရှင် ကို' ဆီမှာ အတော်များများ လေ့လာတွေ့ရှိခဲ့ရတယ်။ ဒါကြောင့်လည်း (၆၀) ခုနှစ်လွန် မြန်မာကဗျာဆရာ အများစုဟာ 'ယက်ဗ်တူရှင်ကို' ရဲ့ ကဗျာဆရာဘဝနဲ့ သူ့ကဗျာထဲက ရင်ခုန်သံကို ချစ်ခင်လေးစား တန်ဖိုး ထားခဲ့ကြတာဖြစ်တယ်လို့ မိမိဆက်စပ်ခံစားမိတယ်။ မြန်မာကဗျာဆရာ အများစုရဲ့ မိတ်ကောင်းဆွေကောင်းကြီးတစ်ဦး ဖြစ်ခဲ့တယ်လို့လည်း မိမိ နားလည်ယုံကြည်မိတယ်။ မိမိရဲ့ ဆက်စပ်ခံစား ယုံကြည်နားလည်မှုဟာ ပုဂ္ဂလသရဏအမြင်ကြောင့်လား…။ ကဗျာအလုပ်စခန်းထဲက၊ ကဗျာဆရာ ရဲ့ ရည်မှန်းချက် (ဒဿန) ကြောင့်လား…။ ကဗျာစည့်ခန်းတွေကို ဖြတ် သန်းတိုင်း… ဖြတ်သန်းတိုင်း သို့ကလို မိမိကိုယ်မိမိ စစ်ဆေးမေးမြန်းခဲ့ ဖူးပါတယ်။ အခုလည်း မိမိကိုယ်မိမိ စစ်ဆေးမေးမြန်းနေမိပြန်ပါပြီ။ မရိုးမအီနိုင်သေးတဲ့ နှစ် (၃၀) ကျော်က ဓာတ်ပြားဟောင်းတစ်ချပ်ကို ပြန် ဖွင့်ပြီး ခံစားနေမိပြန်ပါပြီ။

ကဗျာဆရာဆိုတာ ဘာလဲ…၊
ကဗျာဆိုတာ ဘာလဲ…၊

မှန်တာ မှားတာ၊ အားထုတ်နိုင်တာ အားမထုတ်နိုင်တာကို အပထားလို့ မိမိရဲ့ အမှတ်သညာ တရားထဲမှာ ဖျိုးဖျိုးဖျပ်ဖျပ်ဝင်လာတဲ့ အသံတစ်သံ…၊ မိမိရင်ထဲနားထဲ စွဲခဲ့ဖူးတဲ့အသံ…။



'ကဗျာဆရာဆိုတာ သူ့ရဲ့ အစွမ်း ဗဟိုဒ္ဓအတွင်းအပြင် လှုပ်ရှား မှုတွေကို စာဖတ်သူက မိမိရဲ့ လက်ဝါးပြင်ပေါ် တင်ကြည့်ရသလို မျက် ဝါးထင်ထင် မြင်တွေ့နိုင်အောင် သူ့ရဲ့ ခံစားချက်တွေ၊ အတွေးအခေါ်တွေနဲ့ လုပ်ရပ်တွေကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်ရမယ်'…

လို့ ဖွင့်ဆိုခဲ့တဲ့ 'ယက်ဗ်တူရှင်ကို' ရဲ့ စကားစုတစ်ခုကို ဘာလို့အခုအချိန် အထိ စွဲငြိနေရပါလိမ့်။ အကြောင်းရှိပါလိမ့်မယ်။ 'ကဗျာဆိုတာ ဘာလဲ' ဆိုတဲ့ ကိစ္စကို စဉ်းစားကြည့်လိုက်တဲ့အခါမျိုးမှာလည်း မိမိ နားခဲ့၊ ကြား ခဲ့၊ စွဲခဲ့ဖူးတဲ့ ကျမ်းဂန်သံ… လူသံ… အသံဗလံများစွာထဲက မိမိရင်ကို အထိဆုံးအသံတစ်သံဟာ ပဲ့တင်ထန်လာပြန်တယ်။ 'ယက်ဗ်တူရှင်ကို' ရဲ့ အသံပဲပေါ့။

**'ကဗျာဆိုတာ အမျိုးသားရေး အခြေအနေတွေကို အမြဲတမ်း ဖော် ဆောင်ပါတယ်။ ကဗျာဟာ တစ်ဖက်က အမျိုးသားရေးအခြေခံ တွေကို ထိန်းထားပြီး၊ အခြားတစ်ဖက်ကလဲ အမျိုးသားရေးသီးခြား ဝါဒကို ရှောင်ကြဉ်နိုင်ရပါမယ်'**

ဘာကြောင့် ဒီအသံမျိုးတွေဟာ မိမိထံ မကြာခဏ ရောက်လာတတ်ပါ လိမ့်။ အကြောင်းရှိပါလိမ့်မယ်။ အဲဒီ အကြောင်းတရားတွေဟာ မိမိရဲ့ ပုဂ္ဂလသရဏအမြင်ကြောင့်လား။ မိမိ တကယ် လက်ခံယုံကြည်ထားတဲ့ အခြေခံအကြောင်းတရား အစစ်အမှန်လားဆိုတာ အပြန်ပြန်အလှန်လှန်စစ် ဆေးရင်း ၁၉၉၅ ခုဆိုတဲ့ နှစ်သစ်ရဲ့ ကဗျာစည့်ခန်းဆောင်တွေဘက်ကို သွက်သွက်လက်လက် မျက်နှာမူလိုက်ပါတယ်။ နှစ်သစ်ကိုကူးပြောင်းတဲ့ ပျော်ရွှင်ဖွယ် အခါသမယ၊ ဇန်နဝါရီလဆိုတာဟာ တစ်ကမ္ဘာလုံးရွှင်ပြုံး ကြည်သာ မင်္ဂလာအချိန်အခါပေါ့။ ကုသိုလ်၊ ကျန်းမာ၊ ပညာ၊ စီးပွား… တစ်ခုခုတော့ပြင့် တိုးတက်ကြီးပွားအောင် ကြဲဆောင်မျှော်တွေးအားသစ်မွေး ကြတဲ့ မင်္ဂလာအခါသမယပေါ့။ နှစ်ဟောင်းကို စွန့်ပစ်ပြီး နှစ်သစ်ကိုကြိုဆို ကြ၊ ဆုမွန်ကောင်းတွေ တောင်းကြ၊ အဓိဋ္ဌာန်သစ်တွေ ပြုကြနဲ့ လူ့ဘဝရဲ့ လှပတဲ့ ဇန်နဝါရီပေါ့။

နှစ်သစ်ရဲ့အစ၊ ဇန်နဝါရီလကို အများနည်းတူ ဘယ်လိုမှုနဲ့ ကြိုဆို မလဲ။ ဘယ်လို ဆုမွန်ကောင်းတွေ တောင်းခံမလဲလို့ စဉ်းစားလာရင်း



www.burmeseclassic.com

www.burmeseclassic.com

သပြေတောမဂ္ဂဇင်းရဲ့ ညှော်ခန်းထဲဝင်လိုက်တော့ ကဗျာဆရာ '**ပန်းတောင်းနေမင်းထင်**' ရဲ့ ကဗျာဟာ ဇန်နဝါရီကို လိုက်ရှာနေတဲ့ မိမိကို

'ဟော့ ဒါဒီမှာ'... လို့ အသံပေးလိုက်သလိုပါပဲ။

တကယ်တော့ ဇန်နဝါရီဟာ မိမိရဲ့ တကယ့်ဘဝအပြင်ဘက်က စိတ်ကူးယဉ်သက်သက် ပဥ္စလက် ဇန်နဝါရီ မဖြစ်နိုင်သေးပါဘူး။ '**ပန်းတောင်းနေမင်းထင်**' ပြောသလို '**ထိုနည်းလည်းကောင်း ဇန်နဝါရီ**'...ဟာ ထူးမခြားနားဘဝတွေကို ဟန်ဆောင်မရအောင် မှန်ထောင်ပြသနေသလိုပါပဲ။

**ကြည့်**
**(၉၅) ရဲ့ သားဦးရတနာ**
**ဇန်နဝါရီဟာ**
**ယောမန်ရာသီအောက်မှာ**
**ဖွားမြောက်ခဲ့ပြန်ပြီ...။**

ကဗျာဆရာဟာ ယောမန္တရာသီရဲ့ နေရောင်ခြည်နုနုထဲမှာ နှင်းရည်ပုလဲဥလေးတွေနဲ့အတူ မွေးဖွားလာတဲ့ ဇန်နဝါရီကို ၁၉၉၅ ခုနှစ်ရဲ့ သားဦးရတနာသစ်အဖြစ် ချစ်ခင်နှစ်သက်စွာ ကြိုဆိုလိုက်ပါတယ်။ ကြိုဆိုပွဲဖက်မှုနဲ့ တစ်ဆက်တည်းမှာ ကဗျာဆရာ ခံစားလာရတဲ့ အချင်းအရာကတော့ –

**ဟောကြည့်**
**နှင်းဖုန်တထောင်းထောင်းထအောင်**
**မြောက်လေကို ကြိမ်တို့မောင်းပြီး**
**အပ်ကြောင်းထပ် မြင်ကွင်းမိတ္တူကို**
**(၉၄) ဆီက ယူလာခဲ့ရှာထင့်...**

ဆိုတဲ့ သံသယစိတ်ပဲဖြစ်တယ်။ ဇန်နဝါရီရဲ့ သဘာဝကိုသာမန်မျက်စိနဲ့ အမှတ်တမဲ့ကြည့်ရင်တော့ ညတာရှည်တယ်။ မြောက်လေတိုက်တယ်။ မြူခြည်မှိုင်းမှုန် သိုင်းခြုံတတ်တယ်။ ခရစ်သက္ကရာဇ်ကိုပြတဲ့ ပြက္ခဒိန်ရဲ့ အဦးအစဖြစ်တယ်။ ဒီလောက်ပါပဲ။

အဲ... ကဗျာဆရာရဲ့ ဖန်တီးမှုစကြာအာရုံထဲမှာတော့ ဇန်နဝါရီရဲ့ သဘာဝဟာ (**နှင်းဖုန်တထောင်းထောင်းထအောင်**) ဆိုတဲ့ ဂယက်အသစ်ဖြစ်



သွားတယ်။ (**မြောက်လေကို ကြိမ်တို့မောင်းပြီး**) ဆိုတဲ့ သက်မဲ့ကို သက်ရှိအသွင် ဝိညာဏနိမိတ်ပုံ ထင်ခြင်သွားတယ်။ ထူးမခြားနား ဇန်နဝါရီကို (**အပ်ကြောင်းထပ်မြင်ကွင်းမိတ္တူ**) ရယ်လို့ ပသာဒနိမိတ်ပုံတစ်ခုအဖြစ် ထင်သာမြင်သာအောင် လုပ်ပြတယ်။

(**၉၄ ဆီက ယူလာခဲ့ရှာထင့်**) ဆိုတဲ့ ကဗျာဆရာရဲ့ စိုးရိမ်သံသယစိတ်ဟာ ခပ်တည်တည်နဲ့ သမာဓိဂုဏ်မြောက်သွားတယ်။ ဒီလိုနဲ့ ကဗျာဆရာဟာ ဇန်နဝါရီကို ကြည့်ရင်းကြည့်ရင်း သက်ပြင်းချလိုက်ပုံက –

**ဒီလိုနဲ့**
**လက်ချည်းဗလာ**
**ကိုယ်တည်းလာရင်း**
**(၂၄) နာရီတစ်ရက်နဲ့**
**(၃၁) ရက်သာ**
**အသက်ရှည်ပြီး**
**(၉၄) တုန်းကလို**
**သူ့စရိုးနိဂုံး**
**ပြီးဆုံးဦးမှာ သေချာပါတယ်လေ...**

တဲ့။ ဇန်နဝါရီလဟာ (၃၁) ရက်ရှိနေတဲ့အတွက် တခြားလတွေထက်အသက်နည်းနည်းပိုရှည်တာကလွဲလို့ ဘာများပိုပြီး ထူးခြားခဲ့ပါသလဲ။ ကဗျာဆရာကတော့ 'ထိုနည်းလည်းကောင်း ဇန်နဝါရီ...'ကို (၉၄) တုန်းကလိုပဲ ပြီးဆုံးသွားမှာ သေချာပါတယ်လို့ သူ့ခံစားနေရတဲ့အတိုင်း အညာအလှိုင်းမပါဘဲ ဖွင့်ဆိုပြခဲ့ပါပြီ။ မိမိရဲ့ ဇန်နဝါရီကကော ဘယ်လိုလဲ။ ဇန်နဝါရီထဲက တကယ့်ဘဝကို ကဗျာဆရာမြင်သလိုမြင်ရဲ့လား။ ကဗျာဆရာ ဆင်ခြင်သလို ဆင်ခြင်တတ်ရဲ့လားလို့ မိမိကိုယ်မိမိ သတိပဋ္ဌာန်နဲ့ ကပ်ပြီးကြည့်နေမိပါတယ်။ သတိပဋ္ဌာန်ဆိုတဲ့ အနက်ကတော့ အာရုံကို မပြားအောင် စောင့်ထိန်းခြင်း။ သတိကပ်ပြီး တည်ခြင်း။ သတိလက်မလွတ်အောင် ရှုမှတ်ခြင်း သဘောပါပဲ။ အဲဒီသဘောကို မစောင့်ထိန်းနိုင်ဘဲ သတိကိုလက်လွှတ်စပယ် လွှတ်ထားမယ်ဆိုရင်တော့ မိမိကိုယ်မိမိလည်း အမှန်မမြင်၊ မိမိရင်ဆိုင်ဖြတ်သန်းနေရတဲ့ ဇန်နဝါရီကိုလည်း အမှန်မသိဘဲ ယောင်တိယောင်ချာ သံသရာမှာ အသက်ရှည်တာကလွဲလို့ ဘာများပိုပြီး ထူးခြားနိုင်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com

ပန်းတောင်းနေမင်းထင်ရဲ့ 'ထိုနည်းလည်းကောင်း စန်နဝါရီ' ကို ကဗျာဆရာနဲ့ တစ်ထပ်တည်း ရှုမှတ်ခံစားကြည့်ရင်း အမှန်တရားကို ရိုးသားစွာဖွင့်ဆိုတဲ့ ကဗျာ၊ လူသားဘဝကို ကဗျာဆရာဘဝအနေနဲ့ မလိမ်ညာတဲ့ ကဗျာ၊ တကယ့်ဘဝကို ကဗျာဖတ်သူမြင်တတ်အောင် အနုပညာအတတ်နဲ့တင်ပြတတ်တဲ့ ကဗျာ၊ သို့ကလို ကဗျာအမျိုးအစားကို စန်နဝါရီ ဧည့်ခန်းဆောင်တွေထဲမှာ စူးစမ်းရှာဖွေနေမိတယ်။ စူးစမ်းရှာဖွေရတဲ့အကြောင်းကတော့ ကဗျာဆရာတစ်ယောက်ရဲ့ ခံစားချက်တွေ၊ အတွေးအခေါ်တွေဟာ တကယ့်ဘဝနဲ့ သဟဇာတဖြစ်မဖြစ် စိစစ်ကြည့်ချင်တဲ့ အာလျကြောင့် ဖြစ်ပါတယ်။

အဲဒီ အာလျကို ချင်ခြင်းပြေအောင် ဖြည့်စွမ်းပေးတဲ့အရာကတော့ ကလျာမဂ္ဂဇင်းဧည့်ခန်းထဲက ကဗျာဆရာကြည်နိုင်ရဲ့ **'ဂိတ်စောင့်တစ်ဦးရဲ့မှတ်တမ်း'** ကဗျာဖြစ်တယ်။ ကဗျာဆရာတစ်ယောက်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ်ပုံလွှာ (ကဗျာ) ဟာ ဘဝတုတွေထဲကို ဘယ်လောက်ကျယ်ကျယ်ပြန့်ပြန့်စိမ့်ဝင်နိုင်သလဲဆိုတာ ခံစားကြည့်ရအောင်။

**သည်ဂိတ်တဲကလေးမှာ**
**ငါ**
**ကေစာကျင့်ခဲ့ရကြာပေါ့ ...။**

(ငါ) ဆိုတဲ့ အညွှန်းနာမ်စားကြောင့် ဂိတ်တဲကလေးမှာ တစ်ယောက်တည်း နေထိုင်သူ (ဂိတ်စောင့်) ဟာ ကဗျာဆရာကိုယ်တိုင် ဖြစ်နေတယ်ဆိုကာ ပထမဆင့်အနေနဲ့ သိခွင့်ရလိုက်ပါပြီ။ ဒါပေမယ့် ဂိတ်တဲကလေးဆိုတာ ဘယ်နေရာမှာလဲ၊ ဘာကို စောင့်ကြည့်ဖို့ပြုလုပ်ထားတဲ့ ဂိတ်တဲလဲဆိုတာကိုတော့ သိခွင့်မရသေးပါဘူး။

**ပျဉ်းမပြာဟန်**
**ကံ့ကော်အဝါဆဲ**
**ခရေတွေ ကြွေပြန်နဲ့**
**လောကစံ ကြော**
**ရောင်စဉ်တွေဖြာခဲ့ကြမှီ ... ။**

အပြာရောင် ပျဉ်းမပွင့်တွေ၊ အဝါရောင်ဝတ်ဆံနဲ့ ကံ့ကော်ပွင့်တွေ မြေမှာ ကြွေလွင့်နေတဲ့ ခရေပွင့်လေးတွေဟာ စကြာသဏ္ဌာန်လည်ပတ်နေ



တဲ့ လောကစံဝဲကတော့ကြီးထဲမှာ ရောင်စဉ်တွေဖြာသန်းနေတယ်ဆိုတာလောက်တော့ ကဗျာခံစားသူ မိမိအနေနဲ့ ခပ်လှမ်းလှမ်းက မြင်ခွင့်ရလိုက်ပါတယ်။ ဒါပေမယ့် ဂိတ်တဲကလေးဟာ ဘယ်နေရာမှာလဲ။ ဂိတ်စောင့်သူကဗျာဆရာဟာ ခရေကြွေရော်၊ ကံ့ကော်အဝါ၊ ပျဉ်းမပြာတွေကို ခပ်လှမ်းလှမ်းနဲ့ မှတ်တမ်းတင်ကြည့်နေရာကနေ၊ သူ့ကိုယ်သူ ပြန်ငဲ့ကြည့်လိုက်ပုံဟာ အခန်းဟူး၊ အခန်းပြောင်းမြန်တဲ့ တကယ့်ဘဝရဲ့ ပြဇာတ်တစ်ကွက်ပါပဲ။

**နေ့လည်း နေ့**
**ညလည်း ည**
**ရေဘူးက တစ်လုံး**
**သစ်ရိုပ်ကွာ အပူလုံးကိုတားဖို့**
**ထမင်းဘူးက တစ်ခု**
**မွတ်သိပ်မှု အတွေတွေကိုဖြေဖို့...**
**ငါ့ကိုယ်ငါ သေချာနေရဲ့။**

နေ့လည်းနေ့မို့၊ ညလည်းညမို့ ရေဘူးတစ်လုံး၊ ထမင်းဘူးတစ်ခုနဲ့ သူ့ကိုယ်သူ သိပ်သေချာနေရဲ့လို့ ဖြေသိမ့်နေရှာတဲ့ ဂိတ်စောင့်ကဗျာဆရာကိုကြည့်ပြီး မိမိရဲ့ မသေချာမှုတွေကို အနိုက်အတန့် မေ့သွားပါတယ်။ ဒီနေရာမှာ ကဗျာဆရာရဲ့ တင်ပြမှုဟာ ဝါကျစု၊ ပါဒစု၊ စကားလုံးစုအဆင့်ကနေ တကယ့်ဘဝထဲကို ခုန်ထွက်စီးဆင်းသွားပါတယ်။ ဒါပေမယ့် ဂိတ်တဲကလေးဟာ ဘယ်နေရာမှာလဲ၊ ကဗျာဆရာဟာ ဘယ်လိုဂိတ်စောင့်သူတစ်ဦးလဲ။ ဘယ်လိုဂိတ်မှာ၊ ဘယ်လိုကာဝန်နဲ့ ကေစာကျင့်ခဲ့ရတာလဲ။ မိမိရင်ထဲက သိလိုစိတ်တွေဟာ ပိုပြီး နိုးကြွလာတယ်။ ဒီလိုနဲ့-

**ဟော တစ်နေ့မှာတော့**
**လွှယ်အိတ်ရောင်စုံကလေးတွေ**
**တောင်ပံဟန် တဖျပ်ဖျပ်**
**မြားတန်းစက် တလက်လက်**
**အကြည့်စာတ် ဝင်းပြက်ဆဲ...**

**ငါ့တဲကလေးဆီ ရောက်လာပေါ့** ဆိုတဲ့ အပိုဒ်ဟာ စာစာတုန်းက မိမိရဲ့ သိလိုစိတ်ကို အရိပ်ပြလိုက်ပါတယ်။ အလင်းမြားတန်းတွေ တလက်လက်တောက်ပနေသလို၊ ငှက်ရောင်စုံရဲ့ တောင်ပံဟန် တဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com

လို၊ကဗျာဆရာရဲ့ အကြည့်မာတ်ထဲမှာ ထိဓတ်လျှပ်ရှားလာနေတဲ့အရာတွေဟာ ဘာတွေလဲ။ သူ့ရဲ့ ဂိတ်တဲကလေးဆီ ဦးတည်ဖြတ်သန်းနေကြတဲ့ လွယ်အိတ်ရောင်စုံကလေးတွေ ဖြစ်တယ်။ လွယ်အိတ်ရောင်စုံလေးတွေကို နိမိတ်ပုံပြထားတဲ့အတွက် ဒီနေရာဟာ စာသင်ကျောင်းတစ်ကျောင်းတည်ရှိရာ အရပ်ဖြစ်မယ်။ ဂိတ်တဲကလေးဟာ အဲဒီစာသင်ကျောင်း ပရဝုဏ်ကို စောင့်ကြပ်ရမယ့် အရိပ်အာဝါသတစ်ခုဖြစ်တယ်။ ကောင်းပြီ၊ ကျောင်းတော့ ကျောင်းပဲ။ ဒါပေမယ့် မူလတန်းကျောင်းလား၊ အလယ်တန်းကျောင်းလား၊ အထက်တန်းကျောင်းလား။ မိမိရဲ့သိလိုစိတ်ကို တစ်ဆင့်ထပ်မြှင့်လိုက်ပါတယ်။

**တကယ်က**
**ငါ့မှာ ဝတ်ရုံမရှိ**
**ဦးထုပ်မရှိ**
**မျက်မှန်စိမ်းမရှိ**
**မရှိ… မရှိ**
**ပကတိလုံးတီးအားနဲ့**
**ဂိတ်တံခါးကြီးကို ဖွင့်ဖို့**
**ကံကော်ပင်တွေ ပွင့်ဖို့**
**ပျဉ်းမလည်း ပြာ**
**ကောင်းကင်ကြီးပြာဖို့**
**ငါ့ သေချာမှုကလေးကို**
**ဆက်လက်ရှာဖွေနေရဦးမယ်…။**

ဒီအပိုဒ်ဟာ ဂိတ်စောင့်တစ်ဦးရဲ့ နိဂုံးမဟုတ်သေးတဲ့ နောက်ဆုံးအချပိုဒ်ဖြစ်တယ်။ အဲဒီ အချပိုဒ်ရဲ့ ကဗျာဝါကျစုတွေထဲမှာ ဖွဲ့စည်းပါဝင်နေတဲ့ (**ဝတ်ရုံ**၊ **ဦးထုပ်**၊ **မျက်မှန်စိမ်း**၊ **ဂိတ်တံခါး**၊ **ကံ့ကော်ပင်**၊ ပျဉ်းမပြာ) ဆိုတဲ့ နာမ်ပုဒ်တွေကို ဆက်စပ်ရှုစမ်းကြည့်တော့ ဂိတ်တဲကလေးတည်ရှိရာ ပရဝုဏ်ဟာ အဆင့်မြင့် ပညာရပ်တွေကို သင်ကြားပေးနေတဲ့ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ ပညာတတ်တွေကို မွေးထုတ်ပေးနေတဲ့ တက္ကသိုလ်ကျောင်းတော်ကြီးတည်ရှိရာ အရပ်ဆိုတာသိခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအရပ်မှာ တာဝန်ထမ်းဆောင်နေရတဲ့ ဂိတ်စောင့် (ကဗျာဆရာ) ဆီမှာတော့ ဘွဲ့ဝတ်



ရုံမရှိခဲ့ပါဘူး။ ဘွဲ့ယူဦးထုပ် မရှိခဲ့ပါဘူး။ လောကကြီးကို ပညာတတ်ညာဉ်နဲ့ ကြည့်တတ်တဲ့ မျက်မှန်စိမ်းလည်းမရှိပါဘူး။ အဲဒီ အဆင်တန်ဆာတွေ မရှိပေမယ့် တက္ကသိုလ်ဂိတ်တံခါးကြီးကို ဖွင့်ဖို့၊ ကံ့ကော်ပင်တွေပွင့်ဖို့၊ ပျဉ်းမပွင့်တွေ ပြာပြာဝေဖို့၊ တက္ကသိုလ်ကြီးကို ငုံ့ကြည့်နေတဲ့ မိုးကောင်းကင်ကြီး ကြည်လင်သာယာဖို့ သူ့မှာ စေတနာတွေတော့ အပြည့်အဝရှိနေပါတယ်။ သူ့တာဝန်ကိုလည်း သူကျေပွန်အောင် ထမ်းဆောင်ပြချင်လှပါတယ်။

သို့ကလို စေတနာတွေရှိပင်ရှိငြား၊ တာဝန်တွေကို သိပင်သိငြား၊ ဂိတ်တံခါးကြီးကို တွန်းဖွင့်ဖို့ သူ့မှာခွန်အားရှိပါ့မလား။ သူ့ဘဝရဲ့ မွတ်သိပ်မှုအထွေထွေကို ဖြေဖျောက်ဖို့ သူ့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ ရော်ဘာတစ်လုံးနဲ့ ထမင်းဘူးတစ်ခုဟာ သူ့ဘဝကို သေချာနိုင်ပါ့မလား။ ဒီနေရာမှာ ဂိတ်စောင့်တစ်ဦးရဲ့ ပုဂ္ဂလိကခံစားမှုဟာ ဗဟုဝစ်ခံစားမှုအဖြစ် ဘဝတုတွေထဲကို ကူးဆက်စီးဆင်းသွားပါပြီ။ ခပ်ဆောဆောတုန်းက ဂိတ်စောင့်ကဗျာဆရာကို ကြည့်ပြီး မိမိရဲ့မသေချာမှုတွေကိုတောင် မေ့လျော့နေတဲ့စိတ်ဟာ –

**'ကံ့ကော်ပင်တွေ ပွင့်ဖို့**
**ပျဉ်းမလည်း ပြာ**
**ကောင်းကင်ကြီးပြာဖို့**
**ငါ့သေချာမှုကလေးကို**
**ဆက်လက်ရှာဖွေနေရဦးမယ်'**

ဆိုတဲ့ ခပ်ယဲ့ယဲ့သက်ပြင်းချသံကြောင့် လန့်ဖျပ်ပြီး ထိတ်ထိတ်ပျာပျာဖြစ်သွားပါတယ်။ ကဗျာဆရာ ဆက်လက်ရှာဖွေရဦးမယ့် 'သေချာမှုကလေး' ဟာ မိမိအတွက်လည်း ဆက်လက်ရှာဖွေရဦးမယ့် 'သေချာမှုကလေး' တစ်ခုဖြစ်နေပါတော့တယ်။

ဒါဟာ ကဗျာဆရာကြည်နိုင်ရဲ့ **'ဂိတ်စောင့်တစ်ဦးရဲ့ မှတ်တမ်း'** ကို ခံစားပြီး တွေ့ရှိလာတဲ့ ဘဝအလွမ်းနဲ့ ဘဝအမောကိစ္စဖြစ်တယ်။ ခံစားမှုဘာသာစကားဖြစ်တဲ့ ကဗျာက ရရှိလာတဲ့ဘဝအမြင်တစ်ရပ်ဖြစ်တယ်။ တက္ကသိုလ်ဂိတ်တံခါးစောင့်တစ်ဦးရဲ့ ရင်ခုန်သံမှတ်တမ်းဟာ လမ်းမပေါ်အထိ ဖြတ်သန်းစီးဆင်းသွားတယ်လို့ မိမိမြင်ခဲ့ရတယ်။ (၉၄) တုန်းကလိုအပ်ကြောင်း ထပ်မြင်ကွင်း မိတ္တူတွေနဲ့ပြီးဆုံးသွားဦးမယ့် **ပန်းတောင်းနေမင်း**



www.burmeseclassic.com

www.burmeseclassic.com

ထင် ရဲ့ '**တိမ်နည်းလည်းကောင်း စန်နဝါရီ**' ရယ်။ ရေဘူးတစ်လုံး၊ ထမင်းဘူးတစ်ခုနဲ့ သေချာမှုတွေကိုရှာဖွေနေသူ ကဗျာဆရာ **ကြည်နိုင်** ရဲ့ မသေချာသေးတဲ့ '**ဂိတ်စောင့်တစ်ဦး**' ရယ်။ ကဗျာညွှန်းမျိုးများကို ဖြတ်သန်းနေတဲ့ မိမိရယ်။ အဲဒီ တြိဂံစာတတ်လမ်းကို ခပ်လွှမ်းလွှမ်းနဲ့ နိဂုံးမချုပ်လိုတဲ့အတွက် လူ့ဘဝမှာ တိကျသေချာမှုရှိတဲ့ သရုပ်ဆောင်တစ်ဦးဦးကို တွေ့လိုတွေ့ငြား မျက်စိကစားကြည့်လိုက်တော့ –

**သာဓပေါင်းညာစား သူ့အကျင့်**
**ယနေ့အခါ အနေ့တင်။**
**ယခင် ရှေးဝါကမှကား**
**ဆီးရွက်အငယ် မျက်နှာထား။**
**သနားကြဲ့ စောင့်ရှောက်ကြ**
**မျက်နှာငယ်လေး ကြီးထွားမှု။**
**ထက်ကလူများ နိုင်းဆေလျှင်**
**အားတက်သရော မျက်နှာရွှင်။**
**သူလိုချင်ရာများကိုလည်း**
**အသိမခံသူဖြည့်ဆည်း။**
**ဖြည့်ဆည်းရင်းနှင့် ယနေ့အခါ**
**သူကြွယ်ကြီးမှု ဖြစ်နေပေါ့။**
**သာဓပေါင်းညာစား အကျင့်တော့**
**တစ်ပြားဖိုးမျှ သူမလျော့။**
**ကန်တော့ဆွမ်းပါဆိုလျှင်ပင်**
**သူ့မျက်နှာက အလွန်ရွှင်။**
**ချမ်းသာခြင်းလျှင် သူ့အစွဲ**
**ဘယ်သူတွေက ဆဲချင်ဆဲ**
**သာဓပေါင်းညာစား အကျင့်ပဲ…။**

ဆိုတဲ့ စရိုက်နဲ့ ဘယ်သူသေသေ ငတေမာစာတ်ဆောင်တစ်ဦးကို ထူးထူးဆန်းဆန်း တွေ့လိုက်ရပါတယ်။

(**ထူးထူးဆန်းဆန်း**) လို့ ပြောမိတာကတော့ ထူးမခြားနား စန်နဝါရီထဲမှာ၊ ထူးမခြားနား ဂိတ်စောင့်တစ်ဦးရဲ့ ပတ်ဝန်းကျင်မှာ မထင်မှတ်ဘဲ ဖျတ်ခနဲတွေ့လိုက်ရလို့ပါပဲ။



သို့ကလို ငတေမာစာတ်ဆောင်တစ်ဦးကို မိမိရဲ့ လက်ဖဝါးပြင်ပေါ်တင်ကြည့်ရသလို အသက်ဝင်လှုပ်ရှားလာအောင် ဖော်ထုတ်ဖွဲ့ဆိုပြသူဟာ ကဗျာဆရာကြီး မင်းသုဝဏ် ဖြစ်ပါတယ်။ စန်နဝါရီလ အထူးထုတ် စိန်ခြယ်မဂ္ဂဇင်းထဲက **ဆရာမင်းသုဝဏ်** ရဲ့ '**သာဓပေါင်းညာစား**' လို့ အမည်ပေးထားတဲ့ ကဗျာဟာ ဘယ်လို အမျိုးအစားလဲ။ ခုနစ်လုံးဘွဲ့ကဗျာလား။ အချိုးသစ်ပုံသဏ္ဍာန်လား။ အသံစည်းဝါး အဓိကထားသလား။ စကားပြေထဲက ဝါကျများ၊ ပုဒ်စုများကို ကာရန်အသွားနဲ့ ကျားကန်ထားတာလား။ မြန်မာကလေးကဗျာရေးဟန်လား။ ဖွဲ့ထုံးစပ်ထုံး (verse form) ကို ရှုပ်လုံးဖော်ကြည့်ရုံလား။ ပုံသဏ္ဍာန် ပဓာနလက်အတတ်ကိုသာ ပညာရပ်လို့ ထင်မှတ်နေသူတွေအတွက်တော့ တစ်ခုမဟုတ် တစ်ခုဟုတ်နိုင်ဖွယ်ရှိပါတယ်။ မိမိအမြင်အရ တင်ပြရလျှင်တော့ ဆရာမင်းသုဝဏ်ရဲ့ '**သာဓပေါင်းညာစား**' ကဗျာဟာ ခေတ်ပြိုင်လူမှုရေးဖြစ်စဉ်ထဲက စရိုက်လက္ခဏာတစ်ကွက်ကို (လေးလုံးစပ်မဟုတ်တဲ့) ပုံသဏ္ဍာန်တစ်မျိုးနဲ့ ကဗျာခံစားသူရဲ့ ရင်တွင်းကို ပြေပြေရှင်းရှင်း ပို့ဆောင်ပေးနိုင်ခဲ့တယ်လို့ နားလည်သဘောပေါက်မိပါတယ်။ ကောင်းပြီ၊ ကဗျာကောင်းတစ်ပုဒ်ရဲ့ ဂုဏ်ရည်ဟာ ဘာလဲ…။

ကဗျာဆရာရဲ့ ခံစားမှု၊ တွေးခေါ်မှု၊ အားထုတ်ဖွဲ့ဆိုမှုစတဲ့ ကိစ္စ (၃) ရပ်ဟာ ကာရန်နဲ့ ဖွဲ့ထားတဲ့ ပုံသဏ္ဍာန်နယ်နိမိတ်ကို ကျော်လွန်ပြီး ကဗျာနဲ့တူတဲ့ အလုပ်ကို ဆုပ်ဆုပ်ပိုင်ပိုင် ဖော်ထုတ်သယ်ဆောင်နိုင်မှသာ ကဗျာကောင်းတစ်ပုဒ်ရဲ့ ဂုဏ်ရည်နဲ့ ပြည့်စုံထိုက်တန်မှာဖြစ်တယ်။ ကဗျာဆရာတစ်ဦးရဲ့ ကဗျာတစ်ပုဒ်ဟာ ကဗျာကို နှိုက်မကျ်ခံစားလိုသူရဲ့ တကယ့်ဘဝနဲ့ သီးခြားနေရာမှာ ရှိမနေသင့်ပါဘူး။

သို့ကလို အတွေးအမြင်နဲ့ 'သာဓပေါင်းညာစား' ကဗျာကို ခံစားကြည့်လိုက်တော့ –

**'ချမ်းသာခြင်းလျှင် သူ့အစွဲ**
**ဘယ်သူတွေက ဆဲချင်ဆဲ**
**သာဓပေါင်းညာစား အကျင့်ပဲ'**

ဆိုတဲ့ လူ့အမှုအရာတစ်ကွက်ဟာ ကာရန်ပုံသဏ္ဍာန်နယ်ပယ်ကို ကျော်လွန်ပြီး မိမိရှေ့မှောက် ရောက်လာခဲ့ပါပြီ။ မိမိရဲ့ ရှေ့မှောက်တွင်သာမ



www.burmeseclassic.com

www.burmeseclassic.com

က လက်ဝါးပြင်ပေါ်မှာ မျက်ဝါးထင်ထင် ကြည့်ရသလို သရုပ်ဆောင်ပြနေပါပြီ။ 'သာပေါင်းညာစား' ဟာ သူ့ချည်းထီးတည်း သီးခြားမနေဘဲ ခေတ်ပြိုင်လူမှုရေးနယ်ပယ်ထဲမှာ ဝင်ရောက်မွှေနှောက်ပြနေပါပြီ။ သူ့အတွက် သက်သက်သာသာ အကျိုးရှိစေမယ့်သူ့ဘက်က 'သေချာမှုတရား' ကို ပြလိုပြ စားလုပ်ပြခဲ့ပါပြီ။ ကောင်းပြီ...။

ကဗျာကောင်းတစ်ပုဒ်ရဲ့ တာဝန်ဟာ ဘာလဲ..။ ကဗျာဆရာဟာ သူကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ ခေတ်၊ သူဖြစ်တည်နေတဲ့ခေတ်၊ သူမျက်မှောက်ပြုနေရတဲ့ခေတ်ရဲ့ စရိုက်လက္ခဏာတွေကို အခြေခံပြီး ရှင်သန်ထိရောက်တဲ့ အတတ်ပညာနဲ့ ခံစားမှုကို ဖန်တီးတင်ပြဖို့ဟာ ကဗျာကောင်းတစ်ပုဒ်ရဲ့ တာဝန်လို့ မိမိသဘောပေါက်ပါတယ်။

အားလုံးကို ခြုံပြောရလျှင်တော့ -

၁။ ဆရာမင်းသုဝဏ်ညွှန်ပြတဲ့ **'သာပေါင်းညာစား'** တစ်ယောက်ရဲ့ သေချာမှု။

၂။ ပန်းတောင်းနေမင်းထင် တင်ပြတဲ့ **'ထိုနည်းလည်းကောင်းဇန်နဝါရီ'** ရဲ့ မရေရာမှု။

၃။ ကြည်နိုင် ခံစားပြတဲ့ **'ဂီတ်ဆောင့်တစ်ဦးရဲ့ မှတ်တမ်း'** ထဲက မသေချာမှု။

ထိုသေချာမှု၊ မရေရာမှု၊ မသေချာမှုစတဲ့ ပြကွက် (၃) မျိုးဟာ ကာလ၊ ဒေသ သဘာဝချင်းမတူပေမယ့် ကဗျာခံစားသူ မိမိကို တစ်စုံတစ်ရာ သတိပြုမိလာအောင် ဖန်တီးတဲ့နေရာမှာ တူညီချက်တစ်ခုတော့ ရှိနေပြီဆိုတာ အသေအချာသိခွင့်ရလိုက်ပါတယ်။

အဲဒီ တူညီချက်ဟာ ကဗျာ့အတွေးလား၊ ကဗျာ့တည်ဆောက်ပုံလား၊ ကဗျာဆရာရဲ့ ခံစားချက်လားလို့ စဉ်းစားရင်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီရဲ့ ဧည့်ခန်းများထဲက လက်တို့ညွှန်းလိုတဲ့ ကဗျာလေးတွေကတော့-

| | | | |
|---|---|---|---|
| ၁။ | နေ့တစ္စဝ | မောင်သွေးသစ် | (ကလျာ) |
| ၂။ | ပင်ညွှပ် | ကိုမောင်မြင့်ကောင်း | (ရွှေဝတ်မှုန်) |
| ၃။ | ဂီလာနမျက်ကြီး | ဆောင်စုးရှ | (တေးပေကျွနယ်) |
| ၄။ | ညစားအားပွဲ | သာရဝဏ (ပြည်) | (အနုပညာကျွနယ်) |
| ၅။ | မီးလွှတ်စာ | မောင်သင်းဆ | (ရုပ်ရှင်အောင်လံ) |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ဒီပသသမာဆရာကြီး ဝိုအင်ကာသည် ကဗျာဆရာ တစ်ဦး လည်းဖြစ်သည်။ ကဗျာဆရာတွင် စိတ်ကူးမှုတစ်စုံရှိလာသော အခါ စိတ်ကူးမှုများသည် ကဗျာပုလဲကုံးများ ဖြစ်လာကြသည်။ ဝိုအင်ကာတွင် မေ့အသိ၊ မေ့စိတ်ကူးမှုများဖြစ်ပေါ်လာသောအခါ၌ ထိုစိတ်ကူးမှုများသည် ကဗျာဆရာ၏ နှလုံးအိမ်ထဲမှ ပုလဲကုံးများ ဝတ်အပြင်အပသို့ ထွက်လာကြလေ၏။

ပါရဂူ – မြန်မာပြန်

ဓာတ်ခွဲမှာ လွမ်းမောပါသည်

၁၉၉၀ ခု ဒေဖေဖော်ဝါရီလ



## ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၁၅)

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံတော် ဖြစ်တယ်။ နိုင်ငံတော်ရဲ့ လူဦးရေ ကိုးဆယ်ရာခိုင်နှုန်းလောက်ဟာလည်း ဗုဒ္ဓဘာသာဝင်များဖြစ်ကြတယ်။ အတိတ်ခေတ် မြန်မာစာပေဟာ ဗုဒ္ဓဘာသာကျမ်းဂန်ထွက် ဒီလိုဆုံးမအမိန့်များနဲ့ ဇာတ်နိပါတ်တော်များရဲ့ ဩဇာနဲ့ ကင်းလွတ်နိုင်ခဲ့တယ်။ ဒါလားတူ မြန်မာကဗျာနယ်ပယ်မှာလည်း ဗုဒ္ဓရဲ့ ဟောကြားချက်များနဲ့ ဗုဒ္ဓ ဝါဒရဲ့ အတွေးအခေါ်ဟာ အများဆုံးလွှမ်းမိုးခဲ့တယ်။ ဗုဒ္ဓဘာသာဝင်တစ်ဦး ဟာ မိရိုးဖလာ ဗုဒ္ဓဝါဒီတစ်ဦးဖြစ်စေဦးတော့ ဗုဒ္ဓဝါဒရဲ့ အခြေခံတရား များနဲ့ ကံ–ကံရဲ့အကျိုး၊ ဖြစ်ခြင်း၊ ပျက်ခြင်းဆိုတဲ့ နိယာမသဘောတရား ခြောက်တော့ ကြားဖူးနားဝရှိကြသူများ၊ သက်ဝင်ယုံကြည်သူများဖြစ်ကြ ကြတယ်။

သို့ကလိုဖြစ်စေရတဲ့ အဓိကခြေခံအကြောင်းတရားနှစ်ပါးကတော့....

ဗုဒ္ဓရှင်တော် အသုံးပြုခဲ့တဲ့ တရားဓမ္မသွန်သင်ချက်များဟာ လယ်လုပ် တောင်သူ မိလက္ခုအစ၊ ကုန်သည်ပွဲစားနဲ့ ရွှေနန်းတော်သားများ အလယ်၊ ဘီကျူသံဃသာဝကတို့အဆုံး အားလုံးကို ရှင်းလင်းလွယ်ကူ စွာ သိနားလည်စေတဲ့ တရားအလင်းရောင်များကြောင့်ဖြစ်တယ်။

www.burmeseclassic.com

၂။ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ ကဗျာ၊ စကားပြေနစ်ထွေ ထဲက ဗုဒ္ဓအတွေးအခေါ်နဲ့ ဗုဒ္ဓယဉ်ကျေးမှုစာပေရဲ့ ကောင်းမွေများကို နားရည်ဝခဲ့ကြလို့ဖြစ်တယ်။

ဥပမာ ဗုဒ္ဓဟာ သဗ္ဗညုတဉာဏ်တော်နဲ့တကွ ဘုရားအဖြစ်ကို အကြွင်းမဲ့ရောက်တော်မူတဲ့အခါ သာမန်လူသားမျိုးတွေမှာ ရှိတတ်တဲ့ဘဝ ကိစ္စ၊ တဏှာကိစ္စ၊ ကိလေသာကိစ္စတွေကို၊ တစ်စမကျန် ဖြတ်တောက်ပြီး ဥဒါန်းတစ်ရပ်ကျူးရင့်တော်မူတယ်။ အဲဒီ ဥဒါန်းမျိုးကို ပါဠိစာပေမှာလက် လှမ်းမီခွင့်မရနိုင်တဲ့ သာမန်ဗုဒ္ဓဝါဒီတစ်ယောက်အဖို့ –

'ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်–တဏှာလက်သမား ငါသည် သင့်ကို ပညာမျက်စိဖြင့် မြင်လေပြီ။ ခန္ဓာအိမ်ကို နောက် တစ်ဖန် သင်ဆောက်လုပ်ရတော့မည် မဟုတ်။ သင်၏ ကိလေသာ တည်းဟူသော အခြင်ရနယ်အားလုံးကို ငါသည်ချိုးဖျက်ခဲ့ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အမိုးကို ငါသည် ဖျက်ဆီးခဲ့ပြီ...'

ဆိုတဲ့ ရှင်းလင်းချက်ကိုတော့ ကွက်ကွက်ကွင်းကွင်း သိမြင်ခွင့်ရခဲ့တယ်။ နားလည် ခံစားခွင့်လည်းရနိုင်တယ်။

ဒီအချက်ဟာ ဗုဒ္ဓဝါဒကို အခြေခံတဲ့ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ မြန်မာ စကားပြေရဲ့ ကျေးဇူးတရားကြောင့်ဖြစ်တယ်။ လူတန်းစားမရွေး တရား အလင်းရောင်ရစေနိုင်တယ်။ ခန္ဓာဝန်နဲ့ ဒုက္ခကိုအယုတ်၊ အလတ်၊ အမြတ် မရွေး ရှင်းလင်းလွယ်ကူစွာ သဘောပေါက်စေနိုင်တယ်။

မြန်မာကဗျာနယ်ပယ်မှာလည်း ဒီအတိုင်းပါပဲ။

'အကြွင်သူအား၊ တရားမရှု
ဖြစ်များပြုသော်၊ တန္တုပမာ
လေညာရှေးရှု၊ လွင့်သည့်မြူလျှင်
တူရှုမျက်နှာ၊ လွင့်ပြန်လာသို့'...

ဆိုတဲ့ ဘူရိဒတ်ဇာတ်ပေါင်းပျို့လာ လင်္ကာမှာ မြင်သာထင်သာတဲ့ တရား တစ်ခုကိုတွေ့ရမယ်။ အဲဒီ တရားဟာ သံယုတ်ပါဠိတော်၊ ဖုသတီသုတ်မှာ ဗုဒ္ဓညွှန်ပြခဲ့တဲ့ တရားလို့ အဆိုရှိပါတယ်။ မပြစ်မှားထိုက်သူကို ပြစ်မှား တဲ့သူဟာ၊ သူပြစ်မှားလိုက်တဲ့ အကုသိုလ်အမှု၊ သူ့ထံကို ပြန်ရောက်လိမ့်



မယ်ဆိုတဲ့ လောကကြောင်း၊ ဓမ္မကြောင်းကို ကဗျာနဲ့ သယ်ဆောင်ပြတာ ဖြစ်တယ်။

'ဓာတ်ဖျင်းသိမ်၊ သုံးစည်းစိမ်ကို
တင်းတိမ်မွေ့လျော်၊ အလွန်ပျော်သည်
သူတော်သူကောင်း၊ ကျင့်ရိုးဟောင်းတွင်
လမ်းကြောင်းကျယ်စွာ၊ ရှိလျက်သာကို
မနာမလိုက်၊ ဒုစရိုက်နှင့်
လေ၌ မီးဆိုး၊ ပမာမျိုးသို့'...

လို့ ဖွဲ့ဆိုအပ်တဲ့ ရှင်မဟာသီလဝံသရဲ့ သံဝေဂပျို့ဟာ စည်းစိမ်သုံးပါးမှာ စုန်ဆန်ပျော်ပါးနေကြတဲ့ သုံးဘုံသားတွေကို ကဗျာမှုနယ်ပယ်ထဲမှာ ပြက် ပြက်ထင်ထင်မြင်အောင် ညွှန်ပြခဲ့တယ်။ အလင်္ကာတွေနဲ့ တင်ပြခဲ့တာ ဖြစ်တယ်။

ဒါပေမယ့် ကဗျာဆရာဟာ ကယ်တင်ရှင်မဟုတ်ဘူး။ အခါခပ်သိမ်း မီးဟူသမျှကို ငြိမ်းသတ်နိုင်သူလည်းမဟုတ်သေးဘူး။ သူ့ကိုယ်သူ ဆင်ခြင် ရင်း၊ ကိုယ်တွင်းမီးနဲ့ ကိုယ်ပမီးတွေကို ကဗျာဘာဝနှာစီးဖြန်းရင်း...

ကဗျာအတတ်နဲ့ အနာဂတ်ကိုရှာဖွေနေသူဖြစ်တယ်။

ကဗျာဆရာရဲ့ အနာဂတ်ဟာ ဘယ်လဲ...၊ ဘာလဲ...။

တချို့က အနာဂတ်ကို လောကကြောင်းနဲ့ရှာတယ်။

တချို့က အနာဂတ်ကို ဓမ္မကြောင်းနဲ့ ရှာတယ်။

တချို့က အသစ်သက်ရောက်မှုကို ပြုအပ်တယ်လို့ မြင်တယ်။

တချို့က ဖြစ်–ပျက်–ပျောက်မှုကို ရှုမှတ်မွယ်လို့ မြင်တယ်။

တချို့က ဖြစ်တည်မှု...။ တချို့က ဖြစ်တည်ပျက်...။

သို့ကလို အခြေခံအချက်နှစ်ရပ်မှာ လူ့ဘဝကို ဓမ္မကြောင်းနဲ့ ရှာ တဲ့၊ ဖြစ်ပျက် ပျောက်တရားနဲ့ ခံစားဖွဲ့ဆိုပြတဲ့ ဓမ္မရေးရာ ကဗျာနှစ်ပုဒ် ကို ၁၉၉၅ ခု၊ ဖေဖော်ဝါရီလထုတ် ကလျာမဂ္ဂဇင်းမှာ ထူးထူးခြားခြားဖြတ် သန်းထိတွေ့လိုက်ရတယ်။ ထူးထူးခြားခြားလို့ ဆိုရတာက ဖြစ်ပျက်ပျောက် (သို့မဟုတ်) ဖြစ်တည်ပျက်တရားနဲ့ မိမိကိုယ်မိမိ ဆင်ခြင်ကြည့်တဲ့ ကဗျာ ရယ်...။



www.burmeseclassic.com

www.burmeseclassic.com

ဘဝဝန်းကျင်ကို စမ္မချွန်းတင်ပြီး ဆင်ခြင်ကြည့်တဲ့ ကဗျာရယ်...။

အဲဒီ ကဗျာနှစ်ပုဒ်ရဲ့ ပိုင်ရှင်ဟာ အမျိုးသမီး ကဗျာရှင်တွေ ဖြစ်နေလို့ပါပဲ။

**ငြိမ်း (ရွှေလီ)** ရဲ့ **'ကုသိုလ်တော်ဘုရား၌'** ဆိုတဲ့ ကဗျာဟာ ကိုယ့်ကိုကိုယ်မေ့နေတဲ့ မိမိကို ပေါ့သလို လက်တို့ပြီး သတိပေးလိုက်ပါတယ်။

**ရတနာပုံ မန္တလေး**
**ရွှေဦးတည်စ**
**သတ္တဌာနအပါအဝင်**
**အရှင်မင်းတုန်းဘုရား**
**တရားသဘင်ဆင်ယင်ကျင်းပ**
**ပဥ္စမသင်္ဂါယနာ**
**သုံးဖြာ ပိဋကတ်**
**ဤကပ်ကမ္ဘာအလုံး**
**မပျက်သုန်းစိမ့်သောငှာ**
**ကျောက်ထက်အက္ခရာ သေရာစုစည်း**
**ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးရှိရာ**
**'မဟာလောကမာရဇိန်' မှန်နှံထွတ်ထား**
**'ကုသိုလ်တော်ဘုရား'... သို့။**

ကဗျာဆရာမ **ငြိမ်း (ရွှေလီ)** ဟာ မန္တလေးတောင်ခြေမှာတည်ရှိတဲ့ မင်းတုန်းမင်းကြီးရဲ့ ကောင်းမှု 'ကုသိုလ်တော်ဘုရား' ကို ဖူးမြော်ဖို့သွားပါတယ်။ ဘုရားဖူးသွားတဲ့ ကိစ္စကို ကဗျာဝါကျ (၁၃) ကြောင်းနဲ့ မန္တလေးခေတ်ရဲ့ သမိုင်းနောက်ခံကို စေတနာမှန်မှန် ခင်းကျင်းဖွဲ့ဆိုပြပါတယ်။

စေတနာမှန်တယ်လို့ ဆိုရတာက ဒီလိုပါ။ မင်းတုန်းဘုရင်ကြီးဟာ ခရစ်သက္ကရာဇ် (၁၈၅၂) ခုနှစ်မှာ နန်းတက်ပါတယ်။ ရတနာပုံမန္တလေးမြေကို ရွေးချယ်ပြီး မြို့သစ်နန်းသစ်တည်ဖို့၊ ပန္နက်ရိုက်ဖို့စီစဉ်တော့ ကိုယ့်ရာဇပလ္လင် ကွက်ကွက်ကလေးကိုသာ ကျက်သရေရှိအောင် ကြံဆောင်ခဲ့တာမဟုတ်ပါဘူး။ မြို့သစ်နန်းသစ်နဲ့ လျော်ညီစွာရှိသင့်ရှိအပ်တဲ့ သတ္တဌာနခုနစ်ရပ် (အဆောက်အအုံ ခုနစ်ခု) ကို တစ်ပြိုင်နက်တည်း ပန္နက်ချသတ်မှတ်ခဲ့တာ ဖြစ်ပါတယ်။



အဲဒီ အဆောက်အအုံ ခုနစ်ခုဟာ (၁) နန်းမြို့ကြီး၊ (၂) ကျုံး၊ (၃) မဟာလောကမာရဇိန်စေတီတော်၊ (၄) ရွှေသိမ်၊ (၅) အတုမရှိကျောင်း၊ (၆) သုဓမ္မာဇရပ်၊ (၇) ပိဋကတ်တိုက်တော် စတဲ့ မင်္ဂလာအင်္ဂါ (၇) ဌာန ဖြစ်တယ်။

ကဗျာရဲ့အစမှာ ဖော်ပြထားတဲ့ (**ရတနာပုံ မန္တလေး၊ ရွှေဦးတည်စ၊ သတ္တဌာနအပါအဝင်**) ဆိုတာဟာ ဟိုရှေးရှေးတုန်းက မန္တလေးရဲ့နောက်ကြောင်းရာဇဝင်ပုံရိပ်တစ်ချပ်။ မင်းတုန်းဘုရင်ကြီးရဲ့ မြင့်မြတ်တဲ့လုပ်ရပ်။

နောက်တစ်ကြောင်းကတော့ မင်းတုန်းဘုရင်ကြီးကို သားတော်မြင်ကွန်းမင်းသားနဲ့တူတော် ပတိမ်မင်းသားတို့ဟာ နောက်လိုက်ငယ်သားတွေနဲ့ပြီး ထီးနန်းကို လုယူဖို့ကြံစည်လုပ်ဆောင်ခဲ့ဖူးတယ်။ အဲဒီ ပုန်ကန်မှုကြီးကို မင်းတုန်းမင်းကြီးဟာ ၂ လကြာ နှိမ်နင်းယူရတယ်လို့ အဆိုရှိခဲ့ပါတယ်။ သူပုန်မှုကြီး ပြီးစီးငြိမ်းအေးသွားတဲ့အခါမှာတော့ ပြည်သူလူထုကို ချစ်ခင်သနားတတ်တဲ့ ဘုရင်ကြီးဟာ အဘယဒါနတစ်ခုအနေနဲ့ သူပုန်ဘက်သားအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ ပုန်ကန်ခဲ့သူအားလုံးနဲ့ ပတ်သက်ပြီး စိတ်နှလုံးကြောင့်ကြမဲ့စွာ နေထိုင်ကြစေဆိုတဲ့ ကြေညာချက်တစ်ရပ် ထုတ်ပြန်ပေးခဲ့တယ်။

ဒီအချက်ဟာ သူ့တရားကို သူယုံကြည်မှုနဲ့ ဗုဒ္ဓဘာသာတရားအပေါ်မှာ နှစ်နှစ်ကာကာ သက်ဝင်လေးစားမှုကို ဖော်ပြခဲ့တဲ့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းဘုရင်ကြီးရဲ့ အတုမဲ့လုပ်ရပ် (သို့မဟုတ်) ဟိုးရှေးရှေးတုန်းက မန္တလေးခေတ်ရဲ့အတိတ်ပုံရိပ် တစ်ချပ်ဖြစ်တယ်။

သို့ကလို ပြည်သူလူထုကို သနားချစ်ခင်ခဲ့တဲ့ မင်းတရားကြီးဟာ သူ့ရှေ့အထက်ထက်က ဘယ်မင်းဧကရာဇ်မှ မပြုဖူးခဲ့တဲ့ ကုသိုလ်တစ်ခုကို ပြုခဲ့ပါတယ်။ အဲဒီ ကုသိုလ်တော်ကတော့ ပိဋကတ်သုံးပုံကို ကျောက်ပြားချပ်ရေ (၇၃၀) ပေါ်မှာ နှစ်မျက်နှာကျောက်စာရေးထိုး ပူဇော်ခဲ့တဲ့ လုပ်ရပ်ပါပဲ။ ကမ္ဘာတည်သမျှ သာသနာတည်စေရမယ်ဆိုတဲ့ ကြီးမားတဲ့ စေတနာ၊ ခိုင်မာတဲ့ ယုံကြည်ချက်ကို လေးလေးနက်နက် လုပ်ဆောင်ပြခဲ့တယ်။

(**သုံးဖြာပိဋကတ်၊ ဤကပ်ကမ္ဘာအလုံး၊ မပျက်သုဉ်းစိမ့်သောငှာ၊ ကျောက်ထက်အက္ခရာ သေရာစုစည်း**) ဆိုတာဟာ တစ်ရံရောအခါက မန္တလေးရဲ့ နောက်ကြောင်းရာဇဝင်ကို ကဗျာဖတ်သူနဲ့ အမြင်နီးအောင်



www.burmeseclassic.com

www.burmeseclassic.com

စေတနာအခံနဲ့ ကြဲဆအားထုတ်ပြတာဖြစ်တယ်လို့ ခံစားနားလည်ခွင့်ရခဲ့ပါတယ်။

တစ်နေသော ဥပုသ်ရက်ဝယ်
ကုသိုလ်အလို့ငှာ
သုတအလို့ငှာ
တစ်နေ့တာ ငြိမ်းချမ်း
အပန်းဖြေနိုင်ရေး
ရှင့်တွေးတစ်ခေါက်
အကျွန်ရောက်ခဲ့...

တယ်လို့ ဆက်ပြောပြပါတယ်။

ကုသိုလ်လည်းတစ်ဝ၊ သုတလည်းတစ်ဖြာ၊ တစ်နေ့တာလည်း ငြိမ်းအေးစေချင်တဲ့ ကဗျာဆရာ(သူမ)ဟာ ကုသိုလ်တော်ဘုရားမှာ ဘာများ ခံစားခဲ့ရပါသလဲ။ ဘယ်လို ဓမ္မပီတိနဲ့ ဘယ်လိုသုတ ပီတိတွေ တည်း သက်ရောက်ခဲ့ပါသလဲ။

ရွှေစေတီကြီး၊ ရွှေထီးနဘဲ
စေတီရံတို့သည်လည်းကောင်း...
နှနစ်ရာ နှနှစ်ဆယ်ကိုး
ကျောက်ထီးမိုးသည့်၊ ပုထိုးဝှငယ်
အသွယ်သွယ်တို့သည်လည်းကောင်း...
ကြည်ညိုမြတ်နိုး၊ ရှိမိုးဦးချ
ဖူးမဝနိုင်ဖွယ်ပါတကား...။

ဒီနေရာမှာ ကဗျာကိုယ်ခန္ဓာထဲက ကာရန်တွေရဲ့ အလုပ်ဟာ ကုသိုလ်တော် ဘုရား ပရိဝုဏ်မြင်ကွင်းကို ထင်ထင်ရှားရှား ဖူးမြင်ခွင့်ရအောင်ပံ့ပိုးထား တော့ ကဗျာခံစားသူကိုယ်တိုင် ကဗျာဆရာနဲ့ ထပ်တူ ရွှေစေတီကြီး အကြီးရံသော၄၇ အနီးကပ်ဖူးတွေ့ခွင့်ရခဲ့ပါတယ်။ ကျောက်ထီးမိုးထား ပုထိုးဝှငယ်တွေရဲ့ ငြိမ်းအေးမှုသဘ္ဘရသကို ကူးဆက်ခံစားခွင့်ရခဲ့ ကာရန်တွေရဲ့ အလုပ်ဟာ ရှပ်ရှပ်ထွေးထွေးနဲ့ ဆေးဆေးပိုင်ပိုင် ဓမ္မပီတိ ငြိတွယ်နိုင်မှာ မဟုတ်ပါဘူး။ အခုတော့ –



ထွက်လေ ဝင်လေ၊ ရှုလေမပြတ်
ထိမှတ် – သိမှတ်၊ တရစပ်ဆေ့နာ
ဘာဝနာပွားခြင်းကိုလည်းကောင်း...
သုံးပါးသရဏဂုံ၊ သုံးပုံလင်္ကာ
ကိုးဖြာဂုဏ်တော်၊ ပူဇော်မငြီး
အာရုံမှီးလျက်
ပုတီးစိပ်ခြင်းကိုလည်းကောင်း...

အကြောင်းကို ဖြောင့်ဖြောင့်သွားနိုင်တာဟာ ဓမ္မရသအပြည့်အဝရရှိစေနိုင် ကုသိုလ်တော်ဘုရားကြီးရဲ့ ခံ့ညားလေးနက်မှုနဲ့ ပတ်ဝန်းကျင်သွင်ပြင် လင်္ကာကြောင့်သာ ဖြစ်နိုင်ဖွယ်ရှိပါတယ်။

ဒီလို အခြေအနေမျိုးသာ မဟုတ်ခဲ့လျှင်တော့ သရဏဂုံသုံးပါးကို ဆက်တည်ဖို့ လင်္ကာရေးသုံးပါးကို ရှုမှတ်ဖို့ မြတ်စွာဘုရားရဲ့ဂုဏ် တော်ကိုးဖြာကို ပူဇော်ပွားများဖို့ဆိုတာ ထင်သလောက်အာရုံသက်ရောက် ယ် မရှိနိုင်ပါဘူး။ အခုတော့ မင်းတုန်းမင်းတရားကြီး ရွေးချယ်သတ်မှတ် သိုလ်ပြုအပ်တဲ့ သတ္တဌာနခုနှစ်ထဲက ပိဋကတ်သုံးပုံကျောက်ထက်အက္ခရာ တည်ရှိရာ မဟာလောကမာရဇိန်ဘုရားနဲ့ ပတ်ဝန်းကျင်သွင်ပြင်ဟာ ဗျာဆရာကို ဘဝအသိမဟာ (သို့မဟုတ်) ဓမ္မအဘိဓမ္မာတစ်ခုခု ဆင် ပွားများဖို့ ပြင်ဆင်ထားခဲ့လေရော့သလား။ ကြည့်...။

ထိုထို ဤ ဤ၊ နိုပြည်ရှုခင်း
ရိုက်ကွင်း ရိုက်ကွက်၊ ရိုက်ချက်စုံစုံ
ဓာတ်ပုံအသွင်
မှတ်တမ်းတင်ခြင်းကိုလည်းကောင်း...
ကာယဝစီ၊ မနောရှိုလျက်
သုံးလီကုံသလာ၊ ပြုပြီးကာလျှင်
စိမ်းပြာညို့သိပ်၊ စရေရိပ်၌
တစ်မိုတ်တစ်မှေး၊ အေးအေးချမ်းချမ်း
စိတ်လျှမ်းနိုက်။
တစ်မွှင့်ခရေ၊ ကြွေတတ်ပေတောင်း

www.burmeseclassic.com

**ကျွန်းနှာခေါင်းထက်၊ ညှသက်ညင်သာ**
**နန်ဆင်းလာခဲ့...**
**အိုဘယ့်ခရေ၊ မွှေးပွင့်ကြွေ**
**မွှေးလေဘိခြင်း၊ ရင်တွင်းသို့တိုင်**
**မွှေးကြိုင်ပြီကော၊ ရင်သပ်မောဖိ...။**

ကဗျာဆရာမဟာ သဘာဝမြင်ကွင်းတွေရဲ့ ရှုခင်းရှုကွက်အဖုံဖုံကို ဓာတ်ပုံနဲ့ မှတ်တမ်းလိုက်တယ်။ ပြီး၊ မဟာလောကမာရဇိန်ဘုရားကြီးကို လည်း ကိုယ်၊နှုတ်၊နှလုံး သုံးပါးလုံးသုံးပြီး ကုသိုလ်အမှုပြုလိုက်တယ်။ ဒါမှ လည်း အထက်မှာမှာ ဖွဲ့ဆိုခဲ့တဲ့အတိုင်း (**ကုသိုလ်အလို့ငှာ၊ သုတအလို့ငှာ၊ တစ်နေ့တာငြိမ်းချမ်း၊ အပန်းဖြေနိုင်ရေး**) ဆိုတာ အဓိပ္ပာယ်ရှိတော့မပေါ့။

၈မ္ဘ နဲ့ ဘ၀ ကြားက ကဗျာဆရာမရဲ့ တဒင်္ဂကာလငယ် အတွင်းမှာ မွှေးပျံ့သန့်ရှင်းတဲ့ ခရေပန်းရနံ့ဟာ သူမရင်းတွင်းကို ဖြတ်သန်းစီး ဆင်းသွားတယ်။ (အိုဘယ့်ခရေ၊ မွှေးပွင့်ကြွေ) ဆိုတဲ့အဖွဲ့ဟာ ကဗျာမှာ အမြင်အာရုံကိုသာမက အနံ့အာရုံကိုပါ တစ်ပြိုင်တည်း သယ်ဆောင် လှုပ် ရှားပြသွားပါတယ်။

'**မွှေးပွင့်ကြွေ**'... ဆိုတာ အဘိဓာန်လှန်စရာမလိုတဲ့ သာမန် နာမဝိ သေသန သုံးမျိုးကို စုထားတဲ့ စကားရိုးတစ်ခုမျှသာ ဖြစ်တယ်။ ခရေပန်း တစ်ပွင့်ကို ကိုယ်စားပြုထားတဲ့ ယေဘုယျနာမဝိသေသနစု တစ်ခုမျှသာ ဖြစ်တယ်။

ဒါပေမယ့် ကဗျာဆရာမ ငြိမ်း(ရွှေလီ) ရဲ့ '**ကုသိုလ်တော်ဘုရား၌**' ကဗျာတစ်ပုဒ်လုံးရဲ့ ခလုတ်ဟာ အနုတင်ပြနေတဲ့ '**မွှေးပွင့်ကြွေ**' ဖြစ်ပါ တယ်။

မွှေးပွင့်ကြွေ ခရေတစ်ပွင့်ဟာ ကဗျာဆရာမရဲ့ နှာခေါင်းထက်မှာ ညင်သာစွာ ကြွေကျလာတယ်။ ကြွေကျတဲ့အခိုက်အတန့်မှာပဲ ရနံ့အာရုံလို့ ခေါ်တဲ့ ဂန္ဓာရုံတစ်ရပ်ဟာ ရင်ထဲထိအောင် ဖြတ်သန်းစီးဆင်းသွားတယ်။ ဒါဟာ ဃာနသမ္မဿဇာ ဝေဒနာလို့ခေါ်တဲ့နှာခေါင်းအတွေ့ကြောင့် ဖြစ်ရ တဲ့ ခံစားမှုဖြစ်တယ်။ အဲဒီ ခံစားမှုကို ကဗျာဆရာမဟာ ဘယ်လိုရှုမှတ်ပါ သလဲ။



**တစ်ရာသုံးဆယ်ငါးနှစ်**
**တွက်စစ်သက်တမ်း**
**ကျော်ဖြတ်သန်းလည်း**
**မခန်းမကုန်၊ ရနံ့ထုံဆဲ**
**မကျွမ်းမကြွေ၊ အေးရိပ်ဆေဆဲ**
**မနွမ်းမညှိုး၊ စိမ်းလန်းစိုဆဲ**
**မယိမ်းမယိုင်၊ မတ်မတ်နိုင်ဆဲ**
**အာဂစွဲရှင်၊ ခရေပင်...**

ကုသိုလ်တော်ဘုရား ပရိဝုဏ်ထဲက ကျောက်စာဝူတန်းကြီး တွေရဲ့ ကြားမှာ အရိပ်ရပြီး အေးမြဆေတဲ့ ခရေပင်တန်းကြီးရှိပါတယ်။ ခရေပင်တွေ ရဲ့ သက်တမ်းဟာ မင်းတုန်းမင်းကြီးရဲ့ နန်းစံသက် (၈) နှစ်အရောက် သက္ကရာဇ် ၁၈၆၀ ခုနှစ်မှာ မိုးပြစစ်ကဲတော်ကြီး ကုသိုလ်ယူစိုက်ပျိုးခဲ့တာဆို တော့ အခုဆိုရင် နှစ်ပေါင်း (၁၃၅) နှစ်တောင် ရှိပြီပေါ့။

သို့ကလို နှစ်ပေါင်း (၁၃၅) နှစ် ရှိခဲ့တဲ့ ကုသိုလ်တော်ဘုရားထဲက ခရေပင်တန်းကြီးဟာ မကျွမ်းမကျိုး၊ မနွမ်းမညှိုးဘဲ မိုးမိုးမားမား ရွက်ဖား ဖားနဲ့ ခံ့ညားဆဲ၊ ခိုင်မတ်ဆဲ၊ စွဲရှိဆဲပါတဲ့။ အာဂစွဲရှင် ခရေပင်တဲ့။ မခန်း မကုန် ရနံ့ထုံဆဲပါတဲ့။

ကုသိုလ်တော် ဘုရားကို ဗဟိုပြုပြီး ရေးဖွဲ့တားတဲ့ ကဗျာဟာ တရား မဟောပါဘူး။ ဒါပေမယ့် ကဗျာရဲ့ နိဂုံးမှာတော့ တရားသဘောကို ဟော သလိုချုပ်လိုက်ပါတယ်။

**ဩော် ရှစ်ဆယ်သက်တမ်း**
**ထက်ဝက်ကျွမ်းလာ**
**ငါ့ကိုယ်ငါလျှင်၊ မှတ်ကျောက်တင်ကြည့်**
**သုံးသပ်မိပြီ**
**မရှိမွှေးနံ့၊ မပြန့်ရိပ်သာ**
**မဖြာစိမ်းလန်း၊ မကျန်းမတ်နိုင်**
**အနိုင်နိုင်လှမ်း၊ ကန္တာကြမ်းမှ**
**ပန်းပန်းလျလျ၊ ဤဘဝကား**



www.burmeseclassic.com

www.burmeseclassic.com

### သြဂလိုင်းကြော၊ ရွက်ချောက်မျောသို့
### အချည်းနှီးသော ဇာတ်ထုပ်တည်း...။

ခရေပင်ကြီးတွေရဲ့ သက်တမ်းဟာ (၁၃၅) နှစ်မျှရှိခဲ့ကြပေမယ့် ကဗျာဆရာမရဲ့ လူ့သက်တမ်းကတော့ နှစ် (၄၀) မျှသာရှိနေပါသေးတယ်။ လူ့ဘဝဆိုတာ အသက် (၄၀) ရောက်မှသာ စွမ်းမြောက်ရှင်သန်၊ အားမာန်အစ... ရယ်လို့သတ်မှတ်ကြလျှင် ကဗျာဆရာမရဲ့ အရွယ် အသက် (၄၀) ဆိုတာဟာ ဘဝကို တည်ဆောက်ဖန်တီးလို့ အကောင်းဆုံးအချိန်ပေါ့။

အခုတော့ ကြည့်လေ...။

ဇာတ်မှာ ဧရာမငြိသေးပါလျက် ဗျာခိဆိုတဲ့ ရုပ်-အနာဝရပ္ပဟာ ဥစ္စာစေကို မထေမဲ့မြင်ပြုခဲ့ပြီ။

သူ့ကိုယ်သူ ခရေပင်ကြီးတွေနဲ့ ယှဉ်တွဲပြီး မှတ်ကျောက်တင်ကြည့်လိုက်တော့ မွေးရန်နဲ့လည်းမရှိ။ သူ့ဘဝနဲ့သူ့အလှကြောင့် ဘယ်သူမှ အရိပ်အာဝါသလည်းမရ။ သူ့ကိုယ်တိုင်လည်း မတ်မတ်ခိုင်ခိုင် မရပ်နိုင်။ ဝေဒနာလွှမ်းနေတော့ နွေကန္တာလမ်းကိုလည်း ခြေသန်မာစွာနဲ့ လှမ်းလို့မဖြစ်။ နှစ်တစ်ရာကျော်ကာ ပင်အိုရကွဖြစ်တဲ့ ခရေပင်ကြီးရဲ့ဘဝနဲ့ယှဉ်လိုက်တော့ သူ့ဘဝဟာအချည်းနှီးနဲ့ ထီးတည်းမဲ့မဲ့။ ဘဝမောလျှဲသြဂလိုင်းကြောမှာ ရွက်ချောက်မျောပမာ...။ လာမိခဲ့တဲ့ ဇာတ်ဟာ တစ်စုံတစ်ရာ မှားယွင်းတိမ်းချော်ခဲ့ပြီ။

**ငြိမ်း (ရွှေလီ)** ရဲ့ ကုသိုလ်တော်ဘုရားအရပ်မှာ တရားမှတ်ရင်း သူ့ကိုယ်သူ ပြန်ရှုတဲ့ကဗျာဟာ ဇာတ်ကိုဖက်တွယ်ရင်း ဗျာခိကို မေ့နေတဲ့ မိမိကို မသိမသာ ပုတ်နှိုးသွားခဲ့ပါပြီ။ နာခေါင်း (ဒွာရ) က တစ်ဆင့်လွင့်ပျံ့လာတဲ့ မွှေးပွင့်ကြွေ ခရေပွင့်လေးရဲ့ ရနံ့ဟာ တစ်ခုသောအကြောင်းခံတရားကြောင့် မှန်ထုတ်ပြီး ဟန်လုပ်နေတဲ့ မိမိကို သတိရှိဖို့လက်တို့ပြခဲ့ပါပြီ။ ဘဝဇာတ်နဲ့ ဧရာဗျာခိရဲ့ ဆက်နွှယ်ပတ်သက်နေမှုကို မြင်တတ်၊ ရှုတတ်အောင် ခရေပင်ကြီးနဲ့ယှဉ်ပြီး ပုံဆောင်ပြခဲ့ပါပြီ။

ဒီလိုဆိုလျှင် ဘဝကို ဘယ်လိုအရိပ်မှာ ချွေးသိပ်နားနေ အပန်းဖြေစေမလဲ။ 'အရိပ်' ဆိုတာ အဘယ်မှာလဲ...။ အလန့်တကြားနဲ့ ကဗျာဧည့်ခန်းကို အပြေးအလွှား ခံစားလိုက်တော့ ကလျာမဂ္ဂဇင်းထဲမှာပဲ ဝင်းဝင်းမြင့်



(နန်းတော်ရှေ့) ရဲ့ 'အရိပ်' ဆိုတဲ့ ကဗျာတစ်ပုဒ်ကို ဖြတ်ခနဲတွေ့ခွင့်ရလိုက်ပါတယ်။ ဘယ်လိုအရိပ်ပါလိမ့်။

(၁)
အရိပ်မှာ
အရောင်မရှိ...။

(၂)
အမှောင်မှာ
အရိပ်မရှိ...။

(၃)
အလင်းကြောင့်
အရိပ်ရ
အရိပ်မှန်ရင် အေးမြတယ်။

(၄)
ဘုရားတရားအရိပ်
သံဃာတော်အရိပ်
လူကြီးသူမအရိပ်
ရွယ်တူအရိပ်၊ ငယ်သူအရိပ်
ချစ်သူအရိပ်၊ မုန်းသူအရိပ်
အရိပ်မှန်သမျှ
စိတ်ချလက်ချဖြတ်နင်း
နင်းသူအပေါ် အရိပ်ကျ
'အရိပ်' မှန်ရင် နင်းမရ...။

(၅)
အရိပ်ကိုအံတု
ရန်ပြုသူကို
အရိပ်က ပြန်မှီး
အညှိုးမဲ့မေတ္တာ
'အရိပ်' ဆိုတာ 'ကြင်နာ' တတ်တယ်...။



www.burmeseclassic.com

www.burmeseclassic.com

အရိပ်ဆိုတာ အလင်းရောင်ရှိမှသာ တုံ့ပြန်နိုင်တဲ့ သဘာဝရှိပါတယ်။ အမှောင်ထဲမှာ အရိပ်မထွက်နိုင်ပါဘူး။ ပြီးတော့ကာ အရိပ်ဆိုတာ အနီရောင်၊ အပြာရောင်၊ အပူရောင်၊ အအေးရောင်ရယ်လို့ ဘယ်သူ့ပေါ်မှာမှ မျက်နှာလိုက်ရိုး ထုံးစံမရှိပါဘူး။

ဘာကြောင့်ဆို 'အရိပ်' ဟာ မေတ္တာရဲ့ သင်္ကေတဖြစ်ပါတယ်။ အရိပ်ကို အံတုသည်ဖြစ်စေ၊ ရန်ပြုသည်ဖြစ်စေ၊ အရိပ်ကတော့ ဘယ်သူ့ကိုမှ ရန်ငြိုးမဖွဲ့ခဲ့ပါဘူး။ ဒီလိုနဲ့ ယခုတစ်လမှာတော့...

**ဝင်းဝင်းမြင့် (နန်းတော်ရှေ့)** ညွှန်ပြတဲ့ **'အရိပ်'** ကို ခြေရာခံကြည့်ရင်း... **ငြိမ်း (ရွှေလီ)** ရောက်သွားခဲ့တဲ့ **'ကုသိုလ်တော်ဘုရား'** ပရိဝုဏ်ထဲက ခရေသင်းတဲ့ မြေခင်းသန့်သန့်မှာ မိမိကိုယ်မိမိ အထိတ်တလန့်ဖြစ်နေမိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

လူသည် မိမိဘဝမှာ အစိမ္ပာယ်နှင့် တန်ဖိုးရှိသည်ဟု စံစားရစိုက်၊ နေစရာအကြောင်းတစ်စုစုရှိသည်ဟု ခံစားရစိုက်မှာ ဘဝတွင် နေသည်။ အစိမ္ပာယ်၊ တန်ဖိုး ပျောက်လန့်ချက်တို့ မိမိဘဝမှ ပျောက်ကွယ်သွားကြသည်နှင့် တစ်ပြိုင်နက် ထိုဝှက်ရှုလ်သည် ဘဝနေထိုင်မှုကို စ၍ ရပ်လိုက်ပြီးလျှင် စ၍ သေလွန်လေတော့သည်။

'ဆစ်ခါနီး – ဂျောက်ရပ်ဒ်'
တက်တိုး – ပြုစုပြန်ဆိုသော
သူတို့အတွေးအခေါ် မှတ်စုများ
အမှတ် – ၄ မှ



## ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၁၆)

လက်ဖက်ရည် ကောဝိုင်းတစ်ခုမှာ ကဗျာဆရာ တစ်ယောက်က ကောက်ကာငင်ကာ မေးလာပါသည်။ သူ့မေးခွန်းကတော့...

'ကဗျာဧည့်ခန်းများကို ဖြတ်သန်းတဲ့အခါ ဘယ်လိုမူဝါဒ၊ ဘယ်လို စံထားချက်နဲ့ ရွေးချယ်ခံစားပြပါသလဲ'... တဲ့။

ထိုကဗျာဆရာရဲ့ မေးခွန်းဟာ ရှုပ်ရှုပ်ထွေးထွေးမဟုတ်ပေမယ့် မိဘက်က ပေးရမယ့် အဖြေဟာ ဆွဲနေးနေပါတယ်။ လျှပ်တစ်ပြက်အတွင်းမှာ မှတ်ချက်ရှင်းရှင်းနဲ့ ခင်းကျင်းမပြနိုင်ခဲ့ပါဘူး။ ပြီးစလွယ် တုံ့ပြန်ဖြေကြားမယ်ဆိုရင်တော့...

'သပြေတေးမဂ္ဂဇင်းမှာ လက်လှမ်းမီသမျှ ကျွန်တော် ခင်းကျင်းတင်ပြနေတဲ့ ကဗျာလေးတွေအပေါ် ကျွန်တော့်ဘက်က ခံစားပုံခံစားကွက်ဟာ ကျွန်တော့် စံထားချက်နဲ့ ကျွန်တော့်အယူအဆပေါ့ဗျာ' လို့ဆိုမိရင် ဆိုခွင့်ရှိမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ဒီလိုလည်း မဟုတ်သေးဘူးလေ။

မဂ္ဂဇင်းအယ်ဒီတာတစ်ယောက်ဟာ သူတာဝန်ယူထားတဲ့ မဂ္ဂဇင်းမှာ ဧည့်ခန်းဆောင်ကဗျာတွေကို သူ တကယ်နှစ်သက်သလို (ဒါမှမဟုတ်)



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေသလို ရွေးချယ်ဖော်ပြပိုင်ခွင့်ရှိပါတယ်။ မဟာသီမဂ္ဂဇင်းက စာပေဆောင်းတဆောင်းမှာ ကိုအောင်ပြည့်ပြောသလိုပဲ၊ 'ကာရန်ရှိရှိ မရှိရှိ၊ ကိုယ့်ဘာသာကိုယ် ဖတ်၊ ခံစားကြည့်လို့ ရင်ထဲသိပ်ငြိသွားရင် ထည့်လိုက်တာပဲ' လို့ ဆိုပိုင်ခွင့်ရှိတယ်။ သူက အယ်ဒီတာကို။

အခု မိမိလုပ်ရတဲ့အလုပ်က လစဉ်ထုတ်မဂ္ဂဇင်းတွေထဲက ကဗျာ ညွှန်းခန်းတွေကို အပြေးအဖြန်း ဖြတ်သန်းရင်း မှတ်တမ်းတင်သင့်ရာရာကို ဖျိုးဖျိုးဖျပ်ဖျပ် လုပ်ကြည့်ရတဲ့အလုပ်။ ကဗျာအလှကို ခြေရာရှာပြရတဲ့ အလုပ်။ မိမိရဲ့ ပုဂ္ဂလိက ကေဝုစ်အမြင်နဲ့ ခံစားသူအများစုရဲ့ ဗဟုဝါဒကို အနုမာန မျက်မှန်းဆရင်း တံတားခင်းကြည့်ရတဲ့အလုပ်။ တစ်ဖက်နဲ့ တစ်ဖက် ခံစားမှုရေချိန်ညှိကြည့်ရတဲ့ အလုပ်ဖြစ်တယ်။ ကိုယ်ခံစားရတိုင်း လွှတ်လွှတ်လပ်လပ်ချရေးပြလို့မရ။ ကာလ၊ ဒေသ၊ ပယောဂကို ဥပေက္ခာပြုလို့လည်း မဖြစ်။

ဒီလိုနဲ့ ညွှန်းခန်းများကိုဖြတ်သန်းဖို့ အချိန်ကျရောက်လာတိုင်း ဆွံ့နေးလေးလံနေမိတာတော့ အမှန်။ ယက်ကန်ယက်ကန်ဖြစ်နေမိတာ လည်း အမှန်။ ကဗျာလေးတွေကတော့ သူ့သဘာဝနဲ့သူ၊ သူ့အလှနဲ့သူ ပျူပျူငှာငှာချစ်စရာတွေချည်းပါပဲ။ ဒါပေမယ့် ညွှန်းခန်းများကို ဖြတ်သန်းသူရဲ့ အလုပ်သဘာဝအနေနဲ့တော့ ကဗျာလေးတွေရဲ့ အရသာကို မြည်းစမ်းခံစားရာမှာ ကိုယ့်ပါးစပ်နဲ့ ကိုယ့်အရပ်အကြိုက်ကိုချည်း ရှေ့တန်းတင်မိနေပြန်ရင်လည်း ဆန္ဒာဂတိ၊ ငြိစွန်းဖွယ်ရာရှိလာနိုင်ပါတယ်။ ကြုံရာကျရာကဗျာကို တာဝန်ကျေရုံမျှ ခရီးသွားဟန်လွှဲ ဆွဲထုတ်ပြနေပြန်ရင်လည်း မောဟာဂတိ၊ မသိတိမ်းပါးများယွင်းဖွယ်ရာ ရှိလာနိုင်ပါတယ်။

သို့ကလို နှစ်ဖက်အစွန်းမှ အပွန်းအရှဖြစ်လာနိုင်ဖွယ်ရာများကို သတိထားပြီး လျှောက်လှမ်းရင်း ၁၉၉၅ ခု၊ မတ်လထုတ်မဂ္ဂဇင်းတွေထဲ က ကဗျာညွှန်းခန်းများကို ဖြတ်သန်းလိုက်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ ဖြတ်သန်းမလဲ။

လူဟာ လူ့ဘဝရဲ့ အဓိပ္ပာယ်၊ တန်ဖိုးနဲ့မျှော်လင့်ချက်တွေကို မျက်လုံးအိမ်လို ကာကွယ်ပြီး မျက်လွှာကြည်ကို စောင့်ရှောက်တတ်တဲ့ စိတ်ဓာတ်မျိုးနဲ့ အစဉ်သဖြင့် မွေးမြူတတ်ကြပါတယ်။ လူတစ်ယောက်ရဲ့ ဘဝ နေထိုင်မှုကိစ္စမှာ ဘဝရဲ့အဓိပ္ပာယ်ကို သိလိုမှု၊ ဘဝရဲ့တန်ဖိုးကို မြင့်တက်နိုး



တတ်မှု၊ ဘဝရဲ့မျှော်လင့်ချက်ကို အဟောသိကံ မဖြစ်ရအောင် အားထုတ်မှုစတဲ့ အခြေခံအင်္ဂါသုံးရပ်ဟာ မရှိမဖြစ်လိုအပ်တဲ့ စိတ်ဓာတ်ဖြစ်ပါတယ်။ အဲဒီ ကြန်အင်လက္ခဏာသုံးရပ်ဟာ ပြတ်တောက်ရပ်ဆိုင်းသွားတာနဲ့အမျှ 'ဘဝ'ဆိုတဲ့ နာမ်ပုဒ်ဟာလည်း ငုပ်လျှိုးကွယ်ပျောက်သွားမှာပါပဲ။

ကဗျာတစ်ပုဒ်မှာလည်း ဘဝရဲ့ နေထိုင်မှုလိုပဲ ကဗျာရဲ့အဓိပ္ပာယ်၊ ကဗျာရဲ့ တန်ဖိုးနဲ့ မျှော်လင့်ချက်စတဲ့ အခြေခံလက္ခဏာသုံးရပ်ရှိပါတယ်။ ကဗျာတစ်ပုဒ်မှာ မရှိမဖြစ်လိုအပ်တဲ့ အဲဒီအသက်ဓာတ်သုံးမျိုးကို စောင့်ကြပ်ကာကွယ် ကျားကန်ပေးထားတဲ့ ဒေါက်တိုင်သုံးခုရှိနေပါတယ်။ ကဗျာကို ဘယ်လိုနည်းနဲ့ မွေ့လျော်ပျော်ဝင်ခံစားလိုသည်ဖြစ်စေ ဖော်ပြပါ ဒေါက်တိုင်သုံးခုကိုတော့ ကျော်လွှားဖယ်ရှားသွားလို့ မရနိုင်ပါဘူး။ ဘယ်လိုဒေါက်တိုင်တွေမို့လဲ။

၁။ ကဗျာရဲ့ အသံအလှ (သဒ္ဒါလင်္ကာရ)။
၂။ ကဗျာရဲ့ စကားအလှ (အတ္ထာလင်္ကာရ)။
၃။ ကဗျာရဲ့ စိတ်ကူးအလှ (ဒဿန)။

အဲဒီ အခြေခံသုံးမျိုးကို ရေးထုံးနည်းနာလို့ပဲ ဆိုချင်ဆို၊ တိုင်းအိုတိုင်ပေါင်းလို့ပဲ ပြောချင်ပြော၊ သဘောတွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ပစ်ပယ်လို့မရတာတော့ သေချာလှပါတယ်။ ထိုအခြင်းအရာ သုံးရပ်ကို နိုက်နိုက်နဲ့နဲ့၊ ထဲထဲဝင်ဝင်၊ မြင်အောင်ကြည့် သိအောင်အားထုတ်နိုင်မှသာ ကဗျာရဲ့အလှ ရတနာနဲ့ ကဗျာရဲ့အရသာကို တန်ဖိုးထားပြီး ခံစားနိုင်မှာဖြစ်တယ်။ ကောင်းပြီ။

ဖော်ပြပါ အခြင်းအရာသုံးရပ်ကို မိမိဘက်က အကြွင်းမဲ့ ခံယူဖြည့်ဆည်းရင်း... ကဗျာတစ်ပုဒ်ရဲ့ အခြေခံ ရှင်သန်နေထိုင်မှုဖြစ်တဲ့ ကဗျာအဓိပ္ပာယ်၊ ကဗျာ့တန်ဖိုးနဲ့ ကဗျာ့မျှော်လင့်ချက်ကို အလှရှာဖို့ စာမျက်နှာတစ်ချပ်ကို လှပ်လိုက်တော့ ကလျာမဂ္ဂဇင်းထဲက ကဗျာဆရာမ **ခင်ဝင်းသန်း**ရဲ့ '**ညှင်းအဆိပ်**' ကဗျာဟာ မိမိရဲ့အာရုံထဲ ဖြတ်ခနဲ ရောက်လာပါတော့တယ်။

**ငါရဲ့ အသည်းနှလုံးကို**
**ငါ့မျက်လုံးတွေက**
**မီးဟုန်းဟုန်းတောက်**



www.burmeseclassic.com

www.burmeseclassic.com

**ပြာဘဝရောက်အောင်ကြည့်**
**လောင်မြိုက်နေလိုက်ပုံများ…။**

ကဗျာဆရာမဟာ သူ့ကိုယ်သူ ဇဟိုပြုပြီး လူ့ဘဝရဲ့ အဓိပ္ပာယ်ကို အခုလိုရှာကြည့်ပါတယ်။ အသည်းနှလုံးဆိုတာဟာ ခန္ဓာကိုယ်မှာရှိတဲ့ ဒွါရ ပေါက်တွေက ဝင်လာတဲ့ ခံစားမှုတွေကို သိမ်းဆည်းသိုထားရာ လျှို့ဝှက် သေတ္တာတစ်လုံး မဟုတ်လား။ ကိုယ့်ခန္ဓာကိုယ်ထဲက လျှို့ဝှက်သေတ္တာကို ကိုယ့်မျက်လုံး ဒွါရပေါက်တစ်ခုက မီးဟုန်းဟုန်းတောက်လောင်အောင် ပုလောင်ကျွမ်းမြိုက်စေမယ့် အကြည့်မျိုးနဲ့ ဘာကြောင့် စူးစူးစိမ်းစိမ်းကြည့် နေရတာလဲ။ ဘဝရဲ့အဓိပ္ပာယ်နဲ့ ကပ်ပြီးပြထားတဲ့ ကဗျာရဲ့အဓိပ္ပာယ်အရ နှိုင်းနှိုင်းဆဆ ဖွင့်ဆိုကြည့်ရရင်တော့ ခံစားမှုတွေ သိုဝှက်ထားရာ ကဗျာ ဆရာမရဲ့ အသည်းနှလုံးဟာ ကျွဲပခုံးထလောက်အောင် အကျည်းတန်အရုပ် ဆိုးနေခဲ့ပြီလား။ မိမိရဲ့ ချဉ်းကပ်ပုံကို ထောက်ခံနေတဲ့ ကဗျာရဲ့နောက် တစ်ပိုဒ်ကတော့ –

**အေးစက်နေတဲ့**
**လက်ဖက်ရည်ခွက်ထဲက**
**မလိုင်ဖတ်အတုတွေလည်း**
**ဟိုတစ်စ သည်တစ်စ**
**ပေါလောမျောလို့…။**

လက်ဖက်ရည်ဆိုတာ ဘဝရဲ့ ချိုမြိန်တဲ့အရသာ။ ထိုချိုမြိန်မှုရဲ့ မျက်နှာပြင်ထက်မှာ ရှိနေတာက မလိုင်ဖက်အတု။ ပျော်ရွှင်မှုအတု။ ဘဝ အလှအတု။ အတု… အတု… အတု…။

မလိုင်ဖတ်အတုနဲ့ တူတဲ့ခံစားမှုအတုတွေကို ကဗျာဆရာမရဲ့ မျက်လုံး တွေဟာ နာနာကြည်းကြည်းကြည့်တော့မှာပေါ့။ ဒါဟာ လူ့သဘာဝပဲလေ။

**တစ်ထွာသာသာ နေရာတစ်ခု**
**ယိုင်နဲ့နဲ့ ဈေးခြေပုံပေါ်မှာ**
**အဝေးကို မျှော်ငေး**
**လက်ဖက်ရည်ချို တစ်ဝက်**
**လက်ဖက်ရည်ကြမ်း တစ်ဝက်**



**ငြိမ်သက်နေဆဲ ကျောက်ရုပ်**
**ဒါ လူမှဟုတ်ရဲ့လား။**

ကဗျာဆရာမဟာ ဘဝရဲ့အဓိပ္ပာယ်ကို ရှာဖွေစူးစမ်းရင်း ဘဝရဲ့ တန်ဖိုးနဲ့ ပက်ပင်းတိုးနေပြီလေ။ အဓိပ္ပာယ်ရှိရမယ့် လူ့ဘဝရဲ့ တန်ဖိုးဟာ တစ်ထွာသာသာ ဈေးခြေပုလေးပေါ်မှာ ယိုင်ယိုင်ညွတ်ညွတ်နဲ့ ခရွတ်ခဲရော် ထိုင်ရင်း သက်ပြင်းချနေရုံလား။ ဟိုအဝေးကို မျှော်ငေးနေရုံလား။ မတုန် မလှုပ် လူကျောက်ရုပ်သက်သက်လား။

မိမိဟာ ကဗျာရဲ့ အဓိပ္ပာယ်ကိုရှာရင်း ကဗျာရဲ့ တန်ဖိုးကို ဖြိုးခနဲ ဖျတ်ခနဲထိတွေ့ခွင့်ရလိုက်ပါတယ်။ မိမိထိတွေ့ခွင့်ရလိုက်တဲ့ ကဗျာရဲ့တန် ဖိုးဆိုတာ ဘယ်လိုအရာလဲ။

**ဆည်းဆာတွေလည်း**
**စပ်ကြွမ်းကြွမ်းဖြိုလဲ**
**အကွဲကွဲ အရှုရှု ညဥ့်ဖန်သားပြင်**
**အသက်ငင်လိုက်ပုံက**
**ကြယ်ပွင့်လေးတွေအဖျားတက်**
**၁၀၁ ဒီဂရီအထက်မှာ**
**အသာကြည့်နေလိုက်ရတော့မလို**

ဆိုတဲ့ ကဗျာရဲ့အပြဟာ ကဗျာရဲ့ အလှတန်ဖိုးကို သတိပြုမိလာ အောင် မိမိကိုစည်းရုံးခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်ပုံခေါ်ဆောင်နည်း အဆင့်ဆင့်ကတော့ –

ပထမ မီးဟုန်းဟုန်းတောက်နေတဲ့ မျက်လုံးနဲ့ ကိုယ့်အသည်းနှလုံး ကိုယ်ပြန်ကြည့်။ ဒုတိယ… အေးစက် လက်ဖက်ရည်ခွက်ရဲ့ မျက်နှာပြင်ထက် က မလိုင်ဖတ်အတုများ။ တတိယ… မလှည့်သာ မလှုပ်သာနေရာတစ်ခု ပေါ်က မတုန်မလှုပ် လူကျောက်ရုပ်။ စတုတ္ထ… ဆည်းဆာတွေပြိုလဲ၊ ကွဲ ရှညဥ့်ဖန်သားပြင်၊ အဖျားတက် အသက်ငင်ကြယ်ပွင့်လေးများ၊ အပူချိန် (၁၀၁) ဒီဂရီအထက်မှာ ရှိနေကြ…။

ဒီပြကွက်တွေဟာ ပြဇာတ်တစ်ပုဒ်၊ ရုပ်ရှင်တစ်ကားအတွက် ဇာတ် ညွှန်းသက်သက်ဆိုရင် အခန်းခွဲ့စည်းပုံ၊ အခန်းကူးပြောင်းပုံ အစီအစဉ် စနစ်တကျရှိစေဦးတော့ ရသဗေဒအဖြစ် ကျစ်လျစ်သိပ်သည်းမှုမျိုးရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com

မယ်မထင်ပါဘူး။ **ခင်ဝင်းသစ်** ရဲ့ **'ညှင်းအဆိပ်'** ကဗျာမှာတော့ အုံဘနန်း အဆန်းတကြယ်ကိစ္စများ မပါရှိပေမယ့် အထက်နားမှာဆိုခဲ့တဲ့အတိုင်း ကဗျာတစ်ပုဒ်ရဲ့ တန်ဖိုးကိုတော့ ပြိုးခနဲ ပြက်ခနဲ တွေ့ထိလိုက်ရပါတယ်။ အဲဒီ တန်ဖိုးကတော့ အကောင်းဆုံးဘာသာစကားနဲ့ ဖွဲ့စည်းထားတဲ့ ကဗျာရဲ့ အဓိပ္ပာယ်တွေကို အဆင့်ဆင့်ရှာဖွေရင်း ကဗျာကပေးမယ့် မှော်လင့်ချက်ကို တထင့်ထင့် ခြေရာခံကြည့်ရတဲ့ ကိစ္စပါပဲ။ ဒီလိုနဲ့ ကဗျာရဲ့ နိဂုံးဆီကို အာရုံစူးကြည့်လိုက်တဲ့အခါ –

**အုန်းလက်ချွန်တွေရဲ့**

**မျက်လုံးအစုံတွေနဲ့**

**ငိုဝေဝေကြည့်မေး**

**မှော်လင့်ချက်တွေ**

**အာရုံတွေ**

**အခြေတစ်ခု ဘယ်သူ့ဖို့ပါလိမ့်။**

ဆိုတဲ့ ခပ်မှဲ့မှဲ့ မှော်လင့်ချက်တစ်ကွက်ကို လက်ဆောင်ရလိုက်ပါတယ်။ မှန်ပါတယ်။ ကဗျာဆရာမ **ခင်ဝင်းသစ်** ဟာ အဆုံးစွန်သော **အန္တိမ မှော်လင့်ချက်တစ်ခုကို စေ့စေ့ငှ** မညွှန်ပြသာခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ ကဗျာရဲ့ ဘဝနဲ့ ကဗျာရဲ့ ကိုယ်ခန္ဓာဖွဲ့စည်းမှုထဲမှာ ကိုယ့်မျက်လုံးနဲ့ကိုယ် ပြန်အကြည့်ခံနေရတဲ့ ကိုယ့်အသည်းနှလုံးရယ်။ ချိုမြိန်စရာမရှိတော့တဲ့ အေးစက်လက်ဖက်ရည်ခွက်ထဲက ပျော်ရွှင်မှုမလိုင်ဖတ်အတုတွေရယ်။ ခါးသက်သက် ခံစားချက်နဲ့ ယှိုင်နဲ့နဲ့ဖြစ်တည်မှုပေါ်က လူ့ကျောက်ရုပ်သွင် ပုထုဇဉ်ရယ်။ ဖျားနေတဲ့ ကြယ်ပွင့်လေးများနဲ့ ကဲ့ပြိုကြေမွနေကြတဲ့ ညဖန်သားပြင်ရယ်။ အုန်းလက်ချွန်ချွန်လို စူးရှုးမြမြ မျက်လုံးစိမ်းတွေရယ်။

သို့ကလို ဝန်ဆောင်မှုတွေနဲ့ လေးသိပ်ပျစ်ခဲနေတဲ့ ကဗျာတစ်ပုဒ်မှာ ဘယ်လိုလုပ်ပြီး နေရာတကျတဲ့ အန္တိမ မှော်လင့်ချက်မျိုး တွေ့မြင်နိုင်ပါမလဲ။ ကဗျာဆရာမရဲ့ **'ညှင်းအဆိပ်'** ကဗျာကို မိမိရဲ့ အတွင်းစိတ်ထဲမှာ ချင်ခြင်း မပြေဘူးဆိုရင်တော့ မိမိကိုယ်မိမိ ပြန်မေးကြည့်ရမှာပဲ။ (**မှော်လင့်ချက်တွေ...၊ အာရုံတွေ...၊ အခြေတစ်ခုဘယ်သူ့ဖို့ပါလိမ့်**) လို့ဆိုတဲ့ ကိုယ့်အသည်းနှလုံးကို ကိုယ့်မျက်လုံးနဲ့ကိုယ် ပြန်ကြည့်မေးရမယ့် ကိစ္စမျိုးပေါ့။



အခုတော့ မမေးဖြစ်ခဲ့ပါဘူး။ မေးဖို့ ပြင်ဆင်နေတုန်းမှာပဲ–

ပေါ့လျော့လို့ မဖြစ်တဲ့နေ့တွေကို

ဖျင်းရိခြင်းမပါဘဲ လျှောက်လှမ်းရမယ်လေ

ဆိုတဲ့ အသံတစ်သံကို ကြားလိုက်ရပါတယ်။

ထိုအသံရှင်ဟာ မဟောသီမဂ္ဂဇင်း ညှော်ခန်းထဲက ကဗျာဆရာမ **မေ်းသီတာ** ဖြစ်ပါတယ်။ ကဗျာရဲ့အမည်ကတော့ **'ခရီးတစ်ခုရဲ့ ချိုမြိန်ခြင်း'** တဲ့လေ။

ချိုမြိန်မှုအတုတွေကို အနှလုံပင့်လုံ့ရှခဲ့ရတဲ့ မိမိဟာ အခုတော့ **'ခရီးတစ်ခုရဲ့ ချိုမြိန်ခြင်း'** ကို စတင်လျှောက်လှမ်း စူးစမ်းကြည့်ခွင့်ကြုံရပြန်ပါပြီ။

**စိတ်ထားသန့်စင်**

**ကြည်လင်ခြင်းနဲ့**

**နံနက်ခင်းလေကို ရှူရှိုက်လို့**

**လိပ်ပြာတွေဆွဲ**

**အနီရောင်ပန်းခင်းထဲမှာ...။**

**မေ်းသီတာ**ရဲ့ ကဗျာမှာ စ,စချင်း ကြားလိုက်ရတဲ့ အသံ။

ပေါ့လျော့လို့မဖြစ်တဲ့ နေ့တွေကို

ဖျင်းရိခြင်းမပါဘဲ လျှောက်လှမ်းရမယ်လေ

ဆိုတဲ့ ချောမွေ့ပြေပြစ်တဲ့ စကားရဲ့အလှ (အတ္ထလင်္ကာရ) နဲ့ စိတ်ကူးရဲ့ အလှ (သို့မဟုတ်) နှစ်သက်လက်ခံနိုင်ဖွယ် ဒဿနကြောင့် သူညွှန်ပြရာကို အဆိုင်းအငံ့မရှိ၊ တစိုက်မတ်မတ် လှမ်းကြည့်မိပါတယ်။

မိမိဟာ နေ့စဉ်နဲ့အမျှ မြင်တွေ့ကြားသိနေရတဲ့ အဖြစ်အပျက်တွေကို တစ်ခါတစ်ရံ ပေါ့ပေါ့တန်တန် မေ့ထားပစ်ခဲ့မှုးပါတယ်။ တစ်ခါတလေ ဖျင်းရိငြီးငွေ့စွာ ဥပေက္ခာပြုခဲ့ဘူးပါတယ်။ တကယ်တော့ ပေါ့လျော့ခြင်းမရှိ၊ ဖျင်းရိခြင်းမပါမှသာ ဘဝရဲ့ ပဓာနအရာကို ရှာရတာ အဆင်ပြေမယ် မဟုတ်လား။ ဘယ်နေရာမှာ ဘာကိုသွားရှာမှာလဲ...။

ကဗျာဆရာမ **မေ်းသီတာ** ကတော့ ကြည်လင်သန့်စင်တဲ့ စိတ်နဲ့ နံနက်ခင်းရဲ့ လေညင်းကို ရှူရှိုက်ရင်း ပန်းခင်းထဲကို တစ်လှမ်းချင်း လျှောက်သွားနေပါပြီ။ ဘယ်လိုပန်းခင်းမျိုးလဲ...။



www.burmeseclassic.com

www.burmeseclassic.com

လိပ်ပြာလေးတွေရောဝဲ
**အနီရောင် ပန်းခင်းထဲမှာ... တဲ့လေ။**

မိမိအနေနဲ့တော့ (လိပ်ပြာတွေရောဝဲ၊ **အနီရောင်ပန်းခင်းထဲမှာ...**) ဆိုတဲ့ ကဗျာဝါကျဟာ အဘိဓာန်လှန်စရာမလို၊ ခက်ဆစ်အဖြေရှာဖွေရန် မလိုပေမယ့် ရင်ထဲမှာ အနက်သစ်တစ်ခု ထင်ကျန်နေရစ်ပါတယ်။ 'အနီရောင်ပန်းခင်းထဲမှာ'၊ 'အနီရောင်ပန်းခင်းထဲမှာ'တဲ့။ 'အနီရောင်ပန်းခင်းထဲမှာ' ဆိုတဲ့ စကားအသုံးအနှုန်းဟာ နိမိတ်ပုံတစ်ကွက်ဖြစ်ပါတယ်။ နိမိတ်ပုံတစ်ကွက်ရဲ့ အတွေးနဲ့ အတွေ့ဟာ ကဗျာမှာ ကိုင်တွယ်ရခက်ခဲတဲ့ အနုပညာဆိုင်ရာ ပစ္စည်းတစ်ခုဖြစ်တယ်။ သို့ကလို ကိုင်တွယ်ရခက်ခဲတဲ့ ပစ္စည်းကို ကဗျာဆရာမ **မင်းသီတာ** က ကျွမ်းကျွမ်းကျင်ကျင်နေရာတကျ ကိုင်တွယ်သုံးနှုန်းပြလိုက်တော့ ကဗျာအတွင်းသားနဲ့ ကဗျာအဓိပ္ပာယ်ဟာ ပိုပြီး ကျယ်ပြန့်ချောင်ချိသွားတာပေါ့။ ကဗျာခံစားသူဘက်က အတွေးများဟာလည်း ဟိုးအဝေးဆုံးထိ ပစ်လွှတ်လို့ရတာပေါ့။ ဘယ်လောက်ထိအောင် အဝေးဆုံးလဲ...။

**နူးညံ့တဲ့ ရင်ခွင်များစွာကို**
**ဖြတ်သန်းပြီး တိုက်လာတဲ့**
**လေပြည်မှာ သစ်လွင်လတ်ဆတ်တဲ့**
**မေတ္တာရနံ့ ရှိနေတတ်မှာပါ။**

........

**ခွန်အားရှိအောင်**
**စကားပြောကြပါဦး**
**တောင်နံရံတွေကြားမှာ**
**အပြန်အလှန်ရှိတဲ့ ပဲ့တင်သံနဲ့။**

'နူးညံ့တဲ့ ရင်ခွင်'။ 'သစ်လွင်လတ်ဆတ်တဲ့ မေတ္တာရနံ့'။ 'တောင်နံရံတွေကြားက အပြန်အလှန်ပဲ့တင်သံ'...။ ဖော်ပြပါ စကားအသုံးအနှုန်းတွေဟာလည်း နိမိတ်ပုံကွက်တွေဖြစ်ကြတယ်။ ခံစားသူရဲ့ အာရုံမှာအတွေးရုပ်တွေပေါ်လာအောင် ဖော်ဆောင်ပြနိုင်ခဲ့ကြတယ်။ ဘယ်လိုအတွေးရုပ်မျိုးတွေလဲ။ နူးညံ့တဲ့ရင်ခွင်များစွာဟာ ဘယ်ဆီဘယ်နားမှာလဲ။ အနီရောင်ပန်းခင်းထဲမှာလား။ ဖြတ်သန်းပြီး တိုက်ခတ်လာတဲ့ လေပြည်ထဲမှာ ဘာ



ကြောင့် မေတ္တာရနံ့တွေပါလာရတာလဲ။ နူးညံ့တဲ့ ရင်ခွင်များစွာကို ထိတွေ့ဖြတ်သန်းလာရလို့ပေါ့။ ခွန်အားတွေရှိလာအောင် ဘယ်သူတွေနဲ့စကားပြောကြရမှာလဲ။ တောင်နံရံကြားမှာ ရှိနေကြတဲ့ ပဲ့တင်သံတွေနဲ့ အပြန်အလှန်ပေါ့။ တောင်နံရံကြီးတွေကကော ဘယ်ဆီဘယ်ပြည်မှာလဲ။ အရှေ့ရိုးမလား၊ အနောက်ရိုးမလား၊ ရှမ်းရိုးမလား၊ ရခိုင်ရိုးမလား၊ ပဲခူးရိုးမလား၊ ပုပ္ပားတောင်မကြီးလား...။

တောင်နံရံရဲ့ အခြားတစ်ဖက်မှာ ပဲ့တင်ပြန်လာမယ့် အသံတွေဟာ ဘယ်သူ့အသံတွေ... ဘယ်လိုအသံမျိုးတွေလဲ။ စဉ်းစားစရာတွေက တစ်ပုံတစ်ပင်ကြီးပါပဲ။

ကဗျာတစ်ပုဒ်ကို ရင်အုပ်မကွာသိအောင် အားထုတ်နိုင်မှသာ ကဗျာကောင်းတစ်ပုဒ်ကို မြင်တတ်၊ ခင်တတ်၊ ကြင်တတ်၊ မင်ဝတတ်မှာဖြစ်တယ်။ ကဗျာရဲ့ ဘဝနဲ့ တန်ဖိုးကို မြတ်နိုးလေးစားတတ်မှာဖြစ်တယ်။

ဒီလိုနဲ့ တောင်နံရံတွေကြားက ပဲ့တင်သံတွေနဲ့ အပြန်အလှန်စကားပြောကြည့်ဖို့ ကဗျာရဲ့ နောက်တစ်ပိုဒ်နား တိုးကပ်သွားကြည့်လိုက်ပါတယ်။ တစ်ဆက်တည်းမှာပဲ 'ခရီးတစ်ခုရဲ့ ချိုမြိန်ခြင်း'... ကို ကြည်လင်သန့်စင်တဲ့ စိတ်ထားနဲ့ ခံစားကြည့်လိုက်ပါတယ်။

**ရိုးသားခြင်း ကိုယ်ကျင့်တရားကို**
**သယ်ဆောင်လာတဲ့ စမ်းချောင်းလေးဟာ**
**ငြိမ်းအေးတဲ့ အရပ်တွေဆီကို**
**အဆုံးမရှိ**
**ဆက်လက်စီးဆင်းနေမှာပါပဲ...။**

ပေါ့လျော့ခြင်းမရှိ၊ ပျင်းရိခြင်း မသမ်းတဲ့ ခြေလှမ်းပိုင်ရှင် ကဗျာဆရာမဟာ သန့်စင်တဲ့ စိတ်ဓာတ်နဲ့ နံနက်ခင်းလေးကို ရှူရှိုက်ပြီးပြီ။ လိပ်ပြာလေးတွေ ပျံဝဲနေတဲ့ အနီရောင်ပန်းခင်းထဲကိုလည်း ရောက်ခဲ့ပြီးပြီ။ နူးညံ့တဲ့ ရင်ခွင်များစွာကို ဖြတ်သန်းတိုက်ခတ်ရင်း သစ်လွင်လတ်ဆတ် မေတ္တာရနံ့တွေကို သယ်ဆောင်လာတတ်တဲ့ လေပြည်နဲ့လည်းမိတ်ဆွေဖွဲ့ခဲ့ပြီ။ တောင်နံရံတွေကြားမှာ လှုပ်ရှားရှင်သန်နေတဲ့ ပဲ့တင်သံတွေနဲ့လည်း အပြန်အလှန် စကားပြောပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

ယော အခုလည်း ရိုးသားခြင်းကို ဆောင်ယူလာတဲ့ စမ်းချောင်းလေးဆီ…၊ ငြိမ်းချမ်းတဲ့ နေရာအရပ်တွေဆီကို အလျဉ်မပြတ် စီးဆင်းနေဦးမယ့် စမ်းချောင်းလေးဆီ… ဦးတည်သွားနေပြန်ပါပြီ။ ကဗျာဆရာမရဲ့ စမ်းချောင်းလေးဟာ အမြှုပ်အမြှေးအပုပ်အဆွေးတွေနဲ့ ရှုပ်ထွေးနေတဲ့ စမ်းချောင်းလေးမဟုတ်။ ရိုးသားခြင်း ကိုယ်ကျင့်တရားကို သယ်ဆောင်လာတဲ့ သန့်ရသ စမ်းချောင်းလေး…။ အဆုံးမရှိ ပကတိစီးဆင်းနေမယ့် ဝိမုတ္တိရသစမ်းချောင်းလေး…။ ပုံတင်သံတွေနဲ့ အပြန်အလှန် နွေးထွေးတဲ့ သိင်္ဂါရ ရသစမ်းချောင်းလေး…။

ကဗျာခံစားသူ မိမိဟာ 'ခံစားမှု' ဆိုတဲ့ စကားရဲ့ အနက်ကို မိမိရင်ထဲမှာ ခဏတက်တဲ့ ရေတစ်ပွက်စာမျှလောက်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုလို့မရတော့ပါ။ '**ခရီးတစ်ခုရဲ့ မျှော်မှန်းခြင်း**'… ရသနောက်ကို ဘဝနဲ့ယှဉ်တဲ့ အာရုံတစ်ခုလုံး ပူးကပ်ပြီး တကောက်ကောက် လိုက်သွားမိပါတော့တယ်။ ကဗျာက ပေးမယ့် မျှော်လင့်ချက်ကို တရှိုက်မက်မက် နားစွင့်နေပါတော့တယ်။ ယော… နားထောင်…။

**ကမ္ဘာကြီးမှာ**

**သီချင်းသံတွေရှိနေတာ**

**အသက်များစွာကို**

**နှပျိုရှင်သန်စေတော့တာပါပဲ…။**

သီချင်းသံတွေနဲ့ မွှန်းထုံနေတဲ့ ကမ္ဘာကြီးထဲမှာ နေထိုင်ခွင့်ရနေတဲ့ အတွက် စိတ်ရှုပ်လွှာများစွာ၊ အသက်များစွာဟာ နုပျိုရှင်သန်ခွင့်ရနေကြတယ်ဆိုရင် ကဗျာဆရာမရဲ့ အဆိုဟာ ပိုမယ်ဖထင်ရက်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ ကြည့်တတ်ရင်မြင်၊ ခံတတ်ရင်တွေ့၊ မေ့လျော့တတ်ရင်ကြားနိုင်လောက်တဲ့ အသံတွေကို ဘယ်သူငြင်းဆန်လို့ဖြစ်နိုင်ပါ့မလဲ။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်နေပြီပဲ။ လိပ်ပြာရောင်စုံတွေ၊ အနီရောင်ပန်းခင်းတွေ၊ နုးညံ့တဲ့ ရင်ခွင်တွေ၊ မေတ္တာဓာတ်နဲ့ သစ်လွင်လတ်ဆတ်တဲ့ လေပြည်တွေ၊ တောင်နံရံကြားက အပြန်အလှန် ပုံတင်သံစကားတွေ၊ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ စမ်းချောင်းလေးတွေ…၊ ပြီးတော့ ကမ္ဘာကြီးထဲက သီချင်းသံတွေ…။ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာဖြစ်နေပြီပဲ။



သို့ကလို ကဗျာထဲက နိမိတ်ပုံ (သို့မဟုတ်) အာရုံရုပ်တွေကို အဟုတ်တကယ် ကြုံတွေ့လိုတယ်ဆိုရင်တော့၊

**ပေါ့လျော့ညို့ နှုတ်ခမ်းစိုတဲ့နေ့တွေကို**

**ဖျင်းရိုခြ[illegible] ဆွယ်ကျက်လှမ်းရမယ်လေ…။**

'ခရီးတစ်ခုရဲ့ မျှော်မှန်းခြင်း' ကို ရင်းရင်းနှီးနှီး တွေ့ထိခံစားနိုင်ဖို့ မိမိရရ စိတ်ပါဝင်စားနိုင်ရမယ်လေ။ ကဗျာကောင်းတစ်ပုဒ်ကို မြင်တတ်ကြိုက်တတ်မှသာ ကဗျာရဲ့ ဘဝအဓိပ္ပာယ်၊ ကဗျာရဲ့ ဘဝတန်ဖိုး၊ ကဗျာရဲ့ ဘဝမျှော်လင့်ချက်တွေဟာ စွမ်းရည်တက်လာမှာ ဖြစ်ပါတယ်။ ကဗျာဆရာအဖို့မှာလည်း ဖန်တီးရကျိုးနပ်နိုင်ပါတယ်။

ဖော်ပြပါ ကဗျာနှစ်ပုဒ်မှာတော့ ကဗျာဆရာမ **ခင်ဝင်းသစ်** ရဲ့ '**ညှင်းအထိပ်**' ကဗျာဟာ သူကျင်လည်ခဲ့ရတဲ့ ဘဝထဲက အတွေ့အကြုံကို ပေါ်နေပြီး ကဗျာဆရာမ **စမ်းသီတာ** ရဲ့ '**ခရီးတစ်ခုရဲ့ မျှော်မှန်းခြင်း**' ကဗျာဟာ သူယုံကြည်တဲ့ မျှော်လင့်ချက်ကို ဥပမာ ပုံဆောင်ပြထားတာဖြစ်တယ်။ ကဗျာဆရာ နှစ်ယောက်ရဲ့ ဖော်ပြပါ ကဗျာနှစ်ပုဒ်ကို 'အတ္တပုံဆောင်ခဲ' တွေပါပဲလို့ ပြောကြည့်ရင် ထိရောက်ပါ့မလား။ လွဲမှားတိမ်းချော်သွားနိုင်လေသလားလို့ မိမိရဲ့ အတ္တနောမတိကိုလည်း မိမိပြန်စစ်ဆေးကြည့်နေမိပါတယ်။ ကဗျာမွေ့သူဟာ ကဗျာဖွဲ့သူရဲ့ အခင်းအကျင်းကို ရင်းနှီးကျွမ်းဝင်အောင် အားထုတ်ရပါတယ်။ ကဗျာရဲ့ ဂုဏ်ပုဒ်ကို မထိတရိပြုလို့ မရပါဘူး။

မည်သို့ဆိုစေ ကဗျာဆိုတဲ့ အနုပညာပစ္စည်းတစ်ရပ်အနေနဲ့တော့ အထက်ဖော်ပြပါ ကဗျာနှစ်ပုဒ်ဟာ ကဗျာနဲ့တူတဲ့ အလုပ်သုံးခုကို ထဲထဲဝင်ဝင် လုပ်ပြသွားခဲ့ပါပြီ။ စကားသံတွေရဲ့ တာဝန်၊ စကားအသုံးအနှုန်းတွေရဲ့ တာဝန်၊ စကားဖွဲ့ထုံးတွေရဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါပြီ။ ကဗျာ့အဓိပ္ပာယ်၊ ကဗျာ့တန်ဖိုးနဲ့ ကဗျာ့မျှော်လင့်ချက်ဆိုတဲ့ ကိစ္စသုံးရပ်ကိုလည်း ဖျိုးဖျိုးဖျပ်ဖျပ် ညွှန်ပြသွားခဲ့ကြပါပြီ။

ထိုဖော်ပြပါ ကဗျာနှစ်ပုဒ်ရဲ့ လှုပ်ရှားမှုများ၊ ခံစားမှုများနဲ့ စိတ်ကူးအလှ (ဒဿန) ဟာ မိမိရဲ့ ကိုယ်ခံနယ်ပယ်နဲ့ ဘယ်ရွေ့ဘယ်မျှ တူညီပါသလဲ။ မိမိရဲ့ မျှော်လင့်ချက်ကို ဘယ်ရွေ့ဘယ်မျှ အသက်ဝင်စေပါသလဲ။ မိမိရဲ့ အတွေးကို ဘယ်အဝေးအထိ သယ်ဆောင်သွားနိုင်ကြပါသလဲ…။



www.burmeseclassic.com

www.burmeseclassic.com

သို့ကလို စဉ်းစားနေရင်း မတ်လရဲ့ ညှို့ခန်းများထဲက ညွှန်းလိုတဲ့ ကဗျာများကတော့...

| | | |
|---|---|---|
| ၁။ လေငြိမ်တဲ့ နေ့တစ်နေ့ | အိုအောင် | (ရွှေဝတ်မှုန်မဂ္ဂဇင်း) |
| ၂။ ရာဇဝင်ပြယုဂ် | သွားထက်နိုင် | (မြားနတ်မောင်) |
| ၃။ စက်ရုပ်များသတင်း | မောင်အောင်ပွင့် | (ကလျာ) |
| ၄။ ရုပ်ပုံ(ပုံတူ) | ယေငြိမ်း | (စာပေဂျာနယ်) |
| ၅။ ပြဒါးလုံးမြား | အောင်ကောင်းမြတ် (မင်းဘူး) | (စာပေဂျာနယ်) |
| ၆။ နိုင်ပွဲ | မိုးထက်သာ (စင်ဦး) | (စာပေဂျာနယ်) |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ရသပညာဟုခေါ်ဆိုသော အနုပညာသည် လူ၏စိတ်ကို လှုပ်ရှားစေနိုင်သော ပညာမျိုး လူ၏ခံစားမှုကို လှုံ့ဆော်နှိုးဆွပေးနိုင်သော ပညာမျိုး လူ၏ စေတနာအာရုံကို လူ၏စိတ်ကူးဉာဏ်စွမ်းဖြင့် ဖန်တီးရသော ပညာမျိုးဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်း (အတွဲ ၁၄)

၁၉၇၅ ခုနှစ်မှ



## ညှော်ခန်းများကို ဖြတ်သန်းခြင်း (၁၇)

လှူယဉ်ကျေးမှုအစ ပန်းချီ၊ ဂီတ၊ အကပညာကို ပါဠိလို သုခုမဗေဒလို့ အကြမ်းဖျင်းသတ်မှတ်ခဲ့ပါတယ်။ မြန်မာမှုနယ်ပယ်ထဲမှာတော့ 'အနုပညာ'ရယ်လို့ တညီတညွတ်တည်း အတည်ပြုခဲ့ကြတယ်။

လူ့ယဉ်ကျေးမှုအဆင့်အတန်း အတန်အသင့် မြင့်လာတဲ့အချိန်ကာလကအစပြုပြီး စာရေးတဲ့အတတ်ဟာ ပညာရပ်တစ်ခုအနေနဲ့ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တယ်။ ဘာသာစကားမှတစ်ဆင့် ဘာသာစာပေ... စာပေ။

အသိပညာ၊ အတတ်ပညာတစ်ခုခုကို ပြုစုမှတ်တမ်းတင်တဲ့ စာပေဟာ အသိပေး စာပေ၊ သုတစာပေ (Non-Fiction) ဖြစ်တယ်။

လောကသဘာဝနဲ့ လူ့စိတ်ကို ပွဲ့နွဲ့တင်ပြတဲ့ စာပေကို ဖန်တီးမှုစာပေ၊ ရသစာပေ၊ အနုစာပေ... (Fiction) လို့ ခေါ်မှတ်ခဲ့ကြတယ်။

အနုပညာနယ်ပယ်ထဲမှာ ပါဝင်တဲ့ ဖန်တီးမှုစာပေ၊ စေတနာရှိုးစာပေ၊ ရသစာပေဆိုတာ လူ့လောကထဲက လူ့အဖြစ်အပျက်တွေကို ဖော်ပြတယ်။ ဒိဋ္ဌဓမ္မလောကကို ချဉ်းကပ်တယ်။ ခေတ်ရဲ့ လက္ခဏာအထွေထွေအပြားပြားကို ခံစားထင်ဟပ်ဖော်ပြတယ်။ နှစ်သက်မှု (ရသ) တစ်ခုခုကို ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အနုစာပေဟာ သဘာဝကို ပုံတူကူးချခြင်းမပြုဘဲ လူ့စိတ်ကူးဉာဏ်စွမ်းနဲ့ သရုပ်ဖော်ဖွဲ့နွဲ့တဲ့ ပညာတစ်ရပ်ဖြစ်တယ်။ ခံစားသူရဲ့ စိတ်ဘဝင်ထဲကို စိမ့်ဝင်ထိုးဖောက်ပြီး စေတနာလှုံ့ဆော်မှုကို ညင်ညင်သာသာပြုတတ်တယ်။

ခံစားမှုတစ်ခုခုကို အရင်းခံပြီး ဖန်တီးဖွဲ့ဆိုကြတဲ့ ပညာရပ်တွေထဲမှာ 'ကဗျာဗေဒ' ဆိုတာ အခက်အလက် အညွှန့်အတက်တစ်ခုဖြစ်တယ်။ ဒါကြောင့် ကဗျာဆိုတာ သုခုမပညာ၊ ရသပညာ၊ အနုပညာ၊ အလှပညာတစ်ရပ်ဖြစ်တယ်။

သုတပညာ (သို့မဟုတ်) သိပ္ပံပညာနဲ့ ရသပညာ (သို့မဟုတ်) အနုပညာဟာ ဘာကွာသလဲ။ အဓိက ခြားနားချက်ဟာ ဘာလဲ။ သိပ္ပံပညာက အမှတ်သညာကိစ္စနဲ့ အကြောင်းတရားကို သရုပ်ခွဲပြီး ဖွင့်ဆိုဖော်ထုတ်ပေးတယ်။ ဦးနှောက်ကို အလုပ်ပေးတဲ့ စမ်းသပ်မှုမျိုးကို အားကိုးတယ်။ လူသားရဲ့ တန်ဖိုးထက် အတတ်ပညာရဲ့တန်ဖိုးကို ပိုပြီး ရိုကျိုးတယ်။

သိပ္ပံပညာက ရုပ်ပစ္စည်းတွေနောက်ကို တကောက်ကောက်လိုက်ပြီး အနုပညာက စိတ်လှုပ်ရှားမှုကို ခြေရာခံတယ်။

ပထမ အမျိုးအစားက ဉာဏ်...။ ဒုတိယအမျိုးအစားက ဈာန်...။ ဒါကြောင့် အနုပညာတစ်ရပ်ဖြစ်တဲ့ ကဗျာဆိုတာ (ဈာန်)အလုပ်ကိုလုပ်တယ်။

ဈာန်အကြောင်း မပြောမီ ကဗျာဆရာတိုင်း အောက်သက်ကျေပြီးသားလို့ ယူဆရမယ့် 'ကဗျာ' ကိစ္စကို ပထမစဉ်းစားကြည့်ရအောင်။

'ကဗျာ' ဆိုတဲ့ ဝေါဟာရကို သဒ္ဒါအဟန့်နဲ့ ခုံခုံညားညားအနက်ပြန်ဆိုကြည့်လျှင် 'ပညာရှိ ကဝိတို့ ဖွဲ့စီသီကုံးတဲ့စာ'... လို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာဘာသာနဲ့ လိုတိုရှင်းပြောရလျှင်တော့ 'သီကုံးဖွဲ့ဆိုတဲ့စာ' လို့ဆိုလျှင် လုံလောက်ပါပြီ။

ဒါပေမယ့် ကဗျာဟာ သူချည်းပဲ ထီးတည်းရပ်မနေခဲ့ဘူး။ သူ့နောက်မှာ မိတ်ဘက်သဒ္ဒါတစ်ခုရှိနေသေးတယ်။ 'လင်္ကာ' တဲ့။ လင်္ကာရဲ့ သဒ္ဒါအနက်ကိုတော့ 'တန်ဆာဆင်မှု' လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ (ကဗျာ+လင်္ကာ = ကဗျာလင်္ကာ)



'ဈာန်' ရဲ့ အနက်ကတော့ ပါဠိသက်အလိုအရ 'အာရုံတစ်ခုခုကို ကပ်ပြီးရှုခြင်း' လို့ ဖွင့်ဆိုပြခဲ့ကြတယ်။

သည်တော့ 'ကဗျာလင်္ကာရဲ့ ဈာန်အလုပ်' ကို တစ်ခုချင်း ဖြုတ်ထုတ်စဉ်းစားကြည့်ရအောင်။

၁။ ကဗျာဟာ ဘယ်အရာကို သီကုံးဖွဲ့ဆိုမလဲ...၊

၂။ ကဗျာမှာ ဘယ်လိုအလင်္ကာတွေနဲ့ တန်ဆာဆင်အပ်သလဲ...၊

၃။ ကဗျာဟာ ဘယ်လို အာရုံမျိုးကို ချဉ်းကပ်ရှုမှတ်သင့်သလဲ...၊

ဖော်ပြပါ ကိစ္စ (၃) ရပ်ကို အထောက်အကူပြု လမ်းညွှန်နိုင်တဲ့ အရာဟာ 'ကဗျာဝန္တသာရကျမ်း' လား။ 'မြန်မာစာညွှန့်ပေါင်းကျမ်း'လား။ 'မြန်မာစာပေအဘိဓာန်' လား။ 'မြန်မာ့ရှုယ်စုံကျမ်း'လား။

ယောအတွင်းဝန် ဦးဘိုးလှိုင်ရဲ့ 'အလင်္ကာနိသျှကျမ်း' ထဲမှာ ရှုစမ်းမလား။

လယ်တီဆရာတော်ရဲ့ 'ဂမ္ဘီရကဗျာကျမ်း' နဲ့ ညှိမလား။

ဆရာတော် ဦးဗုဓ်ရဲ့ 'ကဗျာသဒ္ဒ သင်္ဂဟကျမ်း' ကို အာဝဇ္ဇန်းဆောင်မလား။

ဆရာဇော်ဂျီရဲ့ 'ရသစာပေနိဒါန်း' ကို လက်ကိုင်ပြုမလား။

ဆရာမြစဉ်ရဲ့ 'ကဗျာနှင့်ရှုနိမိတ်ပုံ' ဟာ အကြွင်းမဲ့ ခိုင်လုံရဲ့လား။

ဆရာမောင်သာနိုးရဲ့ 'ထင်းရှူးပင်ရိပ်' ကကော တကယ်အရိပ်ရရဲ့လား။

ကဗျာမှာ ကျမ်းဂန်သိပ်ဆန်ရင် စာအုပ်ဗီရိုသံပါမယ်။ အခြေခံဥပဒေသတွေနဲ့ ဂန္ထဝင်လေ့လာချက်တွေကို မျက်ကွယ်ပြုရင်လည်း ပရမ်းပတာကဗျာဖြစ်မယ်။ အမျိုးသားလက္ခဏာတွေကို ဖျောက်ဖျက်ပြီး နဖူးမှာအတက်ပေါက်၊ ခြေထောက်မှာ ပန်းပန်ပြလျှင်တော့ ဟာသကဗျာစင်တော်ဖြစ်သွားမယ်။

သည်တော့ကာ ဂန္ထဝင်ကိစ္စတွေကို ယောနိသောမနသိကာရ နှလုံးသွင်း။ ခေတ်ပြိုင်မြင်ကွင်းတွေထဲက တွေ့ရှိချက်အသစ်တွေကို ကျေညက်စွာ စိစစ်ပြီးမှ လက်ခံ။ တစ်ပါးသူဆီကရတဲ့ မိတ္တူဟာန်ပန်ထက် ကိုယ့်အသံအစစ်ဖြစ်အောင် အားထုတ်။ မဂ္ဂဇင်းစာအုပ်တချို့မှာပါတတ်တဲ့ ကဗျာရဲ့



www.burmeseclassic.com

www.burmeseclassic.com

ရသနဲ့ ဒဿနကို လိုက်ရှာနေမယ်ဆိုရင်တော့ ငါးစိမ်းတန်းမှာ 'တရားစာအုပ် ဘယ်မှာရောင်းလဲ'လို့ မေးမြန်းတာမျိုး ဖြစ်နေလိမ့်မယ်။

'ရသ–ဒဿန' အမည်ခံ မဂ္ဂဇင်း တချို့ဟာ ရသနဲ့ ဒဿနကို တစ်မတ်သားလောက်ပြပြီး 'ဟိုရှေ့က ဆူညံညံဘာသံလဲမေး' ဆိုတဲ့ ပေါ လားဝါးလား သကြိန်ယိမ်းမျိုး ကနေကြတော့ မိမိဘာလုပ်ရမလဲ။

ဟိုတစ်ချိန်တုန်းက သင်္ကြန်သီချင်းတွေမှာ ကြားရလေ့ရှိတဲ့ ရိုလုံး ကလီလုံး၊ ခနဲ့လုံး–ရွဲ့လုံးမျိုးနဲ့ မဂ္ဂဇင်းတချို့မှာ တွေ့ရလေ့ရှိတဲ့ ကော်လုံး၊ ခတ်လုံး၊ ဆော်လုံး၊ ကပ်လုံးမျိုးဟာ ဘယ်အရာက ပိုပြီး တန်ဖိုးရှိပါသလဲ။

သို့ကလို လေသရမ်းတွေရဲ့ လက်ချက်ကြောင့် ဖန်တီးမှုစာပေအနု ပညာပွင့်ဟာ လွင့်ကြွေခဲ့ရတော့မှာလား။ သက္ကရာဇ် ၂၀၀၀ ဆိုတဲ့ ရာစု သစ်တစ်ခုကို ကြိုဆိုဂုဏ်ပြုနိုင်ပါ့မလား။ ပန်းများပွင့်တဲ့နေ့ဟာ ရက်ချိန်းရွှေ့ ပြီး ရွှေ့သွားမလား။ နွေလွင်ပြင်မှာ ရသစာပေရဲ့ အနာဂတ်ဟာ အစာ ငတ်ရေငတ်နဲ့ ကြေပြတ်ချုပ်ငြိမ်းသွားမလား။

ပြီးခဲ့ထဲက ကဗျာဆောင်းပါးတွေကို မောင်တုန်ယင်စွာ ဖြတ်သန်း ရင်း အနားစခန်းတစ်ခုကို ဆေးဆေးငှငှရှာဖွေနေမိပါတယ်။ မိမိရဲ့ စိုးရိမ် လန့် ထိတ် သံသယစိတ်ကို ဆိတ်စာငယ်မျှ မကျန်အောင် ဆေးကြောသန့်စင် အားဖြည့်ပေးလိုက်တဲ့ ကဗျာတစ်ပုဒ်ကို စာပေဂျာနယ်ဆောင်းပါးဆောင်မှာ ထိတွေ့ခဲ့ရပါတယ်။ ဆရာတင်မိုး ဖွဲ့ဆိုပြတဲ့ 'ပန်းထာဝရ' ကဗျာဖြစ်တယ်။ နားဆင်ကြည့်ရအောင်။

**တစ်နှစ် တစ်ခေါ်၊ ရွက်နုဝေလျက်**
**ကြွေကျရာမှ၊ ဝေလာရလည်း**
**မကျမကြွေ၊ အမြဲဝေသည်**
**စာပေအနုပညာ ပန်းပွင့်ထည်း။**

ရသ–ဒဿန ပျောက်နေတဲ့ မဂ္ဂဇင်းတချို့ထဲက ကော်လုံး ကပ်လုံး၊ ဆော်လုံး ခတ်လုံးတွေကြောင့် စာပေအနုပညာရဲ့ အနာဂတ်ကို ဘယာကပ် ပြီး ကြည့်မိတဲ့ မိမိဟာ 'ပန်းထာဝရ' ရဲ့ အဘိဓမ္မာကြောင့် သီသာစွာ အားတက်သွားပါတယ်။ ခပ်စောစောတုန်းက ခံတွင်းပျက်ခဲ့တဲ့ ကိစ္စတွေ ဟာလည်း 'ပိန်းကြာရွက်တွင်၊ ရေမတင်'၊ 'ပိန်းကြာရွက်ဖျား၊ ရေမနား' ဆိုသလို လျှောကျပြေပျောက်သွားပါတယ်။



ပုဒ်တစ်ခု၊ စကားတစ်ခွန်းမျှသာ ဖွဲ့ဆိုပြီး ပါဒအရေတွက် (၇) ခု ရဲ့ ကိုယ်ထည်အတွင်းမှာလည်း အသံ (၂) သံ၊ ကာရန် (၂) မျိုးတည်းနဲ့ ရိုးရိုးလေး တင်ပြသွားပါတယ်။

တက်သံ... (အေ) ကာရန်... နဲ့

ကျသံ... (အ) ကာရန်စတဲ့ ထိုနှစ်မျိုးမှအပ ကဗျာမှာ ရှုပ်ရှုပ်ထွေး ထွေး အလုပ်ပေးတဲ့ အခင်းအကျင်းမျိုး မတွေ့ခဲ့ရပါဘူး။ ကဗျာရဲ့ ဝဏ္ဏ များကို အနက်ထင်စေတဲ့ အသံကာရန်တွေဟာလည်း (ခေါ်–ဝေ–ကြွေ) နဲ့ (မှ–ရ–ကျ) ဆိုတဲ့ သံရှည်၊ သံပြတ်နှစ်မျိုးမှအပ အခြားကိစ္စမျိုးတွေ မတွေ့ခဲ့ရပါဘူး။

ဒါပေမယ့် အထက်ဖော်ပြပါ (ခေါ်–ဝေ–ကြွေ၊ မှ–ရ–ကျ) စတဲ့ အက္ခရာဝဏ္ဏခြောက်လုံးဟာ (စာပေအနုပညာပန်းပွင့်ထည်း) ဆိုတဲ့ ကဗျာ ရဲ့ သမာဓိဂုဏ်ပုဒ်ကို ဆုပ်ဆုပ်ပိုင်ပိုင် နိုင်နိုင်မြဲမြဲ ကျားကန်ပေးနိုင်ခဲ့ပါ တယ်။

ကောင်းပြီ။ စပ်အင်စပ်ထုံးရဲ့ အချိုးအစားပြေပြစ်မှု၊ အသံရဲ့အချိုး အစား လှပမှုစတဲ့ ကဗျာပဒေသဆိုင်ရာတွေကို ခဏဖယ်ထားပြီး ကဗျာရဲ့ အတွင်းသားဒဿနကို တစ်ဆင့်တက်ကြည့်ပါ့မယ်။

**တစ်နှစ် တစ်ခေါ်၊ ရွက်နုဝေလျက်**
**ကြွေကျရာမှ၊ ဝေလာရလည်း...**

ဆိုတာ နွေရဲ့ နိယာမနဲ့ ရက္ခဇေဒရဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ပဲ မဟုတ် လား။ တစ်နှစ်ကုန်ပြောင်း နွေသစ်ကို ရောက်တိုင်း ကျောနိုင်းစွန့်ခွာသွား ကြတဲ့ ရွက်ဟောင်းကြွေတွေ နေရာမှာ ရွက်သစ်တွေဝေလာကြတယ်။ ပုရစ်နုတွေ ဖူးသစ်လာကြတယ်။ ရိုးတံပြိုင်းပြိုင်း နွေသစ်ကိုင်းတွေပေါ်မှာ အညွန့်အဖူးတွေ လွန့်လူးလာကြတယ်။ 'အဟောင်းပျက်မှ အသစ်ပြုလိမ့်' ဆိုတဲ့ နွေရဲ့ နိယာမကို ကဗျာဆရာအနေနဲ့ မျက်ခြည်မပြတ် အမှတ်ရနေ ပုံပါပဲ။ ဒါပေမယ် –

**မကျမကြွေ၊ အမြဲဝေသည်**
**စာပေအနုပညာ ပန်းပွင့်ထည်း...**

ဆိုတဲ့ အမြင်မျိုးကတော့ သဘာဝတရားကို မျက်ကွယ်ပြုရဲတဲ့ ကဗျာ ဆရာရဲ့ စာပေအနုပညာပေါ်မှာ ယုံကြည်မှု၊ ပြဋ္ဌာန်းမှုဖြစ်တယ်။ စာပေ



www.burmeseclassic.com

www.burmeseclassic.com

အနုပညာရဲ့ အမတဓာတ်ကို ဦးညွှတ်ဂုဏ်ပြုမှုတစ်ရပ် ဖြစ်တယ်။ သဘာဝတရား၊ နိယာမတရားတွေကို ဖောက်ထွင်းလွန်မြောက်သွားတဲ့ ဖန်တီးမှုကဗျာ၊ စေတနာနှီး ကဗျာတစ်ပုဒ်ဖြစ်တယ်။

သည်လို အတွေးအမြင်ပါတဲ့ စာမျိုးဟာ စိတ်ကောင်းမွေးသူရဲ့ ရင်ထဲမှာသာ ကိန်းဝပ်နိုင်မယ်။ ကဗျာဆရာရဲ့ စေတနာအလျောက် စိတ်ကူးဉာဏ်စွမ်းရှိသလောက် ဖန်တီးဖွဲ့ဆိုနိုင်လိမ့်မယ်။

သည်လိုမှ မဟုတ်ဘဲ ဖန်တီးမှုသဘောကို သက်ဝင်ယုံကြည်တဲ့စာတွေ၊ ကဗျာတွေထဲက မဖြစ်စလောက် အကျအဆေါက်လေးတွေ ရွေးကြည့်ပြီး ဆန်စဥ်ရာ ကျည်မွှေ့လိုက်နေမယ်ဆိုရင်၊ မဂ္ဂဇင်းကို လက်ကမြင်းစရာသဘောထားနေမယ်ဆိုရင် '**ဟိုရှေ့က ဆူညံညံ...ဘာသံလဲမေး**' ဆိုတဲ့အဆင့်က တက်နိုင်ကြမှာ မဟုတ်တော့ပါဘူး။ သကြိန်သံချပ်တွေထဲမှာ ကြားရလေ့ရှိတဲ့ ရိလုံးကလိလုံး၊ ခနဲ့လုံး–ရွဲ့လုံးထက်ပိုပြီး တန်ဖိုးရှိလာမှာလည်း မဟုတ်တော့ပါဘူး။

ရွက်ကြွေတွေက မြေဩဇာဖြစ်လို့ ရွက်နုသစ်တွေက အပင်မှာဝေလို့ ၁၉၉၅ ခုနှစ်ရဲ့ နွေဘွဲ့တိပ်ခွေနားဆင်ရင်း –

ဆရာ **တင်မိုး** ရဲ့ မကြွေတဲ့၊ မသေတဲ့ '**ပန်းထာဝရ**' ကဗျာကို ချဉ်းကပ်ခံစားရင်း မဟာသီမဂ္ဂဇင်းရဲ့ ကဗျာစည်ခန်းကို ကူးလာလိုက်တော့ **အောင်လွန်းမြိုင်**ရဲ့ '**နွေဦး**' ကို စူးစူးရှရှလေး ထိတွေ့လိုက်ရပါတယ်။ ဘာကြောင့် ဘယ်လို စူးစူးရှရှလဲ။ သူ့ '**နွေဦး**' က ဘယ်လိုထူးခြားနေလို့လဲ။

**ဘဝက**
**ဥသြငှက်ကလေးရဲ့**
**အသံထွက်ပေါက်ကို တိတ်ဆိတ်စေတယ်**
**ပျော်ရွှင်ခြင်း**
**အလုံးစုံသောအရာများ**
**မှားယွင်းစွာ ကောက်မကိုင်မိ...။**

မြန်မာကဗျာရဲ့ အလင်္ကာဓာတ်ဆောင်တွေထဲမှာ ဥသြငှက်ဆိုတာ ကဗျာဆရာတိုင်း နှစ်သက်တဲ့ နွေမင်းသားလေးပေါ့။ ဥသြငှက်ကလေးရဲ့ အသံကလည်း အလွန်အင်မတန် ချိုမြပြီး သိင်္ဂါရ ရသနဲ့ သန္တ ရသကို ဖြစ်စေပါတယ်။ ဥသြ... ဥသြ... ဆိုတဲ့ မြည်သံစွဲကာရန်ရဲ့ အနက်ဟာ



နှစ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သဏ္ဍာန်အသစ်ကို ကြိုဆိုခြင်းရယ်လို့ သူ့အလိုလို အဓိပ္ပာယ်ဖော်ပြနေပါတယ်။

သို့ကလို ဥသြငှက်ကလေးရဲ့ အသံပေးရာလမ်းကြောင်းကို ဘယ်လိုသ...ျိုးက တိတ်ဆိတ်သွားအောင် ပြုလုပ်လိုက်တာပါလိမ့်။

ကဗျာဆရာကတော့ နွေဦးဥသြသံကို ချစ်ခင်စုံမက်မှာပါပဲ။ ဒါဖြင့်ရင် ဥသြသံနွေဦးတိပ်ခွေကို ငြိမ်သက်တိတ်ဆိတ်စေတဲ့ ဘဝဟာ ဘယ်လိုဘဝမျိုးလဲ။

ပျော်ရွှင်ခြင်းရယ်လို့ ခေါ်ဝေါ်သတ်မှတ်နေကြတဲ့ အရာတွေကို အမှားမှား အယွင်းယွင်းတောင် ကောက်မကိုင်မိလောက်အောင် နာကျင်ကြေကွဲဖွယ်ဘဝ။ နာကြည်းစက်ဆုပ်ဖွယ်ဘဝ။ အို ဘယ်သူ့ပြုလုပ်ချက်ကြောင့် သည်လောက်တောင် မှားယွင်းနေရတဲ့ ဘဝပါလိမ့်။

နောက်တစ်ပိုဒ်ကို ဆက်ဖတ်လိုက်တော့...

**တစ်ရာသီစာမျှ**
**လှပချင်သောင်**
**ဆောင်ချင်တိုင်း ဆောင်နေတဲ့**
**နေ့လယ်ခင်းတွေကလည်း**
**ဖုန်အလိမ်းလိမ်း**
**သကြိန်ရက်အတိုအစတွေနဲ့**
**ရောစပ်ထားလို့...**

ဆိုတဲ့ ကဗျာဆရာရဲ့ မကျေနပ်သံကို ဖျတ်ခနဲကြားလိုက်ရတယ်။ ဟုတ်တာပေါ့။ ဘယ်သူကျေနပ်နိုင်ပါ့မလဲ။ တစ်ရာသီစာမျှတောင်ခံနိုင်ရည်မရှိတဲ့ အတုယောင်အလှအပတွေဟာ ဖုန်အလိမ်းလိမ်းနဲ့ ပေကျံလို့ အန်ချင်စရာကောင်းလိုက်တာ။ သည်ထဲမှာ ကြည့်မကောင်း မြင်မကောင်းတဲ့ ဖြတ်စဖျင်းတောင်း သကြိန်နေ့တွေက ပါလိုက်သေးတယ်။

သည်နေရာမှာ ကြားဖြတ်ပြီး ပြောပြချင်တဲ့ အကြောင်းတစ်ခုကတော့ 'သကြိန်ရက်' ဆိုတဲ့ ဒြပ်မဲ့နာမ်နဲ့ 'အတိုအစ' ဆိုတဲ့ ဒြပ်ရှိနာမ်ကိုပေါင်းစပ်ထားတဲ့ ကဗျာဝါကျ တစ်ပါဒဟာ ကဗျာဆရာရဲ့ ဘာသာစကားပါးနပ်ကျွမ်းကျင်မှုတစ်ရပ်ပါပဲ။ ကဗျာဆရာရဲ့ ကျွမ်းကျင်စွာ စီစဉ်ဖန်တီးထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကဗျာဝါကျတစ်ကြောင်းကြောင့် ကဗျာထဲက အာရုံရုပ်တွေဟာ ခုန်လှုပ် သက်ဝင်လာတတ်ပါတယ်။ အခုလည်းကြည့်...။

**တောစိမ်း တောင်စိမ်း**
**မြူနိုးစိမ်းတွေ မရှိတဲ့အရပ်မှာ**
**သစ်ရွက်ရယ်...**
**သစ်ပင်အိုရယ်...**
**ဆွတ်ကျင်ဖွယ်**
**ဆေးကွာခြင်း ဂီတတေးကိုဆိုလို့...။**

ဖုန်အလိမ်းလိမ်း နေ့လယ်ခင်းတွေထဲမှာ အတိုအစ သကြန်ရက်တွေ ရောစပ်ထားလို့ ပဋိရူပမဖြစ်တဲ့ အရပ်ဒေသမှာ ကဗျာဆရာ နေရ ရှာတယ်။

သစ်ပင်အိုကြီးနဲ့အတူ ကြွေလုလုရွက်ဝါတွေကတော့ စိမ်းရောင်ငြိမ်း ယောင် ခြယ်သထားတဲ့ တော၊ တောင်၊ မြူခိုးတွေ မရှိသောအရပ်မှာ သဘာဝဂီတကို တီးခတ်လို့၊ 'ဆေးကွာခြင်း' ဆိုတဲ့ ဆွတ်ကျင်ကြေကွဲဖွယ် ရာ သဘာဝတေးသံကို သီဆိုခဲ့ကြပြီ။ ကဗျာဆရာ သူ့ခမျာမှာတော့။

**တောင့်ချိုးကလေးရယ်...**
**လမ်းကျဉ်းကလေးရယ်...**
**မြင်ကွင်းတစ်ခုရယ်...**
**အုံ့ခနဲဆိုင်းလိုက်တဲ့ မိုးသားတိမ်ရယ်...**
**ယောက်မမြင်းစီးထွက်သွားတဲ့**
**မြောက်ပြန်လေရယ်...**
**ဒါ...**
**ငါငြင်းလို့မရတဲ့**
**အရှုံးသွပ်ဆုံး ရာသီပဲ...။**

လို့ ညည်းညူရင်း တောစိမ်း၊ တောင်စိမ်း၊ မြူစိမ်းတွေကြားမှာ မွန်းကျပ်နေပြီပေါ့၊ သူစွန့်ခွာလို့မရတဲ့ သည်လို '**နွေဦး**' ကို အရှုံးသွပ်ဆုံး ရာသီလို့ စွပ်စွဲလိုက်တာဟာ ကဗျာဆရာဘက်က လွန်ရာမကျပါဘူး။

ကဗျာဆိုတာ ကဗျာဆရာရဲ့ အာရုံသက်ရောက်ရာ အခြင်းအရာတွေ ကို စကားလုံးတွေနဲ့ ထုဆစ်ဖော်ပြထားတဲ့ ထူးခြားဆန်းသစ်တဲ့ ပုံသဏ္ဌာန်



တစ်ခုဖြစ်တယ်။ စကားလုံးဆိုတာဟာလည်း ဖောဖောသီသီ ရနိုင်တဲ့ပစ္စည်း မို့ ပြီးစလွယ် ယူငင်အသုံးပြုမယ်ဆိုရင်တော့ 'ကဗျာ' ရယ်လို့ ဖြစ်လာမှာ မဟုတ်ပါဘူး။

ကဗျာမှာ စကားလုံးလို့ခေါ်တဲ့ ဘာသာစကားဟာ အလွန်အင်မတန် အရေးကြီးပါတယ်။ ကဗျာမှာ အသုံးပြုမယ့် ဘာသာစကားကိုတော့ ကဗျာ ရဲ့ အထာနဲ့ ကဗျာရဲ့ဓာတ်ကို သိနားလည် တတ်ကျွမ်းတဲ့ ကဗျာဆရာမှ တစ်ပါး သူလိုကိုယ်လို **သာမန်အမြင်လောက်နဲ့** ဖန်တီးလို့ မဖြစ်နိုင်ပါဘူး။ ကဗျာကို ကိုင်တွယ်ထုဆစ်တဲ့ လူဟာ ဘာသာစကားကို ပန်းလိုပျိုးပြီး ပိုးလိုမွေးတာမျိုး၊ ရွှေပြားကိုနန်းကြိုးမျှင်မျှင်လေးတွေ ဖြစ်အောင်ပြုလုပ်ရတာ မျိုးထက် ပိုပြီး နက်နဲသိမ်မွေ့ပါတယ်။ ပိုပြီး လက်ဝင်စေပါတယ်။

အခုတင်ပြနေတဲ့ '**နွေဦး**' ကဗျာမှာတော့ ကဗျာဆရာ **မောင်လွန်း မြင့်** ဟာ ကဗျာဘာသာစကားကို ထူးထူးခြားခြား ကျစ်ကျစ်လျစ်လျစ် ထုဆစ်ဖန်တီးနိုင်သူဖြစ်တယ်။

ဘယ်နေရာရယ်လို့ ပြောပြမထားတဲ့ '**တောင့်ချိုးကလေးရယ်**'...။

ဘယ်အရပ်မှာ ရှိမှန်းမသိရတဲ့ '**လမ်းကျဉ်းကလေးရယ်**'...။

ဘာတွေမြင်ရတယ်လို့ မတင်ပြခဲ့တဲ့ '**မြင်ကွင်းတစ်ခုရယ်**'...။

ရွာမယောင်ဟန်ရေးပြပြီးကာမှ '**အုံ့ခနဲ ဆိုင်းလိုက်တဲ့ မိုးသားတိမ် ရယ်**'...။

တော်ပါသေးတယ်လို့ ချီးမွမ်းကာမျှရှိသေး '**ယောက်မ မြင်းစီးထွက် သွားတဲ့ မြောက်ပြန်လေရယ်**'...။

ဖော်ပြပါ ကဗျာဝါကျတွေမှာ ဘာသာစကားကို စနစ်တကျ အသုံး ချတတ်မှု၊ စကားလုံးတွေကို ဖောဖောသီသီ မသုံးဘဲ ထူးခြားကောင်းမွန် အောင် ပြောပြတတ်မှု၊ အကြောင်းအရာနဲ့ ပုံသဏ္ဌာန်ကို ခွဲထုတ်လို့မရ အောင် စီစဉ်တတ်မှု စတဲ့ အတတ်ပညာ (၃) ရပ်ကို ဖျတ်ခနဲတွေ့လိုက် ရပါတယ်။

သို့ကလို အတတ်ပညာ (၃) ရပ်ကို လိမ္မာပါးနပ်စွာ စီစဉ်ပြုလုပ် နိုင်တဲ့အတွက် '**တောင့်ချိုးကလေး**'... ရဲ့ နေရာကို မိမိမသိနိုင်တာ ကိစ္စ မရှိ။



www.burmeseclassic.com

www.burmeseclassic.com

'လမ်းကျဉ်းအစလေး'... ရဲ့ အရပ်ကို မိမိမခန့်မှန်းနိုင်တာလည်း အကြောင်းမဟုတ်။

'မြင်ကွင်းထဲက'... ရဲ့ အခြင်းအရာတွေကို မိမိမမြင်နိုင်တာလည်း အရေးမကြီး။

'ချစ်ခိုင်းမိုးသားတိမ်' ... တွေရဲ့ မာယာကို မိမိဘာသာမပြန်နိုင်တာလည်း အပြစ်မပြောက်။

'မြောက်မြန်လေ' ... ရဲ့ အထာကို မိမိကြိုတင် မတွက်ဆမိတာလည်း အမိကမကျ။

ဘာ့ကြောင့်လဲဆိုတော့ကာ မိမိရဲ့ သိစိတ်နဲ့ အမှတ်သညာတရားထဲမှာ ကဗျာဆရာ မောင်လွန်းမြိုင်ရဲ့ ခွဲချက်တာ ဘယ်ခဲမျက်နဲ့မှ ဖျက်မရအောင် ခွဲထင်နေရစ်ပြီလေ။ အဲဒီ ခွဲချက်ကတော့ –

ဒါ ငါခြြင်းလို့မရတဲ့

အရှုံးသွပ်ဆုံးရာသီပဲ

လို့ဆိုတဲ့ မှုန်းရှုဖွာတျင်သံတစ်ခုပါပဲ။ မိမိကိုယ်တိုင်အမှုမဲ့ အမှတ်မဲ့ ကြည့်နေခဲ့တဲ့ အဲလို 'ရှုမြီး'... ကို ထူးခြားတဲ့ ဘာသာစကားနဲ့ ကဗျာဆရာက ဘူးဖော်ပြလိုက်တဲ့အခါ မိမိကိုယ်မိမိအရေနဲ့လည်း

ဒါ ငါ ခြင်းလို့မရတဲ့

အရှုံးသွပ်ဆုံးရာသီပဲ...

လို့ ပြောရုံမှတစ်ပါး အခြားစကားလုံး ရှာမရတော့ပါ မိတ်ဆွေ။

❀ ❀ ❀

www.burmeseclassic.com

ယနေ့တိုင် ဗိသုကာလက်ရာ အဆန်းတကြယ်များ ကြွင်းကျန်နေသောကြောင့် ကမ္ဘာ့နိုင်ငံသည် ရှေးမဆွတတည်းက ယဉ်ကျေးမှုထွန်းကားခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့အလယ်တွင် သက်သေထူဝင့်ကြွားနိုင်ပေသည်။

မင်းဘူးအောင်ကြိုင်

ပုဂံခေတ် ဗိသုကာလက်ရာများ

စာပေဗိမာန် ၁၉၈၅



## ညည့်ခန်းများကို ဖြတ်သန်းခြင်း (၁၈)

နှစ်ဆယ်ရာစုနှောင်းပိုင်း လူသားတစ်ဦးအနေနဲ့ အေဒီ (၁၁/၁၂) ရာစုတစ်ဝိုက်က ပုဂံခေတ် ဗိသုကာလက်ရာ အကြွင်းအကျန်တွေကို အရှိအတိုင်း ငေးကြည့်ရုံ သက်သက်ဆိုရင်တော့ ရင်သပ်ရှုမောဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ် ပီတိမျိုးဖြစ်ပေါ်လာနိုင်ပါတယ်။ ဖြစ်လည်းဖြစ်ထိုက်ပါတယ်။

ဒီထက် တစ်ဆင့်တက်ပြီး ထဲထဲဝင်ဝင် ခံစားကြည့်မယ်ဆိုရင်တော့ စေတီ ဘုရား၊ ဂူဘုရား၊ ဥမင်များ၊ ကျောက်စာများနဲ့ သရုပါတံခါးကြီးမှအစ... အုတ်ပုံ အုတ်ကုန်းများအဆုံး၊ ထိုရုပ်လုံးများ နောက်ကွယ်က ပုဂံခေတ် လူသားတွေရဲ့ ရင်ခုန်သံပါ ရင်းရင်းနှီးနှီး ထိတွေ့ခံစားရမှာဖြစ်တယ်။ ခံစားဖြစ်အောင်လည်း ကြိုးဆောင်အားထုတ်သင့်ပါတယ်။

ပုဂံခေတ်ရဲ့ အဆောက်အအုံ အစိတ်အပိုင်းအပေါင်းတွေ၊ တည်ဆောက်မှု အခြေခံစနစ်တွေ၊ အုတ်စီလက်ရာတွေ၊ အုတ်အရွယ်အစားတွေ၊ အင်္ဂတေဖော်စပ်ပုံတွေ၊ လျှို့ဝှက်လိုဏ်ဂူပတ်လမ်းတွေ၊ လေကားဖွဲ့စည်းပုံတွေ၊ ဆင်းတုမျက်နှာတော်ကို အလင်းရောင်ပေးပုံတွေ၊ ဝူပုထိုးများမှာ ကျောက်ပြတင်းပေါက် တပ်ဆင်ပုံတွေ... စသည် စသည်တို့ဟာ ခုအချိန်ထိ အဆန်းတကြယ်ရှိနေကြသေးတယ်။ ရှိလည်း ရှိထိုက်ပါတယ်။

www.burmeseclassic.com

ဘာကြောင့်လဲဆိုတော့ကာ ဖော်ပြပါ စေတီပုထိုးအမျိုးမျိုးနဲ့ အချိုးအဆစ်၊ အရစ်အခုံ၊ အလုံးအဝန်း၊ အချွန်းအဝိုက်၊ အဟိုက်အဖောင်း၊ အပျောင်းအနဲ့ လက်ရာတွေဟာ အလှသက်သက်၊ အပြသက်သက်မဟုတ်။ ဖုတ်ပူမီးတိုက် ကသောကမျော ပရမ်းပတာကြဲဆထားတဲ့ လက်ရာမျိုးတွေ မဟုတ်လို့ သက္ကရာဇ်ဖော်ကြံ ကြံ ခံနိုင်တာဖြစ်တယ်။ မိမိတို့နောင်းလူတွေအတွက် ဂုဏ်ယူဝင့်ကြွားစရာတွေ ဖြစ်ခဲ့တယ်။ ဖြစ်ရုံမျှမက ဟိုးရှေးရှေးတုန်းက ပုဂံမြို့ဟောင်းရဲ့ ကြည်ညိုစရာ၊ ကြည်နူးစရာတွေကို အောက်မေ့မှန်းဆကြည့်ရင်း…

'စေတီနဲ့ တန်ဆောင်း
ထည်ရှောင်းနဲ့ ပေါ်နံ
ရွှေပေါ်တွဲပြည်တကြောမှာ
ပေါ်ချင်တိုင်း ပေါ်တဲ့ပြင်
ဝပြောတဲ့ သာသနာ
ခေါင်းလောင်းသံ ညံမစဲရယ်နဲ့
ပုဂံပွဲသာလျှန်းလို့
လာသူလာ သွားသူသွား
လယ်တွင်းသား ပြည်တော်သား
အသည်သား မင်းမှုထမ်း
တစ်စိတ်ဝမ်း တလက်ညီ
ပြည်ရေးကို ပြိုင်တူချီကြတော့
ပြည်တော်မြတ် ပုံတင်သံ
ဘဝက်ပြန်ပါရော့'…

ဆိုပြီး 'ရှေးခေတ်ပုဂံပြည်' ကောက်ကြောင်းကို ဆရာဇော်ဂျီက သို့ကလို ပုံဖော်ကြည့်ခဲ့ဖူးတယ်။ ထိုမျှသာမက စေတီပုထိုးတစ်ဆူ၊ ဗိသုကာလက်ရာတစ်ခုကို အနုစိတ်ရှုကြည့်မိရာမှ ထိုခေတ်က မင်းနဲ့ပြည်သူတို့ရဲ့ စိတ်ဓာတ်နဲ့ ထိုခေတ်က နိုင်ငံတော်ရဲ့ အတိတ်ဓာတ်ကိုလည်း အမှန်ကန်ဆုံး အရိပ်ဟပ်ပြနိုင်ခဲ့တယ်။ အတိတ်နှစ်–ကိုးရာ၊ တစ်ထောင်ခန့်က ပုဂံသားတို့ရဲ့ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံရေး စိတ်ဓာတ်၊ သာသနာတော်နဲ့ နိုင်ငံတော်ရဲ့ ဝင်းပမှု၊ ပြည့်ဖြိုးမှု၊ ငြိမ်းချမ်းမှုနဲ့ အတင့်အတယ် အမွှယ်



အရာရှိခဲ့မှုတို့ကိုလည်း အနီးစပ်ဆုံး ရုပ်လုံးဖော်ကြည့်ခဲ့ဖူးတယ်။ ကြည်ညိုစရာနဲ့ ကြည်နူးစရာတွေကိုလည်း ဖူးမဝ၊ တွေးမဝ တသသ အောက်မေ့ခဲ့ဖူးတယ်။

မပျက်မပျောက် ကျန်ရစ်နေသေးတဲ့ အနုပညာအမွေအနှစ်တွေဟာ သူတည်ရှိဖြစ်ထွန်းခဲ့တဲ့ ခေတ်ရဲ့ အဖြစ်အပျက် အတက်အကျနဲ့ မြန်မာဦးစွန်းထွန်းပခဲ့မှုရှိ၊ မရှိဆိုတဲ့ ကိစ္စအဝဝကို လှစ်ပြနေတယ်။ သုတေသနမျက်စိနဲ့ စိစစ်ကြည့်နိုင်တယ်။ ကြည့်လည်း ကြည့်သင့်တယ်။ ကြည့်ခွင့်လည်း ရှိတယ်။

ဥပမာ သထုံပြည့်ရှင် ဘုရင်မနူဟာ တည်ထားကိုးကွယ်ခဲ့တဲ့ မနူဟာ ဘုရားကိုကြည့်။ ဂူဘုရားအတွင်းမှာရှိတဲ့ ဆင်းတုတော်ကြီးတွေဟာ လိုဏ်ဂူတော်ရဲ့ ထုထည်အကျယ်အဝန်းနဲ့ အချိုးအစား မညီမျှဘဲ ပြည့်ကြပ်ပိတ်လှောင်နေတယ်။ ဖူးမြင်ရသူရဲ့ စိတ်ထဲမှာလည်း မွန်းကျပ်နေသလို ခံစားရတယ်။ မနူဟာဘုရားရဲ့ တည်ဆောက်ဖွဲ့စည်းပုံကို တစ်ကြိမ်မြင်ရုံမျှနဲ့ ဘုရားဒါယကာ မနူဟာဘုရင်ရဲ့ ထိုစဉ်ကာလက စိတ်ခံစားမှုကို ဖျတ်ခနဲ သတိပြုမိနိုင်တယ်။ ပြုလည်း ပြုသင့်ပါတယ်။

အခုလို ပုဂံခေတ် ဗိသုကာလက်ရာကောင်းတွေကို နောက်ကြောင်းခံပြီး ရှည်ရှည်ဝေးဝေး တွေးဆကြည့်နေမိတာဟာ အကြောင်းရှိပါတယ်။ အဲဒီ အကြောင်းကတော့ ပုဂံကပြန်ရောက်ကာစ ပူပူနွေးနွေး ချွေးမတိတ်သေးတဲ့ မိမိဟာ သပြေတေးမဂ္ဂဇင်းအတွက် ဆောင်ရွက်စရာရှိတဲ့ '**ညွှန်ခန်းများကို ဖြတ်သန်းခြင်း**' ကိစ္စကို ပြုလုပ်ရန် အချိန်ကျရောက်လာတာ သတိမမူမိဘဲ ဖြစ်နေမိတယ်။

သို့ကလို ဖြစ်ရတဲ့အကြောင်းကလည်း အတိတ်ဟောင်း ပုဂံခေတ်ရဲ့ ကြည်ညိုစရာများ၊ ကြည်နူးစရာများဟာ မိမိရဲ့ စိတ်ကူးပုံရိပ်ထဲမှာ တလိပ်လိပ် တရိပ်ရိပ်လှိုင်းထနေဆဲ မဟုတ်လား။

အခုလည်းကြည့်လေ။

၁၉၉၅ ခုနှစ်၊ မေလထုတ် မဂ္ဂဇင်းတချို့ထဲက ကဗျာညွှန်ခန်းများကို ဖြတ်သန်းရင်း ဖတ်စရာမှတ်စရာ ရွေးစရာ တွေးစရာများကို အပြေးအလွှား စူးစမ်းခံစားနေရင်းမှာပဲ ပုဂံအတွေးဟာ မိမိကို ရစ်ထွေးနေဆဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

ပုဂံစိတ်ကူးနဲ့ ပုဂံရဲ့ ကြည်နူးစရာတွေကို ဖြတ်တောက်မေ့ပျောက်ပစ်လို့ မရနိုင်သေးတဲ့ မိမိဟာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းထဲက ကဗျာဆရာ **ကိုအင်းဝ(မြောင်းမြ)** ရဲ့ '**အမိုးမရှိတဲ့ ကောင်းကင်**' ကဗျာကို ဘာ့ကြောင့် အာရုံသက်ရောက်ခဲ့သလဲ။ ဘယ်လို အာရုံငြိတွယ်နေသလဲ။

လွန်ခဲ့တဲ့ အတိတ်နှစ် ကိုးရာကျော်က ပုဂံမနုဟာဘုရားရဲ့ အနုပညာ (ဗိသုကာ) လက်ရာတစ်ခုကို ၂၀-ရာစု နှောင်းပိုင်း လူသားတစ်ဦးက ဘယ်လိုစိတ်ကူးရုပ်ပုံနဲ့ ရင်ခုန်ခံစားကြည့်ပါသလဲ။

အကယ်၍ '**အမိုးမရှိတဲ့ကောင်းကင်**' လို့ အမည်ရတဲ့ ၁၉၉၅ ခု မေလထုတ် မဂ္ဂဇင်းထဲက ကဗျာတစ်ပုဒ်ကို ခရစ်နှစ် ၂၀၉၅ ဖြစ်လာမယ့် ရှေ့နှစ် ၁၀၀ ကို ရွှေ့ကြည့်လျှင် ဘယ်လိုနေပါ့မလဲ။

၂၀ ရာစုနှောင်းပိုင်း ကဗျာဆရာ **ကိုအင်းဝ(မြောင်းမြ)** ရဲ့ 'အမိုးမရှိတဲ့ ကောင်းကင်' ကဗျာကို ၂၁ ရာစုနှောင်းပိုင်း လူသားတစ်ဦးက ဘယ်နည်းဘယ်ပုံ အကဲဖြတ်မလဲ။ ကဗျာဆရာရဲ့ မှန်းကျပ်ခံစားမှုကဗျာကို ဖတ်ရှုမိတဲ့ အနာဂတ်သက္ကရာဇ် (၂၀၉၅) ခုနှစ်ရဲ့ လူသားတစ်ဦးဟာ သူမသိမိလိုက်တဲ့ အတိတ်နှစ် ၁၀၀ ခန့်က လူမှုဘဝအခြေအနေကို ဘယ်လို မျက်ရမ်းမှန်းဆကြည့်မလဲ။ စဉ်းစားကြည့်ကြရအောင်။

**ပုံပြောကောင်းသူတစ်ဦးဟာ**
**ရိုးအီနေတဲ့ ပုံပြင်တစ်ခုကို**
**နားထောင်ရင်း နေညိုခဲ့တယ်။**

ပုံပြောကောင်းတဲ့သူတွေဟာ စာရေးဆရာ၊ ကဗျာဆရာတွေ ဖြစ်တယ်လို့ဆိုရင် ငြင်းကြမယ် မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ 'ဝတ္ထုကဗျာ' ရဲ့ အစ၊ ပုံပြင်ကလို့ တောင်အဆိုရှိခဲ့သေး မဟုတ်လား။

အခုတော့ ကဗျာအနုပညာအတွေးနဲ့ ပုံပြောကောင်းခဲ့တဲ့ ကဗျာဆရာတစ်ယောက်ဟာ သူဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်မှာ ဘာမှမဆန်းသစ်တော့တဲ့ အပ်ကြောင်းထပ် ပုံပြင်တစ်ပုဒ်ကို မလွှဲသာမရှောင်သာ နားထောင်နေရရင်း ရွှေအိုရောင် ဆည်းဆာနေလုံးကြီးက ဝင်တော့မယ်။ နပျိုခြင်းတွေ အိုတော့မယ်။ ဘဝနေညိုတော့မယ်။ ပျော်ရွှင်ဖွယ် ရာဇဝင်ကို မဖြတ်သန်းရသေး။ ကဗျာက ပေးတဲ့ အတွေးကွင်းဆက်တွေကို ဆက်ကြည့်လိုက်တော့-



**အနမ်းတစ်ခု သင့်ပြီးတိုင်း**
**အလွမ်းရာဇဝင် ရေးချင်သူတစ်ယောက်ဟာ**
**အထီးကျန်တစ်ခန်းရပ် ပြဇာတ်**
**က လိုက်ရသလို...။**

ဆိုတဲ့ လွှမ်းမောဖွယ်ဖြစ်ရပ်တစ်ခုကို တွေ့ရပြန်တယ်။

ကဗျာ ဆရာတစ်ယောက် (သို့မဟုတ်) အရိပ်မဲ့ လူသားတစ်ဦးရဲ့ ခြောက်သွေ့ ငြီးငွေ့ဖွယ် ပုံပြင်တစ်ပုဒ်ဟာ မိမိပတ်ဝန်းကျင်မှာ မြင်ရဖန်၊ ကြားရဖန်များနေလို့ ရိုးအီနေပါပြီ။ ဒါပေမယ့် ကဗျာဆရာဟာ ပုံပြောကောင်းတဲ့အတွက် စကားလုံး ပဋ္ဌလက်အတတ်တွေ၊ ကတ်သီးကတ်သက် နိမိတ်ပုံဆန်းဆန်းတွေမပါဘဲ... ဘာဆက်ပြောပါ့မလဲ... လို့ သိလိုစိတ်နဲ့ နားစွင့်နေမိတယ်။ ဒါဟာ ကဗျာဝါကျတွေရဲ့ အဆက်အစပ်၊ အရပ်အနား၊ အသွားအလာ ညင်သာခြင်း၊ ဝစနာ လင်္ကာရ လှပပြေပြစ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

'**အနမ်းတစ်ခုသင့်ပြီးတိုင်း**' ...ဖွဲ့ထုံးဟာ အသုံးအနှုန်း သိမ်မွေ့သလောက် ပေါက်ကွဲမှုပြင်းထန်တဲ့ ခံစားမှုမျိုးကို တွေ့ရှိလိုက်ရတယ်။ ဥပမာ မီးဘေးသင့်တယ်၊ ကပ် သင့်တယ်၊ မုန်တိုင်းသင့်တယ် ဆိုတဲ့ အသုံးအနှုန်းဟာ မကောင်းသော သက်ရောက်မှုတစ်ခုဖြစ်ကြောင်း အားလုံးသိနေကြတာပဲ။ ငြိတွယ်စရာကောင်းတဲ့၊ တပ်မက်စရာကောင်းတဲ့၊ နှစ်သက်စရာကောင်းတဲ့၊ နူးညံ့သိမ်မွေ့စရာလို့ ထင်ရတဲ့ အနမ်းကိစ္စတစ်ရပ်ကို –

'**အနမ်းတစ်ခုသင့်ပြီးတိုင်း**' လို့ ဆိုလိုက်တော့ စဉ်းစားသာကြည့်ပေတော့။ ဘယ်လောက်များ ကြောက်စရာကောင်းလိုက်တဲ့ ကပ်ဆိုးတစ်ခုပါလိမ့်။

**နေပူပူမှာ**
**ဦးထုပ်ပျောက်လို့ ရှာနေသူဟာ**
**သူပဲပေါ့...။**

အမိုးမရှိတဲ့ ကောင်းကင်အောက်မှာ ဦးထုပ်ပျောက်လို့ရှာနေရသူဟာ ဘယ်လောက်ပူလောင်လိုက်မလဲ။ ဦးထုပ်ဆိုတာက ဦးခေါင်းထဲမှာ ရှိနေတဲ့ ဉာဏ်ပညာနဲ့ စိတ်ကူးစိတ်သန်းတွေကို ဘေးမသီရန်မခအောင် စောင့်ရှောက်အပ်တဲ့ ပစ္စည်း၊ အရိပ်၊ အကွယ်အကာနဲ့ မြင့်မြတ်သော စာနာမှုရဲ့ အမှတ်



www.burmeseclassic.com

www.burmeseclassic.com

လကွဏာ…။ အခုတော့ သူဦးထုပ်ပျောက်နေရှာပြီ။ နောက်ထပ် သူဘာပျောက်ဦးမလဲ…။

**လပြည့်ည**
**ပင်ဝါးရုံဟာ သတိဆွဲလို့**
**သူဟာ လေဟာနယ်ကို**
**ရောက်နေပြီလား…။**

အပုရောင် လွင်ပြင်ကြီးထဲမှာ အရိပ်အာဝါသ (ဘဝအကာအကွယ်) မဲ့ခဲ့တဲ့ လူဟာ အေးမြတဲ့ လပြည့်ညနဲ့ ကြုံရဆုံရပြန်တော့ကော–အဟောသုခံ၊ သုကံစာတာဟာ နေရာကျရဲ့လား။ ပျော်ရွှင်ငြိမ်းချမ်းမှု၊ လူ့ဂုဏ်သိက္ခာနဲ့ လူ့ဘုံရိက္ခာအတွက် မပူမပင်မကြောင့်မကြ နေရမှု၊ သဘာဝတရားထဲက အလှအပမှန်သမျှကို မျှမျှတတခံစားပိုင်ဆိုင်မှု…၊ တစ်ခုခုမျှ ဆေစုရရဲ့လား။

အခွင့်အရေးတစ်ရပ်ကို ဖမ်းဆုပ်ယူငင်ဖို့ အလစ်ချောင်းမြောင်းနေတဲ့ ဝါးရုံပင်တွေကတော့ ခြေသံမပြ၊ လေသံမျှမဟဘဲ သတိအနေအထားနဲ့ အရိပ်အကဲကြည့်နေကြတယ်လေ။ ထင်ထားတဲ့အတိုင်းပါပဲ။

**လရောင်ရဲ့ နမ်းရှိုက်မှု**
**သူ့ဆီရောက်မလာမီ**
**ပင်ဝါးရုံဟာ**
**ဖမ်းဆုပ်ယူနဲ့…။**

ဒါဟာ လပြည့်ညဆိုတာ သူသိတယ်။ မသိဘဲနေပါမလား။ အပူတောကို မောပန်းစွာ ဖြတ်သန်းခဲ့သူဟာ လူသားတစ်ယောက်အနေနဲ့ ပိုင်ဆိုင်ခွင့်ရှိတဲ့ သဘာဝတရားကြီးဆီက ဆေစုတစ်ခုကို မမျှော်လင့်ဘဲနေပါ့မလား။ မတမ်းတဘဲ နေပါ့မလား။ မတပ်မက်ဘဲကော နေပါ့မလား။

ဒါဟာ လပြည့်ညပေပဲ။ လရောင်ရဲ့ ကြင်နာတဲ့ ပွေ့ဖက်နမ်းရှိုက်မှုဟာ သူ့ဆီကို မျှမျှတတ ရောက်လာသင့်တာပေါ့။ အခုတော့ သတိဆွဲပြီး တည်ငြိမ်ဖြောင့်မတ်ယောင် ဆောင်ထားတဲ့ ဝါးရုံတောကြီးဟာ လရောင်ခြည်တွေကို ဖြတ်လမ်းကနေ ဖမ်းဆုပ်ယူငင်သွားခဲ့ပြီ။

သူဟာ မဟာကံထူးရှင်ဖြစ်ဖို့ဝေးစွ၊ သဘာဝအလှ လပြည့်ညကို မျှမျှတတခံစားခွင့်ရဖို့ ဝေးစွ…၊ လပြည့်ညကို တွေ့မြင်နေပါလျက်နဲ့–



**ဒီအချိန်မှာ**
**သူယောင်မယ်ကို မတမ်းတမိ**
**ကန္တာရလူသားတစ်ယောက်ဆီက**
**မြက်တစ်ပင်ကိုသာ တပ်မက်မိနဲ့…** တယ်လို့ ဆိုတယ်။

'ဒီအချိန်မှာ' လို့ ဆိုတာဟာ သူ့ဘဝရဲ့ မတည်ငြိမ်မငြိမ်းချမ်းသေးတဲ့ ကာလယေယ်တစ်ခု ဖြစ်နိုင်တယ်။ 'သူယောင်မယ်' ဆိုတာကတော့ ဘဝသုခ လပြည့်ညကို မှတ်သိပ်ဆာလောင်လေ့ရှိတဲ့ မကောင်းဆိုးဝါး၊ ဖြားယောင်းသွေးဆောင်သူများ ဖြစ်ကြလိမ့်မယ်။ ကဗျာဆရာဟာ သူယောင်မယ်ရဲ့ မာယာကိုသိတယ်။ သို့လိုလည်း မတိမ်းမူး မတမ်းတမိတာဖြစ်တယ်။

ဒါပေမယ့် အပူရောင်ကန္တာရ လူသားတစ်ယောက်ရဲ့ လက်ထဲက အအေးရောင် စိမ်းမြမြက်ပင်တစ်ပင်ကို တပ်မက်မိတာဟာ သဘာဝကျတယ်။ နွယ်တစ်ပင်၊ မြက်တစ်ပင်ဆိုတာ ကန္တာရလူသားတစ်ယောက်ရဲ့ အနာဂတ်ပဲ မဟုတ်လား။ မျှော်လင့်ချက် အစိတ်အပိုင်းတစ်ခု မဟုတ်လား။ နောက်တစ်ပိုဒ်ရဲ့ ကဗျာအစိတ်အပိုင်း တစ်ကွက်ကို ဆက်စပ်ကြည့်ရအောင်။

**နှစ်ရှို့တိုက်အိုထဲက**
**တံခါးဖွင့်သံ တကျိုကျို ကြားလိုက်မိထင်**
**တစ်စုံတစ်ရာဟာ သူ့အနားကို**
**ရောက်လာပြီပေါ့။**

ကန္တာရလူသားတစ်ယောက်ဆီက မြက်ကလေးတစ်ပင်ကို တန်ဖိုးထားသူ (ကဗျာဆရာ) ဟာ ဘာကြောင့် နှစ်ရှို့တိုက်အိုကြီးနားရောက်သွားရပါလိမ့်။ '**နှစ်ရှို့တိုက်အို**' ဆိုတာ အတွေးအခေါ်ဟောင်းတွေ…၊ အကြံအစည်ဟောင်းတွေ၊ စိတ်ကူးစိတ်သန်းအဟောင်းတွေ၊ လုပ်ထုံးလုပ်နည်းအဟောင်းတွေ စုဆောင်းသိုမှီးထားရာ နိမိတ်ပုံတစ်ခုလား။ တံခါးဖွင့်သံ တကျိုကျို ကြားနေရတာရယ်၊ သူ့အနားကို အမျိုးအမည်ဖော်ပြမထားတဲ့ တစ်စုံတစ်ရာ ရောက်လာတာတွေရယ်ဟာ ကဗျာဆရာရဲ့ စိတ်လှုပ်ရှားမှုတွေဖြစ်တယ်။ ကျေနပ်နှစ်သိမ့်လက်ခံလိုတဲ့ စိတ်လှုပ်ရှားမှုမျိုးတော့ မဟုတ်ပေဘူး။ ဘာကြောင့်လဲ ဆိုတော့ကာ –



www.burmeseclassic.com

www.burmeseclassic.com

**ပုလင်းထဲက လက်ကျန် ဝိုင်ပြင်းပြင်းအရှို့**

**ဖန်ခွက်နဲ့ နေရာလဲခဲ့**

**ဖန်ခွက်ထဲက အမြှုပ်တွေ အရှိန်မသေခင်**

**မော့သောက်ခဲ့ပေါ့**

**သူဟာ ရီဝေနေပြီလား...။**

ဘဝနဲ့ရင်းပြီး သိုမှီးသိမ်းဆည်းထားခဲ့တဲ့ ခါးသက်အတွေ့အကြုံတွေဟာ ဝိုင်ပြင်းပြင်းလို အရသာမျိုးလား။

ပုလင်းက ဘဝ၊ ဝိုင်ပြင်းပြင်းက ခါးသက်ရသဆိုရင်...၊ ဖန်ခွက်ဟာ ကဗျာဆရာရဲ့ ဖန်တီးမှုအနုပညာ (ကဗျာ) ပုံသဏ္ဌာန်တစ်ခုဖြစ်နိုင်ဖွယ်ရှိပါတယ်။ ခါးသက်တဲ့ ဘဝအတွေ့အကြုံတွေကို ကဗျာအဖြစ်ပြောင်းလဲပြီး စိတ်လှုပ်ရှားမှု (အမြှုပ်တွေ) အရှိန်မသေခင် သောက်သုံးခံစားပစ်လိုက်တော့ အချစ်မူးမူး၊ ဘဝမူးမူးနဲ့ စိတ်ကူးရုပ်ပုံတွေ ရီဝေနေပြီပေါ့။

**ဒီဇင်ဘာနှင်းငွေ့နဲ့**

**သူ့ရင်ထဲက ပူလောင်မှုတွေ**

**လုံးထွေးသတ်ပုတ်နေခဲ့...။**

'**ဒီဇင်ဘာနှင်းငွေ့**' ဟာ ပြက္ခဒိန်တစ်နှစ်တာကာလရဲ့ နောက်ဆုံးလ၊ နောက်ဆုံးအချိန်၊ နောက်ဆုံးရာသီဖြစ်တယ်။ ထိုမှ လွန်မြောက်ရင် နှစ်ဦးကို ရောက်တော့မယ်။ အခုတော့ ရင်ထဲက ပူလောင်မှုတွေနဲ့ ဗလောင်ဆူဆူနေတုန်းပေါ့။ သဲသရာမှာ ကံကြမ္မာဟာ အကျည်းတန်နေတုန်းပေါ့။

သို့ကလို အနေအထားမျိုးမှာ ကဗျာဆရာဟာ ဘာလဲ ဘယ်လဲ။ သူကိုယ် သူ ဘဝရဲ့ အန္တိမချောက်ကမ်းပါးစွန်း အထိ တွန်းပို့လိုက်ပြီလား။ သည်လိုတော့လည်း မဟုတ်သေးဘူး။ ဒါဖြင့်ရင် ဘာလဲ ဘယ်လဲ...။

**ပြီးတော့ သူ့ရဲ့**

**လက်စွဲတော်မြင်းကို စီးပြီး**

**နေရပ်မှန် ရှုံးနိမ့်ခြင်းဆီ**

**လေးတွဲ့စွာ လာခဲ့တယ်**

**မြင်းခွာသံဟာ တိုးညင်းလှချည့်ရဲ့...။**

အမိုးမရှိတဲ့ ကောင်းကင်အောက်က လူသားတစ်ယောက်အကြောင်း။ ရိုးအီနေတဲ့ ပုံပြင်တစ်ပုဒ်ပေပဲ။ ဒါပေမယ့် အပြောလှလှ၊ အပြရှင်းရှင်းနဲ့



ခင်းကျင်းဖွဲ့ဆိုထားတဲ့ ကဗျာတစ်ပုဒ်ဟာ နဘေတွေ၊ ကာရန်တွေ သဘာဝလွန် နိမိတ်ပုံတွေ၊ မော်ဒန်အမှတ်တံဆိပ်တွေနဲ့ ခတ်နိပ်ပုံဆောင်မထားပေမယ့် နားထောင်လို့ကောင်းတယ်။ ဖျိုးဖျိုးဖျပ်ဖျပ် ကဗျာစာတ်တွေကြောင့် ကဗျာဆရာ ခေါ်ဆောင်သွားတဲ့ အရပ်ဒေသကို မပျင်းမရိလိုက် ပါသွားမိတယ်။

ကဗျာဆရာကတော့ သူ့ရဲ့လက်စွဲတော် မြင်းကြီးကို စီးလို့ပေါ့။ '**လက်စွဲတော်မြင်း**' ဆိုတာဟာ ကဗျာဆရာရဲ့ ယုံကြည်ချက်၊ မျှော်လင့်ချက်၊ ပြဋ္ဌာန်းချက်စတဲ့ ဆုပ်ကိုင်မှုတစ်ခုခုဖြစ်နိုင်တယ်။

ဒါပေမယ့် အဲဒီ လက်စွဲတော်မြင်းကြီးရဲ့ ခွာသံကတော့ ပြေးအားမပြင်းထန်လို့ ခွာသံတဖြောင်းဖြောင်း အားမကောင်းတော့ပါဘူး။

'**နေရပ်မှန် ရှုံးနိမ့်ခြင်းဆီ**' ဆိုတာ ကဗျာဆရာရဲ့ ဖြစ်တည်မှုပေလား။ ပဋိရူပ မဖြစ်တဲ့အရပ်ဒေသပေလား။ ခဏခဏ အကျနာခဲ့တဲ့နေရာလား။

မိမိဟာ '**အမိုးမရှိတဲ့ကောင်းကင်**' ဆိုတဲ့ ကဗျာတစ်ပုဒ်ကို သို့ကလို အားထုတ်ပြီး လေ့လာခံစားကြည့်နေမိတယ်။

၁၁ ရာစုတစ်ဝိုက်က ယဉ်ကျေးမှုလက်ကျန် ပုဂံစီသုကာလက်ရာတွေကို ကြည့်ပြီး ၂၀ ရာစုခေတ်နှောင်းပိုင်း လူသားတွေက ဘယ်လိုခံစားသုံးသပ်ကြသလဲ။ အခု မိမိခံစားကြည့်နေတဲ့ ကဗျာကိုလာမယ့်နှစ် ၁၀၀ လောက် ရှေ့တိုးပြီး ခရစ်နှစ် (၂၀၉၅) ဆီကို မျှော်ကြည့်ရင် ၂၁ ရာစုနှောင်းပိုင်း လူသားတွေက ဘယ်လိုခံစားဝေဖန်ကြမလဲ။

၂၀ ရာစုနှောင်းပိုင်း လူသားတစ်ဦးရဲ့ စိတ္တဇဗေဒကို အာကာသလွန် သိပ္ပံခေတ် လူသားတွေ ဘယ်လိုသုတေသနပြုကြမလဲ။ စဉ်းစားရင်း မော့ကြည့်လိုက်တော့... မိမိ ဦးခေါင်းပေါ်မှာလည်း အမိုးမရှိတဲ့ ကောင်းကင်ကြီးပါတကား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ကဗျာတော့ အဖျက်ကိုသာ မရှု အဖြစ်ကိုလဲ ရှုရမှာပဲ။ အကျည်းတန်ချည်းကိုသာ မမြင်ထိုက်၊ အလှကိုလဲ မြင်ထိုက်တယ်။ အဆုတ်တို့ချည်း အာရုံမပြုစေကောင်း၊ အတက်ကိုလဲ အာရုံပြုစေကောင်းပေတယ်။

.... .... ....

ပြီးတော့ ကဗျာမှာ နှစ်သက်တပ်မက်ဖွယ်ကောင်းတဲ့ စာပေပုံသဏ္ဌာန်ရဲ့ အလှအပလဲ ရှိပေသေးတယ်။

တင်မိုး

စုနစ်ငြိုကြယ်

ကျော်စာပေ ၁၉၇၂



# ညှို့ခန်းများကို ဖြတ်သန်းခြင်း (၁၉)

ပြီးခဲ့တဲ့ ၁၉၉၅ ခု ဇူလိုင်လထုတ် သပြေတေးမဂ္ဂဇင်းမှာ '**ညှို့ခန်းများကို ဖြတ်သန်းခြင်း**' ဟာ အခိုက်အတန့် ရပ်နားသွားပါတယ်။ ခြေကုန်လက်ပန်းကျသွားတာ မဟုတ်သလို– ရှေ့နှစ်လှမ်းတိုးဖို့ နောက်တစ်လှမ်းဆုတ်ခြင်းမျိုးလည်း မဟုတ်ပါ။

သီးခြားစာတစ်အုပ်အဖြစ် ထွက်ရှိခဲ့ဖူးတဲ့ မိမိရဲ့ ကဗျာရှည် (**နိဝါတဂါရဝဖြင့် ဓမ္မိကာရာမသို့ ပူဇော်ခြင်း**) ကို သပြေတေးမဂ္ဂဇင်းမှာ ပြန်လည်ဖော်ပြပေးမှုကြောင့်တစ်ကြောင်း၊ နောက်တစ်ကြောင်းကတော့–

စာရေးဆရာ တစ်ဦးတစ်ယောက်ရဲ့ တစ်ခုတည်းသော ကလောင်ဟာ တစ်စောင်တည်းသော မဂ္ဂဇင်းထဲမှာ နှစ်နေရာ နှစ်ကဏ္ဍမယူသင့်တာက တစ်ကြောင်း...။

အဲဒီ အကြောင်းနှစ်ရပ်ကြောင့်သာ ဖြစ်ပါတယ်။ အခြား ထွေထွေထူးထူး မရှိပါ။ ပြီးခဲ့တဲ့ ဇူလိုင်လ သပြေတေးမဂ္ဂဇင်းထဲမှာပဲ အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး စာတည်းရဲ့အမှာအနေနဲ့ ဟောသလို ဖော်ပြပေးခဲ့ပါတယ်။

"**ထိုကဗျာပါ စာတမ်းစာအုပ်အား အခွင့်မကြုံ၊ မထုံ၍ မဖတ်ရှုကြရသည့်သူများအတွက် သပြေမှ ဓမ္မစေတနာဖြင့် ဖော်ပြပေးအပ်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

**ဤအတွက် ယခုလ 'ညေ့ခန်းများကို ဖြတ်သန်းခြင်း' ကဏ္ဍကို ချန်လှပ်ထားရသည်ကိုလည်း မေတ္တာရပ်ခံအပ်ပါသည်"**...တဲ့။

မိမိရဲ့ ညေ့ခန်းများ ဖြတ်သန်းမှုကို သဒြေစာမျက်နှာမှာ တစ်လတာရပ်နားခဲ့ရပေမယ့် ညေ့ခန်းများကို ဖြတ်သန်းတဲ့ အလုပ်ကိုတော့ ထုတ်နုတ်ဖော်ပြနိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသံတိတ် ရင်ခုန်သံတိပ်ခွေထဲမှာ ထည့်မြဲတိုင်း ထည့်ကြည့်နေရတာပါပဲ။

သဒြေစာတည်းအဖွဲ့နဲ့ မိမိရဲ့ သဘောတူညီမှုအရဆိုပါလျှင် ယခု ဩဂုတ်လထုတ်မှာ ရွေးနုတ်ဖော်ပြရမယ့် ကဗျာဟာ ဇူလိုင်လရဲ့ ညေ့ခန်းများထဲက ဖြစ်ရပါမယ်။ ဒါပေမယ့် ဇူလိုင်လ သဒြေမှာ တစ်လရပ်နားလိုက်ရတဲ့အတွက် ဇွန်လထုတ်ကဗျာညေ့ခန်းထဲကနေ မိမိကို ထူးထူးဆန်းဆန်း လှမ်းကြည့်နေတဲ့ ကဗျာတစ်ပုဒ်ကိုတော့ ဘယ်လိုလုပ်ပြီးမှ မျက်နှာလွှဲလို့ မရတော့ပါဘူး။ မသိကျိုးကျွန် ပြုထားလို့လည်း မဖြစ်တော့ပါဘူး။ အဲဒီအတွက် သဒြေစာတည်းအဖွဲ့နဲ့အတူ သဒြေချစ်သူများက မိမိကို နားလည်ခွင့်လွှတ်ပေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယခု ဖော်ပြပေးမယ့် ကဗျာဟာ ၁၉၉၅ ဇွန်လထုတ် အရိန္ဒမာ မဂ္ဂဇင်းရဲ့ ကဗျာညေ့ခန်းဆောင်ထဲက ဖြစ်ပါတယ်။ မိမိကို ထူးထူးဆန်းဆန်း လှမ်းကြည့်နေတဲ့ ကဗျာတစ်ပုဒ်ကတော့ ကဗျာဆရာ **သိန်းသန်းထွန်း**ရဲ့ **'ပါးငါးပိလေးရယ်'** ဆိုတဲ့ ကဗျာဖြစ်တယ်။ အရိန္ဒမာ ကဗျာညေ့ခန်းကို ဖြတ်သန်းဖို့ ပထမဆုံး ထိတွေ့မိတဲ့ ကဗျာစာမျက်နှာပေါ်မှာ အာရုံကောက်ကြောင်း သက်ရောက်သွားစဉ် အခိုက်အတန့်မှာပဲ 'ပါးငါးပိလေးရယ်' ဆိုတဲ့ ကဗျာရဲ့ ခေါင်းစီးစာတမ်းဟာ မိမိကို စတင်ဖမ်းစားပါတော့တယ်။ မိမိကတော ဘာကြောင့် အာရုံသက်ရောက်မိရပါသလဲ။

အလို... ထူးဆန်းလှပါဘိ ပါးငါးပိလေးရယ်။ အခုတလော မိမိနဲ့ မျက်မှန်းတန်းမိနေတဲ့ မြို့ပြကဗျာလေးတွေရဲ့ အမည်နာမတွေဟာ... အင်မဟန်မှ နိုင်ငံတကာ ရန့်သင်းပျံ့လှပါတယ်။ မြို့ပြဝတ်မှုန်ထဲက မြို့ပြဝတ်ရည်ကို စုပ်ယူနေကြတဲ့ မြို့ပြလိပ်ပြာကလေးတွေ မဟုတ်လား။ ကြည့်လေ...၊

**'လေးသည်တော် ဝီလျံတဲလ်၏ မြားချက်များ'**၊ **'မစ္စတာဒဗလျူလက်ရဲ့ မှတ်တမ်းအရ'**၊ **'ငါ့လျှာပေါ်ကဆာဘောရီးယန်းမြက်ခင်း'**၊ **'ဂရင်းလန်**



**ဆောင်းအိပ်မက်'**၊ **'ဆင်ဖိုနီမိုးည'**၊ **'မွန်ရိုးလ'**၊ **'ကျူးဗစ်စင်ပုံပြင်'**၊ **'ပီကာဆိုကို လွမ်းဆွတ်ခြင်း'** တဲ့။

'Visit Myanmar Year' လို့ဆိုတဲ့ မြန်မာခရီးသွားနှစ်ပွဲတော်ကြီးမှာ ရောက်လာကြမယ့် နိုင်ငံတကာ ဧည့်သည်တော်ကြီးတွေသာ ဖော်ပြပါ မြန်မာကဗျာလေးတွေကို ဖတ်တတ်မယ်ဆိုရင် အမည်နာမကိုမြင်ရုံမျှနဲ့ မျက်ခုံးပင့်၊ ပခုံးတွန့်ပြီး ထူးထူးဆန်းဆန်း လှမ်းကြည့်ကြမှာပါပဲ။

အခုတော့ ဆရာသိန်းသန်းထွန်းရဲ့ ပါးငါးပိလေးကိုတော့ မိမိက ထူးထူးဆန်းဆန်း လှမ်းကြည့်နေမိပါတယ်။ သူတစ်ပြန် ကိုယ်တစ်ပြန်ပေါ့။ ဘာကြောင့် သူတစ်ပြန် ကိုယ်တစ်ပြန် ရင်ခုန်သံချင်း ကူးလူးဆက်ဆံနေမိပါသလဲ။

ဒီဆောင်းပါးရဲ့အဖွင့်မှာ ရည်ညွှန်းကိုးကား ဖော်ပြထားတဲ့ ဆရာတင်မိုးရဲ့ အဆိုအမိန့် တစ်စိတ်တစ်ဒေသအတိုင်းပါပဲ...

'ပါးငါးပိလေးရယ်' ကဗျာဟာ အပျက်ကိုသာမရှု၊ အဖြစ်ကိုလည်း ရှုတယ်။ အကျည်းတန်ကိုချည်း မမြင်၊ အလှကိုလည်း မင်တယ်။ အဆုတ်ကိုချည်း မတွေး၊ အတက်ကိုလည်း ရေးတယ်။ သို့ကလို ကဗျာမှာ အရေးပါတဲ့ အချက်သုံးချက်ကို အသက်ဝင်စေရုံမျှမက ကဗျာရဲ့ အလှအပဖြစ်တဲ့ နှစ်သက်တပ်မက်ဖွယ်ရာ စာပေပုံသဏ္ဌာန်တစ်ရပ်ကိုလည်း ပါးနပ်ကျွမ်းကျင်စွာ ဆင်ယင်ခြယ်သပြနိုင်တယ်လို့ မိမိ ချဉ်းကပ်ခံစားမိပါတယ်။ ခေတ်ပေါ် ကဗျာခံစားမှုနဲ့ ပတ်သက်တဲ့ ရှုမြင်ပုံတွေဟာ မှန်ပြောင်းစကြာကွက်ထဲက တစ်ချက်လှည့်လိုက်တိုင်းပုံပြောင်း ပြောင်းသွားတတ်တဲ့ ပန်းပွင့်ဝေဆာ ပဒေသာမှန်ကွဲစမျိုးလေးတွေ မဟုတ်ပါဘူး။ သက်တံ့ရောင်မိုးကောင်းကင်အောက်မှာ ရောင်စုံပုဖောင်းလွှတ်ပြတာမျိုးလည်း မဖြစ်သင့်ပါဘူး။

ခေတ်ပေါ်ကဗျာဆိုတာ အဆစ်အပိုက် အကွယ်အဝှက်တွေနဲ့ အကွက်သဘော ဆောင်ရမယ်လို့ ကံသေကံမယူဆထားလို့ကော ခေတ်ပြိုင်ဘဝတွေနဲ့ အရာခပ်သိမ်း အံဝင်ခွင်ကျဖြစ်နိုင်ပါ့မလား။ တကယ့်ဘဝနဲ့ မနီးစပ်တဲ့ ကဗျာစိတ်ကူးဉာဏ်ဟာ စိတ်ကူးယဉ်သက်သက် ပဥ္စလက်မှန်ပြောင်းစကြာ ဖြစ်သွားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခု မိမိချဉ်းကပ် ငြိတွယ်နေမိတဲ့ ဆရာသိန်းသန်းထွန်းရဲ့ ကဗျာမှာတော့ စ,စချင်းပဲ...

(၁)

**မိုးစက်ကလေး ငါ**
**ကောင်းကင်မှာ အနေပျင်းတာမို့**
**လေညှင်းကို ခြေမှာနင်း**
**မြေဆင်းခဲ့ရ...၊**
**ပန်းသင်းသင်းပေါ်မှာ**
**ကျရှာလေမလား...၊**
**ပါးသင်းသင်းအပေါ်မှာ**
**ကျရှာလေမလား...၊**
**တခြားဆို ဘယ်ကိုမှ မကျပါနဲ့**
**တွေးရဲ့စိတ်များ...။**

လို့ဆိုတဲ့ ကဗျာဆရာရဲ့ စိတ်ကူးဉာဏ်ကို ဖျတ်ခနဲ တွေ့လိုက်ရတယ်။ အဲဒီ စိတ်ကူးဉာဏ်ဟာ စိတ်ကူးယဉ်သက်သက် ဥရှုံထဲဝင်သွားမလား။ ခေတ်ပြိုင်ဘဝထဲက ဖောက်ထွက်လာမလားဆိုတာ ဆက်ပြီး ခြေရာခံကြည့်လိုက်တော့...

(၂)

**ကျမျှားရဲ့ ကျစမ်းပါ**
**ပါးနုံ့သာ ကျုပ်အထင်ကြီးတဲ့**
**ရုပ်ရှင်မင်းသမီးပါးမှာ...။**
**ကျလိုက်စမ်းပါ ကျလိုက်စမ်းပါ**
**ခါတစ်ရာကျကျ...၊**
**ကျပါလျှင် မိတ်ကပ်သင်းသင်းနဲ့**
**ဟင်း... ပျော်စရာ...။**

လို့ ဆိုနေပါရောလား။ ကဗျာဆရာရဲ့ အာဝဇ္ဇန်းဟာ ရယ်ရွှန်းပတ်ရွှန်းနဲ့ သူ့ကိုယ်သူ (မိုးစက်ကလေးအဖြစ်) ရည်ညွှန်းပြီ့ဆိုနေတယ် ထင်ရပေမယ့် စိတ်ကူးယဉ်သက်သက် ပဋ္ဌလက်အနုပညာ ဝါဒသမားများအတွက်တော့



ဘယ်အချိုးကိုယ့်ဘက်လှည့်မလဲရယ်လို့ မျက်မှောပုနေကြမှာပါပဲ။ မိမိကကော ဘာလဲ...၊ ဘယ်လဲ...။

ပြောမယ့်သာ ပြောရတာပါ။ အနုပညာမှာ ဘာတာဝန်မှ မရှိဘူးဆိုတဲ့ လူတစ်စုဟာ နိုင်ငံတကာက နောက်ဆုံးပေါ် ရည်ညွှန်းကိုးကားချက်တွေ၊ ဒြပ်မဲ့သက်သေပြချက်တွေနဲ့ တာဝန်မဲ့ဝါဒကို 'အင်ပို' လုပ်နေကြတုန်းပါပဲ။ အဲဒါကို သိမြင်ထားဟန်တူတဲ့ ဆရာသိန်းသန်းထွန်းဟာ—

(၃)

**ကျမျှားရဲ့ကျစမ်းပါ**
**ပန်းရှော်ဝါ ညက်သလိုနုတဲ့**
**တက္ကသိုလ်ကျောင်းသူပါးမှာ...၊**
**ကျလိုက်စမ်းပါ၊ ကျလိုက်စမ်းပါ**
**ခါတစ်ရာကျကျ...၊**
**ကျပါလျှင် ပါးနုသင်းနဲ့**
**ဟင်း... ပျော်စရာ...။**

ဆိုတဲ့ တစ်ကိုယ်တော် ခံစားမှုလောကထဲက မိုးစက်ပွင့်ကလေးကို စိတ်ကူးယဉ်ခွင့်တွေ အပြည့်အဝ ပေးထားလိုက်ပါတယ်။ အမြင့်စံ မိုးစက်ပွင့်ကလေးရဲ့ စိတ်ကူးယဉ်မှုကိုလည်း ရှုဦးလေ။ အခန်း (၁) မှာ –

မိုးစက်ပွင့်ကလေးဟာ ကောင်းကင်မှာ အနေပျင်းလာတော့ မြေကြီးပေါ် ဆင်းသက်လာခဲ့တယ်။ ဆင်းသက်လာပုံကလည်း လေညင်းကို သူ့ခြေနဲ့နင်းပြီး ဆင်းသက်လာခဲ့တာတဲ့။ သူ့အဖြစ်ဟာ ရနံ့သင်းတဲ့ ပန်းခင်းထဲ ကျမှာလား။ နံ့သာသင်းတဲ့ ပါးဝင်းဝင်းညက်ညက်လေးအပေါ် ပျော်ရမလား။ တခြားဘယ်ကိုမှမရောက်စေဖို့ စိတ်ကသောက်ကရောက်ဖြစ်နေပုံပေါ်တယ်။ အခန်း (၂) မှာ–

မိုးစက်ပွင့်ကလေးဟာ ကျမယ့်ကျလျှင်တော့ သူ သိပ်အထင်ကြီးတဲ့ ရုပ်ရှင်မင်းသမီးလေးရဲ့ ပါးပြင်မှာ နားချင်ရှာပါတယ်တဲ့။ မိတ်ကပ်နံ့တသင်းသင်းနဲ့ သူ့မင်းသမီးလေးရဲ့ ပါးလှလှပေါ်မှာ အခါတစ်ရာမက ကျချင်သလောက် ကျပါစေတဲ့။ ဟင်း... ပျော်စရာ ပျော်စရာပေါ့။ အင်း... သူ့ဆုတောင်းပြည့်ရဲ့လား။ အခန်း (၃)မှာတော့...



www.burmeseclassic.com

www.burmeseclassic.com

ရွှေဝါရောင်ပန်းလေးလို အိစက်နုညက်တဲ့ တက္ကသိုလ်ကျောင်းသူလေးတစ်ယောက်ယောက်ရဲ့ ပါးပြင်ထက်မှာ အခါတစ်ရာမှုမက ပါးနုနုသင်းသင်းလေးနဲ့ ရေစက်ဆုံပါရစေတဲ့။ မိုးစက်ပွင့်လေးရဲ့ ဆန္ဒသာပြည့်ဝခဲ့ပါလျှင် ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲ။ အင်း အခုတော့...။

(၄)

ကျပါတဲ့ ကျသောအခါ

ပျိုကညာ အစစ်ပါးပေမယ့်

ညစ်သွားစိတ်မှာ...။

သနပ်ခါးဝလာ

ပါးပိန်တာ ချေးထူဆိုး

ချွေးသိုးနံ့လာ...။

ကြည့်လိုက်သောအခါ

မျှော်လာနဲ့ ကွာလှ...။

အဝတ်မှာ ညစ်ပေပြီ

ကဲဟဲ့ ဒုက္ခ။

လို့ ဆိုလောက်တဲ့ အပူအိုးနဲ့မှ သူတိုးခဲ့ရပြီပေါ့လေ။ တကယ်တော့ မိုးစက်ပွင့်လေးဟာ သူမျှော်လင့်ခဲ့တဲ့အတိုင်း အရွယ်ငယ်ငယ် သွယ်သွယ်ကျစ်ကျစ် ပျိုကညာအစစ်ရဲ့ ပါးပြင်မှာ နားခိုသက်ခွင့်တော့ ရရှာသားပဲ။ ဘာဖြစ်လို့ စိတ်ညစ်ရမှာလဲ။ စိတ်ညစ်စရာအကြောင်းရင်းကတော့ သူချင်ခြင်းဖြစ်ခဲ့ရတဲ့အတိုင်း 'ပန်းသင်းသင်း'၊ 'ပါးသင်းသင်း'၊ 'မိတ်ကပ်သင်းသင်း'၊ နုညက်စိုဝင်းတဲ့ ချိုသင်းမွှေးမြ မဟုတ်ရလို့ပေါ့။ ပိန်တာပါးရိုးမှာ ချေးထူထူနဲ့ ချွေးနံ့ကလည်း နံလိုက်သေး။ အဝတ်အဆင်မှာလည်း ညစ်ပေပေါက်ပြဲလို့နေသေး။ သူအထင်ကြီးတဲ့ ရုပ်ရှင်မင်းသမီးလည်းမဟုတ်။ သူရင်ကိုလန်းစေရှာမယ့် ပန်းရွှေဝါနယ် တက္ကသိုလ်ကျောင်းသူတစ်ဦးလည်း မဟုတ်။ ဒါဖြင့်လျှင် မိုးစက်ပွင့်ကလေးနဲ့ ထိတွေ့ခွင့်ရလိုက်တဲ့ ပါးပြင်ရဲ့ ပိုင်ရှင်ဟာ ဘယ်သူလဲ။ ဘယ်နေရာက ရောက်လာတဲ့ ဒုက္ခအိုးကလေးလဲ...။

(၅)

ဒုက္ခပါး ပိုင်ရှင်မှာ

ရုပ်တကာ ခြေလျှင်လျှောက်



ပလတ်စတစ်ကောက် ပျိုကညာ...။

အမှိုက်ပုံမှာ

သူတစ်ပါရပ်နား။

ကံဆိုးကာ သူ့ရဲ့ ပါးမှာမှ

ကျရသတဲ့ဗျား...။

ဖြစ်ချင်ရာက တစ်မျိုး၊ ဝင်တိုးမိတာက တစ်စင်။ မြင်ချင်တာက အလှဂုဏ်၊ ကြုံရတာက ဘဝနွမ်း၊ ဒီဇာတ်ဝင်ခန်းကြမ်းကြမ်းကို ဘယ်သူဖန်တီးတာလဲ။ ကဗျာဆရာရဲ့ မညာတာတဲ့ စိတ်ကူးဉာဏ် ကွန့်မြူးချက်လား။ စိတ်ကူးယဉ်သက်သက် ဖွဲ့ဆိုချက်လား။ ခပ်သွက်သွက် ဆပ်စပ်ကြည့်လိုက်တော့ –

ကောင်းကင်မှာ အနေပျင်းတာကြောင့် မြေကြီးပေါ်ကို သက်ဆင်းလာတဲ့ မိုးစက်ပွင့်ကလေးတစ်ပွင့်ရယ်၊ ပလတ်စတစ်ကောက်ရင်း အမှိုက်ပုံမှာ တစ်ထောက်နားနေတဲ့ ပါးပိန်တာရိုး – ဒုက္ခအိုးမကလေးတစ်ယောက်ရယ်...၊

ဒါဟာ ကြုံတောင့်ကြုံခဲ အသည်းကွဲပုံပြင်လား။ ဖြစ်ကတတ်ဆန်းဇာတ်ဝင်ခန်းလား။ ဖန်တီးသူကဗျာဆရာအနေနဲ့ 'အနုပညာမှာ ဘာဝါဒမှ မရှိစေရဘူး' ဆိုတဲ့ နောက်ဆုံးပေါ် နိုင်ငံတကာ ကဗျာအယူအဆ (အမြင်တချို့) ကို 'အင်ပို့–ပစ္စည်း' အဖြစ် ဈေးကွက်သစ်ခင်းကျင်းတင်ပြမလား။ ကဗျာဆရာက ဘာပေးမလဲ။ မိမိဘက်က ဘယ်အရာကို ယူချင်သလဲ...။ သိပ်ပြီး ပူပင်ကြောင့်ကြ ဖြစ်စရာမလိုတော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ကာ...၊

(၆)

ပါးညစ်ထေးအပေါ်မှာ

မိုးစက်ငါ စိတ်ပျက်တုန်း

ပြီးတဲ့ကညာ...။

'ဝမ်းသာလိုက်တာ

လန်းသွားတာပဲ။

စိတ်ထဲမှာ ကြည်လင်လို့



www.burmeseclassic.com

www.burmeseclassic.com

ကျေးငှက်ရှင် မိုးစက်ကလေးရယ်
အေးမြရင်ထဲ'… တဲ့။

အရောင်အဆင်း မှိန်ညှိုးနေရှာတဲ့ ပိန်တာရိုးမလေးရဲ့ ချွေးနဲ့ နံ့ဟောင်နေတဲ့ ပါးပြင်မှာ အမှတ်မထင်(မသက်ရောက်ချင်ဘဲ) ဆုံစည်းခဲ့ရတဲ့ ကောင်းကင်ထက်က မိုးရေစက်ကလေးကို ဒုက္ခပါးပိုင်ရှင် ကောင်မလေးက ဘယ်လို မေတ္တာစိတ်နဲ့ ခံယူပါသလဲ။ ဘယ်လို မုဒိတာတရားနဲ့ တုံ့ပြန်ပါသလဲ။

သူမကို အေးမြလန်းဆန်းသွားအောင် ပက်ဖျန်းပေးတဲ့အတွက် စိတ်ထဲမှာ ကြည်လင်သွားပါတယ်တဲ့။ ဒါကြောင့်လည်း မိုးစက်ပွင့်ကလေးကို ကျေးဇူးတင်ပါတယ်တဲ့။ ကြည့်စမ်း…၊ ဘယ်လောက် ချမ်းမြေ့စရာကောင်းတဲ့ ဓာတ်ဝင်ခန်းလဲ။

မိုးစက်ပွင့်ကလေးဟာ အနုပညာဆိုပါလျှင် ဒုက္ခိတ ပိန်တာရိုးမကလေးဟာ သူ့ဘဝ၊ သူ့အမြင်ကို ကြည်လင်စေတဲ့ အနုပညာဓာတ်ကို ခံယူတတ်သူဖြစ်တယ်။ ယောနိသော မနသိကာရ စိတ်မြတ်နဲ့ သင့်တင့်စွာ နှလုံးသွင်း ခံစားတတ်သူဖြစ်တယ်။ ဒီလိုဆိုရင်… အောက်ဆုံးလွှာမှ လူ့အရာကျတွေဟာ…'အနုပညာကို ဘာမှနားမလည်ပါဘူးကွာ'လို့ ပညာတတ်ညာဥ်နဲ့ ဘယ်သူပြောရက်ပါဦးမလဲ။ ကဗျာဆရာရဲ့ အမြင်နဲ့ ကဗျာဆရာရဲ့ ညာဥ်ကကော ဘယ်သူ့ဆီကို ဦးတည်နေသင့်ပါသလဲ…။ ဟောဒီမှာ ကဗျာရဲ့ နောက်ဆုံးပိုဒ်က သိမ်သိမ်မွေ့မွေ့ ဖြေပေးထားပါတယ်။ ဘယ်လို သိမ်မွေ့မှုမျိုးလဲ။

(၇)

**တကယ်ထဲ တကယ်ထဲ**
**အသည်းများယားပါ့ဗျာ…။**
**တခြားကညာ ပါးအထက်**
**အလှဖျက် မိုးစက်ထိ**
**တို့ပတ်စီ ခံရမှာ…။**
**အခုတော့လည်းဗျာ**
**သက်ခမ္မာရှိသေး။**
**ပါးငါးပိလေးက**



**ကျေးဇူးတောင်တင်လိုက်သေး**
**ကံကောင်းတယ်လေး…။**

တကယ်လို့ အနုပညာ မိုးစက်ပွင့်ကလေးသာ သူ့အထင်ကြီးခဲ့တဲ့ အထက်တန်းလွှာက ရုပ်ရှင်မင်းသမီးတစ်ယောက်ယောက်…၊ ဒါမှမဟုတ် ပညာတတ်မာနတွေတက်နေတဲ့ တက္ကသိုလ်ကျောင်းသူတစ်ဦးဦးရဲ့ နံ့သာနံ့သင်းသင်း၊ ပါးသင်းသင်းပေါ်မှာ သက်ရောက်မိခဲ့လျှင် ဘယ်လိုဖြစ်မယ်ထင်ပါသလဲ။ တကယ့်ကို အသည်းယားစရာပါပဲ။

အနုပညာဓာတ်ကို မခံစားတတ်တဲ့အတွက် အလှဖျက်တဲ့ မိုးရည်စက်သက်သက်ပဲဆိုပြီး အနုပညာမိုးစက်ပွင့်ကလေးကို ဒေါသတို့ပတ်၊ မောဟတို့ပတ်နဲ့ ဖိပစ်– ဖျောက်ပစ်မှာမလွဲဧကန်ပါ။ နေရာမှားတဲ့ ပါးပြင်မှာ ခိုနားမိတဲ့အတွက် အနုပညာရဲ့ ဝိညာဉ်ဟာ နာကျင်ထိခိုက်သွားမှာပါ။

အခုတော့ ငါးပိတစ်ခွက်နဲ့ အသက်ရှင်နေရတဲ့ ခြေကျင်လျှောက်၊ ပလတ်စတစ်ကောက်သူကလေးရဲ့ ချွေးသိုးနံ့ ပါးပြင်ထက်မှာ ခိုဝင်သက်ရောက်မိတဲ့အတွက် –

**'အခုတော့လည်းဗျာ**
**သက်ခမ္မာရှိသေး…၊**
**ပါးငါးပိလေးက**
**ကျေးဇူးတောင် တင်လိုက်သေး**
**ကံကောင်းတယ်လေး'**

ဆိုတဲ့ ကဗျာဆရာရဲ့ ရပ်တည်ချက်(သို့မဟုတ်) မိုးစက်ကလေးရဲ့ ပီတိဟာ ပါးငါးပိလူသားတွေနဲ့ အတူတကွ သမ္မာဓာတ်လမ်းတစ်ပုဒ်ဖြစ်သွားပါတော့တယ်။

အခု မိမိခံစားကြည့်နေတဲ့ ဆရာသိန်းသန်းထွန်းရဲ့ ကဗျာဟာ နှလုံးသားနဲ့ရေးတဲ့ ကဗျာလား။ မျက်လုံးနဲ့ရေးတဲ့ ကဗျာလား။ အကြင်နာနဲ့ ရေးတဲ့ ကဗျာလား။ ပညာနဲ့ရေးတဲ့ ကဗျာလား။ မိမိခံယူလိုတဲ့အရာကို ကဗျာထဲမှာ ရှာရှာဖွေဖွေ တွေ့ထိခွင့်ရလိုက်တဲ့အတွက် မိမိဘက်ကလည်း–

**'ကျေးဇူးတောင် တင်လိုက်သေး၊ ကံကောင်းတယ်လေး'**

လို့ ကဗျာထဲက မိုးစက်ပွင့်ကလေးလိုပဲ သိကျိုးရင့်ကြွေးချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် 'ပါးငါးပိလေးရယ်' ကဗျာရဲ့ ညင်သာ၊ သိမ်မွေ့လှပတဲ့ အနှစ်သာရ (ဒဿန)ကို မြင်အောင်ကြည့်၊ သိအောင်တွေးဖို့ဆိုတာ သွေးပူလေ့ကျင့်စခန်းဆင်းမှသာ ရနိုင်ကောင်းတယ်လို့ မိမိတွေးနေမိပါတယ်။ ဘယ်လို သွေးပူလေ့ကျင့်စခန်းလဲ။

ကောင်းကင်မှာ အနေပျင်းတော့ လေညင်းကို ခြေမှာနင်းပြီးမြေလွှာကို ဆင်းသက်ကြည့်တဲ့ လေ့ကျင့်ခန်းမျိုးလား။ ပန်းသင်းသင်း၊ ပါးသင်းသင်း၊ မိတ်ကပ်သင်းသင်း၊ နံ့သာသင်းသင်းစတဲ့ ပျော်စရာ ပျော်စရာတွေကြားမှာ တာဝန်မဲ့ဖြတ်သန်းနေတဲ့ လေ့ကျင့်ခန်းမျိုးလား။ ပါးပိန်တာရိုးဒုက္ခအိုးတွေထဲ မိုးရေစက်ကလေး တစ်စက်တစ်ပေါက်မျှ ရောက်ရာရောက်ကြောင်းကို ရှေးရှုနေတတ်တဲ့ ဗဟုဝါဒ လေ့ကျင့်ခန်းမျိုးလား...။

မိမိရဲ့ အမြင်အာရုံ၊ အကြားအာရုံ၊ ခံစားမှုအာရုံအစုစုရဲ့ အနုပညာသွေးကြောထဲမှာတော့...

'ဝမ်းသာလိုက်တာ
လန်းသွားတာပဲ...၊
စိတ်ထဲမှာ ကြည်လင်လို့
ကျေးရွာရှင် မိုးစက်ကလေးရယ်
အေးမြရင်ထဲ'...

ဆိုတဲ့ အသံအေးအေးလေးတစ်သံဟာ အာရောချလို့ပဲ ဆိုပါရစေတော့... ဆိုပါရစေတော့...။

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

မိုးမရွာ လွန်မတုန်၊
မိုးနှင်လေ ရေရှူပ်ထွေး
ရွေးမှ မပြီး
ဆန်လိုက်ပြန်တဲ့ စုန်လိုက်ပြန်ရ …။
ခေါက်ပေါင်း မရေနိုင်လို့
ဧဒါနိုင်သည် မြစ်ထဲ
ရဲနဲ့သည်တဲ့။

ဆရာဇော်ဂျီ
ဧဒါလမ်းကဗျာစု
ရန်ကုန်တက္ကသိုလ် ကလောင်အသင်း
၁၉၆၃ ခု၊ နိုဝင်ဘာလ



# ညော့ခန်းများကို ဖြတ်သန်းခြင်း (၂၀)

ဟိုတယ်တွေ၊ မိုတယ်တွေ၊ အင်းတွေ၊ မိုးပျံတိုက်ကြီးတွေ၊ ပုဂ္ဂလိကဘဏ်တိုက်ကြီးတွေ၊စူပါမတ်ကက်တွေက အလျှိုအလျှို မှိုလိုပေါက်လင့်ကသား …။

ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးကရက်နဲ့ ဘီယာကြော်ငြာတွေ၊ ကြိုဟ်တုစလောင်းတွေ၊ မှန်ပြောင်းစကြာ ညချမ်းတွေဟာ စက္ကူပသာဒမှာ အဆန်းတကြယ် ပန်းပင်လယ်ကြီးဖြစ်နေလင့်ကသား …။

မြန်မာပြည်ဟာ မိုးကို အားထားနေရတဲ့ စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်တယ်။ မိုးဟာ သူ့ကို အာ. ကိုးသလောက်လည်း အထောက်အကူပေးတတ်၊ ကျေးဇူးပြုတတ်တဲ့ သဘောသဘာဝရှိတယ်။ မိမိတို့ နိုင်ငံတော်ဟာ ရာသီဥတု ကောင်းမွန်မျှတပြီး စိုက်ပျိုးရေးအားပြုနိုင်ငံဖြစ်တာကတစ်ကြောင်း…၊ ၁၂ လ ဆိုတဲ့ ကာလတစ်လျှောက်လုံးမှာလဲ မိုးမိတ်ဆွေအလည်လာတတ်တာကတစ်ကြောင်း အဲဒီအကြောင်းနှစ်ရပ်ကြောင့်လည်း တောင်သူလယ်သမားတွေဟာ မိုးကို ယတ်တစ်ချောင်းသဖွယ် လက်ကိုင်ထားပြီး လုပ်ငန်းဆောင်တာများကို မှတ်သားလုပ်ကိုင်လာခဲ့ကြတယ်။ ၁–နှစ်ပတ်လုံး လစဉ်မပြတ် ကြုံတွေ့နေရတင်တဲ့ ၁၂ လ မိုးကို မုံရွေးဆရာတော်ရဲ့

ညော့ခန်းများကို ဖြတ်သန်းခြင်း ၂၄၅

www.burmeseclassic.com

မှတ်စုမှာ ဟောသလို တွေ့ခဲ့ ဖတ်ခဲ့ မှတ်ခဲ့ဖူးတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ မှတ်စုမို့ တစ်ဆင့်ပြန်ပြောရမယ်ဆိုရင်…၊

- **တန်ခူးမည်မှတ်၊ ခက်ဆွတ်ရေတိုး၊ သကြန်မိုး…။**
- **ကဆုန်အတွင်း၊ မြေသင်းဖွံ့ဖွံ့၊ မိုးနံ့နံ့…။**
- **နယုန်မိုးသေး၊ မြက်သားမွေး…။**
- **ဝါဆိုလပြောင်း၊ မိကျောင်းမွေးမွေး၊ မိုးအေးအေး…။**
- **ဝါခေါင်တကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာရွာပါသော်လည်း၊ မိုးမသည်း…။**
- **တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ…။**
- **သီတင်းကျွတ်တွင်၊ ပလွှင်ဆေးမိုး၊ ရွာသွန်းဖြိုး…။**
- **တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတပြိုက်၊ မိုးတလိုက်…။**
- **နတ်တော်ရောက်ဖြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်…။**
- **ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်…။**
- **တပို့တွဲမှာ၊ နွဲ့ရှုရွာခြင်း၊ သန်မိုးကြွင်း…။**
- **တပေါင်းလည်းကူး၊ မိုးသားကြူး…တဲ့။**

မိုးကိုအမှီပြုပြီး အသက်မွေးမှုပြုကြတဲ့ တောင်သူလယ်သမားတွေရဲ့ ကိုယ်စား မုံရွေးဆရာတော်ရဲ့ ထိုမိုးအလင်္ကာများဟာ သဘာဝတရားကို တိတိကျကျလေ့လာပြီးမှ မှတ်သားခဲ့တာ ဖြစ်နိုင်ရာတယ်။ ဘာကြောင့်လဲဆိုတော့ကာ မိမိတို့ နိုင်ငံဟာ မိုးကြောင့် ရှင်လန်းရသလို မိုးကြောင့်ပင်ပန်းခဲ့ရတယ်မဟုတ်ဟေား။

အခုပဲကြည့်လေ၊ အင်္ဂလိပ်လို ဩဂုတ်လ၊ မြန်မာလို ဝါခေါင်လထုတ်မဂ္ဂဇင်းများထဲက –ကဗျာညွှန်းတွေကို ဖြတ်သန်းခံစားတင်ပြထားတဲ့စာပတ်သူရဲ့ လက်ထဲက သပြေတေးမဂ္ဂဇင်းဟာ စက်တင်ဘာလထုတ် (သို့မဟုတ်) တော်သလင်းလထုတ်ဖြစ်တယ်။ တော်သလင်းလဆိုတာ ရှေးမြန်မာများနဲ့ တောင်သူလယ်သမားတွေရဲ့ အမှတ်အသားအရဆိုရင်…

**'တော်သလင်း နေ–ပူစွန်သေ၊ တော်သလင်းမိုး–ကန်သင်းကျိုး'**… ရယ်လို့ အဆိုတစ်ရပ်ရှိသလို **'တော်သလင်းတိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ'**… ဆိုတဲ့ အဖြစ်သနစ်တွေလည်း ရှိခဲ့တယ်။ အဖြစ်အပျက်တွေရှိခဲ့လို့လည်း စာပေလင်္ကာ အမှတ်အသားတွေရှိနေကြတာပေါ့။



တော်သလင်းမိုးဟာ အငြိုးကြီးစွာနဲ့ တရစပ်ရွာတတ်တဲ့ မိုးဖြစ်တယ်။ ဒါကြောင့်လည်း စပါးလှန်း၊ မောင်းထောင်း၊ ဆန်ဖွပ်၊ ထင်းရှာ၊ ထမင်းချက်ရတဲ့ မီးဖိုချောင်က စဖိုသည်ခမျာ ရွာလျှင်မစဲတတ်တဲ့ အခုလိုတော်သလင်းမိုးအောက်မှာ ဘယ်ကလောက် ဒုက္ခရောက်လိုက်မလဲ။ ဆင်းရဲရှားလိုက်မလဲ။ ထားတော့။

**'တော်သလင်း တိမ်ညို၊ စဖိုသည်ဆင်းရဲ၊ မိုးမစဲ'**တဲ့ အခုလို ရာသီမှာ မြန်မာကဗျာဆရာတွေနဲ့ မိုးကို ဖွဲ့ဆိုတဲ့ မိုးဘွဲ့ကဗျာတွေဟာ တကယ့်ကို စိတ်ဝင်စားစရာကောင်းလှပါတယ်။

(**မိုးလယ်ပီပီ၊ တိမ်ကာစ္ဆိုလည်း၊ နီနီခြင်းခြင်း၊ ကန်လယ်တွင်းမှာ၊ လေပြင်းဆင့်ပါလို့လေး…။**

**မင်းလှွင်ငယ်မှတ်လှဲ့၊ မသာစနီး၊ စိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှဲ့နှင့်၊ အိုဘယ့်ရာသီ**…) ရယ်လို့ ကယောင်ကတမ်း လန့်အော်ရှာတဲ့ ကုန်းဘောင်ခေတ် အမျိုးသမီးစာဆို မယ်ခွေရဲ့ အဲချင်းကဗျာလေးဟာ အခုလို တော်သလင်းလရဲ့ ဝသန္တသရုပ်ပြပေါ့။

မြဝတီမင်းကြီး ဦးစကတော့ စစ်သည်စာဆိုတစ်ဦးဖြစ်ပေမယ့် သူကြုံတွေ့ခံစားရတဲ့ မိုးလေဝသအခြေအနေကို ဟောသလို…

(**ညိုလို့သာဝန်းတော့တယ်၊ မြယွန်းဆိုက မှောင်၊ ပုအောင်ဖွဲ့ ဖန်မျိုး…။ ကြည်ကွဲအောင် မဆင်လာနှင့်၊ ရှစ်ခွင်မှာ ပြာရီမှုညို၊ လွမ်းနယ်ရှဲ့မိုး**…) ရယ်လို့ ဂီတသံပါတဲ့ ကဗျာတစ်ပုဒ်နဲ့ ဝသန္တရာသီကို သရုပ်ပြခဲ့ပါတယ်။

အခု မိမိရောက်နေတဲ့ ကလျာမဂ္ဂဇင်းရဲ့ ညွှန်းဆောင်ထဲမှာ မိုးကို ဖွဲ့ဆိုတဲ့ မိုးဘွဲ့ကဗျာနှစ်ပုဒ်နဲ့ ထိတွေ့နေရပါပြီ။ ကဲ… ပထမခံစားမှုအနေနဲ့ ကဗျာဆရာ **ညွှန့်အေး (အင်းဝ)** ရဲ့ **'မျှော်လင့်မိုး'** ကဗျာကို ရင်ခုန်သံနဲ့ နားစွင့်ခံစားကြည့်ရအောင်။ **'မျှော်လင့်မိုး'** ကို တိုးတိုးညင်းညင်းသီဆိုကြည့်ကြရအောင်…။

**တိမ်မှိုင်းအိအိ၊ မိုးကိုကြည့်၍**
**မိုးမိစိုမှာ မစိုးပါ။**

ခဲသားရောင် တိမ်ညိုတိမ်မှိုင်းအိအိနဲ့ …မိုးကောင်းကင်ပြင်ကျယ်ကြီးကို ငေးကြည့်နေရင်း ကဗျာဆရာဟာ မိုးမိမှာ–မိုးထိမှာ မစိုးရှိမ့်တဲ့ သတ္တိတွေ



www.burmeseclassic.com

www.burmeseclassic.com

တစိမ့်စိမ့်ဝင်လာပါတယ်။ ဘယ်စိုးရွံ့မလဲ၊ မိုးကမှ မရွာနိုင်သေးတာပဲ။ ထားတော့…။

**ရွာစေသွန်းစေ၊ ဖြိုးဖြိုးဝေလျက်**
**လေပြင်းဝှန်းဆန်၊ မိုးပြင်းထန်စေ**
**မိုးရန်ဒဏ်မြောက်၊ ငါမကြောက်ချေ**
**မိုးအောက်ကြာမြင့်၊ မိုးနှင့်ငါနေ**
**မိုးသည်မိတ်ဆွေ၊ ငါမှတ်လေနဲ့…။**

အနုကြားနေရတဲ့ ကဗျာရဲ့ ဒုတိယပိုဒ်အထိ ခက်ဆစ်တွေ၊ အနက်သစ်တွေ ဘာမှ မတွေ့ရသေးပါဘူး။ 'လေး–သုံး–နှစ်' ကာရန်ခွင်ထဲမှာ တက်သံ၊ သက်သံ နရိုးပြေပြေနဲ့ မိုးလေဝသကို ခန့်မှန်းနေတုန်းပါပဲ။ မိုးရိပ်လေရိပ်ကို အကဲခတ်နေတဲ့ ကဗျာဆရာရဲ့ စိတ်သန္တာန်ဟာ ကဗျာရဲ့ ပထမပိုဒ်ထက်တော့ ပိုပြီးတက်ကြွသန်မာလာတာ ကြားလိုက်ရပါတယ်။

**'လေပြင်းဝှန်းဆန်၊ မိုးပြင်းထန်စေ**
**မိုးရန်ဒဏ်မြောက်၊ ငါမကြောက်ချေ'** … ဆိုတဲ့ ကဗျာဝါကျဟာ ကဗျာရဲ့ ရှေ့အလားအလာကို စိတ်ဝင်စားစရာကောင်းစေပါတယ်။ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာကလည်း ကဗျာဆရာ ရင်ထဲက…

**'မိုးအောက်ကြာမြင့်၊ မိုးနှင့်ငါနေ**
**မိုးသည် မိတ်ဆွေ၊ ငါမှတ်လေနဲ့'**

ဆိုတဲ့ အသံကို ပိုပြီး ပီပီသသကြားလိုက်ရလို့ပါပဲ။ ရင်ခုန်သံ ဘာသာစကား (ကဗျာ) ရဲ့ 'အပြောသဘာဝ' ဟာ အတန့်အရပ်၊ အဖြတ်အတောက်တွေရှိနေပေမယ့် သွားလိုရာ နေရာကိုတော့ တစိုက်မတ်မတ်သွားတတ်တဲ့ သဘာဝရှိပါတယ်။ အခုလည်းကြည့်လေ…

**'မိုးသဘာဝ၊ မိုးကာလတည့်**
**မိုးကရွာမည် တသည်းသည်း**
**မိုးပြင်းရွာမည် ဝှန်းနိုင်းကြီး'** …တဲ့။

လေးလုံးစပ်ကဗျာဟာ လေးကိုင်းသဖွယ် ညွတ်ကွေးပြီး မြားတံလို သန်မာတတ်တဲ့ သဘောရှိပါသလားလို့ တစ်ဦးတစ်ယောက်က မေးလာခဲ့ရင်တော့ ကဗျာဆရာ **ညွန့်အေး(အင်းဝ)** ရဲ့ **'မျှော်လင့်မိုး'** ကဗျာကို ကောက်ကာငင်ကာ လက်ညှိုးထိုးပြမိမှာပါပဲ။



ပြောလိုတဲ့ စကား၊ သွားလိုတဲ့ နေရာကို တစိုက်မတ်မတ်သွားတတ်တဲ့ ကဗျာရဲ့ အပြောဝါကျတွေ၊ အပြဝါကျတွေ၊ အသံဖွဲ့စည်းမှုတွေဟာ ပျော့အိပျော့ခွေ၊ လျော့ရိလျော့ရဲ မဟုတ်ဘဲ ကာရန်သက်ရောက်တဲ့ နေရာတိုင်းမှာ အနက်အဓိပ္ပာယ်တွေ ကြွယ်ဝနေတာကို လေ့လာခွင့်ရမိပါတယ်။ ပိုပြီး သိသာထင်ရှားအောင် ပြရမယ်ဆိုရင် ကဗျာရဲ့ နိဂုံးပိုဒ်က –

**တိမ်းမှိုင်းမှောင်အိ၊ မိုးကိုကြည့်၍**
**မိုးမိနိုမှာ၊ မစိုးပါ**
**သဘာဝသိချင်း၊ မိုးသံပြင်းတည့်**
**မိုးပြင်းသံဝါ၊ ကြားလိုပါသည်**
**နွေခါမိုးငြိမ်း မိုးမို့တည်း…**

ဆိုတဲ့ ဖွဲ့ဆိုတင်ပြမှုမျိုးဟာ အလေးအနက် ဂရုပြုစရာပါပဲ။

အခု ခံစားကြည့်ခဲ့တဲ့ **'မျှော်လင့်မိုး'** ကဗျာမှာ အသံတွက မခမ်းနား၊ စကားတွေကလည်း မဆန်းပြား၊ ထူးမခြားနားမိုး ကဗျာတစ်ပုဒ်ရယ်လို့ ယေဘုယျဆိုနိုင်ပေမယ့် ကဗျာဆရာရဲ့ မျှော်လင့်ချက်ဟာ အသက်ပါလှပါတယ်။ အဲဒီ အသက်ဟာ ကဗျာရဲ့ အနုပညာအသက်ဖြစ်တယ်။ ဘာကြောင့်၊ ဘယ်လို အနုပညာအသက်လဲ…။ ကဗျာတစ်ပုဒ်လုံးမှာ အခန်း(၄) ခန်း၊ အကန့် (၄) ကန့်၊ ပါဒရေ (၂၆) ကြောင်းနဲ့ ဖွဲ့စည်းတင်ပြထားတယ်။ အခန်းတစ်ခန်းစီရဲ့ နောက်ဆုံးကဗျာဝါကျတွေကို ထုတ်နှုတ်ကြည့်ရင် ဟောသလို တွေ့ရမယ်။

**၁။ မိုးမိနိုမှာ မစိုးပါ…။**
**၂။ မိုးသည်မိတ်ဆွေ၊ ငါမှတ်လေနဲ့။**
**၃။ မိုးပြင်းရွာမည် ဝှန်းနိုင်းကြီး။**
**၄။ နွေခါမိုးငြိမ်း မိုးမို့တည်း။**

ဖော်ပြပါ ကဗျာဝါကျ (၄) ခုမှာ ကဗျာရဲ့ တစိုက်မတ်မတ်သွားနေမှု၊ မိုးနဲ့ကဗျာဆရာရဲ့ ရင်းနှီးနွေးထွေးမှု၊ မိုးသဘာဝရဲ့ ပြင်းထန်ပေါက်ကွဲမှု၊ ကဗျာဆရာရဲ့ မိုးကို မျှော်လင့်မှု… စတဲ့ အချက် (၄) ချက်ကို တစိမ့်စိမ့် ခံစားရင်းနှလုံးသွင်းမိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တိမ်မှောင်အိအိ မိုးကိုကြည့်ပြီး မိုးမိမှာ မကြောက်တဲ့ ကဗျာဆရာ။ မိုးသီချင်းသံ မိုးပြင်းဒဏ်ကို ခံစားတပ်မက်လိုတဲ့ ကဗျာဆရာ။ ဘာကြောင့်ပါလိမ့်လို့ အဖြေရှာကြည့်တဲ့အခါ –

**'နွေခါမိုးငြိမ်း မိုးမို့တည်း'** ရယ်လို့ မိုးကိုမျှော်လင့်စောင့်စားနေရလို့ပါပဲ။ မိုးဟာ မြန်မာနိုင်ငံမှာ ၁၂ ရာသီလုံးလုံး ရွာသွန်းတတ်သလို မိုးကလည်း နွေခါမှာသာမက လူသားရဲ့ရင်ထဲမှာ အခါမရွေး ငိုကြွေးလောင်ကျွမ်းနေတတ်တာမျိုး၊ ခံပြင်းနာကြည်း လောင်ကျွမ်းနေတတ်တာမျိုး မဟုတ်လား။

ဒုတိယ ခံစားမှုအနေနဲ့ ကဗျာဆရာ မြင့်ဦး-ဦးမြင့် ရဲ့ **'ဝသန္တမယ်လိုဒီ'** လို့ အမည်ရတဲ့ မိုးပွဲသံစဉ်ကို ဆက်လက်နားဆင်ကြည့်နေမိပါတယ်။ ကြားနေရတဲ့ မိုးရတုရဲ့ တေးသွားသံစဉ်ဟာ မြန်မာသံစဉ် စစ်စစ်မဟုတ်တဲ့ အနောက်ဂီတရဲ့ တီးလုံးတီးကွက်မျိုးတွေ ဖြစ်တယ်။ ဒါပေမယ့် သူ့ကဗျာရဲ့ မယ်လိုဒီဟာ ကော်ပီမဟုတ်ဘဲ owntune ဖြစ်ကဲ့အတွက် နားဆင်ရတာ မကလက်ပါဘူး။ လုပ်ကြံဖန်တီးထားတဲ့ ဆိုကွက်တီးကွက်တွေ မဟုတ်တဲ့အတွက်လည်း **'ဝသန္တမယ်လိုဒီ'** ရဲ့ အင်ထရိုသံစဉ်ဟာ ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။

**တိမ်ကန့်လန့်ကာ ညို့ညို့မှိုင်း**
**ကောင်းကင်တီးဝိုင်း ဩဂက်စတြာသံစုံ**
**မိုးစက်တေပါးပါး လွင့်လွှပ်လွန့်လူး**
**လျှပ်စစ်မီးမောင်း ဈေးရဲ့ လင်းပြက်**
**အနောက်တောင်ဘက် စင်မြင့်ဆီမှ**
**အလွမ်းတေတ်ခံ ညို့ငင်ဖွင့်နိုး**
**အသံအတိုးအကျယ် မကြည်မလင်...။**

ကဗျာဆရာဟာ ဖြစ်ရိုးဖြစ်စဉ် မိုးဥတုမြင်ကွင်းကို သာမန်လူတွေ မမြင်နိုင်တဲ့ ခံစားမှုရှုထောင့်ကနေ ဖွဲ့ဆိုပြလိုက်ပါတယ်။ (**တိမ်ကန့်လန့်ကာ ဩဂက်စတြာသံစုံ၊ အနောက်တောင်စင်မြင့်၊ ညို့ငင်ဖွင့်နိုး...**) ဆိုတဲ့ အပြတွေဟာ မိုးရတုရဲ့ စတိတ်ရှိုးတစ်ခုပေါ့။ အင်ထရိုတီးလုံးကတော့ **'အသံအတိုးအကျယ် မကြည်လင်'**... တဲ့။ ကဗျာဆရာဟာ မိုးရွာနေတာကို မိုးရွာနေတာပါလို့ မဆိုဘဲ လျှပ်စစ်မီးမောင်းကြီးတွေနဲ့ ဈေးရဲလင်းပြက်နေတဲ့ စတိတ်ရှိုးစင်မြင့်တစ်ခုကို ဖန်ဆင်းပြသွားတယ်။



နောက်တစ်ပိုဒ် တီးကွက်အပြောင်းနဲ့ ကဗျာဆရာရဲ့ ဝသန္တတေးသံကို ဆက်လက်နားဆင်ကြည့်လိုက်တော့ –

**မိုးမျှော်နေတဲ့ မြေစိုင်မြေခဲ**
**သူ့ဝမ်းထဲလွယ်ထားတဲ့ သန္ဓေသားမျိုးစေ့**
**မွေးနေ့ကြို ရင်ခုန်သံလှိုက်သိမ့်**
**ဂျိုးဂျိုးဂျိမ့်ဂျိမ့် ညှော်ခံတီးလုံးမှာ**
**နှစ်လိုပျော်ရွှင်စွာ ယစ်မူး...**

ဆိုတဲ့ ဘဝပီတိကို မိမိရရှိလိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ကာ တစ်နေ့လုံး ကြေကွဲစွာပူလောင်နာကျင်နေခဲ့ရတဲ့ မြေစိုင်မြေခဲတွေရဲ့ ဝမ်းကြာတိုက်ထဲမှာ ရတနာသန္ဓေသား (မျိုးစေ့) တွေ ရှိနေတယ်။ ပူလောင်လွန်းလို့ ဝမ်းကြာတိုက်ကို ဖောက်ခွဲပြီး မထွက်ရဲနိုင်ကြရှာဘူး။ ဟော အခုတော့ မြေရဲ့ ရင်ထဲက မျိုးစေ့တွေဟာ မွေးနေ့ကိုကြိုဆိုရင်း ရင်ခုန်နေကြပြီ။ ဂျိုးဂျိုးဂျိမ့်ဂျိမ့်နဲ့ မိုးရဲ့ညှော်ခံတီးလုံးကြောင့် ပျော်ရွှင်စွာ ကခုန်ဖို့ပြင်ဆင်နေကြပြီ။ မိုးကို မျှော်လင့်နေကြပြီ။ ဝသန္တမယ်လိုဒီထဲက တီးကွက်တွေဟာ မြန်မာသံစဉ်မဟုတ်ပေမယ့် ကဗျာဆရာရဲ့ ခံစားမှုအားကောင်းတဲ့ ဆိုဟန်ဆိုပေါက်ကြောင့် နားထောင်လို့ ကောင်းလှပါတယ်။ ဘေးမှ ခံစားသူမိမိကိုယ်တိုင် ယစ်မူးပျော်ဝင်နစ်မျောသွားပါတယ်။

**အကျိုးရောင်တူ သစ်သစ်လွင်လွင်**
**သစ်ပင်ပျို့ပျို့ အိုးအိုးတိုင်း ပျော်မြူး**
**မိုးဦးကြိုဂီတနဲ့ လိုက်ဖက်**
**ကကြိုးကကွက်တွေ ပြန်ကျင့်**
**လက်ချိုးလက်မြှောက်တွေ မညီမညာ**
**လေတစ္ဆုန်ဆုန်နဲ့ သီချင်းလိုက်ညည်း...**

သံစဉ်တွေကလည်း သွက်သွက်၊ သဘာဝပြကွက်တွေကလည်း မြန်မြန်၊ ကာရန်တွေကလည်း ကဗျာဝါကျတိုင်းမှာ ငြိနေတော့ မိမိကိုယ်တိုင် မိုးတွေမိနေတာ မိမိမသိတော့ပါဘူး။

နွေအညှိုး၊ မိုးအပြောင်းမှာ အကျိုဟောင်း၊ ရွက်ဝါဟောင်းတွေကို စွန့်ပစ်ပြီး ရောင်တူရွက်သစ်ဒီဇိုင်းတွေနဲ့ အတိုင်းမသိ ပျော်ရွှင်လှုပ်ရှားနေကြတဲ့ ရုက္ခသဘာဝဟာ လူ့သဘာဝနဲ့ ဘယ်လောက်ခြားနားလို့လဲ။ လူသားတွေ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အေးချမ်းစွာနေထိုင်လိုမှု၊ ပျော်ရွှင်လွတ်လပ်လိုမှုကို မိုးဥတုထဲက ရုက္ခဗေဒနဲ့ ကပ်ပြီး ရိပ်ကာခဲကာ ပြထားတော့ မိမိကိုယ်တိုင် **'လေတာစွန့်စွန့်နဲ့ သီချင်းလိုက်ညည်း'** ကြည့်နေမိတော့တယ်။ ကဗျာဆရာဆိုတာ သူများထက် ပိုပြီးမြင်တတ်ရမယ် မဟုတ်လား။

ဒီလိုနဲ့ **'ဝဿန္တမယ်လို့ဗီ'** ကို ကဗျာဆရာ မြင့်ဦးဦးမြင့်က ယောသလို အဆုံးသတ် တီးခတ်ပြလိုက်ပါတယ်။

**သဘာဝတရားကြီးရဲ့ မျှော်လင့်ချက်**
**မနက်ဖြန်များစွာ စိမ်းစိုရေး**
**သွေးတောင်းနေတဲ့ ဥတု**
**တင်ဆက်မှုစပြီ... တဲ့။**

ကဲ– သဘာဝတရားကြီးရဲ့ မျှော်လင့်ချက်ဟာ မနက်ဖြန်များစွာ စိမ်းစိုရေးဖြစ်ပါသတဲ့။ သို့ကလို မနက်ဖြန်များစွာ စိမ်းစိုရေးအတွက် သွေးတောင်းနေတဲ့ ဥတုရာသီဟာ ဝဿန္တ မိုးရာသီသက်သက်ပဲလား။ ကဗျာဆရာကတော့ ပေးထားချက်နည်းနည်း၊ ပုစ္ဆာကျဉ်းကျဉ်းနဲ့ တင်ဆက်မှုဆေဒနာကို ခင်ကျင်းပြခဲ့ပါပြီ။

မိမိကကော ဘာလဲ... ဘယ်လဲ...။

ယခုလ ဖတ်ရန်အညွှန်း –

| | | | |
|---|---|---|---|
| ၁။ | *ပုံပြင်သစ် အာဇာနိက* | *မောင်ရှင်ဆော* | *(ပိတောက်ပွင့်သစ်–ဩဂုတ်)* |
| ၂။ | *သူ့နဲ့ငါ* | *အုန်းမြင့်လှိုင်* | *(ပိတောက်ပွင့်သစ်–ဩဂုတ်)* |
| ၃။ | *စာတောင်းမိုးမှုများ* | *ကိုသန်းထွန်း* | *(ပိတောက်ပွင့်သစ်–ဩဂုတ်)* |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

တရေးနိုးခြင်းကြောင့် အကောင်းအမွန် ဖြစ်လာတတ်၍ တရေးမှဲ့ခြင်းကြောင့် အဆိုးအယုတ် ဖြစ်လာတတ်သောသဘာဝ မှသည် လူ့သဏ္ဌာဝါတို့၌ ဖြတ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ဖြင့် တိမ်းတည်လျက်ရှိသည်။ ထိုသဘာဝမှုကို ဖျက်ဆီးလိုက် လျှင်တော့ လူဖြစ်ရ၍ တောင်းပါတော့မည်လော။

(တော့စရည်)

ဇော်ကိုမြန်မာမြန်

'မလေးတိုးနိခါမ်' မှ



# ညွှန်ခန်းများကို ဖြတ်သန်းခြင်း (၂၁)

မဟာအာကာသလွန် သိပ္ပံခေတ်ကြီးထဲမှာ 'လူ့ဘဝ' ကို ရရှိပိုင်ဆိုင်ထားရတဲ့ ကိစ္စဟာ တော်တော့်ကို မလွယ်လှတဲ့ အခြင်းအရာပါတကား။ ဖြစ်ပေါ်တိုးတက်နေတဲ့ မဟာသိပ္ပံခေတ်ကြီးနဲ့အညီ လူ့ဘဝမှာ အံဝင်ခွင်ကျ နေတတ်ထိုင်တတ်ဖို့ဆိုတာဟာလည်း စဉ်းစားလေလေ အသက်ရှုကျပ်လေလေပါပဲ။

ရေနွေးငွေ့ စွမ်းအင်နဲ့ ကျောက်မီးသွေးရဲ့ ဂုဏ်သတ္တိတစ်ရပ်ကြောင့် ဗြိတိန်နိုင်ငံမှာ ပထမစက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့ပြီးပြီ။ ၁၉ ရာစု အလယ်။

လျှပ်စစ်စွမ်းအင်နဲ့ ဓာတုဗေဒ စက်ရုံများရဲ့ အရှိန်အဟုန်ကြောင့် ဂျာမနီနိုင်ငံမှာ ဒုတိယစက်မှုတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့ပြီးပြီ။ ၁၉ ရာစုနှောင်းပိုင်း။

အခု တစ်ဖန် အီလက်ထရောနစ် လျှပ်စစ်စီးကြောင်းများနဲ့ ကွန်ပျူတာစနစ်ရဲ့ တန်ခိုးဩဇာပါဒ်အထွေထွေကြောင့် ၂၀ ရာစုဟာ တတိယစက်မှုတော်လှန်ရေးခေတ်ကြီးကို ရင်ဆိုင်ဖြတ်သန်းနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

စက်မှုခေတ် ပါရဂူတွေကတော့ အခုသူတို့ တွေ့ထိဖြတ်သန်းနေရတဲ့ ခေတ်ကြီးကို 'နည်းပညာတော်လှန်ရေးခေတ်' တဲ့လေ။ လူ့ရဲ့အစွမ်းဟာ တကယ့်ကို အံ့မခန်းစရာပဲ။

ဒီလိုနဲ့ ဂျပန်နိုင်ငံကလည်း တတိယစက်မှုတော်လှန်ရေးခေတ်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် တီထွင်ကြံဆရင်း ယော အခုတော့ 'ပဥ္စမမျိုးဆက်ကွန်ပျူတာစနစ်' ကို တွေ့ရှိထားကြပြီတဲ့၊ ကိုင်း– မှတ်ရော။

အဲဒီ တွေ့ရှိမှုကြီးသာ တကယ့်ကို တွေ့ရှိအောင်မြင်သွားပြီဆိုရင်တော့ ကွန်ပျူတာလေုတ်နဲ့ ထိန်းချုပ်ထားတဲ့ ရိုဘော့စက်ရုပ်တွေဟာ ထိန်းမနိုင် သိမ်းမရဖြစ်လာမှာ အမှန်ပဲ။ လူသားကမ္ဘာကြီးထဲမှာ မှန်းဆလို့မရနိုင်လောက်တဲ့ အပြောင်းအလဲကြီးတွေ မလွဲမသွေဖြစ်လာမှာလည်း အမှန်ပဲ။ လူသားရဲ့ မဟာစိတ်ကူးနဲ့ ထူးခြားတဲ့ လူ့အကြံအစည်တွေဟာ လူသားကို တစ်ဖန်ပြန်ပြီး အန္တရာယ်ပြုလာမယ်ဆိုရင် ဘယ်လို တုံ့ပြန်ကြမလဲ။ မျက်မှောက်ခေတ်လူသားတွေ ဘယ်နေရာမှာ သွားပုန်းနေကြမလဲ။

ဒါဟာ မကြံကောင်း မစည်ရာ အတွေးခေါင်မှု၊ ကြောင့်ကြပူပန်စိုးရိမ်မှုသက်သက်မဟုတ်ပါဘူး။ လူ့စိတ်ကူးနဲ့ ပြုလုပ်ထားကြတဲ့ ရုပ်ဝတ္ထုပစ္စည်းများရဲ့ဆင့်ကဲဆင့်ကဲ ဖြစ်စဉ်အရ၊ လူ့နှင့် ရုပ်ပစ္စည်း၊ လူနှင့်နည်းပညာ၊ လူနှင့်စကြဝဠာ စနစ်၊ လူနှင့်...၊ လူနှင့်... စတဲ့ တိုးတက်မှု အရှိန်အဟုန်နဲ့ တွေ့ရှိနေရတဲ့ နောက်ဆက်တွဲ ဂယက်တွေပေါ်မှာ အခြေခံပြီးကြောင့်ကြ ပူပန်စိုးရိမ်မိတာ ဖြစ်ပါတယ်။

စက်မှုသိပ္ပံဝါဒီတွေ၊ နည်းပညာသစ် တော်လှန်ရေးဝါဒီတွေ အနေနဲ့တော့ ကိုယ်ပြုလုပ်ခဲ့တဲ့ အလုပ်ကို ဘယ်တော့မှ စက်ဆုပ်မှာ မဟုတ်သလို တစ်ဝက်တစ်ပျက်နဲ့လည်း ရပ်တန့်နောက်ဆုတ်သွားကြမှာ မဟုတ်ပါဘူး။

ဘယ်သူပဲပဲ–မပဲပဲ လူသား ကမ္ဘာရဲ့ အနာဂတ်ကတော့ 'တော်သူနေ–မတော်သူသေ' ဆိုတဲ့ ကြိုဆိုရေးမုခ်ကြီးကို လှမ်းမြင်နေရပြီ။

တီထွင်ကြံဆတတ်သူ လူသားနဲ့ တီထွင်ကြံဆထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတို့ရဲ့ စီးချင်းထိုးပွဲကြီးကို မြင်နေရပြီ။ မလွဲမသွေ မိမိကိုယ်တိုင်လည်း ပါဝင်ပတ်သက်နေရပြီ။

တတိယစက်မှုတော်လှန်ရေးခေတ်ရဲ့ ကြိုးဝိုင်းထဲမှာရောက်နေတဲ့ လူသားတစ်အနေနဲ့ အခုမှ ဘောကဖြစ်နေလို့လည်း ဖြစ်နေရုံသာ ရှိတော့မပေါ့။



သေတဲ့အခါ လူ့ခန္ဓာကိုယ်ကို ပိုးမွှားတွေက စားသောက်ပစ်ကြ။ အသက်ရှင်နေတုန်းမှာလည်း ဘောကတွေရဲ့ ဖုံးလွှမ်းဝါးမျိုမှုကို လည်စင်းခံကြရမယ်ဆိုရင် လူ့ဘဝဆိုတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ။

သည်လိုနဲ့ လူသားရဲ့ ဘဝနဲ့ အဓိပ္ပာယ်ကို စဉ်းစားရင်း စက်တင်ဘာ ၂၅ ရက်၊ ကလျာမဂ္ဂဇင်းရဲ့ ညွှန်းကိုဖြတ်သန်းလိုက်တော့ ဆရာ အံ့မောင် ရဲ့ **'မနေတတ်တဲ့ကောင်'** ကို သွားတွေ့လိုက်ရတယ်။ ဘောကတွေ၊ ကြောင့်ကြပူပန်မှုတွေနဲ့ မနေတတ် မထိုင်တတ်ဖြစ်နေတဲ့ မိမိကို ဆရာ **အံ့မောင်** ရဲ့ **'မနေတတ်တဲ့ကောင်'** ကဗျာက လှမ်းပြီးလှောင်နေသလိုပါပဲ။ နားထောင်ကြည့်ပါဦး မိတ်ဆွေ။

**လူဆိုတဲ့ သတ္တဝါ**
**သူဟာသူနေ အကောင်းသား**
**အမျိုးမျိုးအစားစား ကြံတွေရှာ**
**သူ့ကိုယ်သူ တုပ်သတဲ့ဗျာ**
**ပြီးခါမှ**
**ခုကွ ခုကွ တဲ့**
**သံဝေဂညည်းချင်းတစ်ရာ**
**တအီအီဆိုနေရှာတော့တယ်...။**

ကဗျာရဲ့ အနှစ်အလျားဟာ ကဗျာခံစားသူရဲ့ အပေါ်ယံအမြင်မှာတော့ အပြန့်မကျယ်လှပါဘူး။ ခေတ်စကားနဲ့ပြောရရင် အနံကြီး ကွင်းကျယ်ကဗျာမဟုတ်ဘူး။

ဒါပေမယ့် ကျစ်ကျစ်လျစ်လျစ် ဖြစ်နေတဲ့ ချည်မျှင်တွေးလေးရဲ့ အစတစ်စကို ဆွဲထုတ်ကြည့်လိုက်တော့–လားလား... ထွေးမရ၊ ပြေးမရတဲ့ အတွေးစတွေဟာ မိမိကို တနင့်တပိုးကြီး ဖိစီးတုပ်နှောင်ထားပါတော့တယ်။

**လူဆိုတဲ့ သတ္တဝါ**
**သူဟာသူနေ အကောင်းသား**

ဆိုတဲ့ ကဗျာဝါကျနှစ်ကြောင်းဟာ မိမိရဲ့ အတွေးကို ဟို–လူ့ရဲ့မူလအစ သမိုင်းဦးကာလများအထိ ဆွဲခေါ်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

လူဆိုတာ ပြုလုပ်နေသော သတ္တဝါဖြစ်တယ်။ ဖော်ထုတ်နေသော သတ္တဝါဖြစ်တယ်။ ကြံဆတီထွင်နေသော သတ္တဝါဖြစ်တယ်။ စကြဝဠာတစ်ခွင်မှာ လူဟာ အင်အားအချည့်နဲ့ ဆုံးကျူးပင်ဖြစ်တယ်တဲ့။ ဒါပေမယ့် တွေးတောတတ်သော ကျူပင်ဖြစ်တယ်ဆိုတဲ့ ပြင်သစ်ဒဿနဆရာကြီး 'ဘလေ့စ်ပါစကယ်လ်' ရဲ့ အဆိုအမိန့်တစ်ရပ်ကို ဖွင့်ခနဲ သတိရလိုက်တော့ လူဆိုတဲ့ ကျူပင်လေးရဲ့ တွေးတောကြံဆတတ်မှုကို ဂရုမပြုဘဲမနေနိုင်တော့ပါဘူး။ မချဉ်းကပ်ဘဲ ခပ်ခွာခွာနေကြည့်လို့မရတော့ ပါဘူး။

ဘာတွေကို တွေးတောကြံဆသလဲ။ ဘယ်သူ့အတွက် တွေးတောကြံဆတာလဲ။ ဘယ်လို ရည်ရွယ်ချက်နဲ့ တွေးတောကြံဆနေရတာလဲဆိုတဲ့လူရဲ့ ပင်ကိုယ်သဘာဝနဲ့ လူရဲ့ အဖျူတွကို လေ့လာရင်း၊ ရှာဖွေရင်း၊ စူးစမ်းရင်း၊ တွေးတောရင်းနဲ့ပဲ လူဆိုတဲ့ သတ္တဝါ (မိမိ) ဟာလည်း...

**'အမျိုးမျိုး အစားစား ကြိုးတွေရှာ**

**သူ့ကိုယ်သူ တုပ်သတဲ့ဗျာ'**

ဆိုတဲ့ 'မနေတတ်ကောင်' တစ်ကောင်ဖြစ်ခဲ့ရပါတယ်။

ဟော သည်လိုနဲ့ လူ့စိတ်ကူးရဲ့ တီထွင်မှုရလဒ်ကြီးတစ်ခုဖြစ်တဲ့ တတိယ စက်မှုတော်လှန်ရေးခေတ် (တစ်နည်းအားဖြင့်) နည်းပညာတော်လှန်ရေး ခေတ်ကြီးနဲ့ နဖူးတွေ့ဒူးတွေ့ ကြုံဆုံရပြီလည်း ဆိုရော...။

**'ပြီးခါမှ**

**ဒုက္ခ ဒုက္ခတဲ့**

**သံဝေဂညည်းချင်းတစ်ရာ**

**တအီအီဆိုနေရှာတော့တယ်'**

ဆိုတဲ့ သောကတွေရဲ့ ဖုံးလွှမ်းဝါးမျိုမှုကို အရှင်လတ်လတ် လည်စင်းခံနေရပြီကော။

ကဗျာလေးကတော့ ဒါပါပဲ။ ကဗျာကောင်းတစ်ပုဒ်ရဲ့ ကြန်အင်လက္ခဏာတစ်ရပ်ဖြစ်တဲ့ (**နည်းနည်းလေးစားပြီး များများကြီး ချန်ထား**) နိုင်တဲ့ အတွေးအခေါ် အတတ်ပညာကို ဆရာအုံမောင်ရဲ့ **'မနေတတ်တဲ့ကောင်'** ကဗျာမှာ သို့ကလို တွေ့ရှိလိုက်ရပါတယ်။

တွေ့ရှိပြီးတာနဲ့ တစ်ဆက်တည်းမှာပဲ မိမိကိုယ်မိမိလည်း ဘယ်လို အသင့်ပြင်ဆင်ထားမလဲ။ ဘယ်လိုတွေးခေါ်နေထိုင် ကျင့်ကြံသင့်သ



လဲ။ ဘယ်လို လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုလူသားမျိုးနွယ်စုတွေနဲ့အတူ ရှိနေသင့်သလဲဆိုတဲ့ မေးခွန်းတွေဟာ တစ်ရစ်ပြီးတစ်ရစ် မိမိကိုယ်မိမိ ချည်နှောင်နေမိပါတော့တယ်။

သို့ကလို ချည်နှောင်ထားမိတဲ့ ကြိုးတွေကို ဖြေဖို့စစ်ကူတောင်းခံတဲ့အနေနဲ့ ကဗျာစည့်ခန်းတွေထဲ ဖြတ်သန်းရင်း စူးစမ်းလိုက်တော့ စက်တင်ဘာ ၉၅-ထုတ်၊ ရွှေအောင်လံမဂ္ဂဇင်းရဲ့ စည့်ခန်းထဲက ကဗျာဆရာ **မင်းတံခွန်**ရဲ့ **'တရိုက်မိတ္တူ'** တစ်ရွက်ဟာ ပြက်ခနဲ လက်သွားပါတယ်။ **မင်းတံခွန်** ရဲ့ **'တရိုက်မိတ္တူ'** ဟာ ဘယ်လိုအမျိုးအစားလဲဆိုတာ မိမိနဲ့ မိတ်ဆွေများ ခံစားကြည့်ကြရအောင်။

**'မိတ္တူ' ဆိုတာ**

**ထပ်တူပြုခြင်း။**

**ကြည့်...**

**စက်အကူနဲ့**

**စက္ကူထဲက တသား**

**စက္ကူထဲက မယား**

**မိတ္တူ ကူးမွားတဲ့အခါ**

**သိပ်မတူ ဘူးလားဗျာ...။**

ခေတ်ပေါ် ကဗျာရဲ့ ဝိသေသတစ်ရပ်ဟာ ကဗျာမှာ ခွန်အားရှိစေမယ့် 'ကြားခံပစ္စည်း' တစ်ခုခုကို ထည့်သွင်း အသုံးပြုရပါတယ်။ အနုကိစ္စမှာလည်း ကဗျာဆရာဟာ တရိုက်တဲ့ မိတ္တူစက်တစ်လုံးကို ကြားခံပစ္စည်းတစ်ခုဖြစ် အသုံးချကြည့်ဖို့ စီစဉ်ခင်းကျင်းလိုက်တာပါပဲ။ ကဗျာရဲ့ ဒဿနနဲ့ အသုံးပြုထားတဲ့ ကြားခံပစ္စည်းတို့ အံဝင်ခွင်ကျဖြစ်-မဖြစ်၊ သက်ရောက်မှုရှိ-မရှိ ဆိုတာတော့ ကဗျာဆရာရဲ့ စိတ်ကူးစိတ်သန်းနဲ့ ကြိုးပမ်းအားထုတ်မှုပေါ်မှာ တည်မှီပါတယ်။

**မင်းတံခွန်** ရဲ့ ကဗျာစိတ်ကူး စိတ်သန်းဟာ တရိုက်မိတ္တူစက်တစ်လုံးကို ဘယ်လိုအသုံးပြုသလဲ။

**ဒီလိုပါပဲ...**

**စိတ်တူစရိုက်ကို**

**မိတ္တူရိုက်တဲ့အခါ**

**သိပ်တူလိုက်သမှ...။**



www.burmeseclassic.com

www.burmeseclassic.com

ကဗျာရဲ့ ပထမနဲ့ ဒုတိယအခင်းအကျင်းကတော့ မိတ္တူကူးစက်ရဲ့ သဘောသဘာဝဖြစ်တဲ့ ထပ်တူပြုနိုင်ခြင်း၊ စက်အကူကြောင့် စက္ကူထဲက စာသားနဲ့ ဓာယားကွက်တွေကို ရွက်ရေများစွာ မိတ္တူကူးပွားနိုင်ခြင်းစတဲ့ အပရိကလုပ်ငန်းဖြစ်စဉ်ပြ သက်သက်ပါပဲ။ မိတ္တူစက်တစ်လုံးရဲ့ လုပ်ထုံးလုပ်နည်းသက်သက်ပါပဲ။

ဒါပေမယ့် သာမန် မိတ္တူရိုက်စက်ထက် ပိုပြီး ထူးခြားတဲ့ ဟောဒီစက်ကတော့ –

**'စိတ်တူစရိုက်ကို**

**မိတ္တူရိုက်တဲ့အခါ'** ဆိုပြီး တအံ့တသြ ပြောပြသွားပါတယ်။ စာကိုမရိုက်ဘဲ စိတ်ကို ရိုက်တဲ့ မိတ္တူစက်ဟာ တကယ့်ကို မိတ္တူရိုက်စက်ပါပဲ။ စိတ်မိတ္တူနဲ့ပတ်သက်ပြီး ငြင်းချက်မပေးလိုတဲ့ ကွင်းဆက်လေးတွေကိုလည်း ကဗျာဆရာက ဟောသလိုတစ်ကွင်းပြီး တစ်ကွင်း၊ တစ်ကွက်ပြီး တစ်ကွက် သီကုံးယက်ရှယ်ပြသွားပါတယ်။

**'တံငါနားနီး တံငါ**

**မုဆိုးနားနီး မုဆိုး' တဲ့**

**စရိုက်အင်းဆက်**

**ကူးစက်တတ်တယ်။**

**'ရသေ့' ဆိုရောက်တဲ့ ကျေး**

**'မုဆိုး' ဆိုရောက်တဲ့ ကျေး**

**ဘယ်ကျေးက ယဉ်ကျေး**

**ဘယ်ကျေးက မြင့်မြတ်**

**ကျေးညီနောင်စာတ်မှာ**

**ဆရာကောင်းတပည့်**

**ပန်းကောင်းပန်**

**အကူးမှန်တဲ့ 'မိတ္တူ'…။**

တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုတဲ့ ရှေးရိုးဆုံးမစာတို့၊ ကျေးညီနောင် ပုံပြင်ဟောင်းထဲက ကျောင်းသခ်မ်းထဲကို ရောက်သွားတဲ့ ကျေးတစ်ကောင်နဲ့ မုဆိုးအိမ်ရာထဲ ရောက်သွားတဲ့ ကျေးတစ်ကောင်အ



ကြောင်းတို့ဟာ ကဗျာမှာ သစ်လွင်လတ်ဆတ်တဲ့ စိတ်ကူးစိတ်သန်း မဟုတ်ပါဘူး။

သို့ကလို ဟောင်းအို ရိုးစင်းတဲ့ စိတ်ကူးစိတ်သန်းတစ်ပတ်နွမ်းတွေ၊ အဟောင်းထည်တွေကြားမှာ –

**'စရိုက်အင်းဆက်၊ ကူးစက်တတ်တယ်'** ဆိုတဲ့ အသုံးအဖွဲ့အထုံးအဖွဲ့တွေဟာ အဟောင်းထည် တစ်ပတ်နွမ်း ကဗျာစိတ်ကူးစိတ်သန်းတွေကို မှေးမှိန်ပျောက်ကွယ်သွားစေပါတယ်။ မထင်မှတ်တဲ့ထောင့်က ဖြန်းခနဲ ထွက်လာတဲ့ သစ်လွင်လတ်ဆတ်တဲ့ ဘာသာစကားအသစ် (စရိုက်အင်းဆက်) ကြောင့် ကဗျာဆရာရဲ့ မိတ္တူရိုက်စက်ဟောင်းလေးဟာ သက်ဝင်လှုပ်ရှားလာပါတယ်။ ကဗျာမှာ ဘာသာစကား အသစ်အဆန်းတွေကို ဗုံးပေါလအော သုံးပြစရာမလိုပါဘူး။ တိကျထိမိတဲ့ ဘာသာစကားအသစ်တစ်ခွန်းဟာ မသေရာ မရေရာတဲ့ အလင်္ကာ များစွာ၊ နိမိတ်ပုံများစွာထက် ပိုပြီး ကဗျာရဲ့ ဝုဏ်ရည်ကို တောက်ပြောင်စေပါတယ်။ အကျိုးပြုစေပါတယ်။ ကဗျာခံစားသူရဲ့ အာလျကို ရှင်ခြင်းပြေစေနိုင်ပါတယ်။

သုတော်စင်တို့ မွေ့လျော်ရာ ကျောင်းသခ်မ်းထဲကို ရောက်သွားတဲ့ ယဉ်ကျေးမြင့်မြတ်တဲ့ ကျေးတစ်ကောင်ကို အကူးမှန်တဲ့ 'မိတ္တူ' လို့ ဖွဲ့ဆိုပြသလို –

**တစ်ခါ**

**'အစာတသတ်'**

**'အေဝါတ်' ကို ဆရာတင်**

**ရာစဝင်တူးခါး.**

**အကူးမှားတဲ့ 'မိတ္တူ'။**

ရယ်လို့ ဗုဒ္ဓခေတ် ဇာတ်ထုပ်တစ်ပုဒ်ကို ထုတ်နုတ်ကိုးကားပြပြန်တယ်။ လူ့ဘဝမှာ ဘယ်အရာဟာ မှား၊ ဘယ်အရာဟာ အမှန်ဆိုတာ သူ့စံနဲ့သူ ရှိပြီးသားမို့ ကဗျာဆရာရဲ့ 'အမှား' နဲ့ 'အမှန်' ပြယုဂ်ဥဒါဟရဏ်တွေကို သည်နေရာ အငြင်းမပွားလိုတော့ပါဘူး။

မိမိနဲ့အတူ ကဗျာခံစားသူများအလိုရှိအပ်တဲ့ ကဗျာစာတ်ဆိုတာဟာ ဘယ်လိုအရာလဲ။ ကဗျာရဲ့ အသံလား၊ ကဗျာရဲ့ အနက်လား၊ ကဗျာရဲ့



www.burmeseclassic.com

www.burmeseclassic.com

အတွေးလား။ ဖြစ်နိုင်မယ်ဆိုရင်တော့ ထို (၃) မျိုးလုံးကို လိုချင်တပ်မက်ကြတာပါပဲ။ အဲဒီ လိုချင်တပ်မက်မှုတွေကို **မင်းတဲခွန်** ရဲ့ '**တရိုက်မိတ္တူ**' စက်တစ်လုံးဟာ ယောသလို ဖြည့်စွမ်းပေးသွားပါတယ်။

**ဆိုတော့ သူငယ်ချင်း**
**'မှုရင်း'ကောင်းမှ**
**'မိတ္တူ' ကောင်းမယ်**
**လူရှုင်းပေါင်းတဲ့အခါ**
**မှုရင်းကောင်းဖို့ လိုအပ်တယ်...။**

တရိုက်မိတ္တူစက်ထဲကို ထည့်ရတဲ့ မှုရင်းစာသားနဲ့ မှုရင်းပုံသားကွက်တွေဟာ ကြည်လင်သန့်ရှင်းရပါတယ်။ အစွန်းအထင်းကင်းရပါတယ်။ အညစ်အကြေးဝေးရပါတယ်။ မှုရင်းစာရွက်က အပျက်အယွင်းကင်းမှသာ ထွက်လာမယ့် မိတ္တူဟာလည်း မှုရင်းနဲ့ ထပ်တူထပ်မျှ လှပကောင်းမွန်မှာ ဖြစ်ပါတယ်။

'မှုရင်း' ပစ္စည်းကမှ အရည်အသွေးမကောင်းဘူးဆိုရင်တော့ 'ဆင့်ပွားမိတ္တူ' ဆိုတာဟာလည်း ဘယ်လိုကောင်းနိုင်ပါတော့လဲ။ မှုရင်းပျက်ရင် မိတ္တူလည်း ပျက်တော့တာပေါ့။

သက်မဲ့ ရုပ်ပစ္စည်းထက် အရေးကြီးတဲ့ သက်ရှိလူသားကို မိတ္တူပွားကြည့်တဲ့အခါ လူရဲ့ မှုရင်း (အတွင်းအစျွတ္တ) ကောင်းဖို့ဟာ အဓိကအရေးကြီးပါတယ်။ ဒါဟာ လူ့ဘဝရဲ့ ပဓာနကျတဲ့ အခြေခံသီဝရိတစ်ရပ်ပါပဲ။

အခုတော့ မိတ္တဝလင်ငိုကာ တစ်အုပ်လုံးကို အသုံးချနေကြတဲ့ ခေတ်ကြီးထဲမှာ...၊

ဒစ်ပလိုမေစီ အပြုံးတွေနဲ့ ဖုံးလွှမ်းခြယ်သထားတဲ့ ခေတ်ကြီးထဲမှာ၊

တတိယစက်မှုတော်လှန်ရေးနဲ့ နည်းပညာသစ်ခေတ်ကြီးထဲမှာ ဆရာ **အုံမောင်** ရဲ့ '**မနေတတ်တဲ့ကောင်**' လို မိမိဟာ **မင်းတဲခွန်**ရဲ့ '**တရိုက်မိတ္တူ**' စက်တစ်လုံးကို မွေ့ပိုက်ရင်း...။

မှုရင်းကောင်းမယ့် လူခပင်းအပေါင်းကို လိုက်လံရှာဖွေနေမိပါပြီ။ ဆရာ **အုံမောင်** ရဲ့ '**မနေတတ်တဲ့ကောင်**' လိုလူသားတစ်ဦးဟာ –



'ဒုက္ခ ဒုက္ခတဲ့
သံဝေဂညည်းချင်းတစ်ရာ
**တအီအီဆိုနေရှာတော့တယ်**' ဆိုတဲ့အချိန်မှာ –

ဆရာ **မင်းတဲခွန်** ရဲ့ '**တရိုက်မိတ္တူ**' စက်ထဲက အသံတစ်သံပေါ်ထွက်လာတာကို နားနဲ့ဆတ်ဆတ်ကြားလိုက်ရပါတယ်။ ဘာအသံလဲ။

**'လူရှုင်းပေါင်းတဲ့အခါ**
**မှုရင်းကောင်းဖို့ လိုအပ်တယ်**' ဆိုတဲ့ အသံပေါ့။

မိတ်ဆွေများ သံဝေဂညည်းချင်း ကင်းဝေးကြပါစေ၊ မှုရင်းကောင်းသူ လူအချင်းချင်း ရင်းနှီးချစ်ကြည်ကြပါစေလို့ ဆုတောင်းရင်း ယခုလ ဖတ်ရန် ကဗျာအညွှန်းကတော့...

၁။ ထင်မိုး — ယန် — (ဒီလှိုင်းမဂ္ဂဇင်း)
၂။ ဝင်းမြင့် — ပုံတင် — (ရုပ်ရှင်တေးကဗျာ)
၃။ သုခမိန်လှိုင် — ရင်မဆိုင်နဲ့ ဖြေသာဖြေးတာမျှာ — (ရှုမဝ)
၄။ ဆော် (ပျဉ်းမနား) — ကျွန်ုပ်ရ ဒီနိုင်းတွေ တိုစွ — (စတိုင်သစ်)

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲမှာ အသံအကျယ်ဆုံး ပစ်ပေါက်နေတာကတော့ 'မော်ဒန်' ပဲ။ ဒါပေမယ့် ဘာကို ရည်ရွယ်ပြီး ဘယ်သူ့ကိုပစ်နေ သလဲဆိုတာကတော့ မသဲကွဲလှဘူး။ ကြည့်ရတာတော့ ကိုယ့် အချင်းချင်း ပစ်နေသလိုပဲ၊ ဒါမှမဟုတ် ကိုယ့်ကိုကိုယ် ပြန်ပြီး ပစ်နေတာပဲ ဖြစ်နိုင်တယ်။

မှန်ပြောင်းသစ်

ချယ်ရီမဂ္ဂဇင်း

၁၉၉၁၊ ဧပြီလ မှ



## ဧည့်ခန်းများကို ဖြတ်သန်းခြင်း (၂၂)

လွန်ခဲ့တဲ့ ငါးနှစ်ခွဲတုန်းက ချယ်ရီမဂ္ဂဇင်းမှာ ဖော်ပြပါရှိတဲ့အထက် ရည်ညွှန်းပါ ဆောင်းပါးတစ်ပုဒ်ကို အမှတ်မထင် ပြန်ဖတ်မိရင်း ပြုံးနေမိပါတယ်။ ပြုံးမိတဲ့အကြောင်းကတော့ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြုံးမိတာလဲ။ ကိုယ့်အချင်းချင်းပေါ်မှာလား။ ကိုယ့်ကိုကိုယ် ပြန်ပြီး ပြုံးမိတာလား ဆိုတာ မသဲကွဲလှပါဘူး။ မသဲကွဲတာပဲ ကောင်းပါရဲ့။ ဘာကြောင့်လဲဆိုတော့ ကာ အခုအချိန်မှာ 'မော်ဒန်ကိစ္စ' ထက် အရေးကြီးတဲ့ အခြင်းအရာတွေ ရှိနေပြီမဟုတ်လား။ အရေးကြီးတဲ့ ဖော်ပြချက်တွေကို မျက်ကွယ်မပြုသင့် ကြတဲ့ ကာလမဟုတ်လား။

ဘီယာ၊ ကာရာအိုကေ၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ အက်ဖ်အီးစီ၊ ဂျီအီးစီ၊ ဒေါ်လာ၊ ကွန်ပျူတာ၊ ဟဲဗီးမက်တယ်လ်၊ ကင်ဆာ၊ ဆယ်လူလာ ဖုန်း၊ အိတ်ရဲ့အိုင်ဗွီ၊ ကွန်ဒုံး စတဲ့ နိုင်ငံရပ်ခြား စကားလုံးတွေကို မြန်မာ လူမျိုး တော်တော်များများ သိနေကြသလို၊ မြန်မာစကားမဟုတ်တဲ့ 'မော်ဒန်' ကိုလည်း မြန်မာ့နယ်ပယ်မှာ တွင်တွင်ကျယ်ကျယ် သုံးနေကြလို့ နားစွဲ နေကြပါပြီ။

'မော်ဒန်' ရယ်လို့ မတွင်ကျယ်ခင်တုန်းကတော့ ကာလပေါ်ပစ္စည်း၊ ခေတ်ကာလသားသမီး၊ ကာလပေါ်ဝတ္ထု၊ ခေတ်စမ်းကဗျာ၊ ဒီလောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲနေတဲ့ ခေတ်ရေစီးကြောင်းထဲမှာ အဟောင်းအဟောင်းတွေဟာ မှိန်ဝါးကျန်ရစ်ပြီး အသစ်အသစ်တွေဟာ ပေါ်ပေါက်ဖြစ်ထွန်းလာကြတယ်။ ရာဇဝင်သစ်တွေ၊ အတွေ့အကြုံသစ်တွေ၊ ဆက်ဆံရေးသစ်တွေ၊ ရုပ်ပစ္စည်းသစ်တွေနဲ့အတူ ဘာသာစကားသစ်တွေဟာလည်း လမ်းဆေးတဲကုပ်ထဲမှာရော၊ စရာမလွှတ်တော်ကြီးထဲမှာပါ ပြောင်းလဲလာတာ တွေ့နေရတယ်။ ကျေးလက်မှာရော မြို့ပြမှာပါ ခေတ်မီစွာ အသုံးပြုနေကြတာကို ကြားနေရတယ်။

ဒါပေမယ့် ခေတ်ကို ထင်ဟပ်ဖော်ပြမယ့် ကဗျာ၊ အသွင်သဏ္ဌာန်သစ်တွေရဲ့ သဘောသဘာဝတွေကို တင်ပြဖွဲ့ဆိုမယ့် ကဗျာ (မော်ဒန်)မှာတော့ 'မော်' ရှုံသာမော်ပြီး 'ဒန်' သံမြည်ရုံမျှနဲ့ 'မော်ဒန် မော်ဒန်' လို့ အော်လံကြီးနဲ့ အော်နေကြမယ်ဆိုရင်တော့ မြင်လို့မှ မလေးစား၊ ကြားလို့မှမလျော်ကန်၊ အောကြောလန်ကုန်ကြတော့မှာပဲ။ မော်ဒန်ကဗျာဆိုတာ အခြားဂြိုဟ်ကမ္ဘာတစ်ခုက ပဲ့ကျလာတဲ့အပိုင်းအစတစ်ခု မဟုတ်ပါဘူး။ မြန်မာ့ရေခံမြေခံသဘာဝနဲ့ ကွာဟလွန်းတဲ့ ကိုင်းကူးမျိုးပွား ဖန်ပြွန်သန္ဓေသားလည်း မဟုတ်ပါဘူး။

သူ့ခေတ်က တောင်းဆိုလာလို့၊ လိုအပ်လာလို့၊ အချိန်အခါကျရောက်လာလို့ ပေါ်ပေါက်လာရတဲ့ ဖန်တီးမှုအနုပညာ (မော်ဒန်ကဗျာ) ကိစ္စကို ဘာမှ စိတ်မချစရာလည်း မရှိပါဘူး။ တစ်ခုတော့ရှိတာပေါ့လေ။ မျက်မှောက်ခေတ်ရဲ့ လိုအင်ဆန္ဒနဲ့ အံဝင်ခွင်ကျမဖြစ်ခဲ့ရင်၊ တည်ဆဲကာလ၊ ဖြစ်ဆဲကာလ၊ ပစ္စုပ္ပန်ကာလရဲ့ တကယ့် အစစ်အမှန်တရားကို မလေးစားဘဲ ကလေးကလား အလုပ်မျိုးတွေ လုပ်ပြနေခဲ့ရင်တော့ မော်ဒန်ပဲဖြစ်ဖြစ်၊ ခေတ်ပေါ်,ခေတ်ပြိုင်လို့ပဲ ပြောပြော၊ ဝေါဟာရပညတ်မှ တစ်ပါး အခြားဘာမှ ဖြစ်မလာနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ ခေတ်ဆိုတာ အမြဲတမ်း အသစ်အသစ်ဖြစ်နေပြီး ပြောင်းလဲရွေ့လျားတတ်တဲ့ သဘောရှိပါတယ်။ ဖက်ရှင်ဖြစ်ရုံ၊ ခေတ်မီရုံ၊ ခေတ်ဆန်ရုံ၊ သစ်ရုံ ဆန်းရုံဆိုရင်တော့ **'နေ့မြင်ညပျောက်'** ဖြစ်သွားမှာပေါ့။ အနှစ်သာရကို မဆုပ်ကိုင်မိတဲ့ကနေ့ အသစ်ဆိုတာဟာ မနက်ဖြန်ရောက်ရင် ပျောက်သွားမှာ သေချာပါတယ်။ မပျောက်တဲ့ ကဗျာ ဘယ်လိုဟာလဲ။ ခေတ်ပြိုင်ခံစားမှုဆိုတာ ဘာလဲ။



မိမိနဲ့အတူ ကဗျာခံစားသူများ တစ်ခါတုန်းက တသသပြောမဆုံးဖြစ်ခဲ့ဖူးတဲ့ ကဗျာတစ်ပုဒ် (သို့မဟုတ်) နှလုံးသားထဲမှာ အမှတ်သညာတရားထဲမှာ စွဲစွဲနစ်နစ် ဖြစ်ခဲ့ဖူးတဲ့ ကဗျာတစ်ပုဒ်ကို ရုတ်တရက်ပြန်တွေ့လိုက်ရတော့ ဝမ်းသာလိုက်တာ။ ၁၉၈၂ ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝရုပ်စုံမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ကဗျာဆရာမ **မအိ** ရဲ့ **'အသံအက်သွားတဲ့ ခေါင်းလောင်းလေး'** ကဗျာ။ (၁၃) နှစ်ကျော် ကြာခဲ့ပြီ။

အခု ပြန်တွေ့ရတဲ့ နေရာက ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလထုတ် သင့်ဘဝအောင်မြင်ရေးနှင့် လူမှုရေးရာ မဂ္ဂဇင်းထဲက 'ဖန်တီးသူအကြိုက်' ဆိုတဲ့ ကဗျာစည့်ခန်းဆောင်ထဲမှာ။

ဒီနေရာမှာ ပြောစရာရှိတာက ဘာကြောင့် (၁၃) နှစ်ကျော်က ကဗျာဟောင်းတစ်ပုဒ်ကို ထုတ်နုတ်ဖော်ပြရပါသလဲ။ အဖြေကတော့ ယခုလ မိမိဖြတ်သန်းရမယ့် ဧည့်ခန်းများဟာ ၉၅ အောက်တိုဘာ မဂ္ဂဇင်းသစ်တွေထဲက ဖြစ်ရမယ်ဆိုတဲ့ စနစ်ဇယားပုံစံလေးရှိနေခဲ့လို့ပါပဲ။ အခုတော့ တသသဖြစ်ခဲ့ရတဲ့ က ၂တစ်ပုဒ်ကို မူလသတ်မှတ်ချက် စနစ်ဇယားနဲ့ကိုက်ညီစွာ ပြန်လည်ခံစားခွင့်၊ ပြန်လည်ပြီးအလှဆေ ခြေရာကောက်ခွင့်ရလိုက်တဲ့အတွက် မိမိဘက်က ရင်ခုန်ရသလို အခုမှမြင်ရ တွေ့ရ လေ့လာရတဲ့ ကဗျာခံစားသူအသစ်တွေအတွက်လည်း ဘဝအမြင်တစ်ခု သို့မဟုတ် ပီတိသုခတစ်သွယ်ကို ရနိုင်ကြလိမ့်မယ်လို့ မျှော်လင့်မိတာပါပဲ။ ကဲ ဘာကြောင့် **'အသံအက်သွားတဲ့ ခေါင်းလောင်းလေး'** လဲ။ ကဗျာဆရာမ **'မအိ'** ရဲ့ ခေါင်းလောင်းထိုးသံဟာ ဘယ်သူ့ထံလဲ။ ခံစားနားထောင်ကြည့်ရအောင်။

**ရောင်စုံပန်းခြင်းတစ်ခု**

**စတုတ္ထတန်းကျောင်းသား– ကျောင်းသူများကောင်းမှု**

ရုပ်ရှင်မှာမြင်ရတဲ့ ကင်မရာရိုက်ချက်အနေနဲ့ဆိုရင်တော့ စာတ်လမ်းရဲ့ အထွတ်အထိပ်နိဂုံးကို သယ်ဆောင်ရမယ့် အရေးပါဆုံး ပစ္စည်းတစ်ခုကို အခုလို စာတ်ဖွင့်ဖွင့်ချင်း ဝေးရာမှနီး၊ သေးရာမှကြီးလာတဲ့ ပြကွက်မျိုးပေါ့။ ပစ္စည်းက သက်ငြိမ်ရောင်စုံပန်းခြင်းလေးတစ်ခု။ အဲဒီ ပန်းခြင်းမှာ ချိတ်ဆွဲထားတဲ့ စာတမ်းလေးက **'စတုတ္ထတန်းကျောင်းသားကျောင်းသူများကောင်းမှု'** တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာ မသိ၊ ကဗျာဝါကျနှစ်ကြောင်းမှာ ကြေကွဲသံကို ကြားရ။

**အဖူးအငုံ**
**မွှင်မှုံမွှင်ချပ်၊ မွှင်ဖတ်ညှိုးရော်**
**သော်က စံပေါ၊ ကြွေ ပုဏ္ဏရိတ်**
**သွယ်ချိတ်ကုံးယှက်၊ မျက်ရည်စက်တွေနဲ့**
**သူ့အတွက်လေ။**

လေးလုံးတစ်ပါဒ ကဗျာဝါကျတွေထဲက ကာရန်သက်ရောက်ရာနေရာတွေဟာ အနိုတ်အဆက် သွက်လက်မြန်ဆန်သလောက် အသံနောက်၊ အရုပ်နောက်ကို တကောက်ကောက်လိုက်ရတဲ့ မိမိဟာ အသက်ရှူချိန်မှုမရ၊ ဘာကြောင့်လဲဆိုတော့ကာ ဖော်ပြပါကဗျာဝါကျ ရှစ်ကြောင်းဟာ သူ့အလိုလို နမိတ်ပုံတစ်ခုဖြစ်နေပေါ့။ 'သူ့အလိုလို နိမိတ်ပုံတစ်ခုလို့' ဆိုရတာက မျိုးကူးကိုင်းဆက်ထားတဲ့ ခံစားမှုပြုလုပ်ချက်တွေမရှိ၊ လျှပ်ပေါ်လော်လည်တဲ့ အငှားစကားလုံးတွေ မသုံး၊ ကာရန်အုပ်စုနဲ့ နာမ်ပုဒ်စုတွေကလည်း စည်းစည်းလုံးလုံး ကျစ်ကျစ်လျစ်လျစ်။

**ဖိနပ်မဲ့ခြေဗလါး၊ မေးနိုင်ပိုးစားခြင်း**
**ထင်းရှူးသေတ္တာ၊ လဲလျောင်းစရာ**

စတုတ္ထတန်း ကျောင်းသားကျောင်းသူတွေရဲ့ ကောင်းမှုပန်းခြင်းလေးတစ်ခုကို ပြလိုက်၊ ပန်းပွင့်ရောင်စုံပွင့်ဖတ်ညှိုးလျော်တွေပေါ်က မျက်ရည်စက်တွေကို အနီးကပ်ပြလိုက်နဲ့ အခုတော့ သက်မဲ့ရုပ်အလောင်းရဲ့ လဲလျောင်းရာ အည့်စား ခေါင်းသေတ္တာတစ်လုံးကို ညွှန်ပြ၊ ခေါင်းထဲမှာ ဘယ်သူလဲလျောင်းနေပါသလဲ။

**သွားပေဦးတော့ကွယ်**
**ဘုန်းကြီးအိုတစ်ပါးထံ၊ ဝတ္ထုငွေငါးကျပ်နဲ့အပ်**
**သရဏဂုံ ဆည်းကပ်လေ**
**ကောင်းရာဘုံဘဝ ရောက်ပါစေတဲ့၊**

'ဟော ဘုန်းကြီးအိုတစ်ပါးထံမှာ ငွေငါးကျပ်ဆက်ကပ်ပြီးသွားလေသူ့အတွက် သရဏဂုံတောင် တင်နေကြပြီ။ ကောင်းရာဘုံဘဝရောက်



ပါစေလို့ အမျှတောင်ဝေနေကြပြီ။ ထင်းရှူးခေါင်းထဲမှာ လဲလျောင်းနေသူဟာ ဘယ်သူလဲ။

အခန်းကူး အခန်းပြောင်း အခန်းဆက် သွက်လက်မြန်သလောက် ပြကွင်းပြကွက်တွေဟာ ပုံးပုံးပိပိရှိနေတဲ့အတွက် ဆရာမရဲ့ အတတ်ပညာပဥ္စလက်ကို မအံ့သြဘဲ မနေနိုင်။ သိလိုစိတ်ကို မျိုသိပ်လို့မရ။

**အမိကို ကူ**
**အဖကို ကူ**
**အပူကိုမျှ ယူ**
**ခဲတံမဲ့ သူ**
**စာအုပ်မဲ့ သူ**
**မုန့်ဖိုးမဲ့ သူ**
**အလှူငွေ မထည့်နိုင် သူ**
**အပူအားလုံး ငြိမ်းပေါ့။**

အခုတော့ သိရပြီ။ အမိအဖရဲ့ ဒုက္ခအပူကို ဝေမျှအတူ ကူညီတဲ့သူ၊ ကျောင်းသားအရွယ် လူမမယ်ဖြစ်ပါလျက် ရှိသင့်ရှိအပ်တဲ့ အခြေခံရုပ်ပစ္စည်းချို့ငဲ့သူ။ ခဲတံစာအုပ် မုန့်ဖိုးချို့ငဲ့တဲ့အထိ ကိစ္စမရှိ၊ အခြားအခြားသော စတုတ္ထတန်းကျောင်းသား ကျောင်းသူများနည်းတူ အလှူငွေမထည့်နိုင်တာက ပြဿနာ။ အခုတော့ ဒီအပူတွေ ဒီပြဿနာတွေ ငြိမ်းသွားပြီ၊ သို့ကလို ငြိမ်းသွားအောင် ငြိမ်းသတ်ပေးလိုက်တာက ဘယ်လိုရောဂါမျိုးပါလိမ့်။ အထက်နားမှာတော့ တစ်ကွက်တစ်ချက်မျှ လှစ်ပြထားခဲ့ပါတယ်။

**'ဖိနပ်မဲ့ ခြေဖဝါး၊ မေးနိုင်ပိုးစားခြင်း**
**ထင်းရှူးသား သေတ္တာလဲလျောင်း စရာ'** တဲ့လေ။

ထင်းရှူးသားသေတ္တာ (ခေါင်း) ထဲမှာ ငြိမ်သက်လဲလျောင်းရတဲ့အကြောင်းက ဖိနပ်မဲ့ခြေဖဝါးကို မေးနိုင်ပိုးစားခြင်းကြောင့်လို့ဆိုခဲ့ပေမယ့် ဘယ်လိုမေးနိုင်ပိုးလဲ။ ဘာကြောင့်ဖြစ်ရတဲ့ မေးနိုင်ပိုးလဲ။ ကဗျာဆရာမအိ ဟာ သူ့ကဗျာရဲ့ ဖြစ်စဉ်ကို တစ်ချက်မျှ သတိမလစ်ပဲ...

**သေတ္တာပုံးရိုက်ပိတ်၊ လျှာအဆိပ်သင့်**
**ရင်နင့်နေနိုက်၊ ရှိုက်သံတစ်ချက် တစ်ချက်**



www.burmeseclassic.com

www.burmeseclassic.com

**'သံစုံးသတဲ့... တော်တို့ရေ'**
**အကြော်သည်အမေ မြေလူးလေရဲ့...**

လို့ ဖွဲ့ပြတာဟာ တကယ့်ကို ဆို့နစ်ကြေကွဲစရာပေါ့။

အကြော်သည် မိခင်ရဲ့ ရင်သွေး၊ လေးတန်းအဆင့်ပဲရှိသေးတော့ ဒီကလေးရဲ့ အသက်ဟာ အလွန်ဆုံးရှိလှမှ ကိုးနှစ်၊ ဆယ်နှစ်ပေါ့။

အကြော်သည် မိခင်ကို ရှာရိုးကိုးပေါက် ဈေးကူရောင်းပေးရင်း မိနပ်မပါတဲ့ ခြေဖဝါးမှာ သံစူးတာခံခဲ့ရတော့ မေးခိုင်ပိုးက ထိုးဖောက်အနိုင်ယူသွားပြီလေ။

သတိမဲ့ အသိမဲ့တာ၊ ပညာမဲ့တာ အကြင်နာမဲ့တာ ခံရတာ ဘယ်သူ့ကြောင့်လဲလို့ စဉ်းစားတွေးတောနေချိန်တောင် မရတော့ပါဘူး။

**'သံစူးသတဲ့... တော်တို့ရေ'** ...ဆိုတဲ့ အကြော်သည် အမေရဲ့ ရှိက်သံဟာ မိမိရင်ထဲမှာ ပဲ့တင်ရိုက်ခတ် ရင်တလှပ်လှပ် ခံစားနေမိတယ်။ သည့်ထက်ပိုပြီး ရင်နင့်ကြေကွဲရတဲ့ ကဗျာရဲ့အဖွဲ့ဟာ...

**စာသင်ခန်းမ**
**နောက်ဆုံးကခုံနေရာ၊ လစ်ဟာနေမှာ...။**
**ကျောင်းခေါ်ကြိမ် စာရင်း**
**မင်းနာမည် ကျော်ဖတ်ရတော့မှာ...။**
**လေ့ကျင့်ခန်းစာအုပ်**
**တစ်အုပ်လျော့သွားတော့မှာ...။**
**ခုံပေါ် မတ်မတ်**
**ရပ်ရမယ့် ပြစ်ဒဏ်**
**မင်းဝိညာဉ်မခံစားစေတော့...။**

ဆိုတဲ့ လေးဘက်လေးတန်က အသံ။ အသံသာမဟုတ်၊ အရုပ်တွေလည်း တစ်ပုံပြီး တစ်ပုံ၊ တစ်ကွက်ပြီး တစ်ကွက်ပေါ်လာ။ ရှေ့ဆက်ဖတ်ရမှာ၊ ရှေ့ဆက်နားထောင်ရမှာ၊ ရှေ့ဆက်တွေးကြည့်ရမှာ အင်အားမရှိတော့။ ကဗျာအဆုံးမသတ်သေးမီမှာပဲ မိမိတစ်ကိုယ်လုံး အရုပ်ကြိုးပြတ် ဗုန်းကနဲ လဲကျသွားမတတ်။ ရေခဲတုံးနှယ် တောင့်တင်းအေးခဲသွားမတတ်။

ကဗျာဝါကျ၊ ဒါမှမဟုတ် ကာရန်တွေရဲ့ နောက်ကွယ်က အသံရှင်ဟာ ကဗျာဆရာမကိုယ်တိုင်လား၊ အခြားတစ်ဦးတစ်ယောက်လားလို့ ခွဲ



ခြား မသိနိုင်လောက်အောင် တစ်ထပ်တည်းဖြစ်နေတာကတော့ ကဗျာ့ ပရိယာယ်ကြွယ်ဝမှု၊ အတတ်ပညာ သိမ်မွေ့မှုလို့ပဲ ဆိုရမယ်။ ကဗျာကို ပွားကပ်နေတဲ့ ဝေဒနာစာတ်အားပြင်းထန်မှုကြောင့်လည်း ဖြစ်နိုင်တယ်။ လက်တွေ့မျက်တွေ့ အတွေ့အကြုံတစ်ရပ်ကို စေ့စေ့စပ်စပ်မြင်တတ်ရုံမက၊ နက်နက်ရှိုင်းရှိုင်း ခံစားတတ်လို့လည်း သို့ကလို ကျစ်လျစ်နေတာဖြစ်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဓာတ်လမ်းစ,စချင်း ညွှန်ပြခဲ့တဲ့ စတုတ္ထတန်း ကျောင်းသား/ ကျောင်းသူများရဲ့ ကောင်းမှု အပေါ်စားရောင်စုံပန်းခြင်းလေးဟာ ကဗျာတစ်ပုဒ်လုံးရဲ့ သက်ဝင်လှုပ်ရှားလာစေမှုကို အဓိကနေရာက ကိုယ်စားပြုပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ကာ ဒီကဗျာရဲ့အစမှာပဲ ပန်းခြင်းလေးဟာ အဓိက နိမိတ်ပုံဖြစ်ခဲ့ပြီမဟုတ်လား။ နိမိတ်ပုံနဲ့စခဲ့တဲ့ အလင်္ကာပစ္စည်းတစ်ခုဟာ အဆုံးမှာလည်း နိမိတ်ပုံရဲ့ ဂုဏ်သတ္တိထူးကို ပီပီရိရိ သေသေသပ်သပ်ဖော် ပြနိုင်ရမယ်လေ။ ဘယ်လို ဖော်ပြနည်းမျိုးလဲ...။

**'သင် သွားလိုရာသွားနိုင်သည်'**
**မကြားတဲ့ခုံ၊ မှတ်ဆွဲ့ရှိက်ငင်**
**တစပြင်အထွက်**
**နောက်ယှက်ဆဲအသံတွေ၊ မနက်ဖြန်မနက်**
**ကျောင်းအတက်မှာ၊ ဆရာမလက်**
**ခေါင်းလောင်းအထိုးခက်ပေလိမ့်...။**

ထင်မြင်ချက်တွေ၊ ပြင်ဆင်ချက်တွေ၊ တီထွင်ချက်တွေ၊ စီရင်ချက်တွေမပါဘဲ ဝေ့လည်ကြောင်ပတ်ဖွဲ့ထုံးတွေကို အသုံးမပြုဘဲ သူ့အလိုလို ပြေပြစ်ရှင်းလင်းသွားတဲ့ ကဗျာတစ်ပုဒ်ဟာ ဝေဒနာနဲ့ တစ်ထပ်တည်းကျနေတဲ့ နိမိတ်ပုံရဲ့ ရိုးသားမှုကြောင့်သာ ဖြစ်နိုင်တယ်။ နိမိတ်ပုံတွေသာ မရိုးသားခဲ့ရင်...။

ဒီကဗျာတစ်ပုဒ်လုံးမှာ သိသာထင်ရှားတဲ့ အဖွဲ့က 'ကဗျာရဲ့အပြော' နဲ့ 'ကဗျာရဲ့အပြ' ကို တစ်သားတည်းကျနေအောင် ဖန်တီးထားတယ်။ သို့ကလို တစ်သားတည်းကျစေမှုကို အထောက်အကူပြု ပံ့ပိုးနေတဲ့ အရာဟာ ကာရန်တွေရဲ့ ဖျတ်လတ်သွက်လက်မှုကြောင့်လည်း ဖြစ်နိုင်တယ်။ ကာရန်တွေသာ ထုံထုံအအနဲ့ ကြွံရာကျရာတာဝန်ကို မထမ်းဆောင်နိုင်ခဲ့ရင်။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ ရောင်စုံပန်းခြင်းလေးတစ်ခုကို အကြောင်းပြုပြီး '**အသံအက်သွားတဲ့ ခေါင်းလောင်းလေး**' ရဲ့ ကြေကွဲစရာ ဘဝအတ္ထုပ္ပတ္တိကို သိခဲ့ရပြီ။ ဖန်တီးသူ ကဗျာဆရာမရဲ့ ဝေဒနာစီးကြောင်းဟာ ခံစားသူမိမိရဲ့ ဦးခေါင်းမှ ခြေဖျားအထိ စိမ့်ဝင်ပျံ့နှံ့သွားခဲ့ပြီ။

အလားတူ ဝေဒနာစီးကြောင်း အားကောင်းမောင်းသန် ကဗျာတစ်ပုဒ်ကို ၉၅ အောက်တိုဘာလထုတ် နှင်းဆီမဂ္ဂဇင်း ဧည့်ခန်းမှာ ဆုံစည်းခွင့်ကြုံရပြန်ပေါ့။ မိမိ၏ စိတ်အလျဉ်မှာ ဘဝအမြင်တစ်ခု (သို့မဟုတ်) ပီတိသုခတစ်သွယ် ရခဲ့ပြန်ပေါ့။ ကဗျာဆရာမ **ခင်ဝင်းသစ်** ရဲ့ '**ဂဏန်းကွက်များ**' ကဗျာဟာ အချိန်တစ်ခုကို မှတ်သိပ်ဆောလောင်နေတဲ့ မိမိအတွက် နာရီပျက်တွေကို လက်ညှိုးညွှန်ပြနေတယ်။ နာရီပျက်တွေကို နာကြည်းစေခဲ့တယ်။ ဘာကြောင့်လဲ၊ ဘယ်လိုနာရီပျက်တွေလဲ။

**နာရီပျက်တွေက**

**ရွှေနဲ့စက်ထားတဲ့ အချိန်တွေကို**

**ကျိန်စာတိုက်နေရှာသလား...။**

ဟော ကဗျာရဲ့ ရွေ့လျားမှုကို အထောက်အကူပြုတော့မယ့် အရေးပါဆုံး ပစ္စည်းတစ်ခုကို အခုလို ကဗျာစ,စချင်းမှာ အနီးကပ်ညွှန်ပြလိုက်ပါပြီ။ အဲဒီ ပစ္စည်းက သက်ငြိမ်နာရီပျက်တွေ...။

**မကြာခဏ မှောမှောကြည့်နေရတဲ့**

**စူးရှရှမျက်လုံးတွေကို**

**အစအဆုံး အားနာလို့ကောင်းတယ်။**

ရောက်သင့်ရောက်အပ်တဲ့ အချိန်ကာလတစ်ခုကို ဥပေက္ခာပြုနိုင်လွန်းတဲ့ နာရီပျက်တွေ။ ပြီးတော့ အချိန်ကာလတစ်ခုကို မှတ် သိပ်ဆာလောင်နေတဲ့ စူးစူးရှရှ မျက်လုံးများ။ ကဗျာခံစားသူကို ဘယ်အရာကဖမ်းစားထားပါသလဲ။ မိမိအနေနဲ့ ပြောခွင့်ရှိရင်တော့ ဘဝနဲ့ချိန်စက်ပြီး၊ အသက်နဲ့ရင်းနှီးထားခဲ့ရတဲ့ သီဂိရွှေခွက်ထဲက အချိန်ကာလ တွေ၊အချိန်ကာလတွေပဲမဟုတ်လား။

**ရက်ချိန်းမှန်တဲ့ဆိုင်**

**ဘယ်မှာထိုင်သလဲ**

**ကဲ... နေရာလေးတဆိတ်လောက်**

**အသေအချာတွေးပြီး ညွှန်ကြစမ်းပါ။**



ကဗျာဆရာဟာ အချိန်တိကျတဲ့၊ ကာတိမှန်ကန်တဲ့ နာရီပြင်ဆိုင်၊ နာရီအရောင်းဆိုင်တွေကို လိုက်လံရှာဖွေနေပါပြီ။ ကဗျာခံစားသူများကို အကူအညီတောင်းခံနေပါပြီ။

**သဲနာရီ**

**နေနာရီ**

**ဗဟိုစည်**

**မည်သို့ပင်ဖြစ်စေ**

**ရှေးပဝေသဏီထဲက**

**အချိန်ကို သတ်မှတ်ကြ**

**ပြက္ခဒိန်ပေါ်မှာ သင်္ကေရာစ်တွေ**

**နာရီနဲ့ ခြေဆန့်၊ ခရီးနှင်ခဲ့ကြ။**

နာရီရဲ့ ဖြစ်စဉ်တွေဟာ အသွင်သဏ္ဌာန် မျိုးစုံကွဲပြားခြားနားခဲ့ပေမယ့် 'အချိန်' တစ်ရပ်ကို သတ်မှတ်တဲ့နေရာမှာ – သင်္ကေရာစ်တွေနဲ့အတူ ခရီးဆန့်တဲ့နေရာမှာတော့ ကွဲပြားခြားနားမှုရယ်လို့ မရှိနိုင်တော့ပါဘူး။ အဲဒီ အချက်ကို အလေးအနက် ယုံကြည်လက်ခံထားတဲ့ ကဗျာဆရာမ **ခင်ဝင်းသစ်** ဟာ...

**နာရီမဟုတ်ပေမယ့်**

**နာရီရဲ့ အလုပ်ဟာ လူရဲ့နှလုံးသားတစ်ခေါင့်မှာ**

**အစောင့်အကြပ်တစ်ခုလိုဖြစ်**

**နှပျို့စေ အိုမင်းစေ** လို့ညွှန်ကြားနေတဲ့အရာကို မြင်နေတယ်။ နာရီမဟုတ်ပေမယ့် နာရီရဲ့ အလုပ်ကို ပြုလုပ်ဆောင်ရွက်နေကြတဲ့ လူသားတွေရဲ့ နှလုံးသားတစ်နေရာက ဒြပ်မဲ့အစောင့်အကြပ်တစ်ခုကို စေ့စေ့ငုငုသိနေတယ်။ '**နုပျို့စေ အိုမင်းစေ**'ဆိုတဲ့ အသံကို နာခံနေတယ်။ ဒါပေမယ့် နာရီပျက်တွေကတော့ လူသားတွေရဲ့ စူးရှမျက်လုံးကိုမှ အားမနာ။ လူသားတွေကို ကျိန်စာတိုက်ဖို့လောက်သာ။

ဒီလိုနဲ့ နာရီလက်တံနဲ့ ဂဏန်းကွက်တွေကြားမှာ သက်ရှင်လှုပ်ရှားနေရတဲ့ မိမိကိုယ်တိုင်ဟာ –

**အပျက်အစီးတွေကြားမှာ**

... ... ... ...



www.burmeseclassic.com

www.burmeseclassic.com

**နာရီပျက်ကို မုန်းတယ် ဆိုတဲ့** ကဗျာစာမျက်နှာပေါ်က ခပ်ထန်ထန် အသံကြောင့် ဟိုဟိုဒီဒီ မော့ကြည့်မိရင်း လန့်ဖျပ်သွားမိပါတယ်။ ကဗျာဆရာမရဲ့ ဒေါသစီးကြောင်းဟာ ခံစားသူ မိမိရဲ့ဦးခေါင်းမှ ခြေဖျားအထိ စိမ့်ဝင်ပျံ့နှံ့သွားတယ်။

ဒီကဗျာတစ်ပုဒ်လုံးမှာလဲ ကဗျာဝါကျတွေရဲ့ သိပ်သည်းကျစ်လျစ်မှု၊ စေ့စေ့စပ်စပ် မြင်တတ်သလောက် ရိုးရိုးသားသား တင်ပြတတ်မှု၊ 'နာရီပျက်' ဆိုတဲ့ သင်္ကေတပုံရိပ်တစ်ခုကို ထူးထူးခြားခြား ဖော်ဆောင်တတ်မှု၊ ကာရန်သက်ရောက်ရာနေရာတိုင်းဟာ ကဗျာရဲ့တာဝန်ကို ကျေကျေပွန်ပွန် ဆောင်ရွက်နိုင်မှုစတဲ့ ဂုဏ်ပုဒ်တွေကို ပြီးပြီးပြက်ပြက်မြင်တွေ့လိုက်ရတယ်။

ဒီလိုနဲ့ ကဗျာဆရာမ **မအိ** နဲ့ ကဗျာဆရာမ **ခင်ဝင်းသစ်** ရဲ့ ရိုးသားမှု၊ စေ့စပ်မှု၊ ပြေပြစ်မှု၊ စနစ်ကျမှု၊ ခံစားသမျှကို အပိုအလိုမရှိကွက်တိတင်ပြမှုစတဲ့ တူညီချက်တွေကို အရိပ်အမြွက်မျှ ခံစားတင်ပြရင်း။

ယခုလ ဖတ်/ ညွှန်းလိုတဲ့ ကဗျာများကတော့...

| | | | |
|---|---|---|---|
| ၁။ | **အသိုက်မဲ့မာန** | **မအိ** | *(သင်္ဘောမဂ္ဂဇင်း)* |
| ၂။ | **သစ်တစ်ပင်** | **မချွေ** | *(ကလျာမဂ္ဂဇင်း)* |
| ၃။ | **သေခြင်းတရားရဲ့** | **မောင်နှန်းဆေ–ဝန်းမော်** | *(ရွှေအောင်လံမဂ္ဂဇင်း)* |
| ၄။ | **နိုက်ကျူးရေး** | **မြမြင့်မိုရ်** | **နှင်းဆီမဂ္ဂဇင်း** |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးတည်းနဲ့ ချုပ်ပြောရရင်၊ ရင်နှစ်သက်ကို ခယ်ပြတာ တိုင်းဟာ ကဗျာပဲပေါ့။ အဖြစ်အပျက်တစ်ခုကို မြင်တယ်၊ ကြားတယ်၊ ဒီအခါမှာ ခံစားမှုကို ပေးတယ်။ ခံစားမှုဝေဒနာကနေ စိတ်ကူးကိုနှိုးပေးတယ်။ အဲဒီအခါမှာ နရိတ်နဲ့အသံတွေနဲ့ အဲဒီအကြောင်းကိုဖွဲ့တယ်။ ဒီမှာ ကဗျာဖြစ်လာတယ်။

မြသန်းတင့် အင်တာဗျူး

ဥဩရာလှိုင်မြင့်

၁၉၉၂-မှ



## စည့်ခန်းများကို ဖြတ်သန်းခြင်း (၂၃)

လူသားတစ်ယောက်ရဲ့ ရင်ထဲမှာ ကဗျာခေတ်ဟာ ဘယ်ပုံဘယ်နည်း တည်ရှိလာခဲ့သလဲ။ သို့ကလို တည်ရှိလာတဲ့ ကဗျာခေတ်ကို အဲဒီလူသားက ဘယ်ပုံဘယ်နည်းနဲ့ ပြန်လည်ဖော်ပြသလဲ။ အနုပညာအရာမြောက်အောင် ကြံဆောင်အားထုတ်ရတဲ့ ကဗျာကိစ္စကို ရသဗေဒလို့ ခေါ်ကြပါတယ်။ အဲဒီ ရသဗေဒဆိုတာကကော သဘာဝလောကကြီးထဲမှာ သူ့အလိုလို ဖြစ်ထွန်းတည်ရှိခဲ့တာလား။ လူသားမျိုးနွယ်စု အဆက်ဆက်က လက်ဆင့်ကမ်းပြီး ပြဌာန်းခဲ့ကြတာလား။ ရသဗေဒအလုပ်နဲ့ ရသပညာရပ်မှာ သင်ရိုး ကျေညက်သူတိုင်းကိုကော ကဗျာဆရာလို့ ခေါ်ဆိုနိုင်ပါသလား။ ယဉ်ကျေးမှု တက္ကသိုလ်က ကဗျာမှုဆိုင်ရာ နည်းပြဆရာတစ်ဦးကို 'ကဗျာဆရာ' လို့ သတ်မှတ်ရင် သဘာဝကျပါ့မလား။ ဒါဖြင့်ရင် ကဗျာဆရာဟာ ဘာလဲ။ ကဗျာဆရာဆိုတာ ဘယ်အရပ်၊ ဘယ်နေရာမှာ နေထိုင်သူလဲ။ သီးခြားပုံဆောင်ခဲတစ်ခုလား။

မှုကွဲတွေအမျိုးမျိုး၊ သင်ရိုးတွေ အဖုံဖုံ၊ အတွေ့အကြုံတွေ အလှိုင်းလှိုင်းနဲ့ ကဗျာသမိုင်းကြီးဟာ အတိုင်းမသိ စိတ်ဝင်စားဖွယ်ရာကောင်းလှပါတယ်။ မြန်မာသက္ကရာဇ် ၈၄၂ ခုနှစ်မှာ နန်းတက်တဲ့ ဒုတိယမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

လက်ထက်က ရှင်မဟာသီလဝံသရဲ့ ဆုတောင်းခန်းပျို့မှာတော့ မြန်မာကဗျာရဲ့ သဘောသဘာဝ အနှစ်ချုပ်ကို ဟောသလိုပြဆိုခဲ့တာ မှတ်သားဖူးခဲ့ပါတယ်။

'ထူးပြားကဗျာ၊ ဖွဲ့စရာကား
ဂါထာသို့သော၊ စကားပြေသို့
ဆိုမိုက်မိန့်တန့်၊ ရှင်းရှင်းသန့်၏
မတွန့်ညင်ညင်း၊ ပိုဒ်တွင်းသက်သက်၊ တွေဝေနက်၏'

လို့ ဆိုထားတဲ့အတွက် ဆန်းကျမ်းမှာပြဆိုတဲ့အတိုင်း စည်းကမ်းနဲ့ အညီ ရေးစပ်သီကုံးထားတဲ့ အစီအကုံးကို ကဗျာလို့ခေါ်ခဲ့ကြပါတယ်။ အက္ခရာပုဒ်တွေနဲ့ ရေးမှတ်ဖွဲ့ဆိုခဲ့တဲ့ ပါဠိဂါထာတွေဟာ ကဗျာဖြစ်ခဲ့ကြတာ မဆန်းပါဘူး။ ဘာကြောင့်လဲဆိုတော့ကာ 'ကဗျာဆရာ' ရဲ့ နေရာဟာ ရှေ့နန်းဆောင် ထီးရိပ်နဲ့နီးတဲ့ ရဟန်းပညာရှိ၊ လူပညာရှိ၊ မင်းဆရာ ကဝိတို့ရဲ့ ဉာဏ်အလုပ်စခန်းမဟုတ်လား။ ဉာဏ်တဖိတ်ဖိတ်နဲ့ ပဏ္ဍိတ်ငိုသာလျှင် ကဗျာစာဆိုရှင်ဖြစ်ခွင့်ရှိခဲ့ကြတယ် မဟုတ်လား။

အခုတော့ ကြာခဲ့ပါပြီ။ ရာစုနှစ် တစ်စုနီးပါး ကျော်ခဲ့ပါပြီ။ အခု မိမိတို့ရောက်နေတဲ့ ခေတ်က မဟာသိပ္ပံ အာကာသလွန်ခေတ်၊ စက်မှုသိပ္ပံ နည်းပညာသစ်တွေကြောင့် လူသားစင်စစ်က အီလက်ထရောနစ်ခေတ်တွေ စီးဝင်နေတဲ့ ခေတ်မဟုတ်လား။ ကဗျာဆရာရဲ့ ဦးခေါင်းထဲမှာ ကွန်ပျူတာ လျှပ်စီးပတ်လမ်းများလို ဆန်းပြားတဲ့ယန္တရားစနစ်တွေ ရောက်လာနေကြပြီ။

ဘယ်လိုပဲဖြစ်ဖြစ် လူဟာ လူသားဘဝကို စတင်ရောက်ရှိလာတဲ့ အချိန်ကစပြီး ကဗျာနဲ့ထိတွေ့ခွင့်၊ ကဗျာဆရာဖြစ်ခွင့်ဆိုတဲ့ ယဉ်ကျေးမှု တရားတစ်ခုကို ဥပေက္ခာပြုလို့ မရနိုင်လောက်အောင် ရရှိပိုင်ဆိုင်ခဲ့ကြတယ်။

အင်္ဂလိပ်စာရေးဆရာကြီး 'ဝီလျံဟက်ဇလစ်' က Man is a poetical animal လို့ ပြောခဲ့သတဲ့။ လူဟာကဗျာသတ္တဝါပေါ့။ လူ့ဘဝ တစ်လျှောက်လုံး ကဗျာတွေနဲ့ အတူနေထိုင်ပြီး၊ ကဗျာမှန်း မသိဘဲဖြစ်နေ ကြတာတဲ့။ အဲဒီ ဝီလျံဟက်ဇလစ်ရဲ့ အဆိုတစ်ရပ်ကို ဆရာမြသန်းတင့် က သူ့ရဲ့ စာပေအင်တာဗျူး (ပေဖူးလွှာ) မှာ ဟောသလို ဖွင့်ဆိုရှင်းလင်း ပြခဲ့ဖူးတယ်။



ပုံပြောတမ်း၊ တူတူပုန်းတမ်း ကစားနေတုန်းမှာ ကလေးဟာကဗျာ ဆရာဖြစ်သွားသတဲ့။

သူ့ချစ်သူအတွက် ခရေပန်းကုံးကလေးတွေ သီကုံးပေးနေတုန်းမှာ မှူးကျောင်းသားဟာ ကဗျာဆရာဖြစ်သွားသတဲ့။

လယ်ထွန်ရာ ရပ်တန့်ပြီး သက်တံ့ကြီးကို ငေးကြည့်နေတုန်းမှာ လယ်သမားဟာ ကဗျာဆရာဖြစ်သွားသတဲ့။

မြို့တော်ဝန်ရဲ့ ပန်းအလှပြပွဲကို ကြည့်နေတုန်းမှာ အလုပ်သင်စာ ရေးဟာ ကဗျာဆရာဖြစ်သွားသတဲ့။

ကပ်ဆေးနဲ့တဲ့ သူဌေးဟာ သူ့ရွှေစကို ပွတ်သပ်နေတုန်းမှာ ကဗျာဆရာ ဖြစ်သွားသတဲ့။

တောတွင်းသားလူရိုင်းဟာ သူကိုးကွယ်တဲ့ နတ်ရုပ်ကို သွေးနဲ့ အရောင် ခြယ်နေတုန်းမှာ ကဗျာဆရာဖြစ်သွားသတဲ့။

မင်းဆိုးဟာ သူ့ကိုယ်သူ နတ်ဘုရားအသွင် ထင်နေတုန်းမှာ ကဗျာ ဆရာဖြစ်သွားတယ်တဲ့။

ဆိုလိုတာကတော့ လူသားရဲ့ မသိစိတ်နဲ့ လူသားရဲ့ အရိုင်းစိတ်ဟာ သိမ်မွေ့မှုတစ်ခုခု၊ ဒါမှမဟုတ် ယဉ်ကျေးမှုတစ်ခုခုနဲ့ ထိတွေ့မိလိုက်တဲ့အခါ ကဗျာ့အရသာကို ခံစားတဲ့စိတ်မျိုး (အနုဘာဝ) ပေါ်ပေါက်လာတာကို ဖွင့်ဆိုပြတာပါပဲ။ ကဗျာဆရာရဲ့အလုပ်ဟာ သူခံစားရတဲ့ အနုဘာဝ စိတ် အလျဉ်ကို လူ့သဘာဝအရိပ်ထင်အောင် ဘယ်လိုဖော်ပြမလဲ။ သူ့ရဲ့ ခံစားမှု ကို ကဗျာဖြစ်အောင် ဘယ်လိုသယ်ဆောင်မလဲ။ သူခံစားရသလို သူ့လိုလူ တွေ ခံစားနိုင်အောင် ဘယ်လိုမီဒီယာပုံသဏ္ဌာန်နဲ့ ဖွဲ့ဆိုမလဲ။

သို့ကလို ကဗျာမှုအတွေ့တွေကို ခြေရာခံရင်း၊ ၁၉၉၅ နိုဝင်ဘာလ ထုတ် သပြေတေးမဂ္ဂဇင်းရဲ့ ကဗျာစည်ခန်းထဲကို လှမ်းဝင်လိုက်တော့ **'အိုးမဲ့ အိမ်မဲ့ နေ့ရက်များ'** ဆိုတဲ့ အသံတစ်သံကို ခံစားနားဆင်လိုက်ရပါ တယ်။ အသံရှင်ကတော့ **မောင်နမ်းဇေ (ဝန်းမော်)**။ ကဗျာဆရာဟာ သူ့ ခံစားမှုကို ကဗျာဖြစ်အောင် ဘယ်လိုသယ်ဆောင်သလဲ။ သူခံစားမိသလို သူ့လို လူတွေ ခံစားနိုင်အောင် ဘယ်လိုဆက်သွယ်ရေး (မီဒီယာ) နဲ့ ဖွဲ့ ဆိုပြပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com

**'ပင့်ကူကလေးကတော့**

**အစေးအမျှင်**

**သွေးရည်ခင်တွေနဲ့**

**မှောင်ငင်ယက်ရှုပ်**

**အိမ်လုပ်ပြီးနေတယ်'...။**

ရှင်မဟာသီလဝံသရဲ့ ဆုတောင်းစန်းပျို့ထဲက မြန်မာကဗျာရဲ့ သဘောသဘာဝအရဆိုရင် ပေါ့လေ၊ 'ထူးပြားကဗျာ၊ ဖွဲ့စရာကား၊ ဂါထာ ပုံသေ' မဟုတ်ပေမယ့်လို့ ကဗျာရဲ့အခင်းအကျင်းအနေနဲ့တော့ ထိုရဟန်းစာဆိုကြီးပြောခဲ့သလို 'ဆိုနိုက်မိန့်တန့်၊ ရှင်းရှင်းသန့်၏...' လို့ ဆိုရင် ရနိုင်ကောင်းပါရဲ့။ အနက်အဓိပ္ပာယ်အရလည်း ရှုပ်ထွေးထွေးငေါ့မှု ဘာတစ်ခုမျှမတွေ့ရပါဘူး။ ဝီလျံဟက်လေစ်ရဲ့ အယူအဆအရဆိုရင်လည်း ပင့်ကူလေးတစ်ကောင်ဟာ သွေးအစေးအမျှင်တွေနဲ့ အိမ်ဖွဲ့ယက်လုပ်နေတုန်းမှာ ကဗျာဆရာဖြစ်သွားပါပြီ။

**ငှက်ကလေးကလည်း**

**မြက်ခြောက်ထုံးသိ**

**ကောက်ရိုးတွေ စီထည့်**

**အိမ်ဖွဲ့ပြီး နေတယ်...။**

သဘာဝတရားရဲ့ မထူးခြားတဲ့မြင်ကွင်းရိုးရိုးလေးကို ကဗျာဝါကျရိုးရိုးလေးနဲ့ နားဝင်ပီယံဖြစ်အောင် ပြောတတ်ခြင်းဟာ 'ဆိုတုန်းခိုက်တန့်၊ ရှင်းရှင်းသန့်' လှတဲ့ ကဗျာ့သဘာဝတစ်ရပ်ပေါ့။ ငှက်ကလေးတစ်ကောင်ဟာ ကောက်ရိုးမျှင်လေးတွေနဲ့ အသိုက်အမြုံဖွဲ့နေတုန်းအခိုက်အတန့်မှာ ကဗျာဆရာဖြစ်လို့နေပါပြီ။

**ခါချဉ်၊ နဂါ**

**ခြတိုင်းပြည်မှာလည်း**

**ကိုယ်စီသက်ဆိုင်**

**အိုးပိုင်အိမ်ပိုင်လေးတွေနဲ့...။**

အံမယ်– ကျောရိုးမဲ့တဲ့ ခါချဉ်လို၊ နဂါလို၊ ခြလိုပိုးမွှားကောင်ငယ်ကလေးတွေမှာတောင်မှ အိုးနဲ့အိမ်နဲ့ အိုးပိုင်အိမ်ပိုင်နဲ့ ဖြစ်နေပါပေါ့လား။ ဟုတ်တာပေါ့။ သစ်ရွက်ကတော့ တစ်ခုဟာ ခါချဉ်ကောင်တွေရဲ့ ကိုယ်ပိုင်



အိမ်ရာတစ်လုံးဖြစ်သလို သစ်ခေါင်းဆွေးနဲ့ မြို့စေးအိမ်ဟာလည်း နဂါတွေ၊ ခြတွေလို ထိုကျောရိုးမဲ့ ကောင်လေးတွေရဲ့ အိုးပိုင်အိမ်ပိုင် အဆောက်အအုံတွေပဲ မဟုတ်လား။

ကဗျာဆရာဟာ သူ့ခံစားမှုနဲ့ သူ့အပြောကို ပေါ့ဒိုင်းဒိုင်း ဖွင့်မပြဘဲ ကြားခံပြယုဂ်လေးတွေနဲ့ ထုတ်နှုတ်ညွှန်းဆိုပြနေတာဟာ အကြောင်းရှိပါတယ်။ အဲဒီအကြောင်းကတော့ ပင့်ကူတို့၊ ငှက်တို့၊ ခါချဉ်တို့၊ နဂါတို့ ခြတို့ဆိုတာဟာ အသိုက်အမြုံကို ခုံမင်တယ်။ ခုံမင်သမှုကြောင့်လည်း မရ,ရအောင် ရှာဖွေတည်ဆောက်တယ်။ တည်ဆောက်ထားတဲ့ အိုးပိုင်အိမ်ပိုင်လေးတွေကိုလည်း အသက်တမျှ တန်ဖိုးထားကြတယ်။ အဲဒီ တန်ဖိုးပေါ်မှာ ဈေးမကစားကြဘူး။ ဟိုပြောင်း ဒီရွှေ့မလုပ်ဘူး။ ဂနာမငြိမ် မဖြစ်ချင်ဘူး။ အန္တရာယ်မသက်ရောက်စေချင်ဘူး။ ဖြစ်နိုင်မယ်ဆိုရင် သဘာဝတရားက ခွင့်ပြုထားသမျှ သူ့ဘို့သက်တမ်းဆုံး မှီတင်းနေထိုင်သွားလိုကြတယ်။

သို့ကလို သတ္တဝေဒသဘောထားကို ကဗျာဆရာသိသလို မိမိအနေနဲ့လည်း လေ့လာတွေ့ရှိထားတယ်။ မဆန်းဘူး။ ဆန်းတာက ခါချဉ်လို၊ နဂါလို၊ ခြလိုကျောရိုးမဲ့ သတ္တဝါငယ်လေးတွေရဲ့ သဘာဝတရားကနေ ကျောရိုးရှိကြတဲ့ ဧရာမလူသားကြီးတွေရဲ့ ပစ္စက္ခဘဝကို ဆက်သွယ်ကြည့်တတ်တဲ့ စာနာမှုစက္ခု (သို့မဟုတ်) ထင်ဟပ်မှုသရုပ်သကန်...။

**လူတွေမှာမှာတော့**

**မြို့မြေရောင်းတမ်း**

**ကိန်းဂဏန်းတွေကြောင့်**

**အိမ်ခန်းအငှားတွေအဖြစ်**

**မြို့ပြရဲ့**

**အပူ ဘုံမှာ**

**သိုက်မြုံမဲ့နေရှာလေရဲ့...။**

ခေတ်ပြကဗျာတစ်ပုဒ်အနေနဲ့ ရှိသင့်ရှိအပ်တဲ့ လက္ခဏာ (၃) ရပ်ကတော့ ကဗျာဆရာရဲ့ အတွေ့၊ ကဗျာဆရာရဲ့ အတွေး၊ ကဗျာဆရာရဲ့ သဘောထားစတဲ့ အလုပ် (၃) မျိုးပါပဲ။ အခုတွေ့ရတဲ့ **မောင်နှမ်းဆ (ဗန်းမော်)** ရဲ့ ကဗျာမှာတော့ ကဗျာဆရာရဲ့ အတွေးနဲ့ အတွေ့စတဲ့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်နှစ်ခုကိုသာ ထင်သာမြင်သာနေပါတယ်။ ပင့်ကူတို့၊ ငှက်တို့၊ ခါချဉ်တို့၊ နဂါးတို့၊ ခြတို့ဆိုတဲ့ သဘာဝတွေဟာ ကဗျာဆရာရဲ့ တွေးလုံးတွေးကွက်ပါ။ ရှိခဲ့ပြီးသားနဲ့ သိခဲ့ပြီးသား ပုံရိပ်တွေကို ပြန်တွေးပြီး စက်စပ်ကြည့်နေတာပါ။

**(မြို့ပြရဲ့၊ အပူဘုံမှာ၊ သိုက်မြုံမဲ့နေရှာလေရဲ့)** ဆိုတာကတော့ ကဗျာဆရာရဲ့ အတွေ့အကြုံ ဖြစ်နိုင်ပါတယ်။ ဒီကိစ္စမျိုးက တွေးကြည့်လို့ ရနိုင်ကောင်းတဲ့ အဖြစ်အပျက်မှ မဟုတ်တာဘဲ။ ကိုယ်တွေ့မြင်ကြား၊ ကိုယ်တိုင်ခံစားဖူးမှသာ တိတိကျကျ ပြန်ပြောပြနိုင်မယ်။ ဒီနေရာမှာတော့ ကဗျာဆရာဟာ တွေးရုံသာတွေးလို့ တွေ့ရုံသာတွေ့ခဲ့ပြီး သူ့သဘောထားတစ်စုံတစ်ရာကို မဖွင့်ဟခဲ့ပါဘူး။ ဒါပေမယ့် ခေတ်ကဗျာတစ်ပုဒ်မှာ အလုပ်နှစ်ခုကို ထဲထဲဝင်ဝင်လုပ်ပြသွားခဲ့တဲ့အတွက် ခံစားတင်ပြသူ ကဗျာဆရာဘက်က တာဝန်ကျေသလို ခံစားလေ့လာသူ မိမိအနေနဲ့လည်း ကဗျာထဲမှာ ကွက်လပ်ဖြစ်နေတဲ့ (သဘောထား) ကိစ္စကို ဖြည့်စွက်ဆင့်ပွားကြည့်ခွင့်ရခဲ့ပါတယ်။

ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့လေ...။

အဲဒီတစ်ခုဟာ အထက်နားမှာ ပြောခဲ့သလိုပါပဲ။ ဝီလျံဟက်ဇလစ်ရဲ့ အဆိုအမိန့်နဲ့လည်း ထပ်တူကျပြီး ဆရာမြသန်းတင့်ရဲ့ အတင်အပြနဲ့လည်း အံဝင်ခွင်ကျဖြစ်ခဲ့တယ်လို့ ဆိုနိုင်လောက်တဲ့ **မောင်နန်းဆေ (ဖန်းမော်)** ဟာ အသိုက်အမြုံမဲ့နေသူ ကျောရိုးရှိတဲ့ လူသားတွေကို ငေးကြည့်နေတုန်းမှာ ကဗျာဆရာဖြစ်သွားပါပြီ။ လှပတဲ့ ကဗျာတစ်ပုဒ်ရေးထုတ်နိုင်ခဲ့ပါပြီ။

မိမိအနေနဲ့တော့ မြို့ပြရဂုံကြီးထဲမှာ ခမ်းနားထည်ဝါစွာရှိနေကြတဲ့ ဟိုတယ်တွေ၊ မိုတယ်တွေ၊ အင်းတွေ၊ ပုဂ္ဂလိက ဘဏ်တိုက်ကြီးတွေ၊ မိုးပျံတိုက်သစ်ကြီးတွေကို အဝေးက ငေးကြည့်နေတုန်းမှာ ကဗျာဆရာမဖြစ်ခဲ့ပါဘူး။ ကဗျာဉာဏ်၊ ကဗျာရှာန်ဆိုတာ အရာဝတ္ထု၊ ထုထည်ရုပ်ဒြပ်တွေနဲ့ နီးလွန်းရင် တုန်ပြီး ဝေးလွန်းရင်လည်း မှုန်တတ်တယ် မဟုတ်လား။

နီးလွန်းရာမှုမကာ၊ ဝေးလွန်းရာလည်း မကျတဲ့ နိစ္စရုဝတွေ့နေရတဲ့ ဘဝပုံဆောင်ခဲတစ်ပုဒ်ကိုတော့ ဖော်ပြပါ သပြေထားမဂ္ဂဇင်းရဲ့ ဥယျာဉ်ခန်းထဲမှာပဲ ထပ်မံတွေ့ရှိလိုက်ရပါတယ်။



ကဗျာဆရာ **မောင်ဇင်မှိုင်း (ချောက်)** ရဲ့ '**ထမင်းပွဲအဘိဓမ္မာ**' ဆိုတဲ့ ကဗျာဟာ မိမိနဲ့ မနီးလွန်း မဝေးလွန်းမှာ တည်ရှိနေတဲ့ လက်ပွန်းတတီးအဘိဓမ္မာတစ်ရပ်ပါပဲ။ လက်ပွန်းတတီးလို့ ရင်းရင်းနှီးပြောရတာကတော့ တစ်ခါတစ်ရံ ဥဒ္ဓသည်တော်အဖြစ်တက်ခွင့်ရတဲ့ ထမင်းပွဲတွေ၊ ပြီးတော့ မိမိရဲ့ မီးဖိုချောင်လေးထဲမှာ အမြဲမပြတ် အကဲခတ်ရင်း မှိုဝဲသုံးဆောင်နေရတဲ့ ထမင်းပွဲတွေနဲ့မှ မရင်းနှီးရင် ဘယ်အရာ ဘယ်ကိစ္စကိုသွားပြီး ရင်းနှီးရမှာလဲ။

လူတစ်ယောက်ရဲ့ ဇီဝအတွက် အရေးကြီးဆုံး တစ်အချက်က အာဟာရကိစ္စမဟုတ်လား။ သို့ကလို အာဟာရပဓာနကိစ္စကို ကဗျာဆရာက လိုရင်းတိုရှင်း ဘယ်လို ခင်းကျင်းဖွဲ့ဆိုပြသလဲဆိုတော့က—

(၁)

**သမ္မာအာဇီဝနဲ့**

**စားရတဲ့ ဟင်းတစ်ခွက်**

**ကန်းစွန်းရွက်ပေမယ့်**

**ခံတွင်းမပျက်ပါနဲ့ မေ...။**

လို့ဆိုပြီး သူ့ရဲ့ လက်တွဲဖော်ကိုခေါ်ပါတယ်။ ထမင်းပွဲကို ဖွဲ့ဆိုပြတယ်။ ပါဠိအလိုအားဖြင့်တော့ 'သမ္မာအာဇီဝ' ဆိုတာ ကောင်းမြတ်သော အသက်မွေးမှု၊ တရားသဖြင့် ရှာမှီးရရှိသော အသက်မွေးမှုဖြစ်တဲ့အတွက် ကဗျာဆရာမိသားစုရဲ့ ထမင်းဝိုင်းထဲက အဓိက ဟင်းအမယ်တစ်ခွက်ဟာ ကန်စွန်းရွက်ဖြစ်မှာ သိပ်သေချာတာပေါ့။ ဒါပေမယ့် တရားသဖြင့် ရထားတဲ့ ချွေးနဲ့စာဝင်ငွေလေးနဲ့ ဖန်တီးထားတဲ့ ကန်စွန်းရွက်ဟင်းတစ်ခွက်ကို ခံတွင်းပျက်စရာ၊ မတန်မရာ စိုးရိမ်ကြောင့်ကြစရာမဖြစ်သင့်ပါဘူး။ ခံစားမှုဝေဒနာတစ်ခုခုကနေ ကဗျာစိတ်ကူးကို နှိုးဆွပေးတဲ့ ကဗျာမှာ ကာရန်တို့၊ နရိတို့၊ အသံတို့က ကျားကန်ပေးလေ့ရှိပါတယ်။

အခု ဖော်ပြဟားတဲ့ '**ထမင်းပွဲ အဘိဓမ္မာ**' ကဗျာမှာလည်း (ဟင်းတစ်ခွက်၊ ကန်စွန်းရွက်၊ ခံတွင်းမပျက်) စတဲ့ နာမ်ပုဒ်စုနဲ့ ကြိယာပုဒ်စုဟာ ကာရန်အဖြစ်၊ နရီအဖြစ်၊ အသံအဖြစ်နဲ့ ကျားကန်ပေးထားတာ တွေ့နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

**မိစ္ဆာ စိတ်နဲ့**
**စားရမယ့် ကြက်သားဟင်း**
**မဆလာသင်းပေမယ့်**
**မရှင်းတဲ့ ခံတွင်း**
**ထမင်းနှင်လှသလေ။**

ဆိုတဲ့ အခင်းအကျင်းမှာတော့ ကန်စွန်းရွက်နေရာမှာ မဆလာနံ့သင်းသင်း မွှေးတဲ့ ကြက်သားဟင်းတစ်ခွက်ရောက်နေပါပြီ။ ဒါပေမယ့် အခန်းတစ်မှာ ဖော်ပြထားသလို တရားသဖြင့် ရှာမှီးထားတဲ့ သမ္မာအာဇီဝဟင်းတစ်ခွက် တော့ဖြင့် မဟုတ်ခဲ့ပါဘူး။ မကောင်းသော အသက်မွေးမှုနဲ့ ရှာမှီးဖန်တီးထား တဲ့ ဟင်းတစ်ခွက်။ မိစ္ဆာဆိုတာ မှားသောအယူ၊ အယူမှားသူ၊ မှားယွင်း ဖောက်ပြန်သူ စတဲ့ မကောင်းမှုအနက်အဓိပ္ပာယ် ထွက်ပါတယ်။ 'မိစ္ဆာ စိတ်' ဆိုတာက မကောင်းသော အသက်မွေးမှု၊ မှားယွင်းလွန်ကျူးတဲ့ အသက် မွေးမှုဖြစ်တယ်။

သို့ကလို အသက်မွေးမှုကို ဆင်ခြင်ထိန်းကွပ်တတ်တဲ့ ကိုယ့်ကိုယ်ကို စောင့်ကြည့်တတ်တဲ့ ကဗျာဆရာဟာ မဆလာနံ့သင်းနေတဲ့ ကြက်သား ဟင်းကို ခံတွင်းမရှင်းနိုင်ဘဲဖြစ်နေတာ သဘာဝကျပါတယ်။ ကဗျာအရရော အဘိဓမ္မာအရပါ လေးစားစရာဖြစ်တယ်။

ဒီလိုနဲ့ '**အိုးမဲ့အိမ်မဲ့နေ့ရက်**' တွေကို လက်ချိုးရေတွက်ရင်း '**ထမင်း ပွဲအဘိဓမ္မာ**' ကို သေသေချာချာလိုက်နာရင်း ယခုလဖတ်၊ ညွှန်းလိုတဲ့ ကဗျာတွေကတော့...

| | | | |
|---|---|---|---|
| ၁။ | ရထားစီးသောနေ့ | ပန်းထောင်းမေမင်းထင် | (သဖြေတေးမဂ္ဂဇင်း) |
| ၂။ | အပ်ထည် | ဇင်ဝင်းသစ် | (ပန်းတေသီမဂ္ဂဇင်း) |
| ၃။ | မျှော်ကိုးအရည်ချော်ခြင်း | မနိုးဝေ | (ပန်းတေသီမဂ္ဂဇင်း) |
| ၄။ | ပန်းတစ်ပွင့်ရဲ့ အလင်္ကာ | မြသွေးရည် | (နှင်းဆီမဂ္ဂဇင်း) |

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

ဘာသာမေဒသဘောအရ ကဗျာတစ်ပုဒ်အတွင်းရှိ စာပိုဒ်တို့၌လည်းကောင်း၊ စာကြောင်းရေတို့၌လည်းကောင်း၊ အသံပြတ်တို့၌လည်းကောင်း၊ ဝဏ္ဏတို့၌လည်းကောင်း ပုံစံညီညွတ်မှုရှိလာလျှင် ကဗျာမတ်ရာ၌ဖြစ်စေ၊ ကဗျာရွတ်ဆိုရာ၌ဖြစ်စေ၊ ညာင်သာချောမွေ့ခြင်း အသံပြေပြစ်မှုရှိခြင်းတို့ကို ဖြစ်စေပါသည်။

တက္ကသိုလ်မင်းမော်
စာပေဂျာနယ် (အမှတ်-၅)
၁၉၇၉ ခုနှစ်မှ



## ညှော်ခန်းများကို ဖြတ်သန်းခြင်း (၂၄)

သပြေတောမဂ္ဂဇင်းက တာဝန်ခံစာတည်းရဲ့ မေတ္တာရပ်ခံအသိပေးအပ်တဲ့ ဝါကျလေးတွေကို အားနာလှပါပြီ။ စာပေယောပြောင်ခွဲရာသီမို့နယ်လှည့်ခရီးထွက်နေရတဲ့ ကိစ္စ။ မြန်မာ့စနေမဂ္ဂဇင်းထဲက 'ရှင်မရေ ကဗျာရှည်အတွက် ခရီးတို/ ရှည်ထွက်နေရတဲ့ ကိစ္စ...။ ဟိုကိစ္စ ဒီကိစ္စတွေကြောင့် သပြေတောမဂ္ဂဇင်းက တာဝန်ပေးအပ်ထားတဲ့ ('ညှော်ခန်းများကို ဖြတ်သန်းခြင်း')အလုပ်ကို မျက်နှာလွှဲထားရတာ မိမိဘက်က တာဝန်မဲ့ရာကျလွန်းပါတယ်။ ၁၉၉၆ မှာ ဇန်န ရီ၊ ဖေဖော်ဝါရီ (၂) လတောင် ရှိသွားပြီပဲ။ မိမိ ဖြတ်သန်းခဲ့တဲ့ ညှော်ခန်းများရဲ့ အမှတ်စဉ်ဟာ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလအထိ ဘယ်လောက်ရှိခဲ့ပြီဆိုတာတောင် ပြန်မမှတ်မိတာဟာ ရောဂါပဲ။

လူမှာ စွဲကပ်ငြိတွယ်တတ်တဲ့ ရောဂါဘယ အမျိုးမျိုးတွေအနက် 'အတိတ်မေ့ရောဂါ' ဟာ ကြောက်စရာအကောင်းဆုံး ရောဂါတစ်ရပ်ပါပဲ။ အခုပဲကြည့်လေ။ မိမိတာဝန်ယူခဲ့တဲ့ အလုပ်နဲ့ မိမိဖြတ်သန်းခဲ့တဲ့ ညှော်ခန်းများရဲ့ နောက်ဆုံးအမှတ်စဉ်ကိုတောင် မမှတ်မိတော့ဘူး ဆိုတော့ကာ ဒါရောဂါပေါ့။ ကိုယ့်မျက်နှာ ကိုယ်မေ့နေတတ်တဲ့ အမှတ်သညာတရားကို ဘယ်လို ပြန်နှိုးမလဲ။ မိမိရဲ့ အာရုံခြောက်ပါး၊ တံခါးခြောက်ပေါက်ဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ သံချေးတက်သွားရတာလဲ။ အတိတ်မေ့ရောဂါဆိုတဲ့ အထူးပြုနာမ်ပုဒ်တစ်ခုမှာ မေ့သင့်လို့ မေ့ထားခြင်းဆိုတဲ့ အနက်တစ်ခု။ မမေ့သင့်ဘဲ မေ့ထားခြင်းဆိုတဲ့ အနက်ကတစ်မျိုး။ တစ်နည်း တစ်မျိုးစိမ့်ဆိုကြည့်လို့ရမယ် ထင်ပါတယ်။

အခုလဲ မိမိရောဂါကို မိမိဖွင့်ဆိုကြည့်ဖို့ ကြိုးစားရင်းက မိမိမဖြတ်သန်းရသေးတဲ့ ညနေခင်းစာမျက်နှာတစ်ခုကို ဖြတ်သန်းလိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် အသံတစ်သံကြားလိုက်ရတယ်။ ဘာကြောင့် တိုက်တိုက်ဆိုင်ဆိုင်လဲ။ ဘယ်လို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတာလဲ။

**နကွရှာမနေကြပါနဲ့**
**ကိုယ့်မျက်နှာကိုယ်**
**အခု**
**ကိုယ့်မျက်နှာကိုယ် မေ့သွားတဲ့**
**မျက်လုံးနှစ်လုံးဟာ**
**တစ်ညတာ အိပ်စက်ပါတော့မယ်**

ဒါဟာ ၁၉၉၆ ဇန်နဝါရီထုတ် ဟန်သစ်မဂ္ဂဇင်းထဲက ကဗျာဆရာ **ကိုမြတ်နိုင်ဦး** ရဲ့ **'အရေးတကြီးမှားနေမှု'** ဆိုတဲ့ ကဗျာရဲ့ နောက်ဆုံးအပိုဒ်ပါ။ ဘာကြောင့်များ ကဗျာရဲ့ နောက်ဆုံးကိစ္စကို စ,စချင်းကောက်ပြီး ထောက်ပြနေရတာလဲ။ အကြောင်းရှိပါတယ်။

မိမိအလုပ်ကို မိမိမေ့နေတဲ့ ညနေခင်းများကို ဖြတ်သန်းသူနဲ့ ကိုယ့်မျက်နှာကိုယ် မေ့သွားတဲ့ ကဗျာဆရာဟာ အထက်ဖော်ပြပါ နောက်ဆုံးပွဲ့ထုံးမှာ ဖြုန်းစားဖြင်းစား ဘွားကနဲ တွေ့လိုက်ရလို့ပါပဲ။ သူ့အဖြစ်နဲ့ ကိုယ့်အဖြစ်က တူလွန်းမက တူလွန်းလှလို့ပါပဲ။ လိပ်ပတ်လည်အောင် ကဗျာရဲ့ အစကို ပြန်ပြောပြရမယ်ဆိုရင်တော့

**နကွရှာမနေကြပါနဲ့**
**ကိုယ့်မျက်နှာကိုယ်**
**ထပ်ခါတလဲလဲ ပြန်ကြည့်လို့ရပါတယ်**
**တည်ငြိမ်နေတဲ့ ကန်ရေတွေမှ မဟုတ်ပါဘူး**
**ပြဒါးသုတ်မှန်တစ်ချပ်မှ မဟုတ်ပါဘူး**
**ပြန်ကြည့်လို့ရအောင် မြင်ခွင့်ရသူပါ... တဲ့။**



'ကိုယ့်အကြောင်း ကိုယ်သိတယ်'။ 'ကိုယ့်ဘဝကိုယ်သိတယ်'... ဆိုတဲ့ ဝါကျမျိုးလောက်နဲ့တော့ကဗျာအရာ၊ ဒါမှမဟုတ် အဆင်တန်ဆာ အလင်္ကာ အဆင့်မရောက်နိုင်ပါဘူး။

**'ကိုယ့်မျက်နှာကိုယ်**
**ထပ်ခါတလဲလဲ ပြန်ကြည့်လို့ရပါတယ်'**

ဆိုတဲ့ အဖွဲ့မျိုးကတော့ ကဗျာဆရာရဲ့ ဖန်တီးမှုတစ်ကွက်ပေါ့။ ကဗျာဆိုတာ ဖန်တီးမှု အနုဗေဒတစ်ရပ်ပဲ မဟုတ်လား။ ဖော်ပြပါ ကဗျာဝါကျ (ခြောက်)ကြောင်းပါ အလင်္ကာအုပ်စုထဲမှာ ပါဝင်တဲ့စကားပုဒ်စုအသီးသီးဟာ ကဗျာခံစားသူ (မိမိ) နဲ့ ရင်းနှီးကျွမ်းဝင်ဖူးပြီးသား အခြင်းအရာတွေပါ။ ဒါပေမယ့်...

'ပြန်ကြည့်လို့ရအောင် မြင်ခွင့်ရသူပါ' ဆိုတဲ့ စကားအရာဟာ ကဗျာဆရာရဲ့ လိမ္မာပါးနပ်မှု၊ ပုံပေါ်အောင် ပြောတတ်မှုကြောင့်ဖြစ်တယ်။ ကဗျာ့တန်ဖိုး ပိုပြီးတိုးမြင့်လာတယ်လို့ ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုတော့

**နာရင်းနဲ့ရယ်,ရယ်နေရတဲ့**
**အဖြစ်သနစ်တွေထုထပ်**
**ပေါက်ရောက်ခဲ့ပါများလို့**
**ငါ့ရဲ့လက်မှာ**
**လက်ပတ်နာရီတစ်လုံး ချီးမြှင့်ခဲ့...**

ဆိုတဲ့ အခင်းအကျင်းဟာ သူ့ကိုယ်သူ **'ပြန်ကြည့်လို့ရအောင် မြင်ခွင့်ရသူပါ'** ဆိုတာကို မိမိအနေနဲ့ ယုံယုံကြည်ကြည် လက်ခံမိတယ်။ ကဗျာအဓိပ္ပာယ်ကြောင့် ဘဝအဓိပ္ပာယ်ဟာ ပိုပြီးလေးနက်လာတယ်။ ကလေးအတွေးမျိုးတွေးမယ်ဆိုရင်တော့ နာရင်းနဲ့ (ရီ) ရယ်နေရလို့ နာရီတစ်လုံးချီးမြှင့်ခံခဲ့ရတာလား။

လူကြီးအတွေး–ဒါမှမဟုတ် ကဗျာအတွေးမျိုး တွေးကြည့်မယ်ဆိုရင်တော့ ဘဝမှာ နာရင်းရယ်,ရယ်နေရတဲ့ အဖြစ်သနစ်တွေကြားမှာ ခရီးသွားနေရတဲ့အတွက်၊ ယင်းအဖြစ်သနစ်အချိန်ကာလကို မှတ်သားဖို့ သူ့ကိုယ်သူ နာရီတစ်လုံးလို ဖန်တီး စံထားခဲ့သူလား။



www.burmeseclassic.com

www.burmeseclassic.com

**ဇိနိပ်မှုတွေကိုလည်း ပါးနပ်ခဲ့ပြီ**

**အဲဒီမှာပါ**

**ငါ့မျက်လုံးတွေတပ်ထားရဲ့**

**ငါ့ခြေထောက်တွေ လမ်းရွေးမမှားဖို့**

**ဖိနပ်တစ်ရန် ချီးမြှင့်ခဲ့...**

ကြည့်စမ်း။ သူ့ကိုယ်သူ အသေးစိတ်ပြန်ကြည့်နိုင်လောက်အောင် မြင်ခွင့်ရလိုက်တဲ့ လူပါတကား။

နာရင်းနဲ့ ရယ်ခဲ့ရတဲ့ အဖြစ်သနစ်တွေ။ အဲဒီ အဖြစ်သနစ်တွေကို ပါးပါးနပ်နပ် ကြည့်တတ်၊ မြင်တတ်ဖို့ အရာကြည့် ကိရိယာလို မျက်လုံးတစ်စုံတောင်ရှိနေလိုက်သေး။ '**ငါ့မျက်လုံးတွေတပ်ထားရဲ့**' ဆိုတာဟာ သူလို ကိုယ်လို လူသားတိုင်းမှာရှိနေကြတဲ့ သာမန်မျက်လုံးမျိုးလိုပါပဲ။ ဒါပေမယ့် သူ့မျက်လုံးက ကဗျာဆရာရဲ့ မျက်လုံးလေ။ ပိုပြီး သေချာအောင်၊ သူပေါက်ရောက်ခဲ့ဖူးတဲ့ နေရာ၊ သူလှမ်းနေရတဲ့ ခရီးလမ်းမှာ ရွေးချယ်မှု ခြေလှမ်းမမှားဖို့ သူ့ခြေထောက်ကိုသူ ဖိနပ်တစ်ရန်တောင် ချီးမြှင့်လိုက်သေး။ သာမန် စဉ်းစားရင်တော့ ဖိနပ်တစ်ရန်ရှိရုံနဲ့ လမ်းရွေးမမှားနိုင်ဖူးတဲ့လား။ အခုဟာက ကဗျာရဲ့ အလုပ်စခန်းထဲက ဖိနပ်တစ်ရန်လေ။ ကဗျာဆရာရဲ့ ဖိနပ်တစ်ရန်လေ။ ကလေးအတွေးမျိုး တွေးမယ်ဆိုရင်တော့... လမ်းတကာမှာ ပါးပါးနပ်နပ်သွားနေရလို့ သူ့ကိုယ်သူ ဖိနပ်တစ်ရန် ချီးမြှင့်ခဲ့ရတာလား။

လူကြီးအတွေး–ဒါမှမဟုတ် ကဗျာအတွေးမျိုး တွေးကြည့်မယ်ဆိုရင်တော့ ဘဝမှာ မျက်လုံးတစ်စုံ ရှိနေရုံနဲ့ မလုံလောက်သေးတဲ့အခါ၊ အပျော်နဲ့အမှား၊ မာယာရှိုင်ဝှမ်းနဲ့ သစ္စာစခန်းကို လမ်းရွေးမမှားဖို့ သတိတမံ ဖိနပ်တစ်ရန်နဲ့ ခရီးသွားနေသူလား။

**ကိုယ်ပိုင်ကောင်းကင်တစ်ခုလဲ**

**ဝယ်ထားလိုက်သေး**

**တန်ဖိုးကြီးကြီးပေး ဝယ်ထားလိုက်သေး**

**နေရောင်တွေဟာ ယုံကြည်စိတ်ချရတာ မဟုတ်ဘူး**

**မျက်လုံးအစစ်တွေ နေမလောင်ဖို့**



**ငါ့ဦးခေါင်းမှာ**

**ဦးထုပ်တစ်လုံး ချီးမြှင့်ခဲ့...**

ကဗျာဝါကျတွေထဲက ရုပ်ပုံတွေနဲ့ မှုံ့ထုံးအချိတ်အဆက်တွေဟာ တစ်ကွက်ပြီးတစ်ကွက် လေးနက်လာတယ်။ ကဗျာ နိမိတ်အနှယ်တွေကြောင့် ဘဝအဓိပ္ပာယ်တွေ ပိုပြီး ကြွယ်ဝခဲ့ညားလာတာ တွေ့ရပါတယ်။ ပထမအပိုဒ်မှာ 'တည်ငြိမ်နေတဲ့ကန်ရေ'၊ 'ပြဒါးသုတ်မှန်တစ်ချပ်'၊ 'ပြန်ကြည့်လို့ရအောင်မြင်ခွင့်ရသူ'။

ဒုတိယအပိုဒ်မှာ 'လက်ပတ်နာရီတစ်လုံး'

တတိယအပိုဒ်မှာ 'ဖိနပ်တစ်ရန်'

အခု စတုတ္ထအခင်းအကျင်းမှာတော့ '**ကိုယ်ပိုင်ကောင်းကင်တစ်ခု**' တဲ့။ '**မျက်လုံးအစစ်တွေ**' တဲ့။ '**ဦးထုပ်တစ်လုံး**' တဲ့။ 'ကိုယ်ပိုင်ကောင်းကင်' ဆိုတာကတော့ ကဗျာဆရာရဲ့ လူ့ဘဝမျက်နှာကြက်ကြီးပေါ့။ ကဗျာဆရာရဲ့ ဖန်တီးမှုအနုပညာတွေ၊ အလင်္ကာကြွယ်ပွင့်တွေကို လွတ်လွတ်လပ်လပ် သီကုံးခြယ်မှုန်းထားကြည့်ချင်တဲ့ လွတ်အခွင့်အရေး (သို့မဟုတ်) ဘဝနဲ့ရင်းပြီး တန်ဖိုးကြီးကြီးပေးဝယ်ထားရတဲ့ လူ့ဘဝမိုးကောင်းကင်ကြီးတစ်ခု။ 'မျက်လုံးအစစ်တွေ နေမလောင်ဖို့' ဆိုတာ ပကတိအမြင်တွေ ကြည်လင်သန့်ရှင်းဖို့ စက္ခုအာရုံတွေကို တွေပြားဝေဝါးမသွားစေချင်တဲ့ ကဗျာဆရာရဲ့ ဆန္ဒ။ ဒီလောက်နဲ့ မတင်းတိမ်သေးဘူး။ 'ငါ့ဦးခေါင်းမှာ ဦးထုပ်တစ်လုံး ချီးမြှင့်ခဲ့သေးတယ်' တဲ့။ ကလေးအတွေးမျိုးတွေးမယ်ဆိုရင်တော့ မျက်လုံးတွေ မကျိန်းစပ်ဖို့၊ ဦးခေါင်းပေါ်မှာ အရိပ်အာဝါသတစ်ခုရဖို့ ဦးထုပ်ဝယ်ဆောင်းတာမျိုးပေါ့။ ဦးခေါင်းအေးဖို့ပေါ့။

လူကြီးအတွေး၊ ဒါမှမဟုတ် ကဗျာအလုပ်စခန်းထဲက အတွေးမျိုးတွေးကြည့်မယ်ဆိုရင်တော့ ဘဝနဲ့ရင်းထားရတဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေ လောင်ကျွမ်းမသွားအောင် အရိပ်အေးအေးလေးတစ်ခုကို ဖန်တီးကြည့်ခြင်းပါပဲ။ အဆင်ပြေရဲ့လား။

**ခုက္ခရှာမနေကြပါနဲ့**

**ကိုယ့်မျက်နှာကိုယ်**

**အခု**

**ကိုယ့်မျက်နှာကိုယ် မေ့သွားတဲ့**



www.burmeseclassic.com

www.burmeseclassic.com

**မျက်လုံးနှစ်လုံးဟာ**
**တစ်ညတာ အိပ်စက်ပါတော့မယ်**

ကဗျာရဲ့ နောက်ဆုံးပိုဒ် ဒီနေရာမှာ၊ ကဗျာဆရာရဲ့ နာရင်းရယ်ခဲ့ရတဲ့ အဖြစ်သနစ်တွေကို ကဗျာခံစားသူ (မိမိ) အနေနဲ့ထပ်တူထပ်မျှ ကိုယ်ချင်းစာသွားမိပါပြီ။ သူ့အဖြစ်နဲ့ ကိုယ့်အဖြစ်က တူပဲတူနိုင်လွန်းလှပါတကား။ တိုက်ပဲတိုက်ဆိုင်လွန်းလှပါတကား။

ကိုယ့်မျက်နှာကိုယ် ထပ်ခါတလဲလဲ ပြန်ကြည့်နိုင်ခွင့်ရှိခဲ့တဲ့သူ။ ပြန်ကြည့်လို့ ရနိုင်လောက်အောင်လည်း ကြည်လင်စူးရှတဲ့ အမြင်အာရုံရှိခဲ့တဲ့သူ။ သူဖြတ်သန်းနေတဲ့ ကာလကို သူသိတယ်။ သူခံစားနေရတဲ့အဖြစ်သနစ်တွေကို သူသိတယ်။ သူ့ဘဝမှာ လမ်းရွေးမမှားခဲ့ဘူးဆိုတာ သူသိတယ်။ သူ့အနုပညာနဲ့သူ့ ယုံကြည်ချက်တွေ တိမ်းပါးပျက်စီးမသွားအောင် သူဘယ်လောက် တည်ဆောက်ထားခဲ့တယ်ဆိုတာ သူ့ကိုယ်သူ အသေအချာ သိနေတယ်။

ဟော အခုတော့ ကိုယ့်မျက်နှာကိုယ် မေ့သွားတဲ့ မျက်လုံးနှစ်လုံးတဲ့။ သူ့ကိုယ်သူ ပြန်မကြည့်ချင်တော့လောက်အောင် မုန်းမေ့သွားတာတော့ မဟုတ်တန်ရာ။ ဘယ်အရာကိုမှ မကြည့်ချင်တော့တဲ့မျက်လုံးတစ်စုံဟာ ခဏတစ်ဖြုတ်တော့ အိပ်စက်နားနေသင့်တာပေါ့။ **'အရေးတကြီးနားနေမှု'** ပြုလုပ်သင့်တာပေါ့။ **'အရေးတကြီး နားနေမှု'** တဲ့။ ကဗျာဆရာ ကိုမြတ်နိုင်ဦးလိုပဲ မိမိကိုယ်တိုင် အရေးတကြီးနားနေဖြစ်ခဲ့တဲ့ အခြင်းအရာဟာ ဘာကြောင့်ပါလိမ့်။ မမေ့ချင်ပဲ မေ့ထားရတဲ့ကာလငယ်လေးတွေကို တွေးနေ ငေးနေမိရင်း၊ မိမိဝိညာဉ်ကို မိမိပြန်လည်စစ်ဆေးနေရင်း၊ အိပ်ရေးဝဝ အိပ်စက်ချင်နေတဲ့ ဝိညာဉ်တစ်ခုရဲ့ တေးသံကို နားဆင်နေမိပြန်တယ်။

၁၉၉၆ ဇန်နဝါရီ ဟန်သစ်မဂ္ဂဇင်းထဲမှာပဲ **ကဗျာဆရာဝင်းမောင်**ရဲ့ **'တေးဆိုတဲ့ဝိညာဉ်'** ကို ရင်ခုန်စွာခံစားနေမိပြန်တယ်။ ဘာကြောင့်ရင်ခုန်ရတာပါလိမ့်။

**သီချင်းမရှိသော အရပ်မှာ**
**အိပ်မက်မရှိသော အရပ်မှာ**
**ကိုယ့်ကိုပြန်မက်ကာ**
**ကဲကြမ္မာမျက်နှာသာပေးသည့်အတိုင်း။**



ပျော်ရွှင်ဖွယ်ရာ အနေအထားများ ဆိတ်သုဉ်းနေတဲ့အရပ်မှာ ကံကြ မ္မာရဲ့ အလိုတော်အတိုင်း ကိုယ့်သမိုင်း ကိုယ်စစ်ဆေးရလေလိမ့်မယ်။ ကိုယ့် အစ္ဆတ္တကို ကိုယ်ပြန်ကြည့်ရလေလိမ့်မယ်။

**ဟုတ်ပေပြီ**
**အဆင့်အတန်းမြင့်မျှင်စိတ်တို့၏**
**ဝင်ရိုးများ၊ ဘီးများ**
**အိပ်ဆေးပြင်းပြင်းများ**
**မထီလေးစား စကားများနဲ့**
**ရေနံဆီမီးအိမ်ကို အစိုးရိမ်ကြီးခဲ့**
**ကြယ်ကြွေတာကိုလည်း နမြောခဲ့တယ်။**

ကဗျာဆရာရဲ့ ရင်ထဲက မာနတွေ၊ ပဋိပက္ခဖြစ်ပေါ်နေမှုတွေ၊ သံသယာဇဉ်နဲ့ သောကစိတ်အလျဉ်တွေဟာ နိမိတ်၊ သင်္ကေတတွေဖြစ်နေတဲ့ အတွက် သတင်းဆောင်ပါးတစ်ပုဒ်လို၊ မှတ်စုထုတ်သလိုလုပ်လို့မရ။ ကဗျာဆိုတာ အဆင့်အတန်းမြင့်တဲ့ ပျော်ရွှင်မှုတစ်ခုဖြစ်တယ်။ သိမ်မွေ့နူးညံ့တဲ့ ပိုးသားချည်ခင်တွေးလေးတစ်လုံး ဖြစ်တယ်။ သို့ကလို ပျော်ရွှင်မှု၊ သိမ်မွေ့နူးညံ့မှု အနုဗေဒကို ဘယ်လိုလက်မျိုးနဲ့ ကိုင်တွယ်ကြည့်ရှုမလဲ။ ဘယ်လိုရင်ခုန်သံနဲ့ ခံယူမလဲ။ ကဗျာဆရာ **ဝင်းမောင်** ကတော့

**မိုးကောင်းကင်ထဲက**
**အကွေ့အကောက်တွေ**
**နံရံတွေ၊ တံတိုင်းတွေ**
**သက်ဝင်ပါရှိစွာ**
**ပုံနှိပ်ထားသော စကားလုံးထဲမှာ**
**ငြင်းခုံဆွေးနွေးရန်**
**ဒီလိုပဲလား**
**တချို့လူတွေ နေထိုင်ကြတာက**

လို့ ဇာကာဝဲကာ ပြောပြနေပါတယ်။ ကဗျာဝါကျတွေ၊ သဒ္ဒါစည်းမျဉ်းတွေဟာ အစီအစဉ်မဲ့စွာ ခုန်ပျံနေတယ်လို့ထင်ရတယ်။ ကဗျာပွဲ့ထုံးတွေ ပိန်လိုက်၊ ဖောင်းလိုက်၊ စောင်းလိုက်၊ ရွဲ့လိုက်ဖြစ်နေတယ်လို့ထင်တယ်။ ကိစ္စမရှိ၊ ကဗျာဆရာရဲ့ တေးဆိုနေတဲ့ ဝိညာဉ်ဆိုတာ အစီအစဉ်မဲ့ခွင့်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ကဗျာရဲ့ သွားလိုရာလမ်းကြောင်း၊ ဒါမှမဟုတ် ပြောချင်တဲ့ ပန်းတိုင်ကို ထိထိမိမိ ရောက်ဖို့တော့ ပုဒ်စုတစ်ခုချင်းမှာ ဆက်ထုံးမပြတ်စေသင့်ဘူး။ ပြကွက်ဆက်ထုံး၊ စကားလုံးဆက်ထုံး၊ အသံဆက်ထုံး၊ နိမိတ်ပုံဆက်ထုံး၊ နရီဆက်ထုံး၊ အဖွဲ့အနွဲ့ဆက်ထုံး၊ ကာရန်ဆက်ထုံးတစ်ခုနဲ့တစ်ခု ဆက်နွယ်ထိစပ်မှုများ ပြတ်တောက်မသွားစေသင့်ဘူး။ သို့ကလို အပြန်အလှန် ဆက်စပ်နေမှလဲ ကဗျာတန်ဖိုးရဲ့အာနိသင်ကို စမ်းလို့မှန်းလို့ရပေတော့မှာပေါ့။

အဲဒီ မျှော်လင့်ချက်မျိုးနဲ့ တေးဆိုတဲ့ ဝိညာဉ်ကို ရှေ့တိုးပြီး နားစွင့်ကြည့်လိုက်တော့...

**ဒီလိုပဲလား**
**ငါ့မှာ နေမီထိုင်မီတာက။**
**ဒီလိုပဲလား**
**စားပင်သောက်ပင် စိုက်မျိုးတာက၊**
**ဒါစင်ပေါင်းများစွာ၊ ပျင်းရိစရာကောင်း**
**ကြွားဝါဖို့ကောင်းလောက်အောင်**
**ဝမ်းနည်းခဲ့ဖူးပြီတဲ့လေ။**

ပြကွင်းပြကွက်ဆက်ထုံး၊ စကားလုံးဆက်ထုံး၊ အချိန်ဆက်ထုံး၊ အဖြစ်အပျက် ဆက်ထုံးလေးတွေဟာ တစ်ခုနဲ့တစ်ခု၊ တစ်ကိုင်းနဲ့ တစ်ကိုင်း ထိစပ်နေတာကို တွေ့ရှိရသလို ကဗျာဆရာ တစိုက်စိုက်သွားနေတဲ့ နေရာကိုလည်း စိတ်ဝင်စားစွာ အပြေးအလွှား လိုက်ကြည့်ချင်စိတ်ဖြစ်လာတယ်။

'**ကြွားဝါဖို့ကောင်းလောက်အောင်၊ ဝမ်းနည်းခဲ့ဖူးပြီ**' ဆိုတဲ့ အဖွဲ့ကို ပီတိဖြစ်နေချိန်မရလောက်အောင် နောက်ဆုံးအခန်းကို အငမ်းမရလှမ်းဖတ်လိုက်တော့

**တစ်မူထူးခြားစွာ မပြောလိုပါ**
**အမှန်တရားနဲ့ တစ်ထေရာတည်းတူဖို့**
**အိပ်ရေးဝဝအိပ်ပါရစေ။**

ဆိုတဲ့ မထင်မှတ်တဲ့ နေရာသစ်တစ်ခုကို ရောက်သွားတယ်။ မထင်မှတ်တဲ့ နေရာသစ်လို့ ဆိုရတာက၊ ကဗျာဆရာ တစိုက်မတ်မတ်သွားနေတဲ့



နေရာရဲ့ နိဂုံး၊ နောက်ဆုံး ရပ်နားမယ့်နေရာဟာ '**အိပ်ရေးဝဝအိပ်ပါရစေ**' ဆိုတဲ့ နေရာရယ်လို့ မထင်မှတ်ခဲ့ဘူး။ အခုတော့ မထင်မှတ်တဲ့နေရာမှာ တုံ့ကနဲရပ်ပြလိုက်တော့ ကဗျာဆရာသွားရာနောက် တကောက်ကောက်လိုက်မိခဲ့တဲ့ မိမိရဲ့ခံစားမှုအရှိန်ဟာ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ခဲ့ရတယ်။ နေရာသစ်တစ်ခုရဲ့ အနက်အဓိပ္ပာယ် အကျယ်အဝန်းဟာ ပေါ့ပေါ့တိမ်တိမ်ဆိုရင်တော့ ကဗျာတန်ဖိုးဟာ တိုးမြင့်မလာနိုင်ပါဘူး။ အခုတော့ '**အမှန်တရားနဲ့ တစ်ထေရာတည်း တူဖို့၊ အိပ်ရေးဝဝအိပ်ပါရစေ**'တဲ့။ ဟုတ်တာပေါ့။ ကဗျာဆရာ ဖြတ်သန်းတွေ့ထိခဲ့ရတဲ့ ပြကွင်းပြကွက်အတိုင်းဆိုရင် အမှန်တရားနဲ့ တစ်ထေရာတည်းတူဖို့ဆိုတာ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ ဘာသာစကားသည် လူတစ်ယောက်တည်း နေခြင်း၏ နှစ်ဖက်ကို မြင်တတ်ပေသည်။ ထို့ကြောင့် ဘာသာ စကားက တစ်ကိုယ်တည်း နေခြင်း၏ ဆင်းရဲကို ဖော်ပြရန် 'အထီးကျန်' ဟူသော ဝေါဟာရကို တီထွင်၍ တစ်ကိုယ်တည်း နေခြင်း၏ ဂုဏ်ကို ဖော်ပြလိုသောအခါ 'ဧကစာရီ' ဟူသော ဝေါဟာရကို တီထွင်လိုက်သည်။

**Paul Tillich**

တက်တိုးပြန်ဆိုသော

သူတို့အတွေးအခေါ် မှတ်စုများ

အမှတ်-၄၊ ၁၉၉၄ မှ



## ညှိခန်းများကို ဖြတ်သန်းခြင်း (၂၅)

ဘာသာစကားဆိုတာ စကားပြေဆရာကပဲ သုံးသုံး၊ ကဗျာဆရာကပဲ သုံးသုံး မျိုးတုံးသွားတယ်ရယ်လို့ မရှိပါဘူး။ သူ့နေရာနဲ့ သူ အကွက်အကွင်း ကျအောင် သုံးတတ်လေ...၊ အနက်အဓိပ္ပာယ်ဟာ ပိုပြီး ကြွယ်ဝလှပလေပါပဲ။ အနက်သစ်တွေ၊ ဝယက်အနက်တွေ၊ ပုံဆောင်မှုအသစ်တွေနဲ့ သက်ဝင်လှုပ်ရှားလေပါပဲ။ ဒါပေမယ့် ဘာသာစကားရဲ့ သိမ်မွေ့မှုနဲ့ တန်ဖိုးကို အချိုးကျကျ အသုံးမချတတ်တဲ့အခါ ကဗျာပဲဖြစ်ဖြစ်၊ စကားပြေပဲဖြစ်ဖြစ် သစ်လွင်လတ်ဆတ်မှုဆိုတဲ့ အဆင့် (ရသ) ကို ရနိုင်မှာမဟုတ်ပါဘူး။

'ကဗျာ' ဆိုတဲ့ အနုပဒေတစ်ရပ်ကို ရင်ဘတ်မကွာ ကျင့်ကြံအားထုတ်နေကြတဲ့ ကဗျာဆရာတွေအဖို့တော့ ဘာသာစကားရဲ့ အသိမ်အမွေ့နဲ့ အသုံးတန်ဖိုးကို ရိုရိုကျိုးကျိုး မြတ်နိုးကြတယ်။ ဆစ်ဆစ်ပိုင်းပိုင်း နှိုင်းနှိုင်းဆဆ သုံးစွဲကြတယ်။ သူ့နေရာသူ အံဝင်ခွင်ကျဖြစ်အောင် တီထွင်အသုံးပြုကြတာဟာ လေးစားစရာပါပဲ။ ပြုပြင်စီမံထားတဲ့ ဘာသာစကားတစ်ခုဟာ သူ့နေရာနဲ့သူ အခင်းအကျင်းမှန်ကန်ပြီး ဌာန်ကရိုဏ်းကျနေပြီဆိုရင် တီထွင်ဖန်တီးရကျိုးနပ်တာပေါ့။ ဒီလိုမှမဟုတ်ဘဲ ဘာသာစကားကို အဆန်းထွင်ရုံသက်သက်၊ လက်တည့်စမ်းရုံသက်သက် သဘောထားကြမယ်ဆိုရင်။

ဘာသာစကားရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရည်အသွေးတစ်ရပ်ကို သို့ကလိုစဉ်းစားရင်း ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ကဗျာညှိခန်းတွေကို ဖြတ်သန်းခံစားပြီး စံထားကြည့်နေမိပါတယ်။ ဘယ်တရားနဲ့ စံထားကြည့်နေမိပါလိမ့်။ ဘယ်အရာကို စံထားတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ဖော်ပြပါ ရည်ညွှန်းကိုးကား စာပိုဒ်ငယ်ထဲက **'အထီးကျန်'** နဲ့ **'ဧကစာရီ'** ဆိုတဲ့ ဝေါဟာရနှစ်ခုကိုကပ်ပြီး စံထားကြည့်နေမိတာ ဖြစ်တယ်။

လူတစ်ယောက်ရဲ့ နေထိုင်ခြင်းဘဝကို နှစ်ဖက်မြင်တတ်တဲ့ ဘာသာစကား။ ဘယ်လောက် သိမ်မွေ့ပါးနပ်လိုက်သလဲ။ တစ်ကိုယ်တည်းနေခြင်းရဲ့ သင်းကွဲ ဆင်းရဲမှုကို ဖော်ပြတော့ **'အထီးကျန်'** တဲ့။ တစ်ကိုယ်တည်းနေခြင်းရဲ့ ဖွဲ့သန်မှု မြဲမြံမှု ဂုဏ်ရည်ကိုဖော်ပြချင်တော့ **'ဧကစာရီ'** တဲ့။ ကဲ–ဘယ်လောက်လှပတဲ့ ဘာသာစကားပါလိမ့်။

လူတစ်ယောက်ရဲ့ နေထိုင်မှုဘဝမှာ ဘယ်အရာကို 'အထီးကျန်' လို့ ခေါ်မလဲ။ ဘယ်လိုနေထိုင်မှုကို 'ဧကစာရီ' လို့ ခေါ်မလဲ။ ၉၆ ဖေဖော်ဝါရီလထုတ် ဟန်သစ်မဂ္ဂဇင်းထဲက **မောင်သစ်ဆေ (မြင်းခြံ)** ရဲ့ **'ဆေးပြင်းလိပ်'** ကဗျာဟာ မိမိကို အဖြေတစ်ခုခု တုံ့ပြန်ဖို့ ညို့ငင်ဖမ်းစားထားပါတယ်။ ဖမ်းစားပုံက ဒီလိုပါ။

**မနေ့ကလို**
**ဒီနေ့ကိုတွေ့ရတော့**
**ဒီနေ့လို မနက်ဖြန်တွေမှာ...။**

'မနေ့က' လို့ ဆိုတဲ့ အတိတ်ကို သူတွေ့ခဲ့ဖူးပြီ။ 'ဒီနေ့' ဆိုတဲ့ ပစ္စုပ္ပန်ကိုလည်း သူတွေ့နေရပြီ။ ဒါပေမယ့် သူတွေ့နေတဲ့ 'ဒီနေ့'ဟာ 'မနေ့ကလို' လို့ ဖော်ပြထားတဲ့အတွက် သူ့ဘဝမှာ ဘာတစ်ခုမျှ အပြောင်းအလဲမရှိသေးတာကို ကဗျာဝါကျတိုလေး (၃) ပါဒထဲမှာတွင် မြင်တွေ့ခွင့်ရနေပြီ။ ဒါ ကဗျာဘာသာစကားရဲ့ ကျစ်လျစ်သိပ်သည်းမှုနဲ့ ထုထည်အနက်အရှိန်သက်ရောက်မှု။

**'ဒီနေ့လို မနက်ဖြန်တွေမှာ'** တဲ့။

မတွေ့နိုင်သေးတဲ့၊ တွေ့ခွင့်မရသေးတဲ့ အနာဂတ်ကို သူဘယ်လို ကောက်ချက်ဆွဲမလဲ၊ သူ့ရဲ့ လူ့ဘဝ နေထိုင်မှုဟာ ဘယ်လို အနေအထားမျိုးလဲ...။

လူ့ဘဝရဖို့
ဘယ်နှစ်ခါ ပဋိသန္ဓေယူရမလဲ
မေးခွန်းတွေ တစ်လိပ်ပြီးတစ်လိပ်
မီးညှိသောက်ခဲ့ပေါ့။



www.burmeseclassic.com

အသခ်တခါတ် နှိုင်းမရမိစပ်ကြားမှာ လူ့ဘုံ၊ လူ့ဘဝဆိုတာ ကြုံတောင့်ကြုံခဲ၊ ရတောင့်ရခဲကိစ္စတစ်ရပ် မဟုတ်လား။ ဒီတော့ သူရရှိလာခဲ့တဲ့ လူ့ဘဝအခိုက်အတန့်ငယ်လေးဟာ ဘယ်ပဋိသန္ဓေ (ဇာတိ) အထပ်ထပ်ကို ကျော်ဖြတ်ခဲ့ရပါသလဲတဲ့။ ဒါကဗျာဆရာ တွေးတောငေးမောနေတဲ့ အမှုအရာပါ။ ဒါပေမယ့် ကဗျာဆရာဆိုတော့ သာမန် လူလို ရိုးရိုးမတွေးဘူးလေ။ သူ့မှာ ဘာသာစကား စိတ်ကူးက မြူးကြွနေတာကိုး။

**'မေးခွန်းတွေ တစ်လိပ်ပြီး တစ်လိပ်**
**မီးညှိသောက်ခဲ့ပေါ့'** တဲ့။

'မေးခွန်း' ဆိုတဲ့ ဒြပ်မဲ့နဲ့ 'တစ်လိပ်ပြီးတစ်လိပ်' ဆိုတဲ့ ဒြပ်ရှိကို တိတိကျကျ လှလှပပပေါင်းစပ်ဝံ့တယ်။ ကဗျာဆရာ ဖန်တီးဝံ့သလောက်လည်း အနက်သစ်တွေ၊ အတွေးသစ်တွေ ပြိုးပြိုးပြက်ပြက်လက်နေတယ်။ သူ့ဘဝ၊ သူ့နေထိုင်မှုနဲ့ သူ့အတွေးတွေဟာ ဆေးလိပ်မီးခိုးတွေနဲ့အတူ တိမ်နှယ်လွင့်ပါး ကစဉ့်ကလျားဖြစ်ခဲ့ပြီလား။ သေချာရေရာမှုတွေ ပျောက်ဆုံးနေပြီလား။ ကဗျာဆရာအနေနဲ့ ဘာမှ ရေရေရာရာ ရှင်းမပြပါဘူး။ ဒါပေမယ့် ကဗျာဆရာ ဖန်တီးထားတဲ့ ဘာသာစကားက သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ်နေတော့ ခံစားသူမိမိအနေနဲ့ သူ့ရင်ခုန်သံကို ခြေရာခံရတာ မပင်ပန်းဘူးပေါ့။

**တစ်ကိုယ်ရေစာ**
**အခန်းကျဉ်းကျဉ်းလေးမှာတောင်**
**ခြင်ကောင်တွေလို**
**သေနာတွေအော်မြည်ပျံသန်း**
**အိပ်စက်ခြင်းနဲ့ စိတ်ဝမ်းကွဲခဲ့ရ...။**

မနေ့ကအဖြစ်အပျက်တွေကို ပြန်ပြောပြနေတဲ့ ကဗျာဆရာဟာ ဒီနေ့ကိစ္စကို တစ်ဆိတ်စာမျှ အရိပ်အခြည်မပြသေးဘူး။

'မီးညှိသောက်ခဲ့ပေါ့'...၊ စတဲ့ အဖြစ်အပျက်နဲ့

'စိတ်ဝမ်းကွဲခဲ့ရ'...စတဲ့ သူ့ဘဝရဲ့ အတိတ်ကို ရိပ်ကာဝဲကာ ပုံထင်အောင် ဆွဲပြနေပါတယ်။ ဖော်ပြပါ ကဗျာပုဒ်စုငယ်တစ်ခုမှာ 'အိပ်စက်ခြင်းနဲ့ စိတ်ဝမ်းကွဲခဲ့ရ'... လို့ဆိုတဲ့ ဝါကျ (အဖွဲ့ဟာ) သူ့ဘဝရဲ့ ပဋိပက္ခဖြစ်မှုတွေကို အကွက်ကျကျဖော်ပြနိုင်တဲ့ ကဗျာဘာသာစကားတစ်ခွန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

**သတင်းစာထဲမပါတဲ့**

**နာရေးတွေနဲ့**

**ကြေကွဲနာကျင်ခဲ့ရ...။**

အနားယူအိပ်စက်မှုလေးတစ်ခုတောင် ညင်ညင်သာသာ မရနိုင်လောက်အောင် ကသောက်ကရောက်ဖြစ်ခဲ့ရတဲ့ နေထိုင်မှုဘဝထဲကို နောက်ထပ်ဆေးနာတစ်ခုက ရောက်လာပြန်သေးတယ်။

'သတင်းစာထဲ မပါတဲ့ နာရေးတွေ'... တဲ့။

သတင်းစာရဲ့ စာမျက်နှာ (၁၅) မှာ တွေ့နေကျအနိစ္စတွေကိုတောင် ကိုယ်နဲ့ ဆိုင်ဆိုင်မဆိုင်ဆိုင် ကြေကွဲခဲ့ရသေးရင်...၊ ဘယ်သူမှ မသိလိုက်တဲ့ အဆောက်သိကံ ကြေရွက်တွေဟာ ကဗျာဆရာနဲ့ ပတ်သက်ဆက်စပ်နေပြီဆိုတော့ကာ စဉ်းစားသာကြည့်ပေါ့။ ကဗျာဆရာရဲ့ ဆေးနာဆက်ထုံးတွေဟာ တစ်ခုနဲ့တစ်ခု၊ တစ်ကွက်နဲ့ တစ်ကွက် အချိတ်အဆက် မိမိစီးဆင်းနေပါတယ်။ ကဗျာဆရာရဲ့ ဝါကျပုဒ်တစ်ခုကို တွေ့ထိပြီးတိုင်း နောက်ထပ်ရောက်လာမယ့် ဝါကျပုဒ်စုတစ်ခုကို တွေ့ထိလိုစိတ်၊ သိလိုစိတ် ပြင်းထန်လာပါတယ်။ ဒါဟာ ကဗျာဖန်တီးသူနဲ့ ကဗျာခံစားသူရဲ့ သမှုဟာ ဖြစ်မှုကြောင့်လား။ ကဗျာဆရာရဲ့ ဖန်တီးမှုစွမ်းရည်ကြောင့်လား။ နှစ်ခုစလုံးဖြစ်နိုင်ပါတယ်။ နှစ်မျိုးစလုံး အကျုံးဝင်နိုင်ပါတယ်။

**အစာအိမ်နဲ့တွဲပြီး**

**ပိုက်ဆံနဲ့တွဲပြီး**

**အနုပညာနဲ့တွဲပြီး**

**အဲဒီသုံးခု ညီညီညွတ်ညွတ်တွဲပြီး**

**လူဖြစ်ခွင့်လွဲချော်ခဲ့ရ...။**

ကဗျာဆရာတစ်ယောက်ရဲ့ တစ်ကိုယ်တော်ဘဝ (သို့မဟုတ်) လူ့ဘဝဖြစ်တည်မှုအတွက် အခြေခံအရာဝတ္ထု (၃) မျိုး လိုအပ်ပါတယ်။ အဲဒီအခြေခံ (၃) ရပ်ကတော့ (အစာအိမ်+ပိုက်ဆံ+အနုပညာ) လို့ဆိုရင် လုံလောက်ပါပြီ။ ဒါပေမယ့် တစ်ခုနဲ့တစ်ခု မှီတွဲဆက်စပ်နေပါတယ်။ သူရရှိပိုင်ဆိုင်ထားတဲ့ လူ့ဘဝမှာ အစာအိမ်ကိစ္စ၊ ပိုက်ဆံကိစ္စ၊ အနုပညာကိစ္စကို သုံးနားညီ တြိဂံတစ်ခုလို ဆက်စပ်ကြည့်တယ်။ ညီညီညွတ်ညွတ်ဖြစ်အောင် တွဲစပ်ကြည့်တယ်။ ရတောင့်ရခဲ ဒုလ္လဘတရားကို ကြိုးစားပြီး ပုံဖော်ကြည့်



တယ်။ ဒါပေမယ့် လူ့ဘဝဆိုတဲ့ သတ်မှတ်ချက်ဂိုးဧရိယာထဲကို သူ့ကန်ချက်ကလွဲချော်ခဲ့တယ်။ ဆေးချော်သော (သို့မဟုတ်) လွဲချော်ဘဝဖြစ်ခဲ့ရတယ်။ ဘယ်လောက်အထိ လွဲချော်နေသလဲဆိုတော့ကာ...

**အလိုတစ်ခုရဖို့**

**အလုပ်နှစ်ခုထည့်ချိန်တာတောင်**

**လျှာထွက်မလာတဲ့ ချိန်ခွင်ပျက်ကြီးကို**

**အလိုမကျဖြစ်ခဲ့ရ...**

တဲ့အထိပေါ့။

**'အလိုတစ်ခုရဖို့**

**အလုပ်နှစ်ခုထည့်ချိန်တာတောင်'...**

ဆိုတဲ့ အဖွဲ့မှာ လျှို့ဝှက်နက်နဲတဲ့ ဝေါဟာရတွေ မပါပါဘူး။ ဆန္ဒတစ်ခုပြည့်ဝဖို့ ကြိုးပမ်းအားထုတ်မှု နှစ်ဆအားစိုက်ထားရတယ်လို့ဆိုရင် လွယ်လွယ်ရှင်းရှင်းလေးနဲ့ ပြီးနိုင်ပါလျက်နဲ့ –

'အလိုတစ်ခုရဖို့

အလုပ်နှစ်ခု ထည့်ချိန်တာတောင်'...လို့

ကဗျာဆရာက ဘာကြောင့် ဝေ့ဝိုက်နေရတာလဲ။ အကြောင်းရှိပါတယ်။ ကဗျာဆိုတာ ဘာသာစကားရဲ့ အညွန့်အဖူးဖြစ်တယ်မဟုတ်လား။ နောက်တစ်ချက်က ဒီအပိုဒ်ရဲ့ အထက်နားမှာ ပြောပြခဲ့တဲ့ 'လူဖြစ်ခွင့်လွဲချော်ခဲ့ရ' တယ်ဆိုတဲ့ (ဘဝ) ကို 'လျှာထွက်မလာတဲ့ ချိန်ခွင်ပျက်ကြီး'... ရယ်လို့ အံဝင်ခွင်ကျရှုပက အလင်္ကာပြုတဲ့ ကိစ္စဟာ ဘာသာစကားကို နေရာမမှားအောင် အသုံးချတတ်တဲ့ ကဗျာဆရာမှသာ တတ်နိုင်တဲ့ ကိစ္စမဟုတ်လား။

**မလောက်မငှ**

**ပျော်ရွှင်ခြင်းကို**

**ဒုက္ခများများနဲ့ စားခဲ့ရ...။**

**လေအေးတစ်ပေါက် သောက်ရဖို့**

**ပိတ်ထားတဲ့ တံခါးအောက်**

**ဝမ်းလျားထိုးထိုး မှောက်ခဲ့ရ...။**



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ရုပ်ပုံလွှာအဖွဲ့အနွဲ့တွေဟာ တစ်ခုချင်းတစ်စုချင်း၊ တစ်ပိုဒ်ချင်း တစ်ရှိုက်ချင်း အချိုတ်အဆက်မိမိ၊ ရသအားကောင်းကောင်းနဲ့ ကြွတက်လာနေပါတယ်။ ဘာ့ကြောင့် 'ကြွတက်' နေတယ်ဆိုတဲ့ အကြောင်းကို နိဂုံးမချုပ်မီ သူ့ရင်ခုန်သံကို နားထောင်စရာကျန်နေသေးတာက -

**အရိပ်ကိုစုပ်ယူအုံ့ဖွဲ့**

**ပျားကောင်တွေကြောင့်**

**ဖူးရောင်ဒဏ်ရာရခဲ့ရ...**

တယ်ဆိုတဲ့ သူ့ဘဝနဲ့ သူ့ပတ်ဝန်းကျင်အကြောင်း...။ သို့မဟုတ် ခေတ်ပြိုင်လူမှုဘဝထဲက ကဗျာဆရာနဲ့ လောဘသားကောင်များအကြောင်း။ သို့မဟုတ် ကဗျာဆရာရဲ့ တစ်စိတ်တစ်ပိုင်း ရုပ်ပုံလွှာအကြောင်း။

**ဘဝကို**

**ဖဲချပ်လို ကုလားဖန်အထိုးခံခဲ့ရ**

**ဆေဖဲထဲမပါ**

**ဆွဲဖဲထဲမပါ**

**အောက်ဆုံးဖဲ ဖြစ်ခဲ့ရ...။**

မေးခွန်းတွေကို တစ်လိပ်ပြီး တစ်လိပ် မီးညှိသောက်ခဲ့ရတဲ့ဘဝ။ အိပ်စက်အနားယူခြင်းနဲ့ စိတ်ဝမ်းကွဲခဲ့ရတဲ့ ဘဝ။ ဘယ်သူမှ မသိလိုက်တဲ့ အနိစ္စတွေနဲ့ ကြေကွဲခဲ့ရတဲ့ ဘဝ။ အစာအိမ်၊ ပိုက်ဆံ၊ အနုပညာနဲ့ တွဲပြီး လူဖြစ်ခွင့် လွဲချော်ခဲ့ရတဲ့ ဘဝ။ တစ်ဖက်က အားထုတ်မှုအလုပ်များများနဲ့ ချိန်စက်ကြည့်တာတောင် ချိန်ခွင်လျှာ မထွက်လာတဲ့ဘဝ။ ပျော်ရွှင်ခြင်း မလောက်မငနဲ့ ဒုက္ခများများကို စားသောက်ခဲ့ရင် ဘဝ။ အောက်စီဂျင်လေး နည်းနည်းရှူရှိုက်ဖို့အရေး အခန်းကျဉ်းလေးထဲမှာ ဝမ်းလျားမှောက်ခဲ့ရတဲ့ ဘဝ။ သူ့အရိပ်မှာ အုံ့ဖွဲ့နေကြတဲ့ လောဘလူသားတွေကြောင့် ဒဏ်ရာအနာတရ ရခဲ့တဲ့ ဘဝ။ ဟော အခုလဲကြည့်။

ဖဲချပ်လို ကုလားဖန်အထိုးခံရတဲ့ သက်ရှိဘဝ။ မုန့်ဖေတော့မပါ၊ တုတ်ဆေတော့ပါတယ်ဆိုတဲ့ အဖြစ်မျိုးနဲ့ ဘဝရဲ့ ခွဲဝေမှုဆိုတဲ့ အသုံးတန်ဖိုးထဲမှာ မပါဘဲ ချောင်ထိုးခံခဲ့ရတဲ့ အောက်ဆုံးဖဲချပ်လို ဘဝတဲ့။

တစ်စစီ-တစ်စစီ ပြောပြလာလိုက်တာ ဟောဒီနောက်ဆုံးနေရာကို ပေည်းရောက်ရော...၊



**အဲဒါတွေရခဲ့တဲ့နေ့ကလို**

**ဒီနေ့ကို တွေ့ရတော့**

**ဒီနေ့လို မနက်ဖြန်ကို**

**တွေ့နေရဦးမလား**

**မေးခွန်းတွေ တစ်လိပ်ပြီး တစ်လိပ်**

**မီးညှိသောက်နေရပေါ့...။**

ဆိုတဲ့ သက်ပြင်းချလိုက်သံဟာ ကဗျာဆရာရဲ့ တစ်ကိုယ်တော်ဘဝကို မလှမပ ခံစားနားဆင်လိုက်ရသလိုပဲ။

မေးခွန်းတွေ အထပ်ထပ်နဲ့ ပိနေတဲ့ဘဝမှာ ပြင်းပြင်းရှရှ၊ ခါးခါးသက်သက်၊ နံနံစူးစူး၊ မှုးမှုးရိပ်ရိပ်နဲ့ တစ်လိပ်ပြီးတစ်လိပ် ဖွာနေတဲ့ဘဝ ဆေးလိပ်တိုဟာ ငါးသုံးလုံး စီးကရက်မဟုတ်ဘူး။ လပ်ကီးစထရိုက်မဟုတ်ဘူး။ လန်ဒန်မဟုတ်ဘူး။ ဒူးယားမဟုတ်ဘူးဆိုတာ သေချာပါတယ်။

'**ဆေးပြင်းလိပ်**'တဲ့။ ဆေးရွက်ကြမ်းကြမ်း၊ အရသာကြမ်းကြမ်း၊ ရနံ့ကြမ်းကြမ်းနဲ့ မြင်းခြံဒေသထွက်တဲ့ ဆေးပြင်းလိပ်မျိုးပေါ့။

'မနေ့ကလို ဒီနေ့ကို တွေ့ရတော့၊ ဒီနေ့လို မနက်ဖြန်တွေ တွေ့နေရဦးမှာလား' လို့ သံသယမေးခွန်းတွေကို တစ်လိပ်ပြီး တစ်လိပ် မီးညှိသောက်နေတဲ့ ကဗျာဆရာဟာ **မောင်သစ်ဆေ** (မြင်းခြံ) ဖြစ်ပါတယ်။

ကဗျာဆရာရဲ့ တစ်ကိုယ်တော်ဘဝဟာ နေခြင်းဆင်းရဲကို ဖော်ပြတဲ့ '**အထီးကျန်**' ဆိုတဲ့ ဝေါဟာရလား။ နေခြင်းရဲ့ ဂုဏ်ရည်ကို ဖော်ပြတဲ့ '**ကေဇာရီ**' ဆိုတဲ့ ဝေါဟာရလား။ ဘာသာစကားရဲ့ သိမ်မွေ့နက်ရှိုင်းမှုကတော့ လူတစ်တောက်တည်းရဲ့ နေထိုင်ခြင်း (ဘဝ) ကို နှစ်ဖက်မြင်၊ မြင်အောင် ဖွဲ့ဆိုတင်ပြသွားခဲ့ပေပြီ။ ယင်းကဗျာကို အထီးကျန်အဖွဲ့လား၊ ကေဇာရီအဖွဲ့လားဆိုတာထက် ကဗျာဆရာ တစ်လိပ်ပြီး တစ်လိပ်ဖွာထုတ်လိုက်တဲ့ ဆေးပြင်းလိပ် မီးခိုးတွေထဲမှာ မိမိရဲ့ အတွေးနဲ့ မိမိရဲ့ ခံစားမှုတွေဟာလည်း ကဗျာဆရာနဲ့ ထပ်တူ စီးမျောရွေ့လျားရင်း...၊ မိမိကိုယ်တိုင် မေးခွန်းတွေကို တစ်လိပ်ပြီး တစ်လိပ် မီးညှိသောက်မိရင်း ...။

www.burmeseclassic.com

အချို့ကဗျာများမှာ လျှို့ဝှက်လွန်းပါသည်။ အရိပ်ကို လိုက်ဖမ်းရသကဲ့သို့ ဓာဝဓေဝါ ဖြစ်ကျန်ရစ်ခဲ့သည့်အခါမျိုးလည်း ရှိပါသည်။ တစ်ခါတစ်ရံ တစ်စုံတစ်ခုကို ခံစားလိုက်ရသလိုလို ထင်ရပါသော်လည်း မည်သည့်တစ်စုံတစ်ခုနည်းဟု မေးလာလျှင်မူ မပြတတ်သော အခါမျိုးလည်း ရှိပါသည်။ ကျွန်တော်က ညံ့လို့ပဲလား မသိ။

မောင်သင်း

'ကြည်အေး၏ သစ္စာသစ်'

ရှုမဝမဂ္ဂဇင်း၊ ၁၉၇၂ နိုဝင်ဘာမှ



# ညေ့်ခန်းများကို ဖြတ်သန်းခြင်း (၂၆)

တစ်ဖက်ရည်ညွှန်းကိုးကားပါ ဆရာအောင်သင်းရဲ့ အဖြစ်မျိုးနှယ် မိမိမှာလည်း အခက်ကြုံခဲ့ဖူးပါတယ်။ ခုထက်ထိလည်း ကြုံတုန်းကြုံဆဲပါပဲ။ လျှို့ဝှက်လွန်းတဲ့ ကဗျာ၊ ဓဝေဓဝါဖြစ်လွန်းတဲ့ ကဗျာ၊ နိမိတ်ပုံ ငုပ်လွန်းတဲ့ ကဗျာအမျိုးအစားတွေနဲ့ ထိတွေ့ခွင့်ရတိုင်း မိမိမှာ ယောင်ချာချာ အီလည်လည်ဖြစ်ခဲ့ရပါတယ်။

ဟို ဝါကျလေးကြိုက်သလိုလို၊ ဒီအပိုဒ်လေး ခံစားရသလိုလိုနဲ့ ကဗျာတစ်ပုဒ်လုံးကို ခြုံငုံပြီး ရင်မခုန်ပြတတ်တဲ့ အဖြစ်မျိုးကြုံရတဲ့အခါလည်း ရှိပါတယ်။ ခုထက်ထိလည်း ရှိနေဆဲပါပဲ။ ခေတ်ကာလအလျောက် အတတ်ပညာတွေ အလွန်အကျွံ မြောက်ကုန်ကြတာလား။ ပုဂ္ဂလိက ခံစားမှုနဲ့ အနုပညာဝါဒသက်သက်ကို တွယ်ဖက်လွန်းအားကြီးတာလားတော့ မိမိမသိ။ မိမိသေသေချာချာသိတဲ့ ကိစ္စကတော့ မိမိဘက်က ညံ့ဖျင်းမှုလို့ဆိုရန်မှတစ်ပါး အခြားဆိုဖွယ်ရာမမြင်ပါ။ ကိုယ် လိုက်မမီတဲ့ အခြင်းအရာကို 'သပျစ်သီးချဉ်တယ်' လို့ မပြောဝံ့ပါ။

အရာရာကို ခွဲခြမ်းစိတ်ဖြာမြင်နိုင်ရမယ်လို့ အဆိုရှိပေမယ့် ဒီကနေ့ ရေးဖွဲ့နေကြတဲ့ ခေတ်ပြကဗျာမျိုးကို အန္တိမအဆင့်အထိ ခွဲခြမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com

လျှင်အသုဘ ကမ္ဘာ့ဌာန်းရှုတာမျိုးမှတစ်ပါး ကဗျာ့အလှတရားကိုတော့ ခံစားခွင့်ရနိုင်မှာ မဟုတ်ပါဘူး။

သစ်တောထဲက ရုက္ခမျိုးနွယ်စုတွေ၊ မြေထုအောက်က သယံဇာတ ရတနာတွေနဲ့ ရေဒီယမ်သတ္တုတွေကို ပိုင်းခြားစိတ်ဖြာမွေ့ရှာရတဲ့ အလုပ်နဲ့ ကဗျာရဲ့ အလှတရားကို ရှာဖွေခံစားကြည့်ရတဲ့ အလုပ်မျိုးဟာ ယှဉ်းစွဲမတူနိုင်ပါဘူး။ တူလည်း မတူသင့်ပါဘူး။ သို့ကလို ယုံကြည်မှုကို လက်ကိုင်ပြုပြီး လစဉ်ထုတ် မဂ္ဂဇင်းများစွာထဲက ကဗျာစည့်ခန်းတွေကို ဖြတ်သန်းရတာဟာ တစ်ခုံတစ်ရာကို ခံစားခွင့်ရသလို၊ တစ်ခုံတစ်ခုကြောင့်လည်း ထောင့်ထောင့် အောင့်အောင့်ဖြစ်တာမျိုး ကြုံရတာပေါ့။ ကြုံပင်ကြုံရငြား မိမိလုပ်လက်စဖြစ်တဲ့ အလုပ်ကို လက်စသတ်လို့ မရသေးတဲ့အတွက် ဒီတစ်လလည်း စည့်ခန်းများထဲ တရစ်ဝဲဝဲလုပ်ကြည့်ရပြန်ပါပြီ။

ကဗျာလေးတွေနဲ့ ရစ်ဝဲရစ်ဝဲ ချစ်ပွဲဝင်ရတဲ့ 'အလုပ်' ဟာ ဝုဏ်ယူဝမ်းမြောက်စရာကောင်းပါတယ်။ ဒါပေမယ့် 'အရပ်မှားရင် ဓားတော်ပြားတောင် စလောင်းဖုံးဖြစ်တယ်' ဆိုတဲ့ အခြေအနေမျိုး မဖြစ်အောင် မိမိဘက်က အစစအရာရာ ဂရုစိုက်ထားရပါတယ်။ ကုသလပွားရပါတယ်။ 'ကိုယ်က သွေးတော်င် သားဖြစ်စေနိုင်တယ်' ဆိုတဲ့ စကားမျိုးကို ကြားဖူးထားတော့ မိမိချစ်တဲ့ ကဗျာလေးတွေအပေါ် မေတ္တာဘာဝနာပွားရပါတယ်။ အပြစ်အနာအဆာဖယ်ရှားရပါတယ်။ မြန်မာကဗျာ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကြိုးပမ်းအားထုတ်ကြည့်တဲ့ အလုပ်မှာ မိမိရဲ့ လေ့လာချက်တွေ၊ သုံးသပ်ချက်တွေ၊ ခံစားချက်တွေကို အသက်ဝင်အောင် မဖော်ပြနိုင်တောင်မှ အရပ်အနေမမှားအောင်၊ စကားအဆိုမပိုအောင်၊ အသိအသိမ်းမတိမ်းအောင် ထိန်းထိန်းမမ ကြိုးဆရပါတယ်။ ဒီလိုနဲ့ ၁၉၉၆ ခုနှစ် ဧပြီလထုတ် မဂ္ဂဇင်းတချို့ရဲ့ စည့်ခန်းတချို့ကို မှို့စလေးတစ်စ လှင့်မျှောရပြန်ပါပြီ။

ခံစားမှု မှို့စလေးတစ်စနဲ့ ပထမဆုံး ပွတ်သပ်ထိတွေ့ကြည့်မိတဲ့ အရာကတော့ ကလျာမဂ္ဂဇင်း စည့်ခန်းထဲက ကဗျာဆရာ ငစါး(ကွမ်းခြံကုန်း) ရဲ့ 'ရင်အုပ်တစ်ခုအကြောင်း'ပါပဲ။ အဲဒီ ရင်အုပ်ဟာ သက်မဲ့ကျောက်ဆစ်ရုပ်ထု တစ်ခုရဲ့ ရင်အုပ်လား။ မဟုတ်ဘူး။ အဟိတ်တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ ရင်အုပ်လား။ မဟုတ်ဘူး။ ဆေတ်ပြိုင်ကဗျာဆရာတစ်ယောက်ရဲ့



ရင်အုပ်တစ်ခုဖြစ်တယ်။ ခေတ်ပြိုင် ခံစားမှုတွေအပြည့်အလျှံ ထည့်ထားတဲ့ ရင်အုပ်တစ်ခုဖြစ်တယ်။ ကဗျာဆရာကိုယ်တိုင် အကြိမ်ကြိမ်ဖန်တီးထုလုပ်ထားတဲ့ ရင်အုပ်တစ်ခုဖြစ်တယ်။

သူ့ရင်အုပ်ကို မှို့ (မွှမ်း) စလေးနဲ့ အသာအယာ ပွတ်သပ်ပြီး ရင်ထဲက အသံဗလံတွေကို နားစွင့်ခံစားကြည့်လိုက်တော့

**ယောဒီ ရင်အုပ်အကြောင်းဖွဲ့**
**မန္တလေးတောင်ပေါ်မှာ ငါဆိုခဲ့တယ်**
**ယောဒီရင်အုပ်အကြောင်းပါပဲကွယ်**
**အင်းလျားကန်မှာ ငါလွမ်းခဲ့**
**သဘော်ကျင်းမှာ ငါပြောခဲ့...။**

ဆိုတဲ့အသံကို ပီပီသသ ကြားလိုက်ရတယ်။ ကဗျာဆရာဟာ အခုပြောပြတဲ့ ပထမအပိုဒ်မှာပဲ သူ့ရင်အုပ်ဖြစ်ကြောင်း တိကျသေချာအောင် 'ယောဒီရင်အုပ်'...။ 'ယောဒီရင်အုပ်' ဆိုပြီး နှစ်ကြိမ်ပုတ်ပြတယ်။ သူ့ရင်အုပ်အကြောင်းကို မန္တလေးတောင်ပေါ်မှာလည်း ဖွင့်ဆိုခဲ့တယ်။ အင်းလျားကန်ဘောင်မှာလည်းလွမ်းဖြခဲ့တယ်။ သဘော်ကျင်းတစ်ခုမှာလည်း ပြောပြခဲ့သေးတယ်။ သူ့ရင်အုပ်အကြောင်းနော်။

မန္တလေးတောင်ဆိုတာ လေ့လာရှုစမ်းစရာ နေရာတစ်ခု၊ အင်းလျားကန်ဆိုတာ ချစ်ခင်လွမ်းမောစရာ နယ်မြေတစ်ခု။ သဘော်ကျင်းဆိုတာကတော့ ဘဝကြမ်းကြမ်း အလုပ်သမား တန်းလျားတွေတည်ရှိရာ အရပ်ဒေသတစ်ခု...။ ကဗျာဆရာရဲ့ ရင်အုပ်ထဲမှာ နောက်ထပ်ဘာတွေ စုဆောင်းသိမ်းဆည်းထားသေးသလဲ။ နားစွင့်လေ...။

**စွဲမက်ခြင်းပြင်းပြင်းနဲ့**
**ယောဒီရင်အုပ်ထဲမှာပါပဲ**
**ကြိုခင်းတွေစိမ်းလို့**
**ကုံကော်တွေမွှင့်လို့**
**မဟာစေရာနဒီကြီးစီးလို့**
**အဓိပတိလမ်းမကြီး ဖြန့်ခင်း**
**မင်းတို့ငို့ လွမ်းချင်းမိုးများလဲ**
**တဖွဲဖွဲရွာသွန်း...။**



www.burmeseclassic.com

www.burmeseclassic.com

သာမန်လူတစ်ယောက်ရဲ့ ရင်အုပ်ဟာ ဘယ်လောက်ကြီးကျယ်နိုင်တာ မှတ်လို့။ အရာရာကို ဘယ်လောက် သိုလှောင်နိုင်တာမှတ်လို့ဗျာ။ အခု ဟာက–ကဗျာဆရာတစ်ယောက်ရဲ့ နယ်မြေကန့်သတ်မှုမဲ့တဲ့ ရင်အုပ်လေ။ အရာရာကို ချစ်ခင်စုံမက်ခြင်း၊ မမေ့မလျော့ မပေါ့မလစ် အသစ်တစ်ဖန် ပြန်လည်လွမ်းပြတတ်ခြင်း စတဲ့ ဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံတဲ့ ရင်အုပ်လေ။ ရင်အုပ်ဆိုတာ ရင်စုန်သံတွေကို ဝန်းရံကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားရာ အစိတ်အပိုင်းတစ်ခု။ အဲဒီ အစိတ်အပိုင်းတစ်ခုထဲမှာ ကဗျာဆရာရဲ့ အမှတ်ထင်ထင် ဘဝနှင့်တစ်ဖလင်ရဲ့ ပုံရိပ်တွေက ဘယ်လိုအရာတွေလဲ။ ကဗျာဆရာ သွားလာလှုပ်ရှား ထိတွေ့မှတ်သားခဲ့ဖူးရာ အခြင်းအရာတွေပဲပေါ့။

'ကြဲခင်းတွေစိမ်းလို့'ဆိုတာက ငြိမ်းချမ်းခြင်းရဲ့ သင်္ကေတ။ 'ကဲ့ကော်တွေပွင့်လို့' ဆိုတာက တက္ကသိုလ်ဘဝရဲ့ နှုတ်ခွန်းမှုအလင်္ကာ။ 'မဟာရေနဒီကြီးစီးလို့' ဆိုတာက သမိုင်းစဉ်ဆက်ရဲ့ ဂယက်အနက်။ 'အဓိပတိလမ်းမကြီး ဖြန့်ခင်း' ဆိုတာက အနာဂတ်မျှော်မှန်းစိတ် နိမိတ်ပုံ။ အဲဒီအရာတွေအားလုံးဟာ အခုတော့ ကဗျာဆရာရဲ့ ရင်ဘတ်ထဲက တဖွဲဖွဲကျလာတဲ့ အလွမ်းမိုးစက်ပွင့်တွေပေါ့။ နောက်ထပ် ကဗျာဆရာရဲ့ ရင်အုပ်ထဲမှာ ဘယ်လိုအရာတွေ စုဆောင်းသိမ်းဆည်းထားသေးသလဲ။

**ယောဒီရင်အုပ်ထဲမှာ**
**ရန်ကုန်မြို့တော်ကြီးဝတ်ဆင်ဖို့**
**ကောင်းကင်ထက် ပိုကြည်လွင်**
**သန့်စင်အပြာ**
**အနုပညာသစ်ရှာတဲ့**
**တစ်ထွယ်မြောက်နှစ်သား လူချောလူလှ**
**ဝင်းလက်တက်ကြွခြင်းလို**
**ပန်းနုမြူမှုန်ဦးပေါက် ဖွံ့ဖွံ့တွေ…။**

အခြားခြားသော နေရာဒေသတွေထက် လူနေမှုစနစ်မြင့်မားတယ်လို့ဆိုနိုင်တဲ့ မဟာရန်ကုန်မြို့တော်ကြီးကိုလဲ ကဗျာဆရာက အခုထက်ပိုပြီး သန့်စင်စေချင်တယ်။ ဘယ်လောက်အထိ သန့်စင်စေချင်သလဲဆိုရင် မိုးကောင်းကင်ပြာ



ပြာကြီးထက် ပိုပြီး ကြည်လင်သန့်ရှင်းစေချင်တယ်လို့ ဆိုတယ်။ ဒီလောက်တွင်ပဲလား။ မဟုတ်သေးဘူး။ လုလင်ငယ်သွေးရဲ့ အတွေးလို ပန်းနုသွေးရောင်တောက်ပတဲ့ မှုန်ဦးပေါက် ရာသီနုနုတစ်ခု (သို့မဟုတ်) ယဉ်ကျေးမှုသစ် အဆင်တန်ဆာတွေကို ရန်ကုန်မြို့တော်ကြီးအတွက် သူ့ရင်အုပ်ထဲမှာ သိမ်းဆည်းထားတယ်။ တစ်ပတ်နွမ်း ဘောထုပ်အထည်တွေနဲ့ မွေ့ရှုပ်နေတဲ့ မြို့တော်ကြီးကို သူမကြည့်ရက် မမြင်ရက်ဘူး။

**ယောဒီရင်အုပ်ထဲမှာ**
**ပုဆွေးသောကဆေးရာ**
**ကမ္ဘာပေါ်က ရှုပုံတော်များ**
**ငါ့ရင်ဘတ်ဆီသွားရာလမ်း**
**ပျားရည်တံခွန် စီသွန်လွှမ်း**
**အချစ်ကိုအစွမ်းကုန် ကြွေးကြော်နိုင်ကြတယ်**
**အမုန်းအလိုမရှိ**
**စိတ်ချလက်ချ လှမ်းခဲ့ကြ…။**

တကယ်တော့ ရန်ကုန်မြို့တော်ကြီးဆိုတာ ကဗျာဆရာအတွက် ဆီးရွက်ငယ်မျှခန့်သာ အရွယ်ပမာဏရှိပါတယ်။ ကမ္ဘာပေါ်မှာရှိရှိသမျှ ဒုက္ခ သုက္ခ ဘေးဆေးရာ၊ ပူဆွေးသောကဘေးဆေးရာ အရပ်ကို ရှုပုံတော်ဖွင့်ချင်တယ်ဆိုရင်တော့ ဘယ်အရာလဲ။ မေတ္တာစာတ်များကိန်းအောင်းရာ ကဗျာဆရာ ရင်ဘတ်မှတစ်ပါးတဲ့လေ။ ကဗျာဆရာနဲ့ (သို့မဟုတ်) ကဗျာဆရာရဲ့ ရင်ဘတ်နဲ့တူတဲ့ ကဗျာတစ်ပုဒ်နဲ့ ထိတွေ့ဆက်သွယ်ခံစားရာ အခိုက်အတန့်မှာ ပျားရည်လို ချိုမြတဲ့ အလှရသတွေနဲ့ တွေ့ရမယ်။ ချစ်ခင်ကြင်နာမှုတေးကို လွတ်လွတ်လပ်လပ် သီကြွေးနိုင်တယ်။ ဒါကြောင့် အမုန်းတရားဝေးရာ အရပ်ဖြစ်တဲ့ ကဗျာဆရာ ရင်ဘတ်ဆီ စိတ်ချလက်ချ ဆက်သွယ်ကြည့်မိပါတယ်။

**ယောဒီရင်အုပ်ထဲမှာ**
**မိခင်များ လာစကားပြောပါ**
**အနုပညာရှင်များ ဆွေးနွေးပွဲ လာထိုင်ပါ**
**မော်ဒန်ပန်းချီတား လာချိတ်ဆွဲပါ**



www.burmeseclassic.com

www.burmeseclassic.com

**ငါ့ခေတ်ပြိုင်ရဲ့ အကောင်းဆုံးတေးသံ**
**နှလုံးအိမ်နံရံမှာ ထွင်းထုထားမယ်။**

ကဗျာဆရာဟာ သူ့ရင်အုပ် (သို့မဟုတ်) သူ့ရင်ထဲမှာ ကဗျာတစ်ပုဒ်ရဲ့ စိတ်ချုလက်ချ ဖြစ်တည်မှုကို တစ်ခုစီ တစ်ကွက်စီခင်းကျင်းပြလာလိုက်တာ တကယ်ကို အားရစရာ၊ အားကျစရာတွေပါပဲ။ ကဗျာဝါကျတွေထဲက နိမိတ်ပုံတွေ အားကောင်းသလောက် ဝါကျတိုင်ချည်၊ မောက်ချည်တွေကို ရက်ရှယ်နေတဲ့ ကဗျာ့ရက်ကန်းခတ်သံဟာလည်း နရိမှန်မှန်နဲ့ နားဝင်ပီယံ ဖြစ်လှပါတယ်။ နားဝင်ပီယံဖြစ်မှုထက် စိတ်တက်ကြွမှုက ပိုပြီးအလေးသာနေပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ကာ –

ကဗျာဆရာရဲ့ အနုပညာရင်အုပ်ထဲမှာ...
မေတ္တာရှင် မိခင်တွေရဲ့ ကြင်နာယုယသံကို ကြားရမယ်။
အနုပညာဖန်တီးသူတွေရဲ့ ရင်ခုန်သံကို နားဆင်ရမယ်။
လွတ်လပ်စွာဖန်တီးထားတဲ့ အလှတရားသစ်တွေကို ခံစားရမယ်။
ကဗျာဆရာရဲ့ လက်ရာအမြောက်ဆုံး ကဗျာပန်းပုကို ရှုစားရမယ်။

ဒီလိုနဲ့ သူ့နှလုံးသားကို မိမိရဲ့ ခံစားမှု ပွမ်းနုနုလေးနဲ့ ထပ်ခါထပ်ခါ ပွတ်သပ်ကြည့်နေမိပြန်တယ်။

ဒါဆွေးမြေ့ဖရိုဖရဲ
ကြေကွဲအုတ်ပုံ မဟုတ်ဘူး
လူ့ရင်ဘတ်တစ်ခုပါကွယ့်
မြက်ပင်ရိုင်းတွေလွှမ်းတဲ့
ဝမ်းနည်းခြင်း ဥတုဆန်ဆန်
အကုသိုလ်ဟောမန္တ အပြင်းစား
အက်စစ်ဝိုင် မှောသွားတဲ့
ရင်ကွဲနှာ ငှက်များလဲ မရှိဘူးကွယ်။

ကဗျာဆရာ့ရင်ထဲက အနုပညာရင်ခုန်သံဟာ အထီးကျန် ဖရိုဖရဲနဲ့ ငိုပွဲဆင်မနေဘူးတဲ့။

လူ့ယဉ်ကျေးမှုတရား ထွန်းကားတဲ့ လူသားမျိုးနွယ်စုထဲက လူသားတစ်ယောက်ရဲ့ ခံစားမှုတဲ့။



သဘာဝအရိုင်းတွေကို မတွန်းလှန်ဝံ့တဲ့အခါ လူ့အဖွဲ့အစည်းကို မျက်ကွယ်ပြုပြီး အနုပညာသက်သက် ဝါဒထူထောင်တတ်တဲ့ အကျင့်စရိုက်လည်း မရှိဘူးတဲ့။

ဖော်ပြပါ ကဗျာအပိုဒ်မှာ (**အက်စစ်ဝိုင်မှောသွားတဲ့၊ ရင်ကွဲနှာငှက်များလဲ မရှိဘူးကွယ်**) ဆိုတဲ့ အဖွဲ့ဟာ အလင်္ကာအပြ လှသလောက် ခေတ်ပြိုင်ကဗျာဆရာတွေအတွက် အရေးပါအရာရောက်တဲ့ ကိစ္စတစ်ရပ်ဖြစ်မယ် ထင်ပါတယ်။ ဒါဖြင့်ရင် ကဗျာဆရာရဲ့ ရင်တံခါးကို ဘယ်လိုဖွင့်ထားသလဲ။ သူ့ရင်ဘတ်နားကပ်ပြီး နားထောင်ကြည့်လိုက်တော့။

**ဒီရင်အုပ်**
**ဟိုးမား သိတယ်**
**ဒဝှန်တာရာ သိတယ်**
**သစ္စာတရားကို**
**လာသိဆိုဖို့**
**ဒီလုလင်ရဲ့ ရင်ဘတ်နဲ့**
**သူတို့အိပ်မက်ကို ထပ်လောင်းသွေးစုန်ခဲ့ဖို့**
**သူတို့လာလို့**
**ငါမတ်မတ်ရပ်**
**ရင်ဘတ်တံခါးများ**
**ပျော်ရွှင်အပြည့် တခမ်းတနား**
**အသင့်ဖွင့်ထားလိုက်ခဲ့ပေါ့...။**

ဆိုတဲ့ ပျော်ရွှင်တက်ကြွနေသံ ကြားခွင့်ရလိုက်တယ်။ ဒီအပိုဒ်ဟာ အစဉ်အလာကြီးမားတဲ့ ပင်အိုနဲ့ အိပ်မက်သစ်တွေ၊ မျှော်လင့်ချက်သစ်တွေကို အနက်သစ်ဖွင့်ဆိုနေတဲ့ ပွင့်သစ်တို့ရဲ့ ဆက်သွယ်နားလည်မှုကို အလေးအနက် ပြုထားတယ်။ သွယ်ဝိုက်တဲ့ နည်းနဲ့ ရင်းရင်းနှီးနှီးဆက်စပ်ကြည့်ထားတယ်။ လုလင်ကဗျာဆရာရဲ့ ရင်ဘတ်ကို ဟိုးမားသိတယ်တဲ့။ 'ဟိုးမား' ဆိုတာက ဘီစီ ၈၀၀ ခန့်လောက်မှာ ပေါ်ထွန်းခဲ့သူလို့ ခန့်မှန်းရမယ့် ရှေးဟောင်းဂရိကဗျာ စာဆိုကြီးတစ်ဦးဖြစ်တယ်။ 'အိလိယက်'နဲ့ 'အော့ဒက်စီ' လို့ အမည်ရတဲ့ မဟာကဗျာရှည်ကြီး နှစ်ပုဒ်ကို ရေးဖွဲ့ခဲ့သူလည်း ဖြစ်တယ်။ 'ဟိုးမား' ဖြစ်ထွန်းခဲ့တဲ့ ခေတ်ကာလကို အခုနေပြန်ရေတွက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင် နှစ်ပေါင်း သုံးထောင်နီးပါးလောက် ကြာညောင်းခဲ့ပြီ။ သာမန်မျက်စိနဲ့ ဆက်စပ်ကြည့်ဖို့ မလွယ်တော့။ လုလင်ကဗျာဆရာရဲ့ ရင်ဘတ်ကို ဒဂုန်တာရာ သိတယ်တဲ့။ 'ဒဂုန်တာရာ' ဆိုတာက နှစ်ဆယ်ရာစုကာလရဲ့ အလယ်ခေတ်တစ်ပိုက်မှာ ထင်ရှားခဲ့တဲ့၊ ခုထိလဲ ထင်ရှားဆဲဖြစ်တဲ့ စာပေသစ်ကို ရှာဖွေခဲ့သူ စာဆိုကြီးတစ်ဦးဖြစ်တယ်။ တာရာမီးအိမ်ကို ထွန်းညှိခဲ့သူလည်း ဖြစ်တယ်။ ပန်းနုရောင်ပွင့်သစ်ကို ချစ်မြတ်နိုး သူကဗျာ ဆရာကြီးလည်းဖြစ်တယ်။ မိမိတို့နဲ့ မဝေးသေး။

ဘယ်လိုပဲ ဖြစ်ဖြစ် ကဗျာရဲ့ သစ္စာတရားကို လက်ဆင့်ကမ်းသယ်ဆောင်တဲ့ ကိစ္စမှာ 'ဘီစီ'၊ 'အေဒီ' ဆိုတဲ့ နှစ်ကာလ သတ်မှတ်ချက်တွေ မရှိ။ တာရာခေတ်၊ မိုးဝေခေတ်ဆိုတဲ့ နယ်နိမိတ်ကန့်သတ်ချက်တွေ မရှိ။ ကဗျာဆရာဟာ ပျော်ရွှင်မှုအပြည့်အဝနဲ့ သူ့ရင်ဘတ်တံခါးတွေကို ဖွင့်ထားလိုက်တယ်တဲ့။

ဖွင့်ထားရုံသက်သက်မျှပဲလား။ မဟုတ်သေး။

**မေတ္တာလက်ဆောင်လေ**
**ယောဒီရင်အုပ်ထဲမှာ**
**လေနုအေးတသွဲ့သွဲ့ ရောစဉ်**
**ငါတို့မျိုးဆက်များ ပေါင်းရုံးထားတဲ့**
**ချစ်သူသွေးစုန်သံများအားလုံး ငါဝတ်ဆင်**
**ဆတ်ဆတ်တုန်ယင် နှုတ်ခမ်းများနဲ့**
**၂၁ ရာစုကို ကြိုဆို**
**နေခြည်စွက်ကို ဝိုင်လို သောက်လိုက်တယ်။**

ကဗျာဆရာရဲ့ ကဗျာဆန်မှု လေနုအေးဟာ သာမန် 'နု' ရဲ့၊ 'အေး' ရဲ့ လေနုအေးမျိုးမဟုတ်။ သူ့ရင်အုပ်ထဲမှာ ထုပ်ထုပ်ပိုက်ပိုက်ရှိနေတဲ့ လေနုအေး။ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို ဆက်ထုံးမပြတ်အောင် တိုက်ခတ်သွားမယ့် လေနုအေး။ သူ့ခေတ်ပြိုင်ချစ်သူများ၊ အသွေးတူ အမွေးတူများနဲ့အတူ အနာဂတ်သစ်ရှိရာကို မျက်နှာမူနေတဲ့ လေနုအေး။

၁၉၅၀ ခုနှစ်၊ လွတ်လပ်ရေးကြိုတိုက်ပွဲ ကာလတုန်းက ဖန်တီးခဲ့တဲ့ ဒဂုန်တာရာရဲ့ **'လေနုအေး'** ကို၊ လုလင်ကဗျာဆရာက အသစ်တစ်ဖန်



စီမံသယ်ဆောင်ပြီး မေတ္တာလက်ဆောင်ပေးချင်တဲ့ ၂၁ ရာစုအကြို လေနုအေးအသစ်။

**ကြည်နူးမှုကို**
**စိုးရွံ့မှုကင်းကင်းထွန်းညှိခဲ့ဖို့**
**ဒီလုလင် သူ့ရင်ဘတ်ကို ပေးကမ်းလိုက်ရဲ့**
**ငါ့ရဲ့ မထုတ်မနှစ်တည်ဆောက်မှု**
**အကြိမ်ကြိမ် ထုဆစ်လက်ရာ မြောက်**
**ဒါ ကဗျာဆရာတစ်ယောက်ရဲ့ လက်ဆောင်**
**ချစ်သူတို့ အောင်မြင်စေရမယ်**
**ငါ့ရင်အုပ်ထဲ ဒီရေလိုလာရောက်ကြ**
**သင်တို့အချစ်ကို ကမ္ဘာပေးအောင် မော်ကွန်းထိုးမွဲ့**
**ဒါက အချစ်ကွယ့်**
**တစ်ကမ္ဘာလုံးကြိုက်တယ်...။**

ကဗျာဆရာ ခေါ်း(ကွမ်းခြံကုန်း) ရေးဖွဲ့တဲ့ 'ရင်အုပ်တစ်ခုအကြောင်း' ဟာ ဒီနေရာမှာ ပြီးဆုံးသွားပါတယ်။

မပြီးဆုံးသေးတဲ့ အခြင်းအရာကတော့ ကဗျာခံစားသူ (မိမိ) ရဲ့ အတွေးထောင့်လေးတွေပါပဲ။ အဲဒီအတွေးထောင့်လေးတွေဟာ မိမိရင်အုပ်ထဲမှာ နေရာအနှံ့ဆွတ်ပျံ့ကြည်နူးနေမိတယ်။ ပျော်ရွှင်ကြည်နူးမှုတွေကို ထိတ်လန့်စိုးရွံ့မှုကင်းရှင်းစွာနဲ့ ခံစားဖွဲ့ဆိုတာဟာ လွယ်တဲ့ကိစ္စမှတ်လို့ဗျာ။ ကဗျာဆရာကတော့ သူ့အလုပ်ကို သူယုံကြည်တယ်။ သူ့သန္နိဋ္ဌာန်ကို သူစိတ်ချတယ်။ သူ့အနုပညာ အလှတရားကို သူအားကိုးတယ်။ ယဉ်ကျေးတဲ့ လူသားတစ်ရပ်လုံးရဲ့ စိတ်ဓာတ်ကို သူ နိမိတ်ဖတ်ရဲတယ်။ တိတိကျကျပြောပြနိုင်တယ်။ ကြည့်လေ...

**'ဒါကအချစ်ကွဲ့**
**တစ်ကမ္ဘာလုံးကြိုက်တယ်'**... တဲ့။ အပြောပြတ်သလောက် မနောဓာတ်ကို တဖျပ်ဖျပ် ရိုက်ခတ်သွားစေနိုင်တယ်။ အင်အား ပြည့်ဝတဲ့ အလင်္ကာဖြစ်တယ်။ ကဗျာတစ်ပုဒ်လုံး ဇဝေဇဝါဖြစ်စရာမရှိ။

ကဗျာဆရာရဲ့ **'ရင်အုပ်တစ်ခုအကြောင်းကို'** မိမိရင်ဘတ်ထဲမှာ ဖတ်ကြားခံစားပြီးတဲ့အခါ...။



www.burmeseclassic.com

www.burmeseclassic.com

'လူဆိုသည်ကား ကဗျာစိတ်ရှိသော တိရစ္ဆာန်ပင်ဖြစ်၍ စိတ်ကူးခဲ့ ပျော်မွေ့တတ်လေသည်'လို့ ဆိုတဲ့၊ မိမိဖတ်မှတ်ခဲ့ဖူးတဲ့ 'ဟဲဇလစ်' ဆိုသူရဲ့ အဆိုတစ်ရပ်ဟာ မိမိရင်ဘတ်ထဲက ဖျတ်ခနဲခုန်ပျံထွက်သွားတာ နားနဲ့ဆတ်ဆတ် ကြားလိုက်ရသလိုပါပဲ။

သို့ကလို ခံစားမိရင်း၊ ပြေလ ဧည့်ခန်းများထဲက ချင်ခြင်းဖြစ်စရာ၊ ချစ်ခင်နှစ်သက်ဖွယ်ရာ ကဗျာလေးတွေကို ဖတ်ညွှန်းပြရရင်...

၁။ ချစ်ချစ်ချိုင်း(ရေနံချောင်း) ကြက်ခြေခတ်ကောင်းကင် (မြန်မာ့ရုပ်ရှင်မဂ္ဂဇင်း)
၂။ ဒုတိယအောင် နှင်းခြောင်မှု (သရဖူမဂ္ဂဇင်း)
၃။ ရေစိမ့် အံ့ဖုတ်ထဲက ညာ (သရဖူမဂ္ဂဇင်း)
၄။ တိုးထ ဟန်ဆောင်ကောင်းတဲ့ဝီကောက် (ရှယ်သံမဂ္ဂဇင်း)

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

မိမိတွို့သည် ကဗျာအရေးအသား ဝါဒသဘောတရားတို့ကို စိတ်ဝင်စားသူလား၊ ကဗျာဆရာလားဆိုတာကို အသေအချာ စမ်းသေကြည့်ပြီး ခံစားမှုအပေါ်၌ သစ္စာရှိစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ချစ်ဦးညို
'သမုဒ္ဒကိုရိ ညည့်သည်'
ချယ်ရီမဂ္ဂဇင်း
ဧမ ၉၆ မှ



## ညဉ့်ခန်းများကို ဖြတ်သန်းခြင်း (၂၇)

တစ်ဖက်မော်ပြပါ ရည်ညွှန်းကိုးကားချက် ဝါကျစုတစ်ခုကို အခု လို လောလောလတ်လတ်ဖတ်၊ မြန်မြန်ဆန်ဆန် တင်ပြလိုက်ရတာဟာ အကြောင်းရှိပါတယ်။ ထိုရည်ညွှန်းချက်ပါရှိတဲ့ ဆရာချစ်ဦးညို့ရဲ့ ဆောင်း ပါးဟာ ကဗျာသဘောတရားတွေ၊ ကဗျာအယူအဆတွေကို ငြင်းခုံဆွေးနွေး တင်ပြထားတဲ့ ကဗျာဗေဒသက်သက်မဟုတ်ပါဘူး။ ရခိုင်ပြည်နယ် (စစ်တွေ) ကို စာပေဟောပြောပွဲခရီးလှည့်လည်ရင်း ခရီးစဉ်ခံစားမှုတွေကို ပြန်လည် ဖော်ပြထားတဲ့ ပြည်တွင်းခရီးသွားစာပေ (သို့မဟုတ်) ကိုယ်တွေ့စာဆို ခရီးမှတ်တမ်းတစ်ခု ဖြစ်ပါတယ်။

ဒါပေမယ့် စစ်တွေ (ပြန်/ဆက်ရုံးခန်းလေးထဲက)ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲတစ်ခုမှာ သူ့ကိုမေးတဲ့ မေးခွန်းတစ်ရပ်ကို ပြေကြားဆွေးနွေး ခဲ့ရတဲ့ ကဗျာကိစ္စတစ်ရပ်ကို အကျဉ်းချုံးပြီး ပြန်လည်တင်ပြထားပါတယ်။ မေးတဲ့ မေးခွန်းက 'ယနေ့မော်ဒန်ကဗျာများ' အကြောင်း၊ 'လေးလုံးစပ် ကဗျာများ ခေတ်ကုန်သွားပြီလား' ဆိုတဲ့ အကြောင်းပါ။ သမိုင်းနောက်ခံ စာရေးဆရာ စစ်တွေခရီးမှာ ခေတ်ရေစီးနဲ့တွေ့ခဲ့ပြီကော။



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်းတွေထဲမှာလည်း ဒီအကြောင်းခြင်းရာတွေကို ငြင်းခုံကြ၊ ဆွေးနွေးကြ၊ ဖော်ပြကြနဲ့ ကြားရဖန်များလှပါပြီ။ များလှသမျှတွေထဲက တစ်ဖက်ရည်ညွှန်းပါ ဆရာချစ်ဦးညိုရဲ့ စေတနာပြန်ကြားချက်တစ်ကွက်ဟာ အချင်းများစရာမရှိ၊ စဉ်းစားစရာအတိလို့ပဲ မိမိခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့… ကဗျာအယူအဆတွေ၊ ကဗျာသဘောတရားတွေ၊ ကဗျာဆိုင်ရာ ဘာဝါဒ ညာဝါဒတွေဟာ ကဗျာဆရာတစ်ယောက်အတွက် မရှိမဖြစ် လိုအပ်ချက်လား။ ကဗျာဆရာရဲ့ လောကအမြင်၊ စေတနာ၊ ဆေဒနာနဲ့ ခံစားမှုအပေါ် သစ္စာရှိခြင်းသာ အဓိကတရားလား။ အရေးတကြီး စဉ်းစားသင့်တဲ့ အချိန်ကျရောက်နေပါပြီ။

ကဗျာတစ်ပုဒ် မွေးဖွားဖို့နဲ့ ကဗျာဆရာတစ်ယောက် လူလားမြောက်ဖို့ဆိုတဲ့ ကိစ္စဟာ တကယ့် ဒုလ္လဘတရားပါ။ ရတောင့်ရခဲ၊ ကြုံတောင့်ကြုံခဲ ဖြစ်ပေါ်မှုပါ။ ကဗျာအယူအဆတွေ၊ ကဗျာဝါဒသဘောတရားတွေ၊ ကဗျာဆိုင်ရာ ပေတံတွေကတော့ ကဗျာဆရာနဲ့ ကဗျာတွေရဲ့နောက်ကို အရိပ်လို တကောက်ကောက် လိုက်နေကြမှာပါပဲ။ ဒီအရိပ်တွေရဲ့ လွှမ်းမိုးမှုကို ဘုမသိ ဘမသိ ငေးကြည့်ပြီး 'ဆေးစာဖတ်ရာနားထောင်ပါ ရောဂါပျောက်နိုးနိုး' ထင်နေရင်တော့ ကဗျာအလုပ် အားယုတ်ဆေတတ်ပါတယ်။

တစ်ခုတော့ရှိတာပေါ့လေ။ ကဗျာဆိုင်ရာ အဆိုအမိန့်တွေ၊ ဖွင့်ဆိုချက်တွေ၊ ကဗျာခေတ်ဆစ်ကို အနက်သစ်ထင်အောင် တင်ပြမှုတွေ၊ ကဗျာဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ လေ့လာချက်တွေ၊ စာတမ်းတွေကိုတော့ ဥပေက္ခာပြုလို့မဖြစ်ပါဘူး။ ကဗျာဆရာတစ်ယောက်အနေနဲ့ ယောနိသော မနသိကာရ တရားပွားများတတ်ရပါမယ်။ ကဗျာစကား အထာမများရအောင် ဆောင်ရန်၊ ရှောင်ရန်တွေကိုတော့ ခံယူသင့်ရာ လက်ခံရမှာပေါ့။ တွေ့ရာ မြင်ရာအပေါ်မှာ အထင်ကြီးဖို့၊ အထင်သေးဖို့ထက် အထင်မှန်အမြင်မှန် အတွေးမှန်တတ်ဖို့ ကိစ္စသာ ကဗျာဆရာတစ်ယောက်အတွက် အရေးကြီးပါတယ်။

သို့ကလို စဉ်းစားနေရင်း ၁၉၉၆ ခုနှစ် မေလထုတ် မဂ္ဂဇင်းတချို့ရဲ့ ကဗျာညွှန်ခန်းများကို ဖြတ်သန်းရပြန်ပါပြီ။ ဘယ်ကဗျာဟာ ခံစားမှုအားကောင်းတယ်။ ဘယ်ကဗျာဟာ အလင်္ကာအရာမြောက်တယ်ဆိုတဲ့ အကဲခတ်ချက်မျိုးကတော့ မိမိရဲ့ ဉာဏ်အမြင်လောက်နဲ့ မထိုက်သာ မစွမ်းသာတဲ့ ကိစ္စတစ်ရပ်ပါ။ ဒါပေမယ့် ကဗျာဖတ်သူ၊ ကဗျာခံစားသူ (သာမန်)



တစ်ဦးအနေနဲ့ မိမိရင်မှာ ဖျိုးဖျိုးဖျပ်ဖျပ်ထင်ဟပ်မိသမျှ ပြောပြပါဆိုရင်တော့ ကလျာမဂ္ဂဇင်းထဲမှာပါတဲ့ ကဗျာဆရာ **မောင်နီမွန်** ရဲ့ '**နှစ်ထပ်ညနေ**' ကဗျာကို ညွှန်းဆိုပါရစေ။ ဘာကြောင့်လဲ။

ကဗျာနဲ့ စကားပြေရဲ့ အဓိကကွာဟချက်မှာ –

ကဗျာက ခံစားမှုထုထည်ကြီးရဲ့ အတွင်းသားထဲကို လက်တစ်ဆုံး နှိုက်ကြည့်တတ်တယ်။ ခြစ်ခြစ်ခြုတ်ခြုတ် ထုတ်ကြည့်တတ်တယ်။ သို့ကလို ခြတ်ကုတ်ထုတ်ယူပြီးကာမှ (အနှစ်သာရ) လက်တစ်ဆစ်စာမျှသာ ပြတတ်တဲ့ သဘာဝရှိပါတယ်။ အဲဒီ လက်တစ်ဆစ်စာကို ဆွဲဆန့်ကြည့်လိုက်ရင်တော့ ကန့်သတ်မှုမဲ့တဲ့ အတွေးမျှင် အတွေးစတွေဟာ ရောမဝတ္ထုရှည်ကြီး တစ်ပုဒ်ထက် လက်တံရှည်သွားနိုင်ပါတယ်။

အခုလည်း ကြည့်။ လက်တစ်ဆစ်စာမျှသာရှိတဲ့ '**နှစ်ထပ်ညနေ**'…။

**တိမ်ရောင်စုံတွေ**

**လိုသလို ဇေ့ဝိုက်ကပ်ညှပ်**

**အစပ်အဟပ်ကောင်းလှချည့်**

**ဆည်းဆာ… တဲ့။**

ဩကာသလောကကြီးရဲ့ အပေါ်လွှာက သက်မဲ့တိမ်ရောင်စုံတွေကို ကဗျာဆရာက မော့ကြည့်လိုက်တယ်။ ဘာတွေမြင်ရသလဲ။

ရာသီဥတုသန့်ရှင်းပြီး ခြေခင်းလက်ခင်းသာယာလေ့ရှိတဲ့ ဆည်းဆာအချိန်မှာ တိမ်ရောင်စုံတွေ တောက်ပနေကြတဲ့ မြင်ကွင်းမျိုးပေါ့။ ဆည်းဆာချိန်တိမ်ရောင်စုံတွေ တောက်ပနေတဲ့ မြင်ကွင်းမျိုးကတော့ စကျွန်နှစ်ကွင်း အလင်းရတဲ့လူသားတိုင်း မြင်ခွင့်ရှိတာပဲ။

အခုဟာက သာမန်မျက်စိထက် ထူးခြားတဲ့ ကဗျာမျက်စိ။ သာမန်လူတွေထက် ထူးခြားတဲ့ ကဗျာဆရာရဲ့ အမြင်။ ကဗျာဆရာမြင်တဲ့ တိမ်ရောင်စုံတွေဟာ သဘာဝဖြစ်စဉ်အတိုင်း မဟုတ်ဘဲ အသဘာဝဆန္ဒအရ လိုသလို ဇေ့ဝိုက်ကပ်ညှပ်ထားတဲ့ တိမ်ရောင်စုံတွေဖြစ်တယ်။ လိုသလို ဇေ့ဝိုက်ပြီး ဖြတ်ညှပ်ကပ်လုပ်ထားတော့လည်း အင်မတန် အစပ်အဟပ်ကောင်းတဲ့ ညနေဆည်းဆာတစ်ခုလို ဖြစ်နေတာပေါ့။ သဘာဝအလိုအရ ဘယ်လိုမှ ဖြတ်လို့ညှပ်လို့မရနိုင်တဲ့ တိမ်လွှာတွေကို စိတ်တိုင်းကျစိရင် (**ကပ်၊ ညှပ်၊ စပ်၊ ဟပ်**) ထားတဲ့ '**ဆည်းဆာ**'လို့ ဆိုဝံ့တာဟာ ဘယ်မို



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြောင့်လဲ။ သဘာဝတရားကြီးရဲ့ ထုထည်အတွင်းသားထဲကို ခံစားမှုလက်တံတစ်ဆုံး နှိုက်ကြည့်ခဲ့လို့သာ ဆိုဝံ့တာဖြစ်မယ်။ လက်တဆုံး နှိုက်ကြည့်ပြီးမှ ဖွဲ့ဆိုခံစားပြတဲ့ ခံစားချက် အဖွဲ့အနွဲ့ကျတော့ လက်တစ်ဆစ်စာမျှသာသာပဲ။ အပေါ်ထပ်က တိမ်ရောင်စုံတွေကို မော့ကြည့်ပြီး သုရပ်နေတဲ့ မြေလွှာကို ငေးကြည့်ပြန်တယ်။ ဘာတွေမြင်ရသလဲ။

**မြေပစုံးထက်**

**ဒုက္ခတောအုပ်ကြီးတောင်**

**ပြိုးပြက်ဝင်းမှုည့်နေတော့ရဲ့ ...။**

**'နှစ်ထပ်ညနေ'** ဆိုတဲ့ ရုပကရုပ်ဖွဲ့ကဗျာလေးဟာ ဒီနေရာမှာပဲ ပြီးဆုံးသွားပါတယ်။

ကဗျာရဲ့ အပေါ်ပိုဒ်ဟာ ဩကာသလောကကြီးရဲ့ အပေါ်လွှာမှာရှိတဲ့ အသဘာဝ သက်မဲ့တိမ်ရောင်စုံတွေအကြောင်း။ လိုသလို ကပ်ညှပ်စပ်ဟပ်ထားတဲ့ ညနေဆည်းဆာတစ်ခု (သို့မဟုတ်) ဆည်းဆာ်အတုအကြောင်း။

ကဗျာရဲ့ ဒုတိယပိုဒ်ဟာ သတ္တလောကကြီးရဲ့ အောက်လွှာမှာရှိတဲ့ လူသားကမ္ဘာကြီးအကြောင်း။ လူသားတွေ မှီတင်းနေထိုင်ရာ မြေကမ္ဘာအထပ်က **'ဒုက္ခတောအုပ်ကြီး'** အကြောင်း။

ဒါပေမယ့် အဲဒီ တောအုပ်ကြီးဟာ ညစ်ထေးထေးနဲ့ သစ်စေးရောင် တောအုပ်ကြီးမဟုတ်ဘူး။ 'ပြိုးပြက်ဝင်းမှုည့်' နေလို့ပေါ့။ ဒုက္ခတွေဟာ ဘာကြောင့်များ လှပနေကြပါလိမ့်။ လိုသလို ကပ်၊ ညှပ်၊ စပ်၊ ဟပ်ထားတဲ့ ရောင်စုံတိမ်လွှာ တဖျပ်ဖျပ်ဟာ ဒုက္ခတောအုပ်ကြီးကို လင်းလက်ဝင်းပြက်အောင် အရောင်တပ်ဆင်ပေးထားလို့ ဖြစ်ပါတယ်။

ဆည်းဆာရောင်ထိန် တိမ်တောက်ချိန်မှာ အကျည်းတန်သူတွေတောင် ဘီးမှန်မလိုတဲ့ အလိုလိုလှပနေကြတယ်လို့ ဆိုရိုးရှိတယ်မ ဟုတ်လား။ အခုလည်း စိတ်တိုင်းကျ စိမ်ဖော်စပ် **(ဇာဝိုက်ကပ်ညှပ်)** ထားတဲ့ ညနေဆည်းဆာ အတုကြောင့် ဒုက္ခလူ့ဘုံကြီးတစ်ခုလုံးဟာ 'ဘယ်သူပြိုင်လို့ လှပါတော့နိုင်' ဖြစ်နေတာပေါ့။ မိုးကောင်းကင် (အပေါ်ထပ်) မှာ တိမ်ရောင်စုံတွေ ဆင်သပြီး လှချင်တိုင်းလှနေတဲ့ ညနေဆည်းဆာက တစ်ခု။ မြေပြင်လွှာ (အောက်ထပ်) မှာ အသဘာဝ တိမ်ရောင်စုံတွေကြောင့် သွားရည်ယိုစရာ ဝင်းမှုည့်နေတဲ့ ညနေဆည်းဆာက တစ်ခု။



ဒီလိုနဲ့ **'နှစ်ထပ်ညနေ'** တစ်ခုရဲ့ မာယာကို ကဗျာဆရာက ရှာဖွေပြသခဲ့ပါပြီ။ ခေတ်ပေါ်ကဗျာဆိုတာ အကျစ်လျစ်ဆုံး ဘာသာစကားနဲ့ အသိပ်သည်းဆုံး ခံစားမှုကို ဆတူပြုလုပ်ထားတဲ့ အနုပညာတစ်ရပ်ဖြစ်ပါတယ်။

အဲဒီ အနုပညာတစ်ရပ်ကို ကဗျာဆရာ **မောင်နီမှုန်** က **'နှစ်ထပ်ညနေ'** ရဲ့ အဖြစ်အပျက်ထဲ ထည့်ပြထားခဲ့ပါပြီ။ ကဗျာရဲ့ ပထမပိုဒ်ဟာ 'တိမ်ဖွဲ့' ဖြစ်တယ်။ 'တိမ်ရောင်စုံတွေ' ကနေ 'ဆည်းဆာ' အထိ ကဗျာဝါကျ လေးပါဒမှာ စကားလုံး (၂၀) ပဲရှိတယ်။ အဲဒီတိမ်ဖွဲ့ကို အင်းဝခေတ်က ရှင်ဥတ္တမကျော်တို့ရဲ့ ဂန္ထဝင်လေးသံမျိုးနဲ့ လက်တံရှည်ပြနေမယ်ဆိုရင်တော့ ရှည်သလောက်ရတာပေါ့။

**'တိမ်ညိုမိုလွှာ၊ တိမ်စုကာနှင့်**

**တိမ်ပြာရောယှက်၊ မရမ်းဖက်၍**

**တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်**

**မှောင်နဲ့တစ်ခါ၊ ပြာနဲ့တချို့**

**ညိုနဲ့တစ်လီ၊ ရီနဲ့တစ်ဖုံ**

**မှုန်နဲ့တစ်ချက်၊ ယှက်ဂန်ထက်က**

**လေးဘက်လုံးဖြို၊ တိမ်ကျွန်လည်း'**... ဆိုပြီး တိမ်စုံစီနဖာတွေကို ဖွဲ့ပြနေရတာနဲ့ပဲ လိုရင်းရောက်မှာ မဟုတ်တော့ဘူး။ ကာရန်တွေကို ပန်းသွင်သီကုံးရေးဖွဲ့ မှုန်းနေရတာနဲ့ပဲ ဆုံးမှာမဟုတ်တော့ဘူး။ အခုတော့...

**အစပ်အဟပ်ကောင်းလှစွာညှိ**

**ဆည်းဆာ** တဲ့။

.... .... .... ....

**ဒုက္ခတောအုပ်ကြီး တောင်**

**ပြိုးပြက်ဝင်းမှုည့်နေတော့ရဲ့** ... တဲ့။ ပြီးပြီ။ အကွက်သဘောဆောင်တဲ့ ခေတ်ပေါ် ကဗျာအမျိုးအစားဟာ ရှည်လျားပေများနေချိန်မရပါဘူး။ များများခံစားပြီးတော့ နည်းနည်းပဲ ပြောတဲ့ အလေ့အထကို ကျင့်သားရနေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်အထိ ကျင့်သားရနေသလဲဆိုရင် အဲဒီ မေလထုတ် ကလျာမဂ္ဂဇင်းမှာပဲ **မောင်သိန်းဇော်** ရဲ့ '**ဒုက္ခနဲ့တည့်တည့်က နတ်သား**' ကဗျာကို ခံစားကြည့်ရအောင်။

**ဆုတောင်းခန်းအတွင်း**
**အမြစ်တွေ တန်းလန်းကျ**
**ဒုက္ခက နောက်ပြန်ဆုတ်ဖို့ရာ**
**နတ်တို့မှာ**
**ဘဝတစ်ခု မရှိရဲ့...။**

အာဒိကပ္ပ ကမ္ဘာဦးအစ၊ လူရယ်လို့ဖြစ်လာကတည်းက ဆုတောင်းခန်းတွေ အမျိုးမျိုးရှိခဲ့တာပဲ။ ရေကြီးတဲ့ ကိစ္စမှာ ရေစောင့်နတ်မင်းရဲ့ လက်ချက်ကြောင့် ထင်ပြီး ရေနတ်ကို ရှိခိုးဆုတောင်းခဲ့ရ၊ လေမုန် တိုင်းကျတဲ့ကိစ္စမှာ လေနတ်သားရဲ့ ပြုစားမှုလို့ထင်ပြီး လေနတ်ကို ရှိခိုးတောင်းပန်ခဲ့ရ။ မီးလောင်တော့ မီးနတ်။ ငလျင်လှုပ်တော့ မြေနတ်။ ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးတွေကို ဒုက္ခအမျိုးမျိုးတွေ့တိုင်း ရှိခိုးဆုတောင်းကြရတာဟာ ကမ္ဘာဦးအခါ သမယမှစပြီး အခုကာလအထိ ရှိနေကြတုန်းပါပဲ။

သတ္တဝါတို့ရဲ့ ဖြစ်တည်ရာဌာနအသီးသီးဖြစ်တဲ့ သုံးဆယ့်တစ်ဘုံထဲမှာ နတ်ဘုံဆိုတာရှိနေတော့ 'နတ်' ဆိုတဲ့ ပုဂ္ဂိုလ်အလွှာတစ်လွှာလည်း ရှိနေမှာပေါ့။ ဒါပေမယ့် ကဗျာဆရာ **မောင်သိန်းဇော်** တွေ့နေရတဲ့ နတ်က '**ဒုက္ခနဲ့ တည့်တည့်က နတ်သား**'။ ကဗျာဆရာရဲ့ ဘဝဒုက္ခတွေကို **နောက်** ပြန်ဆုတ်စေဖို့ ဘာတစ်ခုမှုလုပ်မပြနိုင်တဲ့ နတ်သားဖြစ်နေတယ်။ 'လူသား' ဆိုတာကတော့ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းရဲ့ စပ်ကြားမှာ ရပ်နားမှုမရှိတဲ့ တိုက်ပွဲတွေကို ဆင်နွှဲနေရတဲ့ ဘဝပိုင်ရှင်ဖြစ်တယ်။ လူသားရဲ့ ဒုက္ခနဲ့ တည့်တည့်က 'နတ်သား'မှာတော့ ဘဝမရှိ၊ ဘဝမသိတဲ့ အထက်ဘုံလွှာ ဒေဝတာဖြစ်တယ်၊ အဲသလောက်ကွာတယ်။ ဒါကြောင့်လည်း ဒုက္ခနဲ့ တည့်တည့်တိုးနေရတဲ့ လူသားတွေဟာ –

**ဆုတောင်းခန်းအတွင်း**
**အမြစ်တွေ တန်းလန်းကျ...** နေရတာပေါ့။

ဆုတောင်းခန်းအမျိုးမျိုးမှာ ဘယ်တော့မှ မရနိုင်တဲ့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဘုန်းတန်ခိုးကြီး



ခြင်းစတဲ့ ဆုတောင်းသံတွေကြားနေရတာပေါ့။ မိမိကိုယ်တိုင်လည်း အခု ထက်ထိ ဆုတောင်းနေရတုန်းပဲ။ ဘဝကိုဖက်တွယ်နေရတုန်းပါပဲ။

'**အမြစ်တွေတန်းလန်းကျ**' ဆိုတဲ့ ဝက်ဝုတ္တိအလင်္ကာစိတ်ကူး (သို့ မဟုတ်) ထူးခြားတဲ့ အသွင်သဏ္ဌာန်နိမိတ်ပုံကတော့ လူ့ဘဝကို တွယ်တာခြင်း၊ သံသရာထဲက ခွဲမထွက်နိုင်ခြင်း၊ သံယောဇဉ်တရား ပွားများခြင်း၊ ဘဝမျိုးဆက်တွေကို အသစ်အသစ် ဖြစ်ပေါ်စေလိုခြင်း စတဲ့ ကဗျာဗေဒဖြစ်တယ်။

**မြေရာတွေ ချောက်ကမ်းပါးဖြစ်**
**သေခြင်းကို ရှုရှိုက်တဲ့**
**နံရံပေါ်**
**ငါ ဘယ်သူ ရေးဆွဲသလဲ...?**

မိုးစက်မိုးပေါက်လေးတွေရဲ့ သက်ရောက်မှု (အချိန်ကာလ) ဒဏ်ကြောင့် ကျောက်ဆောင် ကျောက်သားတွေတောင် ချိုင့်ခွက်ချိုင့်ဝှမ်းဖြစ်ခဲ့ရသေးရင်...၊ လူရယ်လို့ ဖြစ်လာကတည်းက လျှောက်လှမ်းခဲ့ရတဲ့ လူသားခြေရာတွေလည်း ချောက်ကမ်းပါးဖြစ်သွားတာ မဆန်းပါဘူး။ ဆန်းသလိုလိုကိစ္စ၊ ရင်ထဲ ထိတ်ခနဲဖြစ်သွားမိတဲ့ ကိစ္စဟာ –

**သေခြင်းကို ရှုရှိုက်တဲ့**
**နံရံပေါ်**
**ငါ ဘယ်သူရေးဆွဲသလဲ...?**

ဆိုတဲ့ အမေးပုစ္ဆာတစ်ခုပါပဲ။ မိမိကိုယ်တိုင် အကြိမ်ကြိမ်အခါခါ စဉ်းစား ဖူးပါလျက် အကြိမ်ကြိမ်အခါခါ မေ့လျော့ထားမိတဲ့ ပြဿနာ။ သတ္တဝါဟူသမျှ အနိစ္စ မမြဲခြင်း။ ဒုက္ခဆင်းရဲခြင်း။ အနတ္တ ငါမဟုတ်ခြင်းဆိုတဲ့ လက္ခဏာရေးသုံးပါးကိုလည်း ဆင်ခြင်မိပါရဲ့။ သေခြင်းဆိုတဲ့ လေညင်းကိုလည်း စက္ကန့်နဲ့အမျှ ရှုရှိုက်နေရတာသိပါရဲ့။ သိပင်သိငြား သံသရာ ဓားတပြောင်ပြောင်ကြားမှာ ကံကြမ္မာသားကောင်အဖြစ် မိမိကို ဘယ်သူက ရေးဆွဲပုံဖော်ခဲ့တယ်ဆိုတာ မမေးရဲခဲ့ပါဘူး။ မမေးတတ်ခဲ့ပါဘူး။ ယော အခုတော့ 'ငါဘယ်သူရေးဆွဲသလဲ' ...? လို့ ကဗျာဆရာက သူ့ကိုယ်သူ မေးသလိုလိုနဲ့ ဒုက္ခနဲ့တည့်တည့်က နတ်သားကိုမေးနေပါပြီ။ တစ်စုံတစ်ရာကို လှမ်းမေးနေပါပြီ။ ဘယ်နံရံဘက်ကမှ ဖြေသံထွက်မလာပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကဗျာရဲ့ နောက်ဆုံးမှာတော့ ကဗျာဆရာကိုယ်တိုင် ဟောသလို အဖြေပေးသွားပါတယ်။

**သံသရာသည် အတွေ့ထူးစွ**… တဲ့။ ကဲ မှတ် ကရော။ မလွဲသာလို့ လူ့ဘဝကို တည်ဆောက်နေရမှတော့၊ လူ့ဘဝကို ဖက်တွယ်ထားရမှတော့ ကံကြမ္မာကို ယိုးမယ်ဖွဲ့စရာ မလိုတော့ပါဘူး။ သံသရာကိုလည်း ရန်ရှာစရာမလိုတော့ပါဘူး။ သေခြင်းကို ရှူရှိုက်နေရတဲ့ ခန္ဓာနံ့ရဲ့ကိုသာ မမိုတ်မသုန် ရှုမှတ်ရင်း၊ သင့်တင့်ဗွာဗွားများရင်း '**သံသရာသည် အတွေ့ ထူးစွ**' ဆိုတဲ့ **မောင်သိန်းဇော်** ရဲ့ လောကအမြင်ကို ချစ်ခင်နှစ်သက်နေမိပါတော့တယ်။ လူသားအဖြစ်ရဲ့ ဒုက္ခကို လက်တစ်ဆုံးခြစ်ခြုတ် ထုတ်ယူပြီး ကာမ ဒုက္ခနဲ့တည့်တည့်က ဘဝမရှိတဲ့ နတ်သားကို လက်တစ်ဆစ်စာလောက် ဖျတ်ခနဲ လှစ်ပြသွားတာဟာ ခေတ်ပေါ်ကဗျာအရာမြောက်တယ်လို့ ဆိုပါ့ရစေ။

ဒါပေမယ့် ခေတ်ပေါ်ကဗျာဆရာတွေရဲ့ ဘဝကတော့ ရင်တမမနဲ့ '**ပြက္ခဒိန်ကြည့်သူများ**' လို ဖြစ်နေပြီလား။ ပန်းဝေသီမဂ္ဂဇင်းထဲက ကဗျာဆရာ စည်သူငြိမ်းရဲ့ '**ပြက္ခဒိန်ကြည့်သူများ**' ဟာ ဘယ်ခရီးကို သွားနေကြသလဲ။

**ကိုယ့်ဒုက္ခ**
**ကိုယ်ပြန်စီးနေရတဲ့**
**ခရီးလေ…။**

ကြည့်စမ်း၊ ကိုယ့်ဒုက္ခကို ကိုယ်ပြန်ခွစီးနေရတဲ့ ခရီးတဲ့။ ဘယ်လောက် ညည်းငွေ့စရာကောင်းလိုက်မလဲ။

ကဗျာဝါကျတွေ ဆေးကပ်နေပေမယ့် မတွေးတတ်ရင် ဖရိုဖရဲဖြစ်သွားစေနိုင်တဲ့ အဖွဲ့မျိုးပေါ့။ အခုတော့ ကဗျာဆရာရဲ့ ဘာသာစကားပါးနပ်ကျွမ်းကျင်မှုကြောင့်

**ဆောင်းတာနဲ့ပိန်တာ**
**ဘက်မမှုလို့**
**ကိုယ့်နာမည်ကို**
**သူများ စိတ်ထဲ ထည့်ထားရ…။**



ဆိုတဲ့ အတိုဆုံးစိတ်ကူးကို အရှည်လျားဆုံး ခံစားခွင့်ရလိုက်ပါတယ်။ တကယ်လို့သာ ခံစားမှုကို အနုလုံပဋိလုံ မရှုမှတ်ခဲ့ရင်၊ ခံစားမှုကို စူးစူးနစ်နစ် ပျစ်ပျစ်ဆေးဆေး မတွေးခဲ့ရင် ဘယ်လိုဖြစ်နိုင်ပါသလဲ။ မည်[illegible] ကဗျာလောက်တော့ ဖြစ်နေမှာပါပဲ။

**'ကိုယ့်နာမည်ကို**
**သူများစိတ်ထဲ ထည့်ထားရ'**… ဆိုတဲ့ ခေတ်မီမီ တွေး[illegible] အဆင့်ထိတော့ ရောက်မှာမဟုတ်ဘူး။

ဒါကြောင့် ခေတ်ပေါ်ကဗျာဆိုတာ ကာရန်ပါခြင်း၊ မပါ[illegible] တိုင်းတာလို့မရပါဘူး။ ကာရန်မဲ့ပြ၊ ရှဲ့ပြရုံနဲ့လည်း ခေတ်ပေါ်ကဗျာ[illegible] မမြောက်နိုင်ပါဘူး။ ကာရန်ကိုစွဲသက်သက်၊ နရီကိုစွဲသက်သက်၊ နိမိတ်ပုံဖြစ်ရုံသက်သက်၊ ကဗျာဝါကျအတိုအရှည် ပြစားရုံသက်သက်နဲ့လည်း ခေတ်ပေါ် ကဗျာဖြစ်ခြင်း မဖြစ်ခြင်းအပေါ်မှာ ဘယ်လိုမှ ဩဇာသက်ရောက်မှာ မဟုတ်ပါဘူး။

ဒါဖြင့်ရင် ဘယ်လိုခံစားမှုနဲ့ ဘယ်လို အဖွဲ့အနွဲ့၊ ဘယ်လိုစိတ်ကူး တည်ဆောက်ပုံမျိုးဟာ ခေတ်ပေါ်ကဗျာနဲ့ အနီးစပ်ဆုံး တူနိုင်ပါသလဲ။ အထက်မှာ ဖြတ်သန်းထိတွေ့ခဲ့ရတဲ့

**မောင်နီမွန်** ရဲ့ '**နှစ်ထပ်ညနေ**'…၊
**မောင်သိန်းဇော်** ရဲ့ '**ဒုက္ခတည့်တည့်က နတ်သား**'…၊
**စည်သူငြိမ်း** ရဲ့ '**ပြက္ခဒိန်ကြည့်သူများ**'… စတဲ့ ကဗျာ(၃) ပုဒ်ဟာ ခေတ်ပေါ်ကဗျာရဲ့ ကြန်အင်လက္ခဏာကို အတတ်နိုင်ဆုံး ဆော်ကျူးဖွဲ့ဆိုပြခဲ့ကြပါပြီ။ ဘဝခံစားမှုကို ကဗျာခံစားမှုအဖြစ် သစ္စာအစိုင်အခဲ သိကုံးပြခဲ့ကြပါပြီ။ ယခုလ ဖတ်/ညွှန်းလိုတဲ့ ကဗျာများကတော့ –

| | | | |
|---|---|---|---|
| ၁။ | အုန်းမြင့်လှိုင် | အမွေ | (ပန်းဝေသီမဂ္ဂဇင်း) |
| ၂။ | မောင်စွမ်းရည် | ရွာကကျောင်းကလေး | (ရှယ်ဒိုမဂ္ဂဇင်း) |
| ၃။ | စိုးမြင့်သိန်း | ပြဇာတ် | (ရှယ်ဒိုမဂ္ဂဇင်း) |
| ၄။ | မင်းထံခွန် | သင်းကွဲစပေါ် | (သရဖြူမဂ္ဂဇင်း) |
| ၅။ | မောင်သင်းဇေ | အာယုံနာရာ | (ရုပ်သံမဂ္ဂဇင်း) |

❀ ❀ ❀

မောင်ပိုင်[illegible]



www.burmeseclassic.com